A HOME CONTEST THAT'S ALL ABOUT STYLE INSIDE

မြန်မာတိုင်း(မ်) THE MYANMARTIMES

ကျပ် ၃၀၀

သင်ယနေ့ဖတ်ရမည့် အနာဂတ်သတင်းစာစောင် www.mmtimes.com အတွဲ ၃၁၊ အမှတ် ၆၁၃ (၂၂ - ၂၈၊ ၃၊ ၂၀၁၃)

FEC ဖျက်သိမ်းပြီ

စာ (၂)သို့

တန်ဖိုးညီသည့် ကျပ်ငွေ သို့မဟုတ် ဒေါ်လာဖြင့် လဲလှယ်ပေးမည်

စာမျက်နှာ ၅၀ ပါဝင်မည့် ရခိုင်စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာ မတ်လ ၃၁ ရက် သမ္မတထံ တင်မည်

အိအိတိုးလွင်

စာမျက်နှာ ၅၀ ပါဝင်မည့် ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အပြီးသတ် အစီရင်ခံစာအား မတ်လ ၃၁ ရက်နေ့တွင် နိုင်ငံတော် သမ္မတထံတင်သွင်းမည်ဖြစ်ကြောင်း ကော်မရှင်၏ အတွင်းရေးမှူး ဒေါက်တာကျော်ရင်လှိုင်က ပြောကြားသည်။

"အခု ကျွန်တော်တို့ အစီရင်ခံကို အချောသပ်နေပါပြီ။ ဒီလ ၃၁ ရက်နေ့ သမ္မတရုံးကို တင်မယ်" ဟု ဒေါက်တာကျော်ရင်လှိုင်က မြန်မာတိုင်း(မ်)ကို ပြောကြားသည်။

အဆိုပါ အစီရင်ခံစာတွင် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော ပဋိပက္ခများနှင့်ပတ်သက်၍ ကော်မရှင်၏ လေ့လာတွေ့ရှိချက်များနှင့်အတူ ရခိုင်ပြည်နယ်အတွင်း ပြည်သူများ ငြိမ်းချမ်းစွာ ရေရှည်ရပ်တည် နေထိုင်နိုင်ရေးအတွက် အကြံပြုချက်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ကော်မရှင်၏အစီရင်ခံ စာအား အများပြည်သူသိရှိနိုင်ရေးအတွက် တရားဝင်ထုတ်ပြန်ရန် ရှိ မရှိ ဆိုသည်မှာ သမ္မတရုံးအပေါ်တွင်သာ မူတည်ကြောင်း ဒေါက်တာကျော်ရင်လှိုင်က ပြောသည်။

"ကော်မရှင်ရဲ့ အစီရင်ခံစာက စာမျက်နှာ ၅၀ လောက်ရှိတော့ သတင်းစာကနေ တစ်ဆင့် ဖော်ပြဖို့ဆိုတာ မလွယ်ဘူး။ သူတို့ဘယ်လောက် အတိုင်းအတာအထိ ပြည်သူကို အသိပေးမလဲဆိုတာတော့ ကျွန်တော်လည်း မခန့်မှန်းတတ်ဘူး"ဟု ၎င်းက ပြောကြားသည်။

"ကော်မရှင်အနေနဲ့ကတော့ အစီရင်ခံစာတင်ပြီးတာနဲ့ သတင်းစာရှင်းလင်းပွဲ လုပ်မှာဖြစ်သလို အစီရင်ခံစာပါ အချက်အလက်တွေနဲ့ ကော်မရှင်ရဲ့ ဆောင်ရွက်ချက်တွေကို မီဒီယာသိရှိအောင် ကြေညာချက် ထုတ်ပြန်သွားမှာပါ"ဟု ဒေါက်တာကျော်ရင်လှိုင်က ပြောသည်။

မတ်လ ၁၂ ရက်က ထွက်ပေါ်လာခဲ့သော ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် လက်ပံတောင်းတောင် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ် ဒေသခံများ၏ မကျေနပ်ချက်များနှင့် ပြည်တွင်းပြည်ပမှ ဝေဖန်ချက်မျိုးစုံ ထွက်ပေါ်လျက်ရှိနေသကဲ့သို့ ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာကိုလည်း မြန်မာပြည်သူလူထု အပါအဝင် နိုင်ငံတကာကလည်း စောင့်ကြည့်လျက်ရှိသည်။

"အားလုံးကျေနပ်အောင် ဖြစ်ဖို့ကတော့ မလွယ်ပါဘူး။ ဘယ်သူတွေ ဘယ်လိုပြောပြော ကျွန်တော်တို့ဘက်ကတော့ တွေ့ရှိချက်တွေအပေါ် အခြေခံပြီး နိုင်ငံနဲ့ပြည်သူ့အကျိုးအတွက် အကောင်းဆုံးဖြစ်နိုင်မယ့် အကြံပြုချက်တွေကို တင်ပြထားတယ်။ အားလုံး ငြိမ်းငြိမ်းချမ်းချမ်းနဲ့ နေထိုင်နိုင်မယ့် နည်းလမ်းတွေပေါ့။ ဒါပေမဲ့ ဒီအချက်တွေကို လက်တွေ့အကောင်အထည်ဖော်ဖို့ကတော့ အစိုးရနဲ့ လူထုအဖွဲ့အစည်းတွေမှာ မူတည်ပါတယ်"ဟု ဒေါက်တာကျော်ရင်လှိုင်က ပြောသည်။

ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်ရေးနှင့် ဥပဒေစိုးမိုးရေးကို ပျက်ပြားစေခဲ့သော လူစုလူဝေးဖြင့် ဥပဒေမဲ့ဆောင်ရွက်မှုများ၊ တိုက်ခိုက်သတ်ဖြတ်ခဲ့မှုများအပေါ် အဖြစ်မှန်ပေါ်ပေါက်စေရေးအတွက် အဖွဲ့ဝင် ၂၇ ဦးပါဝင်သော ကော်မရှင်ကို ၂၀၁၂ ဩဂုတ်လအတွင်း ဖွဲ့စည်းခဲ့သည်။ ကော်မရှင်၏ အစီရင်ခံစာအား နိုင်ငံတော်သမ္မတထံ နိုဝင်ဘာလအတွင်း တင်ပြရမည်ဖြစ်သော်လည်း ကြားဖြတ်အစီရင်ခံစာသာ တင်သွင်းနိုင်

စာမျက်နှာ ၂ သို့

အက်ဖ်အီးစီကို တန်ဖိုးညီငွေ ပြန်အမ်းပြီး ဖျက်သိမ်းမည်

၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ အများပြည်သူလက်ဝယ် လှည့်လည်သုံးစွဲလျက်ရှိတဲ့ အက်ဖ်အီးစီယူနစ်ဟာ ၃၀ ဒသမ ၉၂ သန်းအထိ ရှိနေ

စိုးသန်းလင်းနှင့် အေးသီတာကျော်

မြန်မာနိုင်ငံတွင် ၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီ ၄ ရက်မှ စတင်ပြီး နိုင်ငံတော်ဗဟိုဘဏ်က ထုတ်ဝေကာ သုံးစွဲလည်ပတ်လျက်ရှိသည့် အက်ဖ်အီးစီ တန်ဖိုးညီမျှသောအမေရိကန်ဒေါ်လာ သို့မဟုတ် မြန်မာကျပ်ငွေဖြင့် ပြန်လည်လဲလှယ်ပေးပြီး ပြည်သူတို့လက်ဝယ်ရှိ နိုင်ငံခြားငွေလဲလှယ်မှုလက်မှတ် အက်ဖ်အီးစီများကို ပြန်လည်ရွေးနုတ်ယူသင့်ကြောင်း၊ ထိုသို့ ရွေးနုတ်ယူခြင်းကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များနှင့် ဆက်စပ်အဖွဲ့အစည်းများ ပူးပေါင်းလျက် စနစ်တကျဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်သို့ ၂၀၁၃ ခုနှစ်၊ မတ်လ ၁၈ ရက်တွင် သဝဏ်လွှာ ပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာကို မတ်လ ၂၀ ရက် ပြည်ထောင်စုလွှတ်တော်ဆဋ္ဌမ ပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့တွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းအပြီး၌ ပြည်ထောင်စုလွှတ်တော်က ကန့်ကွက်သူမရှိ သဘောတူကြသဖြင့် အတည်ပြုခဲ့ကြကြောင်း တွေ့ရသည်။

“၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်နေ့အထိ အများပြည်သူလက်ဝယ်လှည့်လည်သုံးစွဲလျက်ရှိတဲ့အက်ဖ်အီးစီယူနစ်ဟာ ၃၀ ဒသမ ၉၂ သန်း ရှိပါတယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဟာ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ရဲ့ အကြံပြုချက်များရယူပြီး နိုင်ငံခြားငွေလဲလှယ်နှုန်းပေါင်းစည်းရေး လုပ်ငန်းအစီအစဉ် (Exchange Rate Unification Process) ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၁. ၄. ၂၀၁၂ မှစ၍ နိုင်ငံခြားငွေလဲလှယ်နှုန်းကို အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ရဲ့ အထူးထုတ်ယူခွင့် (Special Drawing Rights) နဲ့ ထိန်းကျောင်းမှုရှိတဲ့ ဈေးကွက်အခြေခံသော နှုန်းရှင်ငွေလဲလှယ်နှုန်းစနစ်တို့သို့ ပြောင်းလဲကျင့်သုံးခဲ့ပါတယ်”ဟု ဘဏ္ဍာအခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြောကြားအပြီး နိုင်ငံခြားသားများအနေဖြင့် အမေရိကန်ဒေါ်လာတစ်သောင်း ၁၀,၀၀၀၊ သို့မဟုတ် ၎င်းနှင့်ညီမျှသော နိုင်ငံခြားငွေအား အကောက်ခွန်ဦးစီးဌာနသို့ကြေညာခြင်းမပြုဘဲ ယူဆောင်ခွင့်ပြုထားခြင်း အပါအဝင် နိုင်ငံတော်ဗဟိုဘဏ်က ငွေလဲလှယ်နှုန်းစနစ်သစ်ဖြင့် ဆောင်ရွက်လျက်ရှိသော ဗဟိုဘဏ်၏ လုပ်ငန်းခြောက်ခုတို့ကို ပြောကြားခဲ့သည်။

> အမေရိကန်ဒေါ်လာနှင့် အက်ဖ်အီးစီတန်ဖိုး ညီမျှသည့်အတွက် အက်ဖ်အီးစီလက်ဝယ်ရှိသူ၏ ငွေစာရင်းအကောင့်ထဲသို့ ယင်းပမာဏနှင့်တန်ဖိုး ညီမျှသည့် ဒေါ်လာထည့်ပေးခြင်း၊ သို့မဟုတ် ကျပ်ငွေထည့်ပေးခြင်း၊ သို့မဟုတ် ကျပ်ငွေနှင့် ငွေသားထုတ်ပေးခြင်း ...”

အဆိုပါ နိုင်ငံခြားငွေ လဲလှယ်နှုန်းစနစ်သစ်အရ နိုင်ငံခြားငွေ လက်ဝယ်ထားရှိခြင်း၊ ကိုင်တွယ်သုံးစွဲခြင်း၊ လွှဲပြောင်းပေးချေခြင်းများ ပြုလုပ်နိုင်သဖြင့် နိုင်ငံတော်၏ စီးပွားရေးစနစ်အတွင်း အက်ဖ်အီးစီအား ကြားခံအဖြစ်သုံးစွဲရန် မလိုအပ်တော့ကြောင်း၊ အက်ဖ်အီးစီ ကို ကြားခံထားခြင်းကြောင့် နိုင်ငံခြားငွေလဲလှယ်နှုန်း အမျိုးမျိုးကို ဖြစ်ပေါ်စေသဖြင့် တန်ဖိုးညီမျှသော အမေရိကန်ဒေါ်လာ၊ သို့ မဟုတ် မြန်မာငွေကျပ်ဖြင့် ပြန်လည် လဲလှယ်ပေးပြီး ပြည်သူများလက်ဝယ်ရှိ အက်ဖ်အီးစီများကို ပြန်လည်ရွေးနုတ်ယူသင့်ကြောင်းနှင့် ထိုသို့ဆောင်ရွက်မည့်အစီအစဉ်ကို ၂၀၁၃ ခုနှစ်၊ မတ်လတွင် အများပြည်သူသို့အသိပေးသင့်ကြောင်း အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ မေခရိုစီးပွားရေးအခြေအနေ စောင့်ကြည့်အကဲဖြတ်မည့် အစီအစဉ် (Staff Monitored Program) က အကြံပြုခဲ့ကြောင်း၊ အက်ဖ်အီးစီများ ပြန်လည်ရွေးနုတ်ခြင်းကို စနစ်တကျဆောင်ရွက်မည် ဖြစ်ကြောင်းနှင့် ၎င်းကြေညာချက် ထုတ်ပြန်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက် ရယူပေးနိုင်ရန်ဟူ၍ နိုင်ငံတော်သမ္မတ၏ သဝဏ်လွှာတွင် ဖော်ပြပါရှိသည်။

မြန်မာနိုင်ငံအနေဖြင့် ၁၉၈၇-၈၈ ဘဏ္ဍာနှစ်အတွင်း ပြည်တွင်းသုံးကျပ်ငွေအချို့အပေါ် တရားမဝင်ငွေအဖြစ် ကြေညာသိမ်းဆည်းခြင်းများ၊ ၁၉၉၂ မှ ၉၆ အတွင်း ထပ်မံသိမ်းဆည်းခြင်းတို့ ကြုံခဲ့ရပြီး အထွေထွေစီးပွားပျက်ကပ်နှင့် ငွေကြေးဖောင်းပွမှုတို့အကြား ထိုသို့ ငွေသိမ်းမှုများကြောင့် မြန်မာ့သမိုင်း အပြောင်းအလဲ မှတ်တိုင်ကြီးများကို ဖြတ်သန်းခဲ့ရပြီး ဖြစ်သည်။

ထိုစဉ်က တရားမဝင်ငွေအဖြစ်ကြေညာပြီး သိမ်းဆည်းခဲ့သည့် ကျပ်ငွေမှာ တစ်နိုင်ငံလုံး သုံးစွဲရသည့် ငွေဖြစ်သောကြောင့် ဘဏ်များတွင် ငွေလဲလှယ်ခွင့်ပြုထားသည့် ကန့်သတ်ကာလအတွင်း မိမိလက်ထဲရှိတရားမဝင်ငွေအား အချိန်မီ အပြည့်အဝလဲနိုင်ရန်မှာ ကြီးမားလှသော စိန်ခေါ်မှု၊ အခက်အခဲများရှိခဲ့ကြပြီး ဆုံးရှုံးမှုများ၊ ဘဝပျက်သည်အထိ လူမှုအပြောင်းအလဲများနှင့်ပါ ရင်ဆိုင်ခဲ့ကြရသည်။

“အရင်တုန်းက ကျပ်ငွေတွေ အသိမ်းခံရလို့ ဘဏ်မှာငွေပြန်လဲတဲ့အခါ ငွေတစ်သိန်းရှိတဲ့သူက ငါးသောင်းဖိုးပဲရတာမျိုး၊ ကြားက ဝန်ဆောင်မှုပေးတဲ့ ပွဲစားတွေက အကျိုးများခဲ့တာမျိုးတွေ့ကြုံခဲ့ရတယ်။ သာမန်ပြည်သူတစ်ဦးအနေနဲ့ပြောရမယ်ဆိုရင်တောင် အဲဒီလိုမျိုး ဖြစ်ဦးမလား၊ ဘဏ်တွေမှာ တန်းစီတိုးကြရဦးမှာလားလို့ စိတ်ပူမိတယ်။ Businessmen တွေဆိုရင် လူတိုင်းနီးပါးက အက်ဖ်အီးစီနဲ့ မကင်းကြဘူးမဟုတ်လား။ လက်ထဲမှာရှိနေတာတွေရော၊ စာချုပ်အရလက်ခံရမယ့် အက်ဖ်အီးစီတွေရောရှိကြတာပါ။ တချို့က အက်ဖ်အီးစီနဲ့ချုပ်ထားတဲ့အတွက် အက်ဖ်အီးစီနဲ့ပဲ ရှင်းနိုင်မယ်ဆိုတာမျိုးတွေ ရှိလာနိုင်တယ်။ ဒီတော့ အကုန်လဲခွင့်မှ ရပ့်မလား၊ သတ်မှတ်ကာလမှာလဲလို့ မီပ့်မလား ဆိုတာတွေ စိတ်ပူနေပါတယ်။

“ကုမ္ပဏီတစ်ခုရဲ့ ငွေစာရင်းအရာရှိတစ်ဦးအနေနဲ့ဖြေရရင်တော့ အဲဒီလို လက်ထဲရှိတဲ့ အက်ဖ်အီးစီတွေ၊ စာချုပ်အရ နောက်မှရမယ့်၊ လက်ခံရမယ့် အက်ဖ်အီးစီတွေအတွက် ပိုပြီးခေါင်းစားနေရပြီ။ ဒါပေမဲ့ ဒီအစီအစဉ်ကိုတော့ သဘောကျပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ Currency တစ်မျိုး လျော့သွားတဲ့အတွက် အလုပ်လုပ်ရတဲ့အဆင့်တွေ လျော့မားတဲ့အတွက်ပါ။ ဒါဟာ အားသာချက်တွေ အများကြီးကို ဖြစ်လာစေနိုင်ပါတယ်”ဟု မီဒီယာကုမ္ပဏီကြီးတစ်ခုမှ ငွေစာရင်းအရာရှိက ဖြေကြားသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကတော့ “အက်ဖ်အီးစီရုပ်သိမ်းခြင်းဟာ လုပ်သင့်တဲ့အလုပ်ကိုလုပ်ခြင်းဖြစ်လို့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေနဲ့ကြိုဆိုပါတယ်။ နိုင်ငံခြားငွေမှာ ဈေးကနှစ်မျိုး (အက်ဖ်အီးစီက တစ်မျိုး၊ ဒေါ်လာကတစ်မျိုး) မဟုတ်တော့ဘဲ ဒေါ်လာဈေးတစ်မျိုးပဲရှိတော့မှာဖြစ်လို့ ရလဒ်ကောင်းတွေ ထွက်လာမယ်လို့ ယုံကြည်ပါတယ်။ အခုလိုရုပ်သိမ်းတာဟာ အရင်တုန်းက ကျပ်ငွေတွေသိမ်းတာမျိုးနဲ့တော့မတူပါဘူး။ ကျပ်ငွေက လူတန်းစားအားလုံး သုံးတဲ့ငွေ၊ အက်ဖ်အီးစီကျတော့ ခရိုနီတွေနဲ့ လူလတ်တန်းစားတွေပဲ သုံးတာဖြစ်လို့ ငွေပြန်လဲတဲ့အခါ အရင်ကလို အခက်အခဲမျိုးတွေ မရှိနိုင်ဘူးလို့တော့ မျှော်လင့်ပါတယ်”ဟု သယ်နီးကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်က မြန်မာတိုင်း(မ်)ကို ပြောသည်။

အဆိုပါ အက်ဖ်အီးစီများအား တန်ဖိုးညီဒေါ်လာ၊ သို့မဟုတ် မြန်မာကျပ်ငွေဖြင့် လဲလှယ်ပေးမည့်ကာလ၊ သို့မဟုတ် လဲလှယ်ခွင့်ပြုမည့် ကန့်သတ်ကာလနှင့် ပတ်သက်ပြီး သမ္မတ၏သဝဏ်လွှာ၌ အသေးစိတ် မဖော်ပြထားသော်လည်း ပြည်ထောင်စုလွှတ်တော်က ကန့်ကွက်သူမရှိ သဘောတူအတည်ပြုခဲ့ကြောင်း တွေ့ရသည်။

“အက်ဖ်အီးစီကို ဒေါ်လာနဲ့ပြန်လဲလို့ရတယ်။ ဘဏ်မှာပြန်အပ်နှံလို့ရပါတယ်။ လွှတ်တော်ကို ဒီနေ့တင်ပြတဲ့အခါမှာ ပုဂ္ဂလိကငွေကြေးလဲလှယ်ရေးမှာ အက်ဖ်အီးစီ မလိုအပ်တော့တဲ့အနေအထားဖြစ်နေတယ်။ မြန်မာနိုင်ငံအတွင်းမှာ နိုင်ငံခြားငွေလည်း တရားဝင်သုံးလို့ရနေပြီဖြစ်တယ်”ဟု လွှတ်တော် ငွေစာရင်းကော်မတီအဖွဲ့ဝင် ဦးစိုင်းသီဟကျော်က ပြောသည်။

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က အက်ဖ်အီးစီရုပ်သိမ်းရန် အကြံပြုခဲ့ပြီး မတ်လအတွင်း အက်ဖ်အီးစီ ရုပ်သိမ်းရန် လွှတ်တော်တွင် ကြေညာကြောင်းနှင့် အများပြည်သူကို အသိပေးကြေညာမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အောက်ရှိ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဌာနမှ တာဝန်ရှိသူတစ်ဦးက အက်ဖ်အီးစီ ရုပ်သိမ်းသည့်အတွက် မူလက ပြဋ္ဌာန်းထားသည့်အတိုင်း အမေရိကန်ဒေါ်လာနှင့် အက်ဖ်အီးစီတန်ဖိုး ညီမျှသည့်အတွက် အက်ဖ်အီးစီလက်ဝယ်ရှိသူ၏ ငွေစာရင်းအကောင့်ထဲသို့ ယင်းပမာဏနှင့်တန်ဖိုး ညီမျှသည့် ဒေါ်လာထည့်ပေးခြင်း၊ သို့မဟုတ် ကျပ်ငွေထည့်ပေးခြင်း၊ သို့မဟုတ် ကျပ်ငွေနှင့် ငွေသားထုတ်ပေးခြင်းများ ပြုလုပ်ပေးသွားမည်ဟု ပြောသည်။

“အက်ဖ်အီးစီ လက်ကိုင်ထားတဲ့သူတွေအနေနဲ့ မရှုံးအောင် လုပ်ပေးသွားမယ်”ဟု ၎င်းကပြောသည်။

အက်ဖ်အီးစီရုပ်သိမ်းမည့်သတင်းကို ဗဟိုဘဏ်က ယခင်နှစ်ဆန်းပိုင်းကပင် ကြေညာခဲ့သော်လည်း ယခုနှစ်မတ်လဆန်းပိုင်းမှသာ ပြုလုပ်ခြင်းဖြစ်သည်။

“စာရင်းပိုင်း တွက်ချက်ရလွယ်ကူအောင်လို့ ဘတ်ဂျက်နှစ်ရဲ့အစမှာ လုပ်ချင်တာလည်းပါတယ်။ ဌာနတွင်း လုပ်ဆောင်မှုတွေလည်း ရှိနေလို့ပါ။ ဒါမလုပ်ခင် အရင်ကြေညာပြီး အက်ဖ်အီးစီတွေ တဖြည်းဖြည်း ဘဏ်ထဲကို ပြန်ဝင်လာအောင် သိမ်းလိုက်တာ။ အက်ဖ်အီးစီလိုချင်ရင် အပြင်ထုတ်မပေးတော့ဘဲ တခြားငွေပဲ ပြန်ထုတ်ပေးတဲ့အတွက် တလောက ဈေးတက်သွားသေးတယ်”ဟု ၎င်းက ပြောသည်။

ဘဏ်များနှင့် တရားဝင် ငွေလဲကောင်တာများတွင် အက်ဖ်အီးစီနှင့် ဒေါ်လာဈေးမှာ ညီမျှသော်လည်း ပြင်ပဈေးကွက်အတွင်း ဈေးကျဆင်းသွားခဲ့သည်။

မတ်လ ၂၀ ရက်နေ့ ညနေပိုင်းတွင် ပြင်ပဈေးကွက်၌ အမေရိကန်ဒေါ်လာမှာ ကျပ် ၈၈၀-၈၈၈ ရှိချိန်တွင် အက်ဖ်အီးစီမှာ ကျပ် ၈၇၅-၈၈၀ သာရှိတော့သည်။

“တရားဝင် ကြေညာလိုက်ပြီဖြစ်တဲ့အတွက် အားလုံးက သို့လော သို့လော ဖြစ်နေပြီး ဈေးကွက်အခြေအနေကြည့်နေကြတယ်။ အရောင်းအဝယ်သိပ်မရှိဘူး။ မနက်ဖြန် နေ့လယ်လောက်ကျရင်တော့ သေချာတဲ့ဈေးထွက်လာမှာပါ”ဟု ပြင်ပဈေးကွက် ငွေလဲသူတစ်ဦးက ပြောသည်။ ■

စာမျက်နှာ ၅၀ ပါဝင်မည့် . . .

စာမျက်နှာ ၁ မှ

ခဲ့ပြီး အပြီးသတ်အစီရင်ခံစာကိုမူ မူလသတ်မှတ်ချိန်ထက် လေးလနောက်ကျပြီးမှ တင်နိုင်မည်ဖြစ်သည်။

“ကော်မရှင်ရဲ့ လုပ်ခွင့်ရတာတွေကို အားရကျေနပ်ပါတယ်။ အားလုံး ပူးပေါင်းပြီး လုပ်ကြတာဖြစ်တဲ့အတွက် ကော်မရှင်ရဲ့အစီရင်ခံစာဟာ ဘက်မလိုက်တဲ့ အစီရင်ခံစာတစ်စောင်ဖြစ်လာမှာပါ”ဟု ကော်မရှင်အဖွဲ့ဝင်ဖြစ်သူ မြန်မာမွတ်စလင် အမျိုးသားရေးရာအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးကျော်ခင်က ပြောသည်။

“အစီရင်ခံစာမှာပါဝင်တဲ့ အကြံပြုချက်တွေအတိုင်း လက်တွေ့မှာဖြစ်လာဖို့ကတော့ အုပ်ချုပ်ရေးယန္တရားနဲ့ လူထုက လက်ခံဖို့ လိုတယ်။ ဒီအကြံပြုချက်တွေဟာ လက်ရှိလူထုရဲ့ဆန္ဒ၊ အနာဂတ်မျှော်မှန်းချက်တွေနဲ့ အရမ်းကွာဟနေမယ်ဆိုရင်တော့ ဒီအစီရင်ခံစာက စက္ကူဖြူလေးတစ်ရွက်ပဲဖြစ်မှာပါ။ ဒီလိုမဟုတ်ဘဲ အားလုံးကလက်ခံနိုင်တဲ့ အနေအထားဆိုရင်တော့ အုပ်ချုပ်ရေးယန္တရားနဲ့ ပြည်သူကို ပိုပြီး နီးစပ်နေနိုင်တာပေါ့”ဟု ကော်မရှင်၏ အဖွဲ့ဝင်ဖြစ်သူ ရခိုင်တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်က ပြောသည်။

ရခိုင်ပြည်နယ်အတွင်း ၂၀၁၂ ခုနှစ် မေ၊ ဇွန်နှင့် အောက်တိုဘာလအတွင်း ဖြစ်ပွားခဲ့သော အကြမ်းဖက်လုပ်ရပ်များကြောင့် လူ ၂၀၀ ခန့်သေဆုံးခဲ့ပြီး လူနေအိမ် ၁၆,၀၀၀ ကျော်၊ ဘုန်းကြီးကျောင်း ၁၄ ကျောင်း၊ ဗလီ ၄၅ ခုနှင့် စာသင်ကျောင်းသုံးကျောင်း ပျက်စီးခဲ့ရပြီး ဒေသခံပြည်သူ ခုနစ်သောင်းကျော် အိုးအိမ်မဲ့ဖြစ်ကာ ဒုက္ခသည်စခန်းများတွင် နေထိုင်ခဲ့ရသည်။ ■

မြန်မာနှင့် ဩစတြေးလျ စစ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန် သဘောတူ

နန်းတင်ထွေး

ဩစတြေးလျနိုင်ငံက မြန်မာနိုင်ငံနှင့် စစ်ရေးအရ ပူးပေါင်းဆောင်ရွက်မှုများ စတင် လုပ်ဆောင်သွားမည်ဖြစ်ကာ ပထမဆုံးခြေလှမ်းအနေဖြင့် စစ်ရေးဆိုင်ရာ သင်တန်းများပို့ချရန် အဆိုပြုသွားမည်ဖြစ်ကြောင်း ဩစတြေးလျနိုင်ငံ၏ အဆင့်မြင့်အရာရှိတစ်ဦးက ပြောသည်။

"ဒီနေ့မှာ ကျွန်မတို့အနေနဲ့ ကာကွယ်ရေးဆိုင်ရာနဲ့ပတ်သက်ပြီး ပူးပေါင်းတဲ့ အရေးကြီးတဲ့ခြေလှမ်းတစ်ခုကို စလှမ်းလိုက်ပြီဖြစ်ပါတယ်"ဟု ဩစတြေးလျနိုင်ငံဝန်ကြီးချုပ် မစ္စ Julia Gillard က ပြောသည်။

မတ်လ ၁၈ ရက်နေ့က ဩစတြေးလျနိုင်ငံ ကင်ဘာရာမြို့ရှိ ပါလီမန်အဆောက်အအုံ၌ ၎င်းနိုင်ငံသို့ချစ်ကြည်ရေးခရီး ရောက်ရှိနေသော မြန်မာနိုင်ငံသမ္မတ ဦးသိန်းစိန်နှင့် တွဲဖက်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်ကြောင်း ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီးဌာန၏ တရားဝင်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

စစ်ရေးဆိုင်ရာ ကန့်သတ်မှုအချို့အား ဖြေလျှော့သွားမည် ဖြစ်သော်လည်း အပြည့်အဝ ပူးပေါင်းဆောင်ရွက်ခြင်းမျိုး မဟုတ်သေးကြောင်းလည်း ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

၎င်းတို့တွင် မြန်မာကာကွယ်ရေးတပ်များအား ငြိမ်းချမ်းရေးထိန်းသိမ်းမှု၊ လူသားချင်းစာနာသည့် အထောက်အပံ့များ ပေးပို့ခြင်းနှင့် ဘေးအန္တရာယ်ကာလတွင် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ခြင်း စသည်တို့ကို သင်တန်းပေးခြင်းများအပြင် ပဋိပက္ခအခြေအနေများတွင် ကြားဝင်ဆောင်ရွက်ပေးခြင်းများနှင့် အခြားဘက်ပေါင်းစုံ ပူးပေါင်းမှုများ ပါဝင်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။

"စစ်ရေးအရ အပြည့်အဝ ပူးပေါင်းမှုကတော့ အချိန်ယူရဦးမှာပါ။လက်နက်

ဦးသိန်းစိန်နှင့် ဩစတြေးလျဝန်ကြီးချုပ်တို့ ပူးတွဲ သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။ ဓာတ်ပုံ-အေအက်ဖ်ပီ

ကုန်သွယ်မှုလိုမျိုး အခြားကန့်သတ်ချက်တွေတော့ ကျန်နေဦးမှာပါ"ဟု မစ္စ Gillard က ပြောသည်။

ဩစတြေးလျနိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် အရပ်သားအစိုးရတစ်ရပ် အခိုင်အမာဖြစ်ပေါ်စေရေး၊ နိုင်ငံသားများအားလုံး၏ အခွင့်အရေးအား ထိန်းသိမ်းရေးနှင့် တိုင်းရင်းသားလူမျိုးစုများအကြား အမျိုးသားရင်ကြားစေ့ရေးများ မြှင့်တင်ရေး၊ ကမ္ဘာလုံးဆိုင်ရာ ချူကလီးယားလက်နက်ဆိုင်ရာ သတ်မှတ်ချက်များအား လိုက်နာစေရေးတို့အတွက် ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်းလည်း ၎င်းကပြောသည်။

"ကျွန်မတို့အနေနဲ့ လူနည်းစု လူမျိုးတွေ အပါအဝင် လူ့အခွင့်အရေးနှင့် ပတ်သက်တာတွေ ပိုပြီး တိုးတက်မှုရှိလာအောင် ပူးပေါင်းလုပ်ဆောင်သွားမှာ ဖြစ်ပါတယ်"ဟု ဩစတြေးလျနိုင်ငံ၏ ပထမဆုံး အမျိုးသမီးဝန်ကြီးချုပ်ဖြစ်သူ ၎င်းက ပြောသည်။

သမ္မတဦးသိန်းစိန်သည် ၁၉၇၄ ခုနှစ်နောက်ပိုင်းတွင် ဩစတြေးလျနိုင်ငံသို့ သွားရောက်သော ပထမဆုံး မြန်မာနိုင်ငံခေါင်းဆောင်တစ်ဦး ဖြစ်သည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီအဖွဲ့အစည်းများ အရည်အသွေးတိုးမြှင့်ရေး၊ လူ့အခွင့်အရေးဆိုင်ရာ သင်တန်းများပို့ချရေး၊ စီးပွားရေးဆိုင်ရာ အုပ်ချုပ်မှုများနှင့် တရားဥပဒေစိုးမိုးမှုများ ပိုမိုရှိလာစေရေးတို့အတွက် အမေရိကန်ဒေါ်လာ သန်း ၂၀ ကို ထောက်ပံ့သွားမည်ဖြစ်ကြောင်း ထိုနေ့က ကြေညာခဲ့သည်။

လူ့အခွင့်အရေးဆိုင်ရာ သင်တန်းများပေးရာတွင် မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်အပြင် လူမှုအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းလုပ်ဆောင်သွားမည် ဖြစ်ကြောင်း မစ္စ Gillard က ပြောသည်။

နှစ်ပေါင်း ၃၉ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ဩစတြေးလျနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေး ခရီးစဉ်ရောက်ရှိခဲ့သော မြန်မာနိုင်ငံအစိုးရအရာရှိများနှင့် တိုင်းရင်းသားအဖွဲ့အစည်းများ တွေ့ဆုံကာ ငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ကိစ္စရပ်များ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူဖြစ်သော ဦးရဲထွဋ်က မတ်လ ၁၉ ရက်နေ့တွင် ၎င်းနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့် ဦးအုန်းမြင့်တို့က ဩစတြေးလျနိုင်ငံရှိ ကရင်၊ ကချင်နှင့် မွန်တိုင်းရင်းသားအဖွဲ့အစည်းများနှင့် တွေ့ဆုံသည်ဟု၍ ၎င်း၏ ဖေ့စ်ဘွတ်ခ်တွင် ဖော်ပြထားသည်။

တွေ့ဆုံသူများတွင် ဩစတြေးလျန်းကရင်အဖွဲ့အစည်း၏ ဥက္ကဋ္ဌ ဦးစောလွင်ဦး၊ ဆစ်ဒနီ ကချင်အဖွဲ့အစည်းမှ မဆိုင်းမော်လဖိုင်တို့ ပါသည်ဟု ABC Radio Australia က မတ်လ ၁၉ ရက်နေ့တွင် ဖော်ပြထားသည်။

"သူတို့က တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး သူတို့ရဲ့သဘောထားတွေကို ပြောကြားခဲ့ပြီး သမ္မတကြီးအတွက် အိတ်ဖွင့်ပေးစာ တစ်စောင်ကိုလည်း ပေးအပ်ခဲ့ပါတယ်"ဟုဦးရဲထွဋ်က ရေးသားထားသည်။ ■

တပ်မတော်နေ့မိန့်ခွန်းကို ဒီမိုကရေစီ အပြောင်းအလဲအတွက် မျှော်လင့်ချက်ထားကြ

ဝင်းကိုကိုလတ်

ယခုလ ၂၇ ရက်နေ့တွင် ကျရောက်မည့် (၆၈)နှစ်မြောက် တပ်မတော်နေ့၌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားမည့်မိန့်ခွန်းကို မြန်မာ့ဒီမိုကရေစီအပြောင်းအလဲအတွက် ပိုမိုအထောက်အပံ့ဖြစ်မည့် အကြောင်းအရာများ ပါဝင်လာမည်ဟု လေ့လာသူများက ပြောသည်။

"ပြည်သူ့ဆန္ဒ၊ ပြည်သူအကျိုးရှိရာကို အလေးထားဆောင်ရွက်မယ်လို့ ပြောလာနိုင်ပါတယ်"ဟု ဥတ္တရသီရိမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသူက ပြောသည်။

ယခုလ ၁၅ ရက်က ကျင်းပခဲ့သည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေးကော်မတီ၊ ကော်မရှင်များ ဖွဲ့စည်းဆောင်ရွက်ရေး အဆိုကို တပ်မတော်သားကိုယ်စားလှယ်များပါ ထောက်ခံခဲ့ကြသည်မှာ တပ်မတော်အတွက် ထူးခြားသောအပြောင်းအလဲဖြစ်သည်ဟု ဦးမင်းသူကပြောသည်။

နိုင်ငံတော်၏ ကာကွယ်ရေးမူဝါဒချမှတ်ထားရာတွင် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်ဆိုသည့် အချက်တစ်ချက်ပါသကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၊ ပုဒ်မခွဲ (စ)တွင် 'တပ်မတော်သည် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်' ဟု အတိအကျဖော်ပြ တာဝန်ပေးအပ်ထားပြီးဖြစ်သည်ဟု (၆၇)နှစ်မြောက် တပ်မတော်နေ့တွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

"တပ်မတော်သားတွေ လွှတ်တော်မှာ ကျမ်းကျိန်ရင် အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ပါမယ်လို့ ဆိုရတယ်။ အခုအဆိုကို ထောက်ခံတယ်ဆိုတော့ တပ်မတော်ဟာ ပြည်သူ့ဗဟိုပြုဘက်ကို သွားနေတယ်ဆိုတာ ထင်ရှားနေပါတယ်" ဟု ၎င်းက ပြောသည်။

"ပြည်သူတွေနဲ့ ရင်းရင်းနှီးနှီး နွေးထွေးတဲ့ ဆက်ဆံရေးဖြစ်ဖို့ ပြည်သူကို အကျိုးပြုဖို့ စစ်တိုင်းတွေ၊ တပ်မတွေ၊ တပ်ရင်းတပ်ဖွဲ့တွေကို ညွှန်ကြားထားပါတယ်"ဟု ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှု စုံစမ်းစစ်ဆေးရေးကော်မရှင် အစည်းအဝေးတွင် တပ်သိမ်းမြေယာများနှင့်ပတ်သက်၍ လာရောက်သူ ဒုတိယစစ်ထောက်ချုပ် ဗိုလ်ချုပ်မင်းနိုင်မှတစ်ဆင့် ပြည်သူ့ကိုယ်စားလှယ်များအား ပြောကြားခဲ့သည်ဟု ဦးမင်းသူက ပြောသည်။

ဒီမိုကရေစီလမ်းကြောင်းကို နောက်ကြောင်းပြန်မလှည့်ဘဲ လျှောက်လှမ်းနေကြောင်း၊ နိုင်ငံတော်သမ္မတ၏ ဦးဆောင်မှုအတိုင်း ဆောင်ရွက်နေသည်ဟု ပြောကြားနိုင်သည်ဟု တပ်မတော်မှ အငြိမ်းစား ဒုတိယဗိုလ်မှူးကြီးတစ်ဦးဖြစ်သူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေက ပြောသည်။

"ကာကွယ်ရေးဦးစီးချုပ်ဟာ သမ္မတရဲ့ အမိန့်ကို တစ်သဝေမတိမ်း လိုက်နာနေတယ်ဆိုတာ ကိုယ်တို့က အတွင်းစကားအရသိရတယ်။ အပြင်မှာထွက်နေတဲ့ ကာချုပ်က သမ္မတအမိန့်ကို မနာခံဘူးဆိုတာ မဟုတ်ပါဘူး"ဟု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် တစ်ဦးလည်းဖြစ်သူ ဦးလှဆွေက ပြောသည်။

၂၀၀၈ အခြေခံဥပဒေပြင်ဆင်ရေးမှာလည်း လူထု၏ဆန္ဒအတိုင်း ကာကွယ်ရေး ဦးစီးချုပ်မှ လုပ်ဆောင်နိုင်သည်ဟုလည်း ဦးလှဆွေက သုံးသပ်သည်။

"လူထုဆန္ဒအရဆိုရင် အခြေခံဥပဒေကို ပြင်လို့လည်းရတယ်။ အစအဆုံးပြန်ဆွဲလို့လည်း ရပါတယ်"ဟု ဦးလှဆွေက ပြောသည်။ ■

MCM
MYANMAR CONSOLIDATED MEDIA Ltd.
အမှုဆောင်အရာရှိချုပ်နှင့် စာတည်းမှူးချုပ် (မြန်မာ) ဒေါက်တာတင်ထွန်းဦး
management@myanmartimes.com.mm
drtto@myanmartimes.com.mm
စာတည်းမှူးချုပ် (အင်္ဂလိပ်) ရော့(စ်)ဒန်ကလီ
rsdunkly@gmail.com
စီမံခန့်ခွဲမှုအရာရှိချုပ် Wendy Madrigal
madrigalmcm@gmail.com
စီမံခန့်ခွဲမှုကော်မတီ ဒေါက်တာတင်ထွန်းဦး (ဥက္ကဋ္ဌ)
စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ ဒေါက်တာခင်မိုးမိုး၊ ရော့စ်ဒန်ကလီ၊ ဘေလ်ကလောက်၊ ဦးမင်းစိန်၊ ဦးဝေလင်း၊ သောမတ်စ်ကင်း(န်)၊ ဦးဇော်မြင့်
စာတည်းမှူး (မြန်မာ) ဇော်မြင့်
editormtm@myanmartimes.com.mm
စာတည်းမှူး (အင်္ဂလိပ်) သောမတ်စ်ကင်း(န်)
စာတည်းမှူး (အထူးအချပ်ပို) မျိုးလွင်
myolwin@myanmartimes.com.mm
ဒု-စာတည်းမှူး ဆန်းဦး
sannoo@myanmartimes.com.mm
သတင်းထောက်ချုပ် ဇော်ဝင်းသန်း
zawwinthan@gmail.com
အကြီးတန်းစာတည်း မြင့်စိုး၊ မောင်သွေးသစ်
အတိုင်ပင်ခံစာတည်း မသီဂီ
ဒု-သတင်းစာတည်း ကျော်ဆုမွန်
စီးပွားရေးစာတည်း (အင်္ဂလိပ်) စတူးဝပ်ဒီ
အကြီးတန်းလက်ထောက်စာတည်း စန္ဒာလွင်
အိမ်ခြံမြေစာတည်း ထားထားခင်
property@myanmartimes.com.mm
အားကစားစာတည်း ထွန်းနေအောင်
sports@myanmartimes.com.mm
လူမှုဘဝစာတည်း (အင်္ဂလိပ်) ဒေါက်ကလပ်လောင်း
လူမှုဘဝစာတည်း မို့မို့သော်
timeout2@myanmartimes.com.mm
နိုင်ငံတကာစာတည်း တင်စိန်
ဘာသာပြန်ဌာနတာဝန်ခံ ကိုကို
ဓာတ်ပုံဌာန (မန်နေဂျာ) ကောင်းထက်
ဓာတ်ပုံသတင်းထောက်များ ဘုန်းသီး၊ ကိုတိတ်
ဒါရိုက်တာ (ဘာသာပြန်ဌာန၊ ဝေလင်း
စာအုပ်ထုတ်ဝေရေးနှင့် စီးပွားရေးပုံနှိပ်လုပ်ငန်း)
wailin@myanmartimes.com.mm
စာအုပ်ထုတ်ဝေရေးအတိုင်ပင်ခံစာတည်း လှမိုး
စာအုပ်ထုတ်ဝေရေးစာတည်း ဝင်းထွန်း
မန္တလေးရုံးခွဲ
mdybranch@myanmartimes.com.mm
နေပြည်တော်ရုံးခွဲမန်နေဂျာ စိုးသန်းလင်း
capitalbureau@myanmar.com.mm
ထုတ်လုပ်ရေးမန်နေဂျာနှင့်
စာပေစိစစ်ရေးဆက်သွယ်ရေးအရာရှိ အောင်ကျော်ဦး
production@myanmartimes.com.mm
လ/ထ စာပေစိစစ်ရေးဆက်သွယ်ရေးအရာရှိ ရဲမင်းသူ
ကြော်ငြာဒီဇိုင်းတာဝန်ခံ တင်ဇော်ထွေး
ပုံနှိပ်ဌာနမှူး ငွေးမောင်
printing@myanmartimes.com.mm
ကုန်လှောင်ရုံမန်နေဂျာ ရဲလင်းငွေး
မန်နေဂျာ (ပုံနှိပ်စက်) ခင်မောင်
ကြော်ငြာဌာနဒါရိုက်တာ ခင်သန္တာငွေး
advertising@myanmartimes.com.mm
ကြော်ငြာအရောင်းတာဝန်ခံ ညီညီထွန်း
အရောင်းမန်နေဂျာ (Classies) ခင်မွှန်မွှန်ရည်
ငွေစာရင်းမန်နေဂျာ မွှန်မွှန်သာဆိုင်
finance@myanmartimes.com.mm
စီမံရေးရာမန်နေဂျာ နန်းမေစီကျော်
administration@myanmartimes.com.mm
ထုတ်ဝေသူ ဒေါက်တာတင်ထွန်းဦး (မြ-၀၄၁၄၂)
အိုင်တီမန်နေဂျာ ခင်မောင်သော်
webmaster@myanmartimes.com.mm
ဖြန့်ချိရေးဒါရိုက်တာ ဂျေဆီဇေ့(ခ်)
distmgr@myanmartimes.com.mm
circulation@myanmartimes.com.mm
ကြော်ငြာနှင့် လပေးဝယ်ယူရေး ကိစ္စများ စုံစမ်းရန်
ဖုန်း (၉၅၁) ၂၅၃ ၆၄၂၊ ၃၉၂ ၉၂၈၊ ဖက်စ် (၉၅၁) ၂၅၄ ၁၅၈
Email: management@myanmartimes.com.mm

မြန်မာတိုင်း(မ်)သတင်းနှင့် စီးပွားရေးဂျာနယ်ကို မြန်မာကွန်ဆိုလီဒိတ်တက် မီဒီယာ (Myanmar Consolidated Media) က ပိုင်ဆိုင်ပြီး ရွှေစင်ပုံနှိပ်တိုက် (၀၃၆၈) နှင့် စွယ်စုံမီဒီယာ (၀၈၁၀၂) က တာဝန်ယူ ပုံနှိပ်ထုတ်ဝေပါသည်။ ခေါင်းစီးစာသားမှာ အင်္ဂလိပ်ဘာသာအားဖြင့် The Myanmar Times ဖြစ်ပြီး မြန်မာဘာသာအားဖြင့် မြန်မာတိုင်း(မ်)ဟူ၍ ဖြစ်ကာ မြန်မာတိုင်း(မ်)၏အမှတ်တံဆိပ်လိုဂို (Logo) အပါအဝင် သက်ဆိုင်သော သင်္ကေတအမှတ်အသားများအားလုံးကိုလည်းကောင်း၊ စာစောင်များတွင် ပါရှိသော သတင်း၊ ဓာတ်ပုံ အစရှိသည့် အကြောင်းအရာအားလုံးကိုလည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုလည်းကောင်း မြန်မာကွန်ဆိုလီဒိတ်တက် မီဒီယာ (Myanmar Consolidated Media) ၏ စာဖြင့် ရေးသားခွင့်ပြုချက်မပါဘဲ ပြန်လည် ကူးယူဖော်ပြခြင်း မပြုကြရန်။

MCM
Myanmar Consolidated Media Ltd.
www.mmtimes.com
၃၇၉/၃၈၃၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း (၉၅၁) ၂၅၃ ၆၄၂၊ ၃၉၂ ၉၂၈၊ ဖက်စ်(၉၅၁) ၂၅၄ ၁၅၈
မန္တလေးရုံးခွဲ- အမှတ် ၁၇၈၊ ၇၄ လမ်း(၃၁ နှင့် ၃၂ လမ်းကြား)၊ ချမ်းအေးသာဇံ၊ မန္တလေး။ ဖုန်း (၀၂) ၂၄၄၅၀၊ ၆၅၁၃၉၁၊ ၆၅၁၃၉၂။ ဖက်စ် (၀၂) ၂၄၄၆၀
နေပြည်တော်ရုံးခွဲ- အမှတ် ၁၀/၇၊ ဗိုလ်တောက်ထိန်လမ်း၊
ရန်အောင် (၁)ရပ်ကွက်၊ ပျဉ်းမနား။ တယ်လီဖုန်း (၀၆၇) ၂၁၀၆၄၊ ၂၁၀၆၅။

လက်ပံတောင်းတောင်စီမံကိန်းအတွက် မြေလျော်ကြေး ပေးနေသော်လည်း ကျေးရွာအချို့ ထုတ်ယူခြင်းမရှိသေး

အိအိတိုးလွင်

လက်ပံတောင်းတောင် ကြေးနီစီမံကိန်း အစီရင်ခံစာ အကောင်အထည်ဖော်ရေးကော်မတီက သိမ်းဆည်းခံ လယ်ယာမြေများအတွက် မြေလျော်ကြေးများ စတင်ပေးနေပြီဖြစ်သော်လည်း စီမံကိန်းအား ပြင်းထန်စွာဆန့်ကျင်ခဲ့ကြသော ကျေးရွာများမှ လျော်ကြေးထုတ်ယူခြင်းမရှိသေးကြောင်း သိရသည်။

အထူးသဖြင့် ဝက်မွေးရွာဟောင်း၊ မိုးကြိုးပြင်၊ တုံရွာနှင့် ဆည်တည်းကျေးရွာများမှ ရွာသားအများစုမှာ ယနေ့တိုင် လျော်ကြေးထုတ်ယူခြင်း မရှိသေးဘဲ စောင့်ကြည့်ဆဲ အနေအထားပင်ရှိကြောင်း ရွာသားများက ပြောသည်။

"လျော်ကြေးယူရင် ကိုယ့်လယ်မြေတွေကို ရာသက်ပန်စွန့်လွှတ်ရမယ့်ပုံစံ ဖြစ်နေတယ်။ ကျွန်တော်တို့က လယ်သမားဆိုတော့ လယ်ပဲလိုချင်တယ်။ တခြားကျေးရွာတွေယူလိုက်တယ်ဆိုတာကလည်း လက်မခံလို့မရတဲ့အခြေအနေမို့ပါ။ သူတို့လယ်မြေတွေမှာ မြေစာတွေပုံထားတော့ ဘာမှဆက်ပြီး စိုက်ပျိုးလို့လည်း မရတော့ဘူး"ဟု ဝက်မွေးကျေးရွာမှ ကိုဦးမြင့်က ပြောသည်။

ထို့အတူ တုံရွာကျေးရွာသားများကလည်း စီမံကိန်းရပ်တန့်ရေးကိုသာ လိုလားနေပြီး လျော်ကြေးရယူလိုခြင်းမရှိကြောင်း ပြောသည်။

လက်ပံတောင်းတောင် ကြေးနီစီမံကိန်း အစီရင်ခံစာအရ စီမံကိန်းအတွက် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် ဝမ်ပေါင်ကုမ္ပဏီတို့က ရွာပေါင်း ၂၆ ရွာမှ သိမ်းဆည်းထားသည့် မြေဧက ၇,၈၆၇ ဒသမ ၇၈ ဧကအနက် လယ်မြေစိုက်ပျိုးမြေ ၅,၀၅၇ ဧက ပါဝင်နေကြောင်း၊ အဆိုပါ သိမ်းဆည်းခံရသူများ၊ ကျေးရွာပြောင်းရွှေ့ခံရသူများအတွက် လျော်ကြေးပေးရာတွင် တည်ဆဲဥပဒေအရ ကာလပေါက်ဈေးအတိုင်း ပေးအပ်ခဲ့ခြင်း မရှိသဖြင့် အမှန်တကယ်စိုက်ပျိုးထားသော လယ်မြေနှင့်ယာမြေ ၆,၇၈၄ ဧကအား သင့်တော်သော ကာလပေါက်ဈေးဖြင့် ပြန်လည်ပေးအပ်သင့်ကြောင်း အကြံပြုထားသည်။

အဆိုပါအကြံပြုချက်များအား အကောင်အထည်ဖော်ရေးကော်မတီ၏ သိမ်းဆည်းမြေယာများ စိစစ်ရေးအဖွဲ့အနေဖြင့် မတ်လ ၁၆ ရက်မှ စတင်၍ ဖောင်းကတာနှင့်ရွာရှည်ကျေးရွာများမှတောင်သူများအား မြေလျော်ကြေးငွေများ စတင်ထုတ်ပေးနေရာ မတ်လ ၁၇ ရက်နေ့အထိ တောင်သူ ၁၆၃ ဦးအား မြေယာလျော်ကြေးငွေကျပ် ၅,၅၉၈ သိန်းကျော်ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

"ကျွန်မတို့ အခုထိ လက်ခံဖို့ စိတ်ကူးမရှိသေးဘူး။ စီမံကိန်းနဲ့ပတ်သက်ပြီး ဆက်လုပ်ဖို့ အစီအစဉ်တွေ ဆွဲနေပါတယ်။ တခြားရွာတွေကတော့ ဆန္ဒထုတ်ဖော်ဖို့ စီစဉ်နေတာရှိပေမယ့် ဝက်မွေးကျေးရွာဟောင်းတော့ ဝင်မပါပါဘူး။ ကျွန်မတို့ ဘာတွေလုပ်နေတယ် ကြိုမပြောချင်ဘူး။ တရားဥပဒေစိုးမိုးရေးအောက်မှာပဲ ဆက်လုပ်သွားမယ်"ဟု စီမံကိန်းကို ပြင်းထန်စွာဆန့်ကျင်ခဲ့သူ ဝက်မွေးကျေးရွာမှ မသွဲ့သွဲ့ဝင်းက ပြောသည်။

တုံရွာနှင့် ဆည်တည်းကျေးရွာမှ လယ်သမားများကမူ မတ်လ ၂၃ ရက် နှင့် ၂၄ ရက်တို့တွင် စီမံကိန်းရပ်တန့်ရေး၊ မီးခိုးဗုံးအသုံးပြု၍ အကြမ်းဖက်ဖြိုခွဲမှုအတွက် တရားခံဖော်ထုတ်ပေးရေးနှင့် လက်ရှိထုတ်ပြန်ထားသောပုဒ်မ ၁၄၄ အမြန်ဆုံး ပြန်လည်ရုပ်သိမ်းပေးရေးအတွက် ဆန္ဒဖော်ထုတ်ခွင့်ပြုရန် ဆားလင်းကြီးမြို့နယ်၊ ရဲတပ်ဖွဲ့မှူးထံ ခွင့်ပြုမိန့် တောင်းခံထားကြောင်း သိရသည်။

"ရွာသားတွေက အခု အရင်တုန်းကဖွင့်ထားတဲ့ သပိတ်စခန်း ရပ်ထားလိုက်ပါပြီ။ ဒီလိုဖွင့်ထားတာ တရားဥပဒေနဲ့မညီဘူးလို့ ပြောတဲ့အတွက် အခုတရားဝင် ခွင့်ပြုမိန့် တောင်းထားပါတယ်။ တရားဥပဒေစိုးမိုးရေးကို အလေးထားပါတယ်ဆိုတဲ့သူတွေက သူတို့ထုတ်ပြန်ထားတဲ့ ဥပဒေအတိုင်း လိုက်နာမလား ဆိုတာကို ကျွန်တော်တို့ စောင့်ကြည့်နေပါတယ်"ဟု တုံရွာမှ ကိုလတ်က ပြောသည်။ ■

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေးကော်မတီ၊ ကော်မရှင်များ ဖွဲ့စည်းရန် ပြည်သူ့လွှတ်တော် ဆုံးဖြတ်

ဝင်းကိုကိုလတ်

၂၀၀၈ ခုနှစ်၊ ရောဝတီတိုင်းဒေသကြီးတွင် တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းအပြီး တစ်လမကြာမီ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပကာ အတည်ပြုခဲ့သည့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေအား လေ့လာသုံးသပ်ရေးကော်မတီ၊ ကော်မရှင်များ ဖွဲ့စည်းဆောင်ရွက်ရန် အရေးကြီးအဆိုတစ်ရပ်ကို ယခုလ ၁၅ ရက်က ပြည်သူ့လွှတ်တော်က အတည်ပြုလိုက်သည်။

အဆိုကို ဝက်လက်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့်က တင်သွင်းခဲ့ပြီး မြစ်ကြီးနားမြို့နယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဇော်က ထောက်ခံဆွေးနွေးခဲ့ခြင်းဖြစ်ပြီး ပြည်သူ့လွှတ်တော်တွင် ကန့်ကွက်သူမရှိ အတည်ပြုခဲ့ခြင်းဖြစ်သည်။

"သဘောကျပါတယ်"ဟု အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည်က လွှတ်တော်အစည်းအဝေးအပြီး ပြည်တွင်းမီဒီယာအချို့၏ မေးမြန်းချက်ကို ပြန်လည်ဖြေကြားသည်။

ဥပဒေတစ်ရပ်သည် မည်မျှပင်ပြည့်စုံ မှန်ကန်နေရန် မဖြစ်နိုင်သည့်အတွက် အချိန်ကာလ အပြောင်းအလဲကြောင့် ပြည်တွင်း ပြည်ပ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး အစရှိသည့် အရေးအရာ အမျိုးမျိုးကြောင့် ခေတ်အခြေအနေနှင့် အံဝင်ခွင်ကျမဖြစ်သည်များကို ပြင်ဆင်ရန်၊ ဖြည့်စွက်ရန်အတွက် လိုအပ်ချက် ပေါ်ပေါက်လာမည်မှာ ဓမ္မတာပင်ဖြစ်ပါသည်ဟု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဒုတိယဥက္ကဋ္ဌတစ်ဦးဖြစ်သူ သူရဦးအေးမြင့်က ပြောသည်။

"ဒီလိုအချိန်မှာ အခြေအနေအချိန်အခါနဲ့ လိုက်လျောညီထွေရှိတဲ့ ပြင်ဆင်မှုတွေကို ညှိနှိုင်း သုံးသပ်ဆောင်ရွက်သွားကြရမှာ ကျွန်တော်တို့ပြည်သူ့ကိုယ်စား လှယ်တွေရဲ့တာဝန်ပဲ ဖြစ်ပါတယ်" ဟု သူရဦးအေးမြင့်က ပြောသည်။

၂၀၀၈ ခုနှစ်၊ အခြေခံဥပဒေသည်လည်း ရေးဆွဲခဲ့စဉ်ကာလက အနာဂတ် နိုင်ငံတော်အတွက် စေတနာအပြည့်ဖြင့် အဘက်ဘက်က ပြည့်စုံစေရန် ရေးဆွဲခဲ့သည်မှာ မှန်သော်လည်း နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု အရှိန်အဟုန်မြင့်မားမှုကြောင့် ခေတ်ကာလအခြေအနေနှင့် အံဝင်ခွင်ကျ၊ လိုက်လျောညီထွေဖြစ်ရန် ပြန်လည်လေ့လာသုံးသပ်ရန်လိုအပ်နေသည်ဟု အခိုင်အမာယူဆမိသည်ဟု သူရဦးအေးမြင့်က ပြောသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း ၁၂ တွင် လေ့လာသုံးသပ်နိုင်ရန် နည်းလမ်းများ ပြဋ္ဌာန်းထားပြီးဖြစ်သော်လည်း လေ့လာသုံးသပ်ရာတွင် သင့်တော်မည့် ဥပဒေပညာရှင်များ၊ အသိဉာဏ်ပညာ ပြည့်ဝသူများ၊ အတွေ့အကြုံရင့်ကျက်သူများကို ကော်မတီ၊ ကော်မရှင်များအဖြစ် ဖွဲ့စည်းဆောင်ရွက်သင့်ကြောင်း ၎င်းက ပြောသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေသည် တည်ဆဲဥပဒေတစ်ရပ်ဖြစ်၍ အဆိုရှင်နှင့် ထောက်ခံဆွေးနွေးသူတို့၏ ဆွေးနွေးချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအား လေ့လာသုံးသပ်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေး၊ ပြည်တွင်း၊ ပြည်ပအခြေအနေများပေါ်တွင်လည်းကောင်း၊ နိုင်ငံတော်၏ဂုဏ်သိက္ခာနှင့် အကျိုးစီးပွားအတွက်လည်းကောင်း ပြင်ဆင်ရန်သင့်ပါသည်ဟု ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပြောသည်။

"ကော်မရှင်၊ သို့မဟုတ် အဖွဲ့ကို တိုင်းရင်းသားကိုယ်စားလှယ်များ အပါအဝင် ပါတီစုံမှ ကိုယ်စားလှယ်များပါဝင်၍ သင့်တော်သလို ဖွဲ့စည်းသွားရန် လိုအပ်မှာဖြစ်ပါတယ်" ဟု ၎င်းကပြောကြားခဲ့ပြီး ပြည်ထောင်စုလွှတ်တော်နာယကထံသို့ သဝဏ်လွှာပေးပို့ တင်ပြသွားမည်ဟု ၎င်းကပြောသည်။

"တင်တဲ့သူရော၊ ထောက်ခံတဲ့သူပါ ပြည်ခိုင်ဖြိုးပါတီကပါ။ ရှေ့ဆက် ဘယ်လိုဖြစ်မယ်မသိတော့ ပြောဖို့စောပါသေးတယ်။ ခေတ်နဲ့မညီရင် ဘယ်ဥပဒေမဆို ပြင်ရတာပါပဲ"ဟု ပြည်ထောင်စုလွှတ်တော်တွင် ဒုတိယအင်အားအကြီးဆုံးပါတီဖြစ်သည့် အင်န်အယ်လ်ဒီမှ ဗဟိုအလုပ်အမှုဆောင်ဖြစ်သူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းကြိုင်က ပြောသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ၂၀၁၀ ပြည့်နှစ်က ရွေးကောက်ပွဲတွင် အခြေခံဥပဒေကိုလက်မခံဟုဆိုကာ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုဘဲ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် အခြေခံဥပဒေပြင်ဆင်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဟူသည့် ရည်ရွယ်ချက်သုံးရပ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပါတီဖြစ်သည်။

"ဖွဲ့စည်းပုံပြင်ရေး လေ့လာရေးကော်မတီဆိုတော့ အားတော့ သိပ်ရှိစရာ မကောင်းပါဘူး။ ဖွဲ့စည်းပုံပြင်ဆင်ရေး ကော်မတီဆိုပြီး ရဲရဲပြောနိုင်ရင် ကောင်းပါတယ်"ဟု ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်က ပြောသည်။

အခြေခံဥပဒေပြင်ဆင်ရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၂ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲဝင်ခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပေါ် လက်ဦးမှုရယူခြင်းတစ်ရပ်ဟု ဆိုနိုင်သည်ဟုလည်း ၎င်းက ပြောသည်။

"အခြေခံဥပဒေကိုတကယ်ပြင်ချင်ရင် ကောင်းပါတယ်။ အဲဒီလိုမဟုတ်ဘဲ ရွေးကောက်ပွဲစနစ်ကို အနိုင်ရသူတစ်ဦးသာ ကိုယ်စားလှယ်ဖြစ်တဲ့စနစ်ကနေ အချိုးကျကိုယ်စားပြုစနစ်ကို ပြောင်းချင်လို့ဆိုရင် စိတ်မကောင်းဖြစ်ရပါမယ်"ဟု ၎င်းကပြောသည်။

"အနိမ့်ဆုံး တိုင်းရင်းသားတွေ တန်းတူအခွင့်အရေးရအောင် လုပ်ရမယ်" ဟု အမျိုးသား ဒီမိုကရေစီပါတီသစ်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်က ပြောသည်။ ■

နိုင်ငံ့ဝန်ထမ်းများ၏ လစာကို ကျပ်နှစ်သောင်း တိုးရန်လျာထား

ဝင်းကိုကိုလတ်

၂၀၁၃-၁၄ ခု ဘဏ္ဍာနှစ်တွင် နိုင်ငံ့ဝန်ထမ်းများအတွက် လစာနှုန်းထားကို ကျပ်နှစ်သောင်းတိတိစီ တိုးမြှင့်ပေးနိုင်ရန်နှင့် အချိုးကျတိုးမြှင့်လာမည့် ပင်စင်လစာနှင့် ဆုငွေများအတွက် သာမန်အသုံးစရိတ်တွင် ထည့်သွင်းလျာထားမှုပြုလုပ်ခဲ့သည်ဟု ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ယခုလ ၁၅ ရက်က ပြုလုပ်သည့် ပြည်ထောင်စုလွှတ်တော်တွင် ပြောသည်။

"လက်ရှိခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေး၊ ဒေသစရိတ်တို့ကိုလည်း ပြောင်းလဲမှုမရှိ ဆက်လက်ထောက်ပံ့နိုင်ရန် လျာထားပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးက ပြောသည်။

နိုင်ငံတွင် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ဌာနများအပါအဝင် အမြဲတမ်း နိုင်ငံ့ဝန်ထမ်းဦးရေ တစ်သိန်း နှစ်သိန်းခန့်၊ နေ့စားဝန်ထမ်းဦးရေ ၇၄,၀၀၀ ခန့်နှင့် အငြိမ်းစား ဝန်ထမ်းဦးရေ ၇၆,၀၀၀ ခန့်တို့အတွက် ခန့်မှန်းလျာထားငွေ ကျပ် ၃၈၅ ဒသမ ၆၈၂ဘီလျံကိုသာမန်အသုံးစရိတ်အပိုင်းတွင် တိုးမြှင့်လျာထားသည်ဟု ဝင်းက ပြောသည်။

ယင်းသို့လျာထားရာတွင် ပြည်ထောင်စုလွှတ်တော်က ၂၀၁၃ ခု ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းဥပဒေကြမ်းအပေါ်အချို့သော စီမံကိန်းများအား ဆိုင်းငံ့ခြင်း၊ လျှော့ချခြင်းများကိုပြုလုပ်ပြီး အချို့စီမံကိန်းလုပ်ငန်းများကို ထပ်တိုးထည့်သွင်းစေခဲ့သည်ဟု ဝင်းကပြောသည်။

တိုးမြှင့်လာသော သာမန်အသုံးစရိတ်များအတွက်လည်း သက်ဆိုင်ရာဌာနများနှင့် အသေးစိတ် ပြန်လည်စိစစ်ရေးဆွဲပြီး ရငွေတိုးမြှင့်လျာထားခဲ့သည်ဟုလည်း ဝင်းကပြောသည်။

နိုင်ငံ့ဝန်ထမ်းများနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဝန်ထမ်းများအတွက် လက်ရှိသတ်မှတ်ထားသော လစာနှင့် စရိတ်နှုန်းထားများအပြင် အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင် တစ်လ ကျပ်သုံးသောင်းနှုန်းထားဖြင့် လည်းကောင်း၊ အစိုးရဌာနနှင့် အဖွဲ့အစည်းများရှိ နေ့စားအလုပ်သမားများ၏ လုပ်ခကို လက်ရှိသတ်မှတ်ထားသော လုပ်ခအပေါ်တွင် အပိုထောက်ပံ့ကြေး ကျပ် ၁,၀၀၀ နှုန်းဖြင့်လည်းကောင်း ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်မှစတင်၍ ခွင့်ပြုခဲ့သည်ဟု ဆိုသည်။ ■

တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ကျောင်းသား ကျောင်းသူ သုံးသောင်းကျော် ပျက်ကွက်

အောင်ရှင်နှင့် ယွန်းနှင်း

ယခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ကျောင်းသား၊ ကျောင်းသူ သုံးသောင်းကျော် ဖြေဆိုရန်ပျက်ကွက်ခဲ့သည်ဟု ပညာရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိတစ်ဦးက မတ်လ ၁၅ ရက်နေ့တွင် ပြောကြားခဲ့သည်။

"ဖြေဆိုခွင့်လျှောက်ထားခဲ့တဲ့ အရေအတွက်က စုစုပေါင်း ငါးသိန်းသုံးသောင်းကျော်လောက် ရှိတယ်။ ဒါပေမဲ့ တကယ်စာမေးပွဲရက်မှာ လာဖြေတဲ့သူက ငါးသိန်းနီးပါးလောက်ပဲ ရှိတယ်။ အများစုပျက်ကွက်တဲ့သူတွေကတော့ နှစ်ကျသမားတွေပေါ့။ တချို့ ပျက်ကွက်တဲ့သူတွေလည်း တခြားအကြောင်းတွေကြောင့် ဖြစ်ပါလိမ့်မယ်။ နှစ်စဉ် ဖြစ်နေကျပါ။ နှစ်စဉ် တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုဖို့ ပျက်ကွက်တဲ့နှုန်းက ငါး ကနေ ၁၀ ရာခိုင်နှုန်းကြား ရှိပါတယ်" ဟု ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဖြစ်သူ ဦးမျိုးညွှန့်က မြန်မာတိုင်း(မ်)ကိုပြောသည်။

ပညာရေးဝန်ကြီးဌာန ထုတ်ပြန်ချက်အရ ရခိုင်ပြည်နယ်၌ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုရန် ပျက်ကွက်ခဲ့သူ ၂,၁၅၄ ဦးရှိကြောင်း သိရသည်။ ရခိုင်ပြည်နယ်တွင် ဖြေဆိုရန် လျှောက်ထားခဲ့သူပေါင်း ၂၄,၈၃၂ ဦး ရှိခဲ့သော်လည်း စာမေးပွဲရက်များ၌ စာစစ်ဌာန ၇၅ ခုသို့ ကျောင်းသား၊ ကျောင်းသူ ၂၂,၆၇၈ ဦးသာ လာရောက်ဖြေဆိုခဲ့ကြသည့်အတွက် စုစုပေါင်း နှစ်ထောင်ကျော် ပျက်ကွက်ခဲ့သည်။ လုံခြုံရေးအရ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ စာဖြေဌာနများအား အထူးကြပ်မတ်ခဲ့ရကြောင်းလည်း သိရသည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ယခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲများကျင်းပရာတွင် ထိုင်းနိုင်ငံဘက်ခြမ်းမှ မြန်မာကျောင်းသား၊ ကျောင်းသူ ၆၀ ဦးခန့်အား မြန်မာဘက်ခြမ်းတွင် စာမေးပွဲဖြေဆိုနိုင်ရန် ကူညီပေးနိုင်ခဲ့သည်ဟုလည်း ဦးမျိုးညွှန့်က ပြောသည်။

ယခုနှစ်စာမေးပွဲအား မတ်လ ၁၃ ရက်နေ့တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ပြိုင်နက်တည်း စတင်ကျင်းပခဲ့ပြီး မတ်လ ၂ ရက်နေ့တွင်ပြီးဆုံးမည်ဖြစ်သည်။ ယခုနှစ်စာမေးပွဲတွင် ပြည်ပစာစစ်ဌာန ၁၈ ခုအပါအဝင် စုစုပေါင်း စာစစ်ဌာန ၁,၂၉၆ ခု၌ မျက်မမြင်နှင့် ဆွံ့အနားမကြား ကျောင်းသားကျောင်းသူ ၄၅ ဦး အပါအဝင် စုစုပေါင်း ကျောင်းသူကျောင်းသားပေါင်း ၄၈,၇၀၀ ကျော် ဝင်ရောက်ဖြေဆိုနေကြသည်ဟုသိရသည်။

မြန်မာကျောင်းသူ ကျောင်းသားများ၏ ဘဝအတွက် အဆုံးအဖြတ်တစ်ခုဟု ခေါ်ဆိုနိုင်မည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို မတ်လ ၁၃ ရက်နေ့က စတင်ကာ ရက်သတ္တတစ်ပတ်ကြာ ဖြေဆိုခဲ့ကြပြီးဖြစ်ရာ ကျောင်းသားကျောင်းသူများ၊ မိဘများနှင့် ဆရာများအတွက် စိတ်လှုပ်ရှားဖွယ် အချိန်ကာလဖြစ်ခဲ့သည်။

ရန်ကုန်မြို့ အထက (၆) ဗိုလ်တထောင်တွင် စာမေးပွဲဖြေဆိုခဲ့သည့် ချင်းကျောင်းသားတစ်ဦးဖြစ်သူ မောင်လွှမ်းပြည့်လျှမ်းက "ကျွန်တော်ကတော့ ခြောက်ဘာသာစလုံးကို ဖြေနိုင်ပါတယ်။ အတတ်နိုင်ဆုံးတော့ ကြိုးစားထားတယ်။ သင်္ချာက နည်းနည်းတော့ဉာဏ်သုံးရတဲ့ အပိုင်းလေးတွေ၊ နည်းနည်းခက်တဲ့ အပိုင်းလေးတွေပါတယ်"ဟု မတ်လ ၂၀ ရက်နေ့က ပြောသည်။

ပညာရွှေစင် ၁၀ တန်းစာသင်ဝိုင်းမှ ဆရာမတစ်ဦးဖြစ်သူ ဒေါ်ရွှေစင်ထွေးကမူ "ဒီနှစ် ၂၀၁၃ ဆယ်တန်းစာမေးပွဲမှာ မြန်မာစာနေ့က သုဝဏ္ဏဘက်က ကလေးတွေက ခက်တယ်လို့ဆိုပြီးတော့ အသံထွက်လာတယ်ပေါ့။ အမှန်ကတော့ မခက်ပါဘူး။ ဒီသင်ရိုးထဲကနေပြီးတော့ အကုန်လုံးမေးတာပဲဖြစ်တယ်။ အကုန်လုံးကိုပဲ မျှမျှတတမေးသွားတာ။ အင်္ဂလိပ်စာပိုင်းမှာတော့ မြင်ဖူးနေကျပုံစံမဟုတ်ဘဲ ဖောက်ပြီးမေးသွားတာပေါ့။ အဲဒီမှာကလေးတွေ ဖြေနေတဲ့အချိန်မှာ နည်းနည်းအချိန် ကြာသွားတယ်။ ဓာတုဗေဒကတော့ အကုန်လုံး မေးနေကျပုံစံအတိုင်းပဲ မေးသွားတယ်။ ကလေးတွေဖြေနိုင်မယ့်ပုံစံ ဖြစ်အောင်ကို မေးသွားတယ်။ အခက်ခဲမရှိဘဲနဲ့ မေးသွားတာ။ ရူပဗေဒကတော့ အရှေ့နဲ့အနောက်က မျှမျှတတထားပြီး မေးသွားတယ်။ ဂုဏ်ထူးထွက်ချင်တဲ့သူတွေ အတွက်ကတော့ နည်းနည်းလေးကြိုးစားရမယ်"ဟု မတ်လ ၂၀ ရက်နေ့က ပြောသည်။

"ကျွန်မကတော့ သားကိုတစ်ခါတည်း အောင်စေချင်တယ်။ အောင်ရင်ပြီးရောပေါ့နော်၊ နောက်တစ်နှစ်ပြန်တက်နေရရင် ခေါင်းပေါ်မှာ ကျောက်ခဲကြီးတင်ထားရသလိုပဲ"ဟု ကျောင်းသားမိဘတစ်ဦးကပြောသည်။ ■

တန်းတူအရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိမှသာ တိုင်းရင်းသားအရေး ဖြေရှင်းနိုင်မည်

ဝင်းကိုကိုလတ်နှင့် သန်းနိုင်စိုး

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးချိန်မှစ၍ ယခုအချိန်ထိဖြစ်ပွားနေသော ရှုပ်ထွေးလှသည့် တိုင်းရင်းသားအရေးကိစ္စများသည် တန်းတူအခွင့်အရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိမှသာ ဖြေရှင်းနိုင်မည့်ကိစ္စများဖြစ်သည်ဟု ငြိမ်းချမ်းရေးအတွက် ယုံကြည်မှုတည်ဆောက်ရေးဆွေးနွေးပွဲတွင် တိုင်းရင်းသားခေါင်းဆောင်များက ပြောသည်။

"တန်းတူရေးမရှိဘဲ ငြိမ်းချမ်းရေးမရနိုင်ဘူး။ ငြိမ်းချမ်းရေးမရဘဲ ဒီမိုကရေစီမဖွံ့ဖြိုးနိုင်ဘူး"ဟု ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးက ပြောသည်။

၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ချုပ်ဆိုခဲ့သည့် ပင်လုံစာချုပ်တွင် သဘောတူညီခဲ့သည့် ပြည်နယ်နှင့် ပြည်မ တန်းတူအခွင့်အရေး၊ ပြည်နယ်များ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အစရှိသည့်မူများပေါ်တွင် မူတည်၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးနှင့် ယုံကြည်မှုတည်ဆောက်ရေးကြိုးပမ်းရမည်ဟု ညီညွတ်သောတိုင်းရင်းသားများအဖွဲ့ ကိုယ်စားလှယ် ရခိုင်တိုင်းရင်းသား ဦးအေးသာအောင်က ပြောသည်။

လူမျိုးတစ်မျိုးနှင့်တစ်မျိုး လေးစားရေး၊ တန်းတူရေးကို အခြေခံသည့် ဖက်ဒရယ်မှုသည် တိုင်းရင်းသားအရေးကိစ္စများအတွက် ဖြေရှင်းရန်အရေးကြီးပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ယင်းကိစ္စကို ပြေလည်စေရန် ဖြေရှင်းနိုင်မည်မဟုတ်ကြောင်း ဦးခွန်ထွန်းဦးက ပြောသည်။

"စစ်အာဏာရှင် အဆက်ဆက်က ဖက်ဒရယ်မှုကို ခွဲထွက်ရေးလို့ ဝါဒဖြန့်ခဲ့ကြတယ်။ တကယ်တော့ ဖက်ဒရယ်ဆိုတာ ပေါင်းစည်းရေးပဲဖြစ်ပါတယ်"ဟု ဦးခွန်ထွန်းဦးက ပြောသည်။

တိုင်းရင်းသားဒေသများတွင် တပ်မတော်နှင့် တိုက်ပွဲများဖြစ်ပွားနေခြင်းသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပျော့ညံ့မှုနှင့် အားနည်းမှုများကြောင့်ဖြစ်သည်ဟု အခြေခံဥပဒေရေးဆွဲရန် ကျင်းပသည့် အမျိုးသားညီလာခံမှနုတ်ထွက်ခဲ့သည့် ဦးခွန်ထွန်းဦးက ပြောကြားသည်။

ပဋိပက္ခများဖြေရှင်းရာတွင် ကမ္ဘာ့လားရာသည် လက်နက်ကိုင်ဖြေရှင်းခြင်းထက် ငြိမ်းချမ်းရေးစားပွဲဝိုင်းတွင် ဆွေးနွေးအဖြေရှာခြင်းဖြစ်သဖြင့် တိုင်းရင်းသားအရေးကိစ္စတွင်လည်း ဆွေးနွေးခြင်းဖြင့်သာ ယုံကြည်မှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးကို ဆောင်ရွက်နိုင်မည်ဟု ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဖော်ဆောင်ရေး ကော်မတီဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းက ပြောသည်။

ငြိမ်းချမ်းရေးဖြစ်စဉ် ချီတက်ရမည့်ခရီးစဉ်တွင် အလွန်အကျွံ စိတ်ကူးယဉ်မရဘဲ သိမ်မွေ့သောစိန်ခေါ်မှုများ၊ ခိုင်မာသည့် ဆုံးဖြတ်ချက်များအတွက် ပြင်ဆင်ရမည်ဟု ၎င်းက ပြောသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့တွင် မတ်လ ၂၀ ရက်မှ ၂၂ ရက် အထိ ကျင်းပသောဆွေးနွေးပွဲသို့ အဖွဲ့အစည်း ၂၅ ဖွဲ့ကို ဖိတ်ကြားခဲ့ရာတွင် ၂၂ ဖွဲ့ တက်ရောက်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဝန်ကြီးသုံးဦးနှင့် မြန်မာငြိမ်းချမ်းရေးစင်တာမှ တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။ ■

ဆွေးနွေးပွဲသို့ တက်ရောက်လာသူများ အမှတ်တရဓာတ်ပုံ ရိုက်ကူးနေစဉ်။ ဓာတ်ပုံ - ဝင်းကိုကိုလတ်

ကရင် အမျိုးသားညီလာခံ အကြိုဆွေးနွေးပွဲ၌ ငြိမ်းချမ်းရေးကို အဓိကထား ဆွေးနွေးမည်

ငြိမ်းအိအိထွေး

ကရင်တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေးအတွက် လာမည့်နှစ်တွင် ကျင်းပနိုင်ရန် စီစဉ်ထားသည့် ကရင်အမျိုးသား ညီလာခံဖြစ်မြောက်ရေးအတွက် အကြိုအစည်းအဝေးတစ်ရပ်ကို မတ်လ ၂၉ ရက်နှင့် ၃၀ ရက်များတွင် ကရင်ပြည်နယ်၊ ဘားအံမြို့၌ ကျင်းပသွားမည်ဟု သိရသည်။

ဆွေးနွေးပွဲတက်ရောက်ရန် ကေအင်န်ယူ၊ ကေအင်န်အယ်လ်အေ၊ ဒီကေဘီအေ၊ ကလို့ထူးဘော၊ BGF စသည့် ကရင်လက်နက်ကိုင်အဖွဲ့အစည်းများ၊ ကရင်ပါတီများ၊ ကရင်ဘာသာရေးအဖွဲ့အစည်းများ၊ ကရင်ငြိမ်းချမ်းရေးအဖွဲ့အစည်းများနှင့် ကရင်တိုင်းရင်းသားများကို ဖိတ်ကြားထားပြီး လူဦးရေ ၂၀၀ ခန့် တက်ရောက်နိုင်ရန် လျာထားကြောင်း ကရင်နှစ်ခြင်းခရစ်ယာန် အဖွဲ့ချုပ် အကြံပေး ဦးစောမာဂေကြီးက ပြောသည်။

အဆိုပါ ဆွေးနွေးပွဲသည် ကရင်အမျိုးသား ညီလာခံဖြစ်မြောက်ရေးအတွက် ယခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့အတွင်း ကျင်းပခဲ့သော ဆွေးနွေးပွဲများထက် ပိုမိုကျစ်လျစ် တိကျကာ ငြိမ်းချမ်းရေးကို အဓိက ဆွေးနွေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

"ဆွေးနွေးပွဲမှာ ကရင်တိုင်းရင်းသားတွေအတွက် စစ်မှန်တဲ့ငြိမ်းချမ်းရေးနဲ့ စည်းလုံးညီညွတ်ရေးကို အဓိကထား ဆွေးနွေးကြမယ်။ တောင်ငူမြို့နယ်နဲ့ ဧရာဝတီတိုင်းဒေသကြီး အပါအဝင် တစ်နိုင်ငံလုံးက ကရင်တိုင်းရင်းသားတွေကိုဖိတ်ထားတယ်"ဟု ၎င်းက ဆိုသည်။

ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောထွန်းအောင်မြင့်က အဆိုပါ ကရင်အမျိုးသားညီလာခံအကြို ဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးကို အဓိကထား၍ ပါဝင်ဆွေးနွေးနိုင်ရန် မတ်လ ၁၂ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်တွင် ကရင်တိုင်းရင်းသား ၂၀၀ ဝန်းကျင် တက်ရောက်ခဲ့သော ငြိမ်းချမ်းရေးထောက်ခံပွဲကို ကျင်းပခဲ့ကြောင်း ပြောသည်။

"ကရင်တိုင်းရင်းသားတွေရဲ့ နေထိုင်စားသောက်ရေးအပါအဝင် ငြိမ်းချမ်းရေးကို ဆွေးနွေးမှာဆိုတော့ အစည်းအဝေးရောက်မှ တစ်ယောက်တစ်ပေါက်ထပြောတာမျိုး မဖြစ်စေချင်ပါဘူး။ ငြိမ်းချမ်းရေးကိုဖော်ဆောင်တဲ့ အဓိကကျပြီး တိကျတဲ့ လမ်းစဉ်တစ်ရပ်ကို ရွေးထုတ်ချင်တယ်။ ဒါကြောင့် ဒီဆွေးနွေးပွဲအကြို ငြိမ်းချမ်းရေးထောက်ခံပွဲတစ်ခုလုပ်ဖြစ်ခဲ့တယ်"ဟု ဦးစောထွန်းအောင်မြင့်က ပြောသည်။

အဆိုပါထောက်ခံပွဲ၏ သဘောတူညီချက်ဖြင့် ကရင်အမျိုးသားညီလာခံအကြို ဆွေးနွေးပွဲနှင့် ညီလာခံအတွက်သာမက ကရင်တိုင်းရင်းသားတစ်ရပ်လုံးအတွက် ငြိမ်းချမ်းရေး ကြိုးပမ်းမှုများပြုလုပ်မည့် ကရင်အမျိုးသား သဟာယအဖွဲ့တစ်ရပ်ကိုလည်း ဖွဲ့စည်းရန် တက်ရောက်သူများမှ ယာယီသဘောတူထားသည်။

"ဆွေးနွေးပွဲမှာလည်း ဒီယာယီဖွဲ့ထားတဲ့ ကရင်အမျိုးသားသဟာယအဖွဲ့ရဲ့ ငြိမ်းချမ်းရေး ဖော်ဆောင်ရေး အထောက်အကူပြုကော်မရှင်ကနေ လက်ရှိ ကရင်တိုင်းရင်းသားတွေရဲ့ ငြိမ်းချမ်းရေး အနေအထားတွေကို တင်ပြဆွေးနွေးသွားမယ်။ ရထားပြီးသား ငြိမ်းချမ်းရေးကို ပြန်နောက်ဆုတ်မသွားအောင် ဆွေးနွေးပွဲတက်ရောက်လာတဲ့ အဖွဲ့အစည်းအသီးသီးက ခေါင်းဆောင်တွေနဲ့ ညှိနှိုင်းသွားမှာပါ"ဟု ဦးစောထွန်းအောင်မြင့်က ပြောသည်။

ကရင်အမျိုးသားညီလာခံဖြစ်မြောက်ရေးအတွက် ကရင်အရပ်ဘက်အဖွဲ့အစည်းများ၊ ဘာသာရေးခေါင်းဆောင်များ၊ နယ်စပ်မှ နိုင်ငံရေးခေါင်းဆောင်များ၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင်များပါဝင်သော တွေ့ဆုံဆွေးနွေးပွဲများကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၇- ၂၉ ရက်များတွင် တစ်ကြိမ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် တစ်ကြိမ် ကရင်ပြည်နယ်၊ ဘားအံမြို့တွင် ကျင်းပခဲ့သည်။ ■

သူရဦးရွှေမန်း ပြည်ခိုင်ဖြိုးပါတီဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ဥက္ကဋ္ဌ နေရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ယခုနှစ်၊ ဇန်နဝါရီလဆန်းမှစတင်၍ တာဝန် လွှဲပြောင်း ထမ်းဆောင်နေပြီဖြစ်သည်ဟု အဆိုပါ ပါတီထိပ်တန်းခေါင်းဆောင်တစ်ဦးက ယခုလ ၁၈ ရက်က အတည်ပြုပြောကြားလိုက်သည်။

"လက်ရှိမှာတော့ဖြင့် ပြည်ခိုင်ဖြိုးဥက္ကဋ္ဌရာထူးကို ဝါရင့် ဒုတိယဥက္ကဋ္ဌဖြစ်တဲ့ သူရဦးရွှေမန်းက ဥက္ကဋ္ဌရာထူးကို အပြည့်အဝလက်ခံပြီးမှ ဆောင်ရွက်နေပါတယ်"ဟုပြည်ခိုင်ဖြိုးပါတီဗဟိုအတွင်းရေးမှူး(၃)ဖြစ်သူ သူရဦးအောင်ကိုက ပြောကြားခဲ့သည်။

"သဘောအားဖြင့်တော့၊ သမ္မတကြီးက ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ကော ပါတီဖွဲ့စည်းပုံစည်းမျဉ်းနဲ့မညီဘဲ ဥက္ကဋ္ဌတာဝန်ကို ရယူခြင်း၊ ဆောင်ရွက်ခြင်း မပြုတော့ကြောင်း အတိအလင်း ပြောကြားနိုင်ပါတယ်"ဟု ၎င်းက ပြောသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၄ တွင် နိုင်ငံတော်သမ္မတ၊ သို့မဟုတ် ဒုတိယသမ္မတများသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် နိုင်ငံတော်သမ္မတ၊ သို့မဟုတ် ဒုတိယသမ္မတများအဖြစ် ရွေးချယ် တင်မြှောက်ခြင်းခံရသည့်နေ့မှစ၍ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရဟု ပြဋ္ဌာန်းထားသည်။ **ဝင်းကိုကိုလတ်** ■

ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း ဥပဒေမူကြမ်းကို လွှတ်တော်တွင် ဆွေးနွေးရန် ဆိုင်းငံ့ထား

နော်စေးပေါဝါး

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေမူကြမ်းကို မတ်လ ၁၈ ရက်နေ့တွင် လွှတ်တော်၌ ဆွေးနွေးရန် သတ်မှတ်ထားသော်လည်း လွှတ်တော်က ထုတ်ပြန်သည့် အစည်းအဝေးအစီအစဉ်တွင် ပါဝင်ခြင်းမရှိတော့ကြောင်း မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ) အဖွဲ့ဝင် ကိုဇော်သက်ထွေးက မြန်မာတိုင်း(မ်)ကို ပြောသည်။

ထိုဥပဒေကြမ်းနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ) အနေဖြင့် ပြင်ဆင်ဖြည့်စွက်လိုသည့် အချက်အလက်များအား အကြံပြုဆွေးနွေးနိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မတ် ၂၃ ရက်နေ့တွင် မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ)၏ ကိုယ်စားလှယ်များနှင့် တွေ့ဆုံမည် ဖြစ်သည်။

"ဥပဒေမူကြမ်းနှင့်ပတ်သက်ပြီး ယာယီ စာနယ်ဇင်းကောင်စီ ကိုယ်စားလှယ်များနဲ့ တွေ့ဆုံဆွေးနွေးဖို့ ပြန်ကြားရေးဝန်ကြီးက ဖိတ်ခေါ်ထားတဲ့အတွက် ဥပဒေမူကြမ်းကို လွှတ်တော်မှာ ဆွေးနွေးအတည်ပြုမယ့် အစီအစဉ် ဆိုင်းငံ့ထားလိုက်တာပါ"ဟု ကိုဇော်သက်ထွေးက ပြောသည်။

ပြန်ကြားရေးဝန်ကြီးဌာနက ရေးဆွဲသည့် အဆိုပါဥပဒေမူကြမ်းထွက်ပေါ်လာပြီးနောက် မတ်လ ၁၂ ရက်နေ့တွင် သတင်းလွတ်လပ်ခွင့်ကော်မတီမှ ဦးစိုးကာ 'ပြန်ကြားရေးဝန်ကြီးဌာန၏ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေမူကြမ်းကို ပြင်းထန်စွာကန့်ကွက်သည့် သဘောထားတောင်းခံသော မျက်နှာစုံညီ ဆွေးနွေးပွဲ'ကို ကျင်းပခဲ့ပြီး တက်ရောက်လာသူများက ဥပဒေကြမ်းကို ပြန်လည်ရုပ်သိမ်းပေးရန် တောင်းဆိုသည့် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ကြသည်။

ထို့ပြင် သမ္မတက လက်မှတ်ရေးထိုးဖွဲ့စည်းပေးထားသည့် မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ) အပြင် မြန်မာနိုင်ငံ စာနယ်ဇင်းအသင်း၊ မြန်မာနိုင်ငံ သတင်းစာဆရာများသမဂ္ဂနှင့် မြန်မာဂျာနယ်လစ်ကွန်ရက်တို့ကလည်း ဥပဒေကြမ်းကို လက်မခံကြောင်း သဘောထားကြေညာချက်များ အသီးသီး ထုတ်ပြန်ခဲ့ကြသည်။

မတ် ၁၆ ရက်နေ့ထုတ် နိုင်ငံပိုင် မြန်မာ့အလင်းသတင်းစာတွင် အဆိုပါ ဥပဒေကြမ်းကို လက်မခံနိုင်ကြောင်း ပြည်သူ့ခေတ်ဂျာနယ် အတိုင်ပင်ခံ အယ်ဒီတာဆရာဖေမြင့်၏ သဘောထားအမြင်များကို ဖော်ပြခဲ့ရာ ဥပဒေကြမ်းတွင် "မှတ်ပုံတင်အရာရှိ"ကို စာပေနှင့် သတင်းရေးသားထုတ်ဝေသူအားလုံး အထက်မှနေပြီး အာဏာသုံးရပ်စလုံး ပေးထားသည့် သဘောဖြစ်နေသဖြင့် လက်မခံနိုင်ခြင်းဖြစ်သည်ဟု ပြောကြားထားသည်။

စာရေးဆရာ၊ သတင်းစာဆရာ ဦးစိုးသိမ်း (မောင်ဝံသ) ၏ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းကို ကန့်ကွက်သည့်သဘောထားအမြင်ကိုလည်း မတ်လ ၁၇ ရက်နေ့ထုတ် နိုင်ငံပိုင် ကြေးမုံသတင်းစာတွင် ဖော်ပြခဲ့သည်။

"လက်ရှိသဘောထားတောင်းခံထားတဲ့ ဥပဒေကြမ်းဟာ တော်တော်များများ အချက်တွေက နိုင်ငံတကာစံနှုန်းနဲ့ မညီဘူးလို့ ကျွန်တော်တို့က မြင်တယ်။ ဒါတွေကို ပြင်ရမယ်။ ဆိုလိုတာက မှတ်ပုံတင်ရုံးမှာ အခွင့်အာဏာပေးထားတာက စာပေစိစစ်ရေးကို ပေးထားတဲ့ အခွင့်အာဏာထက်တောင် ပိုသေးတယ်။ အာဏာသုံးခုရှိနေတယ်။ အဲဒါမျိုးတွေ ပြင်သင့်တယ်လို့ထင်တယ်" ဟု ၎င်း၏ အမြင်ကိုဖော်ပြထားသည်။

ထိုကဲ့သို့ ကန့်ကွက်မှုများရှိနေသကဲ့သို့ တစ်ဖက်တွင်လည်း ထိုဥပဒေကြမ်းကို မြန်မာနိုင်ငံ စာရေးဆရာအသင်းမှ ထောက်ခံကြောင်းကို မတ်လ ၁၄ ရက်နေ့စွဲဖြင့် သတင်းထုတ်ပြန်ခဲ့သည်ကို တွေ့ရသည်။

ထိုထုတ်ပြန်ချက်ထဲတွင် ဥပဒေကြမ်းသည် တည်ဆဲဥပဒေများဖြစ်သည့် ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေနှင့် ၁၉၃၁ ခုနှစ် ပုံနှိပ်သူများ(အရေးပေါ်အာဏာ)ဥပဒေ အာဏာများနှင့် နှိုင်းယှဉ်ကြည့်ပါက ပုံနှိပ်သူများနှင့် ထုတ်ဝေသူများအတွက် ပိုမို လွတ်လပ်ပျော့ပျောင်းစွာလုပ်ကိုင်နိုင်ခွင့်များရရှိကြောင်း လေ့လာတွေ့ရှိရပါသည်ဟု ပါရှိသည်။

မြန်မာနိုင်ငံ သတင်းစာဆရာအသင်းသည် ယခင်အစိုးရလက်ထက်က မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ကို အမွေဆက်ခံထားသည့် အသင်းတစ်သင်းဖြစ်သည်။ ■

ခရီးသည်တင် ယာဉ်တစ်စီးလျှင် စီအင်န်ဂျီ ၄၈၀ လီတာ ရောင်းနေ

သီဟတိုး

ယာဉ်အိုယာဉ်ဟောင်းများ အပ်နှံ၊ ဖျက်သိမ်းခြင်းအစီအစဉ်အရ သဘာဝဓာတ်ငွေ့သုံး ခရီးသည်တင်ယာဉ် ဘတ်စ်ကားများနေရာတွင် အစားထိုးတပ်ဆင်ခွင့်ရရှိသည့် သဘာဝဓာတ်ငွေ့သုံး ခရီးသည်တင်ယာဉ် တစ်စီးလျှင် စီအင်န်ဂျီ လီတာ ၄၈၀ နှုန်းဖြင့် စတင်ဖြန့်ဖြူးရောင်းချပေးနေပြီဖြစ်ကြောင်း မတ်လ ၁၉ ရက်နေ့တွင် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ယာဉ်ဓာတ်ငွေ့သုံးဌာနမှ သတင်းထုတ်ပြန်သည်။

ယခင်က ယာဉ်အိုယာဉ်ဟောင်း အပ်နှံသည့်ယာဉ်များ အသစ်ပြန်လည်တင်သွင်းသည့်အခါ စွမ်းအင်ဝန်ကြီးဌာနက မူလအပ်နှံထားသည့်ယာဉ်၏ စီအင်န်ဂျီပမာဏကိုသာ ပြန်လည်ထုတ်ပေးခြင်းဖြစ်သည်။

"ခရီးသည်တင်ယာဉ်တွေ ယာဉ်အိုယာဉ်ဟောင်းအပ်နှံတဲ့အခါ အဲဒီအပ်နှံတင်သွင်းယာဉ်တွေအတွက် လောက်ငတဲ့ စီအင်န်ဂျီ ပမာဏရရှိဖို့ ဒီယာဉ်တွေဟာ ရန်ကုန်မြို့တော်အတွင်း အမှန်တကယ် လက်ရှိပြေးဆွဲနေတဲ့ သဘာဝဓာတ်ငွေ့သုံး ခရီးသည်တင်ယာဉ်တွေဖြစ်ပါတယ်ဆိုတဲ့ မထသ (ဗဟို) ရဲ့ ထောက်ခံချက်နဲ့ သက်ဆိုင်ရာ ယာဉ်လိုင်းအသီးသီးရဲ့ ထောက်ခံချက်တို့နဲ့ တောင်းခံတဲ့အတွက် ခရီးသည်တင်ယာဉ်တွေအတွက် တစ်စီးလျှင် စီအင်န်ဂျီပမာဏ ၆၀၅ လီတာနှုန်းနဲ့ ရရှိခဲ့ပါတယ်" ဟု မထသ(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးလှသောင်းမြင့်က မတ်လ ၂၀ ရက်နေ့တွင် ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တင်သွင်းထားသည့် ခရီးသည်တင်ယာဉ်များအတွက် စီအင်န်ဂျီကုဗပေ တစ်သန်း ချပေးသည်ဟု ယခုနှစ် ဇန်နဝါရီလအတွင်း မထသ(ဗဟို)မှ ထုတ်ပြန်ခဲ့ပြီး စွမ်းအင်ဝန်ကြီးဌာနမှ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ယာဉ်ဟောင်းအပ်နှံပြီး တင်သွင်းလာသော ခရီးသည်တင်ယာဉ်များအား တစ်စီးလျှင် စီအင်န်ဂျီပမာဏ ၆၀၅ လီတာနှုန်းဖြင့် ချပေးခြင်းမရှိတော့ဘဲ မူလအပ်နှံသည့် ယာဉ်၏ စီအင်န်ဂျီ ပမာဏအတိုင်းသာ ပြန်လည်ချထားပေးခဲ့သည်ဟုသိရသည်။ ယင်းကဲ့သို့ စီအင်န်ဂျီပမာဏ ၆၀၅ လီတာမရရှိသဖြင့် ယာဉ်လိုင်းအချို့မှ ခရီးသည်တင်ယာဉ်များ စီအင်န်ဂျီ မလောက်သည့် ပြဿနာများ၊ အခက်အခဲများနှင့် ကြုံတွေ့ခဲ့ကြသည်။ ■

လက်မှတ်ရောင်းမည့်ကာလ - ယခု မှ ၂၆ မတ်၊ ၂၀၁၃ ထိ
ခရီးသွားရမည့်ကာလ - ၃၁ မတ် ၃၀ ဒီဇင်ဘာ၊ ၂၀၁၃ ထိ

မြန်မာမှ

နေရာ	မိုးမိုးတန်း	အထူးတန်း
ကွာလာလမ်ပူသို့	ကန်ဒေါ်လာ - ၂၉၅	ကန်ဒေါ်လာ-၉၉၄

ခရီးစဉ် MH 743 အတွက်သာ (သွား-ပြန်)

ပျံသန်းမှု အချိန်ဇယား

နေရာ	ထွက်ခွာချိန်	လေယာဉ်အမှတ်စဉ်
တနင်္လာ	၁၂း၁၅	MH 741
အင်္ဂါ	၁၂း၁၅ ၁၆း၅၅	MH 741 MH 743
ဗုဒ္ဓဟူး	၁၂း၁၅	MH 741
ကြာသပတေး	၁၂း၁၅	MH 741
သောကြာ	၁၂း၁၅ ၁၆း၅၅	MH 741 MH 743
စနေ	၁၂း၁၅	MH 741
တနင်္ဂနွေ	၁၂း၁၅ ၁၆း၅၅	MH 741 MH 743

* Effective: 31 March 2013

ခွင့်ပြုဝန်စည်အလေးချိန် - မိုးမိုးတန်း - ၃၀ ကီလို
အထူးတန်း - ၄၀ ကီလို

malaysiaairlines.com မလေးရှားလေကြောင်းရုံး၊ ခရီးသွားအေဂျင်စီများ (သို့မဟုတ်) + ၉၅၁ ၃၈၇၆၄၈ နှင့် ၉၅၁ ၃၈၇၆၄၇ သို့ ဆက်သွယ်ပါ။

Follow Malaysia Airlines on:

SKYTRAX 2012 WORLD AIRLINES AWARD
World's 5-Star Airline • World's Best Cabin Staff • Best Airline Signature Dish

JOURNEYS ARE MADE BY THE PEOPLE YOU TRAVEL WITH.
malaysia airlines

မှတ်ပုံတင်မရှိသည့် လူမှုရေးအဖွဲ့များ အရေးယူခံရမည်ကို စိုးရိမ်

ရွှေရည်စောမြင့်

မတရားအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတွင် မှတ်ပုံတင်မရှိသော လူမှုရေးအဖွဲ့အစည်းများ အရေးယူနိုင်သည့် မူလပြဋ္ဌာန်းချက်များကိုပါ တစ်ပါတည်း ထည့်သွင်းပြင်ဆင်ပေးစေလိုကြောင်း ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများက မြန်မာတိုင်း(မ်)ကို ပြောသည်။

မကြာမီက ထုတ်ပြန်ခဲ့သည့် အဆိုပါ ဥပဒေမူကြမ်းသည် အင်္ဂလိပ်အစိုးရလက်ထက်က ပြဋ္ဌာန်းထားသည့် ဥပဒေကို ပုဒ်မတစ်ခုကိုသာတိုး၍ ပြင်ဆင်ရန်ရေးဆွဲထားခြင်းဖြစ်သည်။

"ယခင်က လူမှုရေးအသင်း အဖွဲ့များနဲ့ သက်ဆိုင်ခြင်းမရှိပေမယ့်လည်း ယခုအချိန်မှာ ထပ်ပြီးတော့ ဥပဒေကို အတည်ပြုပြီး ပြဋ္ဌာန်းလိုက်မည်ဆိုရင်၊ ၁၉၈၈ သင်းပင်းဖွဲ့စည်းမှုဥပဒေ၊ မတရားသင်းဥပဒေများနဲ့ ပတ်သက်လို့ မှတ်ပုံမတင်ထားတဲ့၊ မတင်နိုင်တဲ့၊ မတင်သင့်တဲ့ အဖွဲ့အစည်းငယ်များကို ထိုဥပဒေနဲ့ အရေးယူခံရမှာကို စိုးရိမ်လျက်ရှိကြောင်း" ပြည်တွင်းလူမှုရေးအဖွဲ့ဖြစ်သည့် ဖွံ့ဖြိုးရေးမဏ္ဍိုင်အဖွဲ့မှ ဒါရိုက်တာ ဒေါ်နီလာမြိုင်က ပြောသည်။

"နောက်ပြီးတော့ လက်ရှိမှာလည်း ပြည်တွင်းအဖွဲ့အစည်းတွေ မှတ်ပုံတင်တဲ့အခါမှာ အခက်အခဲတွေ၊ ကြန့်ကြာမှုတွေရှိနေဆဲပါပဲ"ဟု ၎င်းက ပြောသည်။

မတရားအသင်း အက်ဥပဒေသည် ဗြိတိသျှအစိုးရလက်ထက်က ပြဋ္ဌာန်းခဲ့သည့် ဥပဒေဖြစ်ပြီး မတရားအသင်းဆိုသည်မှာ နိုင်ငံတော်သမ္မတက တရားမဝင်ဟု ကြေညာထားခြင်းခံရသော အသင်းအဖွဲ့ဖြစ်သည်။

မတရားအသင်းများ အက်ဥပဒေ (၁၉၀၈ ခုနှစ်၊ အိန္ဒိယအက်ဥပဒေ ၁၄) ပုဒ်မ ၁၈ ၏ အနောက်တွင် ပုဒ်မ ၁၉ ကို ထပ်မံဖြည့်စွက်ရန် မတ်လ ၁၁ ရက်နေ့တွင် ဥပဒေမူကြမ်းကိုထုတ်ပြန်ခဲ့သည်။

အဆိုပါ ဖြည့်စွက်သည့်ပုဒ်မမှာ တစ်ဦးတစ်ယောက်ဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ဖြစ်စေ၊ မိမိ၏ နေ့စဉ် ပုံမှန်စားသောက်၊ သွား၊ လာ၊ လုပ်ကိုင်၊ ဆောင်ရွက်မှုအတွက်သော်လည်းကောင်း၊ မိမိ၏ အသက်ဘေးအန္တရာယ်ကို ကြောက်ရွံ့ရသည့်အတွက်သော်လည်းကောင်း မတရားအသင်းများနှင့်ဆက်နွှယ်ပတ်သက်ဆောင်ရွက်ရခြင်းသည် ဤဥပဒေအရပြဋ္ဌာန်းသည့်ပြစ်မှုများတွင် အကျုံးမဝင်ဟု မှတ်ယူရမည့်အပြင် တရားစွဲဆိုခြင်း မခံထိုက်စေရဟု အဆိုပါကြေညာချက်တွင်ဖော်ပြထားသည်။

"ဒီပြင်ဆင်ချက် ထွက်လာပြီးတဲ့နောက်ပိုင်းမှာတော့ ကျွန်မတို့ လူမှုရေးအဖွဲ့အစည်းတွေနဲ့ အရေးပေါ်အစည်းအဝေးထိုင်ပြီးတော့ ဆွေးနွေးခဲ့ပြီး လက်ရှိဥပဒေကြမ်းထဲမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ လွတ်လပ်စွာ သင်းပင်းဖွဲ့စည်းခြင်းနဲ့ ကွဲပြားနေတယ်ဆိုတာကို ထောက်ပြကြတယ်။ ဒါကြောင့် ပြင်ဆင်နေတဲ့ဥပဒေမူကြမ်းကို အတည်မဖြစ်ခင်မှာ လွှတ်တော်မှာ ဆွေးနွေးနိုင်ဖို့ ကျွန်မတို့ ကြိုးစားဖို့လိုပါတယ်" ဟု ဒေါ်နီလာမြိုင်က ပြောသည်။

ထို့ကြောင့် လွှတ်တော်တွင် ဖွဲ့စည်းထားသည့် လူမှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၊ NGO ရေးရာ ကော်မတီများ၊ သက်ဆိုင်ရာဝန်ကြီးဌာန (ပြည်ထဲရေး)တို့နှင့် တွေ့ဆုံမေးမြန်း တင်ပြရန်၊ ၎င်းတို့လူမှုရေးအဖွဲ့အစည်းများ၏ သဘောထားအမြင်များကိုသိရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်နီလာမြိုင်က ပြောသည်။

မတရားအသင်းများ အက်ဥပဒေဟောင်းကို ရုပ်သိမ်းပေးရန် ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့က သယ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်က ပြည်သူ့လွှတ်တော်တွင် အဆိုတင်သွင်းခဲ့ပြီး လွှတ်တော်မှ ဆွေးနွေး၊ ပြင်ဆင်ရန်နှင့် ပယ်ဖျက်ရန် သဘောတူညီခဲ့သည်။ ■

ရော်ဘာနှင့် ပီလောပီနံစိုက်ခင်း အငြင်းပွားဖွယ်တင်ဒါအား ကန့်ကွက်

အောင်ရှင်

ရန်ကုန်တောင်ပိုင်းခရိုင်၊ ကော့မှူးမြို့နယ်နှင့် တွံတေးမြို့နယ်အတွင်းရှိ အစိုးရပိုင် ရော်ဘာနှင့် ပီလောပီနံစိုက်ခင်းများအား ပုဂ္ဂလိကလုပ်ပိုင်ခွင့် ချထားပေးရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရမှ ဖေဖော်ဝါရီလအတွင်း တင်ဒါခေါ်ယူခဲ့ပြီး မတ်လ ၅ ရက်နေ့က အဆိုပါချိတ်ပိတ်တင်ဒါများဖွင့်ခဲ့ရာတွင် အငြင်းပွားဖွယ်ရာဖြစ်ခဲ့သည်ဟု သိရသည်။

စုစုပေါင်းဧက ၁,၀၀၀ ကျော်ရှိ မြေကွက်သုံးကွက်တွင် တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်နှင့် အဖွဲ့အစည်းများလုပ်ကိုင်နိုင်ရန် တင်ဒါခေါ်ယူခဲ့ရာတွင် ကုမ္ပဏီခုနစ်ခုနှင့် ဒေသခံအဖွဲ့အစည်းရှစ်ခု၊ စုစုပေါင်း ၁၅ ဦးမှ တင်ဒါကြီးကြပ်ရေးကော်မတီသို့ အဆိုပြုလွှာများ တင်သွင်းခဲ့ကြသည်။

တင်ဒါအဆိုပြုလွှာများအတွက် တစ်ဦးလျှင် အာမခံ ကျပ်သိန်း ၁၀၀ ပေးသွင်းခဲ့ရပြီး သက်ဆိုင်ရာမြေကွက်တွင် အကောင်အထည်ဖော်မည့် စီးပွားရေးစီမံကိန်းတစ်ခုစီကိုလည်း ထည့်သွင်းဖော်ပြခဲ့ရသည်ဟု တင်ဒါအဆိုပြုလွှာတင်သွင်းခဲ့သူများက ပြောသည်။

တိုင်းဒေသကြီးအစိုးရမှ တင်ဒါခေါ်ယူခဲ့သည့် မြေကွက်များမှာ ပထမအကွက်သည် ကော့မှူးမြို့နယ်အတွင်းရှိ အကျယ်အဝန်း ၅၇၆ ဧကနှင့် စက်ရုံမြေနေရာ ရှစ်ဧက ပါဝင်သော ငှက်အော်စမ်းရော်ဘာခြံ၊ ဒုတိယမြေကွက်မှာလည်း ကော့မှူးမြို့နယ်အတွင်းရှိ အကျယ်အဝန်း ၆၅၃ ဧကနှင့် စက်ရုံမြေနေရာ ခုနစ်ဧကရှိ ဆူးကလပ်ရော်ဘာခြံဖြစ်ပြီး တတိယမြေကွက်မှာ တွံတေးမြို့နယ်အတွင်းရှိ အကျယ်အဝန်းဧက ၁၀၀ နှင့် စက်ရုံမြေနေရာ ငါးဧကပါဝင်သော ပီလောပီနံစိုက်ခင်းတို့ဖြစ်သည်။

မတ်လ ၅ ရက်နေ့က အဆိုပြုလွှာတင်သွင်းသူအားလုံး ရှေ့မှောက်တွင် ချိတ်ပိတ်တင်ဒါ စာအိတ်များဖွင့်ခဲ့ရာ ကြမ်းခင်းဈေးငွေကျပ်၁၀၉ ဒသမ ၂သန်း သတ်မှတ်ထားသည့် ပထမမြေကွက်နေရာအတွက် YIG (Young Investment Group) ကုမ္ပဏီမှ ငွေကျပ် ၁၀၉ ဒသမ ၈ သန်းဖြင့် ပထမ၊ ကော့မှူးမြို့နယ်မှ ဦးဇော်မင်းအောင်အုပ်စုသည် ကျပ် ၃၉ ဒသမ ၃၂ သန်းဖြင့် ဒုတိယ၊ ဦးတင်ဝင်းအုပ်စုမှ ကျပ် ၂၉ ဒသမ ၂ သန်းဖြင့် တတိယ အသီးသီးရရှိခဲ့သည်။

ကြမ်းခင်းဈေး ကျပ် ၁၂၇ ဒသမ ၁၄ သန်းသတ်မှတ်ထားသည့် ဒုတိယမြေကွက်တွင် YIG ကုမ္ပဏီမှ ကျပ် ၁၂၇ ဒသမ ၉ သန်းဖြင့် ပထမ၊ Wide River ကုမ္ပဏီမှ ကျပ် ၂၆ ဒသမ ၄ သန်းဖြင့် ဒုတိယရရှိပြီး ကော့မှူးမြို့နယ်မှ ဦးသောင်းထိုက်ဦး အုပ်စုမှ ကျပ် ၂၄ ဒသမ ၀၉ သန်းဖြင့် တတိယနေရာ ရရှိခဲ့ကြောင်းသိရသည်။ ကြမ်းခင်းဈေးငွေ ကျပ် ၂၉ ဒသမ ၀၁ သန်း သတ်မှတ်ထားသည့် တတိယမြေကွက်တွင်လည်း YIG ကုမ္ပဏီမှ ကျပ် ၂၉ ဒသမ ၈ သန်းဖြင့် ပထမ၊ ဒုတိယနေရာအား ဦးသန်းအေးအုပ်စုမှ ၁ ဒသမ ၂၆ သန်းကျပ်ဖြင့် ရရှိခဲ့ပြီး FMI ကုမ္ပဏီမှ ၁ ဒသမ ၀၅ သန်းဖြင့် တတိယနေရာ ရရှိခဲ့သည်။

"အားလုံးရဲ့ရှေ့မှာ တင်ဒါအိတ်တွေ ဖွင့်ခဲ့တာပါ။ လိုက်နာရမယ့်အချက်အလက်တွေ သေချာရှင်းပြခဲ့ပါတယ်။ မြေကွက်တစ်ကွက်စီတိုင်းအတွက် ဈေးအမြင့်ဆုံးပေးတဲ့သုံးဦး ရွေးချယ်ပြီး နောက်ဆုံးအဆင့်မှာ တင်ဒါအောင်တဲ့သူက အစိုးရအဖွဲ့က ဆုံးဖြတ်ပေးမှာပါ" ဟု တင်ဒါကြီးကြပ်ရေးအဖွဲ့ဝင်၊ တိုင်းဒေသကြီး စက်မှုသီးနှံဌာနမှ ဦးခင်မောင်ဝင်းက ပြောသည်။

မတ်လ ၅ ရက်နေ့က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ တင်ဒါများ ဖွင့်ဖောက်ကြေညာခဲ့ရာတွင် တင်ဒါစည်းကမ်းနှင့် မကိုက်ညီသော အချက်များရှိခဲ့သည်ဟု တင်ဒါဝင်ခဲ့သူများက ပြောသည်။

"တင်ဒါစာအိတ်တွေ ဖွင့်ခါနီးမှာ တချို့ကုမ္ပဏီတွေရဲ့ အဆိုပြုလွှာတွေကို ကြည့်ပြီး တင်ဒါကြီးကြပ်ရေးကော်မတီက ပြင်ခိုင်းခဲ့တာတွေရှိတယ်။ တင်ဒါစည်းကမ်းထဲမှာ မပါပါဘူး။ နောက်ပြီး အာမခံငွေ သိန်းတစ်ရာသွင်းရမယ်ဆိုတာလည်း စည်းကမ်းထဲမှာမပါဘူး။ တင်ဒါမဖွင့်ခင်တစ်ရက်အလို မတ်လ ၄ ရက်နေ့ ညနေကျမှ ကော်မတီက ဖုန်းဆက်ပြီး အာမခံကြေး သိန်းတစ်ရာသွင်းရမယ်လို့ လှမ်းပြောတယ်။ ကျွန်တော်တို့ ရွာသားတွေ ရှိစုမဲ့စုလေးတွေစုပြီး သိန်းတစ်ရာဖြစ်အောင် မနည်းစုခဲ့ရတယ်" ဟု ကော့မှူးမြို့နယ်၊ ရေတာရှည်ရွာမှ တင်ဒါဝင်ခဲ့သူ ဦးဝင်းမြင့်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး၊ အစိုးရအဖွဲ့၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းဝန်ကြီးဌာန၊ ဝန်ကြီးဖြစ်သူ ဦးစိုးမင်းက "ဟုတ်ပါတယ်။ တချို့နားလည်မှုလွဲနေတာလေးတွေရှိတယ်။ နောက်ပြီး တင်ဒါချပေးမယ့်မြေကွက်တွေက လက်ရှိလုပ်ကိုင်နေတဲ့ စိုက်ခင်းတွေဖြစ်တယ်။ မြေလွတ်မြေရိုင်း မပါဘူးဆိုတာမျိုးတွေကို ရှင်းပြခဲ့ပါတယ်။ ကျေနပ်မှုမရှိတဲ့အဖွဲ့တွေကိုလည်း ရုံးမှာခေါ်ယူရှင်းပြပေးခဲ့ပါတယ်။ ဈေးအမြင့်ဆုံးပေးတဲ့သူစာရင်းကို တိုင်းဒေသကြီး အစိုးရအဖွဲ့ဆီ တင်ထားပါတယ်။ ကက်ဘိနက်အစည်းအဝေးမှာ တိုင်းဒေသကြီးအစိုးရကဆုံးဖြတ်ပြီးတဲ့အခါ အားလုံးကို တရားဝင်အကြောင်းကြားပေးမှာပါ"ဟု မတ်လ ၁၅ ရက်နေ့က ပြောသည်။ ■

စပါးသိုလှောင်ရန် နေရာအခက်အခဲကြောင့် လယ်သမားများ ငွေကျပ် သိန်း ၅၀၀ အကြွေးကျန်

မြတ်မေဇင်

ဧရာဝတီတိုင်း ဒေသကြီးအတွင်းရှိ ဘိုကလေးမြို့နယ် ဇမ္ဗူသီဂိဆန်စက်၌ ဘိုကလေးမြို့နယ် တောင်သူများက ၂၀၁၂ ခုနှစ် နှစ်ကုန်ပိုင်းတွင် မိုးစပါးသိုလှောင်ရန် နေရာအခက်အခဲကြောင့် အဆိုပါဆန်စက်၌ စပါးသိုလှောင်ခဲ့ရာမှ ၂၀၁၃ ခုနှစ်၊ မတ်လအထိ စပါးတန်ဖိုးငွေပေးချေခြင်းမရှိဘဲ လယ်သမား ၁၀ ဦးက ကျပ်သိန်း ၅၀၀ ကျော်ရရှိရန် ကျန်နေသည်ဟု စပါးသိုလှောင်ခဲ့သော လယ်သမားများက ပြောသည်။

"ရွာမှာက စပါးရိတ်သိမ်းပြီးရင် နေရာရှိတဲ့လူကလည်း ကိုယ့်အိမ်ကိုယ်ထားပေါ့။ နေရာမရှိတဲ့လူက ဆန်စက်မှာ သွားထားတယ်။ အဲဒီလိုထားတာက တစ်လအတွင်း ရောင်းရင် သူတို့ကို သိုလှောင်ခပေးစရာမလိုဘူး။ တကယ်လို့ စပါးသိုလှောင်တာက တစ်လထက် ကျော်သွားတယ်ဆိုရင် ဆန်စက်ကို တင်းတစ်ရာကို သုံးတင်းနှုန်း သိုလှောင်ခ ပေးရမယ်။ ပြီးတော့ စပါးရောင်းချိန်မှာလည်း ကာလပေါက်ဈေးဖြတ်ပြီး သိုလှောင်တဲ့ ဆန်စက်ကိုဦးစားပေးရောင်းရမယ်။ အဲဒီလို သဘောတူညီချက်တွေတော့ ရှိထားတယ်။ အခုက ပြီးခဲ့တဲ့ မိုးစပါးရိတ်သိမ်းချိန် ၁၁ လပိုင်းကတည်းက ဝယ်မယ်ဆိုလို့ စပါးသွားထားတာ၊ အခု စိုက်ဘဏ် (မြန်မာ့စိုက်ပျိုးရေးဘဏ်)က အကြွေးတောင်းနေပြီ။ အခုထိ ငွေလည်းမပေး၊ စပါးလည်း မပြနိုင်တော့ဘူး"ဟု ပေါ်ဆန်းဘေးကြားရင် စပါးတင်းပေါင်း ၃၆၈ တင်းသိုလှောင်ခဲ့ပြီး ကာလပေါက်ဈေးကျပ် ၁၇ သိန်းကျော် ရရန်ကျန်ရှိနေသော တောင်သူဦးဇော်လွင်ဦးက ပြောသည်။

ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ဒေးဒရဲ၊ ကျိုက်လတ်၊ ဖျာပုံနှင့် ဘိုကလေးမြို့နယ်များတွင် ပေါ်ဆန်းဘေးကြားရင်ကို အဓိကစိုက်ပျိုးကြသည်။

"ဒီဇမ္ဗူသီဂိဆန်စက်ပိုင်ရှင်က ၂၀၁၁ ခုနှစ်ကမှ ပိုင်ရှင်ပြောင်းသွားတာပါ။ ယခင်ပိုင်ရှင်ဟောင်း ဦးစံညွန့်က ဦးမြင့်ဦးကို လက်လွှဲရောင်းသွားတာ။ ဦးမြင့်ဦးကလည်း ဆန်စက်တွေ အများကြီးပိုင်တဲ့သူမို့လို့ သူ့ညီအစ်ကိုဝမ်းကွဲကို ပြန်ငှားခဲ့တယ်။ အခု စပါးတွေကိုလက်ခံပြီး ငွေမချေပေးတဲ့သူက စက်ပိုင်လည်းမဟုတ်ဘူး၊ ပိုင်ရှင်ကလည်း သူတာဝန် မယူဘူးပြောတယ်။ တရားရုံးမှာအမှုဖွင့်ထားတယ်။ ရုံးချိန်းတစ်ခါခါ ပြီးပြီ။ ဒါပေမဲ့ အဲဒီစပါးလက်ခံယူခဲ့တဲ့သူက ရုံးချိန်းမလာဘူး"ဟု ပေါ်ဆန်းဘေးကြားရင် စပါးတင်း ၃၇၀ ကာလပေါက်ဈေး ကျပ် ၁၈ သိန်းခွဲ ရရန်ရှိသော ဦးရဲကြည်က ပြောသည်။

အဆိုပါ ကိစ္စရပ်အား မြန်မာနိုင်ငံ တောင်သူလယ်သမားအသင်း ဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းက စပါးလက်ခံသူ ဆန်စက်တာဝန်ခံ ဦးဖိုးချို(ခ)ဦးကျော်မင်းစိုးအား ခေါ်ယူပြီး ဧပြီလကုန်တွင် တောင်သူများရရန်ရှိသောငွေများ အပြီးပေးအပ်ရန် မတ်လ ၂၀ ရက်နေ့တွင် ညှိနှိုင်းစာချုပ် ချုပ်ဆိုပေးခဲ့သည်။

"စပါးပေါ်ချိန်ဆို ရောင်းလိုအားကများနေတော့ စပါးဈေးကျတယ်။ အဲဒီအချိန်မှာ စပါးသိမ်းထားဖို့နေရာကြောင့်ရော၊ စိုက်ဘဏ်ကို ငွေပြန်ပေးဖို့ အချိန်ဖြစ်နေတာကြောင့်ရော ဈေးကောင်းတဲ့အထိမစောင့်နိုင်ဘဲ အလျင်စလို ရောင်းလိုက်ရတော့ စပါးဈေးလည်းတက်ရော တောင်သူမှာ ရောင်းစရာ မရှိတော့ဘူး။ ဒီအခက်အခဲတွေကြောင့် လယ်ယာကဏ္ဍဖွံ့ဖြိုးဖို့ဆိုတာ မလွယ်လှဘူး"ဟု မြန်မာနိုင်ငံ တောင်သူလယ်သမားအသင်း အတွင်းရေးမှူး ဦးသိန်းအောင်က ပြောသည်။ ■

မြောက်ကိုရီးယားနှင့် စစ်ရေးဆက်ဆံမှု အဆုံးသတ်ရန် အမေရိကန် တိုက်တွန်း

အမေရိကန်က မြန်မာနိုင်ငံကို မြောက်ကိုရီးယားနှင့် စစ်ရေးဆက်ဆံမှု အဆုံးသတ်ရန် တိုက်တွန်းမှု ဆက်လက်ပြုလုပ်သွားမည်ဟု ထိပ်တန်းအရာရှိတစ်ဦးက မတ်လ ၁၄ ရက်နေ့တွင် ပြောခဲ့သည်။

အမေရိကန် အထူးကိုယ်စားလှယ်နှင့် မြန်မာနိုင်ငံဆိုင်ရာ မူဝါဒ ညှိနှိုင်းရေးမှူး ပက်ထရစ်မာဖီက မြောက်ကိုရီးယားနှင့် မြန်မာနိုင်ငံကြား စစ်ရေးဆက်ဆံမှု ဖြတ်တောက်လိုက်ပြီ ဟူသော ထုတ်ဖော်ကြေညာချက်ကို လက်ခံရန် အမေရိကန်က အခြေအနေတစ်ရပ် မကြာမီရရှိလိမ့်မည်ဟု ၎င်းမျှော်လင့်ကြောင်း ပြောသည်။

ဘင်္ဂလားဒေ့ရှ်နှင့် ဂျပန်နိုင်ငံ အပါအဝင် နိုင်ငံခရီးစဉ်၏ အစိတ်အပိုင်းအဖြစ် မြန်မာနိုင်ငံသို့ရောက်ရှိသည့် မာဖီက အမေရိကန်နှင့် မြန်မာနိုင်ငံ တို့သည် ယင်းကိစ္စအပေါ် ရလဒ်ကောင်းမည့် ဆွေးနွေးမှု လုပ်ဆောင်နေကြသည်ဟု ပြောသည်။

"ကျွန်တော်တို့ဟာ မြန်မာအာဏာပိုင်တွေနဲ့ ဒီကိစ္စအကျိုးရှိတဲ့ ဆွေးနွေးမှု ပြုလုပ်နေပါတယ်။ ကျွန်တော်က နိုင်ငံတကာက စိုးရိမ်တဲ့ မြောက်ကိုရီးယား ဆက်နွယ်မှုအကြောင်း ကောင်းကောင်းကြီး နားလည်မှုရှိတယ်လို့ ထင်ပါတယ်" ဟု ၎င်းက ဆက်ပြောခဲ့သည်။

သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဦးရဲထွဋ်သည် နယူးဇီလန်သို့ ခရီးထွက်နေသဖြင့် တစ်စုံတစ်ရာ ဝေဖန်ချက်မပြုပေးနိုင်ပေ။

မြန်မာ့တပ်မတော်နှင့် မြောက်ကိုရီးယား ဆက်နွယ်မှုသည်ဝါရှင်တန်အတွက် သောကမအေးဖွယ် ဖြစ်နေသည်။

ရန်ကုန်မြို့တွင် လူ ၁၉ ဦးသေဆုံးခဲ့သည့် မြောက်ကိုရီးယား အေးဂျင့်များက လုပ်ဆောင်ခဲ့သည့် တောင်ကိုရီးယား သမ္မတ ရှန်ဒူးဝမ်အား ၁၉၈၃ ခုနှစ်က လုပ်ကြံသတ်ဖြတ်ရန် ကြိုးစားမှုပြီးနောက် နှစ်နိုင်ငံကြား ဆက်ဆံရေး အချိန်အတန်ကြာ တင်းမာခဲ့သော်လည်း မြောက်ကိုရီးယားသည် မြန်မာ့တပ်မတော်သို့ ဆယ်စုနှစ်များစွာ လက်နက်များ ရောင်းချခဲ့သည်။

အာဏာနည်းကုန်း ဗုံးပေါက်ကွဲမှု နောက်ပိုင်း မြောက်ကိုရီးယားနှင့် မြန်မာ တရားဝင် ဆက်ဆံရေး ရပ်ဆိုင်းသွားခဲ့ရာ ၂၀၀၇ ခုနှစ်တွင် ပြန်လည်စတင်ခဲ့သည်။

မြန်မာနိုင်ငံသည် မြောက်ကိုရီးယားထံမှ နှစ် ၂၀ ကြာ သမားရိုးကျ လက်နက်များဝယ်ယူခဲ့သည်ဟု သမ္မတဦးသိန်းစိန်က တောင်ကိုရီးယားသမ္မတအီမြောင်ဘတ်နှင့် ၂၀၁၂ ခုနှစ်၊ မေလက တွေ့ဆုံရာတွင် ဝန်ခံခဲ့သည်ဟု နယူးယော့ခ်တိုင်း(မ်) သတင်းစာတွင် ရေးသားခဲ့သည်။ သို့သော် သမ္မတက ယင်းဖြစ်ရပ်ကို နိဂုံးချုပ်ပါပြီဟု သန္နိဋ္ဌာန်ချကြောင်းပြောခဲ့သည်ဟု ဆိုသည်။

သို့သော် နောင်သုံးလအကြာ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လတွင် မြောက်ကိုရီးယားတွင် ထုတ်လုပ်သည်ဟု ယူဆရသော လက်နက်များစွာ ပါဝင်ပြီး မြန်မာနိုင်ငံသို့ ဦးတည်နေသည့် သင်္ဘောအား တိုကျိုဆိပ်ကမ်းတွင် ဂျပန်အရာရှိများက ဖမ်းဆီးမိခဲ့သည်။

ယင်းဖြစ်စဉ် ဖြစ်ပွားသော်လည်း မြောက်ကိုရီးယားမူဝါဒအတွက် အမေရိကန်အထူးကိုယ်စားလှယ် ဂလင်ဒါးဗီးစ်က မြောက်ကိုရီးယားနှင့် ဆက်ဆံရေးလျှော့ချမည့် မြန်မာနိုင်ငံသည် လမ်းကြောင်းမှန်သို့ ဦးတည်နေသည်ဟု အကောင်းမြင်ဆဲပင် ဖြစ်သည်။ ■

CORE BANKING ACHIEVEMENT

မြန်မာနိုင်ငံဘဏ်သမိုင်းကြောင်းတစ်လျှောက်လုံးတွင် ပထမဦးဆုံးအနေဖြင့် CORE Banking System အား (၂၀.၃.၂၀၁၃) တွင် ထပ်မံဖွင့်လှစ်လိုက်သော ပြင်ဦးလွင်ဘဏ်ခွဲ အပါအဝင် ဧရာဝတီဘဏ်ခွဲ(၃၃)ဘဏ်ခွဲ အားလုံးတွင် စတင်အသုံးပြုနေပြီး မည်သည့်ဘဏ်ခွဲတိုင်း၌မဆို ဝန်ဆောင်မှုများကို ပုံစံတူတစ်ပြေးညီ ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း ဧရာဝတီဘဏ်အား အစဉ်အားပေးနေသော Customer များနှင့် အများပြည်သူများအား အသိပေးအပ်ပါသည် .....

CORE BANKING ACHIEVEMENT

- Centralised
- Online
- Real-Time
- Exchange/ Environment

www.ayabank.com

AYEYARWADY BANK
your trusted partner

အလုပ်ကြော်ငြာ

UNAIDS

UNAIDS is seeking for a qualified candidate for the following position to be recruited.

Position Information

Post title:	**Community Mobilization & Networking Adviser**
Post level:	NO-C
Type of Contract:	Fixed Term
Duty Station:	Yangon
Deadline for application:	28-March-2013

For details please visit:
http://www.themimu.info/Jobs/UNAIDS_Country%20Community%20Mobilization%20n%20Networking%20Adviser-28-Mar-2013.pdf

U.S. Embassy seeks Housing Clerk

Basic Function of Position:

Assist the Housing Assistant in carrying out the Post housing program, maintain the Real Property Application data base and housing files, submit waivers, manage lease payments, coordinate maintenance tasks, track correspondence, and provide clerical support.

Qualifications Required:

1. College or University studies.
2. At least 2 years of progressively responsible experience specifically in realty management, paralegal or contracting fields are required.
3. Level IV (Fluent) speaking/reading/writing English and Myanmar.
4. General knowledge of Myanmar law; statistical computing skills and must be able to deal effectively with others, in particular, landlords, vendors and contractors.
5. Must have basic knowledge of MS Office applications such as Word, Excel and MS outlook.

Eligible candidate may submit application to **Human Resources Office, P.O. Box 521, GPO, Yangon** not later than **April 1, 2013.**

အလုပ်အကိုင်ရာထူးနေရာများ ထပ်မံခန့်ထားလိုပါသလား ။

သင့်မှာလိုအပ်နေတဲ့ အလုပ်အကိုင်ရာထူးနေရာ လစ်လပ်မှုများကို ဖြည့်တင်းနိုင်ဖို့ အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာနဲ့ထုတ်ဝေပြီး စာဖတ်ပရိသတ် ၃၅၀,၀၀၀ ကျော်ရှိတဲ့

မြန်မာတိုင်း(မ်)မှာကြော်ငြာပါ

အများအပြား လျှောက်ထားလာကြပါလိမ့်မယ်လို့ အာမခံလိုက်ပါတယ်။ သင့်လိုအပ်ချက်တွေကို ဆွေးနွေးနိုင်ဖို့ ယခုပဲ ဖုန်းဆက်လိုက်ပါ။

ဖုန်း - (၀၅၁) ၃၉၂၉၂၈၊ ၃၉၂၆၇၆

အများပြည်သူ ဆန္ဒမပါဘဲ တိရစ္ဆာန်ဥယျာဉ်ကို ရွှေ့ကားမပြောင်းပါနဲ့

မောင်အောင်နိုင်

ကမ္ဘာ့နိုင်ငံကြီး တော်တော်များများမှာ တိရစ္ဆာန်ရုံတွေဟာ မြို့လယ်ကောင်မှာပဲ တည်ရှိကြပါတယ်။ မော်စကို တိရစ္ဆာန်ဥယျာဉ်ဟာ မော်စကိုမြို့လယ်မှာပဲရှိသလို လန်ဒန်တိရစ္ဆာန်ဥယျာဉ်ဟာလည်း လန်ဒန်မြို့လယ်ကောင်မှာပဲ တည်ရှိပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံ ရန်ကုန်မြို့က သက်တမ်း ၁၀၀ ကျော်ပြီဖြစ်တဲ့ တိရစ္ဆာန်ရုံကို အကြောင်းပြချက်အမျိုးမျိုးနဲ့ လျှော်ကားကိုရွှေ့ဖို့အသံတွေ ကြားလာရပါတယ်။

ပြောင်းရွှေ့လိုတဲ့ အကြောင်းပြချက်ကတော့ အခြေခံအဆောက်အအုံတွေ ယိုယွင်းလာလို့၊ ရန်ကုန်မှာ လူနေထူထပ်လာလို့ လေထုညစ်ညမ်းလာပြီး တိရစ္ဆာန်တွေ ကျန်းမာရေးအပေါ် သက်ရောက်မှုရှိလာလို့၊ တိရစ္ဆာန်ရုံကထွက်လာတဲ့ အညစ်အကြေးနဲ့ အနံ့အသက်တွေက ရန်ကုန်မြို့တော်အပေါ် အခက်အခဲ သက်ရောက်နေလို့ စတဲ့ အကြောင်းပြချက်တွေပေါ့ဗျာ။

မကြိုက်ဆုံးအချက်ကတော့ ရန်ကုန်မှာလေထုညစ်ညမ်းလာပြီး တိရစ္ဆာန်တွေရဲ့ ကျန်းမာရေးအပေါ် သက်ရောက်လာလို့ဆိုတော့ ရန်ကုန်မှာနေတဲ့ လူတွေအတွက်တော့ မစဉ်းစားဘဲ တိရစ္ဆာန်တွေအတွက်ပဲ စဉ်းစားပြနေတာ သဘာဝမကျဘူးလားလို့ပါ။ လေထုညစ်ညမ်းရင် မညစ်ညမ်းအောင်လုပ်ပေါ့ဗျာ။ တားဆီးသင့်တဲ့ စက်ရုံအလုပ်ရုံ တားဆီး၊ တခြားလေထုညစ်ညမ်းစေမယ့် ကိစ္စတွေ ရပ်တန့်ခိုင်းပေါ့ဗျာ။ ပြည်သူလူထုအားလုံး လာရတာ အဆင်ပြေနေတဲ့ နေရာကနေ မြို့ပြင်ကိုရွှေ့မယ်ဆိုတာက သဘာဝ လုံးဝမကျတဲ့ကိစ္စပဲ။ စာရေးသူဘက်က သဘာဝမကျဘူးလို့ထင်ပေမယ့် ပြောင်းချင်တဲ့သူတွေ ဘက်ကတော့ သဘာဝအလွန်ကျတဲ့ကိစ္စတွေ ရှိချင်ရှိနေမှာပေါ့လေ။ အဓိကအချက်ကတော့ ရန်ကုန်မြို့လယ်က ၅၈ ဒသမ ၁၆၆ ဧကကျယ်တဲ့မြေကို တခြားကိစ္စအတွက် အသုံးပြုချင်တာဖြစ်လိမ့်မယ်လို့ ထင်မိတယ်။ တိရစ္ဆာန်ဥယျာဉ်တစ်ခု ထူထောင်တယ်ဆိုတာ လူထုကိုပညာပေးဖို့ အပန်းဖြေဖို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဖို့ သုတေသနလုပ်ငန်းတွေကို အထောက်အကူပြုစေဖို့ ခရီးသွားနေရာတစ်ခုဖြစ်စေဖို့ ဆိုတာတွေ ပါတယ်လေ။

အများပြည်သူတွေအတွက် ရုံးပိတ်

တိရစ္ဆာန်ဥယျာဉ် နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်အဖြစ် ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့က စိုက်ထူထားသည့် ကျောက်စာတိုင်။ ဓာတ်ပုံ-မောင်အောင်နိုင်

ရက် ပျော်ပွဲစားထွက်တဲ့နေရာတွေထဲမှာ တိရစ္ဆာန်ရုံဟာ အခုထိ ထိပ်တန်းမှာရှိနေဆဲပါ။ ငယ်ငယ်က စာရေးသူရဲ့သားဆိုရင် ထမင်းကျွေးရခက်လွန်းလို့ တိရစ္ဆာန်ရုံထဲ လိုက်ပို့ပြီး ထမင်းကျွေးခဲ့ရတာပါ။

ဒီလောက် အများပြည်သူအတွက် အဆင်ပြေနေတဲ့နေရာကနေ လူထုလက်လှမ်းမမီတဲ့ လျှော်ကားကိုပြောင်းမယ်ဆိုတဲ့ကိစ္စမှာ နောက်ကွယ်က သွေးရိုးသားရိုးမဟုတ်တဲ့ အချက်တွေ ပါနေတယ်လို့ ထင်မိတယ်။

ဒါကြောင့် ပထမဆုံးအနေနဲ့ တိရစ္ဆာန်ဥယျာဉ်ကို ငှားရမ်းလုပ်ကိုင်ခွင့်ရထားတဲ့ ထူးကုမ္ပဏီ လက်ချက်လားဆိုပြီး ထူးကုမ္ပဏီကို ဖုန်းဆက်ပြီး မေးကြည့်ခဲ့ပါတယ်။ ထူးကုမ္ပဏီရဲ့ ဖြေကြားချက်ကတော့ ရှင်းပါတယ်။ လွန်ခဲ့တဲ့ နှစ်ပတ်က ပတ်ဝန်းကျင်ထိမ်းသိမ်းရေးနဲ့ သစ်တောဝန်ကြီးဌာနက အစည်းအဝေးခေါ်ပါတယ်။ တိရစ္ဆာန်ရုံကို လျှော်ကားကို ရွှေ့ဖို့ ဖြစ်တယ်။ ထူးကုမ္ပဏီအနေနဲ့ အများပြည်သူအဆင်ပြေနေတဲ့ လက်ရှိနေရာကနေ လျှော်ကားကို လုံးဝပြောင်းရွှေ့လိုခြင်းမရှိပါဘူး။ တိရစ္ဆာန်ရုံကို လျှော်ကားရွှေ့ပြီး လက်ရှိနေရာမှာ တန်ဖိုးကြီးအဆောက်အအုံတွေ ပေါ်ထွန်းလာရင် ဒါကတော့ လက်ရှိငှားရမ်းခွင့်ရထားတဲ့ ထူးကုမ္ပဏီရဲ့လက်ချက်ပဲလို့ အများပြည်သူ သံသယရှိမှာကို လုံးဝမလိုလားပါဘူး။ ဒါကြောင့် လက်ရှိငှားရမ်းလုပ်ကိုင်ခွင့်ရထားတဲ့ ထူးကုမ္ပဏီအနေနဲ့တော့ တိရစ္ဆာန်ရုံကို လက်ရှိနေရာမှာပဲ ဆက်လက် ထိန်းသိမ်းပြီး ပြည်သူတွေကိုပြသချင်ပါတယ်လို့ ဖြေပါတယ်။

ဒုတိယအနေနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာနက ပြန်ကြားရေးတာဝန်ခံ ညွှန်ကြားရေးမှူးချုပ်ကို ဒီကိစ္စမေးပါတယ်။ သူကတော့ ဒီကိစ္စက သစ်တောဦးစီးဌာနကို ခိုင်းထားတာမို့ အဲဒီကိုမေးပါဆိုပြီး ဖုန်းနံပါတ် ပေးပါတယ်။ သို့သော်လည်း အဲဒီဖုန်းနံပါတ်က တစ်နေ့လုံး အကြိမ် ၅၀ ကျော်ဆက်တာ တစ်ချိန်လုံး မအားဘူးလို့ပဲ ဖြေနေပါတယ်။ ဒါနဲ့ ဝန်ကြီးရုံးအဖွဲ့မှူးကို ဖုန်းဆက်မေးကြည့်တော့ သူကလည်း ကော်မတီရှိပါတယ်၊ မေးပါဆိုပြီး ဖုန်းနံပါတ်တစ်ခုပေးပါတယ်။ အဲဒီဖုန်းနံပါတ်ကိုဆက်မှ အဆင်ပြေပြီး အလုံးစုံ သိရပါတော့တယ်။

အဲဒီတာဝန်ရှိသူ ပြောပြတာကတော့ တိရစ္ဆာန်ရုံကို မြို့ထဲကနေ လျှော်ကားပြောင်းဖို့ကိစ္စက သစ်တောရေးရာဝန်ကြီးဌာနက စတာမဟုတ်ဘဲ သတင်းစာရှင်းလင်းပွဲတစ်ခုမှာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ သမ္မတရုံးပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ပြောတာဖြစ်ကြောင်း၊ မြို့ထဲက လက်ရှိတိရစ္ဆာန်ဥယျာဉ်နေရာမှာ Green Park တစ်ခု လုပ်ဖို့ ရည်ရွယ်ကြောင်း၊ ဒါပေမဲ့ အများပြည်သူ သဘောမတူရင်တော့ လုပ်မှာမဟုတ်ဘူးလို့ သိလိုက်ရပါတယ်။ နောက်ဆုံးမတော့ နိုင်ငံအတွင်းမှာ မကိုးမကားတစ်ခုခုဖြစ်လို့ စုံစမ်းရင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှာပဲ သွားသွားအဆုံးသတ်နေတယ်။ အမှန်တော့ ရန်ကုန်မြို့တော်ကြီး စည်ပင်အောင်၊ သာယာလှပ ခေတ်မီအောင်အတွက် ဆောင်ရွက်ပေးမယ့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရှိပြီးသားလေ၊ ဘာကိစ္စ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကဝင်ပြီး ပူနေရတာလဲ။ သွေးရိုးသားရိုးပူပန်တာလား၊ ဒီနေရာကို တခြားလူလက်ထဲထည့်ချင်လို့ အကြောင်းမျိုးစုံပြနေတာလားဆိုတာလည်း စဉ်းစားစရာဖြစ်လာတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး တိရစ္ဆာန်ဥယျာဉ်အတွင်း အပန်းဖြေလာရောက်နေတဲ့ မိသားစုတွေကိုလည်း သွားရောက်မေးမြန်းခဲ့ပါတယ်။ တစ်ဦးကတော့ မြို့ထဲမှာ ကလေးတွေအတွက် ပညာလည်းရ၊ ဗဟုသုတလည်းရ၊ ကုန်ကျစရိတ်လည်း သက်သာတဲ့ ဒီနေရာကို ငွေကြေးအကုန်အကျသက်သက်သာသာနဲ့လာပြီး အပန်းဖြေနိုင်တာမို့ တိရစ္ဆာန်ဥယျာဉ်ကို လျှော်ကားပြောင်းဖို့ကိစ္စကို သဘောလည်းမတူဘူး၊ ဘဝင်လည်းမကျပါဘူးတဲ့။

နောက် ဖြေဆိုသူတစ်ဦးကတော့ ပြတ်ပြတ်သားသား ဒီလိုဖြေပါတယ်။

"ဒီနေရာကို ဘယ်နိုင်ငံခြားသား၊ ဒါမှမဟုတ် ဘယ်စီးပွားရေးလုပ်ငန်းရှင်က မျက်စိကျနေပြန်ပြီလဲ။ ဒါလေးတစ်ခုတော့ ထားပေးကြပါ။ ရောင်းစားတာတွေ၊ ငှားစားထားတာတွေက ရန်ကုန်တစ်မြို့လုံး ကုန်သလောက်ရှိနေပါပြီ" တဲ့။

နယ်ကလာတဲ့ မိသားစုတစ်စုကတော့ ရွှေတိဂုံဘုရားဖူးပြီးတာနဲ့ ကလေးတွေကို ဒီလာပို့ရတာ အရမ်း အဆင်ပြေတယ်။ တိရစ္ဆာန်ရုံကို လျှော်ကားရွှေ့မယ့်ကိစ္စတော့ ၁၀၀ ရာခိုင်နှုန်း ကန့်ကွက်တယ်တဲ့။

ဝန်ထမ်းတစ်ဦးကတော့ ဒီနေရာမှာသူ အလုပ်လုပ်လာတာနှစ် ၃၀ ရှိပါပြီ။ မပြောင်းစေချင်ပေမယ့် ဝန်ထမ်းဆိုတော့ မပြောင်းချင်လဲ အလုပ်ထွက်ရတော့မှာပေါ့တဲ့။ မေးကြည့်ခဲ့သမျှ လူ ၅၀ လောက်မှာ ပြောင်းတာကောင်းတာပေါ့ဆိုတဲ့သူတစ်ယောက်မှမတွေ့ခဲ့ဘူး။

တကယ်တော့ ရန်ကုန်မှာ တိရစ္ဆာန်တွေကို လက်ရှိ ရန်ကုန်ဆေးရုံကြီးနေရာမှာ ၁၈၈၂ ခုနှစ်ကစပြီး ဖယ်ရာပြတိုက်အမည်နဲ့ မြေဧက ၄၂ ဒသမ ၀၂ ဧကအကျယ်မှာပြသခဲ့တာ ဖြစ်တယ်။ ၁၉၀၁ အရောက်မှာ အများပြည်သူဆီက ကောက်ခံရရှိငွေ ကျပ် ၂၄၀,၀၀၀ နဲ့ လက်ရှိနေရာကိုရှင်းလင်းပြီး တိရစ္ဆာန်ဥယျာဉ်အဖြစ် တည်ထောင်ခဲ့တာ ဖြစ်တယ်။၁၉၀၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်မှာ စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး အရှေ့တောင်အာရှရဲ့ သက်တမ်းအရင့်ဆုံး တိရစ္ဆာန်ရုံဖြစ်ပါတယ်။ အဲဒီတုန်းက ဝိတိုရိယဘုရင်မပန်းခြံလို့ ခေါ်ခဲ့တယ်။ ၁၉၀၈ ခုနှစ်မှာတော့ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်လို့ ပြောင်းလဲခဲ့တာဖြစ်ပါတယ်။ နို့တိုက်သတ္တဝါ ၄၆၄ ကောင်၊ ကျေးငှက်သတ္တဝါ ၄၇၅ ကောင်နဲ့ တွားသွားသတ္တဝါ ၁၈၆ ကောင်၊ စုစုပေါင်းကောင်ရေ ၁,၁၂၄ ကောင် ရှိပါတယ်။ အမျိုးအစားနဲ့ ပြန်ခွဲရရင် နို့တိုက်သတ္တဝါ ၄၆ မျိုး၊ ကျေးငှက်သတ္တဝါ ၆၈ မျိုး၊ တွားသွားသတ္တဝါ ၁၈ မျိုးတောင် ရှိပါတယ်။ အရှေ့တောင်အာရှမှာ သတ္တဝါအမျိုးအမည်အစုံလင်ဆုံးလို့ နာမည်ကြီးတဲ့ တိရစ္ဆာန်ဥယျာဉ်တစ်ခု ဖြစ်ပါတယ်။ ■

UNOPS

The United Nations Office for Project Services (UNOPS) in Myanmar is inviting qualified candidates to apply for the following positions:

Sr.	Title and level	Duty Station	Position	Deadline
1.	Procurement Assistant (LICA 3)	Yangon	National	25-Mar-2013
2.	Team Assistant (MCH) (LICA 2)	Yangon	National	28-Mar-2013
3.	Programme Assistant (LICA 3)	Yangon	National	4-Apr-2013

For details please visit UNOPS website https://gprs.unops.org/pages/ viewvacancy/VAListing.aspx and click on the post you are interested in applying for. All applications must be made through UNOPS E-recruitment system.

There has never been a better time to explore the wonders of the world. Singapore Airlines flies you to Singapore and beyond, adding on to SilkAir's 22 years of experience in Yangon. On the way, take a journey across the globe with a selection of international gourmet cuisine and wines, and be entertained with an array of movies, songs, and more. Complemented by the inflight service even other airlines talk about, the finest pleasures await you on every flight.

SINGAPORE AIRLINES
A great way to fly

A STAR ALLIANCE MEMBER

YANGON → SINGAPORE			
DEP: 1025	DAILY	SQ997/MI5871*	ARR: 1445
DEP: 1640	DAILY	MI517/SQ5017†	ARR: 2115
DEP: 0025	MON, TUE, SAT AND SUN	MI509/SQ5009†	ARR: 0500

SINGAPORE → YANGON			
DEP: 0755	DAILY	SQ998/MI5872*	ARR: 0920
DEP: 1420	DAILY	MI518/SQ5018†	ARR: 1545
DEP: 2210	MON, FRI, SAT AND SUN	MI520/SQ5020†	ARR: 2335

*FLIGHTS OPERATED BY SINGAPORE AIRLINES †FLIGHTS OPERATED BY SILKAIR

From 1 April 2013, Singapore Airlines and SilkAir will fly 18 times weekly to Singapore and back. Flight schedule is subject to change without prior notice.

မန်တုံမြို့တွင် ပထမအကြိမ် တအာင်း(ပလောင်) လူငယ်များ နှီးနှောဖလှယ်ပွဲ ကျင်းပ

သန်းနိုင်စိုး

တအာင်း(ပလောင်) လူငယ်မောင်မယ်များ နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာသည့် လူငယ်များ။ ဓာတ်ပုံ-သန်းနိုင်စိုး

ရှမ်းပြည်နယ်မြောက်ပိုင်း မန်တုံမြို့တွင် ပထမအကြိမ် တအာင်း(ပလောင်) လူငယ်မောင်မယ်များ နှီးနှောဖလှယ်ပွဲကို မတ်လ ၁၈ ရက်နေ့မှ ၂၀ ရက်နေ့အထိ ကျင်းပခဲ့သည်။

"မန်တုံမှာ နှီးနှောဖလှယ်ပွဲလုပ်ဖြစ်တဲ့ ရည်ရွယ်ချက်ကတော့ တအာင်းစာပေနဲ့ ယဉ်ကျေးမှုညီလာခံကို အားဖြည့်ကူညီပေးနိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်လည်းပါတယ်။ အဓိကက ကျွန်တော်တို့လူငယ်တွေ ဒီလိုတွေ့ဆုံဖို့ဆိုတာ တော်တော်ခဲယဉ်းပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ မြောက်ပိုင်း တစ်နေရာစီ နေကြတယ်။ တော်တော်ဝေးကွာတဲ့နေရာမှာ နေကြတဲ့အခါ ကျွန်တော်တို့လူငယ်တွေ တစ်ယောက်နဲ့တစ်ယောက် သိကြခင်ကြဖို့ဆိုတာ မလွယ်ပါဘူး။ ဒီပွဲလုပ်တဲ့ ရည်ရွယ်ချက်က အဲဒါလည်းပါတယ်။ သူတို့တွေအချင်းချင်း သိကြခင်ကြမယ်။ နောက်ပိုင်း ဒေသဖွံ့ဖြိုးရေးတွေ၊ လူမှုဖွံ့ဖြိုးရေးတွေ၊ နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းတွေလုပ်ဆောင်လာကြတဲ့အခါ ဒီလူငယ်တွေ အချင်းချင်း လက်တွဲပူးပေါင်းပြီး လုပ်ဆောင်လာနိုင်တယ်။ နောက်ထပ် မူးယစ်ဆေးဝါးနဲ့ပတ်သက်တဲ့ကိစ္စတွေမှာ ကျွန်တော်တို့တွေ ဘယ်အပိုင်းတွေမှာ လုပ်ဆောင်နိုင်မလဲ။ လူငယ်ဘက်စုံဖွံ့ဖြိုးရေးတွေဖြစ်လာအောင် ခေါင်းဆောင်မှု၊ နိုင်ငံရေး၊ လူ့အခွင့်အရေး စသဖြင့် ဒီအပိုင်းတွေကို လူငယ်တွေ ပိုပြီးမြင်လာအောင်၊ သိလာအောင်၊ ပိုပြီးလုပ်ချင်တဲ့စိတ်တွေ ရှိလာအောင်ဆိုပြီး နှီးနှောဖလှယ်ပွဲကို လုပ်ကြတာပါ"ဟု မြန်မာနိုင်ငံတအာင်း(ပလောင်)လူငယ်များအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မိုင်းဝင်းထူးက ပြောသည်။

နှီးနှောဖလှယ်ပွဲအတွင်း ဒေသအလိုက်၊ မျိုးနွယ်စုအလိုက် ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများအား၊ တအာင်းစာပေနှင့် ယဉ်ကျေးမှုကော်မတီဖြစ်ပေါ်လာပုံ၊ တအာင်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လက်ရှိမြန်မာနိုင်ငံနှင့် တအာင်းနိုင်ငံရေး၊ မူးယစ်ဆေးဝါး၊ ပညာရေး၊ ကျန်းမာရေး၊ အနုပညာ၊ ဘာသာရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအကြောင်းများကို ဆွေးနွေးဖလှယ်ခဲ့သည်။

"တအာင်းအမျိုးသားနေ့ကို ဘယ်နေ့ဖြစ်သင့်တယ်၊ ဘာကြောင့်ဖြစ်သင့်တယ်ဆိုတာကိုလည်း ဆွေးနွေးတယ်။နောက်ပြီး တအာင်းအမျိုးသား၊ အမျိုးသမီးတွေရဲ့ရှေ့မှာထည့်သုံးသင့်တဲ့ ဝေါဟာရတွေကိုလည်း ဆွေးနွေးတယ်။ လာမယ့်(၁၀) ကြိမ်မြောက် တအာင်းစာပေနဲ့ ယဉ်ကျေးမှုညီလာခံမှာ လူငယ်အဖွဲ့ချုပ်က တင်သွင်းမယ့် အဆိုပြုချက်တွေကို ဆွေးနွေးခဲ့ပါတယ်"ဟု အတွင်းရေးမှူး မိုင်းနိုင်နိုင်ဦးက ပြောသည်။

ပထမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ တအာင်း(ပလောင်) လူငယ်မောင်မယ်များ နှီးနှောဖလှယ်ပွဲကို တက်ရောက်ခြင်းဖြင့် မိမိဒေသအပြင် အခြားဒေသများတွင်ပါ တအာင်းလူမျိုးများ ပျံ့နှံ့နေထိုင်ကြောင်းကို သိရှိလာကြောင်း ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ်မှ တက်ရောက်လာသူက ပြောသည်။

"ကျွန်မတို့ ရှမ်းပြည်တောင်ပိုင်းဘက်က ဒီလိုအဖွဲ့အစည်းတွေရှိတယ်ဆိုတာ မသိဘူး။ ဆက်စပ်မှုလည်းမရှိဘူး။ သူတို့လည်း ကျွန်မကိုမသိဘူး။ ကျွန်မလည်း သူတို့ကို မသိဘူး။ နောက်ပိုင်း အမျိုးသမီးအဖွဲ့တွေကစုပြီး ကျွန်မတို့ကို မိတ်ဆက်ပြီး သင်တန်းပေးတယ်။ သင်တန်းတက်ပြီး သူတို့နဲ့သိသွားတယ်။ သိသွားတဲ့အခါကျတော့ နောက်ပိုင်း တအာင်းလူငယ်များအဖွဲ့ချုပ်ကို ခေါ်လာတယ်။ အရမ်းဝမ်းသာတယ်။ အရင်တုန်းက တောင်ပိုင်းမှာနေတော့ ကိုယ့်ကိုယ်ကိုယ် ပလောင်သီးသန့်ဆိုတာ ကိုယ်ပဲရှိတယ်လို့ ထင်နေတာလေ။ လူမှုရေး စသဖြင့် ဘယ်နေရာမှာမဆို အကုန်လုံး နည်းနည်းနိမ့်ကျသွားတယ်။ ဒီဘက်က အင်အားနဲ့ပေါင်းလိုက်တော့ တကယ် အရမ်းဝမ်းသာတယ်။ ပျော်လည်းပျော်တယ်။ အားရှိလာတယ်" ဟု နမ့်စန်မြို့နယ်မှ လွေစိုင်လောင်က ပြောသည်။

အဆိုပါ တအာင်းလူငယ်မောင်မယ်များ နှီးနှောဖလှယ်ပွဲသို့ နမ့်စန်မြို့နယ်၊ ကလောမြို့နယ်၊ ရပ်စောက်မြို့နယ်၊ ကွတ်ခိုင်မြို့နယ်၊ လားရှိုးမြို့နယ်၊ နမ္မတူမြို့နယ်၊ နမ့်ဆန်မြို့နယ်၊ ကျောက်မဲမြို့နယ်၊ သီပေါမြို့နယ်၊ မန်တုံမြို့နယ်တို့မှ လူငယ်ကိုယ်စားလှယ် ၅၀ ခန့် တက်ရောက်ခဲ့ကြောင်း၊ တအာင်းလူမျိုးစု ၁၃ စု ရှိကြောင်းနှင့် မြန်မာနိုင်ငံတွင် တအာင်းလူမျိုး သုံးသိန်းခန့်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

"မြန်မာနိုင်ငံလုံးဆိုင်ရာ တအာင်းလူငယ်မောင်မယ်များ နှီးနှောဖလှယ်ပွဲကိုတော့ ပထမဆုံးအကြိမ်အနေနဲ့ လုပ်ဖြစ်သွားပြီ။ အခွင့်အလမ်းကြုံတာနဲ့ နှီးနှောဖလှယ်ပွဲတွေကို အကြိမ်ကြိမ်ပြုလုပ်သွားဖို့ ရည်ရွယ်ထားပါတယ်"ဟု မိုင်းဝင်းထူးက ပြောသည်။

မြန်မာနိုင်ငံ တအာင်း(ပလောင်) လူငယ်များအဖွဲ့ချုပ်ကို ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့မှ ၁၀ ရက်နေ့အထိ လားရှိုးမြို့နယ် နမ့်စန်ရွာတွင် ကျင်းပပြုလုပ်သော လူငယ်ညီလာခံအပြီးတွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ■

အထက်ပေါင်းလောင်း ရေမြုပ် ဧရိယာများကို လျော်ကြေးငွေ များ စတင်ပေးအပ်မည်

ယုယုမော်

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းအတွက် ရေဝပ်သည့်နေရာ ၂၂ ရွာကို မတ်လ ၂၄ ရက်နေ့တွင် နစ်နာကြေးပေးသွားမည်ဟု ရှမ်းပြည်နယ်အစိုးရ အမှတ် (၂) လျှပ်စစ်နှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုင်းထွန်းရင်က ပြောကြားသည်။

"လယ်တစ်ဧကမှာ တင်း ၅၀ ထွက်ရင် အရင်းက တင်း ၂၀ ဖိုးရှိတယ်။ တစ်တင်းကို ကျပ် ၃,၀၀၀ ဆိုရင် တင်း ၃၀ ဆို တစ်နှစ်မှာ ကျပ် ၉၀,၀၀၀ ဖြစ်သွားမယ်။ ငါးနှစ်စာအတွက် နစ်နာကြေးပေးတဲ့အခါ ကျပ်လေးသိန်းခွဲဖြစ်မယ်။ အဲဒါကို ကျွန်တော်တို့က လယ်တစ်ဧကကို ၁၀ သိန်းခွဲပေးလိုက်တယ်။ အဲဒီအပြင် ရေမြုပ်သွားတဲ့ လယ်ယာမြေတွေအတွက် မြေနေရာအစားထိုးပေးသွားမယ်။ နောက်ပြီး အိမ်ဖျက်ရတာရှိတယ်။ အိမ်တစ်အိမ်က ကျပ်သိန်း ၅၀ တန်ရင် အဲဒီအတိုင်းပြန်ပေးတယ်။ အိမ်မြေနေရာတွေကိုလည်း အလကားပြန်ပေးမယ်။ ပစ္စည်းတွေကိုလည်း ပြန်လည်နေရာချပေးတဲ့နေရာမှာ အလကားသယ်ပို့ပေးမယ်။ အဲဒီအပြင် တစ်အိမ်ကို လျှပ်စစ်မီတာတစ်လုံးစီလည်း အလကားပေးသွားမယ်"ဟု ၎င်းကပြောသည်။

ရှမ်းပြည်နယ်တောင်ပိုင်း ပင်လောင်းမြို့၊ လီးလီကြိုးတံတားအနီးတွင် မဂ္ဂါဝပ် ၁၄၀ ရှိ အထက်ပေါင်းလောင်းဆည်ကို တည်ဆောက်ခဲ့ပြီး အမြင့်ပေ ၃၇၈ မီတာရှိကာ အဆိုပါကြိုးတံတားအနီးရှိရွာများမှာ စီမံကိန်းပြီးစီးချိန်တွင် ရေဝပ်နေရာများဖြစ်လာမည်ဖြစ်သည်။

"နစ်နာကြေး စုစုပေါင်းကတော့ မပေါင်းရသေးတော့ မပြောနိုင်သေးဘူး။ အဲဒီအတွက် ဒေသခံတွေ ကျေနပ်မှုရှိကြပါတယ်"ဟု ဦးစိုင်းထွန်းရင်က ပြောသည်။ ■

ပြည်မြို့မှ မြန်မာ့ရိုးရာ လက်ဝှေ့ပွဲ

ပြည်မြို့ ခေတ္တရာ မိုးလုံလေလုံအားကစားခန်းမ၌ ပြည်နယ်တိုင်းရွေးတံဆိပ်ရှင် ထက်အောင်ဦးခေါ် စနေထွန်း (တောင်ကလေးကလပ်)နှင့် ရန်ကုန်တိုင်းလက်ရွေးစင် စောဂေါ်မူဒို (သတ္တိကလပ်)၊ လေးညို့ရှင် (သတ္တိကလပ်)နှင့်နယ်စပ်လက်ဝှေ့ကျော် မိုက်ခဲ (မြဝတီ)၊ အောင်သူရိန် (Top One ကလပ်)နှင့်နောင်လုံမင်း(တောင်ကလေးကလပ်)၊ စောမင်းအောင် (တောင်ကလေး ကလပ်)နှင့် ကျော်ခေါက် (Top One ကလပ်)တို့ အပါအဝင် ဒေသခံလက်ဝှေ့ကျော်များ၏ လက်ဝှေ့ပွဲကို မတ်လ ၂၄ ရက်တွင်ကျင်းပမည်ဖြစ်သည်။

ပြည်မြို့ ထက်အောင်ဦးနှင့် စောဂေါ်မူဒိုတို့သည် ရန်ကုန် သိမ်ဖြူရုံတွင် ထိုးသတ်စဉ်က ငါးချီတွင် ထက်အောင်ဦးက အလဲထိုးအနိုင်ရရှိထားသဖြင့် ယခုပွဲသည် စောဂေါ်မူဒို၏ ပြန်လည်ထိုးသတ်ခွင့်ရသည့်ပွဲလည်း ဖြစ်သည်။

ပွဲစီစဉ်သူများက "နာမည်ကြီးလက်ဝှေ့သမားတွေခေါ်ရင် ပိုက်ဆံတွေ အရမ်းကုန်ပြီး ပရိသတ်ကြိုက်တဲ့ပွဲ ဖြစ်မလာဘူး။ ရှောင်လိုက်၊ ဖက်လိုက်နဲ့ ပရိသတ်ရဲ့ မကျေနပ်မှုတွေပဲ တိုးတိုးလာတယ်။ ဒါကြောင့် ကျွန်တော်တို့စီစဉ်တဲ့ပွဲတွေဆိုရင် ပွဲအစအဆုံး အသည်းကောင်းကောင်းနဲ့ ထိုးတဲ့သူတွေပဲ ရွေးချယ်ထိုးသတ်စေတယ်။ ပွဲရဲ့အမည်ကိုလည်း 'အသည်းကောင်းမှ ပွဲတောင်းလို့ရမယ်'လို့ ပေးထားပါတယ်"ဟု ပြောသည်။

နှစ်စဉ် မတ်လရောက်တိုင်း မြန်မာမီဒီယာဂရု(ပ်)က ပြည်မြို့တွင် မြန်မာ့ရိုးရာလက်ဝှေ့ပွဲ စီစဉ်လေ့ရှိသည်ဟု ဆိုသည်။ **စိန်ဟဲဗီး**

နိုင်ငံခြားဆရာဝန်များ လိုက်နာရမည့် စည်းမျဉ်းများကို သတိပေး

လက်ရှိအချိန်၌ ကောင်စီတွင် ဆေးကုသရန် ကန့်သတ်လိုင်စင်လျှောက်ထားပြီး မှတ်ပုံတင်ထားသူ နိုင်ငံခြားသား ဆရာဝန် ၁၀၀ ဝန်းကျင်ခန့်သာရှိ

ယမုံဖူးသစ်

မြန်မာနိုင်ငံ၏ တိုးတက်ပြောင်းလဲလာသော နိုင်ငံရေး၊ စီးပွားရေး၊ နိုင်ငံတကာ ဆက်ဆံရေးနှင့်အတူ နိုင်ငံခြားတိုင်းပြည်များမှ ဆရာဝန်များ မြန်မာနိုင်ငံသို့ လာရောက်ဆေးကုသခြင်းများ ပိုမိုများပြားလာသည့်အတွက် ၎င်းတို့ ဆေးကုသခွင့်နှင့်ပတ်သက်သည့် ဆေးကောင်စီဥပဒေကို လေးစားလိုက်နာကြရန် မြန်မာနိုင်ငံဆေးကောင်စီက တိုက်တွန်းခဲ့သည်။

မတ်လ ၁၅ ရက်နေ့ နံနက်ပိုင်းက မြန်မာနိုင်ငံ ဆေးကောင်စီတွင် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲ၌ ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးမြင့်က ၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီလက ပြဋ္ဌာန်းခဲ့သည့် ဆေးကောင်စီဥပဒေကို လိုက်နာမှုအားနည်းနေကာ နိုင်ငံခြားသားဆရာဝန်များ လာရောက် ဆေးကုသရာတွင် လိုင်စင်မရှိဘဲ ကုသနေသည်များကို တွေ့ရှိနေရသောကြောင့် ဆေးကောင်စီဥပဒေကို ပြန်လည် အသိပေးလိုသည်ဟုပြောသည်။

“ဒီဥပဒေက အရင်ကတည်းကရှိခဲ့ပေမယ့်ပြန်သတိပေးတဲ့သဘောပါ။ လိုင်စင်လျှောက်ထားပြီး ကုသနေသူတွေ ရှိပေမယ့် လိုင်စင်မရှိဘဲ ကုသနေသူတွေလည်း ရှိနေပါတယ်။ အခုလိုပွင့်လင်းလာတဲ့အချိန်မှာ နိုင်ငံတကာက ဝင်ရောက်လာနိုင်တဲ့အတွက် အခုကစပြီး စခန်းပျိုးအသိပေးရခြင်းဖြစ်ပါတယ်”ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံသို့ လာရောက်၍ ဆေးကုသခြင်း၊ လူနာများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ အများပြည်သူတို့အား ကျန်းမာရေးပညာပေးခြင်း စသည်တို့ကို ဆောင်ရွက်လိုသည့် နိုင်ငံခြားသားဆရာဝန်များသည် ဆေးကောင်စီဥပဒေအရ ကန့်သတ် ဆေးကုသခွင့်လိုင်စင်ကို ကောင်စီတွင် လျှောက်ထားရမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဆေးကောင်စီသည် မြန်မာနိုင်ငံသို့ လာရောက်ပြီး လူနာများနှင့် ဆွေးနွေးခြင်း၊ ဆေးကုသခြင်း၊ သုတေသနပြုလုပ်ခြင်း၊ ပညာပေးဟောပြောခြင်းတို့ကို ဆောင်ရွက်မည့် နိုင်ငံခြားသား ဆရာဝန်များ၏ ဘွဲ့၊ ဒီဂရီ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုများကို စိစစ်ပြီး ကန့်သတ်ဆေးကုသခွင့်လိုင်စင်ကို ထုတ်ပေးလျက်ရှိသည်။

လက်ရှိအချိန်၌ ကောင်စီတွင် ဆေးကုသရန် ကန့်သတ်လိုင်စင်လျှောက်ထားပြီး မှတ်ပုံတင်ထားသူ နိုင်ငံခြားသား ဆရာဝန် ၁၀၀ ဝန်းကျင်ခန့်သာရှိသည်ဟု ဒေါက်တာမျိုးမြင့်က ပြောသည်။

ကန့်သတ် ဆေးကုသခွင့်လိုင်စင် လျှောက်ထားရာတွင် ဆေးကောင်စီမှ သတ်မှတ်ထားသည့်ပုံစံအတိုင်း ပြည့်စုံစွာ ဖြည့်စွက်ရမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနများမှ ထောက်ခံစာများ၊ ကျန်းမာရေး ဝန်ကြီးဌာန၏ခွင့်ပြုချက်၊ လျှောက်ထားသူ၏ ကိုယ်ရေးရာဇဝင်နှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်များ တင်ပြရမည်ဟု သိရသည်။

“နိုင်ငံတကာက လက်ခံတဲ့ ကုထုံး၊ အဆင့်မီကျွမ်းကျင်ပြီး ဆရာဝန်ကျင့်ဝတ်နဲ့ညီညွတ်လိုက်နာတဲ့ဆရာဝန်တွေဖြစ်ဖို့လိုအပ်ပါတယ်”ဟု ၎င်းက ပြောသည်။

ကန့်သတ်လိုင်စင် ထုတ်ပေးရာတွင် ဆရာဝန်တစ်ဦးလျှင် အများဆုံး သုံးလ ကုသခွင့်ရရှိနိုင်ပြီး သုံးလအတွက် အမေရိကန်ဒေါ်လာ ၁,၅၀၀ ပေးသွင်းရမည်ဖြစ်သည်။

လိုင်စင်ကြေး သတ်မှတ်မှု မြင့်မားခြင်းကြောင့် အချို့ဆရာဝန်များ လာရောက်ကုသရာတွင် မှတ်ပုံတင်ရန်ပျက်ကွက်ကြခြင်း ဖြစ်နိုင်သည်ဟု မြန်မာနိုင်ငံဆရာဝန်အသင်းမှ အသင်းဝင်ဆရာဝန်တစ်ဦးက သုံးသပ်ပြောကြားသည်။

“လာရောက်တဲ့ ဆရာဝန်တော်တော်များများက ကာလတိုပဲလာရောက်တာများပါတယ်။ ဒါကြောင့် အချို့က လိုင်စင်မလျှောက်ဘဲ ရှောင်လွှဲလိုတာတွေလည်း ရှိကြမှာပါ”ဟု ၎င်းက ပြောသည်။

၎င်းကိစ္စနှင့်ပတ်သက်၍ ဆေးကောင်စီဥက္ကဋ္ဌက ၂၀၁၅ ခုနှစ်နောက်ပိုင်းတွင် အာဆီယံနိုင်ငံများမှ ဆေးကောင်စီများနှင့် ညှိနှိုင်းကာ လိုင်စင်ကြေးကို တန်းတူသတ်မှတ်သွားမည်ဟု ပြောသည်။

“တချို့က ဒီနေ့လာကု၊ မနက်ဖြန်ပြန်ရင် သုံးလအတွက်ပေးရတာ မတန်ဘူးလို့ ယူဆကြတယ်”ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံ ဆေးကောင်စီ၏ အလုပ်အမှုဆောင် ဆရာဝန်တစ်ဦးက “လိုင်စင်ကြေးကို ရက်နဲ့မသတ်မှတ်ပါဘူး။ လနဲ့ပဲ သတ်မှတ်ပါတယ်။ တစ်ရက် လာကုပြီး ပြန်ခြင်းဟာ ဆရာဝန်နဲ့ပဲ သက်ဆိုင်တယ်။ အပြည့်အဝခံစားချင်ရင် သုံးလစလုံး လာပြီးကြည့်ခွင့်ရှိပါတယ်”ဟု ပြောသည်။

ဆေးကောင်စီဥပဒေအရ ကောင်စီက ထုတ်ပေးသော ဆေးကုသခွင့်လိုင်စင်မရှိပါက ဆေးကုသခြင်းမပြုရဘဲ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ်ငါးနှစ်အထိ ချမှတ်နိုင်သည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

ကန့်သတ်လိုင်စင်မရှိဘဲ ဆေးကုသခြင်းကြောင့် အရေးယူမှုများ ယခင်ကလည်း ရှိခဲ့သည်ဟု ဒေါက်တာမျိုးမြင့်က ပြောသည်။

“ဆေးကောင်စီအနေနဲ့ အရည်အချင်း စစ်ဆေးတာတွေ၊ လိုင်စင်ထုတ်ပေးတာတွေကိုပဲ ဆောင်ရွက်မှာဖြစ်ပြီး ဥပဒေအရ အရေးယူတဲ့ကိစ္စတွေကို ပြည်ထဲရေး၊ အုပ်ချုပ်ရေး စတဲ့ သက်ဆိုင်ရာ တရားရေးနဲ့ပတ်သက်တဲ့ဌာနတွေကပဲ လုပ်မှာပါ”ဟု ၎င်းက မြန်မာတိုင်း(မ်)ကို ပြောသည်။

နိုင်ငံခြားသား ဆရာဝန်များ ဆေးရုံသို့ လာရောက်ဆေးကုသရာတွင် ဆေးကောင်စီဥပဒေကြောင့် ကြန့်ကြာမှု တစ်စုံတစ်ရာမရှိကြောင်း ပုဂ္ဂလိကဆေးရုံများအသင်းဥက္ကဋ္ဌဖြစ်သူ ပန်းလှိုင်ဆေးရုံအုပ် ဒေါက်တာရဲမိုးမြင့်က မတ်လ ၁၆ ရက်နေ့က ပြောသည်။

“ဒီဥပဒေက ၂၀၀၀ ပြည့်နှစ် ကတည်းက ရှိခဲ့ပါတယ်။ ဒါပေမဲ့ လိုက်နာမှုအားနည်းနေကြတဲ့အတွက်ကြောင့် ဆေးကောင်စီက ထပ်မံသတိပေးရတဲ့သဘောပါ”ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံတွင် ဆေးကုသမည့် နိုင်ငံခြားသားဆရာဝန်များအတွက် ကန့်သတ်ဆေးကုသခွင့်လိုင်စင်နှင့် ပတ်သက်၍ မြန်မာနိုင်ငံဆေးကောင်စီက မတ်လ ၁၁ ရက်နေ့က နိုင်ငံပိုင်သတင်းစာများတွင် ကြေညာချက် ထုတ်ပြန်ခဲ့သည်။ ■

ပညာရေးနှင့် ကျန်းမာရေး ဘတ်ဂျက်များ တိုးမြှင့်သုံးစွဲမည်

၂၀၁၃–၁၄ ဘဏ္ဍာနှစ်တွင် ပညာရေးနှင့်ကျန်းမာရေး အသုံးစရိတ်များ တိုးမြှင့်သုံးစွဲရန် လျာထားသည်ဟု မတ်လ ၁၅ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က တင်ပြဆွေးနွေးခဲ့သည်။

ပညာရေးကဏ္ဍအတွက် ၂၀၁၂ တွင် ကျပ်သန်းပေါင်းခြောက်သိန်းကျော် သုံးစွဲခဲ့သော်လည်း ၂၀၁၃ တွင် ကျပ်သန်းပေါင်း ကိုးသိန်းကျော် သုံးစွဲရန် လျာထားပြီး၊ ကျန်းမာရေးတွင် ယခင်နှစ်က ကျပ်သန်းပေါင်း သုံးသိန်းကျော်သုံးစွဲခဲ့ သော်လည်း ယခုနှစ်တွင် ကျပ်သန်းပေါင်း ငါးသိန်းနီးပါးအသုံးပြုရန် လျာထားသည်ဟု ၎င်းက တင်ပြခဲ့သည်။

ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးတင်ပြခဲ့သည့် ၂၀၁၃-၁၄ ဘဏ္ဍာနှစ် ပြည်ထောင်စုအစိုးရ၏ ရသုံးမှန်းခြေ ငွေစာရင်းအရ စုစုပေါင်း အသုံးစရိတ်အားလုံး၏ ၅ ဒသမ ၈၄ ရာခိုင်နှုန်းအား ပညာရေးကဏ္ဍနှင့် ၃ ဒသမ ၂၁ ရာခိုင်နှုန်းအား ကျန်းမာရေးကဏ္ဍအတွက် အသုံးပြုရန် လျာထားကြောင်း သိရသည်။

ပြီးခဲ့သည့်ဘဏ္ဍာနှစ်တွင် ပညာရေးကဏ္ဍအတွက် အသုံးစရိတ်အားလုံး၏ ၄ ဒသမ ၃ ရာခိုင်နှုန်းနှင့် ကျန်းမာရေး ကဏ္ဍအတွက် ၁ ဒသမ ၃ ရာခိုင်နှုန်းသာ သုံးစွဲနိုင်ခဲ့သည်။

အောင်ရှင်

ထိုင်းနိုင်ငံမှ တရားမဝင် မြန်မာလုပ်သားများ အတွက် ယာယီသက်တမ်းတိုးကာလ တိုးမြှင့်

ငြိမ်းအိအိထွေး

ထိုင်းနိုင်ငံအတွင်း တရားမဝင် နေထိုင်နေသော မြန်မာရွှေ့ပြောင်း အလုပ်သမားများအား ယာယီနိုင်ငံကူးလက်မှတ် ထပ်တိုးမြှင့်ပေးသည့် အစီအစဉ်နောက်ဆုံးရက်ကိုမတ်လ ၁၆ ရက်နေ့အစား မတ်လ ၃၁ ရက်နေ့အထိထပ်မံတိုးမြှင့်လိုက်ကြောင်း ထိုင်းနိုင်ငံ၊ အလုပ်သမား ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ထိုင်း-မြန်မာ နှစ်နိုင်ငံအစိုးရ ပူးပေါင်းကာ မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် ယာယီနိုင်ငံကူးသက်တမ်းတိုးမြှင့်ပေးသည့်အစီအစဉ်ကို ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့မှ ၂၀၁၃ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့အထိ သုံးလ သတ်မှတ်ခဲ့သည်။

သို့သော် သက်တမ်းလာမတိုးသည့် တရားမဝင် အလုပ်သမားများ အများအပြား ကျန်ရှိနေသေးသောကြောင့်ထိုင်းအစိုးရဘက်မှ အချိန်ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်ကြောင်း ထိုင်းနိုင်ငံ၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အခုလက်ရှိမှာ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ဆိုရင် ယာယီနိုင်ငံကူးလက်မှတ်ထုတ်ဖို့စာရင်းလာသွင်းတဲ့အလုပ်သမားဦးရေက ခန့်မှန်းခြေ ၁၇၀,၀၀၀ ကျော်လောက်ပဲ ရှိဦးမယ်။ စာရင်းလာမသွင်းသေးဘဲ ကျန်နေတဲ့ တရားမဝင်အလုပ်သမားတွေ အများကြီး ကျန်နေသေးတယ်။ ဒါကြောင့် သက်တမ်းတိုးမယ့်ကာလကို ထပ်တိုးပေးလိုက်တာပါ"ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။

ထိုင်းနိုင်ငံတစ်ဝန်းတွင် အဆိုပါယာယီနိုင်ငံကူးလက်မှတ် ထုတ်ပေးသည့် အေဂျင်စီ ၆၉ ခုရှိပြီး မဲဆောက်မြို့တွင်မတ်လ ၁၁ ရက်နေ့အထိလာရောက်စာရင်းပေးသွင်းသူဦးရေ ၁၂,၀၀၀ ဝန်းကျင်ရှိပြီး မတ်လ ၁၁ ရက်နေ့မှ နောက်ဆုံးရက်သတ်မှတ်ခဲ့သည့် ၁၆ ရက်နေ့အထိ အလုပ်သမားဦးရေ ၅၀၀ နီးပါး လာရောက်တိုးမြှင့်ခဲ့ကြောင်း ရောင်ခြည်ဦး အလုပ်သမားအဖွဲ့ ဥပဒေအကြံပေး ဦးထွေးနိုင်က ပြောသည်။

"အခု သက်တမ်းတိုးဖို့အချိန် ၁၅ ရက်ထပ်ပေးပေမယ့် အလုပ်သမားဦးရေက အရမ်းများတော့ အချိန်လုံလောက်မယ်မထင်ဘူး။ အလုပ်ရှင်တွေကလည်း အလုပ်သမားတွေကို မယုံတော့ အာမခံအဖြစ်မလိုက်ကြဘူး။ အဲဒီတော့ အေဂျင်စီတွေမှာပဲ အပ်ပြီး လုပ်ကြရတော့ အေဂျင်စီတစ်ခုမှာ တစ်နေ့ကို လူ ၃,၀၀၀ လောက် လက်မှတ်လုပ်ဖို့ လျှောက်လွှာတင်ကြရတယ်။ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ဆိုရင် ပေးထားတဲ့ကာလနဲ့ မလုံလောက်နိုင်ဘူး"ဟု ဦးထွေးနိုင်က ခန့်မှန်းသည်။

ထိုင်းနိုင်ငံ၏ ယာယီနိုင်ငံကူးလက်မှတ် ထုတ်ပေးသည့်စနစ်တွင် ဆေးစစ်ရန်၊ အလုပ်သမားမှတ်ပုံတင်လုပ်ရန်နှင့် ယာယီသက်တမ်းတိုးပေးရန် စသည့် အဆင့်(၃)ဆင့် ရှိသောကြောင့် အလုပ်သမားမှတ်ပုံတင်လုပ်ရန် အလုပ်ရှင်များ၏ထောက်ခံချက် လိုအပ်ကြသည်။

"အလုပ်သမားတွေက သူတို့ကို အာမခံပေးမယ့် အလုပ်ရှင်ရှိပြီး ယာယီနိုင်ငံကူးလက်မှတ် ထုတ်ပေးလိုက်တာနဲ့ အဲဒီအလုပ်ကထွက်ပြီး လစာပိုရတဲ့ တခြားအလုပ်တွေကို သွားကြတယ်။ အဲဒီတော့ အလုပ်ရှင်တွေကလည်း အလုပ်ရှုပ်ခံပြီး မလိုက်ပေးကြတော့ဘူး။ အဲဒီတော့ ခုနောက်ပိုင်း အလုပ်သမားတွေက ပွဲစားတွေဆီရောက်ပြီး ဈေးကြီးကြီးနဲ့ လက်မှတ်ထုတ်ကြရတယ်"ဟု ရွှေ့ပြောင်းအလုပ်သမားများ အခွင့်အရေးကွန်ရက်က အထွေထွေ အတွင်းရေးမှူး မစ္စတာဆွန်ချိုင်း ဟွမ်လောက ပြောသည်။

ယာယီနိုင်ငံကူးလက်မှတ်ထုတ်ယူရန် တရားဝင်သတ်မှတ်ထားသည့် နှုန်းထားမှာ ဘတ်၄,၈၅၀ ဖြစ်သော်လည်း အေဂျင်စီများတွင် တစ်ဦးကို ဘတ် ၁၅,၀၀၀ ဝန်းကျင်ဖြင့် တွင်ကျယ်စွာ ဝန်ဆောင်မှုပေးနေသည်ဟု ၎င်းက ပြောသည်။

ထိုင်းနိုင်ငံတွင် မြန်မာနိုင်ငံမှ တရားဝင် ယာယီနိုင်ငံကူးလက်မှတ်ဖြင့် နေထိုင်သူ တစ်သန်းသုံးသိန်းကျော်ရှိပြီး တရားမဝင်နေထိုင်သူ ခုနစ်သိန်းဝန်းကျင်ရှိကာ ထိုင်းနိုင်ငံ၊ အလယ်ပိုင်း စမွတ်စခွန်(မဟာချိုင်)ဒေသတွင် တရားမဝင်နေထိုင်သူ ငါးသောင်းဝန်းကျင်ခန့်ရှိကြောင်း အဆိုပါကွန်ရက်၏ ထုတ်ပြန်ချက်အရ သိရသည်။

"ဘတ် ၁၅,၀၀၀ ဆိုတာ ဘန်ကောက်နဲ့ ချင်းမိုင်လို နေရာတွေမှာ အလုပ်လုပ်သူတွေအတွက် နှစ်နှစ်အတွင်း လုပ်ခနဲ့ တွက်ခြေကိုက်ပေမယ့် မဲဆောက်လို နယ်စပ်မြို့တွေမှာ အလုပ်လုပ်တဲ့သူတွေအတွက်တော့ မလွယ်လှဘူး"ဟု ချင်းမိုင်မြို့၌ ယာယီနိုင်ငံကူးလက်မှတ်ဖြင့် နေထိုင်သူ မြန်မာအလုပ်သမတစ်ဦးက ပြောသည်။ ■

ထိုင်းနိုင်ငံ ငါးလုပ်ငန်း ဆိပ်ကမ်းတစ်ခု၌ မြန်မာလုပ်သားများကို တွေ့ရစဉ်။ ဓာတ်ပုံ-အေအက်ဖ်ပီ

ကျွမ်းကျင်ဆရာဝန်များ မွေးထုတ်ရေးတွင် ပုဂ္ဂလိကကဏ္ဍ မှလည်း တာဝန်ယူရန်လိုအပ်

ယမုံဖူးသစ်

ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ရာတွင် ပုဂ္ဂလိကကဏ္ဍမှလည်း တစ်စိတ်တစ်ပိုင်း တာဝန်ယူဆောင်ရွက်သင့်ပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက တိုက်တွန်း ပြောကြားခဲ့သည်။

မတ်လ ၁၆ ရက်နေ့က ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း အထွေထွေ မျက်နှာစုံညီ အစည်းအဝေးတွင် ဒေါက်တာဖေသက်ခင်က ပုဂ္ဂလိကဆေးရုံများအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ မွေးထုတ်ထားသော ပညာရှင်များကိုသာ ခေါ်ယူအသုံးပြုနေခြင်းထက် မိမိတို့ကိုယ်တိုင် မွေးထုတ်သင်ကြား၍ ခန့်အပ်နိုင်ရန် လိုအပ်လာပြီဟု ပြောသည်။

"ဒီနေ့အထိ ပုဂ္ဂလိကဆေးရုံတွေမှာ အဓိကတာဝန်ယူဆောင်ရွက်နေကြတဲ့ အများစုသော ပညာရှင်တွေဟာ ကျန်းမာရေးဝန်ကြီးဌာနက မွေးထုတ်လေ့ကျင့်ထားတဲ့ ဆရာဝန်တွေ ဖြစ်နေတယ်"ဟု ၎င်းက ပြောသည်။

"နှစ်ပေါင်းများစွာ ပုဂ္ဂလိကကဏ္ဍဟာ ဝန်ဆောင်မှုကိုပဲ အလေးထားပြီး လေ့ကျင့်သင်ကြားပေးမှုအပိုင်းမှာ ရင်းနှီးမြှုပ်နှံမှု နည်းပါတယ်"ဟု ၎င်းကပြောသည်။

ပုဂ္ဂလိကကဏ္ဍမှ ကျွမ်းကျင်သူ ပညာရှင်များ မွေးထုတ်ရာတွင် မိမိတို့ အစီအစဉ်ဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ နိုင်ငံရပ်ခြားသို့ ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများ စေလွှတ်ခြင်းတို့အပြင် ငွေရေးကြေးရေး အခက်အခဲရှိသည့် ဆေးကျောင်းသားများအား ပညာသင်ဆုများပေး၍ မိမိတို့ထံတွင် အလုပ်ပြန်လည်ခန့်ထားခြင်းများလည်း ပြုလုပ်နိုင်ကြောင်း ၎င်းက ပြောသည်။

မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်းဥက္ကဋ္ဌ ဒေါက်တာရဲမိုးမြင့်က ပုဂ္ဂလိကကဏ္ဍအနေဖြင့် ကိုယ်ပိုင်သင်တန်းကျောင်း၊ ဆေးတက္ကသိုလ်ကောလိပ်များ ဖွင့်လှစ်ရန် လက်ရှိအနေအထားတွင် မဖြစ်နိုင်သေးကြောင်း မတ်လ ၁၆ ရက်နေ့က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

"လောလောဆယ်မှာတော့ အချိန်ယူရဦးမယ်။ ကျွန်တော်တို့ဘက်က နည်းပညာ၊ အတွေ့အကြုံ အများကြီး လိုအပ်နေသေးတယ်။ လောလောဆယ်မှာတော့ ပုဂ္ဂလိကနဲ့ အစိုးရကဏ္ဍရောထွေးနေဦးမှာပဲ"ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံတွင် ရန်ကုန်၊ မန္တလေးနှင့် မကွေးမြို့များရှိဆေးတက္ကသိုလ်လေးခုမှ တစ်နှစ်လျှင် ဆရာဝန် ၂,၄၀၀ ခန့် မွေးထုတ်ပေးလျက်ရှိရာ ယခုနှစ်တွင် ကျောင်းသားဦးရေစုစုပေါင်း ၁,၂၀၀ ကိုသာ ဝင်ခွင့်ပြုထားကြောင်း တွေ့ရသည်။

ဆေးကျောင်းအသီးသီးမှ ဘွဲ့ရရှိပြီးသူ ဆရာဝန်များအနေဖြင့် အစိုးရကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍ၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ ဘာသာရေးဆိုင်ရာ အဖွဲ့အစည်းများတွင် ဝင်ရောက်လုပ်ကိုင်ကြပြီး အချို့မှာလည်း ဆေးကုသခြင်းနှင့် မဆိုင်သည့် နယ်ပယ်များသို့ ရောက်ရှိသွားကြသည်ဟု ပြည်ထောင်စုဝန်ကြီးကပြောသည်။

ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသောနောက်ဆုံးရ စာရင်းဇယားများအရ ၂၀၁၀-၁၁ ခုနှစ်တွင် အစိုးရဌာန၌ ဆရာဝန် ၁၀,၉၂၇ ဦး၊ အသင်းအဖွဲ့နှင့် ပုဂ္ဂလိကဌာနများ၌ ဆရာဝန် ၁၅,၅၀၈ ဦး၊ စုစုပေါင်း ၂၆,၄၃၅ ဦး ရှိနေသည်။

မြန်မာနိုင်ငံတွင် ပုဂ္ဂလိကဆေးရုံပေါင်း ၁၆၅ ရုံရှိသည်ဟု ပုဂ္ဂလိကဆေးရုံများအသင်းမှ သိရသည်။ ■

လူနေရပ်ကွက်များအနီး သုသာန်နှင့် မီးသဂြိုဟ်စက် တည်ဆောက်မှုအား ဆက်လက်ကန့်ကွက်

နိုနိုအောင်

ကျူချောင် သုသာန်အား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဘာသာစုံသုသာန်အဖြစ် ပြောင်းလဲဆောင်ရွက်ပြီး မီးသဂြိုဟ်စက်တည်ဆောက်နေမှုအား ဆက်လက်ကန့်ကွက်သွားမည်ဖြစ်ကြောင်း ရွှေပြည်သာမြို့နယ်မှ နေထိုင်သူများက ပြောသည်။

"မီးသဂြိုဟ်စက်က ရပ်ကွက်ငါးခုရဲ့ အလယ်ကောင်မှာဖြစ်နေတယ်။ ကျန်းမာရေးရှုထောင့်အရကြည့်ရင်လည်း လူနေအိမ်တွေနဲ့ အရမ်းနီးကပ်တဲ့နေရာမှာ မီးသဂြိုဟ်စက်ဆောက်တာ မသင့်တော်ပါဘူး။ နောက်ပြီး သဂြိုဟ်စက်နဲ့ ရပ်ကွက်က ကိုးကွယ်တဲ့ ဘုန်းကြီးကျောင်းတွေနဲ့က ပေ ၁၀၀ တောင် မဝေးဘူး။ ဒီနားမှာ မီးသဂြိုဟ်စက်ကြီး ဆောက်ထားတော့ ကျွန်တော်တို့ကိုးကွယ်တဲ့ ဘုန်းကြီးတွေ သီတင်းသုံးတဲ့အခါ နေ့စဉ်နေ့တိုင်း ညှော်နံ့တွေ၊ မီးခိုးပြာတွေနဲ့ စိတ်အနှောင့်အယှက်ဖြစ်ရမယ့်အပြင် ရပ်ကွက်နေပြည်သူတွေအတွက်လည်း လူမှုရေး၊ ကျန်းမာရေးထိခိုက်မှာမို့လို့ ဒါကို သဘောမတူနိုင်တာပါ" ဟု ရွှေပြည်သာမြို့နယ်မှ လူမှုရေးအဖွဲ့တစ်ဖွဲ့ ဖြစ်သော ထာဝရမေတ္တာရှင် လူငယ်များအဖွဲ့မှ ကိုအောင်ကြီးက ပြောသည်။

"လူမျိုးရေး၊ ဘာသာရေး ဘာတစ်ခုမှ မပါပါဘူး။ ဒီသုသာန်ကြီးကို ဖယ်ရှားရှင်းလင်းဖို့တစ်ခုပဲ ကျွန်တော်တို့ ကန့်ကွက်ခဲ့တာပါ"ဟု ၎င်းက ပြောသည်။

ရွှေပြည်သာ မြို့နယ်မှ အမှတ် ၁၀၊ ၁၁ နှင့် ၁၈ ရပ်ကွက်တို့ အပါအဝင် အဆိုပါ ရပ်ကွက်ငါးခုရှိနေရာသည် ရွှေပြည်သာမြို့သစ်မတည်ခင်က ကျူချောင်ကျေးရွာအဖြစ် တည်ရှိခဲ့ဖူးကြောင်း ဒေသခံများထံမှ သိရသည်။ အဆိုပါ ကျူချောင်ရွာ၌ ကျေးရွာထုံးစံအရ ကျူချောင် သုသာန်ပါ တွဲလျက် တည်ရှိခဲ့ဖူးပြီး ရွှေပြည်သာမြို့သစ်တည်ပြီးချိန် နောက်ပိုင်းကာလမှစ၍ အဆိုပါသုသာန်ကို အသုံးမပြုကြတော့ကြောင်း ဒေသခံများကဆိုသည်။

ကျူချောင်ကျေးရွာ သုသာန်တွင် အစ္စလာမ်ဘာသာဝင်များအတွက် သတ်မှတ်နေရာတစ်ခုလည်း ရှိခဲ့ကြောင်း၊ ယခုအခါတွင်မူ အဆိုပါသုသာန်ကို ကိုးကွယ်မှုဘာသာစုံအသုံးပြုနိုင်သော ဘာသာစုံသုသာန်အဖြစ် ပြောင်းလဲ၍ မီးသဂြိုဟ်စက်တစ်ခုကိုပါ တည်ဆောက်နေသဖြင့် ဒေသခံပြည်သူများက ဝိုင်းဝန်းကန့်ကွက်ကြခြင်းဖြစ်ကြောင်း ရွှေပြည်သာမြို့နယ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ အတွင်းရေးမှူး ဒေါ်မျိုးမျိုးအေးက ပြောသည်။

> **လူမျိုးရေး၊ ဘာသာရေး ဘာတစ်ခုမှမပါပါဘူး။ ဒီသုသာန်ကြီးကို ဖယ်ရှားရှင်းလင်းဖို့ တစ်ခုပဲ...**

"လူမျိုးရေး၊ ဘာသာရေးကို အကြောင်းပြုတာမဟုတ်ဘဲ လူနေရပ်ကွက်တွေနားမှာ သုသာန်တည်ဆောက်တာကိုပဲ ကန့်ကွက်တာဖြစ်ပါတယ်။ ဒါပေမဲ့ အစောပိုင်းက ဒီဖြစ်ရပ်ကိုဖော်ပြခဲ့တဲ့ သတင်းဂျာနယ်တချို့မှာ လူမျိုးခြားသုသာန်မို့ ကန့်ကွက်တဲ့အနေနဲ့ ပါလာတယ်။ တကယ်က အဲဒီလိုမဟုတ်ဘူး။ ပြီးတော့ ကျူချောင်သုသာန်ဆိုတာ ကျူချောင်ကျေးရွာ သုသာန်အနေနဲ့ရှိခဲ့ဖူးတာ မှန်ပေမယ့် ရွှေပြည်သာမြို့သစ်ဖြစ်သွားတဲ့အချိန်မှာ ရပ်ကွက်ထဲမှာ သုသာန်ရှိနေတာကတော့ မဖြစ်သင့်ပါဘူး"ဟု ဒေါ်မျိုးမျိုးအေးက ဆိုသည်။

အဆိုပါသုသာန်တွင် သဂြိုဟ်ရန်အတွက် လူနေရပ်ကွက်နှင့် သာသနာ့နယ်မြေများကို ကျော်ဖြတ်သွားရမည်ဖြစ်သောကြောင့် နာရေးကိစ္စများ ဆောင်ရွက်ရန်နှင့် သုသာန်သို့ ဝင်ထွက်ရန် အဆင်မပြေကြောင်း ၎င်းက ဆိုသည်။

ပထမအကြိမ် ရပ်ကွက်နေသူများက သုသာန်တည်ဆောက်ခြင်းကို ကန့်ကွက်ခဲ့စဉ်က တာဝန်ရှိသူများဘက်မှ နေထိုင်သူများသည် တည်ဆောက်ရေးလုပ်ငန်းများ စတင်ခဲ့ချိန်က ကန့်ကွက်ပြောဆိုခြင်း မရှိခဲ့ဘဲ တည်ဆောက်၍ပြီးခါနီးမှ ကန့်ကွက်သည်ဟု ပြောဆိုသည်များရှိခဲ့ပြီး အဆိုပါစကားကိုလည်း လက်မခံနိုင်ကြောင်း ၎င်းက ပြောသည်။

"အဲဒီနေရာကို တစ်ခုခုဆောက်နေတယ်ဆိုတာတော့ သိပါတယ်။ ဒါပေမဲ့ ရပ်ကွက်နေ ပြည်သူတွေဘက်က ဘာဆောက်နေတယ်ဆိုတာ သိခွင့်မရခဲ့ဘူး။ လုပ်ငန်းခွင်ကိုလည်း ကာရံထားပြီးတော့ ဘာဆိုတာကိုလည်း မပြောခဲ့ဘူး။ အစက အစိုးရစီမံကိန်းတစ်ခုခု လုပ်နေတယ်ပဲ ထင်လို့"ဟု အမှတ်(၁၁)ရပ်ကွက်တွင် နေထိုင်သူတစ်ဦးက ပြောသည်။

အဆိုပါသချိုင်း ပြန်လည်တည်ဆောက်ခြင်းနှင့်ပတ်သက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနသို့ မြန်မာတိုင်း(မ်)မှ အကြိမ်ကြိမ် ဆက်သွယ်ခဲ့သော်လည်း လတ်တလောအချိန်တွင် ဖြေကြားနိုင်ခြင်းမရှိသေးကြောင်း လက်ထောက်ဌာနမှူး ဦးရဲမြင့်အောင်က ယခုလ ၁၅ ရက်နေ့တွင် ပြန်လည်ဖြေကြားသည်။ ■

နိုင်ငံကူးလက်မှတ် လျှောက်ထားရာတွင် မလိုအပ်သည့်အဆင့်များ ပယ်ဖျက်

ဇော်ဝင်းသန်း

နိုင်ငံကူးလက်မှတ် လျှောက်ထားရာ၌ ယခင်က မဖြစ်မနေတင်ပြရသည့် ပညာရေးနှင့် အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်များသည် ပြည်ပသွားမည့်သူများအတွက် အချိန်ကြန့်ကြာမှုနှင့် ငွေကြေးကုန်ကျမှု စသော ဝန်ထုပ်ဝန်ပိုးများဖြစ်စေသည့်အတွက် ယခုမတ်လလယ်မှစတင်ခါ အဆိုပါပုံစံစနစ်များကို ပယ်ဖျက်လိုက်ကြောင်း သက်ဆိုင်ရာဝန်ကြီးဌာနများက ထုတ်ပြန်ကြေညာသည်။

ကနဦးအနေဖြင့် မတ်လ ၁၅ ရက်နေ့မှ စတင်ခါ ပြည်ပသို့ထွက်ခွာမည့်သူများ ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကင်းရှင်းကြောင်း သက်သေခံလက်မှတ် ပုံစံ(ဂ) ပတခ (ဝင)-၁၂ ခေါ် ပုံစံ(၁၉)နှင့် လေဆိပ်လူဝင်မှုကြီးကြပ်ရေးတွင် တင်ပြရသည့်ပုံစံ(ယ)ခေါ် D-Form တို့အား လျှောက်ထားတင်ပြန်ရန် မလိုအပ်တော့ကြောင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက ကြေညာလိုက်သည်။

အလားတူမတ်လ ၁၈ ရက်နေ့မှစတင်ခါ နိုင်ငံကူးလက်မှတ် လျှောက်ထားရာတွင် ပညာရေးကင်းရှင်းကြောင်း ထောက်ခံချက်အား ပူးတွဲတင်ပြရန် မလိုအပ်တော့ကြောင်း ပညာရေးဝန်ကြီးဌာန၊ အောက်မြန်မာပြည် အဆင့်မြင့်ပညာဦးစီးဌာနက မတ်လ ၁၇ ရက်နေ့က ထုတ်ပြန်ကြေညာလိုက်သည်။

ထို့ပြင် လွန်ခဲ့သောနှစ် နိုဝင်ဘာလ ၁ ရက်နေ့မှစတင်ပြီး နိုင်ငံကူးလက်မှတ် လျှောက်ထားသူများအား ယခင်စနစ်ဟောင်းအရ နိုင်ငံကူးလက်မှတ် သက်တမ်း သုံးနှစ်အစား သက်တမ်းငါးနှစ်အဖြစ် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးဘုတ်အဖွဲ့က ပြောင်းလဲသတ်မှတ်ခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံကူးလက်မှတ်များကို ယခင်က လျှောက်ထားပြီး သတ်မှတ်ကာလ တစ်လခန့်အကြာတွင်သာ ထုတ်ပေးခဲ့သော်လည်း ယခုအခါ လျှောက်ထားပြီး ၁၀ ရက်အတွင်း ထုတ်ပေးရန် စီစဉ်ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးမှ မတ်လ ၁၉ ရက်နေ့က ထုတ်ပြန်ကြေညာသည်။

ထို့ပြင် မြန်မာနိုင်ငံကူးလက်မှတ် လျှောက်ထားရာတွင် ယခင်က လျှောက်လွှာပုံစံ ၁၄ ရွက်ဖြည့်သွင်းခဲ့ရာမှ လျှောက်လွှာပုံစံ ငါးရွက်အထိ လျှော့ချလိုက်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ■

မလေးရှားသို့ သွားရောက် ဆေးကုသမှုနှုန်း မြင့်တက်

ယမုံဖူးသစ်

မြန်မာနိုင်ငံသားများ မလေးရှားနိုင်ငံသို့ သွားရောက်ဆေးကုသမှုနှုန်း ပိုမိုမြင့်တက်လာကာ နှလုံးရောဂါနှင့် အရိုး အကြောဆိုင်ရာရောဂါများ အတွက် အများဆုံးသွားရောက်ကြသည်ဟု မလေးရှား ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာပြပွဲ ၂၀၁၃ မှ သိရသည်။

ရန်ကုန်မြို့ Traders Hotel တွင် မတ်လ ၁၄ နှင့် ၁၅ ရက်နေ့က ပြုလုပ်သော အဆိုပါပြပွဲတွင် မလေးရှားကျန်းမာရေးစောင့်ရှောက်မှုနှင့် ခရီးသွားကောင်စီ(MHTC)၏ အမှုဆောင် အရာရှိချုပ် Dr. Mary Wong က မလေးရှားနိုင်ငံသို့ မြန်မာနိုင်ငံသားများ လာရောက်နှုန်းမှာ ၂၀၁၂ ခုနှစ်တွင် ၂၃ ရာခိုင်နှုန်း မြင့်တက်လာသည်ဟု ပြောသည်။

၂၀၁၁ ခုနှစ်တွင် မလေးရှားနိုင်ငံသို့ လာရောက်ဆေးကုသသူ လူနာပေါင်း ၅,၈၀၀ ကျော်ခန့်ရှိခဲ့ရာမှ ၂၀၁၂ ခုနှစ်တွင် ၇,၂၀၀ ကျော်ရှိလာသည်ဟု ၎င်းကပြောသည်။

၂၀၁၂ ခုနှစ်အတွင်း မလေးရှားနိုင်ငံသို့ လာရောက်ဆေးကုသသည့် လူနာစုစုပေါင်း ၆၄၃,၀၀၀ ရှိခဲ့သည်။ လူနာအများစုမှာ နှလုံးရောဂါ၊ အရိုးအကြောရောဂါများ၊ ကင်ဆာရောဂါ၊ ဖန်ပြွန်သန္ဓေသားပြုလုပ်ခြင်း၊ ခွဲစိတ်ပြုပြင်ခြင်း၊ သွားဘက်ဆိုင်ရာရောဂါများနှင့် မျက်စိကုသရန် လာရောက်ကြသည်ဟု သိရသည်။ ■

လေယာဉ်မောင်း ပညာသင်ဆု ထူးဖောင်ဒေးရှင်း ပေးမည်

သင်တန်း၌ ဩစတြီးယားနိုင်ငံထုတ် ဘေးကင်းလုံခြုံသည့် အမောင်းသင်လေယာဉ် အသစ်သုံးစီးဖြင့် အသုံးပြုသင်ကြားသွားမည်

သီဟတိုး

မြန်မာနိုင်ငံ၌ ဖွင့်လှစ်ထားသည့် Myanmar Aviation Academy တွင် လေယာဉ်မောင်းသင်တန်း တက်ရောက်လိုသော်လည်း သင်တန်းကြေးမတတ်နိုင်သည့် လူငယ် ၁၀ ဦးအား ထူးဖောင်ဒေးရှင်းက နှစ်စဉ် ပညာသင်ဆု ထောက်ပံ့ပေးသွားမည်ဟု သိရသည်။

"ပညာသင်ဆုပေးရတဲ့ အဓိက ရည်ရွယ်ချက်ကတော့ ပညာရည်ထူးချွန်ပြီး အရည်အချင်းပြည့်ဝတဲ့ လူငယ်တွေ လေယာဉ်မောင်းအတတ်ပညာနဲ့ လေကြောင်းပညာရပ်တွေကို ဝါသနာပါ စိတ်ဝင်စားပြီး ပိုင်းလော့ဖြစ်ချင်သူတွေ ရှိတယ်။ အဲလိုလူငယ်လေးတွေမှာ မိသားစုက ဆင်းရဲနွမ်းပါးတဲ့အတွက်ကြောင့် ငွေကြေးမတတ်နိုင်လို့ သင်တန်းမတက်ရောက်နိုင်သူတွေလည်း ရှိတယ်။ သူတို့တွေကို ပညာပါရမီဖြည့်ပေးတာပါ။ တကယ်ထူးချွန်ပြီး ကြိုးစားချင်စိတ်ရှိတဲ့ လူငယ်တွေကို မြေတောင်မြှောက်ပေးတာပါ"ဟု Myanmar Aviation Academy ဥက္ကဋ္ဌ ဦးကြည်ဝင်းက မြန်မာတိုင်း(မ်)ကို ပြောသည်။

ပညာသင်ဆုလျှောက်ထားလိုသူများသည် အသက် ၁၇ နှစ် ပြည့်ပြီးသူများဖြစ်ရမည်ဖြစ်ပြီး သင်တန်းစရိတ်ပေးသွင်းရန် အမှန်တကယ် ငွေကြေးမပြည့်စုံသူဖြစ်ရမည်ဖြစ်သည်။

Myanmar Aviation Academy မှ စစ်ဆေးမည့် ဝင်ခွင့်စာမေးပွဲများကိုလည်း အနိမ့်ဆုံး ရမှတ် ၆၀ နှင့်အထက် အောင်မြင်ရမည်ဖြစ်ပြီး လေယာဉ်မှူးတစ်ဦးဖြစ်ရန်အတွက် လိုအပ်သော စစ်ဆေးမှုများဖြစ်သည့် ကျန်းမာရေး စစ်ဆေးမှု၊ Spot Test နှင့် Drum Test၊ Dual Hour နာရီ ၂၀ သင်ကြားပြီးချိန်တွင် ပထမအကြိမ် တစ်ဦးတည်းမောင်းနှင်ခြင်း၊ First Solo သွားနိုင်သော အရည်အချင်းရှိသူဖြစ်ရမည် ဖြစ်သည်။

ထို့ပြင် လေယာဉ်မောင်း အတတ်ပညာကို ဝါသနာပါ၍ စိတ်ပါဝင်စားသူဖြစ်ပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲကို သိပ္ပံဘာသာတွဲဖြင့် ရမှတ်အနည်းဆုံး ၃၆၀ နှင့် အထက် အောင်မြင်ထားသူ၊ အင်္ဂလိပ်စာ၊ သင်္ချာနှင့် ရူပဗေဒ ဘာသာရပ်များအား ဂုဏ်ထူးဖြင့်အောင်မြင်သူများအား ဦးစားပေး ရွေးချယ်သွားမည်ဟု သိရသည်။

"သင်တန်းကိုတော့ အကြမ်းအားဖြင့် လာမယ့်ဇွန်လ နောက်ဆုံးပတ်မှာ စတင်ဖွင့်လှစ်ဖို့ ခန့်မှန်းထားပါတယ်။ သင်တန်းသားဦးရေ ၂၄ ဦး သတ်မှတ်ထားပါတယ်။ ၂၄ ဦးမှာ ထူးဖောင်ဒေးရှင်းက ၁၀ ဦး ပညာသင်ဆု ထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

ပညာသင်ဆု လျှောက်လွှာများကို အမှတ်(၄)၊ ကွန်ဒိုစီ၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ တက္ကသိုလ်ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ Myanmar Aviation Academy တွင် ထုတ်ယူပြီး မတ် လ ၁၈ ရက်နေ့မှ စတင်လျှောက်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

ပညာသင်ဆုရွေးချယ်ရာတွင် ယင်းပညာသင်ဆုနှင့်ပတ်သက်သော စစ်ဆေးမှုများအားလုံးကို Myanmar Aviation Academy ၏ အုပ်ချုပ်မှုကော်မတီမှ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ထူးဖောင်ဒေးရှင်းက ရွေးချယ်အတည်ပြုပေးသွားမည်ဖြစ်သည်။

ယခုနှစ် ဇွန်လကုန်ပိုင်း၌ စတင်ဖွင့်လှစ်မည့် လေယာဉ်မောင်းသင်တန်းတွင် ဩစတြီးယားနိုင်ငံမှ မှာယူထားသည့် အမောင်းသင် လေယာဉ်အသစ်သုံးစီးဖြင့် လက်တွေ့ အသုံးပြုသင်ကြားသွားမည်ဖြစ်ကြောင်း အဆိုပါသင်တန်းကျောင်းဥက္ကဋ္ဌ ဦးကြည်ဝင်းက ပြောကြားသည်။

သင်တန်း၌ အသုံးပြုမည့် လေယာဉ်နှင့်အတူ သင်တန်းသူတစ်ဦးကို တွေ့ရစဉ်။ ဓာတ်ပုံ-ဘူးသီး

အဆိုပါ လေယာဉ်အသစ်သုံးစီးအား အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ သန်း အကုန်ကျခံကာ ဩစတြီးယားနိုင်ငံ Diamond Aircraft Industries ကုမ္ပဏီမှ မှာယူထားပြီး ၁၉၉၇ ခုနှစ်ထုတ် DA-40 NG (Diamond Aircraft-40 New Generation) အမျိုးအစား လေယာဉ်များဖြစ်သည်ဟု ယင်းသင်တန်းကျောင်းမှ နည်းပြမှူးချုပ် ကပ္ပတိန်သန်းဇော်က ပြောသည်။

"ဒီလေယာဉ်ပုံတွေက အခုအခါမှာ ပေါ်ပြူလာဖြစ်တယ်။ ကမ္ဘာပေါ်မှာရှိတဲ့ Flying Training School တော်တော်များများမှာ အသုံးပြုနေပါတယ်။ Flying Traning School တွေမှာသာမက လေတပ် တွေမှာလည်း အသုံးပြုနေပါတယ်။ လုံခြုံမှုကို ဦးစားပေးတဲ့ လေယာဉ်တွေ ဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

ယင်းလေယာဉ်သစ် သုံးစီးသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယခုလ ၃ ရက်နေ့က ရောက်ရှိလာပြီး အဆိုပါအမောင်းသင် လေယာဉ်သုံးစီးအား မြန်မာအင်ဂျင်နီယာများနှင့် နိုင်ငံခြားသား အင်ဂျင်နီယာများ ပူးပေါင်းတပ်ဆင်ခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ အမောင်းသင်လေယာဉ်သစ်များသည် လေကြောင်းညွှန်ကြားမှုဦးစီးဌာနမှ သတ်မှတ်ထားသည့်အတိုင်း Safety ကိုဦးစားပေးထားသော လေယာဉ်များဖြစ်ပြီး နည်းပညာမြင့်သော၊ အင်ဂျင်ပါဝါကောင်းသော၊ ဘေးကင်းလုံခြုံစိတ်ချစွာ ပျံသန်း သင်ပြပေးနိုင်သော စက်ကိရိယာများ တပ်ဆင်အသုံးပြုထားသည့် အမောင်းသင် လေယာဉ်များဖြစ်သည်ဟု ယင်းသင်တန်းကျောင်း၏ ကျောင်းအုပ်ကြီး ဦးထွန်းမြတ်က ပြောသည်။

ယင်းလေယာဉ်များသည် တစ်နာရီ မိုင် ၁၂၀ ပျံသန်းနိုင်ပြီး အမြန်ဆုံး မိုင် ၁၅၀ အထိ ပျံသန်းနိုင်သည်။

"ပြည်တွင်းမှာ ပြည်တွင်း လေကြောင်းလိုင်း ခြောက်ခု၊ နိုင်ငံတကာ လေကြောင်းလိုင်း နှစ်ခု၊ စုစုပေါင်း လေကြောင်းလိုင်း ရှစ်ခုရှိပါတယ်။ နောက်ထပ် လေကြောင်းလိုင်း သုံးခု ထပ်တိုးဖို့လည်းရှိပါတယ်။ လက်ရှိအခြေအနေအရ ဂျူနီယာ FO လို့ခေါ်တဲ့ တွဲဖက် လေယာဉ်မှူးတွေလည်း လိုအပ်နေပါတယ်။ လေယာဉ်မှူးကြီးတွေလည်း လိုအပ်နေပါတယ်" ဟု ဦးကြည်ဝင်းက ပြောသည်။ ■



မဲခေါင် လူမှုစီးပွားရေးဆိုင်ရာပြိုင်ပွဲကို မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် ကျင်းပ

ယွန်းနှင်း

မဲခေါင်လူမှုစီးပွားရေးဆိုင်ရာ ပြိုင်ပွဲကို မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် မတ်လ ၁၆ ရက်နေ့က ရန်ကုန်မြို့ ကန်တော်ကြီးဟိုတယ်တွင် ကျင်းပခဲ့ရာ မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကျောင်းသားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

အဆိုပါပြိုင်ပွဲကို ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် ပူးပေါင်းကာ စပွန်ဆာအဖြစ် McKinsey & Company၊ Fusion Partners၊ Google၊ Standard Chartered နှင့် အခြားကုမ္ပဏီများမှ ကမကထပြုလုပ်ခြင်းဖြစ်ပြီး ပထမဆုရရှိသောအဖွဲ့အား ဟားဗတ်တက္ကသိုလ်၌ ကျင်းပမည့် International Business Model Competition တွင်ယှဉ်ပြိုင်ခွင့်ရမည်။

"အခုဆိုရင် မြန်မာနိုင်ငံမှာ စိတ်လှုပ်ရှားစရာတွေ အများကြီးရှိတယ်။ ပြီးတော့ နှစ်တိုင်းက ကမ္ဘောဒီးယားမှာလုပ်နေတာထက် မြန်မာမှာလုပ်တာကို ပိုစိတ်ဝင်စားကြတယ်။ မဲခေါင်မှာဆိုရင် ကျွန်တော်တို့တွေအားလုံး ရောက်ဖူးကြပေမယ့် မြန်မာနိုင်ငံကိုတော့ တစ်ခါမှ မရောက်ဖူးကြဘူးလေ။ ဒါကြောင့် ဒီမှာ ကျင်းပခြင်းအားဖြင့် လူတွေအများကြီး ရောက်ဖူးသလို လေ့လာစရာတွေလည်း အများကြီးရနိုင်တယ်။ ဒီပြိုင်ပွဲကိုတော့ မြန်မာကျောင်းသားတွေအနေနဲ့ ဒုတိယအကြိမ် ယှဉ်ပြိုင်ခြင်းဖြစ်ပါတယ်" ဟု McKinsey & Company မှ စီစဉ်သူ Stephen Paterson က ပြောသည်။

"နောက်နှစ်တွေမှာ မြန်မာနိုင်ငံဒေသတွင်းက တက္ကသိုလ်တွေ ပါဝင်ဖို့ကို ဖိတ်ခေါ်ချင်ပါတယ်။ အခုပြိုင်ပွဲက စီးပွားရေးဆိုင်ရာ ပြိုင်ပွဲဆိုတာထက် လူမှုအကျိုးပြု စီးပွားရေးလုပ်ငန်းဖြစ်ပြီး နိုင်ငံငါးနိုင်ငံက ပါဝင်ယှဉ်ပြိုင်တာဖြစ်တယ်။ ဒီပြိုင်ပွဲက သီအိုရီတင်မဟုတ်ဘဲ လက်တွေ့ကိုပါ အားပေးတာပါ"ဟု ၎င်းက ပြောကြားသည်။

ယခုနှစ်ပြိုင်ပွဲတွင် ငါးနိုင်ငံမှ အဖွဲ့ပေါင်း ၁၀၀ နီးပါး လျှောက်ထားသည့်အထဲမှ ၁၀ ဖွဲ့ကို ရွေးချယ်ကာ ယှဉ်ပြိုင်ခြင်းဖြစ်ပြီး လာအိုနိုင်ငံ ကျောင်းသားအဖွဲ့ Moringa Tea က ပထမဆုရရှိပြီး ဒုတိယကို ဗီယက်နမ်မှ Our Way နှင့် ကမ္ဘောဒီးယားမှ Organic Vigenar က တတိယဆု ရရှိခဲ့ကြသည်။

မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင် ရှုမဝခင်က "အခု ပြိုင်ခဲ့တဲ့ထုတ်ကုန်က တစ်ခါသုံး Slipper၊ လက်ရှိဈေးကွက်ထဲမှာက ဈေးကြီး ဈေးပေါတာမျိုး မဟုတ်ဘဲ သူကရေနံကထုတ်တဲ့ ဘေးထွက်ပစ္စည်းကလုပ်တာဖြစ်တယ်။ Recycle လုပ်လို့ရတဲ့အသားကနေ လုပ်ထားတာဖြစ်တယ်။ ပြိုင်တဲ့အခါ နိုင်ငံတကာအတွေ့အကြုံလည်းရတယ်။ ဆုရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ network တွေ ထပ်တိုးတယ်။ သူများနိုင်ငံတွေ ဘာလုပ်နေတယ်၊ ကိုယ့်နိုင်ငံက ဒါတွေလုပ်သွားတယ် စသဖြင့် ယှဉ်တတ်သွားမယ်"ဟု ပြောသည်။ ■

လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး နှင့် ပူးပေါင်းဆောင်ရွက်ရေးများ ထည့်သွင်းစဉ်းစားရန် လိုအပ်

ချယ်ရီသိန်း

အသွင်ကူးပြောင်းနေသော တိုင်းပြည် အနေအထားအရ လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုနှင့် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများကို ထည့်သွင်းစဉ်စားခြင်းဖြင့် လက်ရှိဆောင်ရွက်နေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ လုံခြုံရေးအခန်းကဏ္ဍ မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုဆွေးနွေးပွဲ တက်ရောက်လာသူများက ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံဆိုင်ရာ လုံခြုံရေးအခန်းကဏ္ဍ မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု ဆွေးနွေးပွဲကို ဖေဖော်ဝါရီလ ၉ နှင့် ၁၀ ရက်နေ့တို့တွင် Action Asia Balay Mindanoa ICPEACE နှင့် Gender and Development Initiative တို့မှ ပူးပေါင်း၍ နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ဖိလစ်ပိုင်နိုင်ငံ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေကြသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

လုံခြုံရေးအခန်းကဏ္ဍဟု ဆိုသောအခါ နိုင်ငံတော်လုံခြုံရေးအခန်းကဏ္ဍအဖြစ် အများအားဖြင့် မြင်တွေ့တတ်ကြကာ နိုင်ငံတစ်နိုင်ငံ၏ လုံခြုံစိတ်ချရမှုအခြေအနေသည် တပ်မတော်အင်အားရှိမှုဖြစ်သည်ဆိုသည့်အတိုင်း တပ်မတော်၏ အခန်းကဏ္ဍမှာလည်း အရေးကြီးသလို အခြားတစ်ဖက်ကလည်း လူသားများ၏ လုံခြုံရေးကဏ္ဍသည်လည်း အရေးကြီးကြောင်း၊ လုံခြုံရေးအခန်းကဏ္ဍ ပြုပြင်ပြောင်းလဲမှုနှင့် ပူးပေါင်းဆောင်ရွက်သင့်သည့် လုပ်ငန်းများကို ဆွေးနွေးခဲ့ကြသည်။

လူသားများသည် မိမိတို့၏ စားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှားရာတွင် လုံခြုံစိတ်ချစွာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရရှိပါက ပျော်ရွှင်ဝမ်းမြောက်စွာ နေထိုင်နိုင်မည်ဖြစ်သည်ဟု ဆိုသည်။

သို့သော် အဆိုပါရုန်းကန်လှုပ်ရှားမှုများသည် တစ်ခါတစ်ရံတွင် အပြိုင်အဆိုင်ဖြစ်လာပြီး ပဋိပက္ခအသွင်ဆောင်လာကြသည့်အတွက် အခက်အခဲအမျိုးမျိုးနှင့် ဖြစ်ပေါ်လာကြသည်။

ထို့ကြောင့် လူသားများ၏ လုံခြုံရေးအခန်းကဏ္ဍနှင့် ကိုက်ညီမှုရှိသော လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ နည်းဥပဒေများ၊ နိုင်ငံတကာစံချိန်၊ စံနှုန်းများ ကုလသမဂ္ဂ လူသားအခွင့်အရေးဆိုင်ရာ အချက်များနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ကြောင်း ဆွေးနွေးခဲ့ကြသည်။

လက်ရှိငြိမ်းချမ်းရေး တည်ဆောက်ရေးလုပ်ငန်းများသည် အစိုးရနှင့် တပ်မတော်တွင်သာ တာဝန်ရှိသည်မဟုတ်ဘဲ အခြားသော လက်နက်ကိုင်အဖွဲ့အစည်းများနှင့် လူမှုအဖွဲ့အစည်းတွင်လည်း တာဝန်ရှိသည်ဖြစ်ရာ လုံခြုံရေးဆိုင်ရာ သဘောထားအမြင်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများအား ၎င်းအဖွဲ့များအကြားသို့ရောက်ရန် လိုအပ်ကြောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ လယ်မြေနှင့် အခြားမြေများ သိမ်းဆည်းခံယူမှု စုံစမ်းရေး ကော်မရှင်အဖွဲ့ဝင် ဒေါ်ခင်ဝိုင်းကြည်က ဆွေးနွေးပွဲတွင်ပြောသည်။

"ငြိမ်းချမ်းမှုမရှိဘဲနဲ့ တိုင်းပြည်ဟာ ဖွံ့ဖြိုး တိုးတက်မှာမဟုတ်ပါဘူး။ ငြိမ်းချမ်းမှုဟာ လူသားတစ်ဦးချင်းစီရဲ့ လုံခြုံမှုနဲ့ သက်ဆိုင်တယ်။ ကျွန်မအနေနဲ့ လုံခြုံရေးလို့ပြောရင် နိုင်ငံလုံခြုံရေးအမြင်နဲ့ ကျင့်သားရနေပေမယ့် အခုငြိမ်းချမ်းရေးနဲ့ ဆက်စပ်လာတဲ့အခါ လုံခြုံမှုရှိမှ၊ ငြိမ်းချမ်းနိုင်မယ်၊ ငြိမ်းချမ်းမှ ဖွံ့ဖြိုးနိုင်မယ်ဆိုတဲ့ အမြင်ကျယ်လာတယ်။ လူသားလုံခြုံရေးဆိုင်ရာလုပ်ငန်းတွေကို ထိရောက်စွာဆောင်ရွက်နိုင်ဖို့ ဒီသဘောထားအမြင်တွေဟာ လူထုထဲမှာ အများကြီးရောက်ရှိဖို့ လိုအပ်တယ်။ အမြင်တွေ ပြောင်းဖို့လည်း လိုတယ်။ ဒါမှလည်း ပူးပေါင်းဆောင်ရွက်တဲ့နေရာမှာ အဆင်ပြေနိုင်မယ်"ဟု ဒေါ်ခင်ဝိုင်းကြည်က ပြောသည်။

> **ငြိမ်းချမ်းမှုမရှိဘဲနဲ့ တိုင်းပြည်ဟာ ဖွံ့ဖြိုးတိုးတက်မှာ မဟုတ်ပါဘူး။ ငြိမ်းချမ်းမှုဟာ...**

အလားတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ဆွေးနွေးပွဲများတွင် အမျိုးသမီးများ ပါဝင်ဆွေးနွေးနိုင်ရန်လိုအပ်သည်။ သို့မှသာ အမျိုးသမီးများ၏လုံခြုံရေး နှင့် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရေး အတွက် ၎င်းတို့ကိုယ်တိုင် ထုတ်ဖော်ပြောကြားခြင်းဖြင့် ပိုမိုအသက်ဝင်သော လူသားဆိုင်ရာ လုံခြုံမှုလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မွန်ဒေသလုံးဆိုင်ရာ၊ ဒီမိုကရေစီပါတီ၊ ဥပဒေအကြံပေး ဒေါ်မြင့်မြင့်ဝေက ပြောသည်။

ထို့ပြင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ရခိုင်တိုင်းရင်းသား တိုးတက်ရေးပါတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်ကလည်း လူသားလုံခြုံရေးဆိုင်ရာ သဘောထားအမြင်များသည် ၎င်းအနေဖြင့် မရင်းနှီးသော်လည်း အမှန်တကယ် ကျင့်သုံးကြရန် လိုအပ်သော အချက်များပင်ဖြစ်သည့်အတွက် လွှတ်တော်အတွင်း သိရှိနားလည်၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် တင်ပြဆွေးနွေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပွဲတွင် ပြောသည်။

တိုင်းပြည်၏ အုပ်ချုပ်ဆောင်ရွက်မှုသည် မည်သည့်အတိုင်းအတာအထိ ထိရောက်စွာ ဆောင်ရွက်နိုင်မှုရှိ မရှိကို တိုင်းတာရာတွင် နိုင်ငံတကာ၏စံချိန်၊ စံညွှန်းသတ်မှတ်ချက်အရ လူသားလုံခြုံရေးကဏ္ဍအား မည်မျှ အလေးပေး ဆောင်ရွက်နေသည်ဟူသော အချက်ဖြင့် တိုင်းတာကြောင်း ဖိလစ်ပိုင် တက္ကသိုလ်၊ နိုင်ငံရေးသိပ္ပံဌာန၊ တွဲဖက်ပါမောက္ခ မစ္စတာ ဟားမန်းဂျိုးဆက် ခရက်ထ်က ထောက်ပြသည်။

လက်ရှိမြန်မာနိုင်ငံ၏ လက်နက်ကိုင် ပဋိပက္ခအခြေအနေနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များသည် ဖိလစ်ပိုင်နိုင်ငံနှင့် အသွင်သဏ္ဍာန်တူညီနေရာ မြန်မာနိုင်ငံ၏လုပ်ငန်းစဉ်များတွင် တစ်စုံတစ်ရာ အထောက်အကူဖြစ်စေရန် အတွက် ဆွေးနွေးပွဲတွင် ဖိလစ်ပိုင်နိုင်ငံ မင်းဒနော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် အတွေ့အကြုံများကို ဖိလစ်ပိုင်အစိုးရ အငြိမ်းစား ဒုတိယဗိုလ်ချုပ်ကြီး ရေမွန် ဒိုဖဲရားက ဝေမျှခဲ့သည်။

"အရာရှိငယ်ဘဝကနေ တိုင်းမှူးဘဝအထိ တစ်လျှောက်လုံး တာဝန်ထမ်းဆောင်ခဲ့ရတဲ့ မင်းဒနောကျွန်းက ပဋိပက္ခအခြေအနေဟာ လက်နက်ကိုင်ပြီး ဖြေရှင်းလို့မရဘူး။ ဒါပေမဲ့လည်း လက်နက်ကိုင်အခြေအနေက ရှိနေတယ်။ ဒါဟာ ဘာလို့လဲဆိုတော့ စစ်သားတွေနဲ့ ဒေသခံအကြားမှာ နားလည်မှုတွေလွဲနေတယ်။ စစ်သားတွေကို ဒီဒေသရဲ့ လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ပေးတယ်လို့ ယူဆရမယ့်အစား ကျူးကျော်တယ်၊ ညှဉ်းပန်းနှိပ်စက်တယ်လို့ ဒေသခံတွေကမြင်နေတယ်။ အဖြေက စစ်သားတွေဆီမှာ ရှိနေတယ်။ ပြဿနာဖြေရှင်းတဲ့သူ မဖြစ်ရင်တောင် ဖန်တီးတဲ့သူ မဖြစ်အောင် ဘယ်လိုလုပ်မလဲ။ ဒေသဖွံ့ဖြိုးရေးကိစ္စတွေမှာ စစ်ဘက်ကစပြီး ဒေသခံတွေနဲ့ ပူးပေါင်းဖို့ စီစဉ်ရတယ်။ အရင်ဆုံး စစ်ဘက်က သဘောထားအမြင်တူတဲ့ အရာရှိတွေ၊ တပ်သားတွေကို ငြိမ်းချမ်းရေး သင်တန်းပေးတယ်။

"နောက်ဒေသခံကိုလည်း ငြိမ်းချမ်းရေးသင်တန်းတွေ ပေးတယ်။ သူတို့တွေကို တွေ့ဆုံပွဲတွေ စီစဉ်ပေးတယ်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ နှစ်ဖက်စလုံး ပါဝင်အောင် လုပ်ပေးတယ်။ နှစ်ဖက် သဘောထားအမြင် ပြောင်းလဲလာမှ အချင်းချင်း ယုံကြည်နိုင်မယ်။ ဒါမှ အတူပူးပေါင်းနိုင်မှာပါ။ အဓိကတော့ အမြင်ပြောင်းဖို့လိုတယ်။ လူသားတိုင်းဟာ လုံခြုံမှုလိုချင်တယ်၊ အေးချမ်းစွာ လုပ်ကိုင်စားသောက်ချင်တယ်။ ဒါကို ကိုယ်ချင်းစာမယ်ဆိုရင် ဒီသဘောထားအမြင်က ပြောင်းလာမှာပါ"ဟု၎င်းကပြောသည်။

ဖိလစ်ပိုင်နိုင်ငံသည် အဓိကတိုင်းရင်းသား လူမျိုးကိုးမျိုး စုပေါင်းနေထိုင်သော နိုင်ငံဖြစ်ပြီး ၄၃ နှစ်ကြာ ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခများနှင့် ရင်ဆိုင်ခဲ့ရသည်။

အဆိုပါပဋိပက္ခများ၏ အကြောင်းရင်းခံကို ၁၉၉၄ ခုနှစ်တွင် ဖိလစ်ပိုင်အစိုးရက ဆန်းစစ်လေ့လာမှုများ ပြုလုပ်ခဲ့ပြီး ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများကို အကောင်အထည်ဖော်ခဲ့သည်။ ■

မယ်လ ဒုက္ခသည်စခန်း၌ အနာဂတ် အရေး သဘောထားကောက်ယူမည်

ငြိမ်းအိအိထွေး

ထိုင်းနိုင်ငံအခြေစိုက် မယ်ဖာလောင် ဖောင်ဒေးရှင်း (Mae Fah Laung Foundation) က ထိုင်း-မြန်မာနယ်စပ်ရှိ အကြီးဆုံးသော ဒုက္ခသည်စခန်းဖြစ်သည့် မယ်လစခန်းအတွင်း နေထိုင်သူများထံမှ တစ်ဦးချင်းစီ၏ အနာဂတ်မျှော်မှန်းချက်ကောက်ယူရေး အစီအစဉ်များကို ၂၀၁၃ ခုနှစ်၊ မတ်လ ၁၈ ရက်မှ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စခန်းကော်မတီထံမှ သိရသည်။

ဒုက္ခသည်စခန်းတွင်း နေထိုင်သူ စုစုပေါင်းအရေအတွက်သာမက လူတစ်ဦးချင်းစီ၏ ဆန္ဒ၊ အနာဂတ်တွင် နေထိုင်လိုသည့်ပုံစံ၊ နေရပ်ရင်း(မြန်မာပြည်)ပြန်လိုမှုရှိမရှိစသည့် အချက်အလက်များကိုပါ ထည့်သွင်း မေးမြန်းသွားမည်ဖြစ်ကြောင်း သိရသည်။

စခန်းကော်မတီအတွင်းရေးမှူး ဦးစောအယ်ကလယ်က "အခုလိုတစ်ဦးချင်းစီရဲ့ ဆန္ဒကို ထုတ်ပြောရမယ်ဆိုတော့ ဒုက္ခသည်တွေရဲ့ လိုအပ်ချက်တွေကို သိလာမယ်။ ပံ့ပိုးပေးတဲ့နိုင်ငံတွေအနေနဲ့လည်း ဒုက္ခသည်တစ်ဦးချင်းစီရဲ့ စိတ်ဆန္ဒတွေကို သိလာပြီး ကူညီတဲ့အဖွဲ့အစည်းတွေအနေနဲ့လည်း လူတစ်ယောက်ချင်းစီရဲ့ အခက်အခဲကို နားလည်လာမယ်"ဟု ပြောသည်။

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ အကူအညီဖြင့် ယင်းအစီအစဉ်ကို အကောင်အထည်ဖော်မည့်အကြောင်း မယ်ဖာလောင် ဖောင်ဒေးရှင်းမှ မယ်လစခန်းကော်မတီသို့ ဖေဖော်ဝါရီလ တတိယပတ်၌ အကြောင်းကြားခဲ့သည်ဟု ဆိုသည်။

မယ်ဖာလောင် ဖောင်ဒေးရှင်းကို ၁၉၇၂ ခုနှစ်တွင် လက်ရှိ ထိုင်းဘုရင့်မယ်တော် Srinagarindra က ထိုင်းနိုင်ငံမြောက်ပိုင်း၌ လူနေမှုဘဝမြှင့်တင်ရန် ရည်ရွယ်၍ စတင်ဖွဲ့စည်းခဲ့ပြီး မြန်မာနှင့် အင်ဒိုနီးရှားနိုင်ငံ အပါအဝင် အာရှနိုင်ငံများ၏ ပညာရေး၊ လက်မှုနှင့် အနုပညာ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင်လည်း ကူညီပေးနေကြောင်း ဖောင်ဒေးရှင်း၏ အင်တာနက်စာမျက်နှာတွင် ဖော်ပြထားသည်။

ထိုင်း-မြန်မာ နယ်စပ် ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်၊ တာ့၊ ကန်ချနဘူရီ၊ ရပ်ချ်ဘူရီ ခရိုင်များရှိ ဒုက္ခသည်စခန်း ခုနစ်ခုအနက် လူဦးရေ ၄၄,၀၀၀ ကျော်ဖြင့် အကြီးဆုံးဖြစ်သည့် မယ်လ ဒုက္ခသည်စခန်းသည် မြန်မာအစိုးရနှင့် ပြည်တွင်းလက်နက်ကိုင်အဖွဲ့အစည်းများ၏ တိုက်ပွဲများကြောင့် ၁၉၈၄ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သောကြောင့် ယခုအခါ သက်တမ်း ၂၉ နှစ် ရှိပြီဖြစ်သည်။

စခန်းတွင်းနေထိုင်သူ အများစုသည် ကရင်ပြည်နယ် ဘားအံမြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ပိုင်ကျုံမြို့နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် မွန်ပြည်နယ် မော်လမြိုင်မြို့တို့မှ ပြောင်းရွှေ့နေထိုင်လာသူများဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံရှိ မြန်မာနိုင်ငံမှ ဒုက္ခသည်များကို နေရပ်ရင်း ပြန်လည်ပို့ဆောင်မည်ဟု ထိုင်းအစိုးရတာဝန်ရှိသူများက မကြာခဏ ပြောဆိုနေသော်လည်း ဒုက္ခသည်များကမူ သူတို့၏ နေရာထိုင်ခင်း၊ လုံခြုံရေး၊ ဝင်ငွေရရှိရေးတို့အပြင် လူ့အခွင့်အရေးချိုးဖောက်မှုတို့အတွက် စိုးရိမ်ပူပန်နေကြကြောင်း သတင်းဌာနများမှတစ်ဆင့် ထုတ်ဖော်ပြောဆိုလေ့ရှိကြသည်။

"ဒီစစ်တမ်းကနေ ကိုယ့်နိုင်ငံကို ပြန်ခွင့်ရရင် ပြန်မယ့်သူနဲ့ ဒီမှာပဲ ကျန်ရစ်နေချင်သူတွေရဲ့ စာရင်းထွက်လာမယ်။ ဒါ အခု အိမ်ပြန်ပို့ဖို့မဟုတ်သလိုပြန်ဖို့အချိန်ကျရောက်လာတာလည်း မဟုတ်ဘူး။ တကယ်လို့ ပြည်တော်ပြန်ရမယ့်အချိန်ကျရောက်လာရင် အထောက်အကူဖြစ်ဖို့ ကြိုတင်ကောက်ယူတာပဲ ဖြစ်တယ်"ဟု KRC ကော်မတီဝင်က ပြောသည်။

သဘောထားကောက်ယူမည့် အလားတူအစီအစဉ်များကို မယ်လစခန်းပြီးလျှင် ကျန်ဒုက္ခသည်စခန်းများ၌လည်း ဆက်လက်ကောက်ယူသွားမည်ဖြစ်သည်။ ဒုက္ခသည်စခန်းတစ်ခုလျှင် စစ်တမ်းကောက်ယူမည့် အချိန်သုံးလခန့်ကြာမြင့်နိုင်ကြောင်း ကရင်ဒုက္ခသည်ကော်မတီဝင်က ခန့်မှန်းသည်။

မယ်လဒုက္ခသည်စခန်းတွင် ၁၉၉၉ နှင့် ၂၀၀၅ ခုနှစ်တို့တွင် ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးများရုံးနှင့် ထိုင်းပြည်ထဲရေးဝန်ကြီးဌာနတို့မှ အလားတူအစီအစဉ်များ ပြုလုပ်ခဲ့ဖူးသည်။

ထိုင်း-မြန်မာ နယ်စပ်တစ်လျှောက်ရှိ ဒုက္ခသည်စခန်း ခုနစ်ခုတွင် လူဦးရေစုစုပေါင်း ၁၁၀,၀၀၀ ကျော်အား ကူညီနေကြောင်း ဒုက္ခသည်များကို ကူညီနေသည့် The Border Consortium (TBC) က ထုတ်ပြန်ထားသည်။ ■

တန်းခုန်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-ပြည့်သက်ဖြိုး

ဆီးဂိမ်းအကြို မြင်းစီးပြိုင်ပွဲ သုံးရက်ကြာကျင်းပ

ပြည့်သက်ဖြိုး

နေပြည်တော်၌ လာမည့် ဒီဇင်ဘာလအတွင်း ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို မြင်းစီးပြိုင်ပွဲကို ယခုလ ၁၅ ရက်မှ ၁၇ရက်နေ့အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။

ပြိုင်ပွဲဖွင့်ပွဲကို ၁၅ ရက်နေ့က ပြုလုပ်ခဲ့ပြီး နိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်ခဲ့သည်။

မြင်းစီးပြိုင်ပွဲသို့ မြန်မာအပါဝင် ကမ္ဘောဒီးယား၊ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူနှင့် ထိုင်း စသည့် နိုင်ငံပေါင်း ခြောက်နိုင်ငံ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြည်တွင်းအားကစားသမား ၁၂ဦး နှင့် ပြည်ပအားကစားသမား စုစုပေါင်း ၆၁ ဦးတို့ ဝင်ရောက် ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲအမျိုးအစားများအနေဖြင့် တာဝေး(Endurance)၊ တန်းခုန် (Jumping)နှင့်အလှစီး (Dressage)တို့ ပါဝင်ပြီး အဖွဲ့လိုက်နှင့် တစ်ဦးချင်း ဟူ၍ နှစ်ပိုင်းခွဲထားသည့်အတွက် ဆီးဂိမ်းပြိုင်ပွဲ ကျင်းပမည့် အမျိုးအစားများအတိုင်း စုစုပေါင်း ခြောက်မျိုး ယှဉ်ပြိုင်ရကြောင်း သိရသည်။

၅၂ ကီလိုမီတာ တာဝေးမြင်းစီးပြိုင်ပွဲတွင် မလေးရှား၊ အင်ဒိုနီးရှားနှင့် ထိုင်းမှ တစ်ဦးချင်းပြိုင်ပွဲဝင်များက ပထမ၊ ဒုတိယနှင့် တတိယ အသီးသီး ရရှိခဲ့ကြသည်။ အလှစီးပြိုင်ပွဲတွင် အင်ဒိုနီးရှား၊ ထိုင်းနှင့် မလေးရှားတို့ကလည်းကောင်း၊ တန်းခုန်တွင် ထိုင်း၊ ကမ္ဘောဒီးယားနှင့် မြန်မာတို့ကလည်းကောင်း ပထမ၊ ဒုတိယနှင့် တတိယ အသီးသီးရရှိခဲ့ကြသည်။

"အသင်းအားလုံးက ကောင်းကြပါတယ်။ အင်ဒိုနီးရှားနဲ့ ထိုင်းကိုတော့ အဓိကထား ယှဉ်ပြိုင်ရတယ်"ဟု အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုပြိုင်ပွဲတွင် Borrowed-horse စနစ်ဖြင့် တစ်မျိုးလျှင် တစ်နိုင်ငံပြိုင်ပွဲဝင် နှစ်ဦးနှုန်း ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည်။

ပြိုင်ပွဲအတွက် မြန်မာနိုင်ငံ မြင်းစီးအဖွဲ့ချုပ်၏ လေ့ကျင့်ပြီးသား မြင်း ၃၈ ကောင် အသုံးပြုခဲ့သည်။ ■

သင်္ကြန်ဈေးနှုန်းများဖြင့် ရောင်းချမည့် မြန်မာနိုင်ငံ၏အကြီးဆုံးပြပွဲကြီး
မဟာသင်္ကြန်အကြို
ကုန်စည်ပြပွဲကြီး
နှင့်ကားပြပွဲကြီး
မိုင်ဒါကွင်းကြီး(မြို့မကွင်း)
နေ့ရက် (၂၃-၃-၁၃) မှ (၂၆-၃-၁၃)
နေရာ မိုင်ဒါကွင်း(မြို့မကွင်း)၊ရန်ကုန်မြို့။
ပြပွဲသို့ လာရောက်သူများအား နေ့စဉ်ကံစမ်းမဲ ဖွင့်လှစ် ပေးသွားမည်ဖြစ်ပါသည်။
နေ့စဉ်ဆုမဲများ - တီဗီ၊ ရေခဲသေတ္တာ၊ ဒီဗီဒီ၊ ပန်ကာ၊ မီးပို နှင့် ဆုမဲ (၁၀၀) ကျော်
ပြခန်းစုံစမ်းရန် - SMART GROUP Ph:01-656875,667473,09-73014777

ဒီမိုကရေစီမိတ်ဆွေပါတီများသို့ ထပ်မံပူးပေါင်းမည့် ပါတီများရှိနေ

ကျော်ဆုမွန်

ဒီမိုကရေစီမိတ်ဆွေပါတီများ စုစည်းဖွဲ့စည်းထားသည့် အဖွဲ့အတွင်းသို့ ထပ်မံပြီး ပူးပေါင်းမည့် ပါတီ သုံးခုခန့်ရှိနေကြောင်း အမျိုးသားဒီမိုကရေစီအင်အားစုပါတီ ဥက္ကဋ္ဌဦးခင်မောင်ဆွေက မတ်လ ၁၂ ရက်နေ့တွင် ပြောသည်။

အမျိုးသားဒီမိုကရေစီ အင်အားစုပါတီအပါအဝင် လက်ရှိမဟာမိတ်ဖွဲ့ထားသည့် နိုင်ငံရေးပါတီ ၁၁ ခု ပါဝင်သည့် ဒီမိုကရေစီမိတ်ဆွေများအဖွဲ့သို့ ထပ်မံပါဝင်လာဖွယ်ရှိသည့် ပါတီများမှာ ရှမ်းပြည် (ကိုးကန့်) ဒီမိုကရက်တစ်ပါတီ၊ ကရင်ပြည်နယ်အခြေစိုက် ပါတီတစ်ခုနှင့် သရက်မြို့မှညီညွတ်သော ဒီမိုကရက်တစ်ပါတီတို့ ဖြစ်သည်။

"ဒီပါတီက ခေါင်းဆောင်တွေက ပူးပေါင်းဖို့ ကျွန်တော့်ကို ပြောထားတာရှိပါတယ်။ အခုဒီမိုကရေစီမိတ်ဆွေများအဖွဲ့ အစည်းအဝေးကျရင် အဖွဲ့ထဲပါဖို့ မပါဖို့ဆုံးဖြတ်မှာပါ" ဟုဦးခင်မောင်ဆွေက ပြောသည်။

နိုင်ငံရေးပါတီငယ်များ စုစည်းထားသည့်အဆိုပါ ဒီမိုကရေစီမိတ်ဆွေပါတီများအဖွဲ့မှာ ပြီးခဲ့သည့် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကာလအတွင်း၌ မဲဆွယ်ခြင်းများကို ပါတီအချင်းချင်း အတူတကွ ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

"ဧပြီလ သင်္ကြန်မတိုင်မီတော့ အဖွဲ့ထဲပါမပါ ဆုံးဖြတ်ဖြစ်မှာပါ" ဟု ဦးခင်မောင်ဆွေက ပြောသည်။

"ပြည်ထောင်စုပုံစံပေါ်လာစေတယ်။ ပါတီစုံစနစ်ကို ကိုယ်စားပြုသလိုဖြစ်လာတယ်" ဟု ၎င်းက ပြောသည်။

လက်ရှိတွင် ဒီမိုကရေစီမိတ်ဆွေပါတီများအဖွဲ့တွင် ၁၁ ပါတီ အနက် ခြောက်ပါတီမှာ တိုင်းရင်းသားပါတီများဖြစ်သည်။

ထိုတိုင်းရင်းသား ပါတီ ခြောက်ခုမှာ ရခိုင်အမျိုးသားများ တိုးတက်ရေးပါတီ၊ ရှမ်းအမျိုးသားများ ဒီမိုကရေစီပါတီ၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ၊ ဖလုံ-စဝေါ်ပါတီ၊ ချင်း အမျိုးသားပါတီ၊ ကယန်းအမျိုးသားပါတီတို့ဖြစ်ပြီး ကျန်ပါတီများမှာ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၊ ဒီမိုကရက်တစ်ပါတီ (မြန်မာ)၊ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ၊ ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပါတီနှင့် ပြည်ထောင်စုဒီမိုကရေစီပါတီတို့ဖြစ်သည်။ ■

ပုသိမ်တက္ကသိုလ်နှင့် ဂျပန်တက္ကသိုလ် သုတေသန ပူးပေါင်းဆောင်ရွက်မည်

ယွန်းနှင်း

ပုသိမ်တက္ကသိုလ်နှင့် ဂျပန်နိုင်ငံရှိ National Institute of Technology and Evalutation (NITE) တို့အကြား သုတေသန ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာကို မတ်လ ၁၇ ရက်နေ့က ရေးထိုးခဲ့ပြီး သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

ပုသိမ်တက္ကသိုလ်ရှိ ဆရာများနှင့် ကျောင်းသားများအား NITE တွင် သင်တန်းများပို့ချ ပေးမည်ဖြစ်ပြီး၊ သုတေသနလုပ်ငန်းများကိုလည်း ထိုတက္ကသိုလ်နှစ်ခုတွင် ဆောင်ရွက်မည်ဖြစ်သည်ဟု ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာညွန့်ဖေက ပြောကြားသည်။

"သုတေသနတွေကို ပူးပေါင်းဆောင်ရွက်မှာဖြစ်တယ်။ ဇီဝနည်းပညာ (Bio-technology) နဲ့ အနုဇေဒဆိုင်ရာ နည်းပညာတွေကို အဓိကထားပြီးပူးပေါင်းဆောင်ရွက်မှာ ဖြစ်ပါတယ်။ ပုသိမ်တက္ကသိုလ်မှာရှိတဲ့ဆရာ၊ ဆရာမတွေ ကျောင်းသား၊ ကျောင်းသူတွေကို သူတို့နိုင်ငံကိုခေါ်ပြီးတော့ သူတို့စရိတ်နဲ့ပဲ စာသင်ပေးမှာပါ။ သုတေသနတွေ၊ သင်တန်းတွေပေးမယ့် သဘောပါ။ ရည်ရွယ်ချက်က မြန်မာနိုင်ငံမှာ မြေကြီးတွေ၊ သစ်ရွက်ခြောက်တွေ၊ အဲဒီထဲမှာ သာမန်မျက်စိနဲ့ မမြင်နိုင်တာတွေရှိတယ်။ အဲဒါတွေကို ဖော်ထုတ်မယ်။ လူတွေအတွက် အသုံးဝင်တဲ့ ဆေးဝါးတွေ၊ စိုက်ပျိုးရေးလုပ်ငန်းအတွက် အသုံးဝင်တဲ့ အဏုဇီဝတွေကို ဖော်ထုတ်မှာပါ" ဟု ၎င်းကပြောသည်။

"ဥပမာ ဆေးဝါးဆိုတာက ပင်နယ်စလင်တို့၊ ကလိုရိုဖင်နီကောတို့ဆိုတာက အဏုဇီဝကထုတ်တာပါ။ အဲဒီလိုဆေးမျိုးကို ခုနက ဆရာပြောခဲ့တဲ့ မြေကြီးတွေ၊ သစ်ရွက်ခြောက်တွေကနေ အဏုဇီဝဆေးတွေကို ထုတ်ပါမယ်။ နောက်တစ်ခါ အင်ဇိုင်းတွေထုတ်တယ်။ ဆရာတို့တက္ကသိုလ်မှာဆိုရင် ကောက်ရိုးတွေရှိမယ်။ အဲဒီကောက်ရိုးတွေကနေ ဖြိုခွဲပြီးတော့ ဂလူးကို့စ်တွေထုတ်မယ်။ ဂလူးကို့စ်ထုတ်နိုင်တဲ့ အဏုဇီဝသက်ရှိတွေကို ရှာမှာပေ့ါ။ စိုက်ပျိုးရေးမှာဆိုရင်လည်း လယ်သမားတွေအတွက် လယ်ထဲမှာ သုံးနိုင်တဲ့ စိုက်ပျိုးရေးကိုအားပေးတဲ့ အဏုဇီဝ သက်ရှိတွေကို ရှာမယ်။ အိမ်တွေမှာ ကျရောက်တဲ့ပိုးတွေကိုသတ်ပေးတဲ့ အဏုဇီဝ သက်ရှိတွေကိုရှာပါမယ်။ ဒီလိုပူးပေါင်းခြင်းအားဖြင့် ပုသိမ်တက္ကသိုလ်မှာရှိတဲ့ ဆရာတွေ၊ ကျောင်းသူ၊ ကျောင်းသားတွေ ဂျပန်နိုင်ငံကို သွားပြီးတော့ သွားသင်နိုင်မယ်။ သုတေသနတွေကို ဆောင်ရွက်နိုင်မယ်။ လာပြီး ဒီမှာ သင်တန်းတွေ ပို့ချပေးနိုင်မယ်"ဟု ၎င်းကပြောကြားသည်။

အဆိုပါသဘောတူစာချုပ်ကို ၂၀၀၄ ခုနှစ်က တစ်ကြိမ် ရေးထိုးခဲ့ပြီး ရပ်တန့်နေခဲ့ရာမှ ယခု သဘောတူညီမှု အသစ်ပြန်လည် ချုပ်ဆိုခြင်းဖြစ်သည်။

"ကျောင်းသားနဲ့ဆရာ၊ ဆရာမ ၁၅ ဦး လောက် ရှစ်လလောက်သင်တန်းသွားလိုက်ရပြီး အဲဒီကနေ ရပ်တန့်သွားတာ ခုမှပြန်စတင်ဖြစ်တာပါ။ သုံးနှစ်တစ်ကြိမ် MOU ပြန်ထိုးမှာပါ။ ၂၀၀၄ တုန်းက ၂၀၀၇ အထိ သွားရမှာကို ၂၀၀၇ အထိ မသွားနိုင်ဘဲ ၂၀၀၄ အကုန်မှာ ပျက်သွားတယ်။ ဂျပန်ကလည်းလာလို့မရဘူး၊ ဒီကလည်း သွားလို့မရဘူး။ စစချင်း မြန်မာဘက်ကို သင်တန်းလုပ်ပေးတယ်။ ပြီးတော့မှ Research စလုပ်တယ်။ ဒီ Research လုပ်ဖို့အတွက် ပစ္စည်းတွေ ပို့ထားတယ်။ ဒီက ဆရာ၊ ဆရာမတွေ၊ ကျောင်းသားတွေကို သင်တန်းခေါ်ပေးတယ်။ သင်တန်းမှာတင် ၂၀၀၄ က ရပ်သွားခဲ့တယ်" ဟု ဒေါက်တာညွန့်ဖေက ပြောကြားသည်။

ဂျပန်နိုင်ငံရှိ NITE တက္ကသိုလ်မှ ဒါရိုက်တာ Itaru YASUI က " မြန်မာနိုင်ငံမှာ ဇီဝနည်းပညာနဲ့ပတ်သက်ပြီး ကောင်းတဲ့ ကျောင်းနှစ်ကျောင်း ရှိတဲ့အထဲက ပုသိမ်ကျောင်းနဲ့ရွေးချယ်ပြီး သုတေသနလုပ်ငန်းဆိုင်ရာတွေမှာ ပူးပေါင်းလိုက်တာပါ။ ဇီဝမျိုးကွဲတွေက လူတွေအတွက် အရမ်းအရေးကြီးပြီး ဇီဝမျိုးကွဲတွေအတွက် အခြေခံမူဘောင်တစ်ခု တည်ဆောက်ဖို့လိုအပ်တယ်။ ဒါတွေကို ထိန်းသိမ်းထားရုံနဲ့ မလုံလောက်ဘဲ အချင်းချင်း ပြန်လည်ဖလှယ်ရမယ်။ ကျွန်တော်တို့မှာ ဒီအဏုဇီဝသက်ရှိတွေနဲ့ ပတ်သက်ပြီး စွမ်းရည်ရှိပေမယ့် မြန်မာကျောင်းသားတွေမှာ ဘာအပိုင်းတွေလိုအပ်တယ်ဆိုတာ ရှာဖွေပြီးမှ ကိုယ်တိုင်ဆောင်ရွက်နိုင်အောင်အထိ ရည်ရွယ်ထားပါတယ်။ အဏုဇီဝမျိုးကွဲတွေကို ထိန်းသိမ်းတယ်ဆိုတာ တကယ်ကို နှစ်ပေါင်းများစွာအထိ အရေးပါနေဦးမှာပါ။ ယဉ်ကျေးမှုတွေ၊ အစားအစာတွေအပြင်၊ အခြားဖလှယ်နိုင်တာတွေ ရှိပါသေးတယ်"ဟု ပြောသည်။ ■

လွတ်လပ်တဲ့အသံတွေ လွင့်ပျံ့နိုင်ဖို့ လိုအပ်နေတဲ့ နေရာတွေ

အိအိတိုးလွင်
ရေးသားသည်။

“ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးသို့ ဦးတည်နေပါပြီ။ နောက်ပြန်လှည့်စရာ အကြောင်းမရှိပါဘူးလို့” နိုင်ငံတကာကို လှည့်ပြီး အာမခံနေတဲ့ မြန်မာနိုင်ငံဟာ ပြည်တွင်းမှာတော့ နိုင်ငံသား တစ်ဦးချင်းစီနဲ့ အရပ်ဘက် လူ့အဖွဲ့အစည်းတွေဟာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးအပ်ထားတဲ့ အခွင့်အရေးတွေကို တောင် တကယ်တမ်း လက်တွေ့ကျကျ ကျင့်သုံးဖို့ ခဲယဉ်းနေဆဲပဲလို့ တညီတညွတ်တည်း ပြောဆိုလိုက်ပါတယ်။

နိုင်ငံသားတွေအနေနဲ့ အရင်တုန်းက ဆုံးရှုံးခဲ့တဲ့ အခွင့်အရေး၊ လိုအပ်ချက်တွေကို တောင်းဆိုဖို့၊ လူ့အခွင့်အရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ တချို့သော နိုင်ငံတော်စီမံကိန်းတွေနဲ့ ပတ်သက်ပြီး ကြုံတွေ့နေရတဲ့ အခက်အခဲ၊ ခံစားချက်တွေကို မူဝါဒချမှတ်သူတွေ အပါအဝင် လူထုအားလုံးသိအောင် လွပ်လပ်စွာ ဖွင့်ဟပြောဆိုနိုင်ဖို့၊ အချင်းချင်း ညှိနှိုင်းတိုင်ပင်ဆွေးနွေးနိုင်တဲ့ ပထမဆုံး ကြုံတွေ့ရတဲ့ အခက်အခဲကတော့ နေရာရှားပါးမှုပါပဲ။

အထူးသဖြင့် အရပ်ဘက် လူမှုအဖွဲ့အစည်းအများစု အခြေစိုက်တဲ့ ရန်ကုန်လို နေရာမျိုးမှာတောင် ကိုယ်ကြိုက်တဲ့ ခေါင်းစဉ်အောက်မှာ လွတ်လပ်စွာ ဆွေးနွေးခွင့်ရတဲ့ အခြေအနေမျိုး ဖန်တီးပေးနိုင်တဲ့နေရာဟာ အင်မတန် နည်းပါးနေတုန်းပဲလို့ အဖွဲ့အစည်းတွေမှာ ဦးဆောင်လှုပ်ရှားနေတဲ့သူတွေက ဆိုပါတယ်။

“အရင်ကထက်စာရင် အခု အခွင့်အရေး ပိုရလာတယ်ဆိုပေမယ့် နေရာအခက်အခဲကတော့ ရှိနေတုန်းပဲ။ ပိုင်ရှင်အများစုက သူတို့ရဲ့ ခန်းမတွေကို ကျွန်မတို့ကို အသုံးပြုခွင့်ပေးဖို့ ခဲယဉ်းနေတုန်းပဲ”လို့ ငြိမ်းချမ်းရေးနဲ့ အမျိုးသမီး အခွင့်အရေးဆိုင်ရာ လှုပ်ရှားမှုတွေမှာ ဦးဆောင်ပါဝင်နေတဲ့ ကရင်အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ရဲ့ ဒါရိုက်တာ ဒေါ်စူဆန်နာလှလှစိုးက ပြောပါတယ်။

“၂၀၁၁ လောက်တုန်းက အိုင်ဘီစီက နေ ကျွန်မတို့အမျိုးသမီးခေါင်းဆောင်ရဲ့ မွေးနေ့အထိမ်းအမှတ်ကျင်းပဖို့ပွဲလက်ခံပြီးမှ စရန်ပြန်အမ်းတာမျိုး ကြုံခဲ့ဖူးတယ်။ အဲဒီတုန်းက အရမ်းဒေါသထွက်ပြီး ကျွန်မတို့ အမျိုးသမီးအဖွဲ့တွေ ပေါင်းပြီး ကန့်ကွက်လွှာထုတ်ဖို့ စီစဉ်ခဲ့ပေမယ့် မလုပ်ဖြစ်ခဲ့ပါဘူး”လို့ သူမရဲ့ အတွေ့အကြုံကို ပြောပြခဲ့ပါတယ်။

အရပ်ဘက် လူ့အဖွဲ့အစည်းတွေ အနေနဲ့ အခမ်းအနားကျင်းပဖို့ နေရာရှားပါးနေရတာဟာ အဓိက အခက်အခဲ နှစ်ခုကြောင့်ပါပဲ။ တစ်ခုကတော့ ပိုင်ရှင်တွေရဲ့ စီးပွားရေးအရ ထိခိုက်မှာကို စိုးရိမ်ပူပန်တာကြောင့်ဖြစ်ပြီး၊ နောက်တစ်ချက်ကတော့ အခန်းငှားရမ်းခ မတတ်နိုင်လို့ပါပဲ။

‘ပွင့်လင်းလူ့အဖွဲ့အစည်း’ ဆိုတဲ့ ခေါင်းစဉ်အောက်မှာ အသိအမြင်ဖွင့် လူထုလုပ်ငန်းတွေကို ဆောင်ရွက်နေတဲ့ ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့က ဦးကိုကိုကြီးကတော့ ပိုင်ရှင်တွေအနေနဲ့ အခုလို အသုံးပြုခွင့်ပေးဖို့ စိုးရိမ်နေတာဟာ လုံခြုံရေးတပ်ဖွဲ့တွေရဲ့ သတင်းရယူတဲ့ ပုံစံလွဲမှားမှုကြောင့်လို့ ထောက်ပြဝေဖန်ခဲ့ပါတယ်။

“ကျွန်တော်တို့လည်း နေရာအနှံ့သွားပြီး ဒေသခံတွေနဲ့ ဆွေးနွေးတာမျိုးတွေ လုပ်တဲ့အခါ တချို့နေရာတွေမှာ ဒေသခံတွေ ကြိုတင်စီစဉ်ထားတာကြောင့် အဆင်ပြေတာလည်းရှိသလို တချို့ နေရာတွေမှာ ငှားပြီးသားခန်းမတွေက တစ်ဖက်က ဖိအားပေးတာကြောင့် ပိတ်ခံရမှာစိုးပြီး ပေးမငှားတာမျိုးရှိတယ်။ ဒေသက တာဝန်ရှိတဲ့သူတွေပေါ် မူတည်ပြီး တုံ့ပြန်မှု ကွာခြားတယ်”လို့ဦးကိုကိုကြီးက ပြောပါတယ်။

“အဓိကကတော့ လုံခြုံရေးဝန်ထမ်းတွေ သတင်းရယူတဲ့အခါမှာ ဆိုင်းဘုတ်ကို မူတည်ပြီး ခွဲခြားဆက်ဆံတာမျိုး မလုပ်သင့်ဘူး။ အားလုံးပါဝင်တဲ့ နိုင်ငံရေး ဖြစ်စဉ်ဖော်ဆောင်မှုမှာ လုံခြုံရေးတာဝန်ရှိတဲ့သူနဲ့ နိုင်ငံတော်သမ္မတ သဘောထားကွဲလွဲနေတယ်။ ပြည်သူရဲ့ ပူးပေါင်းပါဝင်မှုကို အားပေးရမယ့်အစား

တော်ဝင်နှင်းဆီ စားသောက်ဆိုင်၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပထမဆုံး နိုင်ငံလုံးဆိုင်ရာညီလာခံကို မတ်လ ၉ ရက်နေ့က ကျင်းပနေသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-အောင်ငြေးလှိုင်

လုံခြုံရေးအရဆိုပြီး စစ်ဆေးမေးမြန်းတာတွေ၊ ဓာတ်ပုံရိုက် ယူတာတွေဟာ လုပ်ရိုးလုပ်စဉ်ဖြစ်ပေမယ့် တစ်ဖက်က ခြိမ်းခြောက်သလို ခံစားရတာကြောင့် သူတို့ရဲ့ သတင်းရယူတဲ့ပုံစံကို ပြန်သုံးသပ်သင့်တယ်”လို့ ဦးကိုကိုကြီးက သူ့အမြင်ကို ပြောပါတယ်။

သို့ပေမယ့် ဒီလိုဖိအားပေးမှုကို ရင်ဆိုင်ပြီး ပြည်သူအားလုံး မြန်မာ့နိုင်ငံရေး အပြောင်းအလဲမှာ လွတ်လပ်စွာ ပါဝင်ပြောဆိုခွင့်ရအောင် ဖန်တီးပေးထားတဲ့ နေရာတစ်ခုတော့ ရှိပါတယ်။ ဒီနေရာကတော့ ‘တော်ဝင်နှင်းဆီ’လို့ ခေါ်တဲ့ စားသောက်ဆိုင်ပါပဲ။

“ကျွန်တော်တို့အဖွဲ့အစည်းက ပွဲတွေကို အမြဲတမ်း တော်ဝင်နှင်းဆီမှာပဲ လုပ်ဖြစ်ပါတယ်။ အဓိကတော့ ဘယ်အချိန်ဖြစ်ဖြစ် အဆင်ပြေတယ်။ ပိုင်ရှင်က ဈေးလျှော့ပေးတာမျိုးရှိသလို တစ်ခါတလေ အခကြေးငွေမှမယူဘဲ ကူညီတာလည်း ရှိတဲ့အတွက် အမြဲတမ်း အဲဒီမှာပဲ လုပ်ဖြစ်တာ။ တချို့နေရာတွေရှိပေမယ့် ဈေးမြင့်လို့ မတတ်နိုင်ဘူး”လို့ နိုင်ငံရေးအကျဉ်းသားဟောင်းများ အဖွဲ့မှ ဦးသက်ဦးက ပြောပါတယ်။

ဒါကြောင့်လည်း ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်လမ်းမကြီးပေါ်က ‘တော်ဝင်နှင်းဆီ’ လို့ ခေါ်တွင်တဲ့ စားသောက်ဆိုင်ဟာ ပြည်သူ့ဟစ်တိုင်လို့ အမည်တွင်ရလောက်အောင် နိုင်ငံရေးအထိမ်းအမှတ် အခမ်းအနားတွေ၊ သတင်းစာရှင်းလင်းပွဲတွေ၊ အစည်းအဝေးစတဲ့ ခေါင်းစဉ်မျိုးစုံအောက်မှာ နေ့စဉ် အသက်ဝင် လှုပ်ရှားလို့နေပါတယ်။

သို့ပေမဲ့ ဒီလိုမျိုး လူထုလှုပ်ရှား ဆောင်ရွက်မှုတွေကို တော်ဝင်နှင်းဆီ စားသောက်ဆိုင်မှာ နေ့စဉ်ဆိုသလို ကျင်းပခွင့်ရနေတာဟာ လွယ်လွယ်ကူကူ တော့ မဟုတ်ပါဘူး။ ဒီအတွက် တစ်ဖက်မှာဖိအားပေးမှုတွေ ရှိနေဆဲပါပဲလို့ ပိုင်ရှင်ဖြစ်သူ ဦးစိုးညွန့်ကပြောပါတယ်။

“လူမျိုးမရွေး၊ ဘာသာမရွေး ကြိုက်တဲ့ ခေါင်းစဉ်အောက်မှာ ခွဲခြားမှုမရှိဘဲ လက်ခံပေးနေတာကို အပြစ်လို့မြင်တဲ့သူတွေ ရှိပါတယ်။ ဒီအတွက် Risk ယူရတဲ့ အပိုင်းတွေရှိတယ်။ အန်ကယ့်ကို နည်းမျိုးစုံနဲ့ အန္တရာယ်ပေးနိုင်တယ်။ စီးပွားရေးအရ လုပ်ငန်းကိုပိတ်နိုင်တယ်။အရင်ခေတ်ကလည်း ဒီလိုပြုတ်တဲ့ဆိုင်တွေ လည်း ရှိခဲ့ဖူးတယ်။ သူ့အဆင့်နဲ့သူ ဖုန်းနဲ့တစ်မျိုး၊ လူကိုယ်တိုင် သတိလာပေးတာတွေ ရှိတယ်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေကိုယ်တိုင် လာသတင်းယူတာမျိုး ရှိပါတယ်။ ကိုယ့်ဘက်ကလည်း သူတို့ နားလည်အောင် ပြန်ဖြေရှင်းရတာတွေ ရှိတယ်”လို့ ဦးစိုးညွန့်က ပြောပါတယ်။

အခုအချိန်မှာ အသက် ၆၅ ရှိပြီဖြစ်တဲ့ ဦးစိုးညွန့်ဟာ ငယ်စဉ်ဘဝကတည်းက နိုင်ငံရေးကို စိတ်ဝင်စားခဲ့သူဖြစ်ပြီး ၁၉၈၈ ခုနှစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မတည်ထောင်ခင်ကတည်းက ဒေါ်ဆောင်ဆန်းစုကြည်ရဲ့ နိုင်ငံရေး အတိုင်ပင်ခံအဖွဲ့မှာ အဖွဲ့ဝင်အဖြစ် ပါဝင်ပြီး ၁၉၉၀ရွေးကောက်ပွဲမှာ ပါဝင် လှုပ်ရှားခဲ့သူလည်း ဖြစ်ပါတယ်။ ဒ့ါပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ဗဟန်း မြို့နယ်ဥက္ကဋ္ဌတာဝန် ထမ်းဆောင်ခဲ့သူ လည်း ဖြစ်ပါတယ်။

“နောက်ပိုင်းကျတဲ့ ကွင်းက မသန့်တော့ဘူး။ အဖမ်းအဆီးတွေများလာတော့ နိုင်ငံရေးဆက်လုပ်ရင် ထောင်ထဲဝင်ရမှာပဲ။ ဒါကြောင့် ၁၉၉၂ ခုနှစ်မှာပဲ နိုင်ငံရေးလောကကနေ ထွက်ခဲ့ပြီး ဆိုင်ရဲ့စီးပွားရေးကို ဇောက်ချလုပ်ခဲ့ပါတယ်။ ဆိုင်ကတော့ ၁၉၈၀ ခုနှစ် လောက်ကတည်းက ဖွင့်ခဲ့တာ။ အစတုန်းက ခွေးခြေပုလေးတွေနဲ့ အောက်ခြေက စခဲ့ရတာ။ စေတနာမှန်တော့ အောင်မြင်တယ်ပြောရမယ်။ ဒါပေမဲ့ နိုင်ငံရေး လောကကိုတော့ စိတ်ကုန်မသွားဘူး။ ဒါကြောင့်လည်း ကိုယ်တတ်နိုင်တဲ့ဘက်ကနေ ဒီနေ့အထိ ကူညီပေးနေတာ”လို့ ဦးစိုးညွန့်က နိုင်ငံရေးသမားဘဝကနေ အခုလိုအောင်မြင်တဲ့ စားသောက်ဆိုင် ပိုင်ရှင်ဖြစ်လာပုံကို ပြောပါတယ်။

“အန်ကယ့်မှာ နိုင်ငံရေးယုံကြည်ချက်ဆိုတာ ဒီနေ့အထိရှိပါတယ်။ ဒီမိုကရေစီစနစ်ဆိုတာ ခိုင်မာတယ်လို့ ယုံကြည်တဲ့အတွက် ဒီလမ်းကလွဲလို့ နည်းနည်းလေးမှာ မသွေဖည်နိုင်ဘူး။ မှန်ကန်တဲ့စနစ်ကို ယုံကြည်သူတွေကို အားပေးမယ်။ ပိုက်ဆံမရှိရင် ထောက်ပံ့မယ်။ဈေးလျှော့ပေးမယ်။ ပွင့်လင်းလူ့အဖွဲ့အစည်းမှာ ဒီလိုမှ မြေတောင်မမြှောက်ပေးရင် ဘာမှဖြစ်လာမှာ မဟုတ်ဘူး။အခု ဒေါ်စု လွတ်တယ်။ ၈၈ တွေပြန်ပေါ်လာတယ်။ ဒါပေမဲ့ အကြောက်တရားတွေကို ကြီးစိုးနေတုန်း။ အုပ်ချုပ်ရေးကလည်း ခေါက်ရိုးကျိုးနေတုန်း။ အမှန်တော့ ဒီမိုကရေစီစနစ်မှာ ဒီလိုပုံစံတွေ မလိုအပ်ပါဘူး။ အန်ကယ်ကတော့ ဘယ်လိုစိန်ခေါ်မှုတွေရှိ ရှိနိုင်သလောက် ဖြည့်ဆည်းပေးနေဦးမှာပါ။ အလွန်ဆုံး မကျေနပ်တဲ့သူက ဒီအဆောက်အအုံကို မီးရှို့သွားရုံပဲ။ ဒါပေမဲ့ အန်ကယ်တို့ရဲ့ ရင်ထဲက ယုံကြည်ချက်ကိုတော့ ဖျက်ဆီးလို့မရနိုင်ပါဘူး” လို့ ဦးစိုးညွန့်က သူ့ရဲ့ခံယူချက်ကို ပြောပါတယ်။

ဒါပေမဲ့ နိုင်ငံရေးသမားအဖြစ် ပြန်လည်ရပ်တည်ဖို့တော့ စိတ်ကူးမရှိတော့ဘူးလို့ ဆိုပါတယ်။

“ပါတီခေါင်းဆောင်ဖြစ်မှ နိုင်ငံရေးလုပ်လို့ရတာ မဟုတ်ပါဘူး။ နိုင်ငံအတွက် ကိုယ်တတ်နိုင်တဲ့ဘက်က လုပ်တာလည်း နိုင်ငံရေးလုပ်တာပါပဲ”လို့ မြန်မာ့ငှက်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအသင်းရဲ့ ဥက္ကဋ္ဌ ဖြစ်တဲ့ ဦးစိုးညွန့်က ပြောပါတယ်။

နိုင်ငံတစ်နိုင်ငံမှာ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးကို ဖော်ဆောင်ဖို့ဆိုရင် ပြည်သူလူထုရဲ့ နိုင်ငံရေးအသိစိတ်ဓာတ် ရင့်သန်အောင် နှိုးဆော်ဖို့ လိုအပ်သလို ဒီလုပ်ငန်းတွေမှာ စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ ပံ့ပိုးကူညီမှုနဲ့ အောက်ခြေဝန်ထမ်းတွေရဲ့ ပူးပေါင်းပါဝင်မှုကလည်း အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်နေတယ်လို့ အဖွဲ့အစည်းအသီးသီးက ပြောဆိုလိုက်ပါတယ်။

“ပြည်သူလူထုလှုပ်ရှားမှုတွေ ပိုအားကောင်းလာပြီး နိုင်ငံရေးအသိစိတ်ဓာတ်တွေ ရင့်သန်လာတဲ့ အချိန်ကျတော့ ကျွန်မတို့တွေအတွက် လွတ်လွတ်လပ်လပ် ပြောဆိုတိုင်ပင်နိုင်တဲ့နေရာ ရှာဖို့ လွယ်ကူလာမယ်လို့ ယုံကြည်ပါတယ်”လို့ အဖွဲ့အစည်းတွေရဲ့ကိုယ်စား ဒေါ်စူဆန်နာ လှလှစိုးက ပြောပါတယ်။ ■

တစ်ကွက်ကာတွန်း

NLD ညီလာခံကိုယ်စားလှယ်များအတွက် နိုင်ငံရေးသင်တန်းပေး

ယွန်းနှင်း

ဗေဒါနိုင်ငံရေးသိပ္ပံ သင်တန်းကျောင်းက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုညီလာခံ ကိုယ်စားလှယ်များအတွက် စွမ်းရည်မြှင့်တင်မှု အလုပ်ရုံဆွေးနွေးပွဲကို မတ်လ ၁၁ ရက်နေ့မှ ၁၇ ရက်နေ့အထိကျင်းပခဲ့ရာ ပြည်နယ်နှင့်တိုင်း အသီးသီးမှပါတီဝင်၁၁၃ဦးတက်ရောက်ခဲ့ကြသည်။

နိုင်ငံရေးနှင့် ပတ်သက်သော အကြောင်းအရာများကို အဓိကဆွေးနွေးခြင်းဖြစ်ပြီး ဆရာဖေမြင့်၊ ဆရာ မောင်ဝံသ၊ ကိုနေဘုန်းလတ်၊ ဒေါက်တာ သန့်သော်ကောင်း၊ ဦးမျိုးရန်နောင်သိန်းနှင့် အခြား ဆရာ၊ ဆရာမများ ပါဝင်ဆွေးနွေးခဲ့ကြသည်။

“ဒီမှာ ဗဟိုအလုပ်အမှုဆောင် ညီလာခံလာတက်ရင်းနဲ့ သင်တန်းလာတက်ဖြစ်တာ။ မြန်မာနိုင်ငံရေး အခင်းအကျင်းနဲ့ ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းတွေကို အားလုံးကိုသိမှ နိုင်ငံရေးပါတီထဲမှာ စွမ်းဆောင်ရည်မြင့်လာမှာဖြစ်တယ်။ နောက်နယ်ပြန်ရောက်ရင်လည်း ပါတီထဲမှာရှိတဲ့ ပါတီဝင်တွေကိုလည်း ပွင့်လင်းလာအောင် ပြန်လည်ပြောပြချင်လို့ ဒီမှာလာတက်တာ။ မြန်မာနိုင်ငံရေး အခင်းအကျင်းနဲ့ မြန်မာနိုင်ငံအပေါ်မှာ နိုင်ငံတကာရဲ့သက်ရောက်မှုကို လေ့လာရပါတယ်”ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင် ဒေါ်ဝင်းသက်နွယ်က ပြောကြားသည်။

သင်တန်းတက်ရောက်နေသော ပါတီဝင် ဦးဇော်သင်း “ကျွန်တော်က အရင် ဗေဒါ စဖွင့်ကတည်းက ၂၀၁၀ လောက်ကတည်းက သိတာပါ။ အခုလာတာက ဗဟိုညီလာခံ ကိုယ်စားလှယ်အနေနဲ့ လာတာဆိုတော့ ဒီသင်တန်းရှိတယ် ဆိုပြီးလာတက်တာပါ။ ကိုယ့်အတွက် ဗဟုသုတရတာပေါ့”ဟု ပြောသည်။

“အခုသင်တန်းမှာဆိုရင် မကြားဖူးတဲ့ အချက်တွေ အများကြီးရတယ်။ နိုင်ငံရေး အသိအမြင်တွေ ပိုပြီးထွန်းကားအောင်၊ ပိုပြီးရရှိအောင်ပါ။ ၂၀၀၈ ခုနှစ် တရားဥပဒေနဲ့ ပတ်သက်တဲ့ကိစ္စတွေ၊ သဘာဝပတ်ဝန်းကျင်ကိစ္စတွေ ဒါတွေကို ပိုသိမြင်လာတာပေါ့”ဟု ဦးဇော်သင်းက ပြောကြားခဲ့သည်။ ■

THE MYANMAR TIMES
နေပြည်တော်
Capital News
■ နေပြည်တော်သတင်း
သောကြာနေ့၊ မတ် ၂၂ – ၂၈၊ ၂၀၁၃

ဌာနဆိုင်ရာကားများလည်း အရှိန်ပြင်းမောင်းပါက အရေးယူမည်

စုလှိုင်ထွန်း

ဧပြီ ၁ ရက်နေ့မှ စတင်အရေးယူမည့် အမြန်လမ်းမကြီးပေါ် အရှိန်ပြင်းမောင်းနှင် ယာဉ်များတွင် ပြည်ထောင်စုဝန်ကြီးကားများ ပါဝင်ပါကလည်း လူတန်းစားမရွေး ထိထိရောက်ရောက်အရေးယူမည်ဟု အမြန်လမ်းမကြီး ရဲတပ်ဖွဲ့၊ ရဲမှူးကြီး နေဝင်းက ပြောကြားသည်။

"ဒါက သမ္မတကြီးကိုယ်တိုင် လုပ်စေချင်တဲ့ ဆန္ဒပါ။ အမြန်လမ်းမကြီးသွားပြည်သူတိုင်း ဘေးကင်းစေချင်လို့ ဒီလိုတင်းတင်းကျပ်ကျပ် အရေးယူတာပါ။ ဘယ်သူ့ကိုမှ မျက်နှာသာမပေးပါဘူး။ အားလုံးတန်းတူ အရေးယူမှာပါ။ စစ်ဆေးစဉ်မှာလည်း တချို့သောဝန်ကြီးကားတွေ၊ ဌာနဆိုင်ရာအကြီးအကဲကားတွေ ပါပါတယ်"ဟု ၎င်းကပြောသည်။

ပညာပေးစစ်ဆေးစဉ် ကာလတွင် ဌာနဆိုင်ရာအကြီးအကဲများ၏ ကားအများစုသည် အရှိန်ပြင်းမောင်းနှင်သည်ကို စစ်ဆေးတွေ့ရှိသည် ဟု ၎င်းက ပြောသည်။

အမြန်လမ်းမကြီး၌ ဖြစ်ပွားသည့် ယာဉ်မတော်တဆမှုများတွင် အများဆုံးသည် ကိုယ်ပိုင်ယာဉ်များ အရှိန်ပြင်းမောင်းနှင်မှုများကြောင့် ဖြစ်ပွားသည်ကို စစ်ဆေးရရှိခဲ့သည်ဟု အမြန်လမ်းမကြီး ရဲတပ်ဖွဲ့က သိရသည်။

"လုပ်မယ်ဆို တကယ်လုပ်ပါ။ မှောက်ပြီဆိုလည်း သေတာပဲကြားရတယ်။ ပျဉ်းမနားက လူငယ်လေးတွေ အပျော်ခရီးထွက်ကြတာ ရန်ကုန်တောင် မရောက်သေးဘူး။ လမ်းမှာတင်မှောက်တယ်။ သေသွားတယ်။ မိဘတွေအရမ်း ခံစားကြရတယ်။ လမ်းပိုင်းကလည်း ပြည့်စုံမှုမရှိသေးဘူး။ ဒါကိုလည်း အမြန်လုပ်စေချင်တယ်။ ခု အမြန်လမ်းမကြီးကို သေမင်းလမ်းမကြီးလို့ကို ခေါ်နေကြပြီ" ဟု ပျဉ်းမနားမြို့သား ကိုမောင်မောင်က ပြောသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန အမြန်လမ်းမကြီး အင်ဂျင်နီယာဌာန ဦးမျိုးဝင်းက "အမြန်လမ်းမကြီးက အခြေခံအားဖြင့်တော့ လုံလောက်ပါတယ်။ လမ်းပိုင်းအားလုံးတော့ ပြည့်စုံမှုလိုနေပါသေးတယ်။ လာမယ့်ဘဏ္ဍာနှစ်မှာ လိုအပ်တာတွေ ဆက်လုပ်သွားမှာပါ"ဟု အမြန်လမ်းမကြီးတွင် ရေဒါစနစ်သုံးကာ ဖမ်းဆီးအရေးယူမည့်အကြောင်း ရှင်းလင်းပွဲတွင် ပြောသည်။

"မီဒီယာရှင်းလင်းပွဲလုပ်တယ်။ ဖမ်းဆီးပုံကို ရိုက်ကူးပြသနေစဉ်အတွင်းမှာကိုပဲ ကိုယ်ပိုင်ယာဉ်တွေက သတ်မှတ်မိုင်နှုန်းထက် ပိုမောင်းတယ်။ သံရုံးကားတွေ၊ အင်န်ဂျီအိုကားတွေလည်း ကီလို ၁၈၀ အထက် မောင်းနေတာကို တွေ့ခဲ့ပါတယ်"ဟု သတင်းထောက်တစ်ဦးက ဆိုသည်။

အမြန်လမ်းမကြီး၌ ယာဉ်မတော်တဆမှု လျှော့ချရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနက ရှစ်လမ်းသွားလမ်းမကြီးတွင် ကုန်ထုတ်လမ်းများ၊ ဆိုင်ကယ်မောင်းလမ်းများအပြင် အရှိန်ထိန်း မောင်းနှင်စေရန်အတွက် ဘယ်ရီယာတုံးများ ချထားခြင်းနှင့်အသက်ကယ်လမ်းတို့ကိုလည်း နှစ်စဉ် ဘဏ္ဍာငွေရရှိမှုပေါ်မူတည်၍ ထပ်မံတိုးချဲ့ ဖောက်လုပ်မည်ဟု သိရသည်။

"အဖြောင့်မောင်းလာတယ်ဆို ကြာရင် အိပ်ငိုက်သွားတတ်တယ်။ ခုဆို မိုင် ၄၀ ခြားမှာ ရပ်နားစခန်းတွေ၊ လေထိုးကျွတ်ဖာဆိုင်တွေ ထားပေးမယ်။ လုပ်နေကြပါပြီ။ စားသောက်ဆိုင်တွေကိုလည်း ဖွင့်ပေးဖို့ ပြောထားပါတယ်"ဟု ရဲမှူးကြီးနေဝင်းက ပြောကြားသည်။ ■

ယာဉ်တိုက်မှု မပြတ်ဖြစ်ပွားသည့်အတွက် မိုင် ၄၀ တိုင်း၌ ဘယ်ရီယာတုံးများ ချထားသည်ကို နေပြည်တော် တိုးဂိတ်အနီး တွေ့ရစဉ်။ ဓာတ်ပုံ-စုလှိုင်ထွန်း

စင်ကာပူနိုင်ငံ ဆရာဝန်များနှင့် အသည်းရောဂါ ကုသမှုဆိုင်ရာများ နှီးနှောဖလှယ်ခဲ့

စုလှိုင်ထွန်း

အစိုးရရုံးစိုက်ရာ နေပြည်တော်ရှိ ဇမ္ဗူသီရိ အထူးကုဆေးရုံကြီးတွင် ယခုလ ၉ ရက်နေ့က Parkway Hospitals Singapore မှ ဆရာဝန်ကြီးများနှင့် အသည်းရောဂါကုသမှုဆိုင်ရာ ဆေးပညာ နှီးနှောဖလှယ်ပွဲ ပြုလုပ်ခဲ့သည်။

အဆိုပါစင်ကာပူဆေးရုံသို့ တက်ရောက်ကုသလိုသူများအား နေပြည်တော် ဇမ္ဗူသီရိအထူးကုဆေးရုံက ချိတ်ဆက် ကုသနိုင်ရန်နှင့် ဇမ္ဗူသီရိဆေးရုံတွင် ၎င်းဆရာဝန်များက လာရောက်ကုသမှုများပေးနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

"အခုက အသည်းရောဂါအတွက် နေပြည်တော်မှာရှိတဲ့ ဆရာဝန်ကြီးတွေနဲ့ ဆေးပညာနှီးနှောဖလှယ်တဲ့ အဆင့်ပါ။ နောင်မှာလည်း ကိုယ့်ဆေးရုံမှာ စင်ကာပူဆရာဝန်တွေ လာကုသပေးဖို့နဲ့ မနိုင်တာလောက်သာ သူတို့ဆီလွှဲပြောင်းကုသနိုင်အောင် စီစဉ်ညှိနှိုင်းနေတယ်။ ကိုယ့်ဆေးရုံအတွက်လည်း မှတ်တိုင်တစ်ခုကျန်အောင် လုပ်သွားမှာပါ"ဟု ဇမ္ဗူသီရိ အထူးကုဆေးရုံမှ ဒုတိယဆေးရုံအုပ် ဒေါက်တာမင်းသိမ်းက ပြောသည်။

ယခုအခါ နိုင်ငံတကာသို့မြန်မာပြည်သူများ ကျန်းမာရေးသွားရောက်စစ်ဆေးကုသလျက်ရှိသည်။ သို့အတွက် တစ်ဆင့်ခံ ရုံးခန်းများထားရှိကာ လူနာလက်ခံခြင်းများကို ရုံးခန်းဖွင့် ဆောင်ရွက်လျက်ရှိသည်။

ဇမ္ဗူသီရိ အထူးကုဆေးရုံကြီးမှလည်း Parkway အောက်ရှိ Mount Elizabeth Orchard, Mount Elizabeth Novena, Gleneagles နှင့် Parkway East ဆေးရုံတို့တွင် သွားရောက်ကုသလိုသည်များကို ဆက်သွယ် ဆောင်ရွက်ပေးနိုင်ကြောင်း သိရသည်။ ■



Galaxy S4 ကို ဆမ်ဆောင်းပွဲထုတ်

တောင်ကိုရီးယား အိမ်သုံးလျှပ်စစ်ပစ္စည်းကုမ္ပဏီကြီး ဆမ်ဆောင်းဟာ သူ့ရဲ့ စမတ်ဖုန်း ဈေးကွက်တွင်းယှဉ်ပြိုင်မှုကို အရှိန်မြှင့်တင်တဲ့အနေနဲ့ ဖုန်းလုပ်ဆောင်ချက်တွေကို တစ်ချက်ကြည့်လိုက်ရုံနဲ့ပဲ ထိန်းချုပ်လို့ရစေမယ့် မျက်လုံးလှုပ်ရှားမှုကို အာရုံခံနိုင်တဲ့ နည်းပညာနဲ့ အသစ်တီထွင် ထုတ်လုပ်လိုက်တဲ့ Galaxy S4 ကို မတ်လ ၁၄ ရက်နေ့မှာ မိတ်ဆက်ပေးခဲ့ပါတယ်။

စိတ်ဝင်စားဖို့ အကောင်းဆုံး တစ်ချက်ကတော့ အက်စ်-၄ ရဲ့ မျက်လုံးလှုပ်ရှားမှု အာရုံခံစနစ်ဟာ သုံးစွဲသူ ဗီဒီယိုကားတစ်ကားကိုကြည့်နေရင်း မျက်လုံးအကြည့်လွှဲလိုက်တာကို ခံစားသိရှိနိုင်ပြီး ဗီဒီယိုပြကွက်တွေကို ပြန်ကြည့်ဖြစ်တဲ့ အချိန်အထိ ရပ်ပေးထားနိုင်တဲ့ လုပ်ငန်းစဉ်ပါ။ ဒီနည်းပညာနဲ့ အီးမေးလ်တွေ စစ်တဲ့အခါမှာလည်း ရွှေ့ကြည့်နိုင်ပါတယ်။

ဆမ်ဆောင်းဟာ Galaxy S4 ကို နယူးယောက်မြို့ Radio City Music Hall မှာ ကျင်းပတဲ့ ပစ္စည်းသစ် မိတ်ဆက်ပွဲမှာ ပွဲထုတ်ပေးခဲ့ပြီး နိုင်ငံပေါင်း ၁၅၅ နိုင်ငံမှာ ဧပြီလ နှောင်းပိုင်းလောက် ကျရင်တရားဝင် စတင်ရောင်းချပေးမယ်လို့ အသိပေးခဲ့ပါတယ်။ ဒါပေမဲ့ ဒီပစ္စည်းရဲ့ တန်ဖိုးကိုတော့ မဖော်ပြခဲ့ပါဘူး။

"ကျွန်တော်တို့ လူသားအားလုံးအတွက်တော့ ဘဝဟာ ခရီးရှည်တစ်ခုပါပဲ။ ကျွန်တော်တို့ လိုချင်တာကတော့ ဒီခရီးရှည်ကြီးမှာ ကျွန်တော်တို့နဲ့အတူ ပါဝင်နိုင်မယ်၊ ဘဝမှာ အပြည့်စုံဆုံးဖြစ်အောင် ကူညီပေးနိုင်မယ့် ပစ္စည်းတစ်ခုပါ"လို့ ဆမ်ဆောင်းကုမ္ပဏီရဲ့ ဌာနကြီးငါးခုမှာ တစ်ခုဖြစ်တဲ့ မိုဘိုင်းကော်မျူနီကေးရှင်း ဌာနရဲ့ ဌာနမှူး ဂျေကေရှင်းက ပြောပါတယ်။

ဂလက်ဆီအက်စ်-၄ ရဲ့ စကရင်က ငါးလက်မ (၁၂ ဒသမ ၇ စင်တီမီတာ) ရှိပြီး ရုပ်ထွက်ကောင်းသလို ကင်မရာစွမ်းဆောင်ရည်ကိုလည်း အဆင့်မြှင့်ပေးထားတဲ့အပြင် ဘာသာစကားကိုးမျိုးကို ဘာသာပြန်ပေးနိုင်တဲ့ လုပ်ငန်းစဉ်လည်း ပါဝင်ပါတယ်။

"ဒါဟာ ဆမ်ဆောင်းရဲ့ အရေးပါဆုံး ထုတ်ကုန်ပစ္စည်းဆိုတာ ထင်ရှားပါတယ်။ ဒီပစ္စည်းသစ်မှာ နည်းပညာတွေ

ဓာတ်ပုံ – အေအက်ဖ်ပီ

အများကြီး ထည့်ပေးထားပါတယ်။ စဉ်းစားစရာတစ်ချက်ကတော့ သုံးစွဲသူတွေဟာ ဒီနည်းပညာတွေထဲက ဘယ်နှမျိုးလောက်ကို အကြိုက်တွေ့ကြမလဲဆိုတာပဲ" လို့ Gartner နည်းပညာအကြံပေးကုမ္ပဏီမှ ကျွမ်းကျင်သူ Michael Gartenberg က ပြောကြားခဲ့ပါတယ်။

ဆမ်ဆောင်းဟာ သီချင်းတွေ၊ စာအုပ်တွေနဲ့ ဗီဒီယိုတွေအတွက် သူ့ရဲ့ အွန်လိုင်း ရပ်တည်မှုကို ချဲ့ထွင်ခဲ့ပြီး ဆမ်ဆောင်းကုမ္ပဏီထုတ် ရုပ်မြင်သံကြားနဲ့ ဂလက်ဆီအက်စ်-၄ ကို ချိတ်ဆက်ပြီး ဗီဒီယိုတွေ ကြည့်နိုင်အောင် စီစဉ်ပေးထားပါတယ်။

"အခုအချိန်မှာတော့ စမတ်ဖုန်းမှာ ဆော့ဖ်ဝဲရယ်၊ ဂေဟစနစ်နဲ့ ကိုက်ညီတဲ့ နည်းပညာဖြစ်ဖို့ရယ်ဆိုတဲ့ အချက်တွေက အရေးကြီးတယ်လို့ မြင်ထားကြတာပါ။ ဟာ့ဒ်ဝဲပိုင်းကို အခုမှ စကြည့်လာကြတာပါ" လို့ Gartenberg က ပြောပါတယ်။

"ဒါဟာ အန်းဒရွိုက်ဆော့ဖ်ဝဲပေါ်မှာ တည်ဆောက်လာနိုင်တဲ့ ဆမ်ဆောင်း ဂေဟစနစ်တစ်ခုပါပဲ"လို့ သူက ပြောပါတယ်။

ဂူးဂဲလ်က အခမဲ့ ပေးထားတဲ့ အန်းဒရွိုက်ဆော့ဖ်ဝဲသုံး စမတ်ဖုန်း ထုတ်လုပ်တဲ့ ကုမ္ပဏီတွေထဲမှာ ဆမ်ဆောင်းဟာ အကြီးဆုံးနဲ့ အောင်မြင်မှုအရှိဆုံး ကုမ္ပဏီကြီးပါ။

အိုင်ဒီစီရဲ့ အချက်အလက်တွေအရ အက်ပဲလ်ဟာ အမေရိကန်ဈေးကွက်ထဲမှာ ဦးဆောင်နေဆဲဖြစ်ပြီး မိုဘိုင်းဖုန်း ရောင်းချရမှုအားလုံးရဲ့ သုံးပုံတစ်ပုံကျော်ဟာ အက်ပဲလ်ပစ္စည်းတွေ ဖြစ်နေချိန်မှာ ဆမ်ဆောင်းဟာ ဈေးကွက်ရှယ်ယာ ၂၉ ရာခိုင်နှုန်းနဲ့ ကမ္ဘာတစ်လွှားထိပ်တန်း စမတ်ဖုန်း ကုမ္ပဏီဖြစ်လာပါတယ်။

ဂလက်ဆီအက်စ်-၃ ကို ပြီးခဲ့တဲ့ မေလမှာ စတင်ရောင်းချခဲ့ရာမှာ ကမ္ဘာတစ်လွှား အလုံးရေ သန်း ၄၀ ကျော် ရောင်းချခဲ့ရပြီး ဆန်းသစ်တီထွင်မှုနဲ့ ပတ်သက်ပြီး ဒီကုမ္ပဏီနှစ်ခုမှာ ဘယ်သူက ဦးဆောင်နေတယ်ဆိုတာနဲ့ပတ်သက်ပြီး ငြင်းခုံနေကြတဲ့ လေ့လာဆန်းစစ်သူတချို့လည်း ရှိပါတယ်။

"ကမ္ဘာတစ်လွှားက သုံးစွဲသူတွေဘာကို တကယ်လိုချင်နေတာလဲဆိုတာကို ကျွန်တော်တို့ အမြဲတမ်း နားစွင့်ထားပါတယ်" လို့ ဌာနမှူး ဂျေကေရှင်းက ပြောကြားခဲ့ပါတယ်။

ဆမ်ဆောင်းဟာ အက်ပဲလ်ရဲ့ ဖန်တီးမှုကို ပုံတူကူးချတယ်လို့ အက်ပဲလ်က လူသိရှင်ကြားတရားစွဲဆိုထားတဲ့အမှုအတွက် ကိုယ့်ကိုယ်ကိုယ်ဆက်ပြီး ကာကွယ်နိုင်ဖို့ ဆမ်ဆောင်းဟာ တီထွင်ဖန်တီးမှုကို အလေးအနက်ထားပြီး ပစ္စည်းသစ်ကို ထုတ်လုပ်ခဲ့ပါတယ်။

အသစ်ထုတ်လိုက်တဲ့ အက်စ်-၄ ဟာ စကရင်နဲ့ ဘက်ထရီ ပိုကြီးပေမယ့် အက်စ်-၃ ထက် ပိုပါးလွှာပြီး အလေးချိန်ကလည်း ဂရမ် ၁၃၀ ပဲ ရှိပါတယ်။

ဒီစမတ်ဖုန်းအသစ်မှာ အရှေ့၊ အနောက် ကင်မရာနှစ်ခုလုံးကို တစ်ပြိုင်တည်း အသုံးပြုလို့ရတဲ့ dual camera စနစ်လည်း ထည့်ပေးထားပြီး Group Play function ကတော့ သီချင်း၊ ဓာတ်ပုံ၊ စာတွေ၊ ဒါမှမဟုတ် ဂိမ်းတွေကို အနီးအနားက အက်စ်-၄ ဖုန်းတွေဆီ ပေးပို့နိုင်ပြီး တစ်ပြိုင်တည်း အတူတူ အသုံးပြုလို့ရတဲ့ လုပ်ငန်းစဉ်ပဲ ဖြစ်ပါတယ်။

ဘာသာ စကားတစ်မျိုးမျိုးကို ပါးစပ်ကနေ ပြောလိုက်ပြီး ဒါမှမဟုတ် စာနဲ့ရေးချလိုက်ပြီးရင် ကိုယ်သိချင်တဲ့ ဘာသာစကားကို ချက်ချင်းပြောင်းပေးလို့ရတဲ့ S Translator ဆိုတဲ့ လုပ်ငန်းစဉ်ကိုလည်း ထည့်ပေးထားပါသေးတယ်။

အက်စ်-၄ အာရုံခံစနစ်တွေကို S Health ဆော့ဖ်ဝဲနဲ့လည်း ချိတ်ဆက်ပေးထားတဲ့အတွက် ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်း၊ အစားအသောက် အနေအထိုင်၊ နှလုံးခုန်နှုန်းနဲ့ ကျန်းမာရေးနဲ့ဆိုင်တဲ့ တခြားအချက်အလက်တွေကို ခြေရာခံရာမှာ ဒီဟန်းဆက်ကို အသုံးပြုလို့ ရပါတယ်။

ဒါ့ပြင် လေထုအပူချိန်နဲ့ စိုထိုင်းဆကိုပါ တိုင်းတာနိုင်အောင် စီစဉ်ထုတ်လုပ်ထားတဲ့အတွက် 'ပတ်ဝန်းကျင်ရာသီဥတု အခြေအနေကိုလည်း' ခန့်မှန်းနိုင်မှာပါ။

စမတ်ဖုန်းတွေကို အလုပ်မှာပါ သုံးစွဲလို့ရအောင် ရည်ရွယ်ပြီးတော့လည်း ဟန်းဆက်ထဲက ကိုယ်ရေးအချက်အလက်နဲ့ စီးပွားရေးဆိုင်ရာသတင်းအချက်အလက်တွေကြား လုံခြုံရေးအတားအဆီးတစ်ခု တည်ဆောက်ပေးတဲ့ Knox ဆော့ဖ်ဝဲကိုလည်း အက်စ်-၄ မှာ ထည့်ပေးထားပါတယ်။

"ဆမ်ဆောင်းဂလက်ဆီ အက်စ်-၄ ဟာ အရမ်းကောင်းပါတယ်။ ဒါပေမဲ့ အက်စ်-၃ ကို အဆင့်မြှင့်ပေးထားတာပါ။ လုံးဝကြီး ပြောင်းသွားတာတော့ မဟုတ်ပါဘူး"လို့ နည်းပညာကဏ္ဍ ကျွမ်းကျင်သူ Jeff Kagan က ပြောပြပါတယ်။

ကုမ္ပဏီရဲ့ စီမံကိန်းတွေကို လျှို့ဝှက်တတ်တယ်လို့ လူသိများတဲ့ အက်ပဲလ်ကုမ္ပဏီဟာ အိုင်ဖုန်း ဗားရှင်းသစ်အပါအဝင် ကုမ္ပဏီထုတ် ပစ္စည်းတွေကို အဆင့်မြှင့်တင်တာတွေ လုပ်နေတယ်လို့ ယူဆရပါတယ်။ ဒါပေမဲ့ အက်ပဲလ်ရဲ့ ရှယ်ယာတွေဟာ စံချိန်တင် မြင့်တက်ခဲ့တဲ့ ပြီးခဲ့တဲ့နှစ်က နှုန်းထားထက် ၄၀ ရာခိုင်နှုန်း ကျဆင်းနေပါတယ်။

(အေအက်ဖ်ပီ)

သီရိမင်းထွန်း ဘာသာပြန်သည်။ ■

ကွန်ပျူတာနှင့် မိုဘိုင်းပြပွဲ ကျင်းပမည်

အောင်ကျော်ညွန့်

Yangon ICT Fair (Computer & Mobile)(March 2013)ပြပွဲကို မတ်လ ၂၂ ရက်နေ့မှ ၂၄ ရက်နေ့အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ပြခန်း၌နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ကျင်းပသွားမည်ဖြစ်သည်။

ထိုပွဲတွင် ကုမ္ပဏီပေါင်း ၆၃ ခုက ပြခန်းပေါင်း ၁၈၀ ခင်းကျင်းပြသမည်ဖြစ်သည်။

"ဒီပြပွဲကို ကျွန်တော်တို့ ပြုလုပ်ရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီး အတွင်းမှာရှိတဲ့ Mobile နဲ့ IT ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ယင်းကဏ္ဍတွေကို အထူးစိတ်ဝင်စားသော နိုင်ငံ့ဝန်ထမ်းတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ၊ မန်နေဂျာတွေ၊ ကျောင်းသားကျောင်းသူတွေ၊ လူငယ်တွေနဲ့ ပြည်သူလူထုကို ကွန်ပျူတာပစ္စည်းတွေ၊ ကွန်ပျူတာ ဆက်စပ်အပိုပစ္စည်းတွေ၊ နောက်ဆုံးပေါ် အီလက်ထရွန်းနစ်ပစ္စည်းတွေ၊ ဆက်သွယ်ရေးကိရိယာတွေ၊ Mobile နည်းပညာနဲ့ ပစ္စည်းတွေ၊ ကွန်ပျူတာအသုံးချဆော့ဖ်ဝဲလ်နည်းပညာတွေကို တစ်နေရာတည်းမှာ ကြည့်ရှုလေ့လာနိုင်ဖို့ ရည်ရွယ်ပြီးတော့ ပြုလုပ်ပေးတာဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်း၏ Exhibition ,Seminar & Training နှင့် ICT Award ဆိုင်ရာ Sub Committee ဥက္ကဋ္ဌ ဖြစ်သူ ကိုမျိုးမင်းဦးကပြောသည်။

"ပြပွဲလာတဲ့ပြည်သူတွေပြပွဲမှာ ငွေကြေးတွေကို သယ်ဆောင်လာစရာမလိုဘဲနဲ့ ပြပွဲမှာတစ်ခါတည်း ဝယ်ယူနိုင်ဖို့ အတွက် ကျွန်တော်တို့ ATM Corner ဆိုပြီးတော့ KBZ Bank ရယ်၊ CB Bank ရယ်၊ Ayeyawaddy Bank ရယ် ဘဏ်သုံးခုကို ထည့်သွင်းပေးထားပါတယ်။ အဲဒီ ATM Corner မှာ ငွေထုတ်ပြီးတော့ လိုချင်တဲ့ ပစ္စည်းကို ဝယ်လိုက်ရုံပါပဲ"ဟု ၎င်းကပြောသည်။

ယခုပြပွဲကို ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာ ရှင်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့ ယခုနှစ်အတွက် ပထမဆုံးအကြိမ် ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

Yangon ICT Fair ကို ယခုနှစ်တွင် ငါးကြိမ်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ■

amt. mobile mart
retails & whole sales
AMT MOBILE MART
CDMA GSM WCDMA TDMA
Mobile phone Handset & Accessories
No.(A-7), Aung San Stadium, Upper Pansodan Road, Yangon.
Tel: 01-371923-4, Email : amtmobilemart@gmail.com

KMD
မတ်လ (၂၂–၂၄) ရက်၊ ၂၀၁၃
(တပ်မတော်ခန်းမ)/ Booth No.A6
• လေလံအစီအစဉ် • အထူးလျှော့ဈေး
• ဗလာမပါကံစမ်းမဲ
iPod Touch
Limited Stock 99,000/-
☎ ၃၈၅၁၇၇၊ ၂၄၅၁၈၀၊ ၃၈၅၀၇၇

ကွန်ပျူတာနှင့်မိုဘိုင်းပစ္စည်းဈေးနှုန်း (၂၀၁၃ ခုနှစ် – မတ်လ – (၁၈) ရက်နေ့ပေါက်ဈေး)

ကွန်ပျူတာ	ဈေးနှုန်း
KMD Basic Model • Intel Dual Core G2020(2.9GHz)	၂၂၇,၀၀၀ကျပ်
KMD Innovator Model • Intel Core i-3 3.3GHz (2120)	၂၇၄,၀၀၀ကျပ်
Lenovo H430 • Intel Dual Core G640(2.8GHz)	၂၈၅,၀၀၀ကျပ်

နုတ်ဘုတ်(စ်)	
Toshiba Satellite C800 • Intel B960 (2.2GHz), 2GB, 500HD	၃၄၅,၀၀၀ကျပ်
Fujitsu LifeBook LH532V • Intel i5(2.5GHz), Graphic 2GB	၅၅၉,၀၀၀ကျပ်
Lenovo G480(i3)Graphic • Intel Core i3-2.4GHz • 4GB	၄၄၃,၀၀၀ကျပ်

မိုဘိုင်း	
Lenovo A789(Dual SIM)	၁၀၅,၀၀၀ ကျပ်
Lenovo A60+	၆၉,၀၀၀ ကျပ်
Huawei U8951D	၁၂၅,၀၀၀ ကျပ်
hTC Desire C	၁၄၉,၀၀၀ ကျပ်
hTC Desire X	၂၃၆,၀၀၀ ကျပ်
Samsung Note II	၅၀၉,၀၀၀ ကျပ်
Huawei 8661	၇၅,၀၀၀ ကျပ်

Apple 1 Year Warranty (International)	
iPod 2GB Shuffle(New)	၄၉,၀၀၀ ကျပ်
iPod Touch 5G 32GB(New)	၂၅၅,၀၀၀ ကျပ်
iPhone 5 16GB(white)	၆၄၅,၀၀၀ ကျပ်
MacBook Pro(New) (13", Intel Core i7,8GB, 750GB HDD)	၁,၂၉၀,၀၀၀ ကျပ်

Technopreneurship ဆုရရှိသူ သုံးဦးကို ကုမ္ပဏီထောင်ပေးမည်

ထူးအောင်

ထက်မြက်ရှင်သန်စွာလုပ်ကိုင်လိုသည့် အတွေးအခေါ်ရှိသူများအား ကူညီနိုင်ရန်အတွက် ကိုရီးယား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) ၏ အထောက်အပံ့ဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် ကိုရီးယားလေကြောင်းအာကာသတက္ကသိုလ်တို့ ပူးပေါင်းပြီး Myanmar-Korea IT Center မှ ပထမဆုံးအကြိမ် Technopreneurship ပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်က သတင်းထုတ်ပြန်သည်။

တွေးခေါ်မြော်မြင်မှု၊ နည်းပညာနှင့် စီမံခန့်ခွဲရေးတို့တွင် ထူးခြားထက်မြက်သည့် စွမ်းရည်များအား ဖော်ထုတ်ပေးရန်နှင့် ပံ့ပိုးပေးရန်တို့ကို ရည်ရွယ်ပြီး ဆုရရှိသူသုံးဦးကို ကုမ္ပဏီတစ်ခုစီ ထူထောင်ပေးသွားမည်ဖြစ်ကြောင်း၊ ယှဉ်ပြိုင်လိုသူများအနေဖြင့် Business Plan မူကြမ်းကို ရေးသားပြီး Video Presentation file ကို ဧပြီလ ၂၂ ရက်နေ့တွင် နောက်ဆုံးထားပြီး မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်သို့ တင်သွင်းရမည်ဖြစ်သည်။

စိတ်ပါဝင်စားသည့် ဘွဲ့ရကျောင်းသားများနှင့် Freelance Developer များ ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။

အဆိုပါ ဆုရရှိသူ သုံးဦးကို နှစ်လအတွင်း ဥပဒေလုပ်ထုံးလုပ်နည်းများအရ ကုမ္ပဏီမှတ်ပုံတင်ခြင်းကို ပြုလုပ်ရမည်ဖြစ်ပြီး ကုမ္ပဏီမှတ်ပုံတင်ရန် လိုအပ်သည့် Advisory Agent Fee (ကျပ်ငါးသိန်း)နှင့် ကုမ္ပဏီမှတ်ပုံတင်ကြေး (ကျပ် ၁၅ သိန်း)တို့ကို ထောက်ပံ့ပေးမည်ဖြစ်သည်။

> **တွေးခေါ်မြော်မြင်မှု၊ နည်းပညာနှင့် စီမံခန့်ခွဲရေးတို့တွင် ထူးခြားထက်မြက်သည့်စွမ်းရည်...**

ထို့ပြင် Business Plan ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ဝန်ထမ်းသုံးဦးကို ခြောက်လစာ ငွေထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ကုမ္ပဏီလည်ပတ်နိုင်ရန်အတွက် အလုပ်နေရာနှင့် ကွန်ပျူတာများကို ခွဲဝေသုံးစွဲနိုင်ရန် စီစဉ်ပေးသွားမည်ဖြစ်သည်။

Technopreneurship ပြိုင်ပွဲ၏ ဆုရလဒ်ကို မေလ ၂၈ ရက်နေ့တွင် ကြေညာသွားမည်ဖြစ်ပြီး ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်မည့် အကြောင်းအရာများမှာ Banking System၊ Commerce၊ Education၊ Health Care၊ E-Governance၊ Information Security Management၊ Mobile Applications၊ Online Social Networking System နှင့် Tourism တို့ ဖြစ်သည်။ ■

Google အဆင့်မြင့်အရာရှိ မြန်မာသို့ ပထမဆုံးလာရောက်

¤if\ aq;aE;yuEdef mtif zkwufcf rwfv 22&uf aeWifu ifyrnf

ထူးအောင်

Google ၏ အမှုဆောင် ဥက္ကဋ္ဌ Eric Schmidt သည် မြန်မာနိုင်ငံကို အာရှတစ်ခွင်သို့ လှည့်လည်မည့် ခရီးစဉ်၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် လာရောက်မည်ဖြစ်ကာ ရန်ကုန်မြို့ မြန်မာအင်ဖိုတက်ခ်တွင် ဆွေးနွေးပွဲတစ်ခုပြုလုပ်မည်ဖြစ်သည်ဟု မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်က သတင်းထုတ်ပြန်သည်။

၎င်းသည် အာရှတစ်ခွင်သို့ လှည့်လည်ပြီး ဒေသအတွင်းရှိ လူဦးရေ သန်းပေါင်း များစွာ၏ ဘဝများ တိုးတက်စေရန် အင်တာနက်ပေါ်သို့ ပထမဦးဆုံးအကြိမ်အဖြစ် တက်ရောက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ဒေသအတွင်းရှိ လုပ်ဖော်ကိုင်ဖက်များနှင့် စွန့်ဦးတီထွင်သူများနှင့် တွေ့ဆုံလျက်ရှိပြီး ယင်းလှည့်လည်ရေးခရီးစဉ်၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် လာရောက်ခြင်းဖြစ်သည်။ ထိုလာရောက်မှုနှင့် အတူ မြန်မာနိုင်ငံရှိ လူငယ်ခေါင်းဆောင်များ၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်များနှင့် တွေ့ဆုံသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံရှိ လူငယ်ခေါင်းဆောင်များ၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်များနှင့် အင်တာနက်ကို မည်သို့မည်ပုံ အသုံးချနိုင်ကြောင်း ဆွေးနွေးပွဲကို မတ်လ ၂၂ ရက်နေ့တွင် နံနက် ၉ နာရီအချိန်တွင် စတင်မည်ဖြစ်ပြီး မြန်မာအင်ဖိုတက်ခ်တွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲသို့ စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးနိုင်ရန် ကွန်ပျူတာအသင်းချုပ်က ဖိတ်ကြားထားသည်။

"မြန်မာနိုင်ငံရဲ့ အနာဂတ် ခေါင်းဆောင်တွေ၊ စွန့်ဦးတီထွင် လုပ်ငန်းရှင်တွေနဲ့ Google ဥက္ကဋ္ဌနဲ့ တွေ့ဆုံဆွေးနွေးကြမှာပါ။ အခုလို လာရောက်လည်ပတ်တာကိုလည်း ဂုဏ်ယူမိပါတယ်"ဟု မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၏ အလုပ်အမှုဆောင်ဖြစ်သူ ဦးသောင်းစုငြိမ်းက မြန်မာတိုင်း(မ်)ကိုပြောသည်။

အမေရိကန်နိုင်ငံရှိ နည်းပညာထိပ်သီး ကုမ္ပဏီများ၏ အဆင့်မြင့်အရာရှိအနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်ခြင်းမှာ ပထမဆုံးအကြိမ် ဖြစ်သည်။

လက်ရှိ မြန်မာနိုင်ငံတွင် အီးမေးလ်သုံးစွဲသူ အများစုမှာ Google ၏ အခမဲ့ဝန်ဆောင်မှုဖြစ်သည့် Gmail ကို အများဆုံးအသုံးပြုနေကြသည်။ သို့သော် အန်းဒရွိုက်ဖုန်းများအတွက် အပလီကေးရှင်းများကို အခမဲ့ သို့မဟုတ် ဝယ်ယူအသုံးပြုနိုင်သည့်ဝန်ဆောင်မှုကြီးဖြစ်သည့် Google Play ကိုမူ မြန်မာနိုင်ငံမှ အသုံးပြုခွင့်ကို ပိတ်ပင်ထားဆဲဖြစ်ကာ ယခုကဲ့သို့ Google တာဝန်ရှိသူတစ်ဦး မြန်မာနိုင်ငံသို့ ပထမဆုံးလာရောက်ပြီးနောက် မကြာမီအသုံးပြုခွင့်ရရှိနိုင်မည်ဟု မျှော်လင့်ထားကြသည်။ ■

Facebook Status များကို SMS မှတစ်ဆင့် Update ပြုလုပ်နိုင်

အင်တာနက်ကွန်နက်ရှင်မလိုဘဲ SMS မှ တစ်ဆင့် Facebook Status များကို Update ပြုလုပ်နိုင်မည့် အစီအစဉ်တစ်ရပ်ကို မတ်လ ၁၂ ရက်နေ့တွင် စတင်လိုက်ကြောင်း သိရသည်။

ယင်းအစီအစဉ်ကို MMstatus (Myanmar Status)ဟု အမည်ပေးထားပြီး M188 Mobile Application Services မှ စီစဉ်ပေးခြင်းဖြစ်သည်။ မိမိ Facebook Account များတွင် တင်လိုသည့် Status များကို မည်သည့်အချိန်၊ မည်သည့်နေရာတွင်မဆို မိမိတင်လိုသည့်စာသားကို SMS (18880) သို့ ပေးပို့ရုံဖြင့် အလွယ်တကူ Update ပြုလုပ်နိုင်မည်ဖြစ်သည်။

SMS ပေးပို့ပြီး Facebook Status ပေါ်တင်သည့် အချိန်တွင် SMS Server အနေဖြင့် ပေးပို့သူများ၏ Password ကို သိမ်းထားမည်မဟုတ်ကြောင်း၊ သိမ်းထားခွင့်လည်း ရှိမည်မဟုတ်ကြောင်း၊ ယခု စနစ်ကို အသုံးပြုရန်အတွက် Smart ဖုန်းဖြစ်ရန် မလိုအပ်သလို မည်သည့်ဖုန်းတွင်မဆို အသုံးပြုနိုင်ကြောင်း၊ Notification များကို SMS မှတစ်ဆင့် အခမဲ့ပြန်လည်ပေးပို့သွားမည်ဖြစ်ကြောင်း M188 မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်း MMStatus ဝန်ဆောင်မှုကို အသုံးပြုလိုသူများအနေဖြင့် တစ်ရက်ကို ၃၅ ကျပ် ကျသင့်မည်ဖြစ်ပြီး လတ်တစ်လောတွင် အခမဲ့ တစ်လအသုံးပြုခွင့်ပေးထားမည်ဖြစ်သည်။

လတ်တစ်လောတွင် MMStatus အနေဖြင့် SMS နှင့် ပတ်သက်သည့် အခြား ဝန်ဆောင်မှုများအနေဖြင့် SMS Blast, Two Way SMS, SMS Survey, SMS Voting စသည်တို့ကို ဆောင်ရွက်ပေးနေသည်။

MMStatus နှင့် ပတ်သက်၍ သိရှိလိုလျှင် www.facebook.com/mmfstatus နှင့် www.mmstatus. com တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။ **ထူးအောင်**

Armaggeddon Dota 2 Grand Slam Asia မြန်မာယှဉ်ပြိုင်ခဲ့

စင်ကာပူနိုင်ငံရှိ Marina Bay Sands Hotel တွင် မတ်လ ၇ ရက်နေ့မှ ၁၁ ရက်နေ့အထိ ကျင်းပခဲ့သော Armaggeddon Dota 2 Grand Slam Asia 2013 ပြိုင်ပွဲသို့မြန်မာနိုင်ငံက ပထမဆုံးအကြိမ် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ သီရိလင်္ကာ၊ ဗီယက်နမ်နိုင်ငံတို့ လာရောက်ယှဉ်ပြိုင်ပြီး တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ထိုင်ဝမ်တို့က အွန်လိုင်းမှ ယှဉ်ပြိုင်ကြသည်။

မြန်မာနိုင်ငံအနေဖြင့် ထိုပွဲအတွက် ပါဝင်ယှဉ်ပြိုင်စေမည့်အသင်းကိုဖေဖော်ဝါရီလတွင် ရွေးချယ်ပွဲပြုလုပ်ခဲ့ရာ ၃၃ သင်း ဝင်ရောက်ယှဉ်ပြိုင်ပြီး စင်ကာပူရောက် မြန်မာများဖြစ်ကြသည့် GOG အသင်းကယှဉ်ပြိုင်ခွင့်ရခဲ့သည်။

ထိုပြိုင်ပွဲတွင် မလေးရှားက ပထမ၊ စင်ကာပူက ဒုတိယ၊ ထိုင်းက တတိယ ရရှိခဲ့သည်။ **အောင်ကျော်ညွန့်** ■

သမိုင်းမှတ်တမ်းတင်ရမယ့် အကြောင်းအရာတွေ

(၁၀(ခ)အစ အစ်မက)

မိုးယံလင်း

(ယခင်ပတ်မှအဆက်)

ဒေါ်အောင်ဆန်းစုကြည်လောက် တပ်မတော်သွေးပါတာ ဘယ်သူရှိဦးမှာလဲ။ ဖခင်ကိုယ်တိုင်က တပ်မတော်ဖခင်ကြီး၊ အမျိုးသားခေါင်းဆောင် (အညာသား စစ်စစ်)၊ မိန့်ခွန်းပြောပြီဆို အင်္ဂလိပ်လို ရေးပြီးမှ မြန်မာလိုပြန်ပြောတတ်တဲ့သူ၊ လက်တန်းပြောတတ်သူ၊ စာရွက်ဖတ်ပြီး ပြောတတ်သူ မဟုတ်ဘူး။ မိန့်ခွန်းတစ်ခါ ပြောရင် သတင်းစာ စာမျက်နှာ သုံးမျက်နှာလောက် ပြောတဲ့သူမျိုးမဟုတ်ဘူး။ ဗိုလ်ချုပ်အောင်ဆန်းက ဘယ်လို ပြောသွားပါတယ်ဆိုပြီး အခုချိန်အထိ ကိုးကားနေတုန်း။ (ဟိုတလောကတောင် ကြားလိုက်ရပါသေးတယ်။ ဗိုလ်ချုပ်အောင်ဆန်းက ပြောတယ်တဲ့၊ ဥက္ကဋ္ဌဆိုတာ ရှင်ဘုရင်ပါပဲတဲ့။ မင်းကျင့်တရား ၁၀ ပါးနဲ့ညီတဲ့ ရှင်ဘုရင်မျိုးကို ပြောတာပါ။)

စစ်ရေးအမြင်ရှိရမယ်တဲ့၊ ဟုတ်လား။ တစ်ခါတုန်းက အရာရှိတစ်ယောက်က စစ်ဝတ်စုံဝတ်ပြီး၊ ကတ္တီပါခြေညှပ်ဖိနပ်စီးလာတာမြင်တော့ စစ်ဝတ်စုံဝတ်ပြီဆိုရင် အပြည့်အစုံဝတ်ထားရတယ်။ အဲဒီလိုပုံစံမျိုး ဘယ်တော့မှ မဝတ်ရဘူးလို့ ဒေါ်အောင်ဆန်းစုကြည်ပြောတာ ကိုယ်တိုင် ကြုံတွေ့ရဖူးပါတယ်။ (ဒါ စစ်ရေးအမြင်ရှိလို့ ပြောတာပါ။) ဆင်းဟတ်စစ်တက္ကသိုလ်တို့၊ ဝက်စ်ပွိုင့် စစ်တက္ကသိုလ်တို့ကို ရောက်ဖူး၊ မြင်ဖူး၊ ဝင်လေ့လာဖူးတဲ့သူကိုး။ တစ်ချိန်တုန်းက မြန်မာပြည်က ဆင်းဟတ်ကျောင်းဆင်း မြန်မာစစ်အရာရှိကြီးတွေနဲ့လည်း ခင်မင်ဖူးတဲ့သူကိုး။ (သူက ဆိုဗီယက်ကျောင်းဆင်း၊ မြောက်ကိုရီးယား ကျောင်းဆင်းတွေနဲ့တော့ မခင်မင်ခဲ့ဖူးပါဘူး။) ဒေါ်အောင်ဆန်းစုကြည်ဟာ ဘယ်အလုပ်မဆို စွယ်စုံတတ်မြောက်ထားရမယ်ဆိုတဲ့ အယူအဆထားရှိသူပါ။

စစ်ရေးအမြင်ဆိုတာ သေနတ်ကိုင်ဖူးသူ ဖြစ်ရမယ်ဆိုရင်လည်း ရပါတယ်။ ၁၅ မိနစ်လောက်ပဲ လက်နက်ငယ်သင်တန်း ပြပေးလိုက်တာနဲ့ ကိုးမီလီမီတာ ဘရက်တာ မပြောနဲ့၊ အူဇီသေနတ်အတိုကိုတောင် ပစ်ပြတတ်မယ့် လူစားမျိုးဆိုတာ သိစေချင်ပါတယ်။ ဟိုတလောက ဒေါ်အောင်ဆန်းစုကြည်က ပြောတယ်တဲ့။ 'တပ်မတော်သားတွေက ထမင်းစားဖိတ်မယ်ဆိုရင် စားချင်ပါတယ်' တဲ့။ ဟုတ်တာပေါ့၊ ဖိတ်ကျွေးသင့်တာပေါ့။ နိုင်ငံတော်သမ္မတကြီးကတောင် ဟိုတလောက ပြည်ထောင်စုနေ့ ညစာစားပွဲ ဖိတ်ကျွေးသေးတာပဲဟာ။ တပ်မတော်နေ့ ညစာစားပွဲလုပ်မယ့်ပွဲကို တပ်မတော်ဖခင်ကြီးကိုယ်စား သမီးဖြစ်သူကို ညစာစားပွဲ ဖိတ်ကြားမယ်ဆိုရင် ဘယ်လောက်ကောင်းလိုက်မလဲ။ အခုကာကွယ်ရေးဦးချုပ်လက်ထက်မှာ ခေတ်နဲ့အညီ တပ်မတော်ဝတ်စုံတချို့ ပြောင်းလဲသွားတာ ဝမ်းသာစရာပါပဲ။ (အခုကာ/ချုပ်က ရန်ကုန် ဆူးလေဘုရားလမ်းမှာ နေသွားတာ၊ စင်ထရယ်လ်ကျောင်းထွက်၊ စင်ထရယ်လ်ကျောင်းသားဟောင်းတွေ ဆရာကန်တော့ပွဲလုပ်ရင် တာဝန်တွေများလို့ မလာရောက်နိုင်ပေမယ့် အလှူငွေပစ္စည်း နှစ်စဉ် ပို့ပေးပြီး ဆရာတွေကို အဝေးကနေ ကန်တော့တယ်။ တာဝန်မှ အနားယူခဲ့ရင်တောင် အင်းစိန်က အိမ်မှာပဲ ပြန်နေပြီး ရိုးရိုးကုပ်ကုပ်နေထိုင်မယ့် လူစားမျိုးလို့ ဗဟုသုတဖြစ်ဖွယ် ကြားသိရဖူးပါတယ်။ (လေးစားပါတယ် ကာ/ချုပ်)

ဒေါ်အောင်ဆန်းစုကြည်အပေါ်မှာ တပ်မတော်နဲ့ ပတ်သက်လာရင် ပြောကြဆိုကြလွန်းလို့ အတွင်းသိ အစဉ်းသိ ကျွန်တော်ကလည်း ကြုံခဲ့ရတာ၊ သိခဲ့ရတာတွေကို အရှိုးခံအတိုင်း ပြည်သူပြည်သားအားလုံး၊ တပ်မတော်သားအားလုံးကို သိစေချင်လွန်းလို့ ခဏ ခဏ ပြန်ပြန်ပြောနေရတာပါ။ နောင်လည်း အကြောင်းသင့်ရင် ပြောပြနေဦးမှာပါပဲ။ စကားတွေ ထပ်ထပ်နေတာပဲလို့ အပြစ်ပြောမယ်ဆိုရင်လည်း ခံပါ့မယ်။ (အစ်မနဲ့ တပ်မတော်နဲ့ ခွဲခြားပြီးပြောရင် လက်မခံနိုင်လို့ပါနော်။)

ဇာတ်မင်းသားလေးအကြောင်း ပြောပြနေရာက အဲဒီနေ့က အဖြစ်အပျက်မှာ သူက အဓိကပုဂ္ဂိုလ်ဖြစ်သွားလို့ပါပဲ။ နောက်တစ်ခုကလည်း ဒေါ်အောင်ဆန်းစုကြည်လို ပုဂ္ဂိုလ်မျိုးကတောင် သူ့ကျန်းမာရေးအတွက် ဂရုတစိုက်နဲ့ အထက်လူကြီးအဆင့်အထိ ပြောပေးရတဲ့သူဆိုတော့ ခေသူတော့မဟုတ်ဘူးဗျ။ ဒါပေမဲ့ အဲဒီပုဂ္ဂိုလ်က စာအုပ်ကြီးသမား၊ အထက်လူကြီးတွေဆို သိပ်ကြောက်တာ။ အလုပ်အပေါ်မှာ တာဝန်ကျေပွန်တဲ့သူ၊ အပြောအဆိုမခံရအောင် နေတတ်တဲ့သူ။ အမှတ်(၅၄) နဲ့ ပတ်သက်တဲ့ရေးရာ၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ ပတ်သက်တဲ့ ရေးရာတွေဆို ကျွမ်းကျင်အဆင့်(၁)ဗျ။ အစ်မသွားနေကျ နေရာ၊ သွားနေကျနေ့တွေဆို မှတ်ထားတတ်တယ်။ ဦးမောင်ကို နှစ်ပတ်လည်နေ့က ဘယ်နေ့၊ ခရမ်းဦးတင်မောင်ဝင်း နှစ်ပတ်လည်နေ့က ဘယ်နေ့၊ အစ်မသားကြီး မောင်မြင့်ဆန်းအောင် မွေးနေ့က ဘယ်နေ့၊ သားငယ် မောင်ထိန်လင်းမွေးနေ့က ဘယ်နေ့ အကုန်သိတယ်။

ကျွန်တော်က တစ်နှစ်ကို ရွှေတိဂုံဘုရား သုံးခါသွားတယ်ဆိုတာကအစ သူက သိထားတယ်။ ဧပြီလ ၁၂ ရက်နေ့ အစ်မသားကြီးမွေးနေ့၊ ဇွန်လ ၁၉ ရက်နေ့ အစ်မမွေးနေ့၊ စက်တင်ဘာလ ၂၄ ရက်နေ့ အစ်မသားငယ်မွေးနေ့တွေမှာ ပန်းသက်စေ့၊ ရေသက်စေ့၊ ရွှေသက်န်းအလှူငွေ အမြဲလုပ်နေကျ။ "ဟေ့လူ၊ နက်ဖြန်ဘုရား ဘယ်အချိန်သွားမှာလဲ၊ ရေသက်စေ့ (တစ်ခွက်ပို)၊ ပန်းသက်စေ့ (တစ်ခွက်ပို)၊ ရွှေသက်န်းအလှူငွေ မဟုတ်လား" အမြဲမေးတယ်။ ဒီဇင်ဘာ ၂၇ ရက်နေ့ အစ်မမေမေ နှစ်ပတ်လည်နေ့မှာ အုတ်ဂူသန့်ရှင်းရေး၊ ပန်းဆီမီးလုပ်တာကအစ သိတယ်။ အဲဒီဟာတွေလည်း အစ်မခိုင်းလို့ တရားဝင်လုပ်နေတာကို သက်ဆိုင်ရာက ခွင့်ပြုခြင်းပါ။ သူက နယ်မြေခံတွေကိုလည်း အကြောင်းကြားပေးထားတယ်။ ပြောပြထားတယ်။ အင်္ဂါထောင့်က ဗဟန်းနယ်မြေ၊ စနေနဲ့ ကြာသပတေးထောင့်က ဒဂုံနယ်မြေ၊ ရွှေတိဂုံဘုရားက ဗဟန်းနဲ့ ဒဂုံ နှစ်မြို့နယ်ထဲမှာ ပါနေတာပါ။ ကျွန်တော်က နှစ်စဉ်သွားလုပ်နေကျပါ။ အဖွဲ့အစည်းနဲ့ မပတ်သက်ပါဘူး။

တစ်ခါတလေကျ ကျွန်တော်က ရှုတ်နောက်နောက် နေတတ်ပါတယ်။ အစ်မသားနှစ်ယောက် မွေးနေ့တွေမှာပါ။ နောက်ကနေလိုက်ပြီး မေးတတ်တဲ့သူတွေဆို 'ပန်းက ဘယ်နှပွင့်လဲ' မေးရင် အပွင့် ၃၀ ဖြေလိုက်တယ်။ နောက်တစ်ယောက်က မေးရင် ၃၁ ပွင့်၊ နောက်တစ်ယောက်က မေးရင် ၃၂ ပွင့် ဖြေလိုက်တယ်။ အထက်ကို သတင်းပို့ကြတဲ့အခါ သုံးမျိုးဖြစ်နေတယ်။ ပြဿနာတွေ ဖြစ်ကြရော။ နောက်တွေ့တဲ့အခါ ဖိုးလေးက သိပ်နောက်တာပဲဗျာ။ ကျွန်တော်တို့မှာ ပြဿနာတက်တာပေါ့လို့ ပြောတဲ့အခါ ကျွန်တော်က ရယ်နေပါတယ်။ လူ့ဘဝဆိုတာလည်း နေရတာ ခဏတာလေးပါ။ အမုန်းတရားနဲ့ မနေကြဘဲ အပြုံးများနဲ့ ဘဝကို နေထိုင်သွားချင်ပါတယ်။ အဲဒါကြောင့်ပါ။ ကျွန်တော်က ဘာစိတ်မှမရှိပါဘူး။

ခြံထဲက စထွက်လာတော့ ကျွန်တော်တို့ဘက်က ကားသုံးစီး၊ သူတို့ဘက်က ကားနှစ်စီး၊ အားလုံး ကားငါးစီးပါ။ ဘဘဦးကြည်မောင်အိမ် ရောက်တော့ ဘဘဦးတင်ဦးကားမှာ ဘဘဦးကြည်မောင်က လိုက်ပါတယ်။ အစ်မက ကျွန်တော့်ကို ခေါ်ပြီး ဘဘတို့ကားမှာ လိုက်ရမယ်လို့ ပြောပါတယ်။ ဘဘဦးကြည်မောင်အိမ်ကနေ ကမ္ဘာအေးဘုရားလမ်းမပေါ်ရောက်တော့ ပိတ်ထားတဲ့လမ်းမကြီးဟာ လူသူကင်းရှင်းပြီး တိတ်ဆိတ်နေပေမယ့် လူ ၂၀၀ ခန့်ရှိတဲ့ လူအုပ်ကြီးက ပိတ်ဆို့ထားတာ ဘွားခနဲ တွေ့လိုက်ရတော့ အံ့ဩသွားပါတယ်။

အစ်မကားကစပြီး ကျန်တဲ့ကားတွေကို သွားခွင့်မပြုဘဲ ညာသံပေးပြီး ကားတွေကို ဝိုင်းဝန်းရိုက်နှက်သံတွေဟာ ကမ္ဘာပျက်သလား အောက်မေ့ရပါတယ်။ ကျွန်တော်ပါတဲ့ ဘဘဦးတင်ဦးကားဟာ မှန်ဆိုတာ လုံးဝကိုမရှိအောင် ရိုက်နှက်ကြပါတယ်။ ထူးခြားတာက လူတွေကို ဘာမှမလုပ်ကြပါဘူး။ မှန်တွေမရှိတော့ ကားထဲကလူတွေကို အတိုင်းသား မြင်နေရပါတယ်။ လူတွေကို လုပ်မယ်ဆိုရင်တော့ (ကာကွယ်ရေးဦးစီးချုပ် (ဟောင်း) ဗိုလ်ချုပ်ကြီး သူရဦးတင်ဦးနဲ့ တိုင်းမှူး(ဟောင်း)ဗိုလ်မှူးကြီးကြည်မောင်တို့ရဲ့ဘဝဟာ မတွေးရဲစရာအောင်ပါပဲ။) အဲဒီအချိန်မှာပဲ အစ်မကားနောက်မှန်ကို သံတုတ်နဲ့ရိုက်လိုက်တာ တွေ့ရပါတယ်။ မှန်ကမကွဲသွားဘဲ ချိုင့်ဝင်သွားတဲ့ သံတုတ်ရာ ကျန်ခဲ့ပါတယ်။ ကျွန်တော်တို့ကားပြီးတော့ နောက်ကပါလာတဲ့ လုံခြုံရေးအရာရှိ ကိုသူရ (ဗိုလ်မှူးနေစိုး) စီးတဲ့ ဗင်ကားအပြာရောင်ကို ဝိုင်းဝန်းရိုက်နှက်တာ တွေ့ရပါတယ်။ ကိုသူရက ရှေ့ခန်းမှာ ဝပ်ပြီးနေတာ တွေ့ရပါတယ်။ ကျွန်တော်က တစ်ချိန်လုံး ဘဘတို့နှစ်ယောက်ကို နောက်လှည့်ကြည့်ပြီး နေနေရလို့ မြင်နေရတာပါ။ အဲဒီအချိန်မှာ ပူးလိစ်ကားထဲက ဇာတ်မင်းသားလေးက ဝိုင်းရိုက်နေတဲ့လူအုပ်ကို သေနတ်နဲ့ ထုတ်ချိန်လိုက်တော့ လူအုပ်က ရှဲသွားပါတယ်။ အဲဒီအချိန်မှာ အစ်မကားက အတင်း မောင်းထွက်သွားတော့ ကျွန်တော်က ဘဘဦးတင်ဦးကားဒရိုင်ဘာ ကိုစန်းမောင် (ယခု ကွယ်လွန်)ကို "မောင်း မောင်း အမြန်မောင်း"ဆိုပြီး မောင်းခိုင်းတော့မှ လုံခြုံရေးအရာရှိစီးတဲ့ ကားကလည်း လိုက်ထွက်၊ ပူးလိစ်ကားကလည်း လိုက်ထွက်နဲ့ လွတ်လာခဲ့ရတာပါ။ အဲဒီအချိန်ကစလို့ အစ်မရဲ့ကားလေး ၇က/၂၅၇၂ မတ်တူးအဖြူရောင်လေးဟာ ဒဏ်ရာဒဏ်ချက်တွေစပြီး ရရှိခဲ့တာ။

၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ ဧရာဝတီတိုင်း ပန်းတနော်မြို့ ခရီးစဉ်အသွား မတ်တူး ၇က/၂၅၇၂ အဖြူရောင်ကားလေးနဲ့ ညောင်တုန်းမြို့နဲ့ လှိုင်သာယာကြားက ကြည်စုရွာအနားမှာ (ရွာကလည်း ကြည်စုတဲ့) သွားခွင့်မပြုဆိုပြီး ပိတ်ဆို့ထားတယ်။ ကားကို ရန်ကုန်ဘက်ပြန်သွားဖို့ ဦးတည်ကြတယ်။ မရဘူး။ ညောင်တုန်းဘက် ပြန်ဦးတည်တယ်။ နောက်ဆုံး တံတားလေးတစ်ခုပေါ်မှာ အစ်မကို တင်ထားကြတယ်။ နေပူလိုက်၊ မိုးရွာလိုက်နဲ့ တစ်ပတ်နီးပါး လူရော၊ ကားရော ဒုက္ခဆင်းရဲနဲ့ ၇က/၂၅၇၂ မတ်တူးလေးရဲ့ ဒုတိယအကြိမ် ဒဏ်ရာဒဏ်ချက်တွေရခဲ့ခြင်းပါ။

၁၉၉၈ ခုနှစ်၊ အောက်တိုဘာလ ပဲခူးတိုင်း မင်းလှမြို့ ခရီးစဉ်အသွား မတ်တူးအဖြူရောင် ၇က/၂၅၇၂ ကားလေးနဲ့ ပြည်လမ်းအတိုင်း မှော်ဘီ၊ ရွှေမြယာစခန်းနားမှာ သွားခွင့်မပြုဆိုပြီး ပိတ်ဆို့ကြတယ်။ ဒီဘက်ကလည်း ရည်ရွယ်ချက်အတိုင်း သွားကိုသွားရမှ၊ တစ်ဖက်ကလည်း သွားခွင့်ကိုမပြုနိုင်၊ နောက်ဆုံး ကားကို ကရိန်းနဲ့ မတင်ပြီး ရန်ကုန်ဘက်ပြန်သွားဖို့ ဦးတည်စေတယ်။ ၇က/၂၅၇၂ မတ်တူးအဖြူရောင်ကားလေးရဲ့ တတိယအကြိမ် ရရှိခဲ့တဲ့ ဒဏ်ရာဒဏ်ချက်တွေ။

၂၀၀၀ ခုနှစ်၊ ဒလခရီးစဉ်၇က/၂၅၇၂ မတ်တူးကားလေးက သူ့ပိုင်ရှင်ကို ပန်းဆိုးတန်း ဆိပ်ကမ်းအထိ လိုက်ပို့တယ်။ ညနေအထိ ဆိပ်ကမ်းမှာ စောင့်နေရှာတယ်။ သူ့ပိုင်ရှင် ပြန်မလာဘူး။ မိုးချုပ်သွားတယ်။ သူ့ပိုင်ရှင် ပြန်မလာဘူး။ ဆက် စောင့်နေတယ်။ ည ၉ နာရီထိုးတော့ ဆိပ်ကမ်းကလူတွေက ဆက်ပြီး ရပ်ခွင့်မပြုနိုင်ဆိုတော့ မတ်တူးကားလေးကပဲ"သူ့ပိုင်ရှင်က မှာသွားတယ်၊ပြန်မလာ မချင်း ဒီနေရာကနေ မသွားရဘူး၊ စောင့်နေရမယ်"လို့ပြောသွားတယ် ပြောတော့ ၁၀ နာရီမှာ သက်ဆိုင်ရာနဲ့ စကားပြောကြပြီး နေခွင့်ပြုလိုက်ကြတယ်။ သက်ဆိုင်ရာကလည်း ကားလုံခြုံရေးအတွက် ကားရပ်ထားတဲ့နောက်က သင်္ဘောလက်မှတ်ရုံထဲမှာ အိပ်ရာလိပ်တွေနဲ့ လာစောင့်ပေးကြပါတယ်။ မိုးလင်းတဲ့အထိ ကားပိုင်ရှင် အစ်မက ပြန်မလာသေးပါဘူး။

(ဆက်လက်ဖော်ပြပါမည်။)

TRADE MARK CAUTION

LITAT IMPORT & EXPORT PTE LTD, a company incorporated under the laws of Singapore and having its registered office at 125 Tuas View Square, Singapore 637739, is the Owner and Sole Proprietor of the following Trademark:

Cool ICE ®

Reg.No.1374/1996

In respect of:

"**Class 5:** Pharmaceutical stimulants; Health supplements; Natural tonics and preparation included in Class 5.

Class 32: Mineral water (beverages) soya bean milk drinks; Fruit juices & fruit drinks; Non-alcoholic fruit extracts; Non-alcoholic drinks."

LITAT IMPORT & EXPORT PTE LTD appointed **EMERALD LION CO.,LTD** of No.18 Nwe Thargi Street, Ba YintNaung Warehouse, Mayangone Township, Yangon, Myanmar as authorized exclusive distributor in Myanmar.

The genuine products of the said trademark will be imported, distributed and sold throughout Myanmar by **EMERALD LION CO., LTD.**

Any fraudulent imitation or unauthorized use of the said Trademark will be dealt with according to Laws for the time being enforce.

Daw Soe Myat Mu
B.A (Law), LL., B Advocate (2657)
No. (197), MaharBandoola, Garden Street,
Kyauktada Township, Yangon,Myanmar.
Dated: 22nd March, 2013

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ဦးသန်းမြင့်

(MD TOSTA GROUP LTD. &
MD HIGH RISE CONSTRUCTION GROUP LTD.)

၏ (၂၁-၃-၂၀၁၃) ကြာသပတေးနေ့တွင် ကျရောက်သော မင်္ဂလာရှိသော မွေးနေ့တွင်
စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံ၍
နှစ် (၁၀၀) တိုင် ချစ်သောမိသားစုနှင့်အတူ
ပျော်ရွှင်စွာဆင်နွှဲနိုင်ပါစေရန်
ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

ဇနီး
ဒေါ်မြဝင်း

သမီးများ
တင်တင်သန်း + ခင်မောင်တင်
အေးအေးသန်း + Capt; စံသိန်း
မြင့်မြင့်သန်း + ခင်မောင်အေး

မြေးများ
မြတ်သက်နိုင် (ခ) KAVEETHA (Grade-11, ISM)
ကောင်းဇော်ဟန် (ခ) PRABHU NANDAN (Grade-8, ISM)
သက်နေဟိန်း (ခ) GOVINDA KRISHANA (Grade-4, ISM)
သန့်နေဟိန်း (ခ) GOPALA KRISHANA (LightHouse)(NEW WORLD)

THE MYANMAR TIMES စီးပွားရေး
Business Times
■ နိုင်ငံတကာ ■ ပြည်တွင်း
သောကြာနေ့၊ မတ် ၂၂ – ၂၈၊ ၂၀၁၃

ပြည်တွင်းရွှေဈေးကွက်တွင် နိုင်ငံတကာစံချိန်မီ သန့်စင်ပြီး ရွှေများရောင်းချသွားမည်

လာမည့် နှစ်လတာ ကာလအတွင်း ဈေးကွက်အတွင်း၌ စီးပွားဖြစ် ထုတ်လုပ် ရောင်းချသွားရန်ရှိသည့် မြန်မာနိုင်ငံ ရွှေဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီက စမ်းသပ်ထုတ်လုပ်ထားသော သန့်စင်ပြီး ရွှေဒင်္ဂါးများကို တွေ့ရစဉ်။

ဓာတ်ပုံ - ဘုန်းသီး

စမ်းယမင်းအောင်

ရွှေအရောင်းအဝယ် ဇဟိုဈေးကွက်ကို အကောင်အထည်ဖော်ရန် ကြိုးစားလျက်ရှိသည့် ပြည်တွင်းရွှေဈေးကွက်တွင် နိုင်ငံတကာစံချိန်မီနောက်ဆုံးအဆင့် ၉၉ ဒသမ ၉၉ ရာခိုင်နှုန်းနီးပါးရှိ သန့်စင်ပြီးရွှေများကို ဈေးကွက်အတွင်း စတင်ရောင်းချနိုင်တော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံရွှေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီမှ ဈေးကွက်ပိုင်းဆိုင်ရာ အုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်ဝင်း (ဦးထုံရွှေပန်းထိမ်)က မြန်မာတိုင်း(မ်)ကို ပြောသည်။

"၉၉ ဒသမ ၉၉ ရာခိုင်နှုန်းသန့်စင်ပြီးရွှေတွေကို ပြည်တွင်းမှာစမ်းသပ်ထုတ်လုပ်တာအောင်မြင်နေပါပြီ။ ဒါပေမဲ့ ထုတ်လုပ်တဲ့အချိန် တအားကြာနေတဲ့အတွက် အချိန်သိပ်မကြာပဲနဲ့ ထုတ်နိုင်အောင်ဆက်ပြီး လုပ်နေတယ်။ နောက်နှစ်လလောက်ဆိုရင်တော့ ဈေးကွက်မှာ ဒီရွှေတွေကို စီးပွားဖြစ်ထုတ်နိုင်တော့မှာပါ"ဟု ၎င်းက ပြောသည်။

နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်ရန်အတွက် အရည်အသွေးပိုင်းတွင် ပြည်တွင်းအခေါက်ရွှေသည် သန့်စင်မှုနှုန်း အမြင့်ဆုံး ၉၉ ဒသမ ၉၅ ရာခိုင်နှုန်းသာရှိသည့်အတွက် နိုင်ငံတကာစံမီအောင်ထုတ်လုပ်ခြင်းဖြစ်ပြီး ဩစတြေးလျနည်းပညာနှင့် ဟောင်ကောင်မှ စက်ပစ္စည်းတို့ဖြင့် ထုတ်လုပ်ခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

"ဈေးကွက်မှာ ဒီလိုစံမီတဲ့ ရွှေတွေရောင်းနိုင်ပြီဆိုရင် ပြည်တွင်းရွှေဝယ်တဲ့သူတွေလည်း အရည်အသွေးမီတဲ့ရွှေတွေကိုရရှိပြီး နိုင်ငံတကာစံလည်းမီသွားမယ့်အပြင် တခြားရွှေလုပ်ငန်းရှင်တွေလည်း နိုင်ငံတကာစံနဲ့ညီအောင် လိုက်ထုတ်ကြမယ်လို့ ထင်တယ်"ဟု ဦးကျော်ဝင်းက ပြောသည်။

ပြည်တွင်းရွှေအလေးချိန်ကိုလည်း ကျပ်သား၊ ပဲ၊ ရွေးမှ နိုင်ငံတကာအလေးချိန်နှင့်အညီ ဂရမ်နှင့် အောင်စသို့ ပြောင်းနိုင်ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

"တခြားအိမ်နီးချင်းနိုင်ငံတွေမှာလည်း ကိုယ့်ပြည်တွင်းအလေးချိန် အတိုင်းအတာကနေ နိုင်ငံတကာအလေးချိန်ဖြစ်တဲ့ဂရမ်ကိုပြောင်းသုံးနေကြပါပြီ။ မြန်မာအလေးချိန်ဖြစ်တဲ့ ကျပ်သားတို့ ပဲတို့ ရွေးတို့ကျတော့ နိုင်ငံတကာနဲ့ ချိတ်ဆက်ဆောင်ရွက်တဲ့အခါမှာ သုံးလို့မရဘူး။ အလေးချိန်ကို ပြောင်းတဲ့အခါကျ ပြည်တွင်းမှာတော့ ဂရမ်အတိုင်းအတာနဲ့ ကျင့်သားရဖို့လိုတာပေါ့။ အလေးချိန်ကိုပြောင်းဖို့ကတော့ ဖြည်းဖြည်းချင်းလုပ်ရမယ်လို့ ထင်တယ်" ဟု ၎င်းက ပြောသည်။

ပြည်တွင်းရွှေတစ်ကျပ်သားသည် နယ်မြေဒေသကိုလိုက်ကာ တစ်ကျပ်သားလျှင် ၁၆ ဒသမ ၆၀၆၊ ၁၆ ဒသမ ၆ နှင့် ၁၆ ဒသမ ၃၂၉ ဂရမ်တို့နှင့် ညီမျှကြောင်း ၎င်းက ပြောသည်။

"ပြည်တွင်းအလေးချိန်ကျပ်သားကနေ ဂရမ်ကို ပြောင်းမယ်ဆိုရင် တွက်ရချက်ရတာတော့ ပိုလွယ်သွားမယ်။ အများစုကတော့ ဒီကျပ်သားနဲ့ပဲ ကျင့်သားရနေတော့ ပြောင်းမယ်ဆိုရင် လေး၊ ငါးနှစ်လောက်အချိန်ယူရမယ်လို့ ထင်ပါတယ်" ဟု တိတ်စိန်ရတနာရွှေဆိုင်မှ ဦးဇော်အောင်က ပြောသည်။

ပြည်တွင်းရွှေဈေးသည် မတ်လ ၈ ရက်နေ့မှစတင်ကာ အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၇၃၀,၀၀၀ ဝန်းကျင်မှ အမြင့်ဆုံးဈေးဖြစ်သော ကျပ် ၇၅၂,၀၀၀ ထိ မြင့်တက်ခဲ့ပြီး ၁၆ ရက်နေ့မှစတင်ခါ ဈေးအနည်းငယ်ပြန်လည်ကျဆင်းလာကြောင်း ၎င်းက ပြောသည်။

"နိုင်ငံခြားငွေလဲလှယ်နှုန်းက တစ်ဒေါ်လာကို ကျပ် ၈၇၀ ကနေ ကျပ် ၈၉၀ အထိတက်လာတဲ့အတွက် ရွှေဈေးလည်း ဆက်တိုက်တက်နေခဲ့တာပါ။ ရွှေဈေး ဆက်တိုက်တက်ပေမယ့် အရောင်းအဝယ်ကတော့ ပုံမှန်ပါပဲ။ အရင်လနဲ့ယှဉ်ရင်တော့ ရောင်းအားက နည်းနည်းကျသွားတယ်" ဟု ၎င်းက ပြောသည်။

မတ်လ ၁၉ ရက်နေ့က ရန်ကုန်မြို့ရှိ ရွှေဈေးကွက်အတွင်း အခေါက်ရွှေဈေးမှာ တစ်ကျပ်သားလျှင် ကျပ် ၇၄၇,၀၀၀ ဈေးရှိခဲ့ပြီး ကမ္ဘာ့ရွှေဈေးကွက်တွင် တစ်အောင်စဈေးမှာ အမေရိကန်ဒေါ်လာ ၁,၅၉၇ ရှိသည်။ ■

ငွေကြေးဈေးကွက်

နိုင်ငံတကာ ငွေကြေးဈေးကွက်

= ၀. ၇၇၁၈	ယူရို
= ၀. ၆၆၆၂၁	ဗြိတိသျှပေါင်
= ၁. ၂၄၉၃	စင်ကာပူဒေါ်လာ
= ၆. ၂၁၇၃	တရုတ်ယွမ်
= ၂၉. ၄၂၅၅	ထိုင်းဘတ်
= ၃. ၁၂၀၄	မလေးရှားရင်းဂစ်

ပြည်တွင်း ငွေကြေးဈေးကွက်

သိမ်ဖြူငွေလဲကောင်တာဈေးနှုန်း	
'ကန်'တစ်ဒေါ်လာ	= ကျပ် ၈၇၆-၈၈၆
FEC တစ်ယူနစ်	= ကျပ် ၈၇၆-၈၈၆
ပြင်ပပေါက်ဈေး	
'ကန်'တစ်ဒေါ်လာ	= ကျပ် ၈၈၄-၈၈၅
FEC တစ်ယူနစ်	= ကျပ် ၈၈၅-၈၈၆
ပို့ကုန်ရတစ်ဒေါ်လာ	= ကျပ် ၈၈၃
ဗဟိုဘဏ်ဈေးနှုန်း	= ကျပ် ၈၈၁

(မတ် ၁၉ ရက်နေ့ ဈေးနှုန်းများ)

ငွေလဲနှုန်းရှင်စနစ်အသုံးပြုခဲ့သော ပြီးခဲ့သည့် တစ်နှစ်အတွင်း ငွေလဲနှုန်းတည်ငြိမ်မှုရှိလာ

အေးသီတာကျော်

ဈေးကွက်အတွင်း ငွေလဲနှုန်းတစ်စုတစ်စည်းတည်းဖြစ်စေရန် Manage Floating စနစ်ဖြင့် ကျင့်သုံးခဲ့သော ပြီးခဲ့သည့် တစ်နှစ်တာကာလအတွင်း ငွေလဲနှုန်းတည်ငြိမ်မှုရလာကြောင်း စီးပွားရေးကျွမ်းကျင်သူများက ပြောသည်။

မြန်မာနိုင်ငံ၏ ငွေလဲနှုန်းအခြေအနေသည် နိုင်ငံခြားနှင့်ကုန်သွယ်ဆက်ဆံသည့်ဈေးတစ်မျိုး၊ အကောက်ခွန်တွင်တစ်မျိုးနှင့် ပြင်ပဈေးကွက်တွင် တစ်မျိုးစသည်ဖြင့်နှစ်ပေါင်း ၅၀ ခန့် အမျိုးမျိုးပြောင်းလဲနေခဲ့သည်။

၂၀၁၂ခုနှစ်၊ဧပြီလ ၂ရက်နေ့မှစတင်ခါ ဈေးကွက်နှင့် အံဝင်မှုမရှိသော တရားဝင်ငွေလဲနှုန်းဖြစ်သည့် တစ်ဒေါ်လာလျှင် ခြောက်ကျပ်စနစ်ကို ပယ်ဖျက်ကာ ထိန်းချုပ်နှုန်းရှင်မျှောငွေလဲနှုန်းစနစ်ကို ဗဟိုဘဏ်ကကျင့်သုံးခဲ့ပြီး ငွေလဲနှုန်းတစ်စုတစ်စည်းတည်းဖြစ်ရေးကို လုပ်ဆောင်ခဲ့ပြီး ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံသားများကို အမေရိကန်ဒေါ်လာကိုင်ဆောင်ခွင့် တရားဝင်ခွင့်ပြုခဲ့သည်။

ထို့ကြောင့် တရားဝင်ဖွင့်လှစ်ထားသော ငွေလဲကောင်တာများအနေဖြင့် ဗဟိုဘဏ်က နေ့စဉ်ချမှတ်ထားသောနှုန်း၏ သုည ဒသမ ၈ အတွင်းရောင်းဈေး၊ ဝယ်ဈေး သတ်မှတ်ပေးရသည်။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသာမက နိုင်ငံတော်ရသုံးငွေခန့်မှန်းခြေစာရင်းနှင့် ကျန်ဝန်ကြီးဌာနများအပါအဝင် ပြည်တွင်းဘဏ္ဍာရေးအဖွဲ့အစည်း တစ်ရပ်လုံးက ယင်းကိုအခြေခံပြီး လုပ်ဆောင်ခဲ့ကြောင်း ဗဟိုဘဏ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဗဟိုဘဏ်က ငွေလဲနှုန်းထိန်းကျောင်းပေးခဲ့တာဟာ ငွေဈေးကွက် ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ လဲနှုန်းတည်ငြိမ်ဖို့ကို အဓိကထားခဲ့တယ်။ တစ်နှစ်အတွင်းလုပ်ခဲ့တဲ့ သက်တမ်းတစ်လျှောက်လုံး ငွေလဲနှုန်းတည်ငြိမ်ခဲ့ပြီး ပို့ကုန်သွင်းကုန် နှစ်ရပ်စလုံးကို မထိခိုက်တဲ့ အနေအထားတစ်ခုမှာ ရှိခဲ့တယ်"ဟု ၎င်းက ပြောသည်။

၂၀၁၁ ခုနှစ်၊ အောက်တိုဘာလအတွင်း ဗဟိုဘဏ်၏ တရားဝင်ငွေလဲကောင်တာများ သိမ်ဖြူတွင် ဖွင့်လှစ်ခဲ့ပြီး ဈေးကွက်ငွေလဲနှုန်းထားမှာ ထိုအပေါ် အခြေခံခဲ့သည်။ ပုဂ္ဂလိကဘဏ် ၁၈ ခုက လေဆိပ်၊ ဟိုတယ်နှင့် ဈေးဝယ်စင်တာများတွင် ငွေလဲလှယ်ကောင်တာများ ဖွင့်လှစ်ခဲ့သည်။

"ဧပြီမတိုင်ခင် သိမ်ဖြူငွေလဲဈေးကွက်ကလည်း တကယ်တော့ ပြင်ပဈေးကွက်ပေါ်ပဲ အခြေခံပြီးလုပ်ခဲ့တာပါ"ဟု၎င်းက ပြောသည်။

ယမန်နှစ်ဒီဇင်ဘာလမှ စတင်ခါ ဘဏ်မဟုတ်သော ကုမ္ပဏီအဖွဲ့အစည်းများကို ပြည့်စုံလုံလောက်သော စာချုပ်စာတမ်းများနှင့် နည်းဥပဒေများအတိုင်း အရင်းအနှီးသိန်း ၃၀၀ ရှိလျှင် ငွေလဲကောင်တာ ဖွင့်လှစ်ခွင့်ပေးခဲ့သည်။

"ဘဏ်မဟုတ်တဲ့ ကုမ္ပဏီအဖွဲ့အစည်းတွေကိုပေးလိုက်တဲ့ ရည်ရွယ်ချက်ကတော့ ဈေးကွက်ကို ပိုပြီးကျယ်ပြန့်လာစေချင်လို့ပဲ။ ပိုပြီး မှန်မှန်ကန်ကန်ဖြစ်လာအောင်၊ မရေမရာအခြေအနေကနေ ပိုသေချာလာစေဖို့ပါ။ ကုမ္ပဏီရှိတဲ့လူတိုင်းနီးပါးလုပ်လို့ရအောင် အရင်းအနှီးသိပ်များများလည်း သတ်မှတ်မထားဘူး" ဟု ၎င်းက ပြောသည်။

ထိုသို့ခွင့်ပြုပေးလိုက်ခြင်းကြောင့် နိုင်ငံခြားငွေလဲဈေးကွက်ပိုမိုကျယ်ပြန့်လာပြီး ဈေးကွက်နှင့်နီးစပ်ကာ အခြေခံကျသော ဈေးနှုန်းတစ်ရပ်ဖြစ်ပေါ်လာကြောင်း ၎င်းက ပြောသည်။ ဒီဇင်ဘာလဆန်းပိုင်းအတွင်းက တရားဝင်ငွေလဲကောင်တာများနှင့် ပြင်ပဈေးကွက်ဈေးမှာများစွာမကွာခြားဘဲ ၈၆၀ ကျော်ဝန်းကျင်တွင်သာ ရှိခဲ့သည်။

"Manage Floating ပုံစံပြောင်းလဲပြီး ငွေလဲနှုန်းတည်ငြိမ်ဖို့ကြိုးစားတဲ့နေရာမှာ အများရဲ့ဝေဖန်မှုတွေအများကြီးခံရတယ်။ ဗဟိုဘဏ်ကသတ်မှတ်ပေးတဲ့ငွေလဲနှုန်းကိုလည်း ဝေဖန်တယ်။ ပြောင်းလဲဖို့ နှောင့်နှေးနေတယ်ဆိုပြီးတော့လည်း ဝေဖန်ခံရတယ်။ တကယ်တော့ ဒါက မြန်မာနိုင်ငံအတွက် အတွေ့အကြုံသစ်ပါပဲ။ ဗဟိုဘဏ်အနေနဲ့ နိုင်ငံ့အခြေအနေအရပ်ရပ်ကို သုံးသပ်လေ့လာပြီးတော့ သီအိုရီပေါ် အခြေခံပြီးလုပ်ဆောင်နေရတယ်။ ပတ်ဝန်းကျင်နိုင်ငံတွေက အခြေအနေကိုလည်း သုံးသပ်ပြီး လုပ်နေတယ်" ဟု ၎င်းက ပြောသည်။

"လက်ရှိအခြေအနေအရ နိုင်ငံခြားဧည့်သည်တွေ အများအပြားရောက်လာတဲ့ဆီကနေ နိုင်ငံခြားငွေတွေဝင်နေသလို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုငွေလုံးငွေရင်းတွေကနေလည်း စီးဝင်နေတယ်။ Income တွေပဲ များနေတဲ့အတွက် ငွေလဲဈေးကကျဖို့ဘက်ကို ဦးတည်သွားဖို့ဖြစ် နေတယ်။ ဒါကို ပေါ်လစီနဲ့ပြန်ပြီး ထိန်းပေးနိုင်အောင် လုပ်ရမယ်"ဟု ၎င်းက ပြောသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အတိုင်ပင်ခံအကြီးတန်း စီးပွားရေးပညာရှင်ဖြစ်သူ ဒေါက်တာမောင်အောင်က ယမန်နှစ်ဧပြီလမှစတင်ခါ ငွေလဲနှုန်းမူဝါဒအပြောင်းအလဲကြောင့် ဈေးကွက်တွင်းငွေလဲနှုန်းမှာ တစ်နှစ်တာအတွင်း ကျပ် ၈၅၀ မှ ၈၈၀ အထိသာ မြင့်တက်လာခဲ့ပြီး အပြောင်းအလဲများစွာ မရှိခဲ့ကြောင်း ပြောသည်။

"ငွေလဲနှုန်းတည်ငြိမ်တဲ့အနေအထားမှာရှိတယ်လို့ ပြောလို့ရတယ်။ အဲဒီအတွက်ပို့ကုန်သွင်းကုန်သမားတွေစိတ်ချလက်ချလုပ်နိုင်ကိုင်နိုင်တယ်။ ဒါပေမဲ့ ကျပ် ၉၀၀ လောက်အထိတက်လာမယ်ဆို လုပ်ငန်းတွေပိုကောင်းလာနိုင်တယ်။ မွေးမြူရေးနဲ့ ပတ်သက်တဲ့လုပ်ငန်းတွေ၊ လယ်ယာလုပ်ငန်းတွေမှာ သိပ်တွက်ခြေမကိုက်သေးဘူး"ဟု ၎င်းက ပြောသည်။

၎င်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ငွေလဲနှုန်းမြင့်တက်လာစေရန် ယခင်က ပို့ကုန်ဦးစားပေးမူဝါဒသတ်မှတ်ထားခဲ့ပြီး သွင်းကုန်ကို ပို့ကုန်ထက်မကျော်လွန်စေရန် သတ်မှတ်ထားခဲ့ရာမှ ယခုအခါပို့ကုန်နှင့်သွင်းကုန်ပမာဏကို ကန့်သတ်မှုများ မထားတော့ကြောင်း ပြောသည်။

"လွတ်လပ်တဲ့ စီးပွားရေးစနစ်ပုံစံအတိုင်း သွင်းကုန်ကို ပိုမိုလွတ်လပ်ခွင့်ပေးတဲ့အနေနဲ့ကန့်သတ်မှုအတော်များများကို ဒီနှစ်တွေအတွင်းမှာ ဖြေလျှော့ပေးခဲ့တယ်"ဟု ၎င်းက ပြောသည်။

ယခင်ကကုမ္ပဏီတစ်ခုအတွက်တစ်နှစ်လျှင် ယာဉ်ယန္တရားငါးစီးထက် ပိုမိုသွင်းခွင့်မရှိရာမှာ ယခုအခါအဆိုပါကန့်သတ်ချက်မရှိတော့ပဲ နိုင်ငံတော်တည်ဆောက်ရေးကာလတွင် မှာယူသောပစ္စည်းများအတွက် နိုင်ငံခြားငွေများသုံးစွဲရခြင်း၊ လာမည့်ဘဏ္ဍာနှစ်တွင် ဝန်ထမ်းလစာတိုးမြှင့်မည်ဖြစ်သည့်အတွက် ငွေကြေးလည်ပတ်မှုရှိခြင်းတို့ကြောင့် ငွေလဲနှုန်းပိုမိုမြင့်တက်လာမည့် လက္ခဏာရှိကြောင်း ၎င်းက ပြောသည်။ ■

ဓာတ်ငွေ့တင်ပို့မှု ခေတ္တရပ်ဆိုင်းမှုအပေါ် ထိုင်းက စိုးရိမ်မှုလွန်ကဲနေ

စိုးစန္ဒာဦး

တနင်္သာရီတိုင်းဒေသကြီးအတွင်း မုတ္တမကမ်းလွန်ပင်လယ်ပြင်ရှိ ရတနာသဘာဝဓာတ်ငွေ့စီမံကိန်း၏ လုပ်ငန်း ခွင်ဆိုင်ရာပြုပြင်မှုများကြောင့် မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ သဘာဝဓာတ်ငွေ့တင်ပို့မှုကို ဧပြီလ ၅ ရက်မှ ၁၄ ရက်နေ့ထိ ခေတ္တရပ်ဆိုင်းမည့်ကိစ္စနှင့် ပတ်သက်၍ ထိုင်းအစိုးရသည် လိုအပ်သည်ထက် ပိုမိုစိုးရိမ်ကာ ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်နေခြင်းသာဖြစ်ကြောင်း ကမ္ဘာ့ဘဏ်မှ စွမ်းအင်ဆိုင်ရာ သုတေသနပညာရှင် Mrs. Chuenchom S.Greacen က ပြောသည်။

"အခုလိုဓာတ်ငွေ့တင်ပို့မှု ခေတ္တရပ်ဆိုင်းလိုက်လို့ ထိုင်းမှာဓာတ်ငွေ့ပြတ်တောက်ခဲ့ရင် မီးပေးနိုင်ဖို့အတွက် ဒီဇယ်သုံး အရန်စက်တွေ ကြိုတင်ပြင်ဆင်ထားပြီးသားပါ။ လုပ်နိုင်စွမ်းလည်း ရှိပါတယ်။ ဒီအချက်ကို အစိုးရအနေနဲ့ထည့်သွင်းပြောဆိုခြင်းမရှိဘဲ ပြည်သူတွေကို ထိုင်းနိုင်ငံမှာ လျှပ်စစ်မီးမလုံလောက်သေးဘူးဆိုတာသိစေချင်လို့ ပိုပြီးပြောတယ်လို့ပဲမြင်ပါတယ်။ အစိုးရက Power Plant တွေကို အနာဂတ်မှာပိုပြီးဆောက်လုပ်စေချင်တာလည်းပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါ သဘာဝဓာတ်ငွေ့ပြတ်တောက်မှုကြောင့် ထိုင်းနိုင်ငံတွင်အကျိုးသက်ရောက်မှု ကြီးမားစွာမရှိနိုင်သော်လည်း လျှပ်စစ်မီးအတွက် ကုန်ကျစရိတ်မှာမူ နှစ်ဆခန့်မြင့်တက်လာနိုင်ကြောင်း ၎င်းက ပြောသည်။

"မီးအတွက်ကုန်ကျစရိတ်က နှစ်ဆလောက်တက်လာမယ်။ ဒီဇယ်က ဈေးကြီးလို့ ဓာတ်ငွေ့ကိုအစားထိုးပြီး သုံးစွဲနေရတာဖြစ်တဲ့အတွက် ဓာတ်ငွေ့မရရင် ဈေးကြီးတဲ့ဒီဇယ်ကိုပဲ ပြန်ပြီးသုံးရမယ့်သဘောပါ။ ဒီဇယ်သုံးရင်လည်း အဆင်တော့ပြေပါတယ်" ဟု၎င်းက ပြောသည်။

ရတနာသဘာဝဓာတ်ငွေ့စီမံကိန်း၏ ပလက်ဖောင်းများပင်လယ်လှိုင်းဒဏ်ကြောင့် ပျက်စီးမှုကို အချိန်မီကာကွယ်ရန်နှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးစင် ကျွံဝင်နေမှု ပြင်ဆင်မြှင့်တင်သည့် လုပ်ငန်းများအား သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကိုမထိခိုက်စေဘဲ ဆောင်ရွက်နေကြောင်း မတ်လ ၆ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့သည်။

"မြန်မာနိုင်ငံအနေနဲ့ နောက်ပိုင်းကို သဘာဝဓာတ်ငွေ့ရောင်းတဲ့ အခါ ပြည်တွင်းလိုအပ်ချက်ကို အရင်အလေးထားမလား၊ ဒါမှမဟုတ်ပြည်ပကို ရောင်းဖို့ကို အရင်လုပ်မလားဆိုတာစဉ်းစားဖို့လိုပါတယ်။ အကျိုးအမြတ်က အရေးကြီးသလို ပြည်တွင်းမှာမီးလင်းဖို့ကလည်း အရေးကြီးပါတယ်"ဟု Mrs. Chuenchom S.Greacen က ပြောသည်။

ထိုင်းနိုင်ငံသည် မီးရရှိရန်အတွက် မြန်မာ့သဘာဝဓာတ်ငွေ့ကို တစ်စိတ်တစ်ပိုင်းမှီခိုနေရပြီး ၂၀၁၂ ခုနှစ်က မြန်မာနိုင်ငံမှ သဘာဝဓာတ်ငွေ့ကို ၁၂၀ မီလီယံကုဗပေခန့် ဝယ်ယူခဲ့ရပြီး အဆိုပါပမာဏသည် ထိုင်းတစ်နိုင်ငံလုံး လိုအပ်ချက်၏ ၂၀ ရာခိုင်နှုန်းကျော်ခန့် ရှိကြောင်း ပြောသည်။

ထိုင်းနိုင်ငံရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ရေးကုမ္ပဏီဖြစ်သော PTTEP သည် မြန်မာ့သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေးစီမံကိန်းများဖြစ်သော ရဲတံခွန်၊ ရတနာနှင့် ဇောတိက ကမ်းလွန်စီမံကိန်းများတွင် ဝင်ရောက်လုပ်ကိုင်လျက်ရှိသည်။ ■

"ပြင်ဆင်ဖတ်ရှုပါရန်"

မြန်မာတိုင်း(မ်)အတွဲ (၃၁) အမှတ် ၆၁၂၊ စာမျက်နှာ ၂၅ ပါ 'ဆိုလာစွမ်းအင်ကို ပိုမိုထုတ်နိုင်လျှင် တစ်ပြည်လုံး လျှပ်စစ်မီးပေးနိုင်မည်' သတင်း၏ ပထမအပိုဒ်တွင် 'မြန်မာ့ပြန်ပြည့်မြဲစွမ်းအင်အသင်းဥက္ကဋ္ဌ ဦးသောင်းဝင်း' ဟု အသင်းနှင့် ရာထူးကို မှားယွင်း ဖော်ပြခဲ့မိပါသည်။ ယင်းအစား 'မြန်မာ့စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင် ဦးသောင်းဝင်း' ဟု ပြင်ဆင် ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

စာတည်း

www.tourismguide.com.mm

ACCOMMODATION
ATTRACTIONS
AIRLINE SCHEDULES
HERITAGE SITES
DESTINATION GUIDES
HISTORY
CULTURE
ECO RETREATS
BEACHES
MAPS
TRAVEL TIPS AND MORE...

A COMPLETE GUIDE TO THE MYANMAR HOTELS & TOURISM INDUSTRY

AVAILABLE
@ ALL CITY MART OUTLETS

HOTLINE
YANGON: 01-1220-705
MANDALAY: 01-1201-258

MOTOROL

WANTED DISTRIBUTORS

OILZONE is a leading manufacturer of MOTOROL brand of lubricants having state of art blending unit in UAE.

As a part of Global expansion plans we invite Distributors who are ready to take up the challenges and partner towards excellence in Burma

Our key focus
Automotive Oil: Diesel Engine Oil, Petrol Engine Oil, Gear Oil, ATF, Brake Oil, Coolant & Grease.
Industrial Oil: Cutting Oil, Compressor Oil, Hydraulic Oil, Refrigeration Oil (3 GS, 4 GS & 5 GS), 134 A, Synthetic Refrigeration Oil, Vacuum Pump Oil, Knitting Oil, Antistatic Oil, Sewing Machine Oil.
Speciality Oil: Printing Ink Oil, Aluminium Rolling Oil, Transformer Oil and many other products.

SERIOUS APPLICANTS CAN SEND IN THEIR DETAILS TO
OILZONE Fze
P.O. Box- 50026, Ras Al Khaimah, U.A.E.
Tel: +971 7 2264143, Fax: +971 7 2264145
Website: www.motorol.ae / E-mail: marketing@oilzone.ae

Developing The Finest Lubricants
SINCE 1970

ကားဝင်းနေရာအသစ်တွင် ကားအရောင်းအဝယ် ပြန်ကောင်းလာ

တိုးဝေအောင်

မတ်လတတိယပတ် ကားဈေးကွက်အတွင်း နယ်ဝယ်လက်အဆင်းများကာ ဈေးလိုက်လာခဲ့ပြီး အရောင်းပြခန်းများတွင်လည်း အရောင်းအဝယ်လိုက်လာခဲ့ကြောင်း ကားဝယ်ရောင်းလုပ်ကိုင်သူများက ပြောသည်။

"ဈေးကွက်ကတော့ အခြေအနေတော်တော်ကောင်းလာတာ တွေ့ရတယ်။ အခု မင်းရဲကျော်စွာကားဝိုင်းထဲရောက်မှ အလုပ်အကိုင်ပြန်ဖြစ်လာတယ်။ နယ်က အဆက်တွေလည်း သူ့နည်းသူ့ဟန်နဲ့ စုံစမ်းပြီးတော့ လိုက်လာတာပေါ့လေ။ မင်းရဲကျော်စွာကားဝင်းက မြေညီတုန်းဆိုတော့ ကားတွေရေဆေးဖို့ အဆင်မပြေဘူး ဝင်းအပြင်မှာ ဆေးရတယ်။ ဝင်းထဲမှာကားပြဖို့ အဆင်မပြေတဲ့အချက်က အဲဒါပါပဲ။ နောက်တော့လည်း အဆင်ပြေသွားမှာပေါ့လေ။ အခုကားဝယ်လက်တွေ လာမယ်လို့ကြိုအကြောင်းကြားထားရင် ကိုယ်လက်ထဲက ကိုင်ထားတဲ့ ကားတွေကို အရင်ရေဆေးထားရတယ်။ အရောင်းအဝယ်ဖြစ်တော့လည်း မဆိုးဘူးပေါ့။ အရောင်းအဝယ်မဖြစ်တဲ့အခါကျတော့ရေဆေးတဲ့သူကို နေ့တွက်ခ ချေရတာပေါ့"ဟု ကားဝယ်ရောင်းလုပ်ကိုင်သူကိုဦးက ပြောသည်။

နယ်ဝယ်လက်များ အဆင်းများခဲ့သော်လည်း လုပ်ငန်းသုံးကားများကို ပိုမိုစိတ်ဝင်စားခဲ့ပြီး လုပ်ငန်းသုံးကားများတွင် အေအေ၊ ဘီဘီ အငှားယာဉ်များပါဝင်ကာ ယခင်ပေါက်ဈေးထက် ကျပ် ၁၅ သိန်းဈေးမြင့်တက်လာခဲ့ကြောင်းနှင့် လိုက်ထရပ်ကားအုပ်စုများလည်း အဝယ်လိုက်လာပြီး ယခင်ဈေးသိန်း ၈၀ ကျော်မှ သိန်း ၁၃၀ ကျော်ထိ ဈေးတက်လာကြောင်း ကားဝယ်ရောင်းလုပ်ကိုင်သူများက ပြောသည်။

"အားမာန်သစ်ကားပြပွဲလည်းရှိတယ်ဆိုတော့ နယ်ကသူတွေ စိတ်ဝင်တစားဆင်းပြီး လေ့လာကြတယ်။ ရောင်းတဲ့ဈေးနှုန်းတွေကလည်း သင့်တင့်တဲ့ နှုန်းတွေဆိုတော့ ဝယ်ပျော်ပါတယ်။ အဲဒီမှာ ရောင်းတဲ့ကားတွေဆိုရင် ထော်လာဂျီကနေ အုတ်၊ သဲ၊ ကျောက်တင်တဲ့ယာဉ်အထိပါတယ်။ သူတို့က ဆူဖူးကီးကုမ္ပဏီနဲ့ပေါင်းပြီးတော့ ပြည်ပကနေ တင်သွင်းတဲ့အတွက်ကြောင့်ကားအတွက်စိတ်ချရတယ်။ နောက်တစ်ခုက ဝယ်လက်က ၂၀ ရာခိုင်နှုန်းပေးချေရုံနဲ့ ဘဏ်နဲ့ ချိတ်ဆက်ပြီး အရစ်ကျဝယ်လို့ရတယ်" ဟု ကားပြပွဲသို့ လာရောက်လေ့လာသည့် ပြည်မြို့မှ ကိုကျော်စွာမြင့်က ပြောသည်။

ကားဈေးကွက်အတွင်း ဈေးနှုန်းများ ကျပ် ၁၀ သိန်းမှကျပ် သိန်း ၂၀ ဝန်းကျင်ထိမြင့်တက်လာခဲ့ပြီး ထိုသို့မြင့်တက်လာရခြင်းမှာ နယ်ဝယ်လက်များ အဆင်းများလာခဲ့ခြင်းကြောင့်ဖြစ်ကြောင်းလည်း လုပ်ငန်းရှင်များက သုံးသပ်သည်။

"၁,၃၀၀ စီစီကားတွေကိုတော့ လူတော်တော်များများ ရွေးချယ်ဝယ်ယူလာကြတယ်။ အမြင့်ကားတွေကတော့ သိပ်ပြီးအရောင်းဝယ် မဖြစ်တော့ပြန်ဘူး။ ကားတစ်စီးကို သိန်းတစ်ရာကျော်နဲ့ ဝယ်စီးလို့ရနိုင်တဲ့ကားတွေ လုပ်ငန်းသုံးပြုလုပ်နိုင်မယ့်ကားတွေကို ဝယ်လာကြတာများတယ်။ဈေးနိုင်နိုင်နင်းနင်းနဲ့ဆိုတော့ ဝယ်တဲ့သူတွေ များလာတယ်။ အခုဆိုရင် ကားဟောင်းတွေထဲမှာ 'လ' အက္ခရာကားတွေအပ်တာ တော်တော်လေးများနေပြီ။ ဒီပုံစံအတိုင်းဆိုရင် နောက်ထပ်အအပ်ခံဖို့ ကြေညာမယ့် အက္ခရာအလှည့်ရောက်ဖို့ သိပ်မလိုလောက်တော့ဘူး ထင်တယ်။ ဆူးလေဆိပ်ကမ်းမှာတောင် တင်သွင်းပြီးတဲ့ကားအစီး ၆၀ ကျော်လာမထုတ်လို့ လေလံစာရင်းဝင်သွားတယ်လို့ ကြားတယ်" ဟု ကားဝယ်ရောင်းလုပ်ကိုင်သူ ကိုတင်မောင်ထွေးက ပြောသည်။

လက်ရှိဈေးကွက်အတွင်း ဂျပန်ကားလေလံဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် အရောင်းပြခန်းများနှင့် ပြင်ပဈေးကွက်ရှိ လုပ်ငန်းများရှင်များလက်ဝယ်ရှိကားများမှာလည်း ဈေးနှုန်းများ ကျပ် ၁၀ သိန်းမှ ၁၅ သိန်းဝန်းကျင်အတွင်း မြင့်တက်လာခဲ့သည်။ ဂျပန်လေလံကားဈေးကွက်တွင် ပြည်တွင်းသို့တင်သွင်းမှုများသည့် အင်ဂျင်ပါဝါ ၁,၃၀၀ စီစီကားများမှာ ယခင်ဈေးများထက် ပိုမိုဈေးတက်လာခဲ့ပြီး အိမ်သုံးကားများလည်း အဝယ်လိုက်ခဲ့ကာ စီးပွားရေးတစ်ရပ်အနေဖြင့် အငှားယာဉ်လုပ်ငန်းလုပ်ကိုင်ရန်အတွက်လည်း သင့်တော်သည့် ယာဉ်များကို ဝယ်ယူကြကြောင်း လုပ်ငန်းရှင်များက ပြောသည်။ ■

ကုန်စည်ဈေးနှုန်း

ရန်ကုန်			မန္တလေး		
ရွှေ(တစ်ကျပ်သား)	ကျပ်	၇၄၇,၀၀၀	ရွှေ (တစ်ကျပ်သား)	ကျပ်	၇၄၉,၂၀၀
ဆီဈေးနှုန်း(တစ်ပိဿာနှုန်း)			**ဆီ(သန့်)**		
ပဲဆီ	ကျပ်	၄,၁၀၀	ပဲဆီ	ကျပ်	၃,၂၅၀
စားအုန်းဆီ	ကျပ်	၁,၄၁၀	စားအုန်းဆီ	ကျပ်	၁,၅၅၀
နှမ်းဆီ	ကျပ်	၄,၆၀၀	နှမ်းဆီ	ကျပ်	၃,၈၅၀
ဆန် (တစ်ပြည်)			**သန့်စင်ပြီးဆန် (တစ်တင်းခွဲအိတ်)**		
ပေါ်ဆန်း(ရှယ်)	ကျပ်	၁,၆၀၀	ပေါ်ဆန်း	ကျပ်	၃၈,၀၀၀
တောင်ပြန်(ရှယ်)	ကျပ်	၁,၃၀၀	မနော	ကျပ်	၃၁,၀၀၀
ဧည့်မထ	ကျပ်	၈၅၀	မဂျမ်းတော	ကျပ်	၃၀,၀၀၀
အသားဈေးနှုန်း (တစ်ပိဿာနှုန်း)			**အသားဈေးနှုန်း (တစ်ပိဿာနှုန်း)**		
ကြက်	ကျပ်	၅,၀၀၀	ကြက်(စီပီ)	ကျပ်	၄,၀၀၀
ဝက်သား	ကျပ်	၆,၀၀၀	ကြက်(မြန်မာ)	ကျပ်	၅,၀၀၀
အမဲသား	ကျပ်	၄,၀၀၀	ဝက်သား	ကျပ်	၆,၀၀၀
ဆိတ်သား	ကျပ်	၈,၀၀၀	ဆိတ်သား	ကျပ်	၇,၀၀၀
ကြက်သွန်ဖြူ (လက်လီ)			**ကြက်သွန်ဖြူ (ပွဲရုံဈေးနှုန်း)**		
အမြင့်/အနိမ့်	ကျပ်	၇၇၅-၆၀၀	ရှမ်းကြက်သွန်ဖြူ	ကျပ်	၂,၁၀၀ - ၅၀၀
ကြက်သွန်နီ (လက်လီ)			**ကြက်သွန်နီ (လက်ကား)**		
အမြင့်/အနိမ့်	ကျပ်	၈၆၀ - ၅၅၀	အမြင့်/အနိမ့်	ကျပ်	၄၀၀ - ၂၅၀
စက်သုံးဆီဈေးနှုန်း (တစ်ဂါလန်)			**စက်သုံးဆီဈေးနှုန်း (တစ်ဂါလန်)**		
ဓာတ်ဆီ	ကျပ်	၃,၇၀၀	ဓာတ်ဆီ	ကျပ်	၄,၀၀၀
ဒီဇယ်	ကျပ်	၃,၉၁၀	ဒီဇယ်	ကျပ်	၃,၈၀၀

နေပြည်တော်ပျဉ်းမနား

ရွှေ(တစ်ကျပ်သား)	ကျပ်	၇၄၈,၀၀၀	**တရုတ်ကြက်သွန်ဖြူကြီး**		
ဆန်(တစ်ပြည်) (အသစ်)			တစ်ပိဿာ	ကျပ်	၂,၄၀၀
ပေါ်ဆန်း	ကျပ်	၁,၂၀၀-၁,၀၀၀	ငရုတ်ခြောက်	ကျပ်	၂,၅၀၀
လုံးဆန်မွှေး	ကျပ်	၁,၃၀၀	**အသားဈေးနှုန်း (တစ်ပိဿာနှုန်း)**		
မဂျမ်းတော	ကျပ်	၁,၂၀၀	စီပီကြက်	ကျပ်	၅,၀၀၀
မနောသုခ	ကျပ်	၈၀၀	မြန်မာကြက်	ကျပ်	၆,၀၀၀
ဆီ (တစ်ပိဿာနှုန်း)			ဝက်	ကျပ်	၄,၅၀၀
မြေပဲဆီ	ကျပ်	၃,၈၀၀	ဆိတ်	ကျပ်	၁၂,၀၀၀
နှမ်းဆီ	ကျပ်	၃,၈၀၀	**အာလူး (တစ်ပိဿာနှုန်း)**		
စားအုန်းဆီ	ကျပ်	၁,၅၅၀	အကြီး	ကျပ်	၁,၀၀၀
ကြက်သွန်နီ (တစ်ပိဿာနှုန်း)			အသေး	ကျပ်	၈၀၀
အမြင့်/အနိမ့်	ကျပ်	၆၀၀ - ၄၀၀	**စက်သုံးဆီဈေးနှုန်း (တစ်ဂါလန်)**		
ကြက်သွန်ဖြူ (တစ်ပိဿာနှုန်း)			ဓာတ်ဆီ	ကျပ်	၄,၃၀၀
အမြင့်/အနိမ့်	ကျပ်	၁,၂၀၀ - ၁,၀၀၀	ဒီဇယ်	ကျပ်	၃,၅၀၀

ရန်ကုန်ကားဈေးကွက်

Toyota Harrier (2.2)
၁၉၉၉ (၆ဂ)-သိန်း ၂၁၀

Toyota Hilux Lexus
၂၀၀၃ သိန်း ၃၉၅

Suzuki R+ - သိန်း ၇၀

Nissan Ad Van - သိန်း ၁၂၀

Toyota Mark X
၂၀၁၀ - ၅၅၀ သိန်း

Mark II ရွှေငါး(၁ဃ) ၂၀၀၁- သိန်း ၂၁၀

Pajero(ဖားပြုပ်)
၂၀၀၈ (၁ဃ) - သိန်း ၁၄၀

Toyota Belta - ၁၆၅ သိန်း

Suzuki Swift - သိန်း ၁၅၀

Honda Fit - ၁၆၅ သိန်း

Probox (၁,၅၀၀ စီစီ) - ၁၂၅ သိန်း
(၁,၃၀၀ စီစီ) - သိန်း ၁၂၀

Honda CRV သိန်း ၁၈၅

(မတ် ၁၉ ရက်နေ့ ပေါက်ဈေး)

အစားအသောက် ဘေးကင်းရှင်းရေးစံနှုန်း သတ်မှတ်ရေးဆွဲရန်လို

မြတ်ငြိမ်းအေး

မြန်မာနိုင်ငံတွင် အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဈေးကွက်အတွင်းရှိ ပြည်တွင်း ပြည်ပ စားသောက်ကုန်များတွင် စားသုံးသူများအတွက် ဘေးအန္တရာယ်ကင်းရှင်းမှု ရှိမရှိကို စစ်ဆေးဆုံးဖြတ်နိုင်ရန် ကိုယ်ပိုင်စံနှုန်းသတ်မှတ်ချက်ကို အာဆီယံလွတ်လပ်စွာကုန်သွယ်ခွင့်များ ဝင်ရောက်လာမည့် ၂၀၁၅ ခုနှစ်အမီ ရေးဆွဲသတ်မှတ်သင့်ကြောင်း ပြည်တွင်းလုပ်ငန်းရှင်များက ပြောသည်။

"အစားအသောက်ဘေးကင်းလုံခြုံရေးဆိုတာ ရှိကိုရှိရမယ်။ မြန်မာနိုင်ငံမှာ ဒီလိုစံနှုန်းတွေမရှိသေးတော့ ကိုယ့်နိုင်ငံကိုတင်သွင်းကုန်ရော ကိုယ့်နိုင်ငံက တင်ပို့ကုန်မှာပါ အခက်အခဲတွေရှိလာနိုင်တယ်။ ကိုယ့်ဆီကို တခြားတိုင်းပြည်တွေက စားသောက်ကုန်ပစ္စည်းတွေ တင်ပို့လို့ အန္တရာယ်မကင်းတာတွေ ပါလာခဲ့ရင် ကိုယ့်နိုင်ငံက ဘယ်လိုစံနဲ့ တိုင်းတာပြီး ပယ်ချမလဲဆိုပြီး သူတို့ကလည်း မေးလာမှာပဲ။ ဒါကို အခုကတည်းက ပြင်ဆင်သင့်ပြီ။ အာဆီယံလွတ်လပ်စွာ ကုန်သွယ်ခွင့် ၂၀၁၅ မှာရတော့မှာဆိုတော့ နိုင်ငံတကာနဲ့ ယှဉ်ပြိုင်ရတော့မယ်။ ကျွန်တော်တို့ နိုင်ငံတော်တော်များများက ဒီစံနှုန်းတွေရှိပြီး ထိထိရောက်ရောက်လည်းအသုံးပြုနေကြတာကို တွေ့ရပါတယ်။ မြန်မာနိုင်ငံက ဒီစံနှုန်းတွေမရှိလို့ ကုန်သွယ်ခွင့်မရတော့ဘူးဆိုရင် ရှေ့ဆက်ပြီး ဘယ်လိုလုပ်ကြမလဲ။ ဒီလိုကျွန်ရစ်ခဲ့လို့ မဖြစ်ဘူးလေ" ဟု အဏ္ဏဝါဒေဝီ ငါးတင်ပို့ရောင်းချရေးကုမ္ပဏီ ဥက္ကဋ္ဌဖြစ်သူ ဒေါ်တိုးနန္ဒာတင်က ပြောသည်။

ဈေးကွက်အတွင်း သား၊ ငါးများ ရောင်းချရာ၌လည်း သတ်မှတ်ထားသည့်စံနှုန်းများမရှိသည့်အတွက်ပြည်သူများမှာ သန့်ရှင်းမှုမရှိသည့် သား၊ ငါးများကို အန္တရာယ်ရှိမှုန်းမသိဘဲ စားသုံးနေရခြင်းကြောင့် စံနှုန်းသတ်မှတ်ချက်များထဲတွင် ဈေးများ၏ သန့်ရှင်းသပ်ရပ်မှုကို အဓိကထား၍ ပြုပြင်သင့်ကြောင်း ၎င်းက ပြောသည်။

"ကျွန်မတို့တွေ ဈေးသွားရင် ယင်တလောင်းလောင်းဖြစ်နေတဲ့ ငါးတွေနဲ့ အသားတွေကို ဝယ်စားနေကြတာ။ ဒီမှာကအကျင့်ဖြစ်နေလို့ ဘာမှမဖြစ်ကြတာ။ တခြားနိုင်ငံက လူတွေသာစားရင် တစ်ခုခုဖြစ်မှာပဲ။ ရပ်ကွက်ထဲမှာ လိုက်ရောင်းတဲ့ ငါးတွေဆို ရေခဲတောင်မရှိဘူး။ ဒီအတိုင်းဖြစ်သလိုရောင်းနေကြတာ။ ဒီအတွက်လည်း သေချာသတ်မှတ်ထားတဲ့ စံနှုန်းတွေမှမရှိတာ။ သူများနိုင်ငံတွေဆို ဈေးနဲ့ စူပါမားကက်တွေမှာ သတ်မှတ်ထားတဲ့ စံနှုန်းအတိုင်း ရောင်းကြတာ။ ဘယ်ဈေးမဆို အားလုံးသန့်ရှင်းသပ်ရပ်နေကြတယ်။ ကျွန်မတို့နိုင်ငံလည်း ဒီလိုဖြစ်ဖို့ လိုတယ်။ ဒါမှသူများနိုင်ငံကလည်း ကိုယ့်ဆီကို လာချင်ကြမှာ"ဟု ၎င်းက ပြောသည်။

ထိုသို့ အစားအသောက် ဘေးကင်းလုံခြုံရေးစံနှုန်းသတ်မှတ်ချက်ပြုလုပ်ရာတွင် အစားအသောက်များအား စစ်ဆေးနိုင်မည့် ဓာတ်ခွဲခန်းများလည်း ပိုမိုကျယ်ပြန့်စွာ လိုအပ်ကြောင်း ဒေါ်တိုးနန္ဒာတင်က ပြောသည်။

"ကျွန်မတို့ ငါးလုပ်ငန်းအနေနဲ့ကတော့ ငါးလုပ်ငန်း ဦးစီးဌာနမှာ ဓာတ်ခွဲခန်းရှိတဲ့အတွက် အဆင်ပြေပါတယ်။ ဒါပေမဲ့ တခြား စားသောက်ကုန်တွေအတွက် သတ်မှတ်ထားတဲ့ စံနှုန်းပြည့် မပြည့် သိနိုင်ဖို့ စမ်းသပ်စစ်ဆေးနိုင်မယ့် ဓာတ်ခွဲခန်းလည်း လိုအပ်သေးတယ်။ ကျွန်မတို့ တော်တော်ကို ပြင်ဆင်ရပါဦးမယ်။ ၂၀၁၅ က နောက်နှစ်နှစ်ဆိုရင် ရောက်ပြီလေ။ ပြင်ဆင်လို့တောင်နိုင်ပါ့ မလား မသိသေးဘူး။ ဒါကြောင့်ဒီကိစ္စနဲ့ပတ်သက်ပြီး အကုန်လုံးပါဝင်ဆောင်ရွက်ဖို့လိုပါတယ်။ အကုန်လုံးက အစားစားတဲ့သူချည်းပဲဆိုတော့ အစားစားတဲ့ သူတိုင်းအန္တရာယ်မဖြစ်ဖို့က အရမ်းအရေးကြီးပါတယ်။ နိုင်ငံတော်အနေနဲ့လည်း ဒါကိုအမြန်ဆုံး ဆောင်ရွက်ပေးစေချင်ပါတယ်" ဟု ၎င်းက ပြောသည်။

စားသောက်ကုန်များထဲတွင် အရေးပါသည့် အစားအစာများဖြစ်သည့် အသား၊ နို့နှင့်ဥထုတ်လုပ်မှု၌လည်း ဘေးအန္တရာယ်ကင်းရှင်းရေး စံနှုန်းသတ်မှတ်ချက်မှာ မဖြစ်မနေလိုအပ်ကြောင်း မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဒေါက်တာခင်လှိုင်က ပြောသည်။

"မြန်မာနိုင်ငံမှာ အသား၊ နို့၊ ဥတွေအတွက်လည်း စံနှုန်းမရှိဘူး။ ကျွန်တော်တို့တွေ အသား၊ ဥတွေကို ရောင်းတာပဲဖြစ်ဖြစ်၊ ချက်စားတာပဲဖြစ်ဖြစ် မြန်မာစံနှုန်းနဲ့ စနစ်တကျလုပ်တာမျိုးမရှိတဲ့အတွက် စားသုံးသူရော၊ ရောင်းချသူပါ ဖြစ်သလိုပဲ လုပ်နေကြတယ်။ ဒါကိုလည်း မြန်မာလူမျိုးတွေက အံဝင်ခွင်ကျဖြစ်နေကြတယ်။ နောက်ပိုင်း နိုင်ငံတကာနဲ့ စီးပွားရေးအရဆက်ဆံလာတဲ့အခါမှာ မြန်မာစံနှုန်းဆိုတာ ရှိထားသင့်ပါတယ်" ဟု ၎င်းက ပြောသည်။

ထို့ပြင် မွေးမြူရေးကဏ္ဍ၌ အသားများ ရောင်းချရာတွင် စနစ်တကျထုပ်ပိုးမှုများဖြင့် ရောင်းချလျက်ရှိသော်လည်း ကျွဲ၊ နွားများ သတ်ဖြတ်သည့်နေရာ၌စနစ်တကျပြုလုပ်မှုများ အားနည်းလျက်ရှိကြောင်းလည်း ဒေါက်တာခင်လှိုင်က ပြောသည်။

"အသားတွေကို စူပါမားကက်တွေမှာ ထုပ်ပိုးရောင်းချနေပေမယ့် တကယ်တမ်းကျတော့ စနစ်တကျမဟုတ်ဘဲ တွေ့တဲ့နေရာမှာသတ်ပြီး အသားပေါ်နေကြတာပါ။ ဆိုင်တွေမှာ သေချာထုပ်ပိုးပြီး ရောင်းမှ သန့်ရှင်းသပ်ရပ်တာ မဟုတ်ဘူး။ အသားမဖြစ်ခင် ဖြတ်တောက်ခုတ်ထစ်တဲ့နေရာမှာလည်း သန့်ရှင်းသပ်ရပ်နေဖို့လိုတယ်။ အစအဆုံးကို သန့်သန့်ရှင်းရှင်းလုပ်မှ စားသုံးတဲ့သူတွေ ဘေးအန္တရာယ်ကင်းရှင်းမှာ။ အဲဒါကြောင့် လမ်းဘေးကဈေးသည်မှမဟုတ်ဘူး၊ အစားအသောက်ထုတ်လုပ်ရောင်းချတဲ့ ကုမ္ပဏီကြီးတွေလည်း ဘေးအန္တရာယ်ကင်းရှင်းရေးကို ဂရုစိုက်ဖို့ လိုတယ်" ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံအတွက် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေး စံနှုန်းသတ်မှတ်ချက် (Food Safety Standard) အား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ဦးဆောင်လုပ်ကိုင်သွားမည်ဖြစ်ပြီး ယခုအခါတွင် စံနှုန်းသတ်မှတ်ရေးကော်မတီဖွဲ့ရန် စီစဉ်လျက်ရှိကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူများက ပြောသည်။ ■

POS စနစ်ဖြင့် ဗီဇာကတ်ကို သုံးမည်

အေးသီတာကျော်

Visa ကတ်ဖြင့် ငွေပေးချေမှုကို Point of Sale (POS) စနစ်ဖြင့်ဧပြီနှင့် မေလများတွင် စတင်နိုင်တော့မည်ဖြစ်ကြောင်း ပြည်တွင်းဘဏ်တာဝန်ရှိသူများက ပြောသည်။

နိုင်ငံတကာငွေပေးချေမှုဖြစ်သော Visa ကုမ္ပဏီသည် ပြည်တွင်းဘဏ်များနှင့် ငွေပေးချေမှုလုပ်ငန်းဆောင်ရွက်ရန် သဘောတူလက်မှတ်ရေးထိုးမှုကို နိုဝင်ဘာလကစတင်ခဲ့ပြီး ဒီဇင်ဘာလတွင် အေတီအမ်စက်များသုံးစွဲခဲ့ရာ ယခုအခါ မြန်မာနိုင်ငံတစ်ဝန်းတွင် ယင်းနှင့် ချိတ်ဆက်ထားသောဘဏ်များမှ အေတီအမ်စက်အလုံးပေါင်း ၁၀၀ ကျော်တွင် စတင်အသုံးပြုနိုင်တော့မည် ဖြစ်သည်။

အဆိုပါအေတီအမ်စက်များကို နိုင်ငံခြားဧည့်သည်များသွားလာမှုအများဆုံးဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ ပုဂံ-ညောင်ဦးနှင့် အင်းလေးဒေသများတွင် တပ်ဆင်ထားပြီး POS စနစ်ကိုလည်း အဆိုပါနေရာများရှိ ဟိုတယ်များ၊ စားသောက်ဆိုင်များတွင် အသုံးပြုသွားမည်ဖြစ်သည်။

ကမ္ဘောဇဘဏ်၏ အထွေထွေမန်နေဂျာ ဦးဇော်လင်းထွဋ်က အေတီအမ်စက်ကို ဧပြီလတွင် စတင်အသုံးပြုနိုင်ရန် ရည်မှန်းထားပြီး အမ်ပီယူကတ်အပါအဝင် ဗီဇာကတ်သည် ယင်းစတင်အသုံးပြုခွင့်ရချိန်မှ စတင်ခါအသုံးပြုမှု ၂၀ ရာခိုင်နှုန်းအထက်မြင့်တက်လာကြောင်း ပြောသည်။

"နိုင်ငံခြားကနေ မြန်မာနိုင်ငံကိုလာရောက်မှုလည်း အရမ်းများတယ်။ နိုင်ငံခြားသားတွေရဲ့လက်ထဲမှာလည်း ကတ်ပါလာတဲ့အတွက် ငွေချေရတာအဆင်ပြေတယ်။ ဒီနိုင်ငံက ထုတ်ကုန်ပစ္စည်းလုပ်ငန်းတစ်ခုလုံးရောင်းအားတက်လာပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အများကြီး အထောက်အကူဖြစ်စေတယ်" ဟု ၎င်းက ပြောသည်။

"သူတို့နိုင်ငံက ကတ်တွေကို ဒီမှာက third party processing အနေနဲ့လက်ခံသုံးစွဲပြီးလုပ်နေတာပါ။ ဒီမှာက visa transaction swift လုပ်ပေးဖို့ မရှိသေးဘူး။ ဗီဇာက တခြားကတ်တွေနဲ့ စာရင် အချိန်ကြာပြီး ငွေကုန်ကြေးကျလည်းများတယ်"ဟု ၎င်းက ပြောသည်။

သမဝါယမဘဏ်၏ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဖေမြင့်ကမူ ၎င်းတို့ဘဏ်နေဖြင့် ဧပြီလအတွင်း ဗီဇာဖြင့် POS စနစ်စတင်ရန်ခန့်မှန်းထားသော်လည်း သင်္ကြန်ရုံးပိတ်ရက်များကြောင့် မေလဆန်းပိုင်းမှသာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း ပြောသည်။

"POS တွေ လုပ်မယ်ဆိုရင်လည်း ဟိုတယ်တွေ စားသောက်ဆိုင်မျိုးတွေ နိုင်ငံခြားသားအသွားများတဲ့ ဈေးလိုနေရာမျိုးတွေနဲ့ စလုပ်သွားမယ်"ဟု ၎င်းက ပြောသည်။

လက်ရှိဗီဇာကတ်သည် နိုင်ငံခြားသားသုံးအနေဖြင့်သာရှိသေးပြီး မြန်မာနိုင်ငံသားများ နိုင်ငံခြားသွားရောက်ရာတွင် အဆိုပါကတ်များနှင့် ငွေပေးချေမှုကို စတင်နိုင်ရန်မှာမူ ထိုကတ်ကို ထုတ်ပေးသည့် သက်ဆိုင်ရာတာဝန်ရှိသူများ၏ သဘောတူကမ်းလှမ်းချက်နှင့် ဗဟိုဘဏ်ခွင့်ပြုမှုကို ရယူရမည်ဖြစ်ကြောင်းလည်း ၎င်းက ပြောသည်။

"နိုင်ငံခြားမှာ ကတ်တွေသုံးစွဲနိုင်ဖို့ကို အစီအစဉ် ရှိပါတယ်။ သုံးစွဲခွင့်အတွက် သူတို့နဲ့ မေးရဦးမယ်။ သူတို့ကလည်းခွင့်ပြုမယ်ဆိုရင်တော့ တစ်ခုပြီးတစ်ခုလုပ်သွားမှာပါ"ဟု ၎င်းက ပြောသည်။ ■

ကြက်ဥဈေးများ ယခုလအတွင်း မြင့်တက်လာ

မြတ်ငြိမ်းအေး

မတ်လဆန်းပိုင်းတွင် မြင့်တက်ခဲ့သည့် ကြက်သားဈေးကြောင့် ကြက်များအား ဈေးကွက်အတွင်းပိုမိုရောင်းချခဲ့သည့် အကျိုးဆက်ကြောင့် ကြက်ဥထုတ်လုပ်မှုကျဆင်းကာ ကြက်ဥဈေးများပါမြင့်တက်လာခဲ့ကြောင်း ဘဲဥ၊ ကြက်ဥ ထုတ်လုပ်ရောင်းချသူများ အသင်းဥက္ကဋ္ဌဦးဂျိုးဇက်က ပြောသည်။

"ကြက်သားဈေးကောင်းတော့ မွေးမြူရေးသမားတွေက ကြက်တွေကို အရင်ထက်ပိုပြီး ထုတ်ရောင်းကြတယ်။ မျိုးဟောင်းတွေပါ ထုတ်ရောင်းကြတယ်။ အဲ ဒီတော့ကြက်ဥဥဖို့ ကြက်ကောင်ရေလည်း ကျသွားတယ်။ ၃၀ ရာခိုင်နှုန်းလောက်ကျသွားတယ်လို့ ခန့်မှန်းရတယ်။ ကြက်ဥကလည်း ၂၀ ရာခိုင်နှုန်း နီးပါးလောက် အထွက်လျော့သွားတယ်။ အဲဒါကြောင့် ကြက်ဥဈေးက တက်သွားတာပါ"ဟု ၎င်းက မြန်မာတိုင်း(မ်)ကို ပြောသည်။

မြန်မာနိုင်ငံ၏ ရာသီဥတုအနေအထား အရကြက်မတစ်ကောင်သည် ဥမှပေါက်ပြီး လေးလမှ ၁၉ လအတွင်း ကြက်ဥအလုံးရေ ၂၈၀ ခန့်ထိ ဥနိုင်ကြောင်း မြန်မာနိုင်ငံအသားတိုးကြက်ထုတ်လုပ်ရောင်းချသူများအသင်းဥက္ကဋ္ဌဒေါက်တာလှလှသိန်းက ပြောသည်။

"ကြက်တွေ အကြောင်းပြုစုရေးသားထားတဲ့စာအုပ်တွေထဲမှာတော့ အလုံးရေ ၃၈၀ အထိဥနိုင်တယ်လို့ ရေးထားတယ်။ ဒါပေမဲ့ ဒီနှုန်းက မြန်မာနိုင်ငံနဲ့ဆိုရင် အဲဒီလောက်မထွက်ဘူး။ အခုလို ရာသီဥတုပူပြင်းတဲ့ အချိန်ဆိုပိုတောင် အထွက်လျော့သေးတယ်။ နောက်ပြီး ကြက်သားဈေးကောင်းလို့ထုတ်ရောင်းတာများတော့ မျိုးသစ်ပြန်သွင်းရင် ကြက်ဥက ချက်ချင်းရဦးမှာ မဟုတ်ဘူး။ ဒီအခိုက်အတန့်ကတော့ ကြက်ဥအထွက်နည်းဦးမှာပဲ။ ကြက်ဥအထွက် နည်းရင်တော့ ဈေးကမြင့်မှာပဲလေ" ဟု ၎င်းက ပြောသည်။

ပြီးခဲ့သည့်လကဖောက်သည်ဈေး တစ်လုံး ၇၅ ကျပ်မှ ၈၀ သာရှိသော်လည်း လက်ရှိတွင် ၉၀ မှ ၉၅ ကျပ်အထိ မြင့်တက်ခဲ့ကြောင်း မြန်မာစီပီလိုက်စတုဒ် ကုမ္ပဏီလီမိတက်မှ အထွေထွေမန်နေဂျာ ဦးမျိုးသန့်က ပြောသည်။

"ခြံသမားတွေဆီက ဝယ်ရင်တော့ တစ်လုံးကို ၉၀ လောက်ရတယ်။ လက်လီဈေးကတော့ ၁၂၀ လောက်ရှိတယ်။ လက်ကားဆိုရင်လည်း ၁၁၀၊ ၁၂၀ လောက် ရောင်းကြတယ်။ အခုလိုဈေးတက်တာ ရာသီဥတုပူလို့ကြက်ဥအထွက်လျော့တာလည်းပါသလို သင်္ကြန်နားနီးလို့ ဝယ်လိုအား တက်တာလည်းပါမှာပါ။ နောက်ပြီးခြံသမားတွေက ကြက်သားဈေးကောင်းတော့ ကြက်တွေကို အကုန်ထုတ်ရောင်းပြီး မျိုးသစ်ပြန်ထည့်ကြတော့ ကြက်ဥလိုသလောက် မရဘူး"ဟု ၎င်းက ပြောသည်။

"သင်္ကြန်လောက်ထိတော့ ဈေးဆက်တက်ဖို့ရှိတယ်ထင်တယ်။ ဒီလိုဈေးတက်ပေမယ့်လည်း ဝယ်လိုအားအရမ်းတက်မယ်မထင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ နောက်လလောက်ဆိုရင် ဘဲဥတွေက ပေါ်လာတော့မှာ။ အဲဒီအခါကျရင် စားသုံးသူတွေကလည်း ဈေးနည်းတဲ့ ပစ္စည်းကိုစားမှာပဲ။ ကြက်ဥဈေးတက်ရင် ဈေးနည်းတဲ့ဘဲဥကို စားမှာပဲ။ မနှစ်ကတော့ သင်္ကြန်မှာ ကြက်ဥရောင်းအားကောင်းတယ်။ ဈေးက တစ်လုံးမှ ဖောက်သည်ဈေး ၇၀ နဲ့ ၇၅ ကျပ်လောက်ပဲရှိတာကိုး" ဟု ကြက်ဥရောင်းဝယ်ရေးသမားတစ်ဦးက ပြောသည်။ ■

အမှိုက်ပုံးသစ်များ ဧပြီ ၁ ရက်မှစတင်၍ မြို့နယ်များတွင် ချထားပေးသွားမည်

ထားထားခင်

ရန်ကုန်မြို့တော်စည်ပင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ မှာယူထားသည့် ဂျာမနီနိုင်ငံထုတ် အမှိုက်ပုံးသစ်များ အလုံမြို့နယ်၊ မော်တော်ယာဉ်ဌာနခွဲသို့ လွန်ခဲ့သည့်သီတင်းပတ်က ရောက်ရှိနေရာချထားစဉ်။

ဓာတ်ပုံ - ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှဂျာမနီနိုင်ငံမှ မှာယူထားသည့် ၆၆၀ လီတာနှင့် ၂၄၀ လီတာဆန့် အမှိုက်ပုံးများပထမအကြိမ် အဖြစ် အလုံးရေ ၂,၆၇၀ ရောက်ရှိလာပြီး ၎င်းတို့ကိုလာမည့် ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ်အစဖြစ်သော ဧပြီ ၁ ရက်မှ စတင်ကာ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များတွင် ချထားပေးသွားမည်ဖြစ်ကြောင်း အဆိုပါဌာနမှ လက်ထောက်ဌာနမှူး ဦးရဲကျော်မိုးက ပြောသည်။

"ပထမအဆင့် အမှိုက်ပုံးအလုံးရေ ၉၅၀ ကို ဧပြီ ၁ ရက်နေ့မှာစဖြန့် ဖြူးမှာဖြစ်ပါတယ်၊ ကျွန်တော်တို့ အဓိက ရည်ရွယ်တာကတော့ ပထမအဆင့်မှာ ရန်ကုန်မြို့မှာကျန်နေတဲ့ ဝါးကပ်အမှိုက်ကန်တွေနေရာမှာအစားထိုးမှာ ဖြစ်ပါတယ်၊ ဒါပြီးရင် ဒုတိယက လူစည်ကားတဲ့နေရာတွေ၊ ပြည်သူလူထုအမှိုက်စွန့်ပစ်ဖို့ အခက်အခဲရှိတဲ့ နေရာတွေမှာ ချသွားပေးမှာ ဖြစ်ပါတယ်"ဟု လက်ထောက်ဌာနမှူး ဦးရဲကျော်မိုးက ပြောသည်။

ပထမအဆင့်အမှိုက်ပုံး ၉၅၀ ချထားမှုတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်ရှိ တောင်ဥက္ကလာပမြို့နယ်၊ ဒဂုံဆိပ်ကမ်း၊ ဒဂုံတောင်၊ ဒဂုံမြောက်၊ ဒဂုံအရှေ့၊ မြောက်ဥက္ကလာ၊ သင်္ဃန်းကျွန်း စသည့်မြို့နယ်များတွင် စုစုပေါင်း ၁၈၇ လုံး၊ ရန်ကုန်အနောက်ပိုင်းခရိုင်ရှိ မြို့နယ်များဖြစ်သော ကျောက်တံတား၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ ဒဂုံ၊ ပန်းဘဲတန်း၊ ဗဟန်း၊ လသာ၊ လမ်းမတော်၊အလုံမြို့နယ်များတွင် စုစုပေါင်း ၁၇၁ လုံး၊ တောင်ပိုင်းခရိုင်မြို့နယ်များဖြစ်သော ဆိပ်ကြီးခနောင်တို၊ တာမွေ၊ ဒလ၊ ဒေါပုံ၊ ပုစွန်တောင်၊ ဗိုလ်တထောင်၊ မင်္ဂလာတောင်ညွန့်၊ ရန်ကင်း၊ သာကေတ စသည့်မြို့နယ်များတွင် စုစုပေါင်း ၂၄၁ လုံး၊ မြောက်ပိုင်းခရိုင်မြို့နယ်များဖြစ်သော ကမာရွတ်၊ မင်္ဂလာဒုံ၊ မရမ်းကုန်း၊ ရွှေပြည်သာ၊ လှိုင်၊ လှိုင်သာယာ၊ အင်းစိန်စသည့်မြို့နယ်များတွင် စုစုပေါင်း ၃၅၁ လုံး ချထားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ နောင်အနာဂတ်ကာလတွင် ရန်ကုန်တစ်မြို့လုံးရှိ အုတ်အမှိုက်ကန်များကို ဖျက်သိမ်းသွားမည်ဟုလည်း ၎င်းကပြောသည်။

"ဘဏ္ဍာငွေ ရရှိတဲ့ပေါ် မူတည်ပြီး အမှိုက်ပုံးတွေကို ထပ်မံချသွားမှာ ဖြစ်ပါတယ်၊ နောက်ဆုံးရည်မှန်းထားတာကတော့ ရန်ကုန်မြို့တစ်မြို့လုံးမှာရှိသမျှ အုတ်အမှိုက်ကန်တွေအားလုံးကို ပြန်ဖျက်သွားမှာ ဖြစ်ပါတယ်၊ အုတ်အမှိုက်ကန်တွေက အမြင်မတင့်တယ်တော့တာကြောင့်ပါ။ ဒါကတော့ တစ်နှစ်နဲ့လည်းဖြစ်ချင်မှဖြစ်မယ်၊ နှစ်နှစ်နဲ့လည်း ဖြစ်ချင်မှဖြစ်မယ်၊ ဘဏ္ဍာငွေရရှိတဲ့ပေါ် မူတည်တယ်၊ ရန်ကုန်တစ်မြို့လုံးမှာအမှိုက်စနစ်က ဒီပုံးတွေနဲ့ပဲ ထားသွားမှာဖြစ်ပါတယ်"ဟု ဦးရဲကျော်မိုးက ပြောသည်။

ယခုအကြိမ် တင်သွင်းသည့် အမှိုက်ပုံးအရေအတွက် ၂,၆၇၀ အတွက် တန်ဖိုးငွေစုစုပေါင်း ကျပ်သိန်း ၃,၅၀၀ ခန့် ရှိကြောင်းလည်း ၎င်းကရှင်းပြခဲ့သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ပြည်သူများ အမှိုက်ပစ်လွယ်ကူစေရန် အမှိုက်ပုံးသစ်များ ချပေးသွားမည်ဖြစ်သလို ပြည်သူလူထုဘက်မှလည်း အမှိုက်များကို အဖုံးဖွင့်၍ အမှိုက်ပုံးထဲရောက်အောင်စနစ်တကျ စွန့်ပစ်ရန် လိုအပ်ပြီး အမှိုက်ပုံးများ မပျက်စီး၊ မဆုံးရှုံး၊ မပျောက်ပျက်စေရန်အတွက် ဝိုင်းဝန်းထိန်းသိမ်းပေးစေလိုကြောင်းလည်း လက်ထောက်ဌာနမှူးက ပြောကြားခဲ့သည်။

အမှိုက်စို၊ အမှိုက်ခြောက် ခွဲခြားစွန့်ပစ်မှုတွင် ပြည်သူလူထုပူးပေါင်းပါဝင်မှု အားကောင်းလာသဖြင့် ၇၀ ရာခိုင်နှုန်းခန့် အောင်မြင်မှုရှိနေပြီဖြစ်သည်ဟုလည်း ၎င်းကပြောသည်။

ယခင် ၂၀၁၂-၁၃ ဘဏ္ဍာနှစ်တွင်လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှအမှိုက်ပုံးအလုံးရေ ၂,၀၀၀ ချထားပေးခဲ့ကြောင်းလည်း ၎င်းကပြောသည်။ ရန်ကုန်မြို့တွင် အမှိုက်အုတ်ကန် ပေါင်း ၆၂၀ ကန်ရှိပြီး ရန်ကုန်တစ်မြို့လုံးအတွက် အသုံးပြုနေသည့် အမှိုက်သိမ်း မော်တော်ယာဉ်ပေါင်း ၂၆၄ စီးရှိကြောင်း သိရသည်။ ■

မြန်မာနိုင်ငံ ဂျပန်ပြန် ပညာသင်ဟောင်းများအသင်း တွေ့ဆုံပွဲကျင်းပ

မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးနှင့် Myanmar Association of Japan Alumini (MAJA) မြန်မာနိုင်ငံ ဂျပန်ပြန် ပညာသင်ဟောင်းများအသင်းတို့ ပူးပေါင်း၍ Japan Alumini Reunion 2013 နှင့် ဂျပန်နိုင်ငံအစိုးရ၏ပညာသင်ထောက်ပံ့ကြေးရရှိသော ကျောင်းသားများ တွေ့ဆုံနှုတ်ဆက်ပွဲအခမ်းအနားကို မတ်လ ၁၆ ရက်တွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal ဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့သည်။

"MAJA အသင်းက အဓိကဆောင်ရွက်ပေးတာကတော့ ဂျပန်ပြန်ပညာသင်ဟောင်းတွေရဲ့ ဆွေမျိုးသားချင်းသားသမီးတွေ၊ အသိမိတ်ဆွေတွေ၊ ဂျပန်စာ သင်ကြားချင်ရင် ဆောင်ရွက်ပေးခြင်း၊ ဂျပန်နိုင်ငံကို ပညာသင်သွားရင် ထောက်ပံ့ကူညီဖို့၊ ဂျပန်ပြည်မှ ပြန်လာပြီးတော့ အလုပ်အကိုင်ရှာဖွေရာမှာ အခက်အခဲရှိရင် ကူညီပေးဖို့၊အခုအခါမှာ ဂျပန်နိုင်ငံက စီးပွားရေးလုပ်ငန်းရှင်တွေ မြန်မာပြည်ကို ဝင်ရောက်လာတဲ့အခါမှာ သူတို့ကုမ္ပဏီတွေ၊ လုပ်ငန်းတွေအတွက် အလုပ်သမားရရှိရေး၊ ပညာရှင် အလုပ်သမားတွေ ရရှိရေးတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု MAJA အသင်း ဥက္ကဋ္ဌဦးမြင့်ဝေက မြန်မာတိုင်း(မ်)သို့ ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံသို့ ပညာတော်သင်စေလွှတ်မှုများတွင် မြန်မာနိုင်ငံ အစိုးရနှင့် ဂျပန်နိုင်ငံအစိုးရ(G to G) ချိတ်ဆက်ဆောင်ရွက်စေလွှတ်မှုများရှိသလို private sector ကဏ္ဍမှဖြစ်သော မြန်မာနိုင်ငံရှိ အစိုးရမဟုတ်သော အင်န်ဂျီအိုအဖွဲ့အစည်းများမှ ဂျပန်နိုင်ငံရှိ အင်န်ဂျီအိုအဖွဲ့အစည်းများသို့(NGO to NGO) စေလွှတ်မှုများလည်းရှိသည်ဟု ၎င်းကရှင်းပြခဲ့သည်။

MAJA အသင်းကလည်း ဂျပန်နိုင်ငံအစိုးရ၏ scholarship ကိုရယူစေပြီး ဂျပန်နိုင်ငံသို့ စေလွှတ်ပေးခဲ့ခြင်းများရှိပြီး အနည်းဆုံး ၁၅ ဦးထက်မနည်းရှိကြောင်းလည်း ဦးမြင့်ဝေက ပြောကြားခဲ့သည်။

MAJA အသင်း၏ ရုံးခန်းကို ဗဟန်းမြို့နယ်ရှိ ပုလဲကွန်ဒို၊ တိုက်(C) ခုနစ်လွှာတွင် ဖွင့်လှစ်ထားရှိသည်။ MAJA အသင်းကို ၂၀၀၁ ခုနှစ်တွင် တရားဝင်စတင်ဖွဲ့စည်းခဲ့ပြီး အသင်းဝင်ပေါင်း ၁,၄၀၀ ကျော်ရှိကြောင်း သိရှိရသည်။

"MAJA အသင်းက ဂျပန်နိုင်ငံက ပညာရေးအဖွဲ့အစည်းတွေ၊ အတတ်ပညာရှင်တွေ အဖွဲ့အစည်းတွေလာရောက်တယ်ဆိုရင် seminar တွေပြုလုပ်ပေးပါတယ်။ နောက်ပြီးတော့ ဂျပန်နိုင်ငံမှာရှိတဲ့ ဂျပန်ပညာရပ်သင်ကျောင်းတွေက လာရောက်ပြီးတော့ အကူအညီတောင်းရင်လည်း seminar တွေပြုလုပ်ပေးပါတယ်။ ကျောင်းသားတွေကိုလည်း ရှာဖွေပေးပါတယ်။ ဆိုလိုတာက သူတို့က သူတို့ကျောင်းကို တက်စေချင်လို့ ကျောင်းသားတွေကို လာဖိတ်တယ်၊ တချို့ကျတော့လည်း scholarship တွေပေးတယ်၊ တချို့ကျတော့လည်း ကိုယ့်ပိုက်ဆံနဲ့ ကိုယ်တက်ရတယ်"ဟု ၎င်းကရှင်းပြခဲ့သည်။

ဧပြီလထဲတွင် education seminar တစ်ခုကျင်းပသွားရန်ရှိကြောင်းလည်း ၎င်းက အဆိုပါနေ့တွင် အသိပေး ပြောကြားခဲ့သည်။

MAJA က ဦးဆောင်၍ဂျပန်သံရုံး၏ စီစဉ်မှုနှင့်တကွ တစ်ကမ္ဘာလုံး၌ တစ်နှစ်လျှင်တစ်ကြိမ် ကျင်းပသော ဂျပန်ဘာသာကျွမ်းကျင်မှု ဆိုင်ရာ စာမေးပွဲ (Japanese Language

စာမျက်နှာ ၃၀ သို့

Yangon Office: No. 140, 25th St (Middle Block), Pabedan Tsp, Yangon. Tel: 01-251922, 243073, 384481 , www.ramratma.com
Mandalay Branch: No.161, 23rd St., Betwee 83 x 84 St., Pyi Gyi Kyatayay Quarter, Aung Myay Thar Zan Tsp, Mandalay. Tel: 02-39745, 09 50 64817

အမှိုက်မှ လျှပ်စစ်စွမ်းအင်ထုတ်ယူခြင်းအတွက် ကုမ္ပဏီပေါင်း ၃၇ ခု တင်ဒါတင်သွင်းခဲ့

ထားထားခင်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ တင်ဒါခေါ်ယူခဲ့သည့် အမှိုက်မှ လျှပ်စစ်စွမ်းအင်ထုတ်ယူနိုင်ရန် Waste to Energy အတွက် တင်ဒါတင်သွင်းသည့် ကုမ္ပဏီပေါင်း ၃၇ ခု ရှိခဲ့ကြောင်း ဌာနမှူးဦးသန်းလွင်ဦးက မြန်မာတိုင်း(မ်)သို့ ပြောသည်။

"လာလျှောက်တဲ့ထဲမှာ မြန်မာပြည်တွင်း ကုမ္ပဏီသုံးခုပါတယ်။ မြန်မာနဲ့ ပြည်ပနဲ့ ပေါင်းထားတဲ့ကုမ္ပဏီက ခုနစ်ခု ရှိတယ်။ ကျန်တဲ့ ၂၇ ခုက နိုင်ငံခြားကုမ္ပဏီတွေ လာလျှောက်ကြတယ်။ တင်ဒါမှာဖော်ပြထားတဲ့ နည်းသုံးနည်းအပြင် ဖော်ပြမထားတဲ့ နည်းလမ်းနှစ်ခုနဲ့လည်း လာတင်တာတွေရှိတယ်" ဟု ဦးသန်းလွင်ဦးက မတ်လ ၁၅ ရက်နေ့တွင် ပြောသည်။

Waste to Energy အတွက် တင်ဒါတင်သွင်းသည့် ကုမ္ပဏီ ၃၇ ခုကို နည်းလမ်းတစ်ခုချင်းအလိုက် နှိုင်းယှဉ်ဇယားပြုစုသွားမည်ဖြစ်ပြီး နှိုင်းယှဉ်ဇယား ပြုစုပြီးပါက ကော်မတီသို့ တင်ပြမည်ဖြစ်ကြောင်းလည်း ၎င်းက ပြောသည်။ ကော်မတီမှ အကြိုရွေးချယ်မှု ပြုလုပ်ပြီးသည့် ကုမ္ပဏီများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရသို့ ဆက်လက်တင်ပြမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရ၏ အတည်ပြုချက်ဖြင့် အကြိုရွေးချယ်ခံရသည့် ကုမ္ပဏီများကို ဖိတ်ခေါ်ပြီး MOU ရေးထိုးမည်ဖြစ်ကြောင်းလည်း ၎င်းက ရှင်းပြခဲ့သည်။

"MOUထိုးတဲ့ကုမ္ပဏီတွေက အသေးစိတ်လေ့လာမှုတွေ ဆောင်ရွက်ရမယ်၊ အသေးစိတ်လေ့လာတဲ့ အချိန်ပြီးရင် final proposal တင်ရမယ်။ အကြိုရွေးချယ်ခံရပြီး final proposal ထဲကမှ အပြီးသတ်ပြန်ရွေးမှာ ဖြစ်တယ်။ လုပ်ငန်းစဉ်အားလုံးက လာမယ့်ဒီဇင်ဘာမှာ အပြီးသတ်မယ်လို့ မျှော်မှန်းတယ်"ဟု ဦးသန်းလွင်ဦးက ရှင်းပြခဲ့သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ Waste to Energy အတွက် တင်ဒါလျှောက်လွှာများကို ယခုနှစ် ဖေဖော်ဝါရီ ၂၈ ရက် နောက်ဆုံးထား တင်ဒါခေါ်ယူခဲ့သည်။ ■

မြန်မာနိုင်ငံ ဂျပန်ပြန် ပညာသင်ဟောင်းများအသင်း . . .

စာမျက်နှာ ၂၉ မှ

Proficiency Test -JLPT) ကိုလည်း နှစ်စဉ်ကျင်းပပေးခဲ့ပြီး အဆိုပါ ဂျပန်ဘာသာစာမေးပွဲသို့ တစ်နှစ် လျှင် ကျောင်းသားဦးရေ ၂,၅၀၀ မှ ၃,၂၀၀ အထိ ဝင်ရောက်ဖြေဆိုလျက်ရှိကြောင်းလည်း ၎င်းကပြောကြားခဲ့သည်။

JLPT စာမေးပွဲကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပပြီးစီးခဲ့ပြီး အောင်စာရင်းများလည်းကြေညာပြီးဖြစ်သည့်အတွက် အောင်လက်မှတ်များလာရောက်ထုတ်ယူလျက်ရှိကြောင်း ဥက္ကဋ္ဌ ဦးမြင့်ဝေက ရှင်းပြခဲ့သည်။

MAJA အသင်းဥက္ကဋ္ဌဦးမြင့်ဝေသည် အသင်းဥက္ကဋ္ဌအဖြစ် ၂၀၀၉ ခုနှစ်မှ လက်ရှိအချိန်ထိ ထမ်းဆောင်လျက်ရှိပြီး ဥက္ကဋ္ဌမဖြစ်ခင် ဒုဥက္ကဋ္ဌအဖြစ် ၂၀၀၅ ခုနှစ်မှ ၂၀၀၉ ခုနှစ်ထိ တာဝန်ယူခဲ့ပြီး ထိုမတိုင်ခင်ကာလတွင် အသင်းအတွင်းရေးမှူးအဖြစ် ၂၀၀၁ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြောင်းလည်း သိရှိရသည်။

အဆိုပါတွေ့ဆုံပွဲနေ့တွင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီးက အမှာစကားပြောကြားခဲ့သလို ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့ဖူးသူတစ်ဦးမှ ၎င်း အတွေ့အကြုံများကို ရှင်းလင်းတင်ပြခဲ့သည်။ ဂျပန်နိုင်ငံအစိုးရ၏ scholarship ရရှိသူတစ်ဦးကလည်း ကျေးဇူးတင်စကားပြောကြားခဲ့သည်။ အခမ်းအနားသို့ MAJA အသင်းမှ တာဝန်ရှိသူများ၊ ဂျပန်သံရုံး၏စီစဉ်မှုဖြင့် ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့ဖူးသူများနှင့် JENYSIS Programme ဖြင့် ဂျပန်နိုင်ငံသို့ သွားရောက်လေ့လာခဲ့ဖူးသူများ တက်ရောက်ခဲ့ကြသည်။ **ထားထားခင်** ■

"ပိုးဇေကရီ" ပိုးထည်နှင့် ချည်ချောထည်ဆိုင်သစ်ဖွင့်လှစ်

ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် လှမျိုးသဉ္ဇာနွယ်ဦးစီးဖွင့်လှစ်သော "ပိုးဇေကရီ" ပိုးထည်တိုက် ဆိုင်သစ်ဖွင့်လှစ်ပွဲအခမ်းအနားကို မတ်လ ၁၄ ရက်တွင် ပိုးထည်တိုက်တည်ရှိရာ အမှတ် ၁၅၅၊ ဦးချစ်မောင်လမ်း၊ ဗဟန်းမြို့နယ်၌ ကျင်းပခဲ့သည်။

"ဒီဆိုင်ဖွင့်ဖြစ်သွားတဲ့ ရည်ရွယ်ချက်ကတော့ ကိုယ်ကအများကြီးလည်း ချုပ်ဝတ်နေရတယ်၊ နောက်ပြီးအနုပညာရှင်တွေနဲ့ဆက်စပ်နေတဲ့လုပ်ငန်းလည်း ဖြစ်တဲ့အတွက် ဖွင့်ဖြစ်သွားတာပါ။ အဓိကကတော့ ကိုယ့်စိတ်တိုင်းကျလေးလုပ်ခွင့်ရသွားတာပေါ့"ဟု ရုပ်ရှင်သရုပ်ဆောင် လှမျိုးသဉ္ဇာနွယ်က ပြောသည်။

"ဒီဆိုင်က လူတန်းစားအလွှာပေါင်းစုံကို target ထားပါတယ်၊ ပွဲတက်တာပဲဖြစ်ဖြစ်၊ နောက်ပြီးတော့လူကြီးပိုင်းတွေအတွက် အဆင့်မြင့်ပိုးစစ်ချိတ်တွေပါသလို လူလတ်တန်းစားတွေသုံးနိုင်တဲ့ ထသွားထလာဝတ်တဲ့ချည်ချောထည် အမျိုးမျိုးလည်းရှိတဲ့အတွက် လူတန်းစားမျိုးစုံကို target ထားပါတယ်"ဟု ၎င်းကပြောသည်။

"ပိုးဇေကရီ"ပိုးထည်တိုက်တွင် ပိုးအစစ်ချိတ်များ၊ ချည်ချောထည်များကို ဒီဇိုင်းစုံ၊အရောင်စုံဖြင့် ရရှိနိုင်သကဲ့သို့ အမရပူရပိုးထည်ချိတ်များ၊ တိုင်းရင်းသား ရိုးရာချင်းထည်နှင့် ကချင်ထည်များလည်း ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ ဆိုင်ဖွင့်ပွဲအထိမ်းအမှတ်အနေဖြင့် မတ်လ ၁၄ ရက်မှ ဧပြီလ ၁၄ ရက်အထိတစ်လတိတိ ၁၀ ရာခိုင်နှုန်းလျှော့ဈေးဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်ဟု သိရသည်။

"ပိုးဇေကရီ"ပိုးထည်တိုက်ဆိုင်သစ်ကို ယခု ပထမဆုံးဖွင့်လှစ်ခြင်းဖြစ်ပြီးထပ်မံ၍ ဆိုင်ခွဲများလည်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းလည်း ရုပ်ရှင်သရုပ်ဆောင် လှမျိုးသဉ္ဇာနွယ်က ပြောသည်။

"ပိုးဇေကရီ"ပိုးထည်တိုက်တွင်ပိုးထည်နှင့် ချည်ထည်လာရောက်ဝယ်ယူသူများ အဆင်ပြေပြည့်စုံမှုရှိစေရန် အတွက် ပိုးထည်နှင့် လိုက်ဖက်မည့်လက်ကိုင်အိတ်များကိုလည်း ဆိုင်မှာပင် တစ်ခါတည်း ဝယ်ယူနိုင်အောင် Quality Bag Shop ကိုပါ တွဲဖက်ဖွင့်လှစ်ထားသည်ဟု ၎င်းကရှင်းပြခဲ့သည်။

"ပိုးဇေကရီ" ပိုးထည်တိုက်တွင်ချည်ချောထည် ကျပ် ၈,၀၀၀-၁၀,၀၀၀ မှ အဆင့်မြင့်ပိုးစစ်ချိတ် ကျပ် ၄၀၀,၀၀၀-၅၀၀,၀၀၀ အထိ ရနိုင်ကြောင်း သိရသည်။ **ထားထားခင်** ■

MYANMAR
CONSTRUCTION INDUSTRY
DIRECTORY
မြန်မာဆောက်လုပ်ရေးကဏ္ဍဆိုင်ရာလမ်းညွှန်
Building for the future

တစ်ပတ်အတွင်း အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

အုတ်			
၅၅၅-(လက်အုတ်)	တစ်လုံး	၈၀	ကျပ်
ကွန်ကရစ်အုတ်	တစ်လုံး	၇၅	ကျပ်
၈-ပေါက်အုတ်	တစ်လုံး	၁၂၀	ကျပ်
ဘိလပ်မြေ			
SCG-Elephant	တစ်အိတ်	၅,၉၀၀	ကျပ်
သွပ်			
Super Star ကြယ်စိမ်း	၁ ပေ	၄၃၅	ကျပ်
ဆင်တံဆိပ် (အထူ)	၁ ပေ	၂၈၀	ကျပ်
ဆင်တံဆိပ် (အပါး)	၁ ပေ	၂၆၀	ကျပ်
Colour Steel			
အထူ 0.3 mm	၁ ပေ	၅၃၀	ကျပ်
အထူ 0.32 mm	၁ ပေ	၆၇၀	ကျပ်
အထူ 0.34 mm	၁ ပေ	၇၃၀	ကျပ်
သဲနှင့် ကျောက်အမျိုးမျိုး			
ကျောက်	၁ ကျင်း	၆၅,၀၀၀	ကျပ်
သဲ (ကြမ်း)	၁ ကျင်း	၈,၀၀၀	ကျပ်

*ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်။

LOGIMEDIA
Yangon : 554 776, 559 768, Fax : 554 776
Mandalay : 09-910 23733, 910 24733

ဟောင်ကောင်ဆောက်လုပ်ရေးကုမ္ပဏီ ပိုင်ဆိုင်မှုများ ရှယ်ယာစာရင်းသွင်းရန်စီစဉ်

ဟောင်ကောင်၊ တရုတ်နှင့် အရှေ့တောင် အာရှတို့ရှိ ဟိုတယ် ၁၆ ခုတွင် အစုရှယ်ယာများ ပါဝင်ထားသည့် ၎င်းဆောက်လုပ်ရေးကုမ္ပဏီက ပိုင်ဆိုင်မှု ပစ္စည်းများ ခွဲထုတ်ရန် သင့်တော်မည့် အချိန်ကို မဆုံးဖြတ်ရသေးကြောင်းသိရ

ဘီလျံနာသူဌေးကြီး Cheng Yu-tung စီမံခန့်ခွဲဆောင်ရွက်နေသော ဟောင်ကောင်ဆောက်လုပ်ရေးလုပ်ငန်း New World Development Co.က ၎င်း၏ ဟိုတယ်နှင့်စားသောက်ဆိုင် လုပ်ငန်းများ၏ တန်ဖိုးကြီးပိုင်ဆိုင်မှု ပစ္စည်းအချို့ကို ရှယ်ယာစာရင်းပြုလုပ်ရန် စဉ်းစားနေကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဟောင်ကောင်၊ တရုတ်နှင့် အရှေ့တောင် အာရှတို့ရှိ ဟိုတယ် ၁၆ ခုတွင် အစုရှယ်ယာများ ပါဝင်ထားသည့် အဆိုပါ ဆောက်လုပ်ရေးကုမ္ပဏီက ပိုင်ဆိုင်မှု ပစ္စည်းများ ခွဲထုတ်ရန် သင့်တော်မည့် အချိန်ကို မဆုံးဖြတ်ရသေးကြောင်း ဟောင်ကောင်စတော့အိတ်ချိန်းသို့ မတ်လ ၈ ရက်နေ့က ပေးပို့ခဲ့သည့် ထုတ်ပြန်ချက်တစ်ခုတွင် ထည့်သွင်းပြောကြားခဲ့သည်။

တရုတ်နိုင်ငံအတွင်း ဝင်ငွေနှုန်းထားများ တိုးမြင့်လာခြင်းနှင့်အတူ လူလတ်တန်းစားများ တဖြည်းဖြည်း များပြားလာခြင်းတို့သည် ဒေသတွင်း ခရီးသွားလုပ်ငန်းတစ်ရှိန်ထိုး တိုးတက်မှုအတွက် တွန်းအားများဖြစ်စေခဲ့သည်။ Mandarin Oriental International Ltdအပါအဝင် နယူးဝေါလ်ကုမ္ပဏီမှ ပိုင်ဆိုင်သော Grand Hyatt and Hyatt Regency ဟိုတယ်ကြီးများရှိသည့် ဟောင်ကောင်မှာ တန်ဖိုးကြီးမားသော နာမည်ကြီးတံဆိပ် လက်ကိုင်အိတ်များနှင့် လက်ဝတ်ရတနာများအတွက် ဈေးဝယ်ထွက်ကြသော တရုတ်ခရီးသွားဧည့်သည်များ အလာအများဆုံးနေရာဖြစ်သည်။

"ခရီးသွားလုပ်ငန်းတိုးတက်မှုကြောင့် ဟိုတယ်တန်ဖိုးတွေလည်း တက်လာကြတယ်"ဟု Citic Securities Co. မှ ဟောင်ကောင်အခြေစိုက် လေ့လာသုံးသပ်သူ အန်ဒရီယံဂန်က ပြောသည်။

"ဒီသဘောတူညီမှုနဲ့ပတ်သက်ပြီး ကျွန်တော်တို့ သိဖို့လိုအပ်တဲ့ အသေးစိတ်အချက်အလက်တွေ အများကြီးရှိနေသေးတယ်။ ဘယ်လိုပိုင်ဆိုင်မှုတွေကို ခွဲထုတ်မှာလဲ၊ ကုမ္ပဏီတစ်ခု၊ ဒါမှမဟုတ် အိမ်ခြံမြေရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းစုတစ်ခုအနေနဲ့ စာရင်းသွင်းရမှာလားဆိုတာတွေပေါ့"ဟု ၎င်းကပြောသည်။

ဒီဇင်ဘာ ၃၁ ရက်နေ့တွင် ကုန်ဆုံးခဲ့သည့်ခြောက်လတာဘဏ္ဍာရေးကာလအတွင်း ဟောင်ကောင်ဒေါ်လာ ၃ ဒသမ ၆ ဘီလျံ (အမေရိကန်ဒေါ်လာ ၄၆၅ သန်း) ခန့် ဝင်ငွေကို ဟိုတယ်များနှင့် စားသောက်ဆိုင်လုပ်ငန်းများမှ ရရှိခဲ့ခြင်းဖြစ်ပြီး ၎င်းဝင်ငွေမှာ နယူးဝေါလ်၏ ရောင်းအား ၁၁ ရာခိုင်နှုန်းဖြစ်ကြောင်း ဘလွန်းဘာ့ဂ်မှ စုဆောင်းရရှိသည့် စာရင်းအချက်အလက်များအရ သိရသည်။

အသက် ၈၇ နှစ်ရှိပြီဖြစ်သော Cheng သည် ပြီးခဲ့သည့်နှစ်က သားဖြစ်သူ ဟန်နရီချန်အစား ကုမ္ပဏီ၏ ဉက္ကဌနေရာသို့ ဆင်းပေးခဲ့သည်။ဘလွန်းဘာ့ဂ်ဘီလျံနာသူဌေးများအညွှန်းကိန်း၌ ၃၆ နေရာတွင်ရှိသော Cheng ၏ စုစုပေါင်းပိုင်ဆိုင်မှုမှာ ဒေါ်လာ ၁၉ ဒသမ ၈ ဘီလျံခန့် ရှိကြောင်းသိရသည်။

(ဘလွန်းဘာ့ဂ်နယူးစ်)

ဇာဇာစိုး ဘာသာပြန်သည်။ ■

ခေတ်မီဆန်းသစ်တဲ့ လေအေးပေးစက်များ

နွေရာသီအတွက် အသင့်တော် ဆုံးဖြစ်မယ့် ခေတ်မီဆန်းသစ်တဲ့ လေအေးပေးစက်များ

ဒီတစ်ပတ်အတွက် ဖော်ပြပေးမယ့် ပစ္စည်းလေးတွေကတော့ တဖြည်းဖြည်း ပူပြင်းလာတဲ့ ရာသီဥတုနဲ့ ကိုက်ညီမယ့် ခေတ်မီဆန်းသစ်ပြီး ဒီဇိုင်းဆန်းတဲ့ လေအေးပေးစက်လေးတွေပါပဲ။ ကိုယ့်ရဲ့ အိမ်ထဲမှာပဲဖြစ်ဖြစ်၊ ရုံးခန်းနဲ့ ဟိုတယ်စားသောက်ဆိုင်တွေထဲမှာ အေးအေးလူလူနဲ့ ဇိမ်ကျကျနေနိုင်မှာမို့ အကြိုက်တွေ့စေမှာပါ။

၁။ ပထမဆုံး လေအေးပေးစက်လေးကတော့ ဒီဇိုင်းလေးက ရှင်းလင်းသပ်ရပ်လှတဲ့အတွက် နေအိမ်တွေအပြင် ရုံးခန်းတွေနဲ့ပါ လိုက်ဖက်သင့်တော်မယ့် ပစ္စည်းလေးပါ။



ဈေးနှုန်း – ကျပ် ၄,၇၀,၀၀၀ (1.5HP) **(တစ်လုံး)**(Inverter Mordern)။

၂။ ဒုတိယတစ်ခုကခန်းမကျယ်ကြီးတွေနဲ့ စားသောက်ဆိုင်တွေမှာ အသုံးပြုမယ်ဆိုရင် အထူးသင့်လျော်မယ့် လေအေးပေးစက်လေးပါ။ **ဈေးနှုန်း – ကျပ် ၁,၈၅၀,၀၀၀** (6HP) **(တစ်လုံး)။**

၃။ ဒီလေအေးပေးစက်လေးကလည်း ရုံးခန်းတွေ၊ အစည်းအဝေးခန်းမတွေစတဲ့ ကျယ်ဝန်းတဲ့ နေရာတွေအတွက် နေရာတိုင်းကို နှံ့စပ်အောင် အအေးဓာတ်ပေးနိုင်မယ့် ပစ္စည်းလေးပါ။

ဈေးနှုန်း–ကျပ် ၈၀၀,၀၀၀ မှ ကျပ် ၁,၈၅၀,၀၀၀ ထိ အသီးသီးရှိသည်။ (တစ်လုံး)။

၄။ ဒီပစ္စည်းလေးကတော့ ဟိုတယ်လို အေးမြမှုကို ဦးစားပေးရတဲ့ နေရာတွေ၊ လုပ်ငန်းသုံးတွေအတွက် အဆင်ပြေဆုံး လေအေးပေးစက်လေးပါ။

ဈေးနှုန်း – ကျပ် ၁,၁၅၀,၀၀၀ မှ ကျပ် ၃,၈၀၀,၀၀၀ ထိအသီးသီး ရှိသည်။ (တစ်လုံး)။

FUJITSU မှ ထုတ်လုပ်သော GENERAL လေအေးပေးစက်လေးတွေကို ကြိုက်နှစ်သက်လို့ ဝယ်ယူချင် တယ်ဆိုတော့ အမှတ် ၈၃-၉၁၊ မြေညီထပ်၊ ဗိုလ်အောင်ကျော်လမ်းမကြီး၊ ကျောက်တံတားမြို့နယ်မှာ ဝယ်ယူနိုင်ပါတယ်။ **မြတ်ငြိမ်းအေး** ■

ကျယ်ဝန်းပြေပြစ်မှုတွေနဲ့ ပေါင်းစပ်ဖန်တီးထားတဲ့ ရွှေပင်လုံအိမ်ရာက လုံးချင်းအိမ်

ထားထားခင်
အိမ်ခြံမြေစာတည်း

တည်နေရာ - ရွှေပင်လုံအိမ်ရာ အပိုင်း(၅)၊ မြောက်ဒဂုံ။
ဈေးနှုန်း–ကျပ်သိန်း ၄,၉၀၀ (အရောင်း)။ **ဖုန်း** - ၅၆၃၇၃၇၊ ၀၉ ၅၀၃၇၂၉၃။
ဆက်သွယ်ရန် – ဦးချစ်ကိုကို(ပိုင်ရှင်) **Real Home Construction**။

ဓာတ်ပုံ - Real Home Construction

ဒီတစ်ပတ်ရဲ့ စိတ်ကြိုက်လုံးချင်းအိမ်

ဒီတစ်ပတ်အတွက် စာဖတ်ပရိသတ်ကြီးကို ရွှေပင်လုံအိမ်ရာ၊ အပိုင်း(၅)ထဲမှာ ရှိတဲ့ Real Home Construction က ဆောက်လုပ်ထားတဲ့ လုံးချင်းအိမ်တစ်လုံးနဲ့ မိတ်ဆက်ပေးချင်ပါတယ်။

ဒီအိမ်ရဲ့ အကျယ်အဝန်းကတော့ ကြမ်းခင်းစတုရန်းပေ ၄,၈၀၀ ကျယ်ဝန်းပါတယ်။ အိမ်က ဆောက်လုပ်ပြီးစီးတာ မကြာသေးတဲ့ နှစ်ထပ်လုံးချင်းအိမ်တစ်လုံးပါ။

အိမ်ကိုခြံရဲ့သုံးပုံနှစ်ပုံလောက်ဆောက်ထားပြီး ခြံရှေ့ဘက်နဲ့ဘေးဘက်မှာ မြက်ခင်း၊ သင်ပင်လေးတွေနဲ့ landscaping ကို စနစ်တကျ ပြုလုပ်ထားပါတယ်။ ခြံစည်းရိုးကိုအခိုင်အခံ့ ပြုလုပ်ထားပြီး ခြံထဲကို ရှေ့ဘက်ဝင်ပေါက်ကရော၊ ဘေးဘက်ဝင်ပေါက်ကပါ ဝင်နိုင်ပါတယ်။

ကျယ်ဝန်းတဲ့ ခြံထဲကိုစာရေးသူရောက်ရှိချိန်မှာ အိမ်ရှေ့မှာ ပေါ်တီကိုတစ်ခုကို အရင်ဆုံးတွေ့ရပါတယ်။ အိမ်ထဲကို စဝင်လိုက်ရင်တော့ ကြွေပြားခင်းထားတဲ့ လျှောက်လမ်းရဲ့ ဘေးတစ်ဖက်တစ်ချက်စီမှာ အခန်းကျယ်နှစ်ခန်းကို တွေ့ရပါတယ်။ လျှောက်လမ်းညာဘက်မှာရှိတဲ့ အခန်းကို living room ဧည့်ခန်းအဖြစ် သုံးနိုင်ပြီး ဘယ်ဘက်မှာရှိတဲ့အခန်းကိုတော့ dining room အဖြစ်သုံးနိုင်ပါတယ်။ လျှောက်လမ်းရဲ့ညာဘက်မှာရှိတဲ့အခန်းအတွက် သီးသန့်ရေချိုးခန်း၊ အိမ်သာပါ အခန်းတစ်ခန်းလည်းရှိပါတယ်။ လျှောက်လမ်းဘယ်ဘက်မှာရှိတဲ့ အခန်းနဲ့ကပ်လျက်မှာတော့ ရေချိုးခန်းအိမ်သာပါ အိပ်ခန်းကျယ်တစ်ခန်းရှိပါတယ်။ အောက်ထပ်ကကြမ်းခင်းကိုတော့ တချို့အခန်းတွေမှာ ပါကေးခင်းထားသလို တချို့အခန်းတွေမှာတော့ ကြွေပြားပဲခင်းထားပါတယ်။

အခန်းတွေကိုကျော်ပြီးရင် တွေ့ရမှာက ကျွန်းတံခါးတပ်ဆင်ထားတဲ့ မီးဖိုခန်းပဲဖြစ်ပါတယ်။ ကြွေပြားတွေခင်းထားတဲ့ မီးဖိုခန်းဟာ သပ်ရပ်သန့်ရှင်းနေပြီး မီးဖိုခုံတွေကအစ အဆင်သင့်ပါရှိပါတယ်။ မီးဖိုခန်းမှာ အိမ်အကူတွေအတွက် အခန်း တစ်ခန်းရှိပြီး သူတို့အတွက် ရေချိုးခန်းအိမ်သာလည်း ရှိပါတယ်။ ဒီကနေ အိမ်နောက်ဘက်ကို ထွက်တဲ့ အပေါက်တစ်ပေါက်လည်းရှိပြီး အဲဒီကနေ ဆက်သွားလိုက်ရင် ဒရိုင်ဘာနေဖို့ အခန်းရှိပါတယ်။ ဒီအခန်းနောက်မှာတော့ ဒရိုင်ဘာအတွက် ရေချိုးခန်းအိမ်သာရှိပါတယ်။

အခန်းတိုင်းမှာ ကျွန်းရောင်မှိန်မှိန်တံခါးတွေ တပ်ဆင်ထားတာ၊ အခန်းတိုင်းရဲ့ ဖွဲ့စည်းမှုတွေမှာမျက်နှာကြက်မီးလုံးတွေကို ကျွန်းနဲ့ တွဲစပ်တာ တစ်မျိုး၊ တချို့အခန်းတွေမှာတော့ ကျွန်းနဲ့မတွဲစပ်ဘဲ cement slab မှာမျက်နှာကြက်မီးလုံးတွေကို မြှုပ်ပြီး တပ်ဆင်ထားတာက တစ်ခန်းနဲ့ တစ်ခန်း ပြင်ဆင်မှုချင်း ကွဲပြားခြားနားတဲ့ Real Home ရဲ့ ထူးခြားတဲ့ လက်ရာတစ်ခုပါ။

ဒါ့ပြင် ထူးခြားတဲ့ အပြင်အဆင်တွေအနေနဲ့ built in တပ်ဆင်ထားတဲ့ ကျွန်းရောင်သိပ်မတောက်တဲ့ ပရိဘောဂအသုံးအဆောင်တွေ သုံးထားတာက မြင်သူမျက်စိအေးစေပြီး Real Home ကပေးချင်တဲ့ အိမ်တစ်အိမ်ရဲ့ ရသကိုလည်း ပေါ်လွင်စေတာပဲပေါ့။

တစ်အိမ်လုံးမှာ ကျွန်းကို အသားပေးဖွဲ့စည်းထားတာကြောင့် နေထိုင်သူတွေအတွက် အေးမြမှုကို ဖော်ညွှန်းနေသလို သက်သောင့်သက်သာဖြစ်စေတယ်ဆိုတဲ့ ခံစားမှုကိုလည်း တစ်ပြိုင်တည်းရစေပါတယ်။

အိမ်ကနှစ်ထပ်ဆိုတော့ အပေါ်ထပ်ကို သွားဖို့ကျယ်ဝန်းပြေပြစ်တဲ့ သုံးဆစ်ချိုး ကျွန်းလှေကားအတိုင်းတက်ခဲ့ပါတယ်။ လှေကားလက်ရန်းကိုလည်း ရိုးရိုးရှင်းရှင်း ကျွန်းလက်ရန်းကိုပဲ သုံးထားပါတယ်။

အပေါ်ထပ်တစ်ခုလုံးကို ကျွန်းပါကေးခင်းထားပါတယ်။ ဒီအထပ်ခေါင်းရင်းဘက်မှာ အခန်းကျယ်တစ်ခန်းရှိပြီး ဘုရားခန်းအဖြစ် အသုံးပြုဖို့ သင့်တော်ပါတယ်။ အပေါ်ထပ်မှာပဲ နောက်ထပ် အိပ်ခန်းကျယ်သုံးခန်းပါရှိပြီး အခန်းတိုင်းမှာ ရေချိုးခန်းအိမ်သာ ပါဝင်ပါတယ်။ ဒီအထပ်ရဲ့ စိတ်ဝင်စားစရာကောင်းတဲ့နေရာကတော့ လသာဆောင်ပါ။ ဒီနေရာကိုရောက်ဖို့ လှေကားထစ်သုံးထစ်လောက် ဆင်းသွားရပြီး ကြိဂံပုံစံလသာဆောင်နေရာက ညနေခင်းမှာ တကယ့်ကို အေးချမ်းတဲ့ နေရာလေးပါပဲ။

ဝယ်သူတွေအတွက် မတူညီတဲ့ ဒီဇိုင်းလက်ရာသစ်တွေနဲ့ ပေါင်းစပ်ဖန်တီးထားတဲ့ ဒီအိမ်လေးမှာ ရိုးရှင်းပေမယ့် ခေတ်မီတဲ့လက်ရာတွေနဲ့အတူ ကျယ်ဝန်းမှုတွေကိုပါ နေထိုင်သူတွေ ခံစားရမှာပါ။ အိပ်ခန်းတွေမှာ ရေပူ၊ ရေအေးစနစ်တွေ တပ်ဆင်ထားပေးသလို အိမ်တစ်အိမ်လုံးက ပြင်ဆင်ပြီး အဆင်သင့်နေထိုင်နိုင်တဲ့ အနေအထားပါ။ ■

FREE Classifieds

■အိမ်ခြံမြေကဏ္ဍ ■ကွန်ပျူတာနှင့် အိုင်တီ

သောကြာနေ့၊ မတ်လ ၂၂ – ၂၈၊ ၂၀၁၃

ဘယ်လို ကြော်ငြာရမလဲ

ဖက်စ်ပို့လိုလျှင် – ၉၅၁– ၂၅၄၁၅၈
အီးမေးလ်ပို့လိုလျှင် – classified@myanmartimes.com.mm, advertising@myanmartimes.com.mm
အတိုက်မှတဆင့် – ၃၇၉ ၃၈၃၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ဒီနေရာမှာကြော်ငြာလိုလျှင်
ခင်မွန်မွန်ရည်– ၉၅၁–၃၉၂၆၇၆၊ ၃၉၂၉၂၈
classified@myanmartimes.com.mm

အိမ်ခြံမြေ (အငှား)

တောင်ဥက္ကလာပ

၁၀ ရပ်ကွက်၊ မေတ္တာလမ်းမပေါ်၊ ၁၃ ဈေး မှတ်တိုင်အနီး၊ ပေ ၂၀ နှင့် ပေ ၆၀၊ ရေ၊ မီး၊ ဂရန်ပါ။ ဖုန်း–၀၉–၄၃၁–၃၈၇၄၇၊ ၀၉–၄၃၁–၂၄၈၆၇။

၁၀မိုင်

ပြည်လမ်းသွယ်၊ ခြံကျယ်။ 2RC, Furniture ပါ၊ အဆင့်မြင့်ပြင်၊ $6000.ဖုန်း–၀၉–၄၂၀၀၇၆၂၅၆။

သင်္ဃန်းကျွန်း/ ရန်ကင်း

(၁) ပေ ၆၀ ပတ်လည်၊ 2RC, အဆင့်မြင့်ပြင်။ သိန်း ၃၀။ (၂) ကျောက်ကုန်းလမ်းမ၊ ၂၂ ပေနှင့် ပေ ၅၀၊ မြေညီ။ 1MB, 1SB, ၁၅ သိန်း (ညှိနှိုင်း) ဖုန်း–၄၂၀၀–၇၆၂၅၆။

လှိုင်/ဗဟန်း

(၁) ပြည်လမ်းမ၊ ၆ မိုင်ခွဲ၊ ပေ ၁၀၀ နှင့် ပေ ၉၀ မြေကွက်၊ နှစ် ၃၀၊ ဟိုတယ် (၂) ပြည်လမ်းမ၊ ၆ မိုင်၊ ပေ ၆၀ နှင့် ပေ ၂၂၀၊ 8 RC, Lift (၃) ကမ္ဘာအေးဘုရားလမ်းမ၊ ပေ ၈၀ နှင့် ၁၂၅ ပေ၊ 2RC။ (၄) အင်းယားမြိုင်လမ်း၊ ဝ. ၂၅ ဧက၊ 2RC (သစ်)၊ ရေကူးကန်။ ဖုန်း–၀၉–၅၄၀–၅၄၈၂၊ ၀၉–၇၃၁၀–၅၂၉၆။

ဗဟန်း

ရွှေတောင်ကြားလမ်း၊ ခြံအမှတ် W-Y. Near ISY. ဖုန်း–၀၉–၅၀၉–၆၃၄၇။

သင်္ဃန်းကျွန်း

သုမင်္ဂလာလမ်းမပေါ်၊ မြေပေ ၄၀ နှင့် ပေ ၇၀ ပေါ်ရှိ 3RC ပေ ၄၀ ပတ်လည်အိမ်။ ၂၂–သိန်း။ ဖုန်း–၀၉–၇၃၁၁–၃၄၂၁၊ ၀၉–၇၃၀၁–၉၉၂၁။

အလုံ

အောင်ဇေယျလမ်း၊ ဆင်မင်းဈေးအနီး၊ ပထပ်၊ ၁၃ ပေနှင့် ပေ ၆၀၊ ရှာထိုးအပြည့်ခင်း၊ မီးဖိုခန်း၊ ရေချိုးခန်း၊ အိမ်သာကြွေပြားကပ်၊ ပြင်ဆင်ပြီး။ အိပ်ခန်း ၁ ခန်းပါ။ ၁လ–၁.၅ သိန်း။ ဖုန်း–၀၉–၄၃၀၀–၅၆၂၂၊ ၀၉–၄၉၈၉–၃၀၆၉။

အင်းစိန်

မြို့တော်ဂေါက်ကွင်း လမ်း၊ ခြံ–ပေ ၁၂၀ ပတ်လည်၊ အိမ်–ပေ ၄၀ နှင့် ပေ ၆၀၊ RC ၂ ထပ်၊ 3MBA, 3WH. ခြံဝန်းကျယ်။ ၁ လ–သိန်း ၂၀ မှ ၄၀။ ကိုမင်းအောင်–၀၉–၄၂၁၀–၁၄၃၆၃။

မြောက်ဥက္ကလာ/ ကျောက်တံတား

(၁) သုဇိတာလမ်းမ၊ ၂ ဈေးကြီးရှေ့တည့်တည့်၊ ၄၉ ဘတ်စ်ကားပြေးသော လမ်းမပေါ်၊ ၁၃ ပေနှင့် ၃၅ ပေ၊ မြေညီ၊ ထပ်ခိုးပါ၊ ကွန်ပျူတာ၊ မုန့်ဆိုင်၊ ဂိမ်းဆိုင်၊ စားသောက်ဆိုင်ဖွင့်ရန်ကောင်း။ ၁ လ–၂သိန်း။ (၂) အနော်ရထာလမ်းမအနီး၊ ဂုတ်တိုက်၊ မြေညီ၊ ၃၄ လမ်း (အပေါ်)၊ ကြိုးဖုန်း၊ ရေမီးစုံ၊ မီးဖိုချောင်ကြွေပြားခင်း၊ စီးပွားရေးလုပ်ရန်နေရာကောင်း။ ၁ လ–၆. ၅ သိန်း။ ဖုန်း–၀၉–၇၃၀၄–၉၅၄၃။

ဗဟိုလမ်းမပေါ်

သီရိမြိုင်မှတ်တိုင်မျက်စောင်းထိုး၊ ဘာတာဈေးအနီး၊ လှေကားခွင်၊ ၆ ပေနှင့် ပေ ၂၀၊ ထပ်ခိုးပါ၊ မီးမီတာကိုယ်ပိုင်။ စီးပွားရေးလုပ်ရန်နေရာကောင်း။ ၁လ–၂ သောင်း။ ဖုန်း–၀၉–၇၃၀၄–၉၅၄၃။

ကမာရွတ်

ဘူတာရုံလမ်း၊ ဈေးလမ်းမ၊ ဂုတ်တိုက်၊ မြေညီ၊ ၁၃ ပေနှင့် ပေ ၆၀၊ ထပ်ခိုးပါ၊ တစ်အိမ်လုံးကြွေခင်း၊ ရှယ်ပြင်ဆင်ပြီး၊ ၁ လ– ၂သိန်း။ ဖုန်း–၀၉–၇၃၀၄–၉၅၄၃။

လှိုင်/ မရမ်းကုန်း/ ကမာရွတ်

(၁) အခန်း၃၀ပါသော ဟိုတယ် နှစ်ရှည်ငှားပေးမည်။ တစ်လ–သိန်း–၂၀။ (၂) ပေ ၁၂၀ နှင့် ပေ ၆၀၊ Show Room ဖွင့်ရန်ကောင်း။ သိန်း–၅၀။ (၃) ပေ ၈၀ ပတ်လည်၊ နှစ်ထပ်ခွဲ 2RC, အဆင့်မြင့်ပြင်။ သိန်း–၇၀။ ဖုန်း–၀၉–၄၂၀၀–၇၆၂၅၆။

သင်္ဃန်းကျွန်း

ဆိုင်ခန်း၊ ဝေဇယန္တာလမ်း၊ Orange အနီး၊ ၂၂ x ၄၅ ပေ၊ မြေညီ၊ ထပ်ခိုးတစ်ဝက်ပါ၊ အဆင့်မြင့်ပြင် ဆင်ပြီး၊ ဖုန်းပါ။ ဦးအောင်–ဖုန်း–၀၉–၅၀၅–၂၃၇၁။

၆ မိုင်/ မရမ်းကုန်း

(၁) ခပေါင်းလမ်းသွယ်၊ ပေ ၄၀နှင့် ပေ ၇၀၊ 4RC, တိုက်သစ်၊ ရှယ်ပြင်ပြီး၊ ၁ လ-US ၁၀၀၀၀။ (၂)ကမ္ဘာအေးလမ်းသွယ်၊ 12000 sq ft, 2RC, 4MBR, 8AC၊ ပြင်ဆင်ပြီး၊ ၁ လ–US 5000။ ဖုန်း–၀၉–၈၆၁–၃၃၈၈။

၁၀ မိုင်

ဒဂုံမြို့သစ်တောင်ပိုင်း ၁၂၆ ရပ်ကွက်၊ နှင်းဆီလမ်းအနီးရှိ မွေဘုံကျောင်း၌ ကျောင်းသား/သူ ရဟန်း-သာမဏေ ၂၀၀ ကျော်ကို ကျော်နိုင်လောက်အောင်ပေးနိုင်နေကြသည်။ ကျောင်းသုံး ကိရိယာပစ္စည်းများအား အလှူရှင်များအား နှိုးဆော်အပ်ပါသည်။ ဖုန်း-၀၉-၄၃၁၀-၂၈၄၈။

လျှော်ဒါန်းနိုင်ပါသည်

အနန္တမွေဘာဇိတ်ဘဒ်ချ (အခမဲ့) ဆေးခန်းတွင် တနင်္ဂနွေနေ့တိုင်း လူနာ ၁၀၀ ကျော်တို့အား ကုသပေးလျက်ရှိပါသည်။ ယခုအခါ ဆေးဝါးများ၊ ဆေးကရိယာများ လိုအပ်ပါသဖြင့် စေတနာရှင် အလှူရှင်များအား နှိုးဆော်အပ်ပါသည်။ ဖုန်း-၀၉-၄၃၁၀-၂၈၄၈။

Myanmar-Pakistan

Golf Tournament: The annual Myanmar-Pakistan Friendship Golf Tournament 2-13 will take place at Pun Hlaing Golf Club on 16 March. The tee-off will start at 11am followed by the dinner and prize distribution ceremony at 6:30pm on that day. For more information please contact the Pakistani Embassy in Yangon at 228871,222881.

အဆိုရှင်ဖိတ်ခေါ်ခြင်း

တေးစီးရီးထုတ်ရန်အတွက် အဆိုရှင်သစ်များအား ၁၇-၃-၂၀၁၃ နေ့တွင် Studio ဒွဲအသံစမ်းမည်ဖြစ်၍ သီဆိုလိုသူများ ဆက်သွယ်စာရင်းပေးပါရန် ဖိတ်ခေါ်အပ်ပါသည်။ ဖုန်း-၀၉-၄၃၁၀-၆၅၉၈။

ကျောက်ကပ်အလှူရှင်

(A+B) သွေးအုပ်စု အလိုရှိသည်။ ဖုန်း-၀၉-၅၀၈-၀၁၁၁။

ဆေးသိပ္ပံ-မြတ်ဒါန

ဂီလေဘာဝရှင် နှလုံးတွင်း သွေးများကြောင့် လူနာများ မရှုလောက်နေကြရသည်။ ဒဂုံရောက်နေသူများကို နှလုံးသားဆေးပညာရှင် ကူညီပေးနိုင်သော ဝေဒဇ္ဇဆေးပညာရှင် ဦးနေဘုန်း၏ဆိုင်ရာဆေးမှုခံသူများ ဆိုင်ခ ပြော၍ စိုး၊ အလုံးအကျိတ်နှင့် ဆေး။ ဖုန်း-၀၁-၅၃၈၀၂၀၊ ၀၉-၅၀၅ -၀၀၅၈။

အတွေ့ထွေ

Solar Emergency Light

နေရောင်ခြည်မှ လျှပ်စစ်အင်သုံး မီးအိမ် နှင့် ဘွဲ့ရလိုသူများ မီးပြဲစီ စာချင်းပြလိုင်ရန် ခေါ်ဖုန်းမှ မီး တွဲနေသော်လည်း၊ အချိန်များအတွက် လုံလဲစွာရှိ အသုံးပြုနိုင်ပါသည်။ ဖုန်း-၀၉-၅၀၅-၂၁၀၅။

အင်္ဂလိပ်စာ

"KMK" ABC FLASH CARDS မူကြိုနှင့် သူငယ်တန်းကလေးများအတွက် အကူအညီ သင်ထောက်ကူပစ္စည်းဖြစ်သော PLAY AND LEARN ဂိမ်းကတ်ပါသည်။ တစ်ဘူးလျှင် ၃၅၀၀ ကျပ်၊ ၁၀ ဘူးနှင့်အထက် ပေါက်ဈေးရပါမည်။ ဖုန်း-၀၉-၄၃၀၈-၀၆၂၅၆။

ကိုရီးယားစာအုပ်

ကိုရီးယား EPS TOPIK စာမေးပွဲ တန်းဖြေဆိုမည့် စာအုပ်အသစ်ရောင်းသည်။ အချိန်ကတ်ချက်ခွဲသစ်တစ်မြို့ Ever Top ဘာသာစကား သင်တန်းကျောင်း-၆၆/၆၈၊ အင်းစိန်

လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်၊ စံရိပ်ငြိမ် ၆ လမ်းထိပ်။ ဖုန်း-၀၉-၈၈၃-၀၀၉၆၊ ၀၉-၄၃၀၄-၀၆၁၀။

ဗီဒီယိုဂိမ်းနှေ

ဂေမ-ဗီဒီယိုဂိမ်းများကို ကိုယ်တိုင်မကစားပဲ သူများကစားကြည့်ရှုရသည်ကို ပိုမိုစိတ်ဝင်စားနေကြသောသူများ၊ မိမိကြိုက်သည့်ဂိမ်းများကို စက်မရှိသဖြင့် မကစားရ၍ အခမဲ့ကြည့်ရှုလိုသူများ ဖြစ်နေသောသူများအတွက် နာမည်ကြီး ဂိမ်းများ၏ Full Walk through video clip များကိုပြုစုရောင်းပေးပါသည်။ အဆအသစ်ပါသည်။ Longplay video များဖြစ်ပါသည်။ ဖုန်း-၀၉-၅၀၅-၉၉၈၀။

အမျိုးသားသီးသန့်အဆောင်

ရန်ကုန်မြို့တွင် သွားလာရေးလွယ်ကူ၍ ကျန်းမာရေးကောင်းမွန်သော တိုက်ခန်းသစ်ကြီးတွင် အဆင်ပြေပြေ နေထိုင်လိုသူများ တွက်၊ ၁ ဦးလျှင် ၅ သောင်း။ ဖုန်း-၀၉-၄၃၁၀-၆၅၉၈။

Wireless Intercom

ငါးကန်၊ စိုက်ပျိုးရေးခြံ၊ Super Market, စက်ရုံ၊ Hotel များတွင် သုံးနိုင်သော Wireless Intercom များရရှိနိုင်ပါသည်။ ဖုန်း-၀၉-၅၁၆-၃၈၉၉။

မြန်မာစာနှင့် အသံထွက်

အခြေခံသတ်ပုံသတ်သတ်ပုံများ မြန်မာဖျူး သရုပ်ကို အင်္ဂလိပ်လိုရေးထားခဲ့ သော တစ်ပြည်လုံးရှိ မြို့ရွာ မြစ် ချောင်း ကန် ဆည်တောင်တန်း ဘုရားဂူစေတီ ရုပ်ပွား တို့၏ အမည်ရေးထုံးများ မော်ပိုထားသည့် မြန်မာနာမည်များကို အင်္ဂလိပ်လိုရေးတတ်ဖို့ ရှင်းလင်းသည်ပြထားသည့် အမြင်သစ်စာအုပ် ရမည့် အဘိဓာန်စာ၊ ဆရာကြီး ဦးသန်းဖေ (ညဥ်းလည့်အိမ်)၏ The Essential Spelling Conventions and Traditions in Writing Myanmar Names ဟယ်မဖြစ်သိထားသင့်သောအမည်နာမ ရေးထုံးများ နေပြည်တော်-ပျဉ်းမနား - ဖုန်း-၀၉-၅၄၈၅-၅၅၅၅၉၊

စက်ဘီးနှင့် အပိုပစ္စည်းဆိုင်

ရွှေဆေး-သန့်လျှင်ဈေး(အင်္ဂါ)အနီး၊ ဒိုင်းချုပ်ဆေးလမ်း၊ သန်လျင်မြို့။ ဖုန်း-၀၉-၅၂၀၂-၈၀၆၁၀။

မျိုးဥယျာဉ်

'ပန်းသင်' မျိုးဥယျာဉ်-အောင်ဆန်းကွင်းရှေ့ရပ်ကွက်၊ BOC (၁) လမ်း၊ ချောင်းဦး၊ စစ်ကိုင်းတိုင်း။ ဖုန်း-၀၉-၅၀၅၉၁။

ဘော်ဒါဆောင်

လမ်းမတော်၊ ကားဂိတ်အနီးတွင်ရှိပြီး၊ ကျောင်းသူ ၆ ဦးသာ၊ နေရာကျယ်ကျယ်၊ လုံခြုံစွာ ဖြင့် နေလိုသူများ ဆက်သွယ်ပါ။ ဖုန်း-၀၉-၄၃၁၁-၅၆၃၉။

မှီခိုငါး ရိုက်ကူးရေးနှင့်

ပရိုက်တာ ငှားရမ်းခြင်း လုပ်ငန်းတို့ကို လူကြီးမင်းများ စိတ်တိုင်းကျ အကောင်းဆုံးဝန်ဆောင်မှုပေးပါသည်။ Great Kyaw-အမှတ် ၄၄ ရန်ပြည် ၁၄ လမ်း အရှေ့၊ ၃ ရပ်ကွက်၊ သာကေတ။ ဖုန်း-၀၉-၅၂၀၁၀၉၁၁။

အဆင်မြင့်လျှပ်စစ်ပစ္စည်းများ

အောင်သပြေ လျှပ်စစ်ပစ္စည်း အမျိုးမျိုးရောင်းဝယ်ရေး၊ အမှတ် ၁၊ မြဝတီလမ်း၊ ၂၁ ရပ်ကွက်၊ ဒဂုံတောင်။ ဖုန်း-၀၁ ၅၉၁၁၁၅၈။

စာပေဖြန့်ချိရေး

'ပြည်သူ့အလင်း' စာပေဖြန့်ချိရေး (သတင်းစာကိုယ်စားလှယ်)-ဦးစိန်ဝင်းနှင့်သမီးများ-အထက (၁)ရွှေကလောမြို့။ ဖုန်း-၀၈၁-၅၀၂၄၈။

အအေးဆိုင်

'သီရိ မိသားစု' အအေး-ကလေကျောင်လျှင် သဘာဝစတော်ဘယ်ရီစိုစစ် အရသာရှိခြံးသုံးနိုင်ရန် ဒေါ်ခင်စန်းအေး-အထက (၁) ရွှေမှာရှိပါတယ်။



FREE Classifieds MDY

■အိမ်ခြံမြေကဏ္ဍ ■ကွန်ပျူတာနှင့် အိုင်တီ

သောကြာနေ့၊ မတ်လ ၂၂ – ၂၈၊ ၂၀၁၃

0exr;t v&on

သမဝါယမဘဏ်လီမိတက် (အများပိုင်ဘဏ်)
CB Bank Ltd. (PLC)
ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

သမဝါယမဘဏ်လီမိတက် (အများပိုင်ဘဏ်) CB Bank Ltd. (PLC) ရန်ကုန်ရုံးချုပ်အတွက် အောက်ပါရာထူးများအား လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

(၁) MBA ဘွဲ့ရ (၅) ဦး ကျား/မ
ဘွဲ့တစ်ခုခုရရှိပြီး MBA ဘွဲ့ (သို့) အလားတူဘွဲ့ရရှိသူ၊ Good in English (4 Skill) Computer literate လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

(၂) Manager (၅) ဦး ကျား/မ
B.Com, CPA (အသက် (၂၅) နှစ်မှ (၄၀) နှစ်အတွင်း) Computer Literate လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

(၃) Investor Relation (၄) ဦး ကျား/မ
B.Com (သို့) နိုင်ငံခြားတက္ကသိုလ်တစ်ခုခုမှ Finance ဘွဲ့ရရှိသူ၊ Computer Literate, English အရေး/အပြောကျွမ်းကျင်သူ ဦးစားပေးမည်။

(၄) Compliance Department (၇) ဦး ကျား/မ
LLM ဘွဲ့ရရှိသူ (သို့) LLB ဘွဲ့ရရှိပြီး၊ ဥပဒေဆိုင်ရာ ဒီပလိုမာတစ်ခုခုရရှိသူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

(၅) Relationship Officer (၇) ဦး ကျား/မ
B.A (Chinese/Japanese) ဘွဲ့ရရှိသူ (သို့) ဘွဲ့တစ်ခုခုရရှိပြီး တရုတ်/ဂျပန်စာ အရေးအသား၊ အပြောအဆို ကျွမ်းကျင်သူကို ဦးစားပေးမည်။

(၆) Senior Development (.Net) (၁၀) ဦး ကျား
B.C.Sc ဘွဲ့ရရှိသူ (သို့) ဘွဲ့တစ်ခုခုရရှိပြီး အနည်းဆုံးလုပ်သက် (၃) နှစ်နှင့်အထက်ရှိသူဖြစ်ရမည်။ C#, .Net, MS SQL, Oracle စသည့်နည်းပညာများနှင့် ကျွမ်းကျင်သူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် အောက်ပါလိပ်စာတွင် မိမိတို့၏ကိုယ်ရေးအကျဉ်းချုပ်၊ လျှောက်လွှာ (CV) များတွင် ပညာအရည်အချင်းထောက်ခံစာမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်နှင့်ရဲစခန်းထောက်ခံစာမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ လုပ်ငန်းအတွေ့အကြုံ အထောက်အထားမိတ္တူများပူးတွဲ၍ (၁၄. ၄. ၂၀၁၃) နေ့ နောက်ဆုံးထားပြီး Email (သို့) လူကိုယ်တိုင်ဖြင့် လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ – အမှတ် (၃၃၄–၃၃၆)၊ ကမ်းနားလမ်းနှင့် (၂၃) လမ်းထောင့်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၁–၃၇၂၆၄၆၊ ၃၇၂၆၅၅၊ ၃၇၁၈၄၈၊ ၃၇၃၄၃၄၊ ၃၇၃၄၂၄။
Email : hr.dept@cbbank-myanmar.com.

သမဝါယမဘဏ်လီမိတက်
ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်းခွဲသာခန့်ထားရန်)

သမဝါယမဘဏ်လီမိတက်မှ အသစ်ဖွင့်လှစ်မည့် ဘဏ်ခွဲများတွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ဖော်ပြပါ ရာထူးနေရာများအား လျှောက်ထားနိုင်ပါသည်။

(၁) မန်နေဂျာ (၁၅) ဦး ကျား/မ
(၂) လက်ထောက်မန်နေဂျာ (၁၅) ဦး ကျား/မ
(၃) ကြီးကြပ်ရေးမှူး၊ လက်ထောက်ကြီးကြပ်ရေးမှူး၊ အကြီးတန်းစာရေး (၁၅) ဦး ကျား/မ
(၄) ငွေကြေးဝန်ထမ်း (အကြီးတန်းစာရေးမှ မန်နေဂျာထိ) (၅၀) ဦး ကျား/မ

- လျှောက်ထားလိုသူများသည် ဘွဲ့ရ၊ သက်ဆိုင်ရာရာထူးဖြင့် ဘဏ်လုပ်ငန်းအတွေ့အကြုံရှိရမည်။ ဘဏ်တွင် တာဝန်ထမ်းဆောင်ဖူးသော အထောက်အထားတင်ပြရမည်။ ဘဏ်များမှ ထုတ်ပယ်ထားသူများ လျှောက်ထားရန်မလိုပါ။ ဘဏ်အတွေ့အကြုံဦးစားပေးမည်ဖြစ်ပါ၍ အသက်ကန့်သတ်ချက်မရှိပါ။
- လျှောက်ထားလိုသူများသည် လူအများနှင့်ပူးပေါင်းလုပ်ကိုင်လိုစိတ်ရှိပြီး ဆက်ဆံရေးပြေပြစ်ကောင်းမွန်၍ ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် အောက်ပါလိပ်စာတွင် မိမိတို့၏အလုပ်လျှောက်လွှာ၊ ပညာအရည်အချင်းအတွက် အောင်လက်မှတ်မိတ္တူ၊ (၆) လအတွင်းရိုက်ကူးထားသော ကာလာလိုင်စင်ဓာတ်ပုံ (၃) ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း (၃) လအတွင်း မိမိနေထိုင်သည့်ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း၊ ပြစ်မှုကင်းရှင်းကြောင်း (၃) လအတွင်း သက်ဆိုင်ရာမြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့၏ ထောက်ခံချက်မိတ္တူ၊ လျှောက်ထားသူပါဝင်သည့် အိမ်ထောင်စုစာရင်းမိတ္တူနှင့် လိုအပ်သောစာရွက်စာတမ်းများနှင့်တကွ သမဝါယမဘဏ်လီမိတက်၊ စီမံခန့်ခွဲမှုနှင့် လူ့စွမ်းအားအရင်းအမြစ်ဌာန၊ အမှတ် (၃၃၄–၃၃၆)၊ ကမ်းနားလမ်းနှင့် (၂၃) လမ်းထောင့်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ Email : hr.dept@cbbank-myanmar.com. သို့ (၁. ၄. ၂၀၁၃) ရက်နေ့နောက်ဆုံးထား၍လာရောက်လျှောက်ထားနိုင်ပါသည်။ အလုပ်လျှောက်လွှာတွင် မိမိလက်ရေးဖြင့် လုပ်ငန်းအတွေ့အကြုံ အသေးစိတ်အားဖြည့်စွက်၍ လျှောက်ထားသူကိုယ်တိုင်လက်မှတ်ရေးထိုး လျှောက်ထားရမည်။

မှတ်ချက် – ပဏာမရွေးချယ်ခြင်းခံရသော လျှောက်လွှာရှင်များကိုသာ အင်တာဗျူးခေါ်ယူပါမည်။ မရွေးချယ်သော လျှောက်လွှာများအား ပြန်လည်ထုတ်ပေးမည်မဟုတ်ပါ။

ဝန်ထမ်းအလိုရှိသည်
ကြော်ငြာများကို ဤကဏ္ဍတွင်
ဈေးနှုန်း ချိုသာစွာဖြင့်
ထည့်သွင်း နိုင်ပါသည်။
ဖုန်း–၃၉၂၆၇၆၊ ၃၉၂၉၂၈။

အိမ်ခြံမြေ

မန္တလေး
ရတနာပုံ တယ်လီပို့အနီး၊ ပြင်ဦးလွင်–ကျောက်ဆည် ကားလမ်းဘေး (နည်းပညာတက္ကသိုလ်အနီး) မြေကွက်များ။ မန္တလေး–ပြင်ဦးလွင် ကားလမ်းမပေါ်နှင့် အနီးတွင် ဟိုတယ် ဆောက်နိုင်သည့်နေရာကောင်းများရောင်းမည်။ လအနည်းငယ်အတွင်း သိန်းထောင်ချီအကျိုးရှိနိုင်ပါသည်။ ဖုန်း–၀၉–၇၃၀၇–၅၂၆၅။

အိမ်ရာဆောက်လုပ်ခြင်း
ပြင်ဦးလွင်၊ မန္တလေး အနီးတဝိုက်တွင် ဈေးနှုန်းချိုသာ၍ ပုံစံဆန်းပြားသော လုံးချင်းအိမ်လေးများ ဆောက်လုပ်လိုပါက အမြန်ဆက် သွယ်လိုက်ပါ။ လက်ရှိရတနာပုံတယ်လီပို့အနီးတွင်ဆောက်လုပ်ရေးလုပ်ငန်းခွင် ရှိသည်။ လေ့လာနိုင်သည်။ ကုန်ကျစရိတ် သက်သာစွာ ဝန်ဆောင်မှုပေးမည်။ ဖုန်း–၀၉–၇၃၀၇–၅၂၆၅။

မန္တလေး
ချမ်းအေးသာဇံမြို့နယ်၊ ၇၄ လမ်း၊ ၃၁ လမ်းနှင့် ၃၂ လမ်းကြား၊ သုံးထပ်တိုက်၊ မြေ ၅၅ ပေနှင့် ပေ ၇၀။ သိန်း–၁၂၀၀၀။ ညှိနှိုင်း။ ဖုန်း–၀၉–၅၀၀–၈၃၁၉။

မင်္ဂလာဒုံ
ဝါယာလက်၊ ပလရအိမ်ခြေ ၁၀၀၊ ပေ ၄၀ နှင့် ပေ ၆၀၊ ပါမစ်မြေပေါ်တွင် ၂ ထပ်တိုက်ခံပျဉ်ထောင်၊ အဝီစိတွင်း၊ မီတာပါ၊ လူနေရန်အသင့်၊ ညှိနှိုင်းဈေး။ ဖုန်း–၀၉–၇၃၀–၆၂၄၂၀။

မန္တလေး
ရွှေမြင့်မိုရ်တည်းခိုခန်း၊ ၁၈ ပေနှင့် ၁၂၅ ပေ၊ ရေမီးစုံ၊ ဘိုးဘွားပိုင်မြေ၊ ၂၉ လမ်း၊ ၈၃ လမ်းနှင့် ၈၄ လမ်းကြား။ ဖုန်း–၀၉–၂၀၁–၀၉၅၁။

နေပြည်တော်
(၁) ပျဉ်းမနား၊ ရာဇဌာနီလမ်း ကျောကပ် (ထောင့်ကွက်အရှေ့လှည့် တောင်လှည့်)၊ ပေ ၄၀ နှင့် ပေ ၆၀၊ မြေပေါ် RC ၂ ထပ် တိုက်၊ ပါဝါမီတာ၊ ဂရန်ပါ။ သိန်း–၂၄၀၀။ (၂) ပုပ္ပသီရိ၊ ပေ ၆၀ နှင့် ပေ ၈၀ မြေပေါ်၊ ၂၄ ပေနှင့် ၃၆ ပေ၊ တစ်ထပ်နံကပ်၊ ထောင့်ကွက်၊ ရေဝတီလမ်းနှင့် ပိ တောက်လမ်းဆုံအနီး၊ သိန်း–၂၅၀။ ဖုန်း–၀၉–၄၉၂–၀၁၇၆၃၊ ၀၉–၄၃၀–၁၉၉၈၈။

မန္တလေး
၈၀ x ၈၁ လမ်း၊ ရှေ့တော်ပြေးဝန်း၊ ၁၈ ပေနှင့် ပေ ၈၀၊ နှစ်ထပ်တိုက်၊ ဘိုးဘွားပိုင်မြေ။ သိန်း ၂၅၀၀။ ဖုန်း–၀၉–၅၁၂–၈၉၃၃။

မန်းတောင်ခြေ
(၁) မြင်းပြိုင်ကွင်း လူနေဆိုင်ခန်း ထောင့်ခန်း။ (၂)နေပြည်တော် မြို့မဈေး ပွဲရုံတန်း၊(၃) ရေထွန်းတိုက်ခန်း ၃ လွှာ၊ ရေဝတီမြစ်ဘေး။ ဖုန်း–၀၂–၂၁၈၉၁၊ ၀၉–၄၀၂၆–၂၇၃၃၉။

မန္တလေး
(၁) ဈေးချိုပလာဇာ၊ မြေညီထပ်အလယ်တန်း ထောင့်ခန်း။ (၂) ရတနာပုံ စူပါစင်တာ ၈ ပေနှင့် ၆ ပေ၊ နှစ်ခန်းတွဲ (၂နှစ်ဖက်မျက်နှာစာ) ၃၃ လမ်းဘေး၊ (၃) ရတနာပုံ စူပါစင်တာ ၆ပေ ပတ်လည်၊ အထည်တန်း (သိန်း–၂၃၀)၊ နေရာကောင်း၊ (၄) ရတနာပုံ စူပါစင်တာ၊ ၆ပေပတ်လည်၊ ပုဂံတန်း။ ဖုန်း–၀၂–၇၁၇၀၂၊ ၀၉–၂၀၄၃၃၄၅။

မန္တလေးမြို့တွင်း
ခြံဝင်းကျယ်ဖြင့် လုပ်ငန်းလုပ်လိုသူများအတွက် အိမ်ခြံရောင်းမည်။ (၀. ၇၅)ဧက ၄၁ လမ်း၊ ၈၉ x ၉၀ကြားအရှေ့လှည့်။ ဖုန်း–၀၉–၄၇၁၄–၃၃၁၇၊ ၀၂–၂၄၁၆၃။

နေပြည်တော်
ပျဉ်းမနားမြို့တွင်းရှိ စီးပွားရေးလုပ်ကိုင်ရန် သင့်လျော်သော မြေကွက်ကို 1'x1' လျှင် ကျပ် ၂၀,၀၀၀နှုန်းဖြင့်ရောင်းလိုပါသည်။ ဖုန်း–၀၆၇–၂၆၅၆၄၊ ၀၉–၄၉၂–၀၃၀၃၀။

နေပြည်တော်
ပျဉ်းမနားမြို့တွင် Car Show Room and Sale Centre, Bank, Condominium စသည့် စီးပွားရေးလုပ်ငန်းများအတွက် မြေကွက်ကျယ်ကို ပိုင်ရှင်ကိုယ်တိုင် ညှိနှိုင်းရောင်းချပါမည်။ ဖုန်း– ၀၉–၄၉၂–၀၃၀၃၀။

အကျိုးဆောင်

အကျိုးဆောင်
'ပြည့်စုံဝင်း' တိုက်၊ အိမ်၊ ခြံမြေ ရောင်းဝယ်ရေးနှင့်အကျိုးဆောင် လုပ်ငန်း–လလ–၂/၆ (စျ) ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေး။ ဖုန်း–၀၉–၂၀၃၂၂၇၁။

ကွန်ပျူတာ

ကွန်ပျူတာပြုပြင်
ကွန်ပျူတာများကို window တင်ခြင်း၊ Driver ထည့်ခြင်း၊ Game ထည့်ခြင်း၊ Virus သတ်ခြင်း (Update) လုပ်ခြင်း၊ ဖုန်းဖြင့် Internet ချိတ်ဆက်ခြင်း၊ ကွန်ပျူတာပြုပြင်ခြင်း စသည့် ကွန်ပျူတာနှင့် သက်ဆိုင်သော ပြဿနာများကို အိမ်အရောက် ဝန်ဆောင်မှုပေးပါသည်။ ဖုန်း–၀၉–၄၉၅–၉၀၄၃၉၊ ၀၆၇–၄၂၂၄၃၃။ (နေပြည်တော်)မြို့မဈေး။

ကွန်ပျူတာ
'ရွှေစကား' မန္တလေး ကွန်ပျူတာ အိမ်လိုက်သင်သည်။ Computer ForKids, BasicAccountingfor job i-Office, Advanced Excel Course, DTP Course, MYOB Software, Peach Tree Software, Window Shortcut Course, Email & Internet Course, Mp3, Mp4, Video Editing, Multimedia Course. ဖုန်း–၀၉–၄၄၄၀–၁၁၂၇၉။

ကျွမ်းကျင်ဝန်ဆောင်မှု

ဥရောပကားမျိုးစုံ
လူကြီးမင်းတို့၏ ဥရောပ ကားမျိုးစုံကို (OBD)စက်ဖြင့် စိတ်တိုင်းကျ ပြုပြင်ပေးပါသည်။ 'တံခွန်တိုင်' ရန်ကုန်–မန္တလေးလမ်းမဘေး။ Dr Kyaw Oo: ဖုန်း–၂၂၁၀၅၃၁၊ ၀၉–၄၀၂၅–၀၀၈၁၁။

အိမ်ရာဆောက်လုပ်ခြင်း
ပြင်ဦးလွင်၊ မန္တလေးအနီး တစ်ဝိုက်တွင် ဈေးနှုန်းချိုသာ၊ ပုံစံဆန်းပြားသော လုံးချင်းအိမ်လေးများ ဆောက်လိုပါက ကုန်ကျစရိတ်သက်သာစွာဝန်ဆောင်မှုပေးမည်။ ရတနာပုံ တယ်လီပို့အနီးတွင် လုပ်ငန်းခွင် လေ့လာနိုင်သည်။ ဖုန်း–၀၉–၇၃၀–၇၅၂၆၅။

အော့ဖ်စက်၊ ဂရပ်ဖစ်ဒီဇိုင်း
'ကိုကို' အော့ဖ်စက် ကွန်ပျူတာ၊ ဂရပ်ဖစ်ဒီဇိုင်း၊ ပလပ်စတစ်တံဆိပ်ရိုက်၊ ဖိတ်စာနှင့် ရောင်စုံပုံနှိပ် လုပ်ငန်း– ၄၁လမ်း၊ အမှတ် (၃) ကားဂိတ်အနီး၊ စိန်ပန်း၊ မန္တလေး။ ဖုန်း–၀၉–၉၁၀–၀၁၉၀၂။

ဖလိတဗေဒ
ဖလိတဗေဒ ဦးသိန်းထွန်း–၉၅၊ ကြေးသွန်းရပ်၊ အိုးတော်ရပ်ကွက်၊ အမရပူရမြို့။ ဖုန်း ၀၉–၉၁၀–၄၄၀၉၅။

ဒီဇိုင်း၊ ကြော်ငြာ
'ကိုတိုး' ဒီဇိုင်း၊ ကြော်ငြာ၊ တံဆိပ်ရိုက်၊ ၂၈လမ်း၊ ၇၉ x ၈၀လမ်းကြား၊ တရုတ်တန်း၊ မန္တလေး။ ဖုန်း–၀၂–၂၂၀၂၉၊ ၀၉–၂၀၂–၂၇၅၀။

ဆေးရုံ ဆေးခန်း

သွားနှင့်ခံတွင်းဆေးခန်း
'ဖူးဖွင့်သာ' သွားနှင့်ခံတွင်းဆေးခန်း–ဆေးခန်းဖွင့်ချိန်– နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီထိ ပ–၄/၈၄၊ ၆၂ လမ်း၊ ၄၁ x ၄၂ လမ်းကြား၊ မန္တလေး။ ဖုန်း–၀၉–၂၀၃–၃၀၈၅၊ ၀၂–၆၂၂၈၃။

သွားနှင့်ခံတွင်းအထူးကု
'မင်းဝါ' သွားနှင့်ခံတွင်းအထူးကု ဆေးခန်း–၃၁၊ ၃၈ လမ်း၊ ၇၂ x ၇၃ လမ်းကြား၊ မန္တလေး။ ဖုန်း–၀၂–၉၁၀၀၃၃၃၊ ၉၁၀၁၉၈၄၅။

အထွေထွေနှင့် နာတာရှည်
'ထူးကဲ' ဆေးခန်း၊ အထွေထွေနှင့် နာတာရှည်အထူးကု–၁၆၃/အေ၊ ၃၂ လမ်း၊ ၇၆ x ၇၇ လမ်းကြား၊ ကဥ္စနမဟီရပ်ကွက်၊ မန္တလေး။ ဖုန်း–၀၉–၂၀၃–၄၆၅၃။

သွား နှင့် ခံတွင်း
'ပုလဲမာလာ' သွား နှင့် ခံတွင်း ဆေးခန်း– ဖွင့်ချိန်–နံနက် ၈ နာရီ မှ ည ၈း၃၀ ထိ။ ၃၄၉၊ ၆၂ လမ်း၊ ၃၃ နှင့် ၃၄ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ ဖုန်း–၅၂၅၁၆၉၃၊ ၀၉–၂၀၁–၃၂၄၄။

ရောင်းရန်

ရောင်းမည်
မန္တလေး ADSL လိုင်း (512 MB) အမြန်ရောင်းမည်။ ဖုန်း–၀၉–၉၁၀–၄၅၀၇၇။

TOYOTA
Caldina Van, 2001 model, black, (original TV,cd player), spoiler, over 1 air bag, ၅ယ/––––။ သိန်း–၁၉၀။ မန္တလေး။ ဖုန်း–၀၉–၂၄၅–၀၀၁၄။

Hilux Surf
97, SSR-G, KZN-185W diesel auction condition -4BB, dark blue two-tone AW,ABS, PS, PW, TV, NAVI, ESm aygufyg Kilo 92000, 1{C ကိုးထောင်ကျော် Cancellation ပြနိုင်သည်။ သိန်း–၃၅၀။ ဖုန်း–၀၉–၂၀၁–၄၆၆၈။

ဘာသာစကား

အင်္ဂလိပ်
ခရီးသွားလုပ်ငန်းခွင် (ယာဉ်မောင်း) လက်တွေ့အသုံးချ အင်္ဂလိပ်စကားပြောနှင့် ခရီးသွားဝန်ဆောင်မှု အတတ်ပညာ–မသိမဖြစ်သိထားရမည့် အခြေခံသတင်းအချက်အလက်များ၊ ယာဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများ၊ သမိုင်းဆိုင်ရာအချက်အလက်များကို လိုတိုရှင်း (အခြေခံအကျဆုံး) ရှင်းလင်းပြသခြင်းများ။ Mandalay In Blool (MIB) Travel Services: ၅၉/၉၊ ရွှေဝတ်မှုန်လမ်းသွယ်၊ လမ်း ၄၀ နှင့် ၄၁ လမ်းကြား၊ ၅၈ လမ်း၊ ရွှေမှန်တောင်ရပ်ကွက်၊ မဟာအောင် မြေမြို့နယ်၊ မန္တလေး။ ဖုန်း–၀၂–၆၂၆၈၆၊ ၀၉–၄၀၂၆–၂၆၅၁၀။

သင်တန်းကျောင်း

ညှော်လမ်းညွှန်
အတတ်ပညာနှင့် ဝန်ဆောင်မှု သင်တန်း ၂ လပြတ်။ ညှော်လမ်းညွှန်လုပ်ငန်းတွင် တွေ့ကြုံရမည့် အခက်အခဲများကို ဖြေရှင်းကျော်လွှားနည်း၊ ညှော်သည်များမေးလေ့ရှိသော မေးခွန်းများနှင့် ဖြေဆိုနည်း၊ မြန်မာနိုင်ငံ ယဉ်ကျေးမှု ဓလေ့ထုံးတမ်း အစဉ်အလာများ၊ မန္တလေးနှင့် ပတ်ဝန်းကျင်နေရာများ၏သမိုင်းများ၊ Biking Tour ခရီးများတွင် အရေးပါသော အခြေခံဝန်ဆောင်မှုများကို စာတွေ့၊ လက်တွေ့ ၂ ရပ်ပေါင်းစပ်လေ့လာနည်းများ၊ လိုင်စင်ရညှော်လမ်းညွှန်အခြေခံဖြေဆိုမည့်သူများ၊ Professional ဖြစ်အောင် ထပ်မံဖြည့်ဆည်းလိုသူများကို စာတွေ့လက်တွေ့ သင်ကြားပေးသည်။ မတ်လ ၁၅ ရက်စမည်။ Mandalay In Blool (MIB) Travel Services: ၅၉/၉၊ ရွှေဝတ်မှုန်လမ်းသွယ်၊ လမ်း ၄၀ နှင့် ၄၁ လမ်းကြား၊ ၅၈ လမ်း၊ ရွှေမှန်တောင်ရပ်ကွက်၊ မဟာအောင် မြေမြို့နယ်၊ မန္တလေး။ ဖုန်း–၀၂–၆၂၆၈၆၊ ၀၉–၄၀၂၆–၂၆၅၁၀။

သင်တန်း (မန္တလေးအတွက်)
Ma Zar Chy, New Like, Hair Beauty Nail Saloon, သင်တန်း သူ လက်ခံသည်။ 29th St, Between 88th St & 89th St, Mdy, Ph: 09-732-20741.

Photoshop CS4
Image Editing (Special)

မေးခွန်းပုံစံနှင့်တကွ နိုင်ငံတကာစာမေးပွဲဖြေဆိုနိုင်သည်အထိ သီးသန့် အိမ်လိုက်သင်ပေးသည်။ Expert System Computer Trainning: ဖုန်း–၀၉–၄၄၈၅–၃၆၅၂၀၊ ၀၆၇–၆၀၃၁၀။

အထွေထွေ

ကဖီးနှင့်အအေး
'ဆန်းရှိန်း' ကဖီးနှင့်အအေး၊ ဗိုလ်ချုပ်လမ်း၊ မြို့ဦးရပ်ကွက်၊ နေပြည်တော် ပျဉ်းမနား။

ဆိုင်ကယ်အပိုပစ္စည်းဆိုင်
'မိုးယံ' ဆိုင်ကယ်အပိုပစ္စည်းဆိုင်၊ ဗိုလ်ချုပ်လမ်း၊ မြို့ဦးရပ်ကွက်၊ နေပြည်တော် ပျဉ်းမနား။ ဖုန်း–၀၉–၄၉၂–၀၃၂၇၁။

စိုက်ပျိုးရေးဆေးဆိုင်
'ရွှေယာမြေ' မျိုးစေ့ဓာတ်မြေဩဇာနှင့် စိုက်ပျိုးရေးဆေးဆိုင်၊ ဗိုလ်ချုပ်လမ်း၊ မြို့ဦးရပ်ကွက်၊ နေပြည်တော် ပျဉ်းမနား။ ဖုန်း–၀၉–၄၉၂–၂၈၅၈၅။

အထည်ဆိုင်
ဦးကျော်သန်း+ဒေါ်နန်းခမ်း အထည်ဆိုင်–C- 6L, ပထပ်၊ ဈေးချို။ ဖုန်း–၂၂၇၅၉၊ ၇၃၀၀၉။

ဖက်ထုပ်
'မတင့် ရဲ့ မန္တလေးဖက်ထုပ်ပူပူလေး' အစားကောင်းကောင်း ကြိုက်သူများအတွက် မန္တလေးရောက်ရင် မတင့်ရဲ့ ဖက်ထုပ်ဆိုင်ကို လာဖြစ်အောင် လာခဲ့ပါနော်။ ဆွေမျိုးမေ့သွားမယ်။ ၇၆–၇၇ လမ်းကြား၊ ရတနာပုံဈေးအနီး၊ မန္တလေးမြို့။ ဖုန်း–၀၉–၂၀၂–၂၃၇၆၂။

လျှပ်စစ်ပစ္စည်း
'ငွေလမင်း' လျှပ်စစ်ပစ္စည်း ရောင်းဝယ်ရေး၊ ၁၁/၁၃၊ ဗိုလ်ချုပ် လမ်း၊ ရန်အောင် ၁ ရပ်ကွက်၊ နေပြည်တော် ပျဉ်းမနား။ ဖုန်း–၀၆၇–၂၁၅၆၈။

စတိုး
'မြင်းပျံ' စတိုး– ၄/၃၊ ဗိုလ်ချုပ်လမ်း၊ ရွှေချီရပ်ကွက်၊ နေပြည်တော် ပျဉ်းမနား။ ဖုန်း–၀၆၇–၂၁၄၅၈။

စတိုး
'မြင့်မြင့်သန်း' စတိုး–၉၁၁၊ ဗိုလ်ချုပ်လမ်း၊ မင်္ဂလာရပ်၊ နေပြည်တော် ပျဉ်းမနား။ ဖုန်း–၀၆၇–၂၁၆၆၀၊ ၂၂၂၉၅။

ရွှေဆိုင်နှင့်စတိုး
'မြမြင့်မိုရ်' ရွှေဆိုင်နှင့်စတိုး၊ ၁၀/၁၄၊ ဗိုလ်ချုပ်လမ်း၊ ရွှေချီရပ်ကွက်၊ နေပြည်တော် ပျဉ်းမနား။ ဖုန်း–၀၆၇–၂၂၉၉၆။

စတိုး
'စိန်ဒေါင်း' စတိုး၊ ၂/၄၄၊ ၈–လမ်း၊ မင်္ဂလာရပ်ကွက်၊ နေပြည်တော် ပျဉ်းမနား။ ဖုန်း–၀၆၇–၂၁၄၈၃၊ ၂၂၄၈၃။

ဆေးတိုက်
'ဦးကြူစိန်' ဆေးတိုက်–၂/၅၃၊ ဗိုလ်လက်ျာလမ်း၊ မင်္ဂလာရပ်၊ နေပြည်တော် ပျဉ်းမနား။

တိုင်းရင်းဆေး
တိုင်းရင်းဆေး လက်မှတ်ရ ဆရာမော် မိသားစု မြန်မာတိုင်းရင်းဆေးတိုက်–၁/၆၇၊ အိုးဖိုရပ်ကွက်၊ နေပြည်တော် ပျဉ်းမနား။ ဖုန်း–၀၉–၄၉၂–၀၂၄၆၁။

မိုတယ်
'သင်းပုံ့ပုံ့' မိုတယ်–၉/၇၊ ၆ လမ်း၊ ရွှေချီရပ်၊ နေပြည်တော် ပျဉ်းမနား။ ဖုန်း–၀၆၇–၂၂၇၁၅။

ဆေးနှင့် ဓာတ်မြေဩဇာ
'ပန်းနုရောင်' စိုက်ပျိုးရေးဆေးနှင့်ဓာတ်မြေဩဇာ–ဘီ–၄၂၊ ဗိုလ်တောက်ထိန်လမ်း၊ မင်္ဂလာရပ်ကွက်၊ နေပြည်တော် ပျဉ်းမနား။ ဖုန်း–၀၆၇–၂၁၄၄၆၊ ၂၂၅၂၈။

ဘော်ဒါ
'ပညာ့ရိပ်သာ' ဘော်ဒါနှင့် နေ့အထူးသင်တန်း– ၁၁/၈၁၊ ဦးသာလှလမ်း၊ မစိုးရိမ်ရပ်၊ နေပြည်တော် ပျဉ်းမနား။ ဖုန်း–၀၆၇–၂၂၂၉၂။

ဆီစက်
'ဝင်းရွှေစင်' ဆီစက်–၁၂/၇၃၊ ဦးသာလှလမ်း၊ မစိုးရိမ်ရပ်၊ နေပြည်တော် ပျဉ်းမနား။ ဖုန်း–၀၆၇–၂၂၂၆၃။

လက်ဖက်နှင့်အကြော်စုံ
'ရွှေဒေါင်း' လက်ဖက်နှင့်အကြော်စုံ–စီ–၂၈၀၊ တောင်ဘက်တန်း၊ အမှတ် (၁) မြို့မဈေး၊ နေပြည်တော် ပျဉ်းမနား။ ဖုန်း–၀၆၇–၂၂၃၆၅။

လက်ဖက်ခြောက်
'ရွှေသမင်' လက်ဖက်ခြောက်၊ ၁၁/၆၈၊ ဗိုလ်မင်းခေါင်လမ်း၊ မင်္ဂလာ ရပ်၊ နေပြည်တော် ပျဉ်းမနား။ ဖုန်း–၀၆၇–၂၂၃၄၂။

ပဲမုန့်
'ပစ်တိုင်းထောင်' အထူးစပါယ်ရှယ် ပဲမုန့်–၁၁/၇၆၊ ဗိုလ်မင်းခေါင်လမ်း၊ မင်္ဂလာရပ်၊ နေပြည်တော် ပျဉ်းမနား။ ဖုန်း–၀၆၇–၂၁၂၇၉။

စိုက်ပျိုးရေးဆေးဆိုင်
'နီလာဖြိုး' စိုက်ပျိုးရေးဆေးဆိုင်–၈၈၊ ဗိုလ်တောက်ထိန်လမ်း၊ မင်္ဂလာရပ်၊ နေပြည်တော် ပျဉ်းမနား။ ဖုန်း–၀၆၇–၂၁၉၈၉။

နတ်သုဒ္ဓါဒံပေါက်
ပန်းရိုးမ နတ်သုဒ္ဓါဒံပေါက်– မြန်မာထမင်းဟင်း၊ ရှမ်း၊ တရုတ်၊ ပန်းသေး အစားအစာအမျိုးမျိုးနှင့် ရေခဲမုန့်။ ဆိုင် (၁) အမှတ် (၁/၁၄)၊ ၉ လမ်း၊ မင်္ဂလာရပ်၊ ပျဉ်းမနား၊ ဖုန်း–၀၆၇–၂၃၅၃၇။ ဆိုင် (၂) အခန်း ၅၊ စားသောက်ခန်းမ၊ အဆင့်မြင့်ကလေး ကစားကွင်းအနီး၊ ဇေယျာသီရိ ကုန်ပဒေသာတိုက်၊ နေပြည်တော်။ ဖုန်း–၀၉–၄၉၂–၁၁၆၈၂၊ ၀၉–၄၉၅–၇၇၇၆၀။

ဧည့်ရိပ်သာ
'ရွှေသရဖူ' ဧည့်ရိပ်သာ၊–၁၅/၆၁၊ ဗိုလ်တာရာလမ်း၊ ရန်အောင် ၁ ရပ်ကွက်၊ နေပြည်တော် ပျဉ်းမနား။ ဖုန်း–၀၆၇–၂၁၁၈၆။

ဟိုတယ်
'သုခမြိုင်' ဟိုတယ်၊ ဗိုလ်ချုပ်လမ်း၊ ရွှေချီရပ်ကွက်၊ နေပြည်တော် ပျဉ်း မနား။ ဖုန်း–၀၆၇–၂၃၃၃၁၊ ၂၃၃၃၃။

ဧည့်ရိပ်သာ
'မြင့်မြတ်' ဧည့်ရိပ်သာ– ၈/၈၉၊ ဦးရာဇတ်လမ်း၊ ရန်အောင် ၂ ရပ်ကွက်၊ နေပြည်တော် ပျဉ်းမနား။ ဖုန်း–၀၆၇–၂၂၅၅၆။

နိုင်ငံခြားဆေးနှင့်တိုင်းရင်းဆေး
'အေးမမ' နိုင်ငံခြားဆေးနှင့် တိုင်းရင်းဆေးမျိုးစုံ– ၁၁/၄၉၊ ဘုရားလမ်း၊ ရန်အောင် ၁ ရပ်ကွက်၊ နေပြည်တော် ပျဉ်းမနား။ ဖုန်း–၀၆၇–၂၂၇၆၈။

ဒိန်ချဉ်နှင့်ရေခဲမုန့်
'ကျော့'မလိုင်၊ ဒိန်ချဉ်နှင့်ရေခဲမုန့်၊ ၆/၅၆၊ ၇ လမ်း၊ ရွှေချီရပ်ကွက်၊ နေပြည်တော် ပျဉ်းမနား။ ဖုန်း–၀၉–၄၃၀–၁၈၁၄၉။

ကားမီးခွက်၊ ရှဲလ်ပလပ်စတစ်
'မာန်' ကားမီးခွက်၊ ရှဲလ်ပလပ်စတစ် ပြုပြင်ရေး ပပ–၉/၂၄၊ ၆၂/၆၃ လမ်းကြား၊ စပယ်လမ်း၊ စက်မှုဇုန် (၁)၊ မန္တလေး။ ဖုန်း–၀၉–၆၈၀–၄၀၆၇။

ပိုးချိတ်၊ ရွှေသွင်းလုပ်ငန်း
'ရွှေဇမ္ဗူ' ပိုးချိတ်၊ ရွှေသွင်းလုပ်ငန်းနှင့် လက်ရေးပန်းချီလုပ်ငန်း အတ/၇၅၊ အိုးတော်ရပ်၊ စစ်ကိုင်း–မန္တလေးလမ်း၊ သိမ်ကြီးဈေးအနီး အမရပူရမြို့။ ဖုန်း–၀၉–၂၀၁–၄၀၀၇၊ ၆၈၀၄၄၁၄။

ခန္ဓာကိုယ်အဆီချ
Lady Slim အမျိုးသမီးသီးသန့် ခန္ဓာကိုယ်အဆီချလုပ်ငန်း–၁၂၃၊ ပထမထပ်၊ ၂၉ လမ်း၊ ၈၁ x ၈၂လမ်းကြား၊ ဗဟိုမီးသတ်တိုက်ခန်း၊ မန္တလေးမြို့။ ဖုန်း–၀၂–၂၂၅၁၉၊ ၀၉–၉၁၀၂–၂၅၁၉။

Store
Myoma Store: Fancy Cosmetics & Stationary Market Street B.E.H.S(1) Apartment Sagaing Poetan Quarter. Ph: 072-22816.

ဂီတသက်တမ်း ၃၃ နှစ်အတွင်း ပထမဆုံး ဖျော်ဖြေပွဲပြုလုပ်မယ့် အဆိုတော် ဖြူသီ

ပထမဆုံးဖျော်ဖြေပွဲ ကျင်းပတော့မယ့် အဆိုတော် ဖြူသီ။ ဓာတ်ပုံ-လွင်ကိုတိတ်

လွင်မာထွန်း

တစ်ချိန်က ဂီတလောကမှာ အောင်မြင်ကျော်ကြားခဲ့တဲ့ တေးသံရှင် ဖြူသီက သူ့ရဲ့ ဂီတသက်တမ်း ၃၃ နှစ်အတွင်း ပထမဆုံးဖျော်ဖြေပွဲအဖြစ် ရန်ကုန်မြို့၊ မြို့မကျောင်းလမ်းက အမျိုးသားဇာတ်ရုံမှာ ဂီတဖျော်ဖြေပွဲတစ်ခုကို မတ်လ ၂၄ ရက်နေ့မှာ ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

"ကိုယ်တိုင်သာ ပွဲလုပ်မယ်ဆိုပြီး စီစဉ်လိုက်ရင် ဖြစ်လာမှာ မဟုတ်ပါဘူး။ ဘာလို့လဲဆိုတော့ အန်တီက စင်ပေါ်မှာ သီချင်းဆိုရမှာ ကြောက်ပါတယ်။ ဒီပွဲလေးလုပ်ဖို့ အန်ဒီက ကမ်းလှမ်းတော့လည်း စင်ပေါ်မှာ သီချင်းဆိုနေတုန်း အမှားလုပ်မိမှာ စိုးတာရယ်၊ ကျန်းမာရေး မကောင်းတာကြောင့်ရယ် ငြင်းခဲ့ပါတယ်။ ဒါပေမဲ့လည်း သူက အားမလျှော့စတမ်းကြိုးစားပြီး အန်တီရဲ့ကိစ္စအကုန်လုံးကို တာဝန်ယူတယ်လို့ အာမခံတွေအမျိုးမျိုးပေးတာကြောင့် လုပ်ဖြစ်သွားတာပါ"လို့ တေးသံရှင်ဖြူသီက သူ့ရဲ့ ဖျော်ဖြေပွဲနဲ့ပတ်သက်ပြီး မတ်လ ၁၄ ရက်နေ့၊ ရန်ကုန်မြို့မှာပြုလုပ်တဲ့ စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောပြခဲ့ပါတယ်။

"ပြီးခဲ့တဲ့နှစ် စက်တင်ဘာလောက်ကတည်းက အန်တီဖြူသီကို တောင်းဆိုနေတာပါ" လို့ Golden Wave Music Production မှ ပွဲစီစဉ်သူဖြစ်တဲ့ ကိုအန်ဒီအောင်က မြန်မာတိုင်း(မ်)ကို ပြောပါတယ်။

အဆိုတော်ဖြူသီရဲ့ သီချင်းတွေ နားထောင်ပြီးတဲ့အခါတိုင်း ငြိမ်းချမ်းမှုတစ်ခုကို ခံစားလိုက်ရပြီး အခုချိန်ထိ သီချင်းတွေ တိုက်တဲ့အချိန်မှာ အဲလို ငြိမ်းချမ်းမှုပေးနိုင်လောက်အောင် မီတဲ့ အဆိုတော် မရှိသေးဘူးလို့လည်း သူက ပြောပြခဲ့ပါတယ်။

တေးသံရှင်ဖြူသီဟာ ၁၉၈၀ ပြည့်နှစ်မှ စတင်ကာ 'မိုင်ပေါင်းကုဋေ' ဆိုတဲ့စီးရီးနဲ့ ဂီတလောကထဲကို ဝင်ရောက်လာပြီး နောက်ဆုံးထွက်ရှိတဲ့စီးရီးက 'လမ်းပြကြယ်' ဖြစ်တာကြောင့် ဖျော်ဖြေပွဲရဲ့ ခေါင်းစဉ်ကို 'မိုင်ပေါင်းကုဋေမှ လမ်းပြကြယ်သို့' ဆိုပြီး ပေးဖြစ်တယ်လို့ သိရပါတယ်။

သာမန်ဖျော်ဖြေပွဲမဟုတ်ဘဲ တေးသံစုံ ဂီတတင်ဆက်မှုတစ်ခုလိုမျိုး ဖြစ်အောင် ပြင်ဆင်ထားတဲ့အကြောင်းကိုလည်း ပြောပါတယ်။

"ကျွန်တော်တို့ တေးသရုပ်ဖော် အစီအစဉ်ကို ထူးထူးခြားခြား ဖြစ်အောင် ပြင်ဆင်ပြီး ထည့်ထားပါတယ်။ ပြီးတော့ အန်တီရဲ့သီချင်းတွေကို တခြားအဆိုတော်တွေ ပုံစံအသစ်နဲ့ တင်ပြမယ့် အစီအစဉ်တွေပါမယ်။ မြန်မာအကကိုလည်း တင်ဆက်မှာဖြစ်သလို ခေတ်ပေါ်အကလည်း ပါမှာပါ။ ပြောချင်တာကတော့ လာကြည့်လိုက်မယ်ဆိုရင် ပရိသတ်တွေ အကုန်လုံး ကျေနပ်မှုအပြည့်ရမှာပါ။ ကျွန်တော်တို့က ပိုက်ဆံရဖို့ ဒီပွဲကို လုပ်တာ မဟုတ်ပါဘူး။ အန်တီသီချင်းတွေကို နားထောင်ချင်တဲ့ ပရိသတ်တွေအတွက် ကိုယ်တိုင်လည်း ကြိုက်နှစ်သက်လို့ လုပ်တာပါ" လို့ ပြောပြခဲ့ပါတယ်။

ဖြူသီရဲ့သမီးဖြစ်သူ မို့မို့ကလည်း မိခင်ဖြစ်သူနဲ့ အတူတူသီဆို ဖျော်ဖြေသွားမယ်လို့ ဆိုပါတယ်။

"မို့က ဒီပွဲမှာ မေမေ့သီချင်းလေးပုဒ်လောက် ဆိုမှာပါ။ တစ်ပုဒ်ကိုတော့ မေမေနဲ့ တွဲဆိုမှာပါ။ ဒီပွဲမှာ ပါဝင်မယ့် အဆိုတော်တွေအကုန်လုံး မေမေ့သီချင်းတွေပဲ ဆိုကြမှာပါ"လို့ မို့မို့က မြန်မာတိုင်း(မ်)ကို ပြောပါတယ်။

အဆိုတော်ဖြူသီရဲ့ ဖျော်ဖြေပွဲလေးမှာ တေးသံရှင် ဇော်ဝင်းထွဋ်၊ ဇော်ပိုင်၊

စာမျက်နှာ ၄၄ သို့

'လူထုပဲ့တင်သံ'ကြံ့န်သံချပ်ပြိုင်ပွဲတွင် အဖွဲ့ ၁၇ ဖွဲ့ ပါဝင်ယှဉ်ပြိုင်မည်

နှမ်းဘွိုင်း

'လူထုပဲ့တင်သံ' အမည်နဲ့ကျင်းပမယ့် မြန်မာ့ရိုးရာမဟာသင်္ကြန် သံချပ်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်မယ့် ပြိုင်ပွဲဝင်အဖွဲ့ပေါင်း ၁၇ ဖွဲ့ကို မတ်လ ၁၅ ရက်နေ့မှာ ထုတ်ပြန်ကြေညာခဲ့ပါတယ်။

ဒီပြိုင်ပွဲကို Sky Net ရုပ်သံလိုင်းမှ အဓိက ပံ့ပိုးပေးထားတာဖြစ်ပြီး ဒါရိုက်တာမီးပွားနဲ့ ဘိုဘိုအန်တာတိန်းမန့်တို့က တာဝန်ယူဆောင်ရွက်ပေးထားတာ ဖြစ်ပါတယ်။

ပြိုင်ပွဲကိုတော့ မတ်လ ၂၅ ရက်ကနေ ၃၀ ရက်နေ့ထိ ပြုလုပ်ကျင်းပသွားမှာဖြစ်ပြီး နောက်ဆုံးအဆင့်ပြိုင်ပွဲကိုတော့ ဧပြီလ ၇ ရက်နေ့မှာ ကျင်းပပြုလုပ်သွားမှာ ဖြစ်တယ်လို့ သိရပါတယ်။

ပြည်တော်ချစ် မင်းသားကြီး ဆိုတဲ့ ရေသဘင်အသင်းကနေစလို့ အနုပညာလောကထဲကို စတင်ဝင်ရောက်လာခဲ့တဲ့ ဦးမေတ္တာကတော့ ဒီလို သံချပ်တွေကို ပြန်တိုင်ခွင့်ရရှိတဲ့အပေါ် အလွန်ဝမ်းသာတယ်လို့ ပြောပြီးပြိုင်ပွဲမှာ တိုင်မယ့်သူရဲ့ သံချပ်အကြောင်းကတော့ ခေတ်ကို ထင်ဟပ်မယ့် သံချပ်တစ်ချို့ ဖြစ်တယ်လို့ ပြောပါတယ်။

"မြန်မာ့ယဉ်ကျေးမှုနဲ့ လိုက်လျောညီထွေတာတွေ ရေးထားတယ်။ ပြီးတော့ အကယ်ဒမီမှာ တရုတ်ကားဟာ ဗမာဇာတ်လမ်းဆင်ပြီး အကယ်ဒမီရသွားတယ်။ မြန်မာ့အနုပညာ ရင်ကျိုးစရာပါဆိုတဲ့ အကြောင်းအရာတွေကို ရေးထားတယ်"လို့ ဦးမေတ္တာက မြန်မာတိုင်း(မ်)ကို ပြောပါတယ်။

ဒီပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်မယ့် အဖွဲ့တွေကတော့ ဦးကျော်ကျော်ထွန်း (မဟူရာ)ကလေးစကားရဲ့ 'ကျွန်ုပ်တို့သည် စွယ်စုံအင်အားစု'၊ ဦးမင်းရှိန် ရွှေဘိုဟန်တို့ရဲ့ 'အာကျယ်တို့၏ ပြောပါရစေ'၊ ဦးအောင်ကျော်ဦးရဲ့ 'သင်္ကြန်မင်းသားကြီး'၊ ဦးထွန်းအေး၊ ဦးမြင့်သိန်းထွန်းတို့ရဲ့ 'ဆူးကြားမှဘူးခါး'၊ ကိုဇော်လင်းထွန်းရဲ့ 'အွန်လိုင်းလေထန်ကုန်း ဝိုင်းတော်သားများသံချပ်'၊ မျိုး(မြန်မာစာ)ရဲ့ 'ဥည့်သည်တောင်ငူအတာရေသဘင်'၊ ဦးတင်အောင်ရဲ့ 'ရွှေလမ်းမတော် ပဲ့တင်သံသံချပ်များ'၊ ကိုဧရာရဲ့ 'ပျော်တော်ဆက်တို့ရဲ့ ဟိတ်ဆိုဟိတ်လိုက်'၊ ရဲဘော်ဉာဏ်ဟိန်း (ခ) ငြိမ်းဟန်အောင်(ပုသိမ်)ရဲ့ 'အရှေ့တောင်ကျောင်းက အဖေ့အောင်မောင်း'၊ ဗေလုဝရဲ့ 'ထလော့မြန်မာ'၊ ခန့်မင်းထက်ရဲ့ 'အပြာရဲ့အနီ'၊ ဦးမောင်မောင်မြင့်ရဲ့ 'ပဋ္ဌိစ္စသမုပ္ပာဒ်'၊ ဦးခင်မောင်ဆွေရဲ့ 'အကယ်ဒမီယဉ်ကျေးမောင်'၊ တန်ခူးဘုရင် ချစ်တင်ရဲ့ 'အနုလုံပဋ္ဌိလုံ'၊ မောင်ဇေယျာလွင်ရဲ့ 'ပိတောက်စာမျက်နှာသစ်'၊ မောင်မေတ္တာရဲ့ 'ပြည်တော်ချစ်အဖွဲ့'နဲ့ မျိုးမျိုးခိုင်နဲ့ အဖွဲ့ရဲ့ 'ရှင်လိမ်ညာတာတွေ သိပြီ'တို့ ဖြစ်ပါတယ်။

ပထမဆုအနေနဲ့ ကျပ်သိန်း ၃၀၊ ဒုတိယဆု ကျပ်သိန်း ၂၀ နဲ့ တတိယဆုကိုတော့ ကျပ် ၁၀ သိန်းလို့ သတ်မှတ်ထားပါတယ်။ ■

ပန်းခင်းလမ်းမဟုတ်တဲ့ဘ၀၊ ဆုံးရှုံးမှုသောကနွံတွင်းမှ ပွင့်လန်းလာခဲ့သော ကဗျာများ စုစည်းတင်ပြ

ဇွန်ပန်းပွင့်

“ခံနိုင်အားတွေ ကုန်ဆုံးသွားတဲ့ အချိန်မှာ ကဗျာဆိုတာ ဖြစ်ပေါ်လာတယ်” လို့ ကဗျာဆရာ ရစ်ချတ်ရိုဆန် ရေးခဲ့ဖူးပါတယ်။ ဒါဟာ ဆရာဝန် စာရေးဆရာ ဒေါက်တာ ဒေါ်မြင့်မြင့်ခင်အတွက် မှန်ကန်တဲ့စကား ဖြစ်ခဲ့ပါတယ်။

နှစ် ၃၀ ကျော်ကြာ လက်တွဲလာတဲ့ ခင်ပွန်းသည် ဆုံးရှုံးရလို့ ဆောက်တည်ရာမရ ပူဆွေးသောကရောက်နေရစဉ် အချိန်ကိုက်ဖြစ်ပေါ်လာတဲ့ တစ်ဦးတည်းသောသားကို မတရားပြစ်မှုနဲ့ ခေတ္တအကျဉ်းချခံရလို့ ပေါက်ကွဲမတတ် စိတ်အခြေအနေတွေကနေ သူ့ကို ကဗျာဆရာဘ၀ ဆိုက်ရောက်အောင် တွန်းပို့ခဲ့တာပဲ ဖြစ်ပါတယ်။

“ကျွန်မ ကဗျာကို စိတ်ဝင်စားတယ်ဆိုတာ ဘယ်သူမှ မသိပါဘူး။ ကဗျာကို ရေးချင်တဲ့စိတ်က ဗီဇထဲက ပါလာတာကို သိပေမယ့် မရေးဖြစ်ခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ ရေးလောက်အောင် အစွမ်းအစမရှိဘူးလို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ထားလို့ပါ။ ဒီမဝံ့မရဲစိတ်ကြောင့် ခေါင်းထဲပေါ်လာတဲ့ ကာရန်အပိုင်းအစတွေကို မှတ်တမ်းအနေနဲ့ စာရွက်ပေါ် မရောက်ခဲ့ပါဘူး” လို့ မတ်လ ၁၂ ရက်နေ့က ရန်ကုန်မြို့မှာ ကျင်းပခဲ့တဲ့ သူ့ရဲ့ အင်္ဂလိပ်ဘာသာနဲ့ ရေးထားတဲ့ ကဗျာပေါင်းစုစာအုပ် "Poetry For Me" မိတ်ဆက်ပွဲမှာ ပြောပြခဲ့ပါတယ်။

မန္တလေး ဆေးတက္ကသိုလ်ဆေးပညာဌာနမှ ပါမောက္ခအဖြစ် ၁၉၈၅ ခုနှစ်မှာ အငြိမ်းစားယူခဲ့ပြီး အဲဒီနှစ်မှာပဲ ခင်ပွန်းဆုံးရှုံးရလို့ ရလာတဲ့ ပူဆွေးသောကကို အလုပ်ထဲ စိတ်နှစ်ရင်း ကုစားဖို့ ဆုံးဖြတ်ခဲ့ပြီးနောက်ပိုင်း ကဗျာရေးချင်စိတ် ပြင်းပြင်းပြပြ ပေါ်လာတာကြောင့် ပထမဆုံး စာရွက်ပေါ်တင် ရေးဖြစ်သွားတယ်လို့ ဒေါက်တာမြင့်မြင့်ခင်က ဆိုပါတယ်။

ပရိသတ်များအား အမှတ်တရ လက်မှတ်ရေးထိုးပေးနေသော ဒေါက်တာ မြင့်မြင့်ခင်။ ဓာတ်ပုံ-အောင်ဌေးလှိုင်

“ကျွန်မ တစ်ခါက Educational Psychology (ပညာရေးဆိုင်ရာ စိတ်ပညာ) သင်တန်းတစ်ခု တက်စဉ်မှာ စိစစ်မှုခံရပါတယ်။ ပေါ်လာတဲ့ အဖြေတွေက ကျွန်မဟာ စိတ်နူသူ၊ အလွန်ထိခိုက် ခံစားလွယ်သူလို့ ထွက်ပါတယ်။ ကျွန်မတပည့်တွေကို ကျွန်မဟာ အလွန်ပဲ စိတ်နူသူ၊ စိတ်ထိခိုက်လွယ်သူလို့ ပြောရင် ယုံမှာမဟုတ်ပါဘူး” လို့ ဒေါက်တာမြင့်မြင့်ခင်က ပြောပါတယ်။

“တကယ်တော့ ကျွန်မရဲ့ တကယ့်အတွင်းစိတ်က စိတ်နူပြီး စိတ်လှုပ်ရှားထိခိုက်လွယ်ပါတယ်။ ကျွန်မ လျှောက်လာခဲ့တဲ့ ဘ၀လမ်းကြောင်းက ပန်းခင်းတဲ့လမ်းတော့ လုံးဝမဟုတ်ပါဘူး။ အထူးသဖြင့် စစ်အတွင်းနဲ့ စစ်ပြီးကာလမှာ ကြုံဆုံခဲ့ရတဲ့ ခါးသီးတဲ့အတွေ့အကြုံတွေ၊ အခက်အခဲတွေက တကယ်ပဲ ကြောက်စရာကောင်းပါတယ်။ ကျွန်မ ထင်ပါတယ်။ ကျွန်မရဲ့ ပင်ကိုစရိုက်က အဲဒီအချိန်မှာ ခက်ထန်မာကြောတဲ့ အဖြစ်ကို ပြောင်းလဲမသွားခဲ့ရင် ကျွန်မဟာ ရပ်တည်နိုင်ဖို့ မရှိပါဘူး” လို့ သူက ပြောပါတယ်။

ခင်ပွန်းကွယ်လွန်ပြီး ပြင်းထန်တဲ့ ပူဆွေးသောက ရောက်ရချိန်မှာ သူမစိတ်နဲ့ နှလုံးသားထဲမှာ ဖုံးကွယ်နေတဲ့ စိတ်နူနယ်ခြင်း၊ ထိခိုက်ခံစားလွယ်ခြင်းတွေဟာ ကဗျာအဖြစ်နဲ့ ပေါ်လာတယ်လို့ သူက ဆိုပါတယ်။

ကဗျာတွေကို မက်မောခဲ့တဲ့ သူဟာ တက္ကသိုလ်ပထမဘွဲ့အတွက် အင်္ဂလိပ်ဘာသာစကားနှင့် စာပေကို လေ့လာချိန်မှာ metaphysical ကဗျာဆရာ ဂျွန်ဒွန်းရဲ့ ကဗျာတွေကို စွဲမက်ခဲ့တယ်လို့ ပြောပါတယ်။

“ကျွန်မ ထင်ခဲ့တာက ကျွန်မကသာ ကိုလိုနီပညာရေးစနစ်ကို ရင်းနှီးခဲ့ရတဲ့ လူမို့လို့၊ အင်္ဂလိပ်စာကို ရင်းနှီးခဲ့ရတဲ့ သူမို့လို့ ဒီကဗျာတွေကို စွဲမက်နေတာ။ ကျွန်မလိုတော့ အင်္ဂလိပ်ကဗျာကို စွဲမက်တဲ့သူ သိပ်မရှိခဲ့ဘူးလို့ ကျွန်မထင်ခဲ့တယ်။ ကျွန်မသားသမီးအရွယ်လေးတွေထဲက တစ်ယောက်က ကဗျာဆရာ Robert Browning ကို ဘယ်လိုသဘောကျသလဲဆိုတာ၊ နောက်တစ်ယောက်က William Wordsworth ရဲ့ ကဗျာတွေကို သဘောကျတဲ့အကြောင်းတွေပြောတော့ ကျွန်မ အံ့သြရတယ်” လို့ သူက ပြောပါတယ်။

“အဲဒီအံ့သြမှုကနေ ပြီးတော့ပဲ ဒီစာအုပ်ကို ရေးဖြစ်ဖို့ တွန်းအားဖြစ်သွားပါတယ်။ ကျွန်မသာ ကဗျာတွေ ရေးရင်ဒါကို သဘောကျ အသိအမှတ်ပြုမယ့်သူတွေ ရှိဦးမှာပဲဆိုပြီး ရေးမိပါတယ်။ တကယ်တော့ ကဗျာဟာ ကဗျာချစ်တဲ့သူတွေအတွက် နယ်ခြား၊ စည်းခြား မရှိပါဘူး” လို့ သူကပြောခဲ့ပါတယ်။ ■

မသန်စွမ်းသူများအား ကိုယ်စားပြုသော အနုပညာသံတမန်များဖြစ်သည့် တေးသံရှင် ဇော်ဝင်းထွဋ်နှင့် ချစ်သုဝေတို့အား တွေ့ရစဉ်။ ဓာတ်ပုံ-သီရိလူ

မြန်မာနိုင်ငံ မသန်စွမ်းသူများအနုပညာ ပွဲတော်အတွက် မသန်စွမ်းသူများအား ကိုယ်စားပြုသော အနုပညာသံတမန်ခန့်အပ်

လွင်မာထွန်း

ပထမဆုံးအကြိမ်အဖြစ် ကျင်းပပြုလုပ်မယ့် ‘အနုဂ္ဂရောင်စဉ်’ မြန်မာနိုင်ငံ မသန်စွမ်းသူများ အနုပညာပွဲတော်အတွက် မသန်စွမ်းသူတွေကို ကိုယ်စားပြုတဲ့ အနုပညာဆိုင်ရာ သံတမန်ခန့်အပ်ပွဲကို ရန်ကုန်မြို့၊ ဆီဒိုးနားဟိုတယ်မှာ မတ်လ ၁၆ ရက်က ပြုလုပ်ခဲ့ပါတယ်။

သံတမန်တွေအဖြစ် တေးသံရှင် ဇော်ဝင်းထွဋ်နဲ့ ချစ်သုဝေတို့ကို ရွေးချယ်ခဲ့ပြီး သံတမန်တွေကို အများဆန္ဒနဲ့ အဆင့်ဆင့် ရွေးချယ်ခဲ့တာဖြစ်တယ်လို့ မြန်မာနိုင်ငံ မသန်စွမ်းသူများလုပ်ငန်းကော်မတီမှ ဥက္ကဋ္ဌဖြစ်သူ ဦးမိုးဇင်က ပြောပြခဲ့ပါတယ်။

“မသန်စွမ်းသူတွေ ပြောချင်တာတွေ ပြောပေးနိုင်မယ့်သူတွေအဖြစ် အားလုံးအတွက် ကိုယ်စားပြုပေးနိုင်မယ်ထင်တဲ့အတွက် အဆင့်ဆင့်ရွေးခဲ့ပြီး နောက်ဆုံးငါးယောက် ကျန်တဲ့အခါမှာတော့ အားလုံးက မဲပေးတဲ့စနစ်နဲ့ ရွေးချယ်ခဲ့တာပါ” လို့ သူက မြန်မာတိုင်း(မ်)ကို ပြောပါတယ်။

“ကမ္ဘာပေါ်မှာ မသန်စွမ်းအနုပညာရှင်တွေ အများကြီးရှိပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း အစွမ်းအစရှိတဲ့ အနုပညာရှင်တွေ အများကြီးပါ။ လူတစ်ဦးချင်းစီရဲ့ စွမ်းအားတွေက ပြင်ပက မြင်နေရတဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေက လာတာ မဟုတ်ပါဘူး။ စိတ်စွမ်းအားတွေက လာတာပါ။ ဒါကြောင့် ဒီအနုပညာပွဲတော်မှာ မသန်စွမ်းအနုပညာရှင်တွေ အများကြီး ပေါ်ထွက်လာနိုင်အောင် အတတ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်သွားမယ်” လို့ အနုပညာသံတမန်အဖြစ် ရွေးချယ်ခံရသူ တေးသံရှင် ဇော်ဝင်းထွဋ်က ပြောပါတယ်။

‘အနုဂ္ဂရောင်စဉ်’ မြန်မာနိုင်ငံ မသန်စွမ်းသူများ အနုပညာပွဲတော်ကို အောက်တိုဘာလမှာ သုံးရက်ကြာ ဈေးရောင်းပွဲများ၊ ဖျော်ဖြေရေးအစီအစဉ်တွေနဲ့ ကျင်းပသွားမှာ ဖြစ်ပါတယ်။

ဒီအနုပညာပွဲတော်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အဓိက ပံ့ပိုးပေးတာဖြစ်ပြီး မြန်မာနိုင်ငံမသန်စွမ်းသူများအဖွဲ့အားလုံးက ဦးဆောင်ကာ မသန်စွမ်းသူတွေရဲ့ အနုပညာအရည်အချင်းတွေ ပိုအောင်မြင်ဖြစ်ထွန်းလာစေဖို့ ရည်ရွယ်ပြုလုပ်တာ ဖြစ်ပါတယ်။ ■

မသန်စွမ်းသူများ အနုပညာပွဲတော်တွင် ဖျော်ဖြေရန် ပွဲတော်တေးနှင့် မသန်စွမ်းအနုပညာရှင်ရွေးချယ်ပွဲ ပြုလုပ်မည်

မြန်မာနိုင်ငံ မသန်စွမ်းသူများအနုပညာပွဲတော်မှာ အသုံးပြုဖို့ ပွဲတော်တေးသီချင်းပြိုင်ပွဲဝင်များနဲ့ မသန်စွမ်းအနုပညာဝါသနာရှင်များကို ဖိတ်ခေါ်လျက်ရှိတယ်လို့ မြန်မာနိုင်ငံ မသန်စွမ်းသူများလုပ်ငန်းကော်မတီမှဥက္ကဋ္ဌဖြစ်သူ ဦးမိုးဇင်က ပြောပါတယ်။

နယ်ကလာတဲ့ ပြိုင်ပွဲဝင်တွေအတွက် သွားလာရေးအဆင်ပြေအောင် စီစဉ်ပေးထားမှာ ဖြစ်တယ်လို့လည်းဆိုပါတယ်။

မသန်စွမ်းသူများ အနုပညာရွေးချယ်ပွဲကို မြန်မာနိုင်ငံသား မသန်စွမ်းသူမည်သူမဆို ပါဝင်နိုင်ပြီး အနုပညာတစ်မျိုးကနေ တစ်မျိုးထက်ပိုပြီး ပါဝင်နိုင်တယ်လို့ သိရပါတယ်။

“ပေးပို့တဲ့ လက်ရာတွေထဲက အဆင့်ဆင့် ရွေးချယ်ပြီးသွားရင် ဖျော်ဖြေဖို့အတွက် ရွေးချယ်မယ်၊ ပညာရှင်အဆင့်ရှိနေတယ်ဆိုရင်လည်း ကျွန်တော်တို့က ပိုပြီးထူးချွန်လာအောင် လေ့ကျင့်ပေးဦးမယ်” လို့ ဦးမိုးဇင်ကပြောပြခဲ့ပါတယ်။

မသန်စွမ်းသူများ ပါဝင်နိုင်မယ့် အနုပညာအမျိုးအစားများကတော့ ပန်းချီ၊ ကာတွန်း၊ အဆို၊ အက၊ ကဗျာ၊ အတီး၊ ပြဇာတ်တို၊ ဝတ္ထုတို၊ ရောင်စုံဓာတ်ပုံ၊ သတင်းမှတ်တမ်း၊ အငြိမ့်၊ ရုပ်သေး၊ ပန်းပုနဲ့ ပုံတူရုပ်ပြောင်စတဲ့ အနုပညာရုပ်များကို မိမိကိုယ်တိုင် ဖန်တီးပြီး လျှောက်လွှာများကိုတော့ မတ်လ ၂၉ နောက်ဆုံးထားပြီး ပေးပို့ရမှာ ဖြစ်ပါတယ်။

ပွဲတော်တေးသီချင်းအတွက်ကိုတော့ ဘယ်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ခေါင်းစဉ်ကိုတော့ ‘အနုဂ္ဂရောင်စဉ်’ လို့ နာမည်ပေးထားပါတယ်။ ပြိုင်ပွဲဝင်သီချင်းတွေဟာ မသန်စွမ်းသူအမျိုးမျိုးရဲ့ စွမ်းဆောင်နိုင်မှုတွေကို ဖော်ကျူးတဲ့ စာသားဖြစ်ရမှာဖြစ်ပြီး သီချင်းသံစဉ်နဲ့ စာသားအားလုံးဟာ တခြားပြိုင်ပွဲတွေကို ပေးပို့ထားပြီးသား မဟုတ်ရဘဲ ကိုယ်ပိုင်ဖန်တီးမှုများ ဖြစ်ရပါမယ်။ အကြမ်းတီးခတ်ထားတဲ့ စီဒီနဲ့အတူ သီချင်းစာသားများကိုလည်း အေဖိုးစာရွက်နဲ့ ပူးတွဲပေးပို့ရပါမယ်။

ပါဝင်ယှဉ်ပြိုင်လိုသူတွေဟာ အမည်၊ မှတ်ပုံတင်မိတ္တူ၊ နေရပ်လိပ်စာအပြည့်အစုံနဲ့ ဆက်သွယ်ရမယ့် ဖုန်းနံပါတ်တို့ကိုပါ ဖော်ပြပြီး ကိုယ်တိုင်ဖန်တီးထားတဲ့ တေးသီချင်းဖြစ်ကြောင်း ဝန်ခံချက်နဲ့အတူ မြန်မာနိုင်ငံမသန်စွမ်းသူများ အနုပညာပွဲတော်ကျင်းပရေးရုံးအဖွဲ့ အမှတ် ၁၆(ဘီ)၊ သာယာအေးလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ (သို့မဟုတ်) myanmaraseanarts @gmail.com ကို မတ်လ ၂၉ ရက်နေ့ နောက်ဆုံးထားပေးပို့ရမှာ ဖြစ်ပါတယ်။ **လွင်မာထွန်း** ■

မင်္ဂလာမန္တလေး စီမံကိန်း

Mingalar Elite Community

နှစ်သစ်မင်္ဂလာ သင်္ကြန်အခါကို ကြိုဆိုသောအားဖြင့်–

မင်္ဂလာမန္တလေးစီမံကိန်းမှ (RC 4 **ထပ်တွဲ**) **လူနေဆိုင်ခန်းများအား ဧပြီလ (၁) ရက်နေ့မှ (၇) ရက်နေ့ အတွင်းစတင်ရောင်းချပေးနေပါပြီ။**

HOT LINE: 09-43148577 / 09-43148588

Developers :

New Star Light Construction

C.A.D CONSTRUCTION AND DECORATION

Contact us :

Mingalar Mandalay Project Head Office

New Star Light Co.,Ltd

No.33/A,Corner of 29th St., 73rd St., Chan Aye Thar Zan Township, Mandalay

TEL: +95 2 74516 / +95 2 74519

E-mail: info@mingalarmandalay.com

အချစ်သီချင်းအေးအေးလေးတွေ ပါဝင်တဲ့ ဂျပ်စတင်တင်းဘားလိတ်ရဲ့ အယ်လ်ဘမ်သစ်ဖြန့်ချိ

ကလေးသရုပ်ဆောင်နဲ့ ဆွဲဆောင်မှုရှိတဲ့ ယောကျာ်းလေးတီးဝိုင်းအဖွဲ့သား တစ်ဦးအဖြစ်ကနေ နာမည်ကြီးရုပ်ရှင်သရုပ်ဆောင်တစ်ဦးအဖြစ် အဆင့်ဆင့်ကူးပြောင်းခဲ့တဲ့ ဂျပ်စတင် တင်းဘားလိတ်ဟာ အောင်မြင်မှုရပြီးသား သူ့ရဲ့အနေအထားကို အိမ်ထောင်ပြုပြီးတဲ့နောက် ထွက်ပေါ်လာတဲ့ သီချင်းခွေတစ်ခွေနဲ့ အားဖြည့်ပြီး ၂၀၀၆ ခုနှစ်နောက်ပိုင်းမှာ ပထမဦးဆုံးအကြိမ်အဖြစ် ဂီတဘက်ကို ပြန်လှည့်လာပါတယ်။

အသက် ၃၂ နှစ် ရှိပြီဖြစ်တဲ့ တင်းဘားလိတ်ဟာ The20/20Experience ဆိုတဲ့ သီချင်းအယ်လ်ဘမ်သစ်ကို မတ်လ ၁၂ ရက်နေ့မှာ ဖြန့်ချိခဲ့ပါတယ်။ ဒါပေမဲ့ R&B သီချင်းကို ပြန်ဆန်းသစ်ထားတဲ့သီချင်းတစ်ပုဒ်အပါအဝင် အချစ်သီချင်း အေးအေးလေး ၁၀ ပုဒ် ပါဝင်တဲ့ ဒီအယ်လ်ဘမ်ဟာ ပြီးခဲ့တဲ့သီတင်းပတ်ကတည်းက iTune စာရင်းမှာ နံပါတ်တစ်နေရာ ရထားပါတယ်။

ဒီအယ်လ်ဘမ်သစ်ဟာ သူ့ရဲ့နာမည်ကြီး ပေါ့ပ်ဆင်ဂဲလ်သီချင်းတွေ ဖြစ်တဲ့ Sexyback နဲ့ What Goes Around ...Comes Around တို့ပါတဲ့ Future Sex/ Love Soundထွက်ပြီးတဲ့နောက်ပိုင်း အခုမှပထမဦးဆုံးအကြိမ် ထွက်လာတာပါ။

ရက်ပါဂျေးဇီ featuring လိုက်ပေးထားတဲ့ Suit & Tie ဆင်ဂဲလ်သီချင်းကတော့ ဇန်နဝါရီလမှာ စတင်ဖြန့်ချိခဲ့ပြီး ပထမရက်သတ္တပတ်အတွင်းမှာ မှန်းထားသလောက် မရောင်းခဲ့ရပေမယ့် ဒီအယ်လ်ဘမ်သစ်ကတော့ ဂရမ်မီပွဲက ဖျော်ဖြေတင်ဆက်မှုနဲ့ ဂျပ်စတင် ပါဝင်ပေးထားတဲ့ Saturday Night Live တီဗီရှိုးအပါအဝင် ပရိုမိုးရှင်းပွဲတွေကြောင့် ရောင်းအားကောင်းလိမ့်မယ်လို့ ခန့်မှန်းထားကြပါတယ်။

The 20/20 Experience အယ်လ်ဘမ်သစ်ဟာ ဖြန့်ချိပြီး ပထမရက်သတ္တပတ်အတွင်းမှာ ချပ်ရေ ၅၀၀,၀၀၀ လောက် ရောင်းရလိမ့်မယ်လို့ Billboard က ခန့်မှန်းထားပြီး ဘီလ်ဘုတ်မှာ နံပါတ် 'တစ်'နေရာ အလွယ်တကူ ရသွားစေနိုင်မယ်လို့လည်း ခန့်မှန်းထားပါတယ်။

ဖေဖော်ဝါရီလအတွင်းက BRIT Awards ပွဲသို့ တက်ရောက်လာသော အမေရိကန်အဆိုတော် ဂျပ်စတင်တင်းဘားလိတ်ကို တွေ့ရစဉ်။

ဒီအယ်လ်ဘမ်က သီချင်းအများစုဟာ သူစွဲလမ်းရတဲ့ မိန်းကလေးတစ်ဦးအကြောင်းကိုဖွဲ့ဆိုထားတဲ့ Pusher Girl Loveလို နရီစည်းအနှေးနဲ့ စည်းချက်ကျကျ တီးခတ်ပေးထားတဲ့ နွေရာသီ အချစ်သီချင်း အေးအေးလေးတွေပဲ ဖြစ်ပါတယ်။

ဘီလ်ဘုတ်မဂ္ဂဇင်းက Jason Lip-shutz က ဒီအယ်လ်ဘမ်သစ်ကို အယ်လ်ဘမ်အချပ် ၁၀၀ မှာ ၈၈ အဆင့်ကို ပေးထားပြီး ဒီအယ်လ်ဘမ်သစ်ဟာ သူ့ရဲ့ အရင်အခွေ Future Sex ပုံစံမျိုး ပုံစံတူ မဟုတ်သလို နားလည်ရလွယ်ပေမယ့် ပိုပြီးရှုပ်ထွေးတဲ့အရာတွေ ပေးထားတယ်လို့ ပြောပါတယ်။

ရိုးလင်းစတုန်းမဂ္ဂဇင်းရဲ့ ဂျိုဒီရိုစင်က တင်းဘားလိတ်ကို "ဩဇာတိက္ကမရှိပြီး ဆွဲဆောင်နိုင်စွမ်းရှိတဲ့ အဆိုတော်၊ အကသမားနဲ့ သရုပ်ဆောင်တစ်ဦး" လို့ ချီးမွမ်းထားပြီး ဒီအယ်လ်ဘမ်သစ်ကိုလည်း 'တင်းဘားလိတ်ရဲ့ ခံစားချက်အသစ်နဲ့ ဖွဲ့ဆိုထားတဲ့ သီချင်းခွေ'လို့လည်း ညွှန်းထားပါသေးတယ်။

Don't Hold The Wall သီချင်းဟာ တင်းဘားလိတ်ရဲ့ Sexyback သီချင်း ထွက်ခဲ့တုန်းက အချိန်တွေကိုပြန်ပြောင်းအမှတ်ရစေပေမယ့် ဒီအယ်လ်ဘမ်သစ်မှာတော့ တင်းဘားလိတ်ရဲ့ စိတ်ထဲမှာ ဇနီးသည်ဂျက်ဆီကာဘိုင်ယယ်လ်က ရှေ့ဆုံးက ရှိနေတာကို တွေ့ရပါတယ်။ That Girl ဆိုတဲ့ သီချင်းကတော့ R&B အချစ်သီချင်းကို ပြန်လည်ဆန်းသစ်ထားတဲ့ အချစ်သီချင်း ချိုချိုလေးပါ။ Mirrors ကတော့ သူ့ဇနီးအတွက် စပ်ထားတဲ့ ကဗျာသီချင်းလေးပါပဲ။

Los Angeles Times က သီချင်းတွေကို ဝေဖန်တင်ပြလေ့ရှိတဲ့ Mikael Wood က တင်းဘားလိတ်ရဲ့ အယ်လ်ဘမ်သစ်ကို အမှတ်လေးမှတ်မှာ သုံးမှတ်ပေးထားပြီး "တင်းဘားလိတ်ဟာ သူ့ရဲ့ အယ်လ်ဘမ်ကို အချစ်သီချင်းတွေနဲ့လည်း ထိန်းထားတယ်" လို့ သုံးသပ်ပြထားပါတယ်။

ဗြိတိန်ဂါးဒီးယန်းသတင်းစာမှာတော့ ဝေဖန်သူ Alexis Petridis က ဒီအယ်လ်ဘမ်သစ်ကို အမှတ်ငါးမှတ်မှာ သုံးမှတ်ပဲ ပေးထားပြီး သီချင်းစာသားတွေကို "အရမ်းကို ဆိုးလွန်းတယ်"လို့ အပြင်းအထန် ဝေဖန်ထားပါတယ်။ **(ရိုက်တာ)**

သီရိမင်းထွန်း ဘာသာပြန်သည်။ ■

GLAAD ဆုပေးပွဲကို ကင်းထောက်လူငယ် အမျိုးသားဝတ်စုံနဲ့ တက်ရောက်ပြီး ဆုချီးမြှင့်ပေးတဲ့ ပေါ့ပ်ဘုရင်မ မက်ဒေါနား

လက်မခံနိုင်စရာ ကိစ္စမျိုးဆိုရင် မသိချင်ယောင်ဆောင်မနေတတ်တဲ့ ပေါ့ပ်စတား မက်ဒေါနားဟာ မတ်လ ၁၆ ရက်နေ့မှာ ကျင်းပတဲ့ GLAAD ဆုပေးပွဲကို ကင်းထောက်လူငယ်အမျိုးသားဝတ်စုံနဲ့ တက်လာခဲ့ပြီး ကင်းထောက်အဖွဲ့ရဲ့ စည်းမျဉ်းတချို့နဲ့ပတ်သက်ပြီး ဝေဖန်ခဲ့ပါတယ်။

GLAAD Media Award ရရှိသွားတဲ့ အင်န်ဒါဆန်ကူးပါးကို ဆုချီးမြှင့်ပေးခဲ့တဲ့ မက်ဒေါနားဟာ ကင်းထောက်လူငယ်အဖွဲ့ အမျိုးသားဝတ်စုံကို ခေါင်းကနေ ခြေဖျားအဆုံး အပြည့်အစုံ ဝတ်ထားတာပါ။

(၂၄)ကြိမ်မြောက် GLADD ဆုပေးပွဲတွင် တွေ့ရသော အင်န်ဒါဆန်ကူးပါးနှင့် ပေါ့ပ်အဆိုတော် မက်ဒေါနား။

"သူများလည်း ကင်းထောက် ဖြစ်ချင်တယ်။ ဒါပေမဲ့ သူတို့ သူများကို ကင်းထောက်အဖွဲ့ထဲ ပေးမဝင်ကြဘူး" လို့ မက်ဒေါနားက ရယ်စရာအဖြစ် ပြောကြားခဲ့ပါတယ်။

"ဒီလိုလုပ်တာတော့ မကောင်းဘူးလို့ထင်တယ်။ သူများက မီးလည်းမွှေးတတ်တယ်။ ရွက်ဖျင်တဲလည်း ထိုးတတ်တယ်။ မြေပုံအညွှန်းတွေကိုလည်း ကောင်းကောင်း နားလည်တယ်။ ပြီးတော့ သစ်ပင်ပေါ်က ပြန်မဆင်းတတ်တော့တဲ့ကြောင်ကိုလည်း ကယ်ပေးနိုင်တယ်။ သူများလည်း ရပ်ရွာကောင်းကျိုးတွေမှာ ပါချင်တယ်"တဲ့။ အသက် ၅၂ အရွယ် ပေါ့ပ်ဘုရင်မကြီးက ဆုပေးပွဲကို အသုံးချပြီး အမေရိကန်မှာ မိန်းမလျာတွေကို ကင်းထောက်လူငယ်အဖွဲ့ထဲ ဝင်ခွင့်မပေးတာကို ဆန့်ကျင်ကြောင်း ဆုပေးပွဲအခမ်းအနား စင်မြင့်ထက်ကနေ ပြောခဲ့တာပါ။

"သူများကိုလည်း ကင်းထောက်လူငယ်အဖြစ် ပါဝင်ဖို့ ခွင့်ပြုပေးသင့်တယ်လို့ထင်တယ်။ ပြီးတော့ ဒီအသုံးမကျတဲ့ စည်းမျဉ်းကြီးကို သူတို့ ပြောင်းသင့်တယ်လို့ ထင်တယ်" လို့ မက်ဒေါနားက ပြောကြားခဲ့ပါတယ်။

မက်ဒေါနားဟာ ဒီဆုပေးပွဲမှာ ကျောင်းမှာ ကလေးအချင်းချင်း အနိုင်ကျင့်ကြတဲ့ ကိစ္စအပါအဝင် တခြားကိစ္စတွေနဲ့လည်းပတ်သက်ပြီး သူ့ရဲ့အမြင်ကို ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ငြိမ်းချမ်းရေးနဲ့ စာနာစိတ်အတွက် ၁၀ မိနစ်နီးပါးလောက်ကို စင်မြင့်ထက်ကနေ ပြောကြားခဲ့ပါတယ်။

"ဒီလိုခွဲခြားမှုမျိုးကို နောက်ထပ် မရှိစေချင်ပါဘူး။ ဒါကြောင့် တော်လှန်ရေးတစ်ရပ်ကို ကျွန်မ စတင်ချင်ခဲ့တာပါ။ ရှင်တို့ ကျွန်မနဲ့အတူ ဝင်နွှဲကြမလား။ အားလုံးက ၂၀၁၃ ခုနှစ်မှာ ရှိနေကြတဲ့ သူတွေပါ။ ဒါက မိန့်ခွန်းခြွေတာ မဟုတ်ပါဘူး။ မေးကြည့်တာပါ" လို့ ပေါ့ပ်ဘုရင်မက ပြောခဲ့ပါတယ်။

(နယူးယောက် ဒေးလီးနယူးစ်)

သီရိမင်းထွန်း ဘာသာပြန်သည်။ ■

ဂီတသက်တမ်း ၃၃ နှစ်အတွင်း ပထမဆုံးဖျော်ဖြေပွဲ . . .

စာမျက်နှာ ၄၁ မှ

သို့၊ နီနီခင်ဇော်၊ ရတနာဦး၊ အိမ့်ချစ်၊ အိုင်းရင်းဇင်မာမြင့်တို့နဲ့အတူ တခြားသော အဆိုတော်များက ပါဝင်ဖျော်ဖြေသွားမှာဖြစ်ပြီး Oasis၊ Emperor နဲ့ Golden Wave စတဲ့ တီးဝိုင်းများက တီးခတ်ပေးသွားမှာ ဖြစ်ပါတယ်။

Oasis တီးဝိုင်းမှ ကီးဘုတ်သမားကိုသက်ကလည်း "မဖြူသီ အရင်က ခွေတွေအများကြီး ထွက်ခဲ့ပေမယ့် သူ့မျက်နှာကို ထုတ်မပြခဲ့ပါဘူး။ အဲဒီအချိန်က ပရိသတ်တွေက ဖြူသီဆိုတာ ဘယ်လိုပုံစံလဲဆိုတာ သိချင်ခဲ့ပါတယ်။ ဒီနေ့မှာတော့ မဖြူသီက ပရိသတ်တွေကို သူ့မျက်နှာကို ထုတ်ဖော်ပြသတော့မှာပါ။ အဲဒါကြောင့် ပရိသတ်တွေကို တစ်ခုပြောချင်ပါတယ်။ ပွဲလာကြည့်တဲ့အခါ မြင်ရမယ့် ဖြူသီသည် လွန်ခဲ့တဲ့ နှစ် ၃၀ က ဖြူသီအတိုင်းပါပဲ။ ဘာမှသိပ်မပြောင်းလဲသွားပါဘူး" လို့ ပြောပြခဲ့ပါတယ်။

ဖျော်ဖြေပွဲလက်မှတ်များကို ဘိုဘိုအန်တာတိန်းမန့်၊ ရန်ကင်းစင်တာနဲ့ ရွှေ FM တို့မှာ မတ် ၁၆ ရက်နေ့မှ စတင်ရောင်းချပေးနေပြီဖြစ်ပြီး လက်မှတ်ဈေးနှုန်းတွေကို ကျပ် ၃၀,၀၀၀၊ ၂၀,၀၀၀၊ ၁၅,၀၀၀ နဲ့ ကျပ် ၆,၀၀၀ တို့ သတ်မှတ်ထားပါတယ်။

ပွဲကို သွားရောက်မကြည့်နိုင်တဲ့ ပရိသတ်များအတွက်လည်း ဖျော်ဖြေပွဲကို အချိန်နဲ့တပြေးညီ Sky Net ရုပ်သံလိုင်းနဲ့ ရွှေ FM တို့မှာ တိုက်ရိုက်ထုတ်လွှင့်သွားမှာ ဖြစ်ပါတယ်။ ■

ပရိသတ်ချီးမွမ်းမှုခံရတဲ့ မြန်မာနိုင်ငံဓာတ်ပုံအသင်းရဲ့ ဆုရဓာတ်ပုံပြပွဲ

နှမ်းဘိုင်း

မြန်မာနိုင်ငံ ဓာတ်ပုံအသင်းရဲ့ (၄၉) ကြိမ်မြောက် မြန်မာနိုင်ငံလုံး ဆိုင်ရာ နှစ်ပတ်လည် ဓာတ်ပုံပြပွဲဖွင့်ပွဲ အခမ်းအနားကို မတ်လ ၁၈ ရက်နေ့က ရန်ကုန်မြို့၊ စင်ထရယ်ဟိုတယ်မှာ ကျင်းပခဲ့ပါတယ်။

မြန်မာနိုင်ငံဓာတ်ပုံအသင်းရဲ့ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့တဲ့ ဓာတ်ပုံပြိုင်ပွဲများနဲ့အတူ နှစ်ပတ်လည် ဖိတ်ခေါ်ဓာတ်ပုံပြိုင်ပွဲတွေက ဆုရ ဓာတ်ပုံတွေကို အများပြည်သူများ ကြည့်ရှုနိုင်ဖို့ ခင်းကျင်းပြသခဲ့ပါတယ်။

"ခေတ်ပညာတွေ ဘယ်လိုပဲတိုးတက်ပါစေ၊ အနုပညာမပါတဲ့ ဓာတ်ပုံတစ်ပုံဟာ ခံစားမှုမဲ့တဲ့ ကဗျာတစ်ပုဒ် ဖတ်နေရသလို ဇာတ်လမ်းရိုးအီပြီး မထူးခြားတဲ့ ဝတ္ထုတစ်ပုဒ်ကို ဖတ်နေရသလိုပဲ ဖြစ်နေမှာပါ။ အဲဒါကြောင့် ခံစားမှုရသပါတဲ့၊ အနုပညာမြောက်တဲ့ ဓာတ်ပုံတွေဖြစ်အောင် ကျွန်တော်တို့ဆက်လက်ကြိုးပမ်းသွားရမှာဖြစ်ပါတယ်" လို့ မြန်မာနိုင်ငံဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးတင်မြင့် (စစ်ငြိမ်းပန်း)က အမှာစကား ပြောကြားခဲ့ပါတယ်။

ဒီပြပွဲကိုတော့ မြန်မာနိုင်ငံဓာတ်ပုံအသင်းမှ ဦးစီးကျင်းပတာ ဖြစ်ပြီး ၁၉၅၀ ပြည့်နှစ်က မြန်မာနိုင်ငံဓာတ်ပုံအသင်းကို စတင်တည်ထောင်ပေးခဲ့တဲ့ ဗြိတိသျှကောင်စီက အဓိက ပံ့ပိုးကူညီပေးခဲ့တာဖြစ်ပါတယ်။

"ကျွန်တော်တို့ ဗြိတိသျှကောင်စီအနေနဲ့ မြန်မာအသင်းအဖွဲ့များထဲမှာ အရှည်ကြာဆုံး ဆက်ဆံမှုရှိခဲ့တဲ့ အဖွဲ့အစည်းဖြစ်တဲ့ မြန်မာနိုင်ငံဓာတ်ပုံအသင်းရဲ့လှုပ်ရှားမှုမှာ ပူးပေါင်းပါဝင်ရတာ ဝမ်းသာပါတယ်" လို့ ဗြိတိသျှကောင်စီမှ ဒါရိုက်တာ Mr. Kevin Makhenzie က ပြောပါတယ်။

"မြန်မာနိုင်ငံက ဓာတ်ပုံရိုက်လို့ကောင်းတဲ့နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ အဲဒါကြောင့် အခုဆိုရင် ပြည်ပနိုင်ငံတွေက ဓာတ်ပုံသမားတွေလည်း အများကြီးလာရောက် ရိုက်ကူးချင်ကြတာကို တွေ့ရတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ဗြိတိသျှကောင်စီအနေနဲ့တော့ ပြည်တွင်းက ဓာတ်ပုံပညာရှင်တွေကို ထောက်ပံ့ပေးဖို့ ပိုပြီးစိတ်ဝင်စားတယ်။ ဒီနေ့ပြပွဲမှာ ဆုရဓာတ်ပုံတွေကလည်း အရမ်းကောင်းတဲ့ လက်ရာတွေ ဖြစ်နေတာ တွေ့ရပါတယ်" လို့လည်း သူက ပြောပါတယ်။

ပြပွဲမှာပြသထားတဲ့ ဓာတ်ပုံများကို နှစ်သက်အားရမိတယ်လို့ ပြပွဲကြည့်ပရိသတ်တစ်ဦးဖြစ်တဲ့ ဦးအောင်သူရက ပြောပါတယ်။

"တချို့ပုံတွေဆိုရင် ကိုယ်မတွေးထားတဲ့ ရှုထောင့်တွေကနေ တွေ့ရတော့ အရမ်းကြိုက်တယ်။ အိုင်ဒီယာပိုင်းလည်း အရင်နှစ်တွေထက် ပိုပြီးကောင်းလာတယ်လို့မြင်တယ်" လို့ ပြပွဲအပေါ် သူ့ရဲ့အမြင်ကိုမြန်မာတိုင်း(မ်)ကိုပြောပါတယ်။

မြန်မာနိုင်ငံဓာတ်ပုံအသင်းရဲ့ (၄၉) ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ နှစ်ပတ်လည်ဓာတ်ပုံပြပွဲသို့ လာရောက်လေ့လာနေကြသူများအား တွေ့ရစဉ်။ ဓာတ်ပုံ - ဘူးသီး

ဒီပွဲမှာ ၂၀၁၃ ဖေဖော်ဝါရီလက ကျင်းပပြုလုပ်ခဲ့တဲ့ ၂၀၁၂ ခုနှစ်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဖိတ်ခေါ်ဓာတ်ပုံပြိုင်ပွဲမှာ ဆုရရှိခဲ့တဲ့ ဖန်တီးမှုရသပါတဲ့ ဓာတ်ပုံတွေ၊ နယ်မြေဒေသရဲ့ ထူးခြားတဲ့ ရှုခင်းတွေ၊ လူနေမှုဘဝတွေကို ဖော်ပြတဲ့ ဓာတ်ပုံတွေကို ပြသခဲ့တဲ့အပြင် ဓာတ်ပုံပညာနဲ့ပတ်သက်တဲ့ ဆွေးနွေးပွဲတွေကိုလည်း မတ်လ ၁၈ ရက်မှ ၂၀ ရက်နေ့အထိ စင်ထရယ်ဟိုတယ်မှာ ပြုလုပ်ကျင်းပခဲ့ပါတယ်။

၂၀၁၂ ခုနှစ်အတွက် ဖိတ်ခေါ်ဓာတ်ပုံပြိုင်ပွဲရဲ့ ကာလာဓာတ်ပုံကဏ္ဍမှာ ပထမဆုနဲ့ နှစ်သိမ့်ဆု၊ အဖြူအမည်းကဏ္ဍမှာ ဒုတိယဆုနဲ့ နှစ်သိမ့်ဆု၊ လူပုံကဏ္ဍမှာ တတိယဆုတွေကို ဆွတ်ခူးခဲ့တဲ့ ကိုဇော်မင်းကတော့ ၂၀၁၂ ခုနှစ်အတွက် အကောင်းဆုံး ဓာတ်ပုံပညာရှင်ဆုကို အပ်နှင်းခံခဲ့ရပါတယ်။

ပုံတိုင်းကိုတော့ ကြိုးကြိုးစားစား၊ ခဲရာခဲဆစ် ရိုက်ခဲ့တာဖြစ်ပေမယ့် သူဆုရရှိခဲ့တဲ့ ဓာတ်ပုံတွေထဲက ကာလာ pictorial ကဏ္ဍမှာ ပထမဆုရရှိခဲ့တဲ့ မေမြို့၊ ရေပုံတောင်ရဲ့လှိုဏ်ထဲမှာ ရိုက်ဖြစ်ခဲ့တဲ့ ဓာတ်ပုံကိုတော့ အားအရဆုံးလို့ ပြောပါတယ်။

"ဒီပထမဆုရတဲ့ ပုံကတော့ တော်တော်လေး အပင်ပန်းခံပြီး ရိုက်ခဲ့ရတာပါ။ မေမြို့၊ ရေပုံတောင်ရဲ့ လှိုဏ်ထဲဆင်းသွားရတာပေါ့။ ရေတံခွန်က ငါးခုလောက်ရှိပြီး တော်တော်လည်း မတ်တယ်။ ချောက်ကလည်း နက်တယ်။ အဲဒီအထဲကို ခဲရာခဲဆစ် ဆင်းခဲ့ရတာပါ။ လူအရောက်အပေါက်လည်း သိပ်မရှိဘူးလို့ သိရတယ်" လို့ သူ့ရဲ့ အားအရဆုံးဓာတ်ပုံလည်းဖြစ်၊ ပထမဆုလည်း ချိတ်ခဲ့တဲ့ ဓာတ်ပုံကို ကြိုးစားရိုက်ခဲ့တဲ့ အကြောင်း ပြောပါတယ်။

"အဲဒီလို အရဲစွန့်သွားပြီးတော့ ကိုယ်ထင်သလို မဖြစ်လာတာတွေလည်း အများကြီး ကြုံတွေ့ခဲ့ရတယ်" လို့လည်း ပုံကောင်းတစ်ပုံရဖို့ ပေးဆပ်ရတဲ့ အခက်အခဲတွေကို ပြောပါတယ်။

မြန်မာတစ်နိုင်ငံလုံး ဓာတ်ပုံပြိုင်ပွဲမှာ ဆုငါးဆုအပြင် အကောင်းဆုံးဓာတ်ပုံပညာရှင်ဆုကို ဆွတ်ခူးခဲ့တဲ့အပေါ် သူ့ရဲ့ပီတိခံစားချက်ကိုလည်း ပြောပြခဲ့ပါတယ်။

"ဒါကတော့ ကျွန်တော်တို့ ဓာတ်ပုံသမားတိုင်းက အရမ်းလိုချင်တဲ့ ဆုတစ်ဆုဆိုတော့ ဒီဆုကိုရတာ အရမ်းဝမ်းသာတယ်။ ပွင့်ပွင့်လင်းလင်း ပြောရရင် အကောင်းဆုံးဖြစ်အောင် လုပ်ခဲ့တာဖြစ်ပေမယ့် ဒီဆုရဖို့ ကျွန်တော် မမျှော်လင့်ရဲခဲ့ဘူး" လို့ ဆိုပါတယ်။ ■

" အမေရိကန်၊ အင်္ဂလန်၊ စင်ကာပူ၊ မလေးရှား ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်များ စုစည်းမှု "

USA - UK - Singapore - Malaysia
UNIVERSITIES' FAIR 2013

ပြပွဲအတွင်း Education Guide Book အခမဲ့ လာရောက်ထုတ်ယူနိုင်ပါပြီ။

CROWN EDUCATION
British Council Education UK
Agents Training Certificate(Distinction)

- SAT ရမှတ်များ တင်ပြရန်မလိုအပ်ဘဲ၊ မြန်မာ(၁၀)တန်းအောင် သို့မဟုတ် GCE 'O' ရမှတ်ဖြင့် တိုက်ရိုက်လျှောက်ထားနိုင်မည့် အမေရိကန်တက္ကသိုလ်များ၊ GRE / GMAT တင်ပြရန်မလိုသည့် ဘွဲ့လွန်ပရိုဂရမ်များ
- GCE 'A' လက်မှတ်မလိုဘဲ တိုက်ရိုက်လျှောက်ထားနိုင်သည့် Top(10) အဆင့် အင်္ဂလန်တက္ကသိုလ်များ
- ကျပ်သိန်း(၁၀၀)ကျော် ပညာသင်ဆုပေးအပ်မည့် PSB Academy မှ အင်ဂျင်နီယာဘာသာရပ်များ
- IELTS 6 (*For Degree*) / 6.5 (*For Master*) ရရှိထားသူများအတွက် ၅၀% ပညာသင်ထောက်ပံ့ကြေးပေးအပ်မည့် အင်္ဂလန်တက္ကသိုလ်
- Oxford / Cambridge တက္ကသိုလ်ဝင်ခွင့် Preparation ကျောင်းများ
- အင်္ဂလန်ဆေးတက္ကသိုလ်ဝင်ခွင့်ပြင်ဆင်ပေးမည့် ကောလိပ်များ

ရန်ကုန်
Date - 22ND MAR 2013 (သောကြာ)
Time - 10:00 a.m to 2:00 p.m
Venue - Summit Parkview Hotel

မန္တလေး
Date - 24TH MAR 2013 (တနင်္ဂနွေ)
Time - 10:00 a.m to 1:00 p.m
Venue - Hotel Mandalay

Call Us : 09 732 732 77 - 09 5085 185 - 09 730 40 688

မတ်လ ၁၇ ရက် (တနင်္ဂနွေနေ့) အမ်စီစီခန်းမမှာ ကျင်းပခဲ့တဲ့
MBA ကျောင်းသားများနှစ်ပတ်လည်ညစာစားပွဲအခမ်းအနား

ဒေါ်ရီရီမြင့်

ဦးတင်ထွန်းအောင်၊ ဒေါက်တာဖြိုးဖြိုးဟန်နှင့် ဒေါ်ကြူကြူဟန်

ဦးဇော်ဝင်းခိုင်၊ ဦးမျိုးလှိုင်အောင်နှင့် ဦးဇော်လင်း

မမေမြတ်မွန်ဝင်း၊ မဝင့်နှင့် မမိုးသန္တာဝင်း

အိချစ်

NIVEA ရဲ့ ညစာစားပွဲ အခမ်းအနားမှ မော်ဒယ်နှစ်ဦး(အပေါ်) ခိုင်သဇင်ယုဝါနှင့် ဒေါက်တာကျော်စုထွေး

မတ်လ ၁၃ ရက် (ဗုဒ္ဓဟူးနေ့) ကုန်သည်ကြီးများဟိုတယ်မှာ ကျင်းပခဲ့တဲ့
NIVEA ရဲ့ ညစာစားပွဲအခမ်းအနား

Marco

Mr. Praspas Rattanapas

ဟေမာန်ခင်ချို

မတ်လ ၁၆ ရက် (စနေနေ့) ပါ့ခ်ရွိုင်ရယ်ဟိုတယ်မှာ ကျင်းပခဲ့တဲ့
NIEC ကျောင်းဆင်းပွဲအခမ်းအနား

ကျောင်းသူလေးများ

Mr. Nelson Rweel

Teacher Alvina

ဆရာမ လေးလေးမြင့်

မတ်လ ၁၅ ရက် (သောကြာနေ့) ဆာကူရာတာဝါမှာ ကျင်းပခဲ့တဲ့
Samsung ကံထူးရှင်ရွေးချယ်ပွဲ

Mr. Nam Sik Ahn

မချိုဦးလွင်

ကိုဇာနည်ဝင်းထက်

ဇော်ကိုကိုထွန်း

မတ်လ ၁၅ ရက် (သောကြာနေ့) တော်ဝင်စင်တာမှာ ကျင်းပခဲ့တဲ့
Fantastic Music Contest Level 2 ပြိုင်ပွဲ

ပြိုင်ပွဲဝင်တစ်ဦး

အယ်(လ်)ခွန်းရီ

ပြိုင်ပွဲဝင်တစ်ဦး



7th Indonesian
Culinary and Culture Fair
18 - 26 March 2013

Be part of it and experience a true taste of Indonesia.

Venue : La Brasserie Restaurant (Level 1)
Buffet Dinner : 6:30 pm to 10:00 pm
Buffet Price : USD 30.00 nett per adult

* Terms and conditions apply.

In collaboration with : EMBASSY OF THE REPUBLIC OF INDONESIA YANGON — La BRASSERIE

PARKROYAL YANGON

For enquiries and reservations, please call 250 388 ext: 8102, 8121 or email rbe.prygn@parkroyalhotels.com

parkroyalhotels.com

33 Alan Pya Phaya Road, Dagon Township, Yangon, Myanmar. Tel : +95 1 250 388

global hotel alliance

နွမ်ဘွိုင်း
စီစဉ်သည်။

ဒီတစ်ပတ် ဆိုရှယ်မမရဲ့ခရီးစဉ်ကတော့ အရင်သီတင်းပတ်တွေက ဆင်နွှဲခဲ့တဲ့ ပွဲတွေနဲ့ ခပ်ဆင်ဆင်ပွဲတွေအပြင် Fantastic Music Contest ရဲ့ Level 2 အဆင့်ပြိုင်ပွဲကိုပါ တက်ရောက်ခဲ့တာကြောင့် အပန်းလည်းပြေပြီး တစ်ပတ်တာကို သာသာယာယာ ဖြတ်သန်းခဲ့ပြန်ပါတယ်။ ကုန်ပစ္စည်းသစ်မိတ်ဆက်တွေဖြစ်တဲ့ General Fujitsu အဲကွန်းကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲ၊ Phillips အီလက်ထရွန်းနစ်ကုန်ပစ္စည်း သစ်မိတ်ဆက်ပွဲတို့အပြင် Acer နဲ့ Samsung ရဲ့ ကံထူးရှင်ရွေးချယ်ပွဲကိုပါ တက်ရောက်ဖြစ်ခဲ့ပြီး NIEC ကျောင်းဆင်းပွဲအခမ်းအနား၊ MBA ကျောင်းသူကျောင်းသားများရဲ့ နှစ်ပတ်လည်ညစာစားပွဲတို့အပြင် NIVEA ရဲ့ ညစာစားပွဲကိုလည်း တက်ရောက်ဖြစ်ခဲ့ပါတယ်။ ဒါ့ပြင် အလှကုန်မှာ နှစ်ပေါင်းများစွာ နေရာရနေတဲ့ Kanebo အလှကုန်ပစ္စည်းရဲ့ ကောင်တာသစ်ဖွင့်ပွဲနဲ့ Living Irrawaddy ခရီးသွားလုပ်ငန်းဖွင့်ပွဲအခမ်းအနားကိုလည်း တက်ရောက်ဖြစ်ခဲ့သလို ပါ့ခ်ရွိုင်ရယ်မှာပြုလုပ်ဝတေးသံရှင် ဒေါ်ဖြူသီရဲ့ 'မိုင်ပေါင်းကုဋေမှ လမ်းပြကြယ်သို့' လို့နာမည်ပေးထားတဲ့ တစ်ကိုယ်တော် ဖျော်ဖြေပွဲအတွက် အစီအစဉ်တွေအသိပေးတာကို စိတ်ဝင်တစား နားထောင်ဖြစ်ခဲ့ပါသေးတယ်။

မတ်လ ၁၄ ရက် (ကြာသပတေးနေ့) စီးတီးစတားဟိုတယ်မှာ ကျင်းပခဲ့တဲ့ **Acer ရဲ့ ကံထူးရှင်ရွေးချယ်ပွဲ**

ကံထူးရှင်ဆု ချီးမြှင့်နေစဉ်။

ဦးစိုးဝင်းအောင်

ကိုအောင်သူရ

Kanebo ကောင်တာသစ် မိတ်ဆက်ပွဲမှမော်ဒယ်တစ်ဦး

မတ်လ ၁၇ ရက် (တနင်္ဂနွေနေ့) အလုံမြို့နယ်မှာ ကျင်းပခဲ့တဲ့ **Living Irrawaddy ခရီးသွားလုပ်ငန်းဖွင့်ပွဲအခမ်းအနား**

ဒေါ်မြတ်ထွန်းခင် ဒေါ်သက်ဇင်မြင့် ဒေါ်မြပန်းချစ် ဦးသန်းထိုက်

မတ်လ ၁၂ ရက် (အင်္ဂါနေ့) ဆူးလေဘုရားလမ်းမှာ ပြုလုပ်ခဲ့တဲ့ **Phillips ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲ**

အရောင်းဝန်ထမ်းများ

ကုန်ပစ္စည်း သရုပ်ပြနေစဉ်။

ကြည်သင်းနှင့် သက်သက်

မတ်လ ၁၁ ရက် (တနင်္လာနေ့) ဗိုလ်အောင်ကျော်လမ်းမှာ ကျင်းပခဲ့တဲ့ **General Fujitsu ကုန်ပစ္စည်းမိတ်ဆက်ပွဲ**

မနိုင်နိုင်လွင်



Mr. Morishita Yoshihisa

Ms. Kisako Kanechiku

ဦးစိုးဝင်း

မတ်လ ၁၄ ရက် (ကြာသပတေးနေ့) ပါ့ခ်ရွိုင်ရယ်ဟိုတယ်မှာ ပြုလုပ်ခဲ့တဲ့ **အဆိုတော်ဖြူသီရဲ့ တစ်ကိုယ်တော်ဖျော်ဖြေပွဲ စာနယ်ဇင်းမိတ်ဆက်ပွဲ**

ဒေါ်ဖြူသီ

မတ်လ ၁၆ ရက် (စနေနေ့) ပါ့ခ်ရွိုင်ရယ်ဟိုတယ်မှာ ပြုလုပ်ခဲ့တဲ့ **Kanebo ကောင်တာသစ်မိတ်ဆက်ပွဲ**

မိုးယံဇွန်

မအေးအေးသွေးနှင့် လင်းဇာနည်ဇော်

ကိုပြည့်ဖြိုး

ထက်ထက်မိုးဦးနှင့် ဖူးမြတ်ထက်

တစ်ပတ်စာ သင့်ဇာတာ

ပရောဖက်မြတ်သစ် (နက္ခတ္တဝေဒပညာရှင်)
အခန်း(၂၀၁)၊ ဒုတိယထပ်၊ တိုက်(၄)၊ သီရိဂုဏ်အိမ်ရာ
ဝေဇယန္တာလမ်း၊ ၁၆/၂ ရပ်ကွက်၊ သင်္ဃန်းကျွန်း။
ဖုန်း - ၀၉ ၇၃၀၀ ၄၉၃၂၊ ၅၆၇၇၆၅၊ ၅၇၇၉၉၁။

၂၀၁၃၊ မတ်လ
၂၂ ရက်မှ ၂၈ ရက်အထိ

မိဿရာသီဖွား (Aries) မတ် ၂၂ မှ ဧပြီ ၂၀ - ပင်လယ်ရေကြောင်း ကုန်သွယ်မှု လုပ်ငန်း၌ လတ်တလော ရင်းနှီးမြှုပ်နှံမှု မပြုလုပ်သင့်သေး။ အကြံအစည်များ အကောင်အထည်ဖော်ရန် အချိန်စောင့်ရဦးမည်ဖြစ်သည်။ ရပ်ဝေးအဆက်အသွယ်ကောင်းများမှု ဆက်လက်ရရှိနေမည်။ ဝင်ငွေတိုးတက်ကောင်းမွန်နိုင်သလို ထွက်ငွေလည်း များနေဦးမည်ဖြစ်သည်။ အိမ်ထောင်ဖက်ထံမှ မျှော်လင့်မထားသော အကြံဉာဏ်ကောင်းများ ရလိမ့်မည်။ **ယတြာ – မွေးနံထောင့်၌ ရွှေသက်န်းကပ်လှူပါ။**

ပြိဿရာသီဖွား (Taurus) ဧပြီ ၂၁ မှ မေ ၂၁ - ကံကောင်းသည့် ရက်များဖြစ်လိမ့်မည်။ အကြံအစည်အောင်မည်။ ဂုဏ်သိက္ခာအဆင့်အတန်းတိုးမည်။ ချစ်သူခင်သူ မိတ်ကောင်းဆွေကောင်းတို့ထံမှ ကောင်းကျိုးများရလိမ့်မည်။ ဖိမ်ခံပစ္စည်း၊ လက်ဝတ်ရတနာ၊ အလှကုန်၊ အဝတ်အထည်ကောင်းနှင့် အိမ်ခြံမြေကားတို့မှ သင်၏ လိုအင်ဆန္ဒတို့ကို ပြည့်ဝစေနိုင်သည့် ရက်များဖြစ်သည်။ အသိဉာဏ်ထက်သန်ပြီး ဝင်ငွေအကျိုးအမြတ်ရအောင် ဆောင်ရွက်နိုင်မည်။ **ယတြာ – ချိစ်ကိတ်နှင့် သစ်သီးများ ကပ်လှူလောင်းလှူပါ။**

မေထုန်ရာသီဖွား (Gemini) မေ ၂၂ မှ ဇွန် ၂၂ - မိမိ၏ ကျွမ်းကျင်မှုကြောင့် လုပ်ငန်းများ ကြီးပွားတိုးတက်အောင်မြင်လိမ့်မည်။ ရာထူးရာခံ၊ လုပ်ပိုင်ခွင့်၊ ခံစားခွင့်စသည်တို့ တိုးတက်ရရှိနိုင်၏။ အတိတ်ဘဝကုသိုလ်ကံပွင့်လန်းနေပြီး မိတ်ကောင်းဆွေကောင်း၊ ဆရာမိဘ၊ နတ်ကောင်းနတ်မြတ်တို့ထံမှ ကောင်းကျိုးများရရှိလိမ့်မည်။ အထူးသဖြင့် အိမ်ခြံမြေ၊ ကားကိစ္စများ အကျိုးပေးလိမ့်မည်။ နစ်နာဆုံးရှုံးမှုဘေးမှ ကင်းဝေးလိမ့်မည်။
ယတြာ – ကြာသပတေးထောင့်၌ မုန့်အမျိုးမျိုးကပ်လှူပူဇော်ပါ။

ကရကဋ်ရာသီဖွား (Cancer) ဇွန် ၂၃ မှ ဇူလိုင် ၂၃ - ပိုမို၍ ကံပွင့်လန်းလာမည်ဖြစ်သည်။ ကုသိုလ်ရေးဆောင်ရွက်ချက်များ အောင်မြင်ပြီးမြောက်၍ ရလဒ်ကောင်းများ ပေါ်ထွက်လာမည်။ နောက်လိုက်တပည့်တပန်းကောင်းများ အကျိုးပေးမည်။ ဆွေးနွေးညှိနှိုင်းမှုများ အရာရောက်မည်။ ဩဇာတိက္ကမ ပိုမိုကြီးမားလာမည်။ ၂၃ ရက်၊ ၂၄ ရက်၊ ၂၈ ရက်တို့ ပိုမိုကံပွင့်လန်းနေတတ်၍ အရေးပါသည့် ကိစ္စများ ဦးစားပေးဆောင်ရွက်အောင်မြင်လိမ့်မည်။ **ယတြာ – စာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်းပါ။**

သိဟ်ရာသီဖွား (Leo) ဇူလိုင်၂၄ မှ ဩဂုတ် ၂၃ - လုပ်ငန်းလက်ကျန်ငွေများ လက်လွှဲငွေများ ပြန်လည်တောင်းခံရရှိနိုင်သည်။ ပိုမို၍ ကံအခွင့်အလမ်းပွင့်လန်းရန် အခြေအနေကောင်းများ စတင်ပေါ်ပေါက်လိမ့်မည်။ လိုအင်ဆန္ဒပြည့်ဝနိုင်ပြီး ဝင်ငွေတိုးတက်အောင်လည်း ကြိုးစားဆောင်ရွက်နိုင်လိမ့်မည်။ အထူးသဖြင့် အစုစပ်လုပ်ငန်းများ အကျိုးပေးနိုင်၏။ မည်သည့် အလုပ်အကိုင်၌မဆို နစ်နာဆုံးရှုံးမှု ကင်းဝေးသွားလိမ့်မည်။
ယတြာ – အုန်းဆွမ်းကပ်လှူလောင်းလှူပါ။

	AI 233	15:00	16:00
SAT	8M 602	12:50	16:00
GAYA TO MANDALAY			
TUE	8M 604	13:15	16:20
THUR	8M 604	13:15	16:20
SUN	8M 604	13:15	16:20
DOHA TO YANGON			
MON	QR 618	21:05	06:29+1
TUE	QR 618	21:05	06:29+1
WED	QR 618	21:05	06:29+1
THUR	QR 618	21:05	06:29+1
FRI	QR 618	21:05	06:29+1
SAT	QR 618	21:05	06:29+1
SUN	QR 618	21:05	06:29+1
PHNOM PENH TO YANGON			
WED	8M 404	20:10	21:35
SAT	8M 404	20:10	21:35
SEOUL TO YANGON			
MON	KE 471	18:40	22:45
TUE	KE 471	18:40	22:45
WED	KE 471	18:40	22:45
THUR	KE 471	18:40	22:45
FRI	KE 471	18:40	22:45
SAT	KE 471	18:40	22:45
SUN	KE 471	18:40	22:45
SIEM REAP TO YANGON			
MON	8M 402	20:15	21:25
FRI	8M 402	20:15	21:25
TOKYO TO YANGON			
WED	NH 913	11:10	17:05
HONGKONG TO YANGON			
MON	KA 250	21:20	23:35
WED	KA 250	21:20	23:35
FRI	KA 250	21:20	23:35
SUN	KA 250	21:20	23:35
DON MUEANG TO MANDALAY			
MON	FD 2760	09:10	10:35
TUE	FD 2760	09:10	10:35
THUR	FD 2760	09:10	10:35
SAT	FD 2760	09:10	10:35
KUNMING TO MANDALAY			
MON	MU 2029	14:00	13:50
TUE	MU 2029	14:00	13:50
WED	MU 2029	14:00	13:50
THUR	MU 2029	14:00	13:50
FRI	MU 2029	14:00	13:50
SAT	MU 2029	14:00	13:50
SUN	MU 2029	14:00	13:50
DON MUEANG TO MANDALAY			
MON	FD 2760	09:10	10:35
TUE	FD 2760	09:10	10:35
THUR	FD 2760	09:10	10:35
SAT	FD 2760	09:10	10:35
KUNMING TO MANDALAY			
MON	MU 2029	14:00	13:50
TUE	MU 2029	14:00	13:50
WED	MU 2029	14:00	13:50
THUR	MU 2029	14:00	13:50
FRI	MU 2029	14:00	13:50
SAT	MU 2029	14:00	13:50
SUN	MU 2029	14:00	13:50

International

FD & AK = Air Asia	IC = Indian Airlines Limited
TG = Thai Airways	W9 = Air Bagan
8M = Myanmar Airways International	3K = Jet Star
	AI = Air India
PG = Bangkok Airways	QR = Qatar Airways
MI = Silk Air	KE = Korea Airlines
VN = Vietnam Airline	NH = All Nippon Airways
MH = Malaysia Airlines	SQ = Singapore Airways
CZ = China Southern	DE = Condor Airlines
CI = China Airlines	MU=China Eastern Airlines
CA = Air China	BR = Eva Airlines
KA = Dragonair	DE = Condor

Subject to change without notice

ပြိုင်ဆိုင်အားကောင်းလာတဲ့ ၂၀၁၄ ကမ္ဘာ့ဖလား တောင်အမေရိကဇုန် ခြေစစ်ပွဲများ ပွဲကြိုခန့်မှန်းချက်

အောင်မိုးဇော်

၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲကို ဘရာဇီးလ်နိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပမှာ ဖြစ်တာကြောင့် တောင်အမေရိကဇုန်ကအသင်းကိုးသင်းတို့ဟာ ခြေစစ်ပွဲအောင်မြင်ရေး ရည်မှန်းချက်နဲ့ အပြိုင်ကြိုးစားနေခဲ့ရာမှာ အခုဆိုရင် ခြေစစ်ပွဲဟာထက်ဝက်ကျိုးလာနေပြီဖြစ်ပါတယ်။ တောင်အမေရိကဇုန်မှာ အသင်း ၁၀ ရှိခဲ့ပေမယ့် ဘရာဇီးလ်က အိမ်ရှင်ဖြစ်တာကြောင့် ခြေစစ်ပွဲကစားစရာမလိုတာကြောင့် ကျန်ကိုးသင်းသာခြေစစ်ပွဲကစားနေရကြတာဖြစ်ပါတယ်။ တောင်အမေရိကဇုန်မှာ ဘရာဇီးလ်၊ အာဂျင်တီးနားတို့ဟာ အစဉ်အလာအရ ခြေစစ်ပွဲအောင်နေကျဖြစ်ခဲ့ပေမယ့် ဒီတစ်ကြိမ်မှာ ဘရာဇီးလ် မပါခဲ့တာကြောင့် အခြားအသင်းတွေအတွက် အခွင့်အရေးဖြစ်နေတာကြောင့် ရည်းမှန်းချက်ကြီးနေခဲ့ကြတာပဲဖြစ်ပါတယ်။ တောင်အမေရိကဇုန်ကနေ ခြေစစ်ပွဲဝင်ခွင့်ပေးထားတဲ့ ခွဲတမ်းက ၄ ဒသမ ၅ သင်းဖြစ်ပါတယ်။ လေးသင်းဟာ တိုက်ရိုက်ခြေစစ်ပွဲအောင်မှာဖြစ်ပြီး အဆင့်(၅)ရတဲ့အသင်းက ထပ်ဆင့်ခြေစစ်ပွဲကစားရမှာဖြစ်ပါတယ်။

ခြေစစ်ပွဲ ကိုးပွဲကစားထားအပြီးမှာတော့ ၂၀၁၀ ကမ္ဘာ့ဖလားယှဉ်ပြိုင်ခဲ့ကြတဲ့ ပါရာဂွေး၊ ချီလီ၊ ဥရုဂွေးတို့ဟာ ရုန်းကန်နေကြရပြီး ခြေစစ်ပွဲတိုက်ရိုက်အောင်ဖို့ မရေမရာဖြစ်နေခဲ့ကြရပြီဖြစ်ပါတယ်။ အာဂျင်တီးနားဟာအမှတ်ပေးဇယားကို ဦးဆောင်နေပြီး အီကွေဒေါ၊ ကိုလံဘီယာ၊ ဗင်နီဇွဲလားတို့က နောက်က အသီးသီးလိုက်လျက်ရှိနေလို့ ဥရုဂွေး၊ ချီလီတို့ဟာ အမီလိုက်ဖို့ ရုန်းကန်နေကြရပြီဖြစ်ပါတယ်။ ပါရာဂွေးကတော့ ဒီတစ်ကြိမ်မှာတော့ အဆင့်(၉)မှာ ရောက်နေတာကြောင့် ခြေစစ်ပွဲအောင်ဖို့ လမ်းမမြင်ရတော့တဲ့အနေအထားကိုရောက်သွားခဲ့ပြီဖြစ်ပါတယ်။ အီကွေဒေါနဲ့ ကိုလံဘီယာတို့ကစားအားတက်လာခဲ့တာက ဥရုဂွေး၊ ချီလီတို့အတွက် အနှောင့်အယှက်တစ်ခုဖြစ်သွားပြီး တောင်အမေရိကဇုန်ရဲ့ ခြေစစ်ပွဲဟာ ပြိုင်ဆိုင်မှုပြင်းထန်အားကောင်းကာ ပရိသတ်စိတ်ဝင်စားမှုဟာလည်း မြင့်မားလာနေခဲ့ပြီဖြစ်ပါတယ်။

ပါရာဂွေးအသင်းနှင့်ကစားမည့် ခြေစစ်ပွဲအတွက် လေ့ကျင့်မှုပြုလုပ်နေသည့် ဥရုဂွေးအသင်းသားများ။ ဓာတ်ပုံ - အေအက်ဖ်ပီ

အာဂျင်တီးနား–ဗင်နီဇွဲလား

ဒီတစ်ပတ်မှာတော့ သောကြာမှာ ပွဲစဉ်(၁၀)ကစားမှာဖြစ်ပြီး အင်္ဂါမှာ ပွဲစဉ်(၁၁)ကစားကြမှာဖြစ်ပါတယ်။ ထိပ်ဆုံးက အာဂျင်တီးနားအသင်းဟာ အရင်ဆုံး အိမ်ကွင်းမှာဗင်နီဇွဲလားအသင်းနဲ့ ကစားရမှာဖြစ်ပြီးဒုတိယပွဲကို ဘိုလစ်ဗီးယားနဲ့ အဝေးကွင်းကစားရမှာဖြစ်ပါတယ်။ ဗင်နီဇွဲလားကို ပထမအကျော့တုန်းက ၁-၀ နဲ့ အာဂျင်တီးနားဟာ ရှုံးထားလို့ ဒီပွဲကိုဂရုတစိုက်နဲ့ ကစားလာဖွယ်ရှိနေပါတယ်။ အာဂျင်တီးနားဟာ အိမ်ကွင်းမှာ ဂိုးပြတ်တွေနဲ့ အနိုင်ရထားတဲ့ပွဲတွေရှိခဲ့ပြီး ၁-၁ သရေတစ်ပွဲသာရှိထားခဲ့ပါတယ်။ ဂိုးပြတ်နဲ့ဗင်နီဇွဲလားကိုအနိုင်ရမယ်ထင်ရပေမယ့် ဗင်နီဇွဲလားမှာ တိုက်စစ်ကောင်းတဲ့ အချက်ရှိထားပါတယ်။ မက်ဆီတို့အုပ်စု လိဂ်ပွဲတွေအများအပြားကစားထားလို့ ပွဲကစားအားလျော့နေနိုင်ပါတယ်။ အာဂျင်တီးနားရဲ့အနိုင်ဟာ ဒီပွဲမှာတော့ မပြတ်သားနိုင်ပါဘူး။

ဥရုဂွေး–ပါရာဂွေး

အရင်ကတော့ ပါရာဂွေးဟာ ဘရာဇီးလ်၊ အာဂျင်တီးနားတို့ပြီးရင် အကောင်းဆုံးတောင်အမေရိကအသင်းဖြစ်ပါတယ်။ အခုတော့အခြေအနေဆိုးနေခဲ့ပြီဖြစ်ပါတယ်။ ခြေစစ်ပွဲ အမှတ်ပေးဇယားမှာ အောက်ဆုံးကိုရောက်နေခဲ့ပြီဖြစ်ပါတယ်။ အခုလည်း ဥရုဂွေးနဲ့ အဝေးကွင်း ကစားရတော့မှာဖြစ်ပါတယ်။ ပထမအကျော့ ပါရာဂွေးကွင်းမှာတုန်းက ၁-၁ သရေကျခဲ့ပါတယ်။ ဥရုဂွေးကလည်း ခြေစစ်ပွဲမှာ ရလဒ်ဆိုးနေခဲ့လို့ သူတို့ပရိသတ်တွေရဲ့ဝေဖန်မှုကို ခံနေကြရပါတယ်။ ဒါကြောင့် ဒီပွဲမှာ အနိုင်ရအောင်ကစားနိုင်ပါမှ နည်းပြတာဘာရက်ဇ် ဝေဖန်မှုတွေက လွတ်မြောက်မှာဖြစ်ပါတယ်။ ပါရာဂွေး ခြေစစ်ပွဲအောင်ဖို့ မလွယ်တော့ပါဘူး။ အဝေးကွင်းရလဒ်လည်း ဆိုးရွားနေပါတယ်။ ဒါကြောင့် ဒီပွဲက ကာဗာနီ၊ ဂိုဒင်တို့အုပ်စုအိမ်ကွင်းမှာ နိုင်မှာသေချာတယ်။

တောင်အမေရိကန်ဇုန်ခြေစစ်ပွဲ

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
အာဂျင်တီးနား	၉	၆	၂	၁	၂၀	၇	၂၀
အီကွေဒေါ	၉	၅	၂	၂	၁၂	၉	၁၇
ကိုလံဘီယာ	၈	၅	၁	၂	၁၄	၆	၁၆
ဗင်နီဇွဲလား	၉	၃	၃	၃	၈	၉	၁၂
ဥရုဂွေး	၉	၃	၃	၃	၁၆	၁၈	၁၂
ချီလီ	၉	၄	၀	၅	၁၄	၁၈	၁၂
ဘိုလီဗီယား	၉	၂	၂	၅	၁၂	၁၄	၈
ပီရူး	၉	၂	၂	၅	၁၀	၁၅	၈
ပါရာဂွေး	၉	၂	၁	၆	၆	၁၆	၇

ကိုလံဘီယာ–ဘိုလစ်ဗီးယား

ကိုလံဘီယာဟာ ၂၀၁၄ ကမ္ဘာ့ဖလားမှာ ခြေစစ်ပွဲအောင်ဖို့တော်တော်သေချာနေပါတယ်။ နည်းပြကအာဂျင်တီးနားနည်းပြပီကာမင်ဖြစ်ပြီး ဖယ်လ်ကာအို၊ ဇူနီကာ၊ ရော်ဒရီဂွက်ဇ်တို့ အကောင်းဆုံးကစားနေကြပါတယ်။ တောင်အမေရိကဇုန် ခြေစစ်ပွဲမှာ တတိယနေရာမှာရှိနေပြီး ပေးဂိုးအနည်းဆုံးအသင်းဖြစ်နေပါတယ်။ ခံစစ်က အကောင်းဆုံးပုံစံမှာရှိနေပြီး ပထမအကျော့တုန်းက ဘိုလစ်ဗီယားကွင်းမှာ ၂-၁ နဲ့ အနိုင်ရခဲ့ပါတယ်။ အခုနောက်ပိုင်းမှာ ဘိုလစ်ဗီးယားအသင်း တိုးတက်လာနေပါတယ်။ အဝေးကွင်းမှာ အာဂျင်တီးနားကို သရေကစားထားနိုင်ပြီး ဂိုးပြတ်နဲ့ ရှုံးတာတစ်ပွဲသာရှိပါသေးတယ်။ အခုလည်း ကိုလံဘီယာ အနိုင်ရနိုင်ပေမယ့် ဂိုးပြတ်အနိုင်ရဖို့တော့ မလွယ်လှပါဘူး။ ဘိုလစ်ဗီးယား သရေကျရင်ကျ၊ မကျရင်လည်း ဂိုးပြတ်မရှုံးတဲ့ပွဲဖြစ်ပါတယ်။

ပီရူး–ချီလီ

အမှတ်ပေးဇယားမှာ ချီလီက အဆင့်(၅)၊ ပီရူးက အဆင့်(၈)မှာရှိနေပါတယ်။ ၂၀၁၂ ထဲမှာ ပီရူးကစားခဲ့တဲ့ပွဲတွေ ရလဒ်ကောင်းနေတာတွေ့ရပါတယ်။ အာဂျင်တီးနားကိုတောင် သရေကစားနိုင်ခဲ့တာတွေ့ရပါတယ်။ ချီလီက နည်းပြဘရော့ချီကို ထုတ်ပယ်ပြီး အာဂျင်တီးနားနည်းပြဆမ်ပါအိုလီကို နည်းပြသစ်အဖြစ်ခန့်အပ်ထားပါတယ်။ နည်းပြသစ်အနေနဲ့ သူ့ရဲ့ပထမဆုံးပွဲကို အဝေးကွင်းမှာ စတင်ကိုင်တွယ်ရမှာဖြစ်ပါတယ်။ ချီလီမှာ ဂျူဗင်တပ်ကွင်းလယ်သမား ဗီဒယ်၊ ဘာစီလိုနာ တိုက်စစ်မှူးဆန်းချေ့စ်တို့ ကစားနေပါတယ်။ ပီရူးကွင်းမှာဖြစ်လို့ ချီလီကစားရခက်မယ့်ပွဲပါ။ ■

Finance Assistant

(ငွေစာရင်းလက်ထောက် အလိုရှိသည်)

မြန်မာကွန်ဆိုလီဒိတ်တက်မီဒီယာလီမိတက်၏ ဖြန့်ချိရေးဌာနတွင် စည်းကမ်းကျနပြီး လုပ်ရည်ကိုင်ရည်ရှိသည့် ငွေစာရင်းလက်ထောက် (၁) ဦးအလိုရှိပါသည်။ ငွေစာရင်းကိုင်ခြင်း၊ စာရင်းပြုစုခြင်းတွင် ဝိအားများသည့် အချိန်တိုအတွင်း ကျွမ်းကျင်စွာပြုလုပ်နိုင်ကြောင်း အရည်အချင်းရှိရမည်။
လိုအပ်ပါက ညဘက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ လိုအပ်သော အရည်အချင်းမှာ စာရင်းကိုင်ဘွဲ့ရပြီး၊ လုပ်ငန်းအတွေ့အကြုံ (၂) နှစ်အထက်ရှိရမည်။
လုပ်ငန်းအတွေ့အကြုံပေါ်မူတည်၍ လစာညှိနှိုင်းနိုင်ပါသည်။
ပဏာမရွေးချယ်သော လျှောက်လွှာရှင်များကိုသာ ပြန်လည်ဆက်သွယ်ပါမည်။

လျှောက်လွှာပိတ်ရက် - မတ်လ (၂၉) ရက်၊ ၂၀၁၃

MCM
The Human Resources Manager
Myanmar Consolidated Media Company Limited
379-383 Bo Aung Kyaw St, Yangon Or by email to mcmhrd@myanmartimes.com.mm

Mount Pleasant Hotel မှပထမဆုံးသော IAE Award ဆုရရှိ

ကမ္ဘာအနှံ့ရှိ ကုမ္ပဏီများကို ဆုချီးမြှင့်ပေးလျက်ရှိသော BID (Business Initiative Direction)) မှ ပေးအပ်သော IAE Award ဆုကို မြန်မာနိုင်ငံမှ Mount Pleasant Hotel က ပထမဆုံးသော ဟိုတယ်တစ်ခုအနေနှင့် ဆုရရှိခဲ့ကြောင်း သိရသည်။

BID ၏ IAE ဆုရွေးချယ်ရေးကော်မတီက QC 100 TQM ၏ စည်းမျဉ်းစည်းကမ်းများကို အခြေခံ၍ ရွေးအဆင့်ရှိသော IAE ဆုကို Mount Pleasant Hotel သို့ ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရ သည်။ လာမည့် ဧပြီလ(၂၈)ရက်နေ့မှာ ဂျာမနီနိုင်ငံ၊ ဖရန့်ပက်မြို့မှာ ကျင်းပမည့် IAE ညီလာခံကို သွားတက်ရောက်ဖို့ ဖိတ်ခေါ်ခြင်းခံရတယ်။ အဲဒီပွဲမှာ ဂုဏ်ပြုလက်မှတ်တွေနဲ့ ဆုတံဆိပ်တွေပေးမှာပါ။ ဆုရရှိခဲ့တဲ့ စံနှုန်းတွေက Customer Satisfaction and Data Analysis ၊ Leadership ၊ Planning and Decision-Making ၊ Human Resources ၊ Continuing Education and Training ၊ Processes and Production ၊ Financial Outcome ၊ Business Results ၊ ISO 9000 နဲ့ TQM တို့ပြည့်မီတဲ့အတွက် BID က ဆုပေးဖို့ ရွေးချယ်ခဲ့တာပါ။ ပြီးတော့ နိုင်ငံတကာက IAE ဆုရရှိတဲ့ အခြားအဖွဲ့အစည်းကုမ္ပဏီတွေနဲ့အတူ IAE နဲ့ ဆက်သွယ်တဲ့ သတင်းစာ၊ စာအုပ်ထုတ်ဝေခြင်း (၂၆)ခု ထဲမှလည်း ထည့်သွင်းဖော်ပြခဲ့ရဦးမှာပါလို့ Mount Pleasant Hotel က တာဝန်ရှိသူက ပြောပါတယ်။

Mount Pleasant Hotel သည် ၂၀၀၉ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး နေပြည်တော် ပုဗ္ဗသီရိမြို့ ဖိုးစောင်းတောင်ပေါ်မှာ တည်ရှိကြောင်း သိရသည်။

၂၀၁၄ ကမ္ဘာ့ဖလားခြေစစ်ပွဲ ဥရောပဇုန်ပွဲစဉ်များ

အောင်မိုးဇော်

ဒီတစ်ပတ်မှာ လိဂ်ပွဲတွေရပ်နားပြီး ၂၀၁၄ ကမ္ဘာ့ဖလား ခြေစစ်ပွဲတွေကစားကြမှာဖြစ်ပါတယ်။ သောကြာနေ့မှာ ပွဲစဉ်တစ်ပွဲ၊ အင်္ဂါမှာပွဲစဉ်တစ်ပွဲကစားကြမှာဖြစ်ပါတယ်။

ခရိုအေးရှား–ဆားဘီးယား

အုပ်စု(က)မှာ အတူကျနေတဲ့ဘော်လ်ကန်ဒါဘီနှစ်သင်း ထိပ်တိုက်တွေ့နေတဲ့ပွဲဖြစ်ပါတယ်။ ခရိုအေးရှားက အုပ်စုမှာ ဘယ်လ်ဂျီယံနဲ့အတူ ရမှတ်တူ ဦးဆောင်နေပါတယ်။ ဆားဘီးယားက တတိယနေရာမှာပါ။ ခရိုအေးရှားအားကုန်ထုတ်ကစားမယ့်ပွဲဖြစ်ပါတယ်။ ခရိုအေးရှားအနိုင်ရမှာသေချာပါတယ်။

မက်ဆီဒိုးနီးယား–ဘယ်လ်ဂျီယံ

ဘယ်လ်ဂျီယံက ခရိုအေးရှားနဲ့ အမှတ်တူအုပ်စုကို ဦးဆောင်နေပါတယ်။ အခုပွဲက မက်ဆီဒိုးနီးယားကွင်းဖြစ်နေလို့ ဘယ်ဂျီယံကစားရခက်ပါလိမ့်မယ်။ ဘယ်လ်ဂျီယံအမြင့်ဆုံး သရေသာကစား နိုင်ပါလိမ့်မယ်။ မက်ဆီဒိုးနီးယားက နေရမှာပါ။

စကော့တလန်–ဝေးလ်

စကော့နဲ့ ဝေးလ်တို့ ပြိုင်ဆိုင်အားပြင်းထန်မယ့်ပွဲဖြစ်လာပါလိမ့်မယ်။ စကော့တလန်က နည်းပြပြောင်းထားပါတယ်။ နည်းပြစထရာချန်လက်အောက်မှာ တိုးတက်လာမလားဆိုတာစောင့်ကြည့်ရမယ့်ပွဲဖြစ်ပါတယ်။ ဂိုးများမယ့်ပွဲဆိုတာသေချာပါတယ်။

ချက်–ဒိန်းမတ်

ချက်က အုပ်စုမှာ တတိယနေရာမှာရှိနေပြီး ဒိန်းမတ်က အခြေအနေဆိုးနေပါတယ်။ ချက်မှာ ပလာဇန်ကစားသမားတွေ အများအပြားကစားနေပါတယ်။ အသင်းကလည်း ညီညွတ်မှုရှိပါတယ်။ ဒိန်းမတ်မှာ တိုက်စစ်အားအရမ်းနည်းနေပါတယ်။ ဒိန်းမတ်ကစားရခက်မယ့်ပွဲဖြစ်ပါတယ်။

ဆွီဒင်–အိုင်ယာလန်

နှစ်သင်းစလုံး အုပ်စုမှာ ဂျာမနီနဲ့အတူ ခြေစစ်ပွဲအောင်ဖို့ ကြိုးစားနေခဲ့ကြပါတယ်။ ဆွီဒင်က အိမ်ကွင်းဆိုတော့ အားသာနေပါတယ်။ အီဗရာဟီမိုဗစ်ချ်ကို အိုင်ယာလန်နောက်တန်း ဘယ်လိုထိန်းမလဲဆိုတာ စောင့်ကြည့်ရမယ့်ပွဲဖြစ်ပါတယ်။ ဆွီဒင် အနိုင်ရသွားပါလိမ့်မယ်။

ဟန်ဂေရီ–ရိုမေးနီးယား

နှစ်သင်းစလုံး ရမှတ်တူနေပြီး ဟော်လန်ရဲ့နောက်မှာ ရှိနေခဲ့ကြပါတယ်။ ရိုမေးနီးယားမှာစတူအာဘူခါရက် ကစားသမားတွေ များနေကြပါတယ်။ တိုက်စစ်အားသန်ကြတဲ့အသင်းတွေဖြစ်လို့ သွင်းဂိုးများမယ့်ပွဲဖြစ်ပါတယ်။

မြောက်အိုင်ယာလန်–ရုရှား

ရုရှားက အုပ်စုကို ဦးဆောင်နေတဲ့အသင်းဖြစ်ပါတယ်။ပေါ်တူဂီနဲ့အတူကျနေလို့ ရုရှား ဂရုတစိုက်ကစားနေပါတယ်။ အခု မြောက်အိုင်ယာလန်ကွင်းမှာ ရုရှား ထိန်းကစားနိုင်ဖွယ်ရှိပါတယ်။ သရေကျနိုင်တဲ့ပွဲဖြစ်ပါတယ်။

အစ္စရေး–ပေါ်တူဂီ

အစ္စရေးကအုပ်စုမှာ ဒုတိယနေရာမှာရှိနေပြီး ပေါ်တူဂီက တတိယနေရာမှာပဲရှိနေပါတယ်။ ပေါ်တူဂီ ကစားအားကျသွားပါတယ်။ စီရိုနယ်လ်ဒိုလောက်ပဲ အားကိုးနေရပါတယ်။ အခုအစ္စရေးကွင်းဆိုတော့ ပေါ်တူဂီကစားရခက်ဦးမှာပါ။ အိမ်ရှင်ကိုကြိုက်ရမယ့်ပွဲဖြစ်ပါတယ်။

ဘော့စနီးယား–ဂရိ

ဘော့စနီးယားရဲ့ ဒီဇီကို၊ အိုင်ဗီစီဗစ်ချ်တို့ ဘယ်လောက်စွမ်းဆောင်နိုင်မလဲ စောင့်ကြည့်ရမယ့်ပွဲဖြစ်ပါတယ်။ ဒီနှစ်သင်းက အုပ်စုမှာ ရမှတ်တူနေကြပါတယ်။ ဂရိက ထိန်းကစားဖို့ပဲ ရည်ရွယ်ပါလိမ့်မယ်။ ဘော့စနီးယားကို ကြိုက်ပါတယ်။

ပိုလန်–ယူကရိန်း

ဒီနှစ်သင်းက အိမ်နီးချင်းတွေဖြစ်ပါတယ်။ ကစားပုံကောင်းမယ်ထင်ရပေမယ့် နှစ်သင်းစလုံး အသင်းလိုက်ကောင်းကြခြင်းမရှိပါဘူး။ သရေကျနိုင်ပြီး ဂိုးနည်းမယ့်ပွဲဖြစ်ပါတယ်။

စပိန်–ဖင်လန်

စပိန်နိုင်မယ်ထင်ရပေမယ့် ဂိုးပြတ်ပါ့မလားဆိုတာ စဉ်းစားရမှာပါ။ ဒီပွဲပြီးရင် စပိန်က အရမ်းအရေးပါတဲ့ ပြင်သစ်ပွဲကို အင်္ဂါမှာ ကစားရမှာဖြစ်လို့ ထိန်းကစားနိုင်တာကို ထည့်တွက်ရပါမယ်။စပိန်နိုင်မှာသေချာပေမယ့် ဂိုးမပြတ်ဘူး။

ပြင်သစ်–ဂျော်ဂျီယာ

ဂျော်ဂျီယာက ပြင်သစ်ရဲ့နောက် တတိယနေရာမှာရှိနေပါတယ်။ အိမ်ကွင်းကစားပုံသာကောင်းပြီး အဝေးကွင်းမကောင်းပါဘူး။ ပြင်သစ် ဒီပွဲကို အမှားမရှိဖို့ ဂရုတစိုက်ကစားပါလိမ့်မယ်။ ပြင်သစ်ဂိုးပြတ်အနိုင်ရမယ့်ပွဲဖြစ် ပါတယ်။

ဆမ်မာရီနို–အင်္ဂလန်

ဆမ်မာရီနိုကို အင်္ဂလန်နိုင်မယ်ဆိုတာ အားလုံးအသိပါ။ ဂိုးပြတ်ပါ့မလားဆိုတာသာ စဉ်းစားရမှာဖြစ်ပါတယ်။ လေးပွဲကစားအပြီးမှာ ဆမ်မာရီနို ၁၆ ဂိုးသွင်းခံထားရပြီး ဂိုးသွင်းနိုင်ခြင်းမရှိသေးတဲ့အသင်းဖြစ်ပါတယ်။ ■

အုပ်စု(က)

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
ဘယ်လ်ဂျီယံ	၄	၃	၁	၀	၈	၁	၁၀
ကော်စတာရီကာ	၄	၃	၁	၀	၆	၂	၁၀
ဆားဘီးယား	၄	၁	၁	၂	၆	၅	၄
မက်ဆီဒိုးနီးယား	၄	၁	၁	၂	၃	၄	၄
ဝေးလ်	၄	၁	၀	၃	၃	၁၁	၃
စကော့တလန်	၄	၀	၂	၂	၂	၅	၂

အုပ်စု(ခ)

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
အီတလီ	၄	၃	၁	၀	၁၀	၄	၁၀
ဘူဂေးရီးယား	၄	၁	၃	၀	၄	၃	၆
ချက်	၃	၁	၂	၀	၃	၁	၅
အာမေးနီးယား	၃	၁	၀	၂	၂	၄	၃
ဒိန်းမတ်	၃	၀	၂	၁	၂	၄	၂
မော်လ်တာ	၃	၀	၀	၃	၁	၆	၀

အုပ်စု(ဂ)

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
ဂျာမနီ	၄	၃	၁	၀	၁၅	၆	၁၀
ဆွီဒင်	၃	၂	၁	၀	၈	၅	၇
အိုင်ယာလန်	၃	၂	၀	၁	၇	၈	၆
ဩစတြီးယား	၃	၁	၁	၁	၅	၂	၄
ကာဇတ်စတန်	၄	၀	၁	၃	၁	၈	၁
ဖာရိုးကျွန်းစုများ	၃	၀	၀	၃	၂	၉	၀

အုပ်စု(ဃ)

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
နယ်သာလန်	၄	၄	၀	၀	၁၃	၂	၁၂
ဟန်ဂေရီ	၄	၃	၀	၁	၁၀	၅	၉
ရိုမေးနီးယား	၄	၃	၀	၁	၈	၄	၉
တူရကီ	၄	၁	၀	၃	၄	၆	၃
အက်စ်တိုးနီးယား	၄	၁	၀	၃	၁	၆	၃
အန်ဒိုရာ	၄	၀	၀	၄	၀	၁၃	၀

အုပ်စု(င)

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
ဆွစ်ဇာလန်	၄	၃	၁	၀	၇	၁	၁၀
နော်ဝေး	၄	၂	၁	၁	၆	၅	၇
အယ်လ်ဘေးနီးယား	၄	၂	၀	၂	၅	၅	၆
အိုက်စလန်	၄	၂	၀	၂	၄	၄	၆
ဆလိုဗေးနီးယား	၄	၁	၀	၃	၃	၆	၃
ဆိုက်ပရပ်စ်	၄	၁	၀	၃	၄	၈	၃

အုပ်စု(စ)

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
ရုရှား	၄	၄	၀	၀	၈	၀	၁၂
အစ္စရေး	၄	၂	၁	၁	၁၀	၅	၇
ပေါ်တူဂီ	၄	၂	၁	၁	၆	၃	၇
မြောက်အိုင်ယာလန်	၄	၀	၃	၁	၃	၅	၃
အဇာဘိုင်ဂျန်	၄	၀	၂	၂	၂	၆	၂
လူဇင်ဘတ်	၄	၀	၁	၃	၂	၁၂	၁

အုပ်စု(ဆ)

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
ဘော့စနီးယား	၄	၃	၁	၀	၁၅	၂	၁၀
ဂရိ	၄	၃	၁	၀	၅	၁	၁၀
ဆလိုဗက်ကီးယား	၄	၂	၁	၁	၅	၃	၇
လစ်သူယေးနီးယား	၄	၁	၁	၂	၃	၆	၄
လတ်ဗီးယား	၄	၁	၀	၃	၅	၈	၃
လိုင်ချင်စတိန်း	၄	၀	၀	၄	၁	၁၄	၀

အုပ်စု(ဇ)

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
မွန်တီနီဂရိုး	၄	၃	၁	၀	၁၂	၂	၁၀
အင်္ဂလန်	၄	၂	၂	၀	၁၂	၂	၈
ပိုလန်	၃	၁	၂	၀	၅	၃	၅
မော်လ်ဒိုဗာ	၄	၁	၁	၂	၂	၇	၄
ယူကရိန်း	၃	၀	၂	၁	၁	၂	၂
ဆမ်မာရီနို	၄	၀	၀	၄	၀	၁၆	၀

အုပ်စု(ဈ)

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
စပိန်	၃	၂	၁	၀	၆	၁	၇
ပြင်သစ်	၃	၂	၁	၀	၅	၂	၇
ဂျော်ဂျီယာ	၄	၁	၁	၂	၂	၄	၄
ဘီလာရုစ်	၄	၁	၀	၃	၃	၈	၃
ဖင်လန်	၂	၀	၁	၁	၁	၂	၁

ဥရောပချန်ပီယံလိဂ်ပြိုင်ပွဲမှ စပိန်နဲ့ ဂျာမနီအားပြိုင်မှု

ဟိန်းသန့်

ဒီရာသီရဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲကတော့ ကွာတားဖိုင်နယ်အဆင့်ကိုတောင် ရောက်လာခဲ့ပါပြီ။ ကွာတားဖိုင်နယ် ရောက်အသင်းတွေကိုကြည့်လိုက်ရင် ထူးထူးဆန်းဆန်း အင်္ဂလန်ကလပ် အသင်းတွေ တစ်သင်းမှ ပါမလာတော့ပါဘူး။ အင်္ဂလန်အသင်းတွေအတွက်တော့ ဒီရာသီချန်ပီယံလိဂ်မှာ ကျရှုံးမှုတစ်ခုလို့ပဲ ပြောရမလားမသိပါဘူး။

ကွာတားရောက်အသင်းတွေထဲမှာ စပိန်အသင်း သုံးသင်း၊ ဂျာမန်အသင်း နှစ်သင်း၊ တူရကီ၊ အီတလီ၊ ပြင်သစ်အသင်း တစ်သင်းစီ ပါနေခဲ့တယ်။ ဒီအသင်းတွေကိုကြည့်လိုက်ရင်တော့ ချန်ပီယံလိဂ်ဟာ ထုံးစံအတိုင်း စပိန်အသင်းတွေ အားကောင်းတုန်းပဲဆိုတာ မြင်တွေ့လိုက်ရပြန်ပါတယ်။

ဒီရာသီချန်ပီယံလိဂ်ပြိုင်ပွဲကို စပိန်အသင်း လေးသင်းစလုံး ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့ပြီးအုပ်စုအဆင့်ကိုလည်း လေးသင်းစလုံး ကျော်ဖြတ်လာနိုင်ခဲ့တယ်။ ရှုံးထွက်အဆင့်အရောက်မှာတော့ စပိန်အသင်းတွေအတွက် ရုန်းကန်ရတော့မယ့်ရာသီတစ်ခုဖြစ်လာမလားလို့ ထင်ခဲ့ရသေးတယ်။ စပိန်အသင်း လေးသင်းစလုံးဟာ ၁၆ သင်း ရှုံးထွက်အဆင့် ပထမအကျော့ပွဲတွေမှာ လေးသင်းစလုံးနိုင်ပွဲပျောက်ခဲ့ကြတယ်။ အဲဒီပထမအကျော့မှာ ရီးယဲလ်တစ်သင်းပဲ အိမ်ကွင်းဘာနေဗျူးမှာ မန်ယူကိုသရေကစားနိုင်ခဲ့ပြီး ကျန်တဲ့ မာလာဂါ၊ ဘာစီလိုနာနဲ့ ဗလင်စီယာအသင်းတွေကတော့ ရှုံးပွဲကိုယ်စီတွေ့ခဲ့ကြလို့ စပိန်အသင်းတွေရဲ့ ခြေစွမ်းပိုင်းဟာ သံသယဝင်စရာဖြစ်လာခဲ့တယ်။

ဒါပေမဲ့လည်း ဒုတိယအကျော့မှာတော့ စပိန်အသင်းတွေဟာ ပုံမှန်အတိုင်း ဥရောပအဆင့်မှာ အစွမ်းရှိဆဲပဲဆိုတာကို ပြန်ပြသနိုင်ခဲ့တယ်။ ဒုတိယအကျော့ကစားခဲ့တဲ့ စပိန်လေးသင်းမှာ လေးသင်းစလုံး ရှုံးပွဲမရှိခဲ့တော့ဘူး။ ရီးယဲလ်က မန်ယူကို အိုးထရက်ဖို့ဒ်မှာ အနိုင်ယူခဲ့သလို ဘာစီလိုနာနဲ့မာလာဂါအသင်းတွေကလည်း အိမ်ကွင်းမှာ အေစီမီလန်နဲ့ ပေါ်တိုအသင်းတွေကို အနိုင်ရအောင် ပြန်ယူနိုင်ခဲ့ကြပြီး ကွာတားဖိုင်နယ်ကို မျက်နှာပန်းလှစွာပဲ တက်ရောက်နိုင်ခဲ့တယ်။ စပိန်အသင်း လေးသင်းထဲမှာ ဗလင်စီယာတစ်သင်းသာ ဒုတိယအကျော့ အဝေးကွင်းမှာ ပီအက်စ်ဂျီကို သရေကစားနိုင်ခဲ့ပြီး ပထမအကျော့ အိမ်ကွင်းအရှုံးကြောင့် ပြိုင်ပွဲကို နှုတ်ဆက်လိုက်ရတာဖြစ်တယ်။ ဒီအနေအထားကိုကြည့်မယ်ဆိုရင် စပိန်အသင်းတွေဟာ ဥရောပအဆင့်မှာ လွှမ်းမိုးထားနိုင်တဲ့ခြေစွမ်းမျိုးတွေ ပိုင်ဆိုင်ထားဆဲပဲဆိုတာ မှန်းဆလို့ရနေပါတယ်။

ကွာတားဖိုင်နယ်ပွဲစဉ်တွေ ထွက်လာတဲ့အခါမှာလည်း စပိန်အသင်းတွေအတွက် အချင်းချင်းထိပ်တိုက်ရင်ဆိုင်ရမယ့်ပွဲမျိုးတွေမပါခဲ့ပါဘူး။ ဒါဟာ ဥရောပအဆင့်ရဲ့ အမြင့်ဆုံးပြိုင်ပွဲတစ်ခုမှာ စပိန်အသင်းအချင်းချင်း ဗိုလ်လုပွဲမှာ ယှဉ်ပြိုင်ရနိုင်ခွင့်အတွက် အခွင့်အရေးတစ်ခုကြုံခဲ့တာပဲဖြစ်တယ်။ ဒါပေမဲ့ ဒီရာသီစပိန်အသင်းတွေအတွက် ချန်ပီယံလိဂ်ပြိုင်ပွဲမှာ တကယ်ရင်ဆိုင်ရမယ့် ပြိုင်ဘက်တွေကတော့ ဂျာမနီအသင်းတွေပါပဲ။ ရှုံးထွက်အဆင့်ကို သုံးသင်း၊ ကွာတားအဆင့်ကို နှစ်သင်းအထိ တက်လာနိုင်ခဲ့တဲ့ ဂျာမန်အသင်းတွေဟာ ဒီရာသီမှာ စပိန်အသင်းတွေရဲ့ အဓိကပြိုင်ဘက်တွေ ဖြစ်လာဖို့များနေပါတယ်။

ဂျာမန်အသင်းတွေဟာ အုပ်စုတွင်း ခြေစွမ်းတွေအရ အကောင်းဆုံးပုံစံနဲ့ ခြေစွမ်းပြနိုင်ခဲ့သလို လက်ရှိကွာတားရောက် နှစ်သင်းကိုကြည့်မယ်ဆိုရင်လည်း ဘိုင်ယန်မြူးနစ်ရော၊ ဒေ့ါမွန်ပါ ပြည်တွင်းဘက်မှာလည်း သိပ်ပြီး ပူပန်စရာအခြေအနေမျိုးမရှိကြတော့ဘူး။ ဘိုင်ယန်ဟာ ချန်ပီယံဆုအတွက် သေချာသလောက်ဖြစ်နေသလို ဒေ့ါမွန်ကလည်း ချန်ပီယံဆုကိုမမျှော်လင့်နိုင်တော့မယ့်အတူတူ ချန်ပီယံလိဂ်ဘက်ကို အားကုန်ထည့်ပြီး ကစားလာနိုင်တဲ့ အချက်က ဂျာမန်အသင်းတွေရဲ့ ချန်ပီယံလိဂ်မှာ လျှော့တွက်လို့မရတဲ့ အားကောင်းမှုတစ်ခုလို့ ပြောနိုင်ပါတယ်။

စပိန်အသင်းတွေကို ကြည့်လိုက်ရင်လည်း ပြည်တွင်းပြိုင်ပွဲအနေအထားဟာ ဂျာမန်အသင်းတွေနဲ့ သိပ်ပြီးကွာတာမျိုးမရှိပါဘူး။ ကွာတားရောက် သုံးသင်းစလုံးမှာ ဘာစီလိုနာက လာလီဂါချန်ပီယံဖြစ်ဖို့ ဘိုင်ယန်မြူးနစ်လိုပဲ သေချာသလောက်ဖြစ်နေတဲ့အပြင် ရီးယဲလ်မက်ဒရစ်ကလည်း ဘာစီလိုနာကို ချန်ပီယံဆုအတွက် ဖိအားသိပ်ပြီးပေးနိုင်တော့မယ့် အနေအထားမျိုးမရှိတော့မယ့်အတူတူ ချန်ပီယံလိဂ်ဘက်ကိုပိုပြီး အားစိုက်လာမှာ သေချာနေပါတယ်။ ရီးယဲလ်နဲ့ ဘာစီလိုနာလိုပဲ မာလာဂါအတွက်ကလည်း လာမယ့်ရာသီမှာ ဥရောပပြိုင်ပွဲတောင်ဝင်ခွင့်ရဖို့ မမျှော်လင့်နိုင်တော့တဲ့ အခြေအနေမှာ လက်ရှိဝင်ရောက်ယှဉ်ပြိုင်နေတဲ့ပြိုင်ပွဲအပေါ်မှာပဲ အပြည့်အဝအားစိုက်ကစားပြီး ငွေရေးကြေးရေးအရ အကျိုးအမြတ်ရအောင် ရနိုင်သမျှအဆင့်မျိုးရရေး အားထုတ်ကစားဖို့များနေပါတယ်။ ဒါကြောင့်လည်း စပိန်အသင်း သုံးသင်းစလုံးရဲ့ လက်ရှိအနေအထားဟာ ချန်ပီယံလိဂ်ပြိုင်ပွဲအပေါ်ပဲ အာရုံပုံထားလို့ရနေတဲ့အတွက် ဒီရာသီ ချန်ပီယံလိဂ်မှာ ဂျာမန်နဲ့စပိန်အသင်းတွေရဲ့ အားပြိုင်မှုကို မြင်တွေ့ရဖို့များနေတယ်လို့ ဆိုနိုင်တယ်။

လက်ရှိဒီအသင်းတွေရဲ့ခြေစွမ်းပိုင်းနဲ့ အတွေ့အကြုံတွေကို ကြည့်လိုက်ရင်လည်း ကျန်တဲ့ဂျူဗင်တပ်၊ ဂါလာတာဆာရေး၊ ပီအက်စ်ဂျီတို့ထက် အသာစီးမှာ ရှိနေတယ်လို့ဆိုနိုင်တယ်။

မာလာဂါတစ်သင်းသာ အတွေ့အကြုံနည်းသေးတယ်လို့ပြောနိုင်ပေမယ့်လည်း လက်ရှိမာလာဂါနည်းပြပယ်လီဂရီနီဟာ ဗီလာရီးယဲလ်အသင်းကို ကိုင်တွယ်စဉ်က ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ဆီမီးဖိုင်နယ်အထိရောက်အောင် ပို့ဆောင်ပေးနိုင်တဲ့ သူတစ်ဦးဖြစ်လို့ သူ့ရဲ့အတွေ့အကြုံနဲ့ အသင်းတစ်သင်းကို အမြင့်ဆုံးအနေအထားထိရောက်အောင် ဘယ်လိုကိုင်တွယ်ပြရမလဲဆိုတာကို ကျွမ်းကျင်နေတဲ့သူတစ်ဦးဖြစ်နေတယ်။ ဒီအချက်ဟာ မာလာဂါရဲ့အနေအထားကို ချန်ပီယံလိဂ်မှာ လျှော့တွက်လို့မရဘူးဖြစ်နေတယ်။

အခုကွာတားအဆင့်မှာပဲစပိန်-ဂျာမန် အားပြိုင်မှု ပထမဆုံးပွဲကို စပြီးမြင်တွေ့ရဖို့ရှိနေတယ်။ အဲဒီပွဲကတော့ ပယ်လီဂရီနီရဲ့ မာလာဂါအသင်းနဲ့ ဒီရာသီ ဗိုလ်စွဲနိုင်တဲ့ခြေစွမ်းမျိုးရှိတယ်လို့ နည်းပြအများစုက သတ်မှတ်ထားကြတဲ့ ယာဂင်ကလော့ပ်ရဲ့ ဒေ့ါမွန်အသင်းတို့ရဲ့ပွဲပါပဲ။ ဒါကြောင့် ဒီပွဲဟာ ချန်ပီယံလိဂ်မှ စပိန်-ဂျာမနီအားပြိုင်မှု ပထမဆုံးပွဲလို့ ဆိုနိုင်သလို ဒီပွဲမှာများ မာလာဂါက ဒေ့ါမွန်ကို ချန်ထားနိုင်ခဲ့မယ်ဆိုရင်တော့ စပိန်-ဂျာမနီအားပြိုင်မှုမှာ စပိန်အသင်းတွေ အားသာသွားဖို့အခွင့်အလမ်းပိုကောင်းသွားပါပြီ။

ဘာဖြစ်လို့လဲဆိုရင် ဂျာမန်ထိပ်သီး အသင်းကြီးတစ်သင်းဖြစ်တဲ့ ဘိုင်ယန်မြူးနစ်ဟာ အခုကွာတားဖိုင်နယ်အဆင့်မှာ အီတလီထိပ်သီးအသင်းတစ်သင်းဖြစ်တဲ့ ဂျူဗင်တပ်နဲ့ရင်ဆိုင်ရဖို့ရှိနေလို့ ဘိုင်ယန်ရဲ့ဆီမီးရောက်ဖို့အနေအထားဟာ မရေရာဆဲအနေအထားမှာပဲရှိနေသေးလို့ပါ။ လက်ရှိ ကွာတားပွဲစဉ်တွေအရတော့ ဂါလာတာဆာရေးနဲ့ ကစားရမယ့် ရီးယဲလ်၊ ပီအက်စ်ဂျီနဲ့ကစားရမယ့် ဘာစီလိုနာအသင်းတွေဟာ ဘိုင်ယန်နဲ့ ဒေ့ါမွန်အသင်းတွေထက်စာရင် ဆီမီးကိုရောက်ဖို့အခွင့် အလမ်းပိုကောင်းနေလို့ ဘိုင်ယန်သာ ဂျူဗီကိုမကျော်ဖြတ်နိုင်ရင် ဆီမီးဖိုင်နယ်မှာစပိန်အသင်းတွေ အခွင့်အရေး ပိုကောင်းသွားဖို့ရှိနေနိုင်ပါတယ်။ ဒါကြောင့် အခုကွာတားပွဲတွေမှာပဲ စပိန်-ဂျာမနီအားပြိုင်မှုအတွက် အဖြေတစ်ခုကို တွေ့ရလိမ့်မယ်ထင်ပါတယ်။ ■

Slumberland
United Kingdom 1919
ဟိုတယ်လုပ်ငန်းရှင်များအတွက် ဟိုတယ်သုံးမွေ့ယာနှင့် ကုတင်အမျိုးမျိုး၊
အိပ်ယာခင်းအမျိုးမျိုးနှင့်ရေချိုးခန်းသုံး မျက်နှာသုတ်ပဝါအမျိုးမျိုးတို့ကိုလည်း
ဈေးနှုန်းချိုသာစွာဖြင့် လက်လီလက်ကားရောင်းချပေးနေပါပြီ

Special Promotion
Buy Mattress Get Bed sheet 1-pcs

A LIVING SQUARE

- Double Pocketed Posture Springing 3600
- Created by bamboo fibre yarns
- Anti-mite coating to prevent the main causes of allergies
- Multi Zone System
- Interlinked coil system
- Triangular spring structure

Yangon Branch - Room 4008 / 4054 Level (3), Taw Win Centre, Pyay Road, Dagon Township, Yangon.
Tel: 8600111 (Ext: 4008, 4054) Hp: 09-73022463, 09-5166291, 09-5124682
E-mail: aat.livingsquare@gmail.com
Mandalay Branch - No.151, Road-80, Between 28th & 29th street, 3rd Floor. Tel :02-32883
Diamond Plaza (Mdy) - 78th-Road, Between 32th & 33th street
Taungyi Branch - No.141 Satsantun Street, Myoma Market (East Size). KalawPlaza, Taungyi. Tel: 09-73022461

Valitity Date: 15.3.2013-22.3.2013

BNP Paribas Open ဆုဖလားနဲ့ ကမ္ဘာ့အဆင့်(၂)ရှာရာပိုဗာ

ကျော်ကျော်မင်း

အမေရိကန်ပြည်ထောင်စု အင်ဒီယန် ဝဲလစ်မှာ ကျင်းပပြီးစီးခဲ့တဲ့ BNP Paribas Open အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲဟာ Top 10 တင်းနစ် စတားတွေ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြ တာမို့ ပရိသတ်အကြိုက်တွေ့ခဲ့ပြီး နောက်ဆုံးဗိုလ်လုပွဲမှာ ဆုံတွေ့ခဲ့သူ နှစ်ဦးကတော့ ၂၀၁၁ ပါရီဘာ့စ် ချန်ပီယံ ကာရိုလင်း ဝေါ့ဇ်နီယက်စကီးနဲ့ ၂၀၀၆ ပါရီဘာ့စ်ချန်ပီယံ ရှာရာပိုဗာတို့ဖြစ်တာ ကြောင့်လည်း ဖလော်ရီဒါပရိသတ်၊ ရုရှားပရိသတ်တွေ၊ ဒိန်းမတ်ပရိသတ် တွေ ရင်ခုန်သံမြန်တဲ့ပွဲကြီးပွဲကောင်း တစ်ပွဲဖြစ်ခဲ့ရပါတယ်။ ပွဲကစားချိန် တစ်နာရီနဲ့ မိနစ် ၂၀ အပြီးမှာတော့ ရုရှားနတ်မိမယ်ရှာရာပိုဗာက ၆-၂၊ ၆-၂ နဲ့ လက်စွမ်းပြအနိုင်ယူပြီး ဆုကြေးဒေါ်လာ တစ်သန်းနဲ့ ချန်ပီယံဆုဖလားပိုင်ဆိုင်ခွင့် ရခဲ့တာကိုလည်း မော်စကို စာစောင်တွေ က ကောင်းချီးပေးမဆုံးဖြစ်နေကြပါ တယ်။ ၂၀၁၂ ပြင်သစ်အိုးပင်းဂရင်း ဆလမ်ဆုဖလားရယူအပြီးမှာ ဆုဖလား တွေနဲ့ ဝေးနေတဲ့ မာရီယာရဲ့ ၂၀၁၃ အဖွင့်အောင်ပွဲလို့ ဆိုနိုင်သလို ကမ္ဘာ့ အဆင့်(၂)ကို ရောက်ရှိစေခဲ့တဲ့ အောင်ပွဲ တစ်ပွဲလို့လည်း ဆိုရမှာပဲဖြစ်ပါတယ်။

ရုရှားအားကစားသမိုင်းစာမျက်နှာ မှာ ကမ္ဘာ့အဆင့်(၁)သရဖူဆောင်းခွင့်ရ ခဲ့တဲ့ ပထမဆုံးသော တင်းနစ်ငွေကြယ် ပွင့်အဖြစ် မှတ်တမ်းသစ်ရေးထိုးထား နိုင်သူ မာရီယာဟာ ဆိုက်ဘေးရီးယား ဇာတိဖွားတစ်ဦးဖြစ်ပြီး ချာနိုဘိုင်း နျူခလီးယားဓာတ်ပေါင်းဖိုပြဿနာဖြစ်ပွားအပြီး ၁၉၈၇ မှာ ဖခင်ဖြစ်သူနဲ့အတူ အမေရိက မြေကို ရွှေ့ပြောင်းအခြေချလာခဲ့သူပဲ ဖြစ်ပါတယ်။ အင်္ဂလိပ်လိုတစ်လုံးမှ မပြောတတ်သလို အိတ်ကပ်ထဲမှာလည်း ဒေါ်လာ ၇၀၀ သာပါပေမယ့် ဖခင် ဖြစ်သူယူရီရဲ့ ရုန်းကန်ထောက်ပံ့မှုတွေ ရယ်၊ ကံကြမ္မာဖေးမမှုတွေရယ်ကြောင့် အခုလိုဘဝမျိုးပိုင်ဆိုင်ခွင့်ရလာတာကို လည်း ရုရှားမလေးက မခြွင်းမချန် ဝန်ခံ ရဲသူပဲဖြစ်ပါတယ်။ ဝင်ဘယ်လ်ဒန်ဂရင်း ဆလမ်ဖလားကို အသက် ၁၇ နှစ်အရွယ် မှာတင် ပိုင်ဆိုင်ခွင့်ရခဲ့သူ မာရီယာဟာ ကုလသမဂ္ဂရဲ့ Goodwill Ambassador တစ်ဦးအနေနဲ့ ကမ္ဘာ့အနှံ့ အကျိုးပြု လုပ်ငန်းတွေ ရွက်ဆောင်လျက်ရှိသလို မွေးရပ်မြေနဲ့ ချာနိုဘိုင်ပြန်လည်ဖွံ့ဖြိုး တိုးတက်ရေးအတွက်လည်း လှူဒါန်းငွေ များစွာထည့်ဝင်ခဲ့သူ ပရဟိတစိတ်ဓာတ် ပြည့်ဝသူတစ်ဦးပဲဖြစ်ပါတယ်။

အခု အင်ဒီးယန်းဝဲလ်စ်မြေမှာလည်း မာရီယာဟာ ကမ္ဘာ့အဆင့်(၁)သရဖူ အတွက် အဆင်သင့်ဖြစ်နေပြီဆိုတာကို သက်သေပြလိုက်ပြီပဲဖြစ်ပါတယ်။ BNP ဆုဖလားပိုင်ရှင်နှစ်ဦးရဲ့ပြိုင်ပွဲဟာ အကြိတ်အနယ်ရှိလှမယ်လို့ ပွဲမစခင်က ထင်ခဲ့ရပေမယ့် တကယ်တမ်းယှဉ်ပြိုင် ကြချိန်မှာတော့ မာရီယာရဲ့ရိုက်အားကို ဒိန်းမတ်သူ ဘယ်လိုမှမယှဉ်နိုင်ခဲ့ပါဘူး။ ပြင်းထန်အားပါတိကျတဲ့ စပေးဘော တွေ၊ မထင်မှတ်တဲ့ လက်ပြန်ရိုက်ချက် တွေဟာ ဝေါ့ဇ်နီယက်စကီးကို အခက် တွေ့စေခဲ့ပြီး အခုလိုနှစ်ပွဲပြတ် အရေးနိမ့် ခဲ့ရတာပဲဖြစ်ပါတယ်။ BPN ဆုဖလားကို ဒုတိယအကြိမ်ပိုင်ဆိုင်ခွင့်ဆုံးရှုံးခဲ့ရသူ ဝေါ့ဇ်နီယက်စကီးက "ဒီပွဲမှာ မာရီယာ တကယ်ကို ကောင်းလွန်းခဲ့ပါတယ်။ ကျွန်မဘယ်လိုမှယှဉ်မရိုက်နိုင်ခဲ့တာ ဝန်ခံပါတယ်။ ပွဲစကတည်းက သူကချည်း တောက်လျှောက်ဖိအားပေးကစားသွား တာကို ချီးကျူးပါတယ်။ ချန်ပီယံဆုနဲ့ ထိုက်တန်သူပါ"လို့ ဂုဏ်ပြုစကားဆို သွားပါတယ်။

၂၀၁၁ မှာ ဆွီဒင်နည်းပြသစ် သောမတ်ဘော့ဂ်စတက်ဒ်နဲ့ လက်တွဲခဲ့ သူ မာရီယာဟာ ၂၀၁၃ ဩစတြေးလျ အိုးပင်းကို လက်လျှော့ခဲ့ရပေမယ့် လာမယ့်ပြင်သစ်အိုးပင်းသရဖူကို ဆက် ထိန်းသိမ်းနိုင်ဖို့အတွက်တော့ အဓိက ရည်မှန်းချက်တစ်ရပ်ဖြစ်နေပြီပဲဖြစ်ပါ တယ်။ ခုနစ်နှစ်တာကာလအကြာမှာ ဒုတိယအကြိမ်မြောက် ပိုင်ဆိုင်ခွင့်ရတဲ့ BPN ဆုဖလားရယူအပြီးမှာ ရုရှားပျိုဖြူ ချောလေးက အခုလိုဝမ်းမြောက်ကြည်နူး စကားဆိုခဲ့ပါတယ်။ "ဂရင်းဆလမ်ဆု ဖလားလေးလုံး အိပ်မက်က ပြည့်ဝခဲ့ပြီ ဆိုပေမယ့် ကမ္ဘာ့နံပါတ်(၁)ပြန်ဖြစ်ဖို့ ကြိုးစားရဦးမယ်လေ။ ပြင်သစ်အိုးပင်း သရဖူကိုလည်း ကာကွယ်နိုင်ဖို့ ပြင်ဆင် ထားပါတယ်။ အားကစားကမ္ဘာမှာ တစ်နေ့တခြား လူငယ်လက်တက်တွေ များများလာတယ်ဆိုတာကိုတော့ အမြဲ နှလုံးသွင်းထားပါတယ်"လို့ ရင်ဖွင့်ခဲ့ပါ တယ်။ လာမယ့်ဂရင်းဆလမ်ပွဲစဉ်တွေ မှာ ရုရှားမလေးတစ်ယောက် ပျော်ရွှင် ခွင့်ရပါစေလို့ ဆန္ဒမွန်ပြုရင်း . . . ။ ■

မာရီယာရှာရာပိုဗာ

တိုက်ဂါးဝုဒ်စ် နှင့် နှင်းချောစီး အားကစားမယ် မေတ္တာမျှနေကြ

မိုင်ယာမီ – မေဂျာတံခွန်စိုက်ဖလား ၁၄ ကြိမ်ရရှိထားသူ ဂေါက်သီးသမား အကျော်အမော်တိုက်ဂါးဝုဒ်စ်နှင့် နှင်းချောစီးအားကစားမယ် လင်းဆီးဗွန် တို့ မေတ္တာမျှလျက်ရှိနေကြကြောင်း တနင်္လာနေ့က ၎င်းတို့နှစ်ဦးက ကြေညာ လိုက်သည်။ ဝုဒ်စ်သည် အငယ်အနှောင်း အရှုပ်တော်ပုံများကြောင့် ၂၀၁၀ ပြည့်နှစ် တုန်းက လင်မယာချင်းပြတ်စဲထားခဲ့သူ ဖြစ်သည်။

"ဒါက လျှို့ဝှက်ထားနေရမယ့်ကိစ္စ မဟုတ်ဘူးလို့ ထင်ပါတယ်။ ဟုတ်ပါ တယ်။ ကျွန်မတိုက်ဂါးဝုဒ်စ်နဲ့ ချိန်းတွေ့ သွားလာနေပါပြီ"ဟု ဗွန်က ၎င်း၏ ဖေ့စ်ဘွတ်ခ်ပေါ်တွင် ၎င်းတို့နှစ်ဦးပုံနှင့် တကွ ဖော်ပြကြေညာလိုက်ခြင်းဖြစ် သည်။

ဝုဒ်စ်ကလည်း ၎င်း၏ဖေ့စ်ဘွတ်ခ် စာမျက်နှာတွင် ဗွန်းနှင့် သူတို့၏ဆက်ဆံ ရေးကို ထုတ်ဖော်ကြေညာခဲ့သည်။

"မိတ်ဆွေတို့ရဲ့ ထောက်ခံမှုနဲ့ ကျွန်တော်တို့ရဲ့ ပုဂ္ဂလိကလွတ်လပ်မှုကို လေးစားခြင်းတို့အတွက် ကျေးဇူးတင်ပါ တယ်။ ကျွန်တော်တို့နှစ်ဦးဟာ သာမန် စုံတွဲများလိုပဲ ကျွန်တော်တို့ရဲ့ ဆက်ဆံရေး ကို ကိုယ်ပိုင်လွတ်လပ်စွာနဲ့ ဆက်လက် ရှိသွားချင်ပါတယ်။ အားကစားသမား အဖြစ်လည်း ဆက်လက်ယှဉ်ပြိုင်သွား လိုပါတယ်"ဟု ဝုဒ်စ်က ပြောသည်။

ဗွန်သည် ကမ္ဘာ့တံခွန်စိုက်ဖလား ၁၇ လုံးကို ရရှိထားသူဖြစ်သည်။

(အေအက်ဖ်ပီ)

တင်ဦး ဘာသာပြန်သည်။ ■

ကာဇက်စတန်ကို နှစ်ကျော့စလုံးအနိုင်ယူမယ်ဆိုတဲ့ နည်းပြ ဂျိုအာချင်လိုနဲ့ ဂျာမနီလက်ရွေးစင်အသင်းသားများ

ကိုထွင့်(စိန့်ဂျွန်း)

ယခုလာမည့် သောကြာညတွင် ဘရာဇီးလ်သို့ သွားရာလမ်းအတွက် အကြို ၂၀၁၄ ကမ္ဘာ့ဖလားခြေစစ်ပွဲ ဥရောပဇုန်ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပါသည်။ ထို့အတွက်ကြောင့် စနေ၊ တနင်္ဂနွေညများတွင် ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်များမရှိဘဲ ခြောက်ကပ်နေမည်မှာ သေချာနေပေသည်။ ထို့အတွက်မူ စိုးရိမ်နေရန်မလိုဘဲ အိပ်ရေးဝစေရန် အားတင်းထားလျက် လာမည့်အင်္ဂါညတွင်လည်း ကြားပွဲအတွက် ကစားမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲများကို ဆက်လက်အားပေးရန်သာရှိပါတော့သည်။ ဘွန်ဒက်စ်လီဂါကစားသမားအများစုပါဝင်သော ဂျာမနီလက်ရွေးစင်အသင်းအား အမြည်းသဘော တင်ဆက်နိုင်ရန် ကြိုးပမ်းအားထုတ်ထားပါသည်။

ပါဝင်သောအုပ်စုနှင့် ဂျာမနီ၏ အနေအထား

ဂျာမနီသည် ယူအီးအက်ဖ်အေ၏ အုပ်စု(စီ)တွင် ဆွီဒင်၊ အိုင်ယာလန်၊ ဩစတြီးယား၊ ကာဇက်စတန်၊ ဖာရိုးကျွန်းစုတို့နှင့် အုပ်စုတစ်ခုတည်းကျရောက်လျက်ရှိပါသည်။ လက်ရှိအနေအထားတွင်မူ လေးပွဲကစားပြီးချိန်၌ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ ရမှတ် ၁၀ မှတ်ဖြင့် အုပ်စုကို ဦးဆောင်နေရာ ကျေနပ်ဖွယ်ရာပင်ဖြစ်သည်။ သရေကျခဲ့သည့်ပွဲမှာ ပြီးခဲ့သည့်နှစ် အောက်တိုဘာလဝက်က ကိုယ့်မြေပေါ်တွင် ဆွီဒင်အားဧည့်ခံကစားသည့်ပွဲတွင် လေးဂိုးစီသရေကျခဲ့ခြင်းပင်။ ကလိုဆေး၊ မာတီဆက်ကာ၊ အိုဇေးလ်တို့ ဦးဆောင်ဂိုးလေးဂိုးသွင်းပြီးမှ ကစားအားချခဲ့သော ဂျာမနီသည် ၆၂ မိနစ် အီဗရာဟီမိုဗစ်၍ ပထမချေပဂိုးပေးလိုက်ရသည်မှစ၍ တောက်လျှောက်ချေပဂိုးများပေးရကာ အဖိုးတန်အနိုင်သုံးမှတ်ကို ရယူနိုင်ခဲ့ခြင်းမရှိချေ။ ထိုကဲ့သို့ နည်းဗျူဟာအပြောင်းအရွှေ့ကို ဂျိုအာချင်လို ကောင်းစွာနားလည်သဘောပေါက်လောက်ပြီဟု ယုံကြည်မိပါသည်။ ယင်းသို့ ပူပူနွေးနွေးဖြစ်ရပ်အပြီး ကာဇက်စတန်ကို အဝေးကွင်း၌ သွားရောက်ရင်ဆိုင်ကစားရမည့်ပွဲတွင် ဂျိုအာချင်လိုနှင့် အဖွဲ့သားများအတွက် အထူးပင် သတိထားစရာတစ်ခုဖြစ်နေပေသည်။ ထူးခြားချက်မှာ သောကြာည ကစားပြီး ကြားပွဲဖြစ်သည့် အင်္ဂါညတွင် အိမ်ကွင်း၌ပင် ကာဇက်စတန်အား ဧည့်ခံရမည်ဖြစ်ပေရာ ယင်းပွဲစဉ်နှစ်ခုစလုံးသည် ဂျာမနီအတွက် အလွန်အရေးပါသောပွဲစဉ်များဖြစ်နေသည်။

လေ့ကျင့်ခန်းအစီအစဉ်တစ်ခု၌တွေ့ရသည့် ဂျာမနီလက်ရွေးစင်ကစားသမားများ။ ဓာတ်ပုံ - အေအက်ဖ်ပီ

ထုတ်ပြန်ထားသော ဂျာမနီ လူစာရင်းနှင့် ဂျိုအာချင်လို၏ သဘောထား

ဂျာမနီနည်းပြ ဂျိုအာချင်လိုသည် ကာဇက်စတန်နှင့် ကစားမည့်ပွဲများအတွက် ပဏာမ ၂၃ ဦးကို ရွေးချယ်ခဲ့ပြီးဖြစ်သည်။ ယင်းပဏာမ ၂၃ ဦးလူစာရင်းတွင် ဘိုင်ယန်မြူးနစ်၏ အဓိက ကွင်းလယ်ကစားသမားဖြစ်သော ရှဝိန်းစတိုင်ဂါသည် ပြန်လည်ပါဝင်လာပြီဖြစ်သော်လည်း လေဗာကူဆင်ဂိုးသွင်းဘုရင် ကီစလင်ကို အံ့အားသင့်ဖွယ်ရာ ချန်လှပ်ထားခဲ့ပြီး ဒဏ်ရာပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့နေရသော ဘိုင်ယန်မြူးနစ်နောက်ခံလူ မတ်စ်ဟမ်းမဲလ်၊ ဟိုလ်ဂါဘတ်စတူဘာတို့အပြင် ဒူးဒဏ်ရာခံစားနေရသည့် လာဇီယိုတိုက်စစ်မှူး ကလိုဆေးကိုလည်း ချန်လှပ်ထားခဲ့ရသည်။ ဂျိုအာချင်လိုက ကာဇက်စတန်နှင့် ယှဉ်ပြိုင်ကစားရမည့်ပွဲအတွက် အတောင့်တင်းဆုံးလူအင်အားကို အသုံးပြုထားသည်ဟု ဖွင့်ဟထားပြီး ပြီးခဲ့သည့်ဖေဖော်ဝါရီလက ၁-၂ ဖြင့် အနိုင်ရသည့် ပြင်သစ်နှင့် ခြေစမ်းပွဲတွင် ဒဏ်ရာပြဿနာကြောင့် ပါဝင်နိုင်ခဲ့ခြင်း မရှိသည့် ဘိုင်ယန်မြူးနစ်နှင့် ဒေါ့မွန်ကစားသမားများ ပြန်လည်ပါဝင်လာသည်ဟုလည်း ပြောကြားထားခဲ့သည်။ ဂျာမနီတိုက်စစ်အတွဲတွင် ဂိုမက်ဇ်နှင့် သောမတ်စ်မူလာ အစရှိသည့် ဘိုင်ယန်မြူးနစ်အတွဲ ပါရှိသကဲ့သို့ ခံစစ်ပိုင်းတွင်လည်း ဘိုင်ယန်ဂိုးသမား နျူအာအပြင် ဘိုင်ယန်ခံစစ်အတွဲ ဖိလစ်လမ်းနှင့် ဂျာရိုမီဘိုတန်တို့ကို ရွေးချယ်ခဲ့သည်။ ကွင်းလယ်တွင်ဥရောပ ထိပ်တန်းကလပ်အသင်းကြီးများမှ အလိုရှိနေသည့် မျိုးဆက်သစ် မဟာကစားသမားတစ်ဦးဖြစ်လာနိုင်သည်ဟု မှတ်ချက်ပေးနေကြသည့် ၁၉ နှစ်အရွယ်သာရှိသေးသော ရှော်လ်ကေးကွင်းလယ်လူ ဂျူလီယန်ဒါရက်ဇ်လာကိုလည်း ရွေးချယ်ခဲ့သည်။ ဒေါ့မွန် အတွဲများဖြစ်သည့် ဂန်ဒိုဂန်၊ မာကိုရူးစ်၊ ရီးရဲလ်ကွင်းလယ်အတွဲဖြစ်သည့် ခီဒီယာနှင့် အိုဇေးလ်တို့ကို ရွေးချယ်သကဲ့သို့ အာဆယ်နယ်မှ ပိုဒေါ်စကီးနှင့် လေဗာကူဆင်တိုက်စစ်မှူး အင်ဒရေဆက်ချူရယ်လ်တို့လည်း ဂျာမနီလူစာရင်းတွင် ပါဝင်ခဲ့သည်။

ဂျာမနီလက်ရွေးစင် အသင်းတွင် ဘိုင်ယန်မြူးနစ်မှ ခုနစ်ဦး၊ လက်ရှိချန်ပီယံ ဒေါ့မွန်မှ လေးဦးနှင့် ဟမ်းဘတ်၊ ဟန်နိုဗာ၊ ရှော်လ်ကေး၊ လေဗာကူဆင် အစရှိသော ကစားသမားများကို အားပြုထားသည်ကို တွေ့ရသည်။ ပြည်ပအခြေစိုက် ကစားသမားများဟူ၍ ရီးရဲလ်ကွင်းလယ်အတွဲဖြစ်သော ခီဒီယာနှင့် အိုဇေးလ်၊ အာဆင်နယ် ကစားဖော်များဖြစ်ကြသည့် မာတီဆက်ကာနှင့် ပိုဒေါ်စကီး တို့သာ ပါဝင်၍ ပြည်တွင်းအခြေစိုက် ကစားသမားအများစုနှင့် ကာဇက်စတန်ကို ရင်ဆိုင်ပါလိမ့်မည်။

နှိပ်စက်ခဲ့သော ဒဏ်ရာပြဿနာများနှင့် ဂျာမနီ၏ဗျူဟာ

ဂျာမနီအသင်းခေါင်းဆောင်လည်းဖြစ် ဘိုင်ယန်မြူးနစ် နောက်ခံလူလည်းဖြစ်သူ ဖိလစ်လမ်းက ကာဇက်စတန်နှင့်ပွဲအတွက်ယုံကြည်မှုအပြည့်ရှိပြီး အကောင်းဆုံးစွမ်းဆောင်ရည်များကိုပြသရန် အသင့်ရှိကြောင်း ပြောဆိုနေဆဲမှာပင် ဂျာမနီသည် ပဏာမရွေးချယ်ထားသောသူ ၂၃ ဦးတည်းမှ သုံးဦးကို ဆုံးရှုံးလိုက်ရပြီဖြစ်သည်။ ဆဗင်ဘင်ဒါ၊ လားစ်ဘင်ဒါနှင့် တိုနီကရုစ်တို့သည် ဒဏ်ရာကြောင့် ကာဇက်စတန်နှင့်ပွဲကို လွဲချော်ရတော့မည်။

ထို့ကြောင့် ယင်းတို့၏နေရာတွင် မျက်နှာသစ် ကစားသမားများနှင့် အစားထိုးရန် ဂျိုအာချင်လို ကြိုးပမ်းနေရသည်။ ထို့ကြောင့် ကစားကွက်မှာ အနည်းငယ် အပြောင်းအလဲရှိနိုင်သည် ဆိုသည်ကိုမူ သတိထားရမည်။

ဖီဖာ၏ အကဲဖြတ်ချက်နှင့် လူစာရင်း ထုတ်ပြန်ချက် အဓိပ္ပာယ်ဖော်မှုအရမူ အာဆယ်နယ်မှ ပိုဒေါ်စကီး၊ ဘိုင်ယန်မှ သောမတ်စ်မူလာ၊ ဒေါ့မွန်မှ မာကိုရူးစ်နှင့် လေဗာကူဆင်မှ အင်ဒရေဆက်ချူရယ်လ်တို့မှာ တိုက်စစ်သမားများဖြစ်သည်ဟု ဖော်ပြထားရာ အမှန်တကယ် ပွဲထွက်သည့်အခါတွင် ဂျိုအာချင်လိုသည် မည်သူ့ကို မည်သည့်နေရာတွင် သုံးမည်ဆိုသည်ကို စိတ်ဝင်စားဖွယ်မြင်တွေ့ရမည် ဖြစ်ပါသည်။ ပိုဒေါ်စကီးဆိုလျှင် အာဆင်နယ်တွင် ကစားသည့်ပုံစံအရ အထောင်တိုက်စစ်မှူး ဂီရော့ဒ်၏ နောက်တွင် ကစားသည့် တိုက်စစ်မှူးတစ်ဦးသာ ဖြစ်ပါသည်။ ဘောလုံးဒသနပေါ်တွင် အခြေခံထားသည့် ဂျာမနီ၏ ကစားကွက်နှင့် ကာဇက်စတန်ကို နှစ်ကျော့စလုံး သက်သောင့်သက်သာ အနိုင်ယူနိုင်မည်လားဆိုသည်ကတော့ ရက်ပိုင်းအတွင်း အဖြေပေါ်လာတော့မည်သာ ဖြစ်လေသတည်း။ ■

ဒီမိုကရေစီစနစ်ဖော်ဆောင်ရန် အလွန်အရေးကြီးသော ခေတ်ပြောင်းကာလကို ဖြတ်သန်းနေရသည့် မြန်မာနိုင်ငံအဖို့ နိုင်ငံတကာအဖွဲ့အစည်းများ၏ ထောက်ခံမှုနှင့် အကူအညီများ လိုအပ်နေသည် ဟုစာရေးသူမြင်ပါသည်။
"မြန်မာနိုင်ငံ၏ နိုင်ငံ့ဘာရေးအခြေနေနှင့် ဒေသတွင်း မြန်မာနိုင်ငံ၏ အခန်းကဏ္ဍ"
ဟူ၍ ၂၈ ကြိမ်တိုင်ထုတ်ဝေခဲ့သော ဤစာအုပ်ကို မြင်ဆင်ဖြည့်စွက်ချက်များနှင့်တကွ

"THE WAY I SEE IT"
MYANMAR AND ITS EVOLVING GLOBAL ROLE

နိုင်ငံတကာနယ်ပယ်တွင် မြန်မာနိုင်ငံ၏ ပြောင်းလဲဖြစ်ပေါ်မှု နှင့် "ကျွန်ုပ်၏ အမြင်" ဟူ၍ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေလိုက်ပါသည်။
(မြန်မာဘာသာဖြင့်လည်း မကြာမီ ဆက်လက်ထုတ်ဝေပါမည်။)
ရောင်းဈေး - ၄၀၀၀ ကျပ်
ကိုယ်စားလှယ်ဈေး - ၃၂၀၀ ကျပ်
ဖြန့်ချိရေးဌာန - ဖုန်း - ၃၉၂၉၂၈၊ ၂၉၃၆၄၂



အာရှပတ်လည်မြားပစ်ပြိုင်ပွဲတွင် မြန်မာမြားပစ်အဖွဲ့ ရွှေတံဆိပ်တစ်ခုရရှိခဲ့

ကျော်ဇင်လှိုင်

အာရှမြားပစ်အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသော ၂၀၁၃ ခုနှစ်၏ ပထမအကြိမ်ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲကို ပြီးခဲ့သည့် မတ်လ ၉ ရက်နေ့မှ ၁၅ ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ ရာဇမင်္ဂလာကွင်းတွင် ကျင်းပပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်မှ ရွှေတံဆိပ်တစ်ခုရယူနိုင်ခဲ့သည်။

အဆိုပါမြားပစ်တွင် အိမ်ရှင်ထိုင်းနိုင်ငံအပါအဝင်ကမ္ဘာ့၊ အာရှနှင့် အရှေ့တောင်အာရှမှ မြားပစ်အားကစားထိပ်သီးနိုင်ငံများဖြစ်သော ဘင်္ဂလားဒေ့ရှ်၊ ဘယ်လ်ဂျီယံ၊ ဘူတန်၊ တရုတ်၊ အီဂျစ်၊ ပြင်သစ်၊ ဟောင်ကောင်၊ အင်ဒိုနီးရှား၊ မွန်ဂိုလီးယား၊ မြန်မာ၊ ရုရှား၊ ဆွစ်ဇာလန်အစရှိသော နိုင်ငံပေါင်း ၂၆ နိုင်ငံမှ Recurve အမျိုးအစားအတွက် အမျိုးသား ၇၃ ဦး၊ Recurve အမျိုးသမီး ၇၁ ဦး၊ Compound အမျိုးအစားအတွက် အမျိုးသား ၅၄ ဦး၊ Compound အမျိုးသမီး ၄၆ ဦး စုစုပေါင်း မြားပစ်အားကစားသမား ၂၄၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်မှ Recurve အမျိုးသမီးသုံးဦးနှင့် Compound အမျိုးသမီးသုံးဦး စုစုပေါင်း ခြောက်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး Compound အမျိုးသမီးတစ်ဦးချင်း အမှတ်ပေးပြိုင်ပွဲတွင် အောင်ငိုမ်းမှ ရွှေတံဆိပ်တစ်ခု ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

Recurve အမျိုးသမီးတစ်ဦးချင်း မြားပစ်ပြိုင်ပွဲတွင် နိုင်ငံအသီးသီးမှ ပြိုင်ပွဲဝင် ကစားသမား ၇၁ ဦးအနက် သင်းသင်းခိုင် အဆင့်(၁၃)၊ စန်းယုထွေး အဆင့်(၄၁)၊ သဇင်အောင် အဆင့်(၅၀) တို့ဖြင့် ရပ်တည်နိုင်ခဲ့ပြီး Compound အမျိုးသမီးတစ်ဦးချင်း မြားပစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၄၆ ဦးအနက် အောင်ငိုမ်းက အဆင့်(၁)၊ ယောစိမ်းယ အဆင့်(၃၁)၊ အေးအေးသင်း အဆင့်(၃၁) တို့ဖြင့် အသီးသီးရပ်တည်နိုင်ခဲ့ကြသည်။ ■

ဆီးဂိမ်းတွင် မြန်မာမှ ပြိုင်ပွဲဝင်မြင်းများပံ့ပိုးမည်

ကျော်ဇင်လှိုင်

မြန်မာနိုင်ငံ မြင်းစီးအဖွဲ့ချုပ်အနေဖြင့် လာမည့်(၂၇)ကြိမ်မြောက် ၂၀၁၃ ဆီးဂိမ်းတွင် လာရောက်ယှဉ်ပြိုင်မည့် ဧည့်သည်နိုင်ငံများအတွက် မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင်မြင်းများအားလုံးကို ပံ့ပိုးပေးသွားမည်ဖြစ်ပြီး အရှေ့တောင်အာရှတွင် အဆိုပါစနစ်ကို ပထမဆုံးကျင့်သုံးသော နိုင်ငံအဖြစ် အိမ်ရှင်မြန်မာနိုင်ငံအနေဖြင့် မှတ်တမ်းတင်နိုင်မည်ဖြစ်သည်။

အဆိုပါစနစ်ကိုပြီးခဲ့သည့် မတ်လ ၁၅ ရက်နေ့မှ ၁၇ ရက်နေ့အထိ နေပြည်တော် မြင်းစီးအားကစားပြိုင်ကွင်းတွင် ကျင်းပပြုလုပ်ခဲ့သော ဆီးဂိမ်းအကြို မြင်းစီးပြိုင်ပွဲတွင် စတင်ကျင့်သုံးခဲ့ပြီး လာရောက်ယှဉ်ပြိုင်ခဲ့ကြသော ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ကမ္ဘောဒီးယားနိုင်ငံများက မြန်မာနိုင်ငံရှိ မြင်းစီးကွင်းနှင့် ပြိုင်ပွဲဝင်မြင်းများကို သဘောကျသောကြောင့် ဆီးဂိမ်းတွင် ဆက်လက်ကျင့်သုံးရန်အတွက် သဘောတူလက်ခံခဲ့ကြခြင်းဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲတွင် လာရောက်ယှဉ်ပြိုင်သော နိုင်ငံတကာမှ မြင်းစီးအားကစားအနေဖြင့် ပြိုင်ပွဲမတိုင်မီ မိမိအတွက် ပြိုင်ပွဲဝင်မြင်းကို မဲနှိုက်ရွေးချယ်ရမည်ဖြစ်ပြီး လက်ရှိတွင် ပြိုင်ပွဲအတွက် အကောင်းမွန်ဆုံး ပြိုင်ပွဲဝင်မြင်း ၃၈ ကောင်ကို ပုဂံမြို့ ထီးပူရွာ၌ လေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။

ဆီးဂိမ်းအကြို မြင်းစီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး၏ ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။ ဓာတ်ပုံ - မြန်မာနိုင်ငံမြင်းစီးအဖွဲ့ချုပ်

မြန်မာနိုင်ငံမြင်းစီးအဖွဲ့ချုပ်အနေဖြင့် လာမည့်ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်အများဆုံးဆွတ်ခူးနိုင်ရန် ယုံကြည်လျက်ရှိပြီး ရွှေတံဆိပ်ခြောက်ခုချီးမြှင့်သော မြင်းစီးအားကစားအတွက် ရွှေတံဆိပ်ခြောက်ခုစလုံး ရယူနိုင်ရန်ကြိုးစားသွားမည်ဖြစ်ကြောင်း မြင်းစီးအဖွဲ့ချုပ်မှ ဦးအေးချိုက ပြောကြားခဲ့သည်။ ပြီးခဲ့သည့် (၂၆)ကြိမ်မြောက် အင်ဒိုနီးရှား ဆီးဂိမ်းတွင် မြန်မာနိုင်ငံမြင်းစီးအဖွဲ့ချုပ်သည် ကြေးတံဆိပ်တစ်ခုသာရယူနိုင်ခဲ့သည်။

မြန်မာ့ပဏာမလက်ရွေးစင်မြင်းစီးအားကစားသမားများ နိုင်ငံတကာပြိုင်ပွဲအတွေ့အကြုံများရရှိရန် လာမည့်ဇွန်လ ၆ ရက်နေ့တွင် မလေးရှားနိုင်ငံ၌ ကျင်းပပြုလုပ်မည့် တာဝေးမြင်းစီးပြိုင်ပွဲသို့ စေလွှတ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့် ဆီးဂိမ်းအကြို ခြောက်နိုင်ငံ မြင်းစီးပြိုင်ပွဲတွင် ခရီးရှည်တာဝေးမြင်းစီးပြိုင်ပွဲ၊ တန်းခုန်ပြိုင်ပွဲနှင့် အလှစီးပြိုင်ပွဲများစွာပါဝင်ခဲ့ပြီး လာရောက်ယှဉ်ပြိုင်ခဲ့ကြသောနိုင်ငံများအနက် အင်ဒိုနီးရှားနိုင်ငံမှ ရွှေတံဆိပ်နှစ်ခုနှင့် ငွေတံဆိပ်တစ်ခုဖြင့် ဆုတံဆိပ်အများဆုံးရယူနိုင်ခဲ့ပြီး အိမ်ရှင်မြန်မာနိုင်ငံအနေဖြင့် ကြေးတံဆိပ် တစ်ခုသာရရှိခဲ့သည်။ ■

ခြေစစ်ပွဲ အောင်မည်ဟု ကလင်းစမန်း ယုံကြည်

ဝါရှင်တန် - အမေရိကန်နိုင်ငံ အသင်းတွင် ဒဏ်ရာရထားသူတွေများနေပြီး၊ ခြေစစ်ပွဲများကစားရန် ပွဲအနည်းငယ်သာ ကျန်တော့သည့်အခြေအနေမျိုးသို့ ရောက်နေသော်လည်း နည်းပြကလင်းစမန်းကမူ အတွေ့အကြုံနည်းသည့် သူ၏အသင်းသည် ၂၀၁၄ ကမ္ဘာ့ဖလား ခြေစစ်ပွဲအောင်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားလိုက်သည်။

အမေရိကန်အသင်းသည် သောကြာနေ့တွင် အင်ဗာမြို့၌ ကော်စတာရီကာနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အမေရိကန်အသင်းတွင် ဂိုးသမား တင်မ်ဟောင်းဝပ် နောက်ကျောဒဏ်ရာဖြင့်လည်းကောင်း၊ နောက်ခံလူ စတိဗ်ချာရွန်ဒိုလိုသည် ဒူးဒဏ်ရာဖြင့်လည်းကောင်း၊ ဝက်စ်ဟမ်းအသင်း၌ နောက်ခံလူအဖြစ်ကစားနေသူ ဂျိုနသန်စပက်တာသည် ခြေချင်းဝတ်ဒဏ်ရာဖြင့်လည်းကောင်း အသီးသီး ဘေးထိုင်နေကြရသည်။ **(အေအက်ဖ်ပီ)**

တင်ဦး ဘာသာပြန်သည်။ ■

သတင်းတိုများ

စပါးသုံးပွဲဆက်ရှုံးသော်လည်း ဘိုအာ့စ်မစိုးရိမ်

တော့တင်ဟမ်ဟော့စပါးမန်နေဂျာ အင်ဒရေးဗီလာ့စ်ဘိုအာ့စ်က သူ၏အသင်းသည် ပရီမီယာလိဂ်တွင် သုံးပွဲဆက်တိုက်ရှုံးထားခဲ့သော်လည်း ထိပ်ဆုံးလေးနေရာတွင် ဆက်လက်ထိန်းထားနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားလိုက်သည်။ တနင်္ဂနွေနေ့က ဖူလ်ဟမ်အသင်းနှင့် ယှဉ်ပြိုင်ရသည့်ပွဲတွင် ဒုတိယပိုင်းပွဲစ၍ မကြာမီမှာပင် ဒီမီတာ ဘာဘာတော့ဗ်က အနိုင်ဂိုးကို သွင်းသွားခဲ့ဖြင့် စပါးသည် ထိုပွဲ၌ ရှုံးနိမ့်ကာ ပရီမီယာလိဂ်ဇယား၌ တတိယနေရာမှ စတုတ္ထနေရာသို့ လျှောဆင်းသွားခဲ့သည်။ စပါးသည် ထိုပွဲတွင် အနိုင်ရရှိခဲ့ပါက ဒုတိယနေရာတွင်ရှိနေသော မန်စီးတီးနှင့် နှစ်မှတ်မျှသာကွာတော့မည်ဖြစ်သည်။ သို့ရာတွင် ထိုနေ့က ဝက်စ်ဟမ်းနှင့် ယှဉ်ပြိုင်ရသည့်ပွဲ၌ ချယ်လ်ဆီးက ၂–၀ ဖြင့် အနိုင်ရသွားသဖြင့် စပါးသည် စတုတ္ထနေရာသို့ ဆင်းသွားရခြင်းဖြစ်သည်။ **(အေအက်ဖ်ပီ)**

တင်ဦး ဘာသာပြန်သည်။

၂၀၁၅ တွင် ဟွန်ဒါ ဖော်မြူလာဝမ်းပြိုင်ပွဲ ပြန်ဝင်မည်

ဗြိတိသျှအသင်း မက္ကလာရင်အား အင်ဂျင်စက်များ ပေးသွင်းနေသည့် ဟွန်ဒါကုမ္ပဏီသည် ၂၀၁၅ ခုနှစ်တွင် ဖော်မြူလာဝမ်းပြိုင်ပွဲသို့ ပြန်လည်ပါဝင်လာတော့မည်ဟု တနင်္လာနေ့ထုတ် အဆာဟိသတင်းစာတွင် ဖော်ပြထားသည်။ ဟွန်ဒါကုမ္ပဏီသည် ၂၀၀၈ ရာသီအကုန်တွင် စီးပွားရေးကျခိုက်နှင့်ကြုံ၍ကုန်ကျစရိတ် လျှော့ချနိုင်ရန် ဖော်မြူလာဝမ်းမှ ထွက်ခဲ့ခြင်းဖြစ်သည်။ ဟွန်ဒါသည် ၁၉၆၀ ပြည့်လွန်နှစ်များကတည်းက ဖော်မြူလာဝမ်းတွင် ပါဝင်လာခဲ့သော ကုမ္ပဏီဖြစ်သည်။ **(အေအက်ဖ်ပီ)**

တင်ဦး ဘာသာပြန်သည်။

ရာသီကုန်ခါနီးအထိ ရင်ခုန်နေရဦးမည့် စီးရီးအေရပ်ဝန်း

ဝဏ္ဏ(စမ်းချောင်း)

၂၀၁၂-၁၃ ရာသီချန်ပီယံလိဂ်နှင့် ယူရိုပါလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်များ ရေးဆွဲပြီးသောအခါ စီးရီးအေအမှတ်ပေးပွဲနှင့် စီးရီးအေအသင်းများ အနေအထားသည် စိတ်ဝင်စားဖွယ် အမြင့်ဆုံးအဆင့်သို့ ရောက်လာသည်။

မီလန်မြို့ခံထိပ်သီးနှစ်သင်းဖြစ်သော အေစီမီလန်နှင့် အင်တာမီလန်တို့သည် ချန်ပီယံလိဂ်နှင့် ယူရိုပါလိဂ်ပြိုင်ပွဲများတွင် ရှုံးထွက်အဆင့်မှ ထွက်ခွာသွားသည်။ ဥရောပပြိုင်ပွဲနှစ်ရပ်တွင် နာမည်ကျော် ဂျူဗင်တပ်နှင့် ရောမမြို့အခြေစိုက် လာဇီယိုနှစ်သင်းသာ အီတလီကိုယ်စားပြုအသင်းများအဖြစ် ကျန်ရစ်တော့သည်။ တစ်ဖက်ကလည်း စီးရီးအေအမှတ်ပေးပွဲတွင် ထိပ်ဆုံးမှ တောက်လျှောက်ဦးဆောင်လာသော ဂျူဗင်တပ်သည် ဒုတိယနေရာမှ နာပိုလီကို ကိုးမှတ်ဖြတ်ထားနိုင်ဆဲဖြစ်သောကြောင့် အမှတ်ပေးချန်ပီယံဖြစ်ရန် အလားအလာကောင်းသွားသည်။

လက်ရှိအချိန်တွင် ဂျူဗင်တပ်သည် အသင်းလိုက်အကောင်းဆုံးခြေစွမ်း (peak-form) သို့ရောက်နေသည်။ တိုက်စစ်ရော၊ ခံစစ်ပါ ကျစ်လျစ်မှုရှိသည့်အပြင် 'ရစ်သမ်'မိနေသည်။ ကစားသမားများအကြား နားလည်မှုကောင်းပြီး အောင်မြင်မှုကို ဆာလောင်ပြင်းပြစိတ်သည် အမြင့်ဆုံးအဆင့်သို့ရောက်နေသည်။ ခြုံကြည့်လျှင် စီးရီးအေပြိုင်ပွဲ၌ ဂျူဗင်တပ်ကို မည်သည့်ပြိုင်ဘက်အသင်းမျှ လိုက်လို့မမီနိုင်တော့ပေ။ သို့ရာတွင် ဂျူဗင်တပ်သည် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်တွင် ဘိုင်ယန်မြူးနစ်နှင့်တွေ့ဆုံမည်ဖြစ်သောကြောင့် သူ့မြေကိုယ့်မြေ ပွဲကျပ်နှစ်ပွဲကစားရမည်ဖြစ်ရာ ပွဲပန်းပြီး ခြေချော်လက်ချော်ဖြစ်သွားခြင်းရှိ၊ မရှိကို စောင့်ကြည့်ရမည်။

အကယ်၍ ဂျူဗင်တပ်သည် ချန်ပီယံလိဂ်တွင် ဘိုင်ယန်မြူးနစ်ကိုသာ အကြိတ်အနယ်ကစားပြီး ဖြတ်ကျော်သွားနိုင်ပါက အမှတ်ပေးပွဲတွင် အာရုံစူးစိုက်မှု ကျဆင်းဖွယ်ရှိပြီး 'စီးရီးအေချိန်ခွင်လျှာ' သည် အလှည့်အပြောင်းဖြစ်ကောင်းဖြစ်သွားနိုင်သည်။

ဒုတိယနေရာမှ နာပိုလီသည် ဘောလုံးရာသီတစ်ခု၏ အရေးကြီးဆုံးအချိန်အပိုင်းအခြားဖြစ်သည့် ဖေဖော်ဝါရီလဆန်းပိုင်းမှစတင်ကာ ခြေစွမ်းကျဆင်းသွားသည်။ နာပိုလီသည် ဖေဖော်ဝါရီ၊ ဒုတိယပတ်မှ မတ်လ၊ ဒုတိယပတ်ထိ နိုင်ပွဲပျောက်သွားသည်။

စီးရီးအေတွင် ခြေပျက်ကာ ရလဒ်များ 'ထိုးဆင်း'သွားသောကြောင့် ဂျူဗင်တပ်ကို ဖိအားပေးသောအသင်းအဆင့်မှ စီးရီးအေဒုတိယနေရာကို ဆက်ထိန်းနိုင်ရန် အစွမ်းကုန်ညှစ်ရတော့မည့် အသင်းအဆင့်သို့ ရောက်ရှိသွားသည်။

စီးရီးအေတွင် ခြေစွမ်းရော၊ ရလဒ်ပါ ပြန်လည်ကောင်းမွန်လာသောအသင်းမှာ အေစီမီလန်ဖြစ်သည်။ အေစီမီလန်သည် ချန်ပီယံလိဂ် ရှုံးထွက်အဆင့်တွင် ဘာစီလိုနာနှင့် ထိပ်တိုက်ရင်ဆိုင်နေရသည့်ကြားမှာပင် အမှတ်ပေးပွဲတွေလည်း အင်တာမီလန်၊ လာဇီယိုတို့ကို ဆက်တိုက်ရင်ဆိုင်ခဲ့ရသည်။

အေစီမီလန်သည် ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်း အသင်းနှင့်အဆင်မပြေဖြစ်နေသော ဘရာဇီးလ်တိုက်စစ်မှူး ပါတိုကို ရောင်းချလိုက်ပြီး မန်စီးတီးမှ အီတလီလက်ရွေးစင်တိုက်စစ်မှူး ဘာလိုတယ်လီကိုခေါ်ယူနိုင်ခဲ့ခြင်းကြောင့် တိုက်စစ်အင်အားစုသည် 'အတက်ဖက်' ပြသွားသည်။ ဘာလိုတယ်လီသည်အေစီမီလန်တွင်ခြေစွမ်းပြနိုင်ပြီး ဂိုးမြူးလာသောကြောင့် ကစားဖော်များ၏ ယုံကြည်အားထားမှုကို အချိန်တိုတွင်းရရှိခဲ့သည်။ သို့ကလိုကြောင့်ယခင်က အဲလ်ရှာဝီတစ်ယောက်တည်းကိုအားကိုးနေရသောအေစီမီလန်သည် ဘာလိုတယ်လီ-အဲလ်ရှာဝီတိုက်စစ်တွဲကို ပွဲထုတ်နိုင်သောအသင်းဖြစ်လာသည်။

ခြုံကြည့်လျှင် အေစီမီလန်သည် စီးရီးအေပွဲများတွင် ဇန်နဝါလဆန်းပိုင်းကတည်းက ဆက်တိုက် ခြေတက်လာသောကြောင့် တတိယနေရာသို့ ရောက်ရှိလာသည်။ လက်ရှိခြေစွမ်းကိုသာ ဆက်ထိန်းထားနိုင်မည်ဆိုလျှင် အေစီမီလန်သည် ဒုတိယနေရာကိုပါ ခြိမ်းခြောက်လာနိုင်စွမ်းရှိသည်။

> **ဘာလိုတယ်လီသည် အေစီမီလန်တွင် ခြေစွမ်းပြနိုင်ပြီး ဂိုးမြူးလာသောကြောင့် အသင်းဖော်များ၏ ယုံကြည်...**

မီလန်မြို့ခံအသင်း အင်တာမီလန်၏ အခြေအနေမှာ အေစီမီလန်နှင့် ဆန့်ကျင်နေသည်။ အင်တာမီလန်သည် ယူရိုပါလိဂ်တွင် စပါးကို အဝေးဂိုးဖြင့် အရေးနိမ့်ခဲ့သည်။ ယူရိုပါလိဂ်ဘက်တွင် အာရုံစိုက်ကာ 'ညှစ်'လိုက်သောကြောင့် စီးရီးအေအမှတ်ပေးပွဲများတွင် 'ကျ' သွားသည်။ နည်းပြစထရာမာစီယွန်နီနှင့် ဝါရင့်တိုက်စစ်မှူး ကာဆာနိုတို့ 'အဖုအထစ်' များဖြစ်ခဲ့ပြီး အင်တာမီလန်တိုက်စစ်အင်အားစုသည် မီးဇာကုန်ဆီခမ်းသလိုဖြစ်သွားသည်။

အင်တာမီလန်သည် ယူရိုပါလိဂ်ပြိုင်ပွဲမှ ထွက်လိုက်ရသကဲ့သို့ စီးရီးအေတွင်လည်း ထိပ်ဆုံးသုံးနေရာ ဝင်ရောက်နိုင်ရန် မလွယ်သောကြောင့် လာမည့်ရာသီ ဥရောပပြိုင်ပွဲအတွက် ကိုပါအီတာလျံဖလားဘက်သို့သာ အာရုံစိုက်ရတော့မည်ဖြစ်သည်။ ကိုပါအီတာလျံဖလားဆီမီး(ပ-ကျော့)တွင် ရိုးမားကွင်း၌ ၂-၁ ဖြင့် အရေးနိမ့်ထားသောကြောင့် မျှော်လင့်ချက်ခပ်မှိန်မှိန်သာ ကျန်တော့သည်။

ယခုရာသီ ကိုပါအီတာလျံဖလားကို ရောမမြို့အခြေစိုက် ထိပ်သီးနှစ်သင်းဖြစ်သော လာဇီယိုနှင့် ရိုးမားတို့က ပစ်မှတ်ထားနေကြသည်။ ရိုးမားသည် ဆီမီးဖိုင်နယ် (ပ-ကျော့)တွင် အင်တာမီလန်ကို ၂-၁ ဖြင့် နိုင်ထားသောကြောင့် မျှော်လင့်ချက်ကောင်းနေသည်။

နည်းပြသစ် အင်ဒရီယာဇိုလီလက်ထက်တွင် ရိုးမားသည် စွမ်းဆောင်ရည်ပိုင်း ပြန်လည်ဦးမော့လာသည်။ ရိုးမားကွင်းလယ်နှင့် တိုက်စစ်ပိုင်းတွင် လူငယ်ကစားသမားများကို နေရာပေးလာခြင်းနှင့်အတူ စွမ်းဆောင်ရည်နှင့် work-rate များ မြင့်တက်လာသည်။

လတ်တလောတွင် ရိုးမားသည် တတိယနေရာမှ အေစီမီလန်နှင့် ခြောက်မှတ်သာပြတ်နေသောကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်နေရာကို မျှော်မှန်းနိုင်သည်။ ပြီးခဲ့သော ငါးပွဲဆက်တိုက်တွင် ယူဒီးနိစ်ကွင်းတွင် ၁-၁ သရေကျခဲ့သည်မှလွဲပြီး ကျန်ပွဲတိုင်းနိုင်ခဲ့သော ရိုးမားသည် တစ်ပွဲပျမ်းမျှသွင်းဂိုး နှစ်ဂိုးနှုန်းရှိခြင်းနှင့်အတူ တိုက်စစ်ထက်မြက်ပြီး ရစ်သမ်မိလာသောအသင်းဖြစ်သည်။ လက်ရှိခြေစွမ်းကိုသာ ဆက်ထိန်းနိုင်ပါက ရိုးမားသည် ကိုအီတာလျံဖလားအပြင် ချန်ပီယံလိဂ်ဝင်ခွင့်နေရာကိုပါ 'အပိုဆု'အဖြစ် မျှော်မှန်းနိုင်မည် ဖြစ်သည်။

ရောမမြို့အခြေစိုက် အခြားထိပ်သီးတစ်သင်းဖြစ်သော လာဇီယိုအနေအထားကလည်း စိတ်ဝင်စားဖွယ်ကောင်းနေသည်။ လာဇီယိုသည် ကိုပါအီတာလျံဖလားတွင် ဂျူဗင်တပ်ကိုပင် အနိုင်ရကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ တစ်ဖန် ယူရိုပါလိဂ်တွင်လည်း ကွာတားဖိုင်နယ်တက်ရောက်သွားသည်။ ယူရိုပါလိဂ်ပြိုင်ပွဲတွင် လာဇီယိုသည် နောက်တစ်ဆင့်တက်ရောက်ရန် အလားအလာကောင်းလျက်ရှိသည်။

သို့ရာတွင် ယူရိုပါလိဂ်၌ အားစိုက်ညှစ်ထုတ်လိုက်ရသောကြောင့် ပြည်တွင်းအမှတ်ပေးပွဲတွင် လာဇီယိုတို့ကြီးမားစွာပေးဆပ်လိုက်ရသည်။ ဖေဖော်ဝါရီလဆန်းပိုင်းမှ မတ်လဒုတိယပတ်ထိ နိုင်ပွဲတစ်ပွဲသာရပြီး လေးပွဲရှုံးနိမ့်ခဲ့သောကြောင့် အဆင့်(၆)အထိ 'ထိုးဆင်း'သွားသည်။ ထိုသို့ ရှုံးနိမ့်သောလေးပွဲအတွင်း လာဇီယိုသည် ကိုးဂိုးသွင်းခံရပြီး ပြိုင်ဘက်ဂိုးပေါက်ထဲသို့ တစ်ဂိုးမျှ ပြန်မသွင်းနိုင်သောကြောင့် တိုက်စစ်ရော၊ ခံစစ်ပါ ယိမ်းယိုင်သွားပြီး အတော်လေး 'အထိနာ' သွားသောသဘောရှိသည်။

မထင်မှတ်ဘဲ ပြန်လည်ဦးမော့လာသောအသင်းမှာ ဖီအိုရင်တီးနားဖြစ်သည်။ ဇန်နဝါရီလဆန်းပိုင်းတွင် ခြေပျက်သွားသော ဖီအိုရင်တီးနားသည် ဖေဖော်ဝါရီလဆန်းပိုင်းသို့ အရောက်တွင် ပြန်လည် နာလန်ထလာသည်။ အစောပိုင်းက ဂိုးပေါက်ပျောက်ကာ ခြေပျက်သွားသော အဓိကတိုက်စစ်မှူး ဂျိုဗီတစ် ပြန်လည်ခြေစွာပြီး ဂိုးမြူးလာခြင်းနှင့်အတူ ဖီအိုရင်တီးနားတိုက်စစ်သည် အခြားထိပ်တန်းအသင်းကြီးများကို သူတင်ကိုယ်တင် အပြိုင်ကြဲလာနိုင်ပြီဖြစ်သည်။

ခြုံကြည့်လျှင် ၂၀၁၂-၁၃ ရာသီ စီးရီးအေအမှတ်ပေးပွဲ၏ ပန်းဝင်ခါနီးကာလသို့ရောက်လာချိန်တွင် ဂျူဗင်တပ်သည် ဗိုလ်စွဲရန်သေချာသလောက်ရှိသည်။ သို့ရာတွင် ဒုတိယနေရာမှ နာပိုလီနှင့် အဆင့်(၇)တွင် ရပ်တည်နေသော ရိုးမားတို့အကြား အမှတ်ကွာဟမှုသည် ခြောက်မှတ်သာရှိသောကြောင့် အလှည့်အပြောင်းများစွာ ဖြစ်ပေါ်လာနိုင်သည်။

ချန်ပီယံလိဂ်ဝင်ခွင့်အတွက် နာပိုလီနှင့် အေစီမီလန်တို့က လတ်တလောဦးဆောင်နေသော်လည်း ခြေပြန်တက်လာသော ဖီအိုရင်တီးနားနှင့် ရိုးမားတို့သည် တောက်လျှောက်ဖိအားပေးလာနိုင်သော အသင်းများအဖြစ် ပေါ်ထွက်လာသည်။ တစ်ဖန် လာဇီယိုနှင့် အင်တာမီလန်တို့သည်လည်း ပြည်တွင်း အမှတ်ပေးပွဲများတွင် အာရုံစူးစိုက်မှု အပြည့်ထည့်ပြီး ခြေပြန်တွေ့လာမည်ဆိုလျှင် ၎င်းတို့ကိုလည်း ချန်ပီယံလိဂ်ဝင်ခွင့်စည်းဝိုင်းအပြင်ဘက်သို့ ထုတ်ထားလို့မရတော့ပေ။ သို့ကလိုကြောင့် ၂၀၁၂-၁၃ ရာသီ စီးရီးအေအမှတ်ပေးပွဲသည် ပန်းဝင်ချိန် နီးလာလေ စိတ်လှုပ်ရှားစရာကောင်းလေဖြစ်ပြီး 'အရသာ' ရှိလာမည်ဖြစ်သည်။ ■

ကစားသမားကောင်းတို့ရဲ့ လက်တွဲဖော် ရန်ကုန်ယူနိုက်တက်တိုက်စစ်မှူး ကိုနေး

မြန်မာနေရှင်နယ်လိဂ်ချန်ပီယံ ရန်ကုန်ယူနိုက်တက်အသင်းသည် AFC Cup ၂၀၁၃ အုပ်စုပွဲများကို ယှဉ်ပြိုင်လျက်ရှိရာ အင်ဒိုနီးရှားမှ ပါစီဘိုကလပ်အသင်းကို အိမ်ကွင်းတွင် သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ဟောင်ကောင်မှ ဆန်ပေးအသင်းကို အဝေးကွင်းတွင် ၃-၁ ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိကာ အနာဂတ်လှပရန် မျှော်လင့်ချက်ရောင်ခြည်များ သန်းလျက်ရှိသည်။ ပါစီဘိုနှင့်ပွဲတွင် ဟက်ထရစ်သွင်းယူကာ AFC Cup တွင် လေးဂိုးထိ သွင်းယူထားသော ကိုနေးသည် ရန်ကုန်ယူနိုက်တက်အား အောင်မြင်မှုများဆီသို့ သယ်ဆောင်လာသော အဓိကဇာတ်ဆောင်များထဲမှတစ်ဦးဖြစ်သည်။

ယခုနှစ် အပြောင်းအရွှေ့ကာလတွင် ရတနာပုံ ဘောလုံးအသင်းမှ ပြောင်းရွှေ့လာသော ကိုနေးအာဒါမာသည် အိုင်ဗရီကို့စ်နိုင်ငံသားဖြစ်ပြီး အသက် ၁၂ အရွယ်တွင် အခြားသော ကစားဖော်များနည်းတူ ဘောလုံးအကယ်ဒမီကျောင်းသို့ တက်ရောက်ခဲ့သည်။ အကယ်ဒမီနည်းပြ ဂွာမီနီအာမောစ်၏ ညွှန်ပြသွန်သင်မှုအောက်တွင် ငါးနှစ်တာ ဘောလုံးပညာဆည်းပူးပြီးနောက် ကိုနေးသည် နိုင်ငံခြားကလပ်များ၌ကစားရန် အမိနိုင်ငံမှ ထွက်ခွာခဲ့သည်။ သူသွားရောက်ကစားခဲ့သည့်နိုင်ငံများတွင် အစ္စရေး၊ အီဂျစ်၊ ထိုင်းတို့ပါဝင်ပြီး ထိုင်းနိုင်ငံ၌ရှိစဉ် ကလပ်အသင်း လေးသင်း ပြောင်းလဲကစားခဲ့သည်။

"ပရော်ဖက်ရှင်နယ်ကစားသမားတစ်ယောက်ဖြစ်ချင်ရင် နိုင်ငံခြားထွက်ပြီး ကစားကိုကစားရမယ်"ဟု ကိုနေးက သူ၏ ခံယူချက်ကို ပြောသည်။

"ထိုင်းကလပ်တွေမှာ ဘောလုံးကစားရတာ ပျင်းစရာကောင်းတယ်။ အဲဒါကြောင့် အတွေ့အကြုံသစ်တွေ စိန်ခေါ်မှုအသစ်တွေ ရချင်တာနဲ့ မြန်မာပြည်ကိုလာခဲ့တယ်။ ထိုင်းမှာဆိုထစ်ခနဲရှိဒိုင်လူကြီးက ဝီစီမှုတ်ပြီ၊ ကစားရတာ အရသာမရှိဘူး မလွတ်လပ်ဘူး။ ဒီမှာက တွန်းတွန်းတိုက်တိုက် ကစားလည်း ဒိုင်က တော်ရုံတန်ရုံနဲ့ ဝီစီမမှုတ်ဘူး။ ဒီမှာ ကစားရတာ ပိုပြီးအားရတယ်"ဟု ၎င်းကပြောသည်။

ကိုနေးသည် ရန်ကုန်ယူနိုက်တက်နှင့် တစ်နှစ်စာချုပ် ချုပ်ဆိုထားသည်။ အသင်းနှင့်အတူ ဂိုးများသွင်းယူနိုင်ခြင်းမှာ ကြည်လင်း၊ ကျော်ကိုကို စသော ကစားသမားကောင်းများနှင့် တွဲကစားရခြင်းကြောင့်ဖြစ်သည်ဟု ကိုနေးက ပြောကြားသည်။ AFC Cup တွင် ဆီးမီးဖိုင်နယ်ထိ ရောက်ရှိမည်ဟု ယုံကြည်ကြောင်း ကိုနေးက ဆိုသည်။

"AFC Cup က လွယ်တော့မလွယ်ဘူး။ ဒါပေမဲ့ ကျွန်တော်တို့အားလုံး အတွဲညီညီနဲ့ ကြိုးစားရုန်းကန်ကစားမယ်ဆိုရင် ဆီးမီးထိရောက်မယ်"ဟု ဆက်လက်ပြောကြားခဲ့သည်။ **အောင်စည်ဟိန်း** ■

ဘောလုံး ကြံ့ခိုင်ရေးနည်းပြတစ်ယောက်၏ ဖွင့်ဟမှု

အောင်စည်ဟိန်း

ရန်ကုန်ယူနိုက်တက်အသင်းသားများ၏ လေ့ကျင့်ခန်းအစီအစဉ်။

ကိုနေးကို အင်တာဗျူးလုပ်ဖို့ ရန်ကုန်ယူနိုက်တက်ဘောလုံးအသင်းကို ကျွန်တော် သွားရောက်တဲ့အခါ ရန်ကုန်ယူနိုက်တက် အသင်းရဲ့ ကြံ့ခိုင်ရေးနည်းပြတစ်ယောက်ဖြစ်တဲ့ မလေးရှားနိုင်ငံသား ကိုင်ရှူနဲ့ အမှတ်မထင် စကားလက်ဆုံကြမိတယ်။ သူက ကျွန်တော့်ကို မြန်မာ့ဘောလုံးနဲ့ပတ်သက်ပြီး ဖွင့်ဟစရာလေးတချို့ရှိတယ်လို့ပြောတော့ ကျွန်တော့်စိတ်ထဲမှာ မြန်မာ့ဘောလုံးလောကရဲ့ ပျော့ချက်၊ ညံ့ချက်တွေကိုများ တသီကြီး ပြောတော့မလားလို့အောက်မေ့မိတုန်းမှာ သူက မြန်မာဘောလုံး အဆင့်အတန်း ကမ္ဘာ့အဆင့်သတ်မှတ်ချက်မှာ မြင့်တက်လာတဲ့အကြောင်း အစချီပြောတယ်။ မတ်လအတွက်ကမ္ဘာ့အဆင့်သတ်မှတ်ချက်မှာ မြန်မာက အဆင့်ကိုးဆင့် ခုန်ကျော်ပြီး အရှေ့တောင်အာရှနိုင်ငံတွေထဲမှာ အဆင့် (၄)နေရာကို ရောက်လာတယ်။

"ဖီဖာရဲ့ ဘောလုံးအဆင့် သတ်မှတ်ချက်မှာ မြန်မာက မလေးရှားရဲ့အထက်မှာ ရောက်နေပြီ။ ပြီးခဲ့တဲ့ AFC Challenge ဖလားခြေစစ်ပွဲမှာ မြန်မာအသင်း ခြေစစ်ပွဲအောင်တာကိုး။ မလေးဘောလုံးသမားတွေနဲ့ နှိုင်းယှဉ်မယ်ဆိုရင် မြန်မာကစားသမားတွေက စိတ်ဓာတ်ပြင်းထန်တယ်။ လွယ်လွယ်နဲ့ ဖွဲ့မလျှော့ဘူး။ အပင်ပန်းခံနိုင်တယ်။ ဒီလိုပုံမျိုးဆက်သွားမယ်ဆိုရင် ရှေ့လျှောက်တိုးတက်မှာပဲ"

ကိုင်ရှူက ရန်ကုန်ယူနိုက်တက် လေ့ကျင့်ရေးကွင်းထဲမှာ လေ့ကျင့်ရေးဆင်းနေကြတဲ့ ကစားသမားတချို့ကို လက်ညှိုးထိုးပြတယ်။

"ကြည်လင်းဆို အရင်က သေးသေးကွေးကွေး၊ အခု တော်တော် ထွားတက်လာတယ်။ ရာဇာဝင်းသိန်းဆိုရင်လည်း လူ့ဖလံလေးကနေ အလုံးအထည်ကြီးလာတယ်။ ဘောလုံးအားကစားမှာ ကြံ့ခိုင်ရေးကလည်း အရေးကြီးတယ်။ မြန်မာအသင်း အာရှက ထွက်ပြီး ကစားသင့်တယ်။ အာရှတစ်ဝိုက်မှာတော့ အလုံးအထည်က သိပ်မကွာတော့။ ကြံ့ခိုင်ရေး အရေးကြီးပုံကို သိပ်မသိကြဘူး။ ဥရောပလို၊ အာဖရိကကလိုအသင်းတွေနဲ့ ကစားရင် ကြံ့ခိုင်ရေးက စကားပြောလာမယ်"

ကိုင်ရှူက မြန်မာအသင်းကို အနောက်တိုင်းကအသင်းတွေနဲ့ ခြေစမ်းကစားစေချင်တာပါ။ အဲဒီနည်းအားဖြင့် မြန်မာဘောလုံးသမားတွေရဲ့ ကိုယ်ကာယပိုင်းမှာ လိုအပ်တာတွေ စမ်းသပ်ခွင့်ရရှိမှာဖြစ်တယ်လို့ သူက ယုံကြည်နေတယ်။ ဒါပေမဲ့ မြန်မာအသင်းအတွက် အခုအချိန်ထိ သူပြောတဲ့ အခွင့်အရေးမျိုးကို မဖန်တီးနိုင်သေးပါဘူး။

ကိုင်ရှူဟာ မလေးရှားလူမျိုးဖြစ်ပြီး ရန်ကုန်ယူနိုက်တက်ရဲ့ ကြံ့ခိုင်ရေးနည်းပြအဖြစ် ၂၀၁၀ ခုနှစ်က စပြီး တာဝန်ထမ်းဆောင်ခဲ့တာပါ။ ရန်ကုန်ယူနိုက်တက် ကစားသမားတွေ တော်တော်များများ မြန်မာ့လက်ရွေးစင်အသင်းအတွက် ရွေးချယ်ခံရတာကို သူက အရမ်း ဂုဏ်ယူနေတယ်။

"ရန်ကုန်ယူနိုက်တက် ကစားသမားတွေ မြန်မာ့လက်ရွေးစင်အသင်းမှာ ပါဝင်ကစားခွင့်ရတာဟာ ကျွန်တော်တို့ရဲ့ အောင်မြင်မှု တစ်ခုပါပဲ။ ကျွန်တော် အရမ်းဝမ်းသာတယ်၊ ဂုဏ်ယူတယ်"

ဘောလုံးသမားတစ်ယောက် ကြံ့ခိုင်မှုအားကောင်းလာဖို့ အချိန်ယူရတယ်။ ရန်ကုန်ယူနိုက်တက်ရဲ့ အဆင့်မြင့် ကြံ့ခိုင်ရေး စက်ကိရိယာတွေက သူ့အလုပ်ကို အများကြီးသက်သာသွားစေတယ်လို့ ကိုင်ရှူက ပြောတယ်။

အောင်မြင်တယ်လို့ သူယုံကြည်နေတဲ့ ရန်ကုန်ယူနိုက်တက်အသင်းဟာ ကစားပြီးသမျှ AFC Cup ပြိုင်ပွဲတွေမှာ ဂိုးပြတ်အနိုင်ရပြီး အလားအလာကောင်းတဲ့ အသင်းတစ်သင်းဖြစ်လာတယ်။ AFC Cup မှာ ရလဒ်တွေ ဆက်လက်ကောင်းမွန်ဖို့ကတော့ ပရိသတ်တွေရဲ့ အားပေးမှု အရမ်းလိုအပ်နေတယ်လို့ ကိုင်ရှူက သုံးသပ်ပြီး လတ်တလော မြန်မာဘောလုံးပွဲတွေမှာ ပရိသတ်အင်အားကျဆင်းနေတာက စိတ်ပျက်စရာအခြေအနေတစ်ရပ် ဖြစ်နေတယ်လို့ သူက ဆိုတယ်။

"အိမ်ကွင်း၊ အဝေးကွင်းကျင်းပတဲ့ ပွဲတွေမှာ အိမ်ကွင်းပရိသတ်အင်အားက ပွဲရဲ့အနိုင်အရှုံးကို ဆုံးဖြတ်နိုင်တဲ့ အထိ အရေးပါတယ်။ ပရိသတ်အင်အားမရှိဘူးဆိုရင်တော့ အိမ်ကွင်းမှာ ကစားတာဟာ အဝေးကွင်းမှာ ကစားရသလိုပဲ။ အခုချိန်မှာ ပရိသတ်အားပေးမှုက အရမ်းကျနေတယ်"

ရန်ကုန်ယူနိုက်တက်ကို ပရိသတ်အားပေးမှုက မြန်မာအသင်းကို အားပေးမှုထက်တောင်သာခဲ့တာပါ။ ဒါပေမဲ့ အခုနှစ်တွေမှာ ဖယ်ရီကားတွေနဲ့ အမြို့မြို့၊ အနယ်နယ်က စုခေါ် ကြိုပို့ပေးတာမျိုးတွေ သိပ်မတွေ့ရတော့ဘူး။ အဲဒီအခြေအနေကို ကိုင်ရှူက မသိတာမဟုတ်ဘူး။ မူဝါဒပြောင်းလဲခြင်းရဲ့ နောက်ကွယ်က အကြောင်းတစ်ခုကို သူက ပြောပြတယ်။

"AFC Champion League ဝင်ဖို့ဆိုရင် ဘောလုံးအသင်းကို အားပေးတဲ့ ပရိသတ်က လက်မှတ်ကို ကိုယ်တိုင်ဝယ်ယူ အားပေးရမယ်စတဲ့ သတ်မှတ်ချက်တွေ ပြည့်စုံဖို့လိုတယ်။

"ဘာပဲဖြစ်ဖြစ် AFC Cup မှာအောင်ပွဲခံနိုင်ဖို့ ပရိသတ်အင်အား မဖြစ်မနေလိုတယ်"

ကိုင်ရှူရဲ့ စိတ်ထဲမှာ မသိုးမသန့်ဖြစ်နေတဲ့ အကြောင်းတစ်ခုကို သူက တီးတိုးပြောတယ်။ ဘောလုံးသမားတွေရဲ့ လုပ်ခလစာ၊ အနောက်တိုင်းမှာလိုပဲ မြန်မာပြည်က လူကြီးတော်တော်များများက ဝေဖန်နေတဲ့ကိစ္စ။ မြန်မာဘောလုံးသမားတွေကို ပေးထားတဲ့ လစာတွေအရမ်းများနေတယ်။ ဘောလုံးသမားတွေကို ဖျက်ဆီးသလိုဖြစ်နေတယ်လို့ သူတို့က ဝေဖန်တိုက်ခိုက်ကြတယ်။ ကိုင်ရှူကတော့ ဒီဝေဖန်ချက်တွေကို သဘောမကျဘူး။

"ဘောလုံးသမားရဲ့ အသက်မွေးဝမ်းကျောင်းအလုပ်က အရမ်းတိုပါတယ်။ ကုမ္ပဏီ၊ အစိုးရဝန်ထမ်းတွေ အသက် ၅၀၊ ၆၀ အထိ အလုပ်လုပ်လို့ရတယ်။ ဘောလုံးသမားက အသက် ၃၀ နားကပ်ရင်ပဲ နာမည်ကျလာပြီ။ နောက်နှစ် အနည်းငယ်ဆို အနားယူရပြီ။ ပြီးတော့ မြန်မာပြည်ပဲ ကြည့်ကြည့်၊ အင်္ဂလန်လိုနေရာပဲ ကြည့်ကြည့် ဘောလုံးသမားဆိုတာ တခြား အသက်မွေးဝမ်းကျောင်းလုပ်တတ်တာ မဟုတ်ဘူး။ ဒါကြောင့် သူတို့က သူတို့ သန်တုန်းစွမ်းတုန်းမှာ ရှာဖွေဖို့ အခွင့်အရေးရှိသင့်တယ်။ ဒါကို လူကြီးတွေ နားလည်သင့်တယ်"

ကိုင်ရှူက သူ့ယူဆချက်တချို့ကို မျှဝေပြီးတဲ့နောက် ကွင်းထဲပြန်ဝင်သွားပါတယ်။ လေ့ကျင့်ရေး ပြီးဆုံးတာမို့ ကစားသမားတွေရဲ့ အကြောဖြေလေ့ကျင့်ခန်းတချို့အတွက် ကွင်းထဲဝင်သွားခြင်းဖြစ်ပါတယ်။ ■

ဂျပန်ဖလား ကရာတေးဒို ချန်ပီယံရှစ် ပြိုင်ပွဲ ကျင်းပ ပြုလုပ်မည်

ကျော်ဇင်လှိုင်

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးတို့ ပူးပေါင်းစီစဉ်ကျင်းပသော စတုတ္ထအကြိမ်မြောက် Japan cup championship ကရာတေးဒိုပြိုင်ပွဲကို လာမည့် မတ်လ ၂၈ ရက်နေ့နှင့် ၂၉ ရက်နေ့များတွင် ရန်ကုန်မြို့၊ အောင်ဆန်းမိုးလုံလေလုံအားကစားကွင်း၌ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အသက် ၁၂ နှစ်အောက် KIHON ပြိုင်ပွဲ၊ အသက် ၁၂ နှစ်နှင့် အသက် ၁၅ နှစ်အတွက် HEIAN and TIKKI (1) KATA ပြိုင်ပွဲ၊ အသက် ၁၄ နှစ်နှင့် အသက် ၁၅ နှစ်အတွက် NKF KATA ပြိုင်ပွဲနှင့် WKF Senior Championship ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

ပြိုင်ပွဲကို ဂျပန်ကုန်သည်ကြီးများအသင်းမှ ကူညီပံ့ပိုးပေးခြင်းဖြစ်ပြီး ရွှေတံဆိပ် ၁၇ ခု အပါအဝင် ဆုတံဆိပ်စုစုပေါင်း ၁၆၈ ခုအထိ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ မြန်မာ့လက်ရွေးစင်ကရာတေးဒို အားကစားသမားများစွာ ပါဝင်မည်ဖြစ်ပြီး ပြိုင်ပွဲဝင်ကျား၊ မ ၁၀၀ ခန့် ပါဝင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်အနေဖြင့် လာမည့် ၂၀၁၃ ဆီးဂိမ်းတွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ကရာတေးဒို အားကစားသမားများအတွက် ပြိုင်ပွဲဝင်စိတ်ဓာတ်ကောင်းများ ရရှိရန် ရည်ရွယ်ကျင်းပသော ပြည်တွင်းပြိုင်ပွဲတစ်ပွဲဖြစ်ပြီး အခြားနိုင်ငံများတွင် သွားရောက်၍ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ■

အရေးကြီး ကြေညာချက်

လူတွေဟာ တစ်ခါတစ်ရံ အငြင်းအခုံဖြစ်ကြရတတ်ပါတယ်။ စာဖတ်ပရိသတ်အပေါ်ထားရှိတဲ့ ကျွန်ုပ်တို့ရဲ့ အာမခံမှုကတော့ ရှိနေဆဲပါ။

ဟိုတလောက မြန်မာတိုင်း(မ်)မှာအငြင်းအခုံဖြစ်တဲ့ သတင်းကို စာဖတ်သူတချို့သတိထားမိကြမှာပါ။ ဘာတွေဖြစ်နေဖြစ်နေ စာဖတ်သူတို့ထံကို မြန်မာတိုင်း(မ်)စာစောင် အချိန်မှန်မှန် မပျက်မကွက်ရောက်လာရမယ်ဆိုတဲ့ အာမခံချက်ကတော့ မပြောင်းမလဲတစ်သမတ်တည်း ရှိနေပါတယ်။ ဒါကြောင့် မြန်မာတိုင်း(မ်)ကို ယုံကြည်မှုအပြည့်နဲ့ လပေးမှာယူ ဖတ်ရှုနိုင်ပါတယ်။ စာဖတ်သူတို့ထံ မြန်မာတိုင်း(မ်)စာစောင် ရောက်မလာနိုင်ခဲ့ရင် စာဖတ်သူတို့ထံက ကြိုတင်ငွေလက်ကျန်ကို အပြည့်ပြန်အမ်းပေးပါမယ်။ မှန်ပါတယ်။ ကြိုတင်ငွေလက်ကျန်အပြည့် ပြန်အမ်းပေးဖို့အာမခံပါတယ်။ ယနေ့ကစပြီး မတ်လ (၃၁) ရက်နေ့အတွင်း လပေးမှာယူဖတ်ရှုဖို့ ငွေပေးသွင်းမယ်ဆိုရင် ကျွန်ုပ်တို့ရဲ့နေ့စဉ်သတင်းစာအသစ်ကို အပတ်စဉ်ထုတ်ဂျာနယ် နှုန်းနဲ့ နေ့စဉ်ဖတ်ရှုနိုင်တော့မှာဖြစ်ပါတယ်။

ဒါကိုပဲ ကျွန်ုပ်တို့က နေ့စဉ် "အပေးအယူ" လို့ ခေါ်တာပါ။

ဒီ အီးမေးလ်ကို ပို့လိုက်ပြီး ယခုပင် မှာယူနိုင်ပါပြီ။

IwantmyMTnow@gmail.com

မြန်မာတိုင်း(မ်) မှ လည်း သင့်အီးမေးလ်လက်ခံရရှိသည်နှင့် စာစောင်ကိုအိမ်တိုင်ရာရောက် အမြန်ဆုံးပို့ဆောင်ပေးပါလိမ့်မယ်။ သင့်အိမ်အထိ လာရောက် ငွေကောက်ယူခြင်းဖြင့် အကောင်းဆုံးဝန်ဆောင်မှုပေးမှာပါ။ ကျွန်ုပ်တို့ အာမခံချက်ကိုလည်း မမေ့ပါနဲ့။

၂၀၁၃ မတ်လ ၃၁ ရက်အထိ အထူးဈေးနှုန်းများကို အောက်မှာ ဖော်ပြထားပါတယ်။

	၆ လ	တစ်နှစ်
THE MYANMAR TIMES	၂၇,၀၀၀ ကျပ်	၅၀,၀၀၀ ကျပ်
မြန်မာတိုင်း(မ်)	၁၇,၀၀၀ ကျပ်	၃၀,၀၀၀ ကျပ်
THE MYANMAR TIMES + မြန်မာတိုင်း(မ်)	၄၀,၀၀၀ ကျပ်	၇၀,၀၀၀ ကျပ်

မှတ်ချက် ။ ။ ကျွန်တော်တို့စာစောင်မထုတ်ဝေနိုင်ခဲ့ရင် လူကြီးမင်းပေးသွင်းထားတဲ့ ငွေရဲ့လက်ကျန်ကို ခုနစ်ရက်အတွင်း အပြည့်ပြန်အမ်းပေးဖို့ MCM က အာမခံပါတယ်။ မလွဲမရှောင်သာတဲ့အကြောင်းကလွဲရင် တစ်ပတ်ဂျာနယ် တစ်စောင်နှုန်းနဲ့ ပေးသွင်းထားတဲ့ တန်ဖိုးနဲ့ပဲ တနင်္လာမှ သောကြာ၊ တစ်ပတ်ငါးရက်သတင်းစာကို သင်ရမှာဖြစ်ပါတယ်။ တစ်နှစ်စာပေးသွင်းတာကိုပဲ လက်ခံမှာဖြစ်ပါတယ်။ တစ်နှစ်စာထက် ပိုပေးသွင်းလို့မရပါ။ ဒီကြော်ငြာဈေးနှုန်းများရဲ့နောက်ဆုံးရက်ဟာ ၂၀၁၃ ခုနှစ်၊ မတ်လ ၃၁ ရက်ဖြစ်ပါတယ်။

THE MYANMAR TIMES
Asia
■ ဒေသတွင်းသတင်း

သောကြာနေ့၊ မတ် ၂၂ – ၂၈၊ ၂၀၁၃

တရုတ် ကွန်မြူနစ်ပါတီ ခေါင်းဆောင် ရှီကျင့်ဖျင် သမ္မတသစ်ဖြစ်လာ

ပေကျင်း – တရုတ်ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင် အသက် ၅၉ နှစ်အရွယ် ရှီကျင့်ဖျင်ကို တရုတ်ပါလီမန်က မတ်လ ၁၄ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၏ သမ္မတအဖြစ် ရွေးချယ် တင်မြှောက်ခဲ့သည်။

ထို့နောက် အမေရိကန်သမ္မတ ဘာရက်အိုဘားမားက တရုတ်နိုင်ငံ သမ္မတ ရှီကျင့်ဖျင်ကို ဝမ်းမြောက်ကြောင်း ဖုန်းဖြင့်ပြောဆိုခဲ့ပြီး နှစ်နိုင်ငံ ခေါင်းဆောင်နှစ်ဦးက ဆိုက်ဘာလုံခြုံရေး၊ မြောက်ကိုရီးယားအရေး၊ စီးပွားရေးနှင့် လုံခြုံရေးကိစ္စရပ်များတွင် ပိုမို ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း တရုတ်နိုင်ငံပိုင် သတင်းမီဒီယာတွင်ဖော်ပြခဲ့သည်။ ကမ္ဘာ့စီးပွားရေးအင်အားအကြီးဆုံး နှစ်နိုင်ငံဖြစ်သည့် အမေရိကန်နှင့် တရုတ်နိုင်ငံတို့ အကြားရှိ ကျယ်ပြန့်၍ ရှုပ်ထွေးလှသည့် ဆက်ဆံရေးနှင့်ပတ်သက်ပြီး ဆွေးနွေးရန် အမေရိကန် ဘဏ္ဍာရေးဝန်ကြီး ဂျက်ကော့လူက လာမည့်ရက်သတ္တပတ်တွင် တရုတ်နိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ကွန်မြူနစ်ပါတီ အကြီးအကဲအဖြစ် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလမှ စတင်တာဝန်ယူဆောင်ရွက်သည့် အချိန်မှစပြီး ရှီက အကျင့်ပျက်ခြစားမှုများကို နှိမ်နင်းကာ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ဖိဖိစီးစီး ဆောင်ရွက်သွားမည်ဟု ကတိပေးပြောကြားခဲ့သော်လည်း ယခုအချိန်အထိ ပြောင်းလဲမှု မဆိုသလောက်သာ ဖြစ်ပေါ်ခဲ့သည်။

"ကွန်မြူနစ်ပါတီဝင် တစ်ယောက်ဖြစ်တဲ့ ရှီကျင့်ဖျင်ကို တရုတ်ပြည်သူ့သမ္မတ နိုင်ငံရဲ့သမ္မတအဖြစ် ရွေးချယ်တင်မြှောက်လိုက်ပါတယ်" ဟု တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်၏ ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်သည့် လျူယွမ်ရှန်က ကြေညာခဲ့သည်။ တရုတ်နိုင်ငံ၏ ဆယ်စုနှစ်ကြာမှ တစ်ကြိမ်ပြုလုပ်သော အာဏာလွှဲပြောင်းသည့် အခမ်းအနားတွင် ရှီကျင့်ဖျင်ကို တရုတ်နိုင်ငံ၏ သမ္မတအဖြစ် မတ်လ ၁၄ ရက်နေ့က တရားဝင်ခန့်အပ် ပြီးနောက် မတ်လ ၁၅ ရက်နေ့တွင် လီကေကျန်းကို ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခန့်အပ်ခဲ့သည်။

အသက် ၅၇ နှစ်အရွယ်လီက မဲအရေအတွက် ၂,၉၄၉ မဲတွင် ထောက်ခံမဲ ၂,၉၄၀၊ ကန့်ကွက်မဲသုံးမဲ၊ ကြားနေမဲခြောက်မဲဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မူဝါဒချမှတ်ရာတွင် သမ္မတ ရှီက ဝန်ကြီးချုပ်လီထက် အခွင့်အာဏာပိုမိုရရှိမည်ဖြစ်သည်။ ယခင်က ဝန်ကြီးချုပ်သည် အစိုးရ၏ အဓိက ရှေ့ဆောင်နေရာတွင် တာဝန်ယူရသူဖြစ်သည်။

ကမ္ဘာပေါ်တွင် တရုတ်နိုင်ငံ တန်ခိုးသြဇာ ပိုမိုကြီးထွားလာနေသည့်အချိန်နှင့် အိမ်နီးချင်းနိုင်ငံများနှင့် ပိုင်နက်အငြင်းပွားမှုပြဿနာများ တင်းမာနေချိန်တွင် ရှီကျင့်ဖျင် သမ္မတဖြစ်လာခဲ့ခြင်းဖြစ်ပြီး ၎င်းက တရုတ်နိုင်ငံ၏ စစ်အင်အားကို တိုးမြှင့်အောင် ဆောင်ရွက်သွားမည်ဟု ကတိပြုထားသည်။

တရုတ်နိုင်ငံ ခေါင်းဆောင်ဟောင်း ဟူကျင်ထောင်၏ တွဲဖက်တစ်ဦးအဖြစ် သိထားကြသည့် ကွန်မြူနစ်ပါတီ ဟူနန်ပြည်နယ် အုပ်ချုပ်ရေးမှူးတစ်ဦးဖြစ်သူ ကျိုးကျန်းကိုလည်း တရုတ်ပြည်သူ့တရားရုံးချုပ်၏ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခဲ့သည်။

တရုတ်နိုင်ငံသည် ယင်း၏မဟာမိတ်ဖြစ်သော မြောက်ကိုရီးယားနိုင်ငံ၏ အပြုအမူများကြောင့် တစ်နေ့တခြား ပိုမိုစိတ်ပျက်လာလျက်ရှိရသည်ကို သတိပြုမိကြောင်း အမေရိကန်သမ္မတ အိုဘားမားက ယခုရက်သတ္တပတ် အစောပိုင်းတွင် ပြောကြားခဲ့သည်။ **(အေအက်ဖ်ပီ)**

ဝင်းသော်တာ ဘာသာပြန်သည်။ ■

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန် ဘဏ္ဍာရေးဝန်ကြီး ဂျက်ကော့လူ တွေ့ဆုံ

တရုတ် – အမေရိကန် ဆက်ဆံရေးမှာ နှစ်နိုင်ငံစလုံးအတွက် ကြီးမားလှတဲ့ အကျိုး စီးပွားတွေရှိဟုဆို



၂၀၁၃ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့က အမေရိကန်ဘဏ္ဍာရေးဝန်ကြီး ဂျက်ကော့လူနှင့် တရုတ်သမ္မတသစ် ရှီကျင့်ဖျင်တို့ကို ပေကျင်းမြို့ရှိ ပြည်သူ့ခန်းမကြီးအတွင်း တွေ့ရစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

ပေကျင်း – တရုတ်နိုင်ငံ၏ သမ္မတအသစ် ရှီကျင့်ဖျင်က သမ္မတရာထူးကို လက်ခံပြီးနောက် ၎င်း၏ ပထမဆုံးအကြိမ်ဖြစ်သည့် အရေးပါသည့် သံတမန်တွေ့ဆုံမှု တစ်ခုကို မတ်လ ၁၉ ရက်နေ့ကပြုလုပ်ခဲ့ရာ "တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့တွင် ကြီးမားလှသည့် နှစ်နိုင်ငံအကျိုးစီးပွားများရှိကြောင်း" အမေရိကန် ဘဏ္ဍာရေးဝန်ကြီးအား ပြောကြားခဲ့သည်။

"တရုတ်-အမေရိကန် ဆက်ဆံရေးမှာ ကျွန်တော်တို့ နှစ်နိုင်ငံစလုံးအတွက် ကြီးမားလှတဲ့ အကျိုးစီးပွားတွေရှိပါတယ်။ ဒါပေမဲ့ မလွှဲမရှောင်သာတဲ့ ခြားနားချက်တချို့လည်း ရှိနေပါတယ်" ဟု အမေရိကန် ဘဏ္ဍာရေးဝန်ကြီး ဂျက်ကော့လူနှင့် ပေကျင်းမြို့ရှိ ပြည်သူ့ခန်းမကြီး၌ တွေ့ဆုံရာတွင် သမ္မတရှီက ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က တရုတ်နိုင်ငံ၏သမ္မတဖြစ်လာသူ ရှီက "အကယ်၍ အမေရိကန်-တရုတ် နှစ်နိုင်ငံ ဆက်ဆံရေးကို နည်းဗျူဟာကျကျ ကိုင်တွယ်သွားပြီး ရေရှည်အကျိုးစီးပွားကိုလည်း တွေးမည်ဆိုရင် နှစ်နိုင်ငံစလုံး အပြန်အလှန် အကျိုးရရှိမှာဖြစ်ကြောင်း" ပြောကြားခဲ့သည်။

အမေရိကန်ကုမ္ပဏီများ၏ ကွန်ပျူတာစနစ်များမှ သတင်းအချက်အလက်များကို ချိုးဖောက်ခိုးယူရာတွင် တရုတ်နိုင်ငံက ပါဝင်ပတ်သက်နေသည်ဟု အမေရိကန်ကစွပ်စွဲထားပြီး ယင်းကိစ္စကြောင့် အမေရိကန်-တရုတ် ဆက်ဆံရေးကို ထိခိုက်နိုင်ကြောင်း အမေရိကန်က သတိပေးခဲ့ပြီးနောက်ပိုင်း နှစ်နိုင်ငံ ဆက်ဆံရေးတင်းမာမှုများ ပေါ်ပေါက်နေသည့်ကြားမှ လူသည် တရုတ်နိုင်ငံသို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံမှ အဖွဲ့တစ်ဖွဲ့ဖြစ်သော ပြည်သူ့လွတ်မြောက်ရေး တပ်မတော်က အမေရိကန်နိုင်ငံတွင် အများစု အခြေစိုက်သော အဖွဲ့အစည်း ၁၄၁ ခုမှ သတင်းအချက်အလက် အမြောက်အမြား ခိုးယူခဲ့သည်ဟု အမေရိကန်လုံခြုံရေး ကုမ္ပဏီ မန်ဒီရန့်၏ ပြီးခဲ့သည့်လ အစီရင်ခံစာတစ်စောင်တွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံက အဆိုပါစွပ်စွဲချက်များကို ခိုင်ခိုင်မာမာ ငြင်းဆိုထားပြီး ယင်းမှာ ပုံမှန်ဖြစ်ရိုးဖြစ်စဉ် ဆိုက်ဘာတိုက်ခိုက်ခံရခြင်းများသာဖြစ်ကြောင်းနှင့် မန်ဒီရန့်၏ အစီရင်ခံစာတွင် ဖော်ပြထားသော အချက်အလက်များမှာ ယုတ္တိမရှိကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားထားသည်။

နှစ်ရက်ကြာခရီးစဉ်အတွင်း လူက သမ္မတရှီနှင့် တွေ့ဆုံရာတွင် ဆိုက်ဘာလုံခြုံရေးကိစ္စများနှင့် ပတ်သက်ပြီး တရုတ်နိုင်ငံကို ဖိအားပေးရန် စီစဉ်ထားကြောင်း အမေရိကန် အစိုးရအရာရှိတစ်ဦးက မတ်လ ၁၅ ရက်နေ့က ပြောကြားခဲ့သည်။

အခြားဆွေးနွေးမည့် ကိစ္စရပ်များတွင် ငွေကြေးတန်ဖိုး လျှော့ချထားသည်ဟု အမေရိကန်က သတ်မှတ်ထားဆဲဖြစ်သော တရုတ်နိုင်ငံ၏ ငွေကြေးစနစ်ဖြစ်သည့် ယွမ်ငွေကိစ္စအပါအဝင် တရုတ်နိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုများလည်း ပါဝင်မည်ဟုယူဆထားကြသည်။

အမေရိကန်သမ္မတ ဘာရက်အိုဘားမားက သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရခြင်းကို ဝမ်းမြောက်ကြောင်း ရှီအား ပြီးခဲ့သည့်ရက်သတ္တပတ်က ဖုန်းဖြင့်ပြောကြားရာတွင် ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်မှုများကို ဖြေရှင်းရန် အရေးကြီးကြောင်းလည်း ပြောကြားခဲ့သည်။ **(အေအက်ဖ်ပီ)**

ဝင်းသော်တာ ဘာသာပြန်သည် ■

LIXIL
Link to Good Living
TMW Enterprise Limited

Show rooms

TMW Complex • အမှတ်(၅၆)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ Tel - 01-544664, 545963, 556997
ဗိုလ်အောင်ကျော်အရောင်းပြခန်း • အမှတ်(၁၁၈/၁၂၂)၊ ဗိုလ်အောင်ကျော်လမ်း (အောက်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ Tel - 01-398564, 398568~72 Ext - 112
ဇော်ဘွားကြီးကုန်း • အခန်း-၁/၂/၃၊ အဆောင် ၉၃၊ ပုလဲလမ်း၊ ရန်ကုန်။ Tel - 01-640001, 642122, Ext - 442
မန္တလေးအရောင်းပြခန်း • အမှတ်(၃၅၂)၊ လမ်း ၃၀x၈၂ လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။ Tel - 02-72581~4
တောင်ကြီးအရောင်းပြခန်း • အမှတ်(၉၃)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ လမ်းမတော်၊ တောင်ကြီး။ Tel - 081-22857
နေပြည်တော် • အမှတ် - ၁၅၁၊ ၁၅၃၊ သီရိရတနာဈေး၊ နေပြည်တော်။ Tel - 067 - 420791, 420966, 421791

အိန္ဒိယတွင် ဆွစ်အမျိုးသမီး အုပ်စုလိုက် မုဒိမ်းပြုကျင့်ခံရ

အသက် ၂၀ မှ ၂၅ နှစ်အရွယ်၊ စာမတတ်သော ဒေသခံရွာသား တစ်နိုင်တစ်ပိုင် လယ်လုပ်သူငါးဦးကို ဖမ်းဆီးရမိပြီးဖြစ်ကာ အသက် ၁၉ နှစ်အရွယ်ရှိ ဆဋ္ဌမမြောက် သင်္ကာမကင်းခံရသူကိုလည်း ဥတ္တရာပရာဒေ့ရှ်ပြည်နယ်၌ ဖမ်းဆီးရမိကြောင်း ဒေသဆိုင်ရာရဲအရာရှိ အမ်အက်စ်ဒိုဒီကပြောကြား

နယူးဒေလီ– ဆွစ်ဇာလန်နိုင်ငံသူ စက်ဘီးစီး နိုင်ငံခြားခရီးသွားတစ်ဦးကို အုပ်စုလိုက်မုဒိမ်းကျင့်ခဲ့သည်ဟု ဝန်ခံသော အသက် ၂၀ ဝန်းကျင်အရွယ် လယ်သမားအုပ်စုတစ်စုကို အိန္ဒိယရဲတပ်ဖွဲ့က ဖမ်းဆီးထားပြီးဖြစ်ကြောင်း မတ်လ ၁၇ ရက်နေ့က ပြောသည်။

နိုင်ငံ၏အလယ်ပိုင်း မာဒါပရာဒေ့ရှ်ပြည်နယ်၌ ခင်ပွန်းသည်နှင့်အတူ စက်ဘီးဖြင့် အပန်းဖြေခရီးထွက်လာပြီး တပ်ချ်မဟာသို့ခရီးမဆက်မီ လူသူအရောက်အပေါက်နည်းသည့်တောအုပ်တစ်ခုအတွင်း မတ်လ ၁၅ ရက်နေ့ ညပိုင်း၌ ရွက်ဖျင်တဲဖြင့်အိပ်စက်နေစဉ် အဓမ္မပြုကျင့်ခံရခြင်းဖြစ်သည်။

အမျိုးသမီးကို အဓမ္မပြုကျင့်နေကြစဉ် ခင်ပွန်းသည်မှာ ချည်နှောင်ထားခံရကြောင်းနှင့် အဆိုပါလင်မယားမှာ ပစ္စည်းများလည်း လုယက်ခံခဲ့ကြရသည်ဟု ရဲများက ဆိုသည်။

အသက် ၂၀ မှ ၂၅ နှစ်အရွယ်၊ စာမတတ်သော ဒေသခံရွာသား တစ်နိုင်တစ်ပိုင်လယ်လုပ်သူငါးဦးကို ဖမ်းဆီးရမိပြီးဖြစ်ကာ အသက် ၁၉ နှစ်အရွယ်ရှိ ဆဋ္ဌမ သင်္ကာမကင်းခံရသူကိုလည်း ဥတ္တရာပရာဒေ့ရှ်ပြည်နယ်၌ ဖမ်းဆီးရမိကြောင်း ဒေသဆိုင်ရာရဲအရာရှိ အမ်အက်စ်ဒိုဒီက ပြောသည်။

လက်ပ်တော့တစ်လုံး၊ ငွေအချို့နှင့် မိုဘိုင်းဖုန်းတစ်လုံး ခိုးယူခံရကာ လက်ပ်တော့ကို ချုံပုတ်တစ်ခုအတွင်း သစ်ရွက်များအောက်တွင် မြှုပ်ထားပြီး မိုဘိုင်းဖုန်းကို ၎င်းတို့ထဲမှလူတစ်ယောက်၏ ယောက္ခမအိမ်၌ ပြန်တွေ့ခဲ့ရသည်ဟုသိရသည်။

၎င်းတို့ငါးဦးသည် မုဒိမ်းမှုနှင့်လုယက်မှုစွဲချက်များကို ရင်ဆိုင်ရပြီး ဆဋ္ဌမမြောက် မသင်္ကာသူလည်း အလားတူစွဲချက်များကို ရင်ဆိုင်ဖွယ်ရှိသည်။ ရဲထံ ၎င်းတို့၏ ဝန်ခံချက်များသည် အိန္ဒိယနိုင်ငံ၏ဥပဒေအရသက်သေအထောက်အထားအဖြစ် လက်ခံနိုင်ဖွယ်မရှိပေ။ ထိုဝန်ခံချက်များသည် စိတ်မချရပြီး အတင်းအဓမ္မလုပ်သည်ဟု ယူဆရ၍ တရားရုံးရှေ့နေများအား ထိုကဲ့သို့သော ထွက်ဆိုချက်များကို ရုံဖန်ရံခါသာ ခွင့်ပြုသည်။

အဓမ္မပြုကျင့်ခံရသည့် ဆွစ်အမျိုးသမီးကို အိန္ဒိယလုံခြုံရေးအရာရှိများက ဆေးရုံသို့ခေါ်ဆောင်လာသည်ကို မတ်လ ၁၆ ရက်ကတွေ့ရစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

မုဒိမ်းကျင့်ခံရသူ အသက် ၃၉ နှစ်အရွယ်အမျိုးသမီးနှင့် ခင်ပွန်းသည်တို့သည် ဆိုင်ကယ်သမားတစ်ဦးကိုတားဆီး အကူအညီတောင်း၍ အနီးဆုံးရဲစခန်းတစ်ခုသို့ သွားရောက်ခဲ့သည်။ မြို့တော်ဒေလီသို့မထွက်ခွာမီ အမျိုးသမီးသည် ဒေသတွင်းဆေးရုံတစ်ရုံ၌ ဆေးကုသမှုခံယူခဲ့ရကြောင်း ရဲကဆိုသည်။

ဆွစ်ဇာလန် နိုင်ငံခြားရေးဝန်ကြီးဌာနက ယင်းဝမ်းနည်းဖွယ်ဖြစ်ရပ်အတွက် လွန်စွာပင် ထိတ်လန့်ခဲ့ရကြောင်းနှင့် အိန္ဒိယနိုင်ငံတွင်း ခရီးသွားနေကြသည့် ဆွစ်လူမျိုးများကိုလည်း ယင်းနိုင်ငံ၌ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများမြင့်တက်နေ၍ အဖွဲ့လိုက်သွားကြရန် သတိပေးချက်များ ထုတ်ပြန်ခဲ့သည်။

ဆွစ်ဇာလန် နိုင်ငံခြားရေးဝန်ကြီးဌာနက ဝမ်းနည်းစရာဖြစ်ရပ်တွင် လွန်စွာထိတ်လန့်ခဲ့ကြောင်း ဖော်ပြသည့် ထုတ်ပြန်ချက်တစ်ခုကို မတ်လ ၁၆ ရက်နေ့က ထုတ်ပြန်ခဲ့သည်။

လွန်ခဲ့သော ဒီဇင်ဘာလ၌ လူသေလောက်သော အုပ်စုဖွဲ့မုဒိမ်းကျင့်မှုဖြစ်ပွားပြီးနောက် အိန္ဒိယအစိုးရသည်

> **မတ်လ ၁၅ ရက်နေ့ ညပိုင်း၌ ရွက်ဖျင် တဲဖြင့် အိပ်စက် နေစဉ် အဓမ္မပြုကျင့် ခံရခြင်းဖြစ်...** ”

အမျိုးသမီးများအား ကာကွယ်ရန် ကြိုးပမ်းမှုအတွက် ကြီးမားသော ဖိအားပေးမှုနှင့် ရင်ဆိုင်နေရသည်။

လွန်ခဲ့သောသီတင်းပတ်၌ အိန္ဒိယအစိုးရအဖွဲ့သည် မုဒိမ်းကောင်များအား အနှစ် ၂၀ ထောင်ဒဏ်နှင့် မုဒိမ်းကျင့်ခံရသူသည် ဒဏ်ရာများဖြင့် သေဆုံးလျှင် သေဒဏ်ပေးရန် ဥပဒေကြမ်းအသစ်တစ်ခုကို လက်ခံခဲ့သည်ဟုသိရသည်။

(အေအက်ဖ်ပီ)

ညွန့်ညွန့်ဝင်း ဘာသာပြန်သည်။ ■

ရန်သူများ၏ ဆိုက်ဘာတိုက်ခိုက်မှုကို ခံခဲ့ရဟု မြောက်ကိုရီးယားပြော

ဆိုးလ်– မြောက်ကိုရီးယားနိုင်ငံက အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် ယင်းတို့၏ တရားဝင်ဝက်ဘ်ဆိုက်များကို လွန်ခဲ့သည့်ရက်များအတွင်း ကြိမ်ဖန်များစွာပင် ဆိုက်ဘာတိုက်ခိုက်မှုများ ပြင်းပြင်းထန်ထန်ပြုလုပ်လျက်ရှိခဲ့ကြောင်း မတ်လ ၁၅ ရက်နေ့က စွပ်စွဲပြောဆိုလိုက်သည်။

ကိုရီးယား ဗဟိုသတင်းအေဂျင်စီ (ကေစီအင်န်အေ)၊ ရိုဒွန်းဆင်မန်နေ့စဉ်သတင်းစာနှင့် အဲယားကော်ရီလေကြောင်းလိုင်းအပါအဝင် ဝက်ဘ်ဆိုက်များစွာတို့ကို မတ်လ ၁၃ ရက်နေ့အစောပိုင်းအထိ ဝင်ရောက်အသုံးပြု၍ မရခဲ့ဟု သိရသည်။

"ကျွန်တော်တို့ နိုင်ငံကလုပ်ငန်းဆောင်ရွက်နေတဲ့ အင်တာနက်ဆာဗာတွေဟာ နေ့စဉ် ကြိမ်ဖန်များစွာနဲ့ အပြင်းအထန် တိုက်ခိုက်ခံနေရပါတယ်" ဟု ကေစီအင်န်အေက ပြောသည်။ ပြဿနာမှာ တောင်ကိုရီးယား-အမေရိကန် ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်သည့်အချိန်နှင့်လည်း တိုက်ဆိုင်နေသည်ဟု ၎င်းက ကောက်ချက်ချပြောဆိုခဲ့သည်။

အမေရိကန်နှင့် ယင်း၏ တောင်ကိုရီးယားရုပ်သေးရုပ်များသည် ယင်းတို့၏ ဆိုက်ဘာတိုက်ခိုက်မှုစွမ်းရည်ကို တည်ဆောက်နေသည်ဟု ကေစီအင်န်အေက စွပ်စွဲခဲ့ကာ ယင်းတိုက်ခိုက်မှုသည် အကြောက်တရားမှ စေ့ဆော်သည့် သူရဲဘောကြောင်သော စက်ဆုပ်ရွံရှာဖွယ်လုပ်ရပ်ဟု ပြောခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် လွန်ခဲ့သည့်လက ယင်းတို့၏ တတိယမြောက် နျူကလီးယားစမ်းသပ်မှု ပြုလုပ်ခဲ့အပြီးတွင် ကိုရီးယားကျွန်းဆွယ်၏ စစ်ရေးတင်းမာမှုများ ထူးခြားစွာပင် အရှိန်မြင့်လာခဲ့သည်။

နျူကလီးယား လက်နက်များ၏ အားကိုးဖြင့် မြောက်ကိုရီးယားသည် ကုလသမဂ္ဂ၏ အရေးယူပိတ်ဆို့မှုများနှင့် တောင်ကိုရီးယားတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို မီးကုန်ယမ်းကုန်ပင် စစ်ရေးဖြင့် တုံ့ပြန်သွားမည်ဟု ခြိမ်းခြောက်ပြောဆိုခဲ့သည်။

"တောက်လျှောက်ကြီးကို ပြင်းပြင်းထန်ထန်တိုက်ခိုက်ခဲ့တဲ့ ရန်သူတွေရဲ့ ဒီလိုမျိုး ဆိုက်ဘာတိုက်ခိုက်မှုတွေနဲ့ကြုံလာတဲ့အခါမှာ ကျွန်တော်တို့ငြိမ်ခံနေမှာမဟုတ်ပါဘူး" ဟု ကေစီအင်န်အေက ပြောသည်။

ယင်းစွပ်စွဲမှုများကို တောင်ကိုရီးယားအစိုးရက ချက်ချင်းတုံ့ပြန်ပြောဆိုမှု ရှိမလာခဲ့ပေ။

တောင်ကိုရီးယားနိုင်ငံကလည်း ၂၀၀၉ ခုနှစ်၊ ဇူလိုင်လအတွင်းနှင့် ၂၀၁၁ ခုနှစ်၊ မတ်လအတွင်းက ယင်းတို့၏ အစိုးရအေဂျင်စီများနှင့် ဘဏ္ဍာရေးဝက်ဘ်ဆိုက်များ အကြီးအကျယ် ဆိုက်ဘာတိုက်ခိုက်ခြင်း ခံခဲ့ရကြောင်း မြောက်ကိုရီးယားနိုင်ငံအပေါ် စွပ်စွဲခဲ့ဖူးသည်။

အလားတူပင် ယမန်နှစ်ဧပြီလနှင့် မေလများအတွင်း တောင်ကိုရီးယားရှိ ရာပေါင်းများစွာသော အရပ်ဖက်လေယာဉ်များနှင့် သင်္ဘောများ၏ ဂျီပီအက်စ်စနစ်များ နှောင့်နှေးလေးကန်ခဲ့သည့်အတွက် မြောက်ကိုရီးယားနိုင်ငံအပေါ် စွပ်စွဲ၍ပြစ်တင်ပြောဆိုခဲ့သည်။

(အေအက်ဖ်ပီ)

သန်းလွင် ဘာသာပြန်သည်။ ■

နျူကလီးယားအန္တရာယ် စိုးရိမ်သူများ ကျေနပ်စေရန် စစ်ဆေးရေးအဖွဲ့များကို တောင်ကိုရီးယား ဖိတ်ခေါ်

ဆိုးလ် – နျူကလီးယား အန္တရာယ်အပေါ် စိုးရိမ်ပူပန်မှုကြီးထွားနေသော ပြည်သူများအား စိတ်သက်သာမှုရစေရန် ၎င်းတို့၏ အဏုမြူဓာတ်ပေါင်းဖို ၂၃ ခုကို နိုင်ငံတကာ စစ်ဆေးမှုပြုလုပ်ရေးအတွက် ဖိတ်ခေါ်သွားရန် စီစဉ်ထားကြောင်း တောင်ကိုရီးယားနိုင်ငံက မတ်လ ၁၉ ရက်တွင် ကြေညာလိုက်သည်။

တစ်နိုင်ငံလုံးအတိုင်းအတာအထိ စစ်ဆေးနိုင်သည့် နိုင်ငံတကာအဖွဲ့အစည်း၊ သို့မဟုတ် အလားတူအဖွဲ့အစည်းများကို ဈေးပြိုင်စနစ်ဖြင့် တောင်ကိုရီးယားနိုင်ငံက ကမ်းလှမ်းသွားမည်ဖြစ်ကာ စစ်ဆေးခွင့်ရရှိသူကို မေလ ၃ ရက်နေ့၌ ထုတ်ပြန်ကြေညာသွားမည်ဟု စီးပွားရေးဆိုင်ရာ အသုံးချနည်းပညာဝန်ကြီးဌာနက ပြောသည်။

၂၀၁၁ ခုနှစ်က ဂျပန်နိုင်ငံ၏ ဖုကုရှီးမားအဏုမြူဓာတ်ပေါင်းဖို ပေါက်ကွဲခဲ့မှုကြောင့် ပြည်သူများ၏ ယုံကြည်ချက်ကျဆင်းခဲ့သည့်ကြားမှပင် တောင်ကိုရီးယားနိုင်ငံရှိ အဏုမြူဓာတ်ပေါင်းဖိုများ ကောင်းစွာအလုပ်မလုပ်ခြင်း၊ ပိတ်ပစ်ရခြင်းများနှင့် မသမာမှုများဖြစ်အပြီးတွင် နျူကလီးယားကဏ္ဍကို ပြန်လည်ပြုပြင်ပြောင်းလဲသွားမည်ဟု ဝန်ကြီးဌာနက ယခုနှစ်ဆန်းတွင် ကတိပြုခဲ့သည်။

ရက်သတ္တ ၁၀ ပတ်ကြာ စုံစမ်းစစ်ဆေးမှုတွင် လက်ရှိလည်ပတ်နေသည့် အဏုမြူဓာတ်ပေါင်းဖို ၂၃ လုံးကို စစ်ဆေးသွားမည်ဟု ဝန်ကြီးဌာနကဆိုသည်။

နိုင်ငံ၏ အဏုမြူဓာတ်ပေါင်းဖိုများ ဘေးကင်းလုံခြုံမှု အဆင့်မြှင့်တင်ရန် အရေးကြီး အခွင့်အရေးတစ်ရပ်ကိုလည်း ယင်းစစ်ဆေးချက်က ကူညီထောက်ပံ့ပေးမည်ဟု ဆိုထားသည်။

> **နျူကလီးယားစွမ်းအင် ဘေးကင်းသည်ဟု ယူဆသူဦးရေသည် နိုင်ငံ၏ ၃၅ ရာခိုင် နှုန်းသာရှိ ...** ”

ဝန်ကြီးဌာန၏ ညွှန်ကြားချက်အရ ကွင်းဆင်း စစ်ဆေးချက်တစ်ရပ်နှင့် နိုဝင်ဘာတွင်ထုတ်ပြန်ခဲ့သော ထုတ်ပြန်ချက်အရ နျူကလီးယားစွမ်းအင် ဘေးကင်းမှုရှိသည်ဟု ယူဆသူဦးရေသည် ၂၀၁၀ ခုနှစ်တွင် ၇၁ ရာခိုင်နှုန်းထိ သိသိသာသာ ကျဆင်းပြီး တောင်ကိုရီးယားနိုင်ငံ၏ ၃၅ ရာခိုင်နှုန်းသာ ရှိသည်ဟုဆိုသည်။

၂၀၁၂ ခုနှစ်တွင် ပေါ်ပေါက်ခဲ့သော မကောင်းသတင်းများနှင့် ဆက်တိုက်ပိတ်သိမ်းခဲ့သော လုပ်ငန်းများကြောင့် ပြည်သူလူထု၏ ယုံကြည်မှုကို ပြန်လည်တည်ဆောက်ရန် လိုအပ်သည်ဆိုသော ယင်းလတွင်ပင် နိုင်ငံတကာ စွမ်းအင်အေဂျင်စီမှ သတိပေးချက်တစ်ရပ် ထွက်ပေါ်လာခဲ့သည်။

မေလတွင် အစိုးရပိုင် Korea Hydro and Nuclear Power (KHNP) နျူစက်ရုံမှ အင်ဂျင်နီယာငါးဦးသည် နိုင်ငံ၏သက်တမ်း အကြာဆုံး Gori-1 နျူကလီးယားဓာတ်ပေါင်းဖိုတွင် စွမ်းအင်လျော့ကျပြီး အန္တရာယ်ကျရောက်အောင် လုပ်ဆောင်ရန် ကြိုးစားသည်ဆိုသည့် စွပ်စွဲချက်ဖြင့် တရားစွဲဆိုခံခဲ့ရသည်။

တောင်ကိုရီးယားအစိုးရက ၎င်းတို့၏ နျူကလီးယားစွမ်းအင် အစီအစဉ်ကို ဆက်လက်ဆောင်ရွက်ရန် ခိုင်မာသည့် သန္နိဋ္ဌာန်ချထားပြီး ၂၀၃၀ ခုနှစ်တွင် နျူကလီးယားဓာတ်ပေါင်းဖို ၁၆ လုံးထပ်ဖြည့်ရန် စီစဉ်ထားသည်။ **(အေအက်ဖ်ပီ)**

သဲသဲထွေး ဘာသာပြန်သည်။ ■

ရှုထောင့်

စိတ်ကူးယဉ်ထက်ဆန်းကြယ်တဲ့ ဆားဘားစွန့်စားခန်း

အာရှအမြင်
ရော်ဂျာမစ်တန်

ကျွန်တော် ဒီအကြောင်း Malate ဟိုတယ်မှာရေးနေတုန်းမှာ အတော် စိတ်လှုပ်ရှားနေကြတဲ့ ဖိလစ်ပိုင်လူမျိုးတွေဟာ အောက်ကလမ်းတွေပေါ်မှာ သုတ်သီးသုတ်ပျာ ပြေးလွှားနေကြပြီး အိမ်နီးချင်း မလေးရှားနိုင်ငံရဲ့ ကျူးကျော်မှုကို ပြောဆိုနေကြတယ်။ ကျွန်တော် မနီလာမြို့မှာ George Orwell ရေးတဲ့ ဝတ္ထုဖြစ်နေတာမဟုတ်ဘူး။ တေရန်မြို့မှာ Lolita အချစ်ဝတ္ထုဖြစ်နေတာလည်းမဟုတ်ပါဘူး။ ကျွန်တော်ဖြစ်နေတာကတော့ ၁၉၈၈ ခုနှစ်က ပါကစ္စတန် စစ်အာဏာရှင် ဇိုင်ယာအယ်ဟပ် သေဆုံးသွားတဲ့အကြောင်းကို စာရေးဆရာ မိုဟာမက်ဟာနစ်ဖ်က လှောင်ရေးထားတဲ့ ဝတ္ထုကို ဖြစ်နေတာပါ။

စာရေးဆရာဟာနစ်ဖ်ရဲ့ A Case of Exploding Mangoes ကတော့ ရှုံးမတတ်ကိုရယ်ရပြီး ဇိုင်ယာရဲ့ သေဆုံးမှုနဲ့ပတ်သက်ပြီး ဘာပဲဖြစ်ဖြစ် ယုတ္တိရှိတဲ့အကြောင်းကို ရေးထားတယ်။ အဲဒီအကြောင်းရဲ့ ရှုသွပ်မှုကတော့ အရင်လက မလေးရှား အရှေ့ပိုင်းပြည်နယ် ဆားဘားမှာ ဖြစ်ပျက်ခဲ့တာကိုတော့ မီမယ်မထင်ဘူး။

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းမှာရှိတဲ့ ရှေးကျတဲ့ ပသီဘုရင်နယ်ပယ်ကို ထောက်ခံတဲ့လူ ၂၀၀ ကျော်တို့က ကျူးကျော်ဝင်ရောက်ခဲ့တယ်ဆိုတဲ့ သတင်းဟာ သတင်းစာရဲ့အတွင်းပိုင်းက အောက်ခြေမှတ်ချက်မှာသာ ပါသင့်ပါတယ်။ စိတ်မနှံ့တဲ့ လူတစ်စုဟာ ဆူးလူးကျွန်းတွေကတစ်ဆင့် ရေကြောင်းမှရောက်လာပြီး လူသူမနီးတဲ့ Lahad Datu ရွာကိုရောက်လာကာ ဆားဘား အားလုံးကို ပိုင်ဆိုင်တယ်လို့ ကြေညာလိုက်တာပဲဖြစ်တယ်။

ပထမတော့ ကွာလာလမ်ပူနဲ့ မနီလာ အစိုးရတို့က သူတို့သိက္ခာနဲ့ မတန်ဘူးဆိုပြီး အဓိပ္ပာယ်ရှိတဲ့နည်းလမ်းနဲ့ မတုံ့ပြန်ခဲ့ဘူး။

ပသီဘုရင် နောက်လိုက်တွေက

> **စိတ်မနှံ့တဲ့ လူတစ်စု ရောက်လာပြီး ဆားဘားကျွန်းကို ပိုင်ဆိုင်တယ်လို့ ကြေညာခဲ့ ...**

အလေးအနက်လုပ်လာတာကို တွေ့လာရတဲ့အခါမှာတော့ ဖိလစ်ပိုင်သမ္မတ ဘင်နစ်နို အကွီနိုက ဘယ်သူမှ ထိခိုက်ဒဏ်ရာမရခင် လက်မြှောက်အရှုံးပေးပြီး နေရပ်ကိုပြန်လာဖို့ ပြောလိုက်တယ်။

ဒါပေမဲ့ ကုစားနိုင်ဖို့နည်းလမ်းကတော့ နောက်ကျသွားပြီ။ သူပုန်အဖွဲ့ဟာ အလွန်တက်ကြွတယ်။ မင်ဒါနာအိုကျွန်းက မွတ်စလင်သူပုန်ထမှုက အတွေ့အကြုံရင့်ကျက်တဲ့သူတွေ ဖြစ်ကြတယ်။

သူတို့ကိစ္စက စောဒကတက်နိုင်တယ်။ ဘာကြောင့်လဲဆိုရင် အရင်က

စစ်ပွဲများကို အဆုံးသတ်ရန် ဤသို့ ဆန္ဒပြခဲ့သည်။ ဓာတ်ပုံ - အေအက်ဖ်ပီ

မြောက်ပိုင်း ဘော်နီယို၊ အခုဆားဘားလို့ခေါ်တဲ့ဒေသဟာ အရင်ကလိုပဲ အခုလည်း မလေးရှားက ဆူးလူးပသီဘုရင်ကနေ ငှားထားတာ၊ ဟိုလူတွေကလည်း ပြန်လည်သိမ်းသွင်းဖို့လာတာလို့ပြောကြတယ်။

ဒါကြောင့်လည်း သမ္မတအကွီနိုပြောတဲ့ ရိုးအီနေတဲ့ အသုံးအနှုန်းတွေကို သူတို့နားမထောင်ကြတဲ့အပြင် မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်ရဲ့ ခြိမ်းခြောက်မှုတွေကိုလည်း ဂရုမစိုက်ကြဘူး။

နောက်ဆုံးတော့ ရွေးကောက်ပွဲကလည်းနီးလာ၊ အင်အားရှိတယ်ဆိုတာ ပြချင်တာကတစ်ကြောင်း၊ ဝန်ကြီးချုပ်ရာဇတ်က လက်နက်ကြီးတွေ သုံးချလိုက်တဲ့အခါ ပါးနပ်တဲ့ ကျူးကျော်ဝင်ရောက်တဲ့အဖွဲ့ဟာ ထူထပ်တဲ့တောထဲ ပျောက်ကွယ်သွားကြတယ်။

ဒါပေမယ့်လည်း နှစ်ဘက်စလုံးမှာ သွေးထွက်သံယိုတွေရှိခဲ့ကြတယ်။

နှစ်နိုင်ငံဆက်ဆံရေးမှာလည်း ထိခိုက်သွားတယ်။ ဒါပေမဲ့ စိတ်ဝင်စားစရာ အကောင်းဆုံးကတော့ ဒီအဖြစ်ဆိုးရဲ့ နောက်ကွယ်က တကယ့် စေ့ဆော်မှုပဲဖြစ်တယ်။

ဖိလစ်ပိုင်နိုင်ငံအတွက် ဆားဘားပြည်နယ်ကိုပြန်လည်သိမ်းသွင်းဖို့လည်း မဟုတ်ဘူး။ ဒီအဖြစ်မျိုး ဘယ်တော့မှ မဖြစ်ဘူးဆိုတာကို ပသီဘုရင် နောက်လိုက်တွေကလည်း သိကြတယ်။

သူတို့နောက်သိတာက ဖိလစ်ပိုင်နိုင်ငံမှာ သူတို့ကရုဏာအလွန်ထားတာရယ်၊ ဆားဘားပြည်နယ်မှာ နေထိုင်ကြတဲ့ ဖိုဖိလစ်ပိုင်-မွတ်စလင်မျိုးနွယ် ၈၀၀,၀၀၀ တွေကလည်း ဒီစိတ်ထား မျိုးအတိုင်း ရှိကြတယ်။

သူပုန်တွေကလည်း သူတို့ရဲ့ တကယ့်ရည်မှန်းချက်ဖြစ်တဲ့ ငြိမ်းချမ်းရေး သဘောတူညီချက်ကို ပယ်ဖျက်ဖို့ အားသာတယ်လို့ တွက်ထားကြတယ်။ ဒီငြိမ်းချမ်းရေး သဘောတူညီချက်ကို သမ္မတ အကွီနိုဟာ သူပုန်တွေရဲ့ ပြိုင်ဘက်ဖြစ်တဲ့ မိုရို အစ္စလမ္မစ် လွတ်လပ်ရေးတပ်ဦး (MILF) နဲ့ လွန်ခဲ့တဲ့အောက်တိုဘာလက လက်မှတ်ရေးထိုးခဲ့တယ်။

ဖြစ်ချင်တော့ မလေးရှားနိုင်ငံက ကြားဝင်ဆောင်ရွက်ပေးတဲ့ အဲဒီငြိမ်းချမ်းရေးသဘောတူညီချက်ဟာ သမ္မတ အကွီနိုရဲ့ အဓိကကျတဲ့အမွေလို့ဆိုရမယ်။ (ကွန်ဂရက်က အတည်ပြုပြီး ၂၀၁၆ ခုနှစ်မှာ တရားဝင်ပြဌာန်းခဲ့ရင်ပေါ့။)

MILF နဲ့ မနီလာအစိုးရက ဒီသဘောတူညီချက်ကို ညှိနှိုင်းတုန်းက အခြား မွတ်စလင်အဖွဲ့တွေကို (ပသီဘုရင်ရဲ့ နောက်လိုက်တွေအပါအဝင်) ထည့်သွင်းပါဝင်မှု မပြုခဲ့ဘူး။ ဒီလုပ်ရပ်က သိပ်မကောင်းလှဘူး။ ဒါပေမဲ့ ဒီသဘောတူညီချက်က မင်ဒါနာအိုကျွန်းပေါ်ရှိ MILF ရဲ့ နယ်မြေစခန်းအပြင် ပသီဘုရင်ရဲ့ အချက်အချာ ဘာစီလန်၊ ဆူးလူးနဲ့ တာဝီတာဝီတို့ကို သိမ်းကျုံးရေးဆွဲခဲ့တာကို ပိုပြီးကျွဲမြီးတိုသွားကြတယ်။ ဒီသဘောတူစာချုပ် အတည်ဖြစ်သွားရင် ဆူးလူးကျွန်းတွေမှာ များများစားစားမရှိလှတဲ့ MILF ဟာ ဆားဘားကိုရသင့်ရထိုက်တယ်လို့ ယူဆတဲ့ အခွင့်အရေးကို စွန့်လွှတ်သွားမှာကို သူတို့က စိုးရိမ်နေကြတယ်။

ဒါကြောင့် ပသီဘုရင်ရဲ့လူတွေက ဒီသဘောတူစာချုပ်ကို ပျက်သွားစေလိုတာကြောင့် စိတ်ကူးယဉ်ဆန်တဲ့ ကျူးကျော်တိုက်ခိုက်တာကို လုပ်ခဲ့တဲ့အတွက် သူတို့လူတွေရော၊ အခြား ဖိလစ်ပိုင်တွေပါ မလေးရှားစစ်တပ် လက်ချက်နဲ့ သေကျေခဲ့ကြတယ်။

ဒီလိုလုပ်ရပ်တွေ ဖြစ်ပေါ်လာတဲ့အတွက် မနီလာမြို့က ဥပဒေပြုလွှတ်တော်အမတ်တွေက အဲဒီသဘောတူညီချက်ကို အခုအချိန်မှာ မဲမပေးဘဲနေရင် ကျူးကျော်သူတွေကို နည်းစနစ်အရ အနိုင်ပေးလိုက်သလိုဖြစ်သွားမယ်။

(ယခုဆောင်းပါးမှာ ဆောင်းပါးရှင် ရော်ဂျာမစ်တန်၏ အာဘော်သာဖြစ်ပါသည်။)

(MTE) သောင်းညွန့် ဘာသာပြန်သည်။ ■

ADVERTORIAL

အိမ်ကို ပုံစံသစ် ပြန်လည်တည်ဆောက်တဲ့အခါ ရှောင်ရန် အချက် ၁၀ ချက်

ဒီတစ်ပတ်မှာတော NatRay ဒီဇိုင်း စတူဒီယိုမြန်မာမှ ဒါရိုက်တာနဲ့ စင်ကာပူ အိမ်တွင်းအလှပြင် ဖန်တီးမှုဒီဇိုင်နာ မစ္စတာ သောမတ်စ်ရဲ့ အိမ်ပြန်လည်ပြင်ဆင်ရာမှာ ရှောင်ရန်အချက် ၁၀ ချက်ကို ပြောပြမှာ ဖြစ်ပါတယ်။ ဒီအချက်တွေကို လိုက်နာရင် သင့်ရဲ့ အိမ်ကို ပြန်လည်မွမ်းမံပြင်ဆင်ရာမှာ ချောချောမွေ့မွေ့ရှိပြီး၊ ငွေကြေးအားဖြင့်လည်း လိုအပ်တာထက် ပိုကုန်ကျစရာမလိုတော့ပါဘူး။

ကန်ထရိုက်တာလုပ်ငန်းလုပ်ရင်းနဲ့ ကျွန်တော်လည်း အတွေ့အကြုံ တော်တော်ရခဲ့တယ်။ အဲဒီရခဲ့တဲ့ အတွေ့အကြုံတချို့ဟာလည်း အိမ်ပိုင်ရှင်တွေကို အကူအညီအထောက်အကူပြုနိုင်ပါတယ်။ သင်လုပ်တဲ့ အလုပ်ဟာ အရေးပါသလိုမလုပ်တဲ့အရာဟာလည်း အရေးပါပါတယ်။ ဒါကြောင့် တစ်ခါတစ်ရံ အိမ်ရှင်ရဲ့ အသိစိတ်၊ အိမ်ပြုပြင်မွမ်းမံတဲ့ စီမံကိန်းကို အကျိုးမရှိဖြစ်စေတတ်တယ်လို့ မစ္စတာ သောမတ်စ်က ပြောတယ်။

ဒီလိုဆိုရင် သင့်အနေနဲ့ စီမံကိန်းကို ကူညီရာရောက်သလား (သို့) အကျိုးမရှိအောင် လုပ်နေသလားဆိုတာကို သင်ဘယ်လိုသိနိုင်မလဲ။ သင့်ရဲ့ အိမ်ပြုပြင်မွမ်းမံရာမှာ လွယ်ကူစေမယ့် အချက်တွေကို သိအောင် အောက်မှာ ဆက်လက်ဖတ်ရှုလိုက်ပါ။

၁။ ဆုံးဖြတ်ချက်တွေကို မကြန့်ကြာစေပါနဲ့။

သင့်အိမ်မွမ်းမံတာကို အဆင်ပြေသွားချင်ရင် အကောင်းဆုံးကတော့ အလုပ်မစခင် ဆုံးဖြတ်ချက်တွေကိုချပါ။ အိမ်ဆောက်ကျွမ်းကျင်သူတစ်ယောက်က သင့်ကို သင့်လုပ်ငန်းနဲ့ပတ်သက်လို့ ဖြစ်ပေါ်လာနိုင်မယ့် အခြေအနေတွေကို ပြောပြနိုင်တယ်။ ဒါပေမယ့် အခြေအနေတွေအပေါ် ဆုံးဖြတ်ချက်တွေဟာ ကြန့်ကြာမှုတွေကို ပုံမှန်အားဖြင့် ဖြစ်စေတာမဟုတ်ဘူး။ သုတ်ဆေးရွေးချယ်မှု၊ အမြိတ်၊ အကွပ်၊ ဖောင်းတို့မွမ်းမံပြင်ဆင်မှုနဲ့ ဘုံဘိုင်ပစ္စည်းတွေ ရွေးချယ်တာတွေဟာ ဆုံးဖြတ်ချက်တွေနဲ့ပတ်သက်နေပါတယ်။ ဒီကိစ္စတွေဟာ ကြီးမားတယ်လို့ မထင်ရပေမယ့် ဘုံဘိုင်ခေါင်းတွေ ရောက်လာဖို့ ရက်သတ္တနှစ်ပတ်လောက် ကြာခဲ့ရင် ရေပိုက်သမားတွေကို ထပ်ချိန်းရမယ်။ ဘုံဘိုင်ခေါင်းတပ်ပြီးမှ ဆေးဝါးထည့်တဲ့ ဗီရိုတံခါးဖွင့်လို့ ထိနေရင်သေးတဲ့ကိစ္စဟာ ရက်သတ္တငါးပတ်ကြာမယ့် စီမံကိန်းမှာ ရက်သတ္တတစ်ပတ်လောက် ကြန့်ကြာသွားနိုင်တယ်။

၂။ သင့်ရဲ့ စိတ်ကို ခဏခဏမပြောင်းပါနဲ့။

သင့်စီမံကိန်းမှာ စိတ်ပြောင်းတာရှိမှာဖြစ်ပေမယ့် သင်သိဖို့ အချက်ကတော့ သင်စိတ်ပြောင်းလိုက်တိုင်း ပစ္စည်းမှာတဲ့စာရင်းမှာ ပြောင်းလဲလုပ်ရတော့မယ်။ ပြောင်းလဲမှုဟာ သေးငယ်တယ်လို့ထင်ရပေမယ့် ကုန်ကျစရိတ်တွေ ထပ်တိုးလာမှာကရှိသေးတယ်။ ယုတ်စွအဆုံး ပြောင်းလဲမှုအတွက် အချိန်က ကုန်မှာပဲ။ အချိန်ဇယားချထားတာကို လည်း ထိခိုက်နိုင်တယ်။ အစီအစဉ်အဟောင်းနဲ့ အလုပ်သမားတွေ ဆက်လက်မလုပ်မိဖို့လည်း အလုပ်သမားအားလုံးကို အကြောင်းကြားဖို့ လိုတယ်။ အားလုံးက ပြောင်းလဲမှုတွေ လုပ်ကြတယ်။ ထားပါတော့။ လုပ်ငန်းကို နှောင့်ယှက်ကြန့်ကြာသွားစေနိုင်တယ်ဆိုတာကို တော့ သတိရှိနေဖို့ လိုတယ်။

ဆက်လက်ဖော်ပြပါမည်။

မြန်မာပြည်မှာရှိတဲ့ အောင်မြင်တဲ့ ဒီဇိုင်နာတွေထဲ ပါဝင်အောင် ကြိုးစားသွားမှာပါ

ထားထားခင်

ဒီတစ်ပတ်မှာတော့ မြန်မာတိုင်း(မ်)မှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ စာရင်းပေးထားတဲ့ Interior Designer အယောက် ၃၀ နီးပါးထဲက We&We Interior Design& Decoration ရဲ့ဒါရိုက်တာကိုမြတ်ဟိန်းကျော်နဲ့ မေးမြန်းခဲ့တာတွေကို ဖော်ပြလိုက်ပါတယ်။

✱ Best Interior Design ပြိုင်ပွဲဝင်ရောက်ဖြစ်ပုံကို ပြောပြပေးပါ။

ဒီနှစ်ထဲဖြစ်တဲ့ ၂၀၁၃ မှာ Interior နဲ့ ပတ်သက်လို့ Association တစ်ခု ဖွဲ့လိုက်တယ်၊ အဲဒီမှာ ကျွန်တော်က အသင်းဝင်ထားတာပါ၊ အဲဒီမှာ ဆရာဦးဆန်းဦးကနေပြီးတော့ ကျွန်တော့်ကို ဝင်ပြိုင်ပါလို့ ပြောတာလည်း ပါတယ်၊ နောက်ပြီး ဆရာ့ဆီမှာလည်း Interior နဲ့ ပတ်သက်လို့ သင်တန်းတက်ခဲ့ပြီး diploma ရခဲ့ပါတယ်။ ဒါတွေကြောင့် ဝင်ပြိုင်ဖြစ်သွားတာပါ။

✱ ဝင်ရောက်ယှဉ်ပြိုင်မယ့် ဒီဇိုင်းက ဘယ်မှာရှိတာပါလဲ။

ယှဉ်ပြိုင်ဖို့ဒီဇိုင်းကတော့ ယောကျ်ားလေး ဖက်ရှင်ဆိုင်တစ်ခုအတွက် ရေးဆွဲထားတဲ့ ဒီဇိုင်းနဲ့ ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ အဲဒါက ကမ္ဘာအေးဂမုန်းပွင့်မှာ ရှိပါတယ်။

✱ အဲဒီ ဖက်ရှင်ဆိုင်ဒီဇိုင်းက ဘယ်လိုထူးခြားမှု ရှိပါသလဲ။

Man Fashion ဆိုင်ဖြစ်တဲ့ အတွက် ကျွန်တော်ရေးဆွဲပေးထားတာက Red Devil ဆိုတဲ့ အရသာပေါ်အောင် ရေးဆွဲပေးထားတယ်၊ Red ဆိုတဲ့ အတိုင်း အရောင်ကို အနီရောင်သုံးပေးထားတယ်၊ Devil ဆိုတာကတော့ အမှောင်လောကလို့ ရည်ညွှန်းတာဆိုတော့ အမည်းရောင်သုံးပေးထားတယ်၊ အဓိကကတော့ အနီနဲ့ အမည်းနဲ့ နှစ်ရောင်သုံးပေးထားတယ်။ ဒီတော့ အရောင်အနေနဲ့ ထူးခြားသလို ဒီဇိုင်းကိုလည်း အခု နောက်ပိုင်းခေတ်စားလာတဲ့ မော်ဒန်ဒီဇိုင်းနဲ့ဆွဲပေးထားတယ်။ ကြိုဂံတွေ၊ အဝိုင်းတွေနဲ့ သုံးပေးထားတယ်၊ အဓိကထူးခြားချက်ကတော့ မျက်နှာစာမှာ ပုံမှန်ဆိုင်းဘုတ်တွေနဲ့မတူအောင် လုပ်ပေးထားတယ်၊ လက်ရှိမြင်နေရတဲ့ မြန်မာနိုင်ငံမှာ မရှိသေးတဲ့ ပုံစံနဲ့ပေါ့၊ ဒါပေမဲ့ သူက အပြင်မှာ မဟုတ်ဘဲ ကုန်တိုက်ထဲမှာပဲ ဖြစ်တဲ့အတွက်၊ ကုန်တိုက်ရဲ့ အရိပ်အောက်မှာပဲဖြစ်တဲ့ အတွက် ဆိုင်းဘုတ်က အရမ်း အကြီးကြီးတော့ မဟုတ်ဘဲ ဆိုင်ခန်းအနေနဲ့ပဲ ဆန်းပြားပေးထားတာပေါ့။

✱ ကိုယ့်ရဲ့ client၊ customer တွေပေါ်မှာ လက်ကိုင်ထားတဲ့ဆောင်ပုဒ်ကိုလည်း ပြောပြပေးပါဦး။

ကျွန်တော်တို့ We&We ရဲ့ အဓိပ္ပာယ်အတိုင်းပါပဲ။ We ဆိုတာကတော့ ကုမ္ပဏီဘက်ကပေ့ါ။ နောက်ထပ် We ဆိုတာကတော့ customer ကို ပြောတာပေ့ါ၊ customer နဲ့ ကျွန်တော်တို့နဲ့ အတူတကွ လက်တွဲပူးပေါင်းပြီးတော့ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်မယ်ဆိုတဲ့သဘော ဖြစ်ပါတယ်။ customer ဘက်ကိုလည်း အပြည့်အဝ satisfy ဖြစ်စေရမယ်၊ ကျွန်တော်တို့ဘက်ကလည်း ဒီလိုဖြစ်အောင်အပြည့်အဝ ပေးဆပ်သွားမှာဖြစ်ပါတယ်။

✱ အနာဂတ်အတွက် ရည်မှန်းချက်ကရော။

နောင်ငါးနှစ်အတွင်းမှာ မြန်မာပြည်မှာရှိတဲ့ အောင်မြင်တဲ့ ဒီဇိုင်နာတွေထဲမှာ ပါဝင်အောင် ကြိုးစားသွားမှာပါ။ ■

စတိုင်ကျကျ အိမ်အလှပြိုင်ပွဲ

အလှပဆုံးသောအိမ်

ယခုပဲ ပါဝင်ယှဉ်ပြိုင် လိုက်ပါ

အထူးဆုကြီး

GRAND PRIZE - LORENZO SOFA SET

LORENZO
LIVING STARTS HERE . . .

(ဂုဏ်ပြုဆု)

HONORABLE MENTIONS - 2 PRIZES
DUNLOPILLO KING SIZE MATTRESS
OSIM UPHORIA FOOT MASSAGER

Dunlopillo moments
OSIM

ပြိုင်ပွဲဝင်များအတွက် သတ်မှတ်ချက်များ
(၁) မြန်မာနိုင်ငံသားဖြစ်ရမည်။
(၂) ပေးပို့ရမည့်ဓာတ်ပုံအရေအတွက် - ၄ ပုံ
(ဧည့်ခန်း + ပင်မအိပ်ခန်း + ထမင်းစားခန်း + အိမ်တစ်အိမ်လုံး၏ဖွဲ့စည်းတည်ဆောက်ပုံ)
(၃) ဓာတ်ပုံအရွယ်အစား - ၁၀" x ၁၅"

ပြိုင်ပွဲရက်
ပေးပို့ရန်နောက်ဆုံးရက် - ၂၀၁၃ ခုနှစ်၊ မတ်လ ၃၀ ရက်
ဆုကြေညာမည့်ရက် - ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၉ ရက်

** ဝင်ရောက်ယှဉ်ပြိုင်သော ပြိုင်ပွဲဝင်အားလုံးအား ကျပ် ၂၀,၀၀၀ တန် Casabella လက်ဆောင် ငွေဘောက်ချာပေးမည်။ ***

အကောင်းဆုံး INTERIOR DESIGN

အထူးဆုကြီး

PACKAGE TOUR TO BANGKOK
FOR 2 PERSONS (4 NIGHTS /5 DAYS)

(ဂုဏ်ပြုဆု)

HONORABLE MENTIONS - 2 PRIZES

massimo

▪ MASSIMO RECLINER CHAIR

éko Office Solution

▪ OFFICE CHAIR

"အလှပဆုံးသောအိမ်" ပြိုင်ပွဲအတွက် အကဲဖြတ်ဒိုင်လူကြီးများ
(၁) ဦးဆန်းဦး
Association of Myanmar Interior Design
(၂) ဒေါ်ခင်မာလာ
(NatRay Co.,Ltd)
(၃) မစ္စတာရော့စ်ဒန်ကလီ
(Myanmar Consolidated Media Limited)
(၄) မစ္စတာသောမတ်စ်
(NatRay Design Studio) မှ Interior Designer

ပြိုင်ပွဲဝင်များအတွက် သတ်မှတ်ချက်များ
၁။ မြန်မာနိုင်ငံသားဖြစ်ရမည်။
၂။ Interior Design ဘာသာရပ် ၊ ပညာရပ်ကိုစနစ်တကျ သင်ကြားတတ်မြောက်သူဖြစ်ရမည်။
၃။ Accociation of Myanmar Interior Designs ပညာရပ်ဆိုင်ရာအသင်းဝင်ဖြစ်ရမည်။
(အသင်းမဝင်ဖြစ်သေးသူများ အချက်(၁)နှင့်(၂)ညီညွတ်လျှင် ပူးတွဲပါလိပ်စာပါ အသင်းသားအဖြစ်ဝင်ရောက်နိုင်ပါသည်။

ပေးပို့ရမည့် ဒီဇိုင်း
၁။ မြန်မာနိုင်ငံအတွင်း မည်သည့်နေရာမဆိုတွင် တည်ဆောက်ပြီးစီးသော Interior Design လက်ရာကိုတင်သွင်းနိုင်သည်။
၂။ Design အမျိုးအစား ကြိုက်ရာကိုတင်သွင်းနိုင်သည်။ (၁၀" x ၁၅" တစ်ပုံတည်းသာ)
ဥပမာ။ လူနေအိမ်၊ အရောင်းပြခန်း၊ ဟိုတယ်၊ စားသောက်ဆိုင်စသည်တို့၏ တည်ဆောက်ပြီး Interior Design ကိုဆိုလိုသည်။
၃။ တည်ဆောက်ပြီး Design ၏ ဓါတ်ပုံနှင့်အတူ မတည်ဆောက်မီ ဗိုင်ရှင်ကိုတင်ပြခဲ့သော 3D Rendering (သုံးဖက်မြင်ချယ်မှုန်းပုံ) သို့မဟုတ် ချယ်မှုန်းထားသော Orthographic Plan Elevation Section များကိုလည်း ပူးတွဲတင်သွင်းရမည်။ (၁၀" x ၁၅" တစ်ပုံတည်းသာ)
၄။ အထက်ပါ ၁၀" x ၁၅" နှစ်ပုံ (၂)၊(၃) နှင့်အတူ Design ပုံစံရှင်းလင်းချက်နှင့် Design စံယူချက် (Concept)ကိုလည်း A4 တစ်မျက်နှာထက်မပိုဘဲ ရေးသားတင်သွင်းနိုင်သည်။
မှတ်ချက်။ ၁၀" x ၁၅" ရောင်စုံပုံများတွင် Design ၏အမည် Design Company ၏အမည် Logo စသည်အမှတ်အသားများ (လုံးဝ) မပါရှိစေရ။

ပြိုင်ပွဲနေ့
ပေးပို့ရန်နောက်ဆုံးရက် - ၂၀၁၃ ခုနှစ်၊ မတ်လ ၃၀ ရက်
ဆုကြေညာမည့်ရက် - ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၉ ရက်

Sponsor	-	NatRay Co.,Ltd & Casabella Home Furnishing Center
Organizer	-	The Myanmar Times
Supported by	-	Association of Myanmar Interior Design (AMID) & NatRay Design Studio (NDS)

အကောင်းဆုံး Interior Design အတွက် အကဲဖြတ်ဒိုင်လူကြီးများ
(၁) ဒေါ်ခင်မာလာ (NatRay Co.,Ltd)
(၂) မစ္စတာရော့စ်ဒန်ကလီ (Myanmar Consolidated Media Limited)
(၃) ဒေါ်နှင်းဆီ (Former Principal ZK School of Design)
(၄) ဦးဝင်းမြင့် (Architect)
(၅) ဦးဝေမြိုး (Senior Interior Designer)
(၆) မစ္စတာသောမတ်စ် (NatRay Design Studio) မှ Interior Designer

မှတ်ချက်။
၁။ လိုအပ်ပါက အကဲဖြတ်ဒိုင်လူကြီးများက တည်ဆောက်ထားသော Interior Design များကို လှည့်လည်ကြည့်ရှုပါမည်။
၂။ AMID အသင်းဝင်ရန် အောက်ပါ ဖုန်းနံပါတ်များသို့ဆက်သွယ်မေးမြန်းနိုင်သည်။
09 5500 575 | 09 5506 215 | 09 7314 5876 Email: interior.amid@gmail.com

ဆုကြီးများ ရယူလိုက်ပါ

အမည်............ အမျိုးသားမှတ်ပုံတင်အမှတ်............ အိမ်ထောင်(ရှိ/မရှိ)............ အသက်............ ကျား/မ............
အလုပ်အကိုင်............ လိပ်စာ............
ဆက်သွယ်ရန်ဖုန်း (မိုဘိုင်းလ်)............ (အိမ်ဖုန်း)............(ရုံးဖုန်း)............ အီးမေးလ်............

ဝင်ခွင့်ပုံစံနှင့် ဓာတ်ပုံများ ယခုတင်သွင်းပါ။ လျှောက်လွှာပုံစံကို Casabella Home Furnishing Center - အမှတ် (၂၂)၊ ကိုးမိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်သို့ယူဆောင်လာပါ။ ဖုန်း - ၆၆၄ ၃၆၃၊ ၆၆၀ ၇၆၉၊ ၆၅၅ ၁၆၂ | အီးမေးလ် - nr.casabella@gmail.com (သို့)
The Myanmar Times (ရုံးချုပ်) - အမှတ် (၃၇၉/၃၈၃)၊ ဗိုလ်အောင်ကျော်လမ်း (အပေါ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၃၉၂ ၉၂၈၊ ၂၅၃ ၆၄၂ | The Myanmar Times (မန္တလေးရုံးခွဲ) - အမှတ် (၁၇၀)၊ ၇၄ လမ်း (၃၁ လမ်း နှင့် ၃၂ လမ်းကြား)၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။ ဖုန်း - ၀၂ ၂၄၄၅၁၊ ၂၄၄၆၀
ရန်ကုန်နှင့် မန္တလေး နှစ်မြို့စလုံးတွင် ပိတ်ရက်သည် ၂၀၁၃ ခုနှစ်၊ မတ်လ ၃၀ ရက် မွန်းလွဲ (၂)နာရီဖြစ်သည်။

ပြိုင်ပွဲ စည်းကမ်းချက်များနှင့် သတ်မှတ်ချက်များ။
NatRay Co., Ltd သို့မဟုတ် Myanmar Consolidated Media (MCM) မှ ဝန်ထမ်းများနှင့် ၎င်းတို့၏မိသားစုများမှ မည်သူမျှပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိ။ ပြိုင်ပွဲဝင်သည့် အိမ်။ ကွန်ဒိုမီနီယံ (သို့)
အိမ်ခန်းပိုင်ဆိုင်သူသာယှဉ်ပြိုင်ခွင့်ရှိသည်။ ... MCM မှထုတ်ဝေသော ဂျာနယ်တွင်ပါရှိသည့် မူရင်းပုံစံပေါ်တွင် ဖြည့်စွက်၍ ပေးပို့ရပါမည်။ Photo Copy များကို လက်ခံမည်မဟုတ်ပါ။
... "The Myanmar Times & NatRay စတိုင်ကျကျအိမ်အလှပြိုင်ပွဲ" ... NatRay Co.,Ltd ...
... MCM နှင့် NatRay Co.,Ltd ...
...

Main Sponsors
MYANMAR TIMES NatRay Co.,Ltd. Casabella
LORENZO Dunlopillo
natray · design · studio
MCM
Co- Sponsors
NOW! ABITEX AUSSINO WMF KETTLER OSIM

We have the largest classified listings in Myanmar.

In our print editions

THE MYANMARTIMES မြန်မာတိုင်း(မ်) THE MYANMARTIMES

And now online at
www.mmtimes.com/classifieds

Post a classified ad for free now!

YANGON: 01-392928 , 01-253642 | MANDALAY: 02-24450-60 , 02-65391-2 | NAYPYITAW: 067-23064 , 067-23065

THE MYANMAR TIMES ကြေးမုံ
World
■ အမေရိကား ■ ဥရောပ ■ အရှေ့အလယ်ပိုင်း
သောကြာနေ့၊ မတ် ၂၂ – ၂၈၊ ၂၀၁၃

ဆီးရီးယားသူပုန်များကို လက်နက်ထောက်ပံ့ရန် မလွဲမသွေလိုအပ်နေကြောင်း ပြင်သစ်သမ္မတပြော

ဒမတ်စကတ် – ဆီးရီးယားနိုင်ငံတွင်း ပဋိပက္ခဖြစ်မှုများမှာ သုံးနှစ်အတွင်းသို့ ရောက်ရှိလာသောကြောင့် ဆီးရီးယားနိုင်ငံအတွင်းသို့ လက်နက်တင်ပို့မှု ပိတ်ဆို့ထားခြင်းကို ဥရောပသမဂ္ဂဝင်နိုင်ငံများက မရုပ်သိမ်းပါက ပြင်သစ်အစိုးရသည် ဗြိတိန်နိုင်ငံနှင့်ပူးပေါင်း၍ ဆီးရီးယားသူပုန်များအား လက်နက်ထောက်ပံ့ပေးသွားတော့မည်ဟု ပဋိပက္ခစစ်ပွဲကြီး နှစ်နှစ်ပြည့်မည့်နေ့ မတိုင်မီ တစ်ရက် (၁၄-၃-၂၀၁၃) တွင် ပြင်သစ်သမ္မတဖရန်ဆွာဟိုလန်က ဘရပ်ဆဲလ်မြို့၌ ကျင်းပသည့် ဥရောပသမဂ္ဂထိပ်သီးအစည်းအဝေး ပထမနေ့တွင် ပြောကြားလိုက်သည်။

၂၀၁၁ ခုနှစ်၊ မတ်လတွင် စတင်ဖြစ်ပွားသည့် အစိုးရဆန့်ကျင်ရေး အုံကြွမှုကြီးကြောင့် ယနေ့အထိ လူပေါင်း ၇၀,၀၀၀ ထက်မနည်း သေဆုံးခဲ့ပြီဟု ကုလသမဂ္ဂစာရင်းတွင် ဖော်ပြသည်။

"ဆီးရီးယားသမ္မတ ဘတ်ရှားအယ်အာဆတ်ဟာ ဒီနှစ်နှစ်အတွင်းမှာ သူ့ နိုင်ငံသားတွေကို နည်းအမျိုးမျိုးနဲ့ တိုက်ခိုက် သတ်ဖြတ်နေခဲ့တာကြောင့် ကျွန်တော်တို့ရှေ့တိုးပြီး တစ်ဖက်ကိုကူညီကြရပါတော့မယ်" ဟုဂင်းကပြောသည်။

ဆီးရီးယားသို့ လက်နက်တင်သွင်းလျှင် ပြည်တွင်းစစ်ပွဲ ပိုမိုကြီးမားလာမည်ဟု ဥရောပနိုင်ငံအချို့ကယူဆ၍ ဆီးရီးယားသို့ လက်နက်တင်ပို့မှုကို ပိတ်ဆို့ထားခဲ့ကြသည်။ ပြင်သစ်နှင့် ဗြိတိန်တို့က ယင်းပိတ်ဆို့မှုအား ရုပ်သိမ်းပေးရန် ဥရောပသမဂ္ဂကို တိုက်တွန်းထားသည်။

ဆီးရီးယားအစိုးရ ဆန့်ကျင်ရေး အင်အားစုများကလည်း နှစ်နှစ်ကြာစစ်ပွဲ အရှိန်အဟုန် ငြိမ်းသတ်ရေးအတွက် ၎င်းတို့အား တင့်ကားပစ်အမြောက်၊ လေယာဉ်ပစ်အမြောက် စသည့် လက်နက်ကြီးများ ထောက်ပံ့ကူညီရန် ပြင်သစ်နှင့် ဗြိတိန်အစိုးရများထံ တောင်းခံထားကြသည်။

အာဆတ်အစိုးရက ၎င်း၏ အဓိကမဟာမိတ် ရုရှား၏လေသံအတိုင်း ယင်းသို့လက်နက်များတင်ပို့မှုများမှာ နိုင်ငံတကာဥပဒေကို ချိုးဖောက်ရာကျသည်ဟု ဆိုသည်။

ဆီးရီးယားသူပုန်များအား အကူအညီတိုးမြှင့်ထောက်ပံ့ရေးကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက အတိအလင်းထောက်ခံခြင်းမပြုသော်လည်း သာသာထိုးထိုး လက်ခံထားဖွယ်ရှိနေသည်။

"ကျွန်မတို့ကတော့ သူတို့ ပြည်တွင်းရေးမှာ ဝင်မစွက်ပါဘူး။ ဒါပေမဲ့ ဆီးရီးယားအစိုးရအတိုက်အခံဘက်တော်သားတွေကို သင့်လျော်တဲ့ ထောက်ပံ့ကူညီမှုတွေနဲ့ နိုင်ငံအများဆုံးက ပေးလာကြတာကိုတော့ မြင်ချင်ပါတယ်"ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် ဗစ်တိုးရီးယားနူလန်ကဆိုသည်။

ဆီးရီးယားသို့ လက်နက်တင်သွင်းမှုတားမြစ်ချက်အား ရုပ်သိမ်းရေးနှင့် ပတ်သက်၍ အေးစက်စက်ဖြစ်နေသည် ဟု သတင်းထွက်နေသော ဂျာမနီနိုင်ငံ ဝန်ကြီးချုပ် အန်ဂျယ်လာမာကယ်က ဥရောပသမဂ္ဂသည် ယင်းကိစ္စကို "သတိကြီးစွာထား၍ ရှေ့ဆက်ဆောင်ရွက်သွားရန်လိုကြောင်း မတ်လ ၁၄ ရက်က သတိပေးခဲ့သည်။

ဆီးရီးယားသူပုန်များအတွက် ဥရောပနိုင်ငံများက ထောက်ပံ့မည့် လက်နက်များသည် ဆီးရီးယားလက်နက်ကိုင်အုံကြွမှုတွင် နာမည်ကြီး၍ လူသိများနေသော အစွန်းရောက် အစ္စလမ်စစ်သွေးကြွများလက်သို့ ရောက်သွားလေမလားဟုလည်း တွေးကြောက်သူများရှိနေသည်။

ပြင်သစ်သမ္မတက ထောက်ပံ့သည့် လက်နက်များသည် အစွန်းရောက်ဝါဒီ မဟုတ်သူများထံသို့သာ ရောက်ရမည်ဟု အာမခံသည်။

လက်နက်ပိတ်ဆို့မှုရှိလင့်ကစား ရုရှားထံမှလက်နက်များ ဆက်လက်ရရှိနေသော အာဆတ်အစိုးရနှင့် အင်အားချင်းချိန်ညှိရန်အတွက် သူပုန်များအား လက်နက်တပ်ဆင်ပေးရန် လိုအပ်သည်။ **(အေအက်ဖ်ပီ)**

အောင်သာလင်း ဘာသာပြန်သည်။ ■

တူရကီနယ်စပ်ရှိ ဒုက္ခသည်စခန်းတစ်ခု၌တွေ့ရသည့် ဆီးရီးယားစစ်ပြေးအမျိုးသမီးတစ်ဦးနှင့်ကလေးတစ်ဦး။ အေအက်ဖ်ပီ

သတင်းတို

အစ္စရေးဝန်ကြီးချုပ်ကို ရုရှားသမ္မတဖိတ်ကြား

ဂျေရုဆလင် – အစိုးရသစ်ဖွဲ့စည်းပြီးသည့်အပေါ် ဝမ်းမြောက်ကြောင်း သဝဏ်လွှာတွင် ရုရှားသမ္မတဗလာဒီမာပူတင်က အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုကို မော်စကိုသို့ လာရောက်လည်ပတ်ရန် ဖိတ်ခေါ်ထားကြောင်း အစ္စရေးဝန်ကြီးချုပ်၏ပြောရေးဆိုခွင့်ရှိသူ မာ့ခ်ရေဂက်ဗ်က ပြောသည်။ အလည်အပတ်သွားရောက်မည့် ရက်စွဲကိုမူ ဆုံးဖြတ်ထားခြင်းမရှိသေးကြောင်းလည်း ၎င်းကဖြည့်စွက်ပြောသည်။ ယင်းဖိတ်ကြားမှုသည် လွန်ခဲ့သည့် လေးနှစ်ကျော်က သမ္မတရာထူး ထမ်းဆောင်ခဲ့စဉ်မှစ၍ အစ္စရေးမြေပေါ်သို့ ပထမဆုံးအကြိမ်အဖြစ် လာရောက်လည်ပတ်မည့် သမ္မတ ဘာရက်အိုဘားမား ရောက်လုဆဲဆဲအချိန်တွင် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ပါလက်စတိုင်းသမ္မတ မာမွတ်အက်ဘတ်စ်သည်လည်း လွန်ခဲ့သည့်သီတင်းပတ်က မော်စကိုသို့သွားရောက်ခဲ့ကာ ယခုနှစ်အတွင်း အစ္စရေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ စတင်နိုင်ရန် မျှော်လင့်ထားသည့်အကြောင်းကို သမ္မတပူတင်ကို ပြောခဲ့သည်။ **(အေအက်ဖ်ပီ)**

ဇော်ဝင်း ဘာသာပြန်သည်။

အခြေချနေထိုင်မှုကို ထောက်ခံသော အစိုးရ အစ္စရေးတွင် အာဏာရလာ

pdefcrltm;vkHdifqkH ef;awmfwdkYpkrf;aqmif&ef&S,f vkHef;awmfxif,w,f

ဂျေရုဆလင် – အမေရိကန်သမ္မတ၏ သမိုင်းမှတ်တိုင်စိုက်ထူမည့် လာရောက်လည်ပတ်မှုမတိုင်မီ ရက်ပိုင်းအလိုတွင်ပင် ပါလက်စတိုင်းနယ်မြေအတွင်း အခြေချနေထိုင်ရေးအတွက် သဘောထားတင်းတင်းမာသည့် လိုလားထောက်ခံသူများဖြစ်ကြသော အစ္စရေးညွန့်ပေါင်းအစိုးရသစ်သည် ပါလီမန်၏ ထောက်ခံမှုရအပြီး မတ်လ ၁၈ ရက်နေ့နှောင်းပိုင်းတွင် တရားဝင်အာဏာ ရယူခဲ့သည်။

"အစ္စရေးနိုင်ငံကို အုပ်ချုပ်ဖို့ကျွန်တော် အခွင့်အရေးရခဲ့တဲ့ ကြိမ်ရေသုံးခုစလုံးမှာ ဘယ်တစ်ခုက ပိုပြီးခက်ခဲတယ်ဆိုတာ မသိတော့ပါဘူး" ဟု တတိယမြောက် ဝန်ကြီးချုပ်သက်တမ်း စတင်ထမ်းဆောင်စဉ် ၎င်း၏အစိုးရအဖွဲ့သစ်နှင့် ပထမဆုံးအစည်းအဝေး ကျင်းပရာ၌ ဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုက ပြောသည်။

နေတန်ယာဟုက အစ္စရေးပြည်သူများ၏ မျှော်လင့်ချက်များဖြစ်သည့် အခွင့်အလမ်းများကို ပြောကြားရင်း အခြားတစ်ဖက်မှ အန္တရာယ်များအကြောင်းကိုလည်း ပြောဆိုခဲ့သည်။

"စိန်ခေါ်မှုအားလုံးကို ရင်ဆိုင်ဖို့ ကျွန်တော်တို့မှာ စွမ်းဆောင်ရည်ရှိတယ်လို့ ကျွန်တော်ထင်ပါတယ်"ဟု ပြည်သူ့ရုပ်သံမှ တိုက်ရိုက်ထုတ်လွှင့်ရာတွင် ၎င်းက မှတ်ချက်ပြုပြောခဲ့သည်။

စောစောပိုင်းက အစ္စရေးနိုင်ငံ၏ ပါလီမန်အဖွဲ့ဝင် ၁၂၀ က နေတန်ယာဟု၏ အစိုးရအဖွဲ့သစ်ကို (၆၈-၄၈) မဲဖြင့် အတည်ပြုခဲ့သည်။

၎င်းနှင့် ၎င်း၏ဝန်ကြီး ၂၁ ဦးတို့၏ ပထမဦးဆုံး လွှတ်တော်အစည်းအဝေး မကျင်းပမီ ကျမ်းသစ္စာကျိန်ဆိုမှုကို ပြုလုပ်ခဲ့ကြသည်။

ညွန့်ပေါင်းအစိုးရဖွဲ့စည်းရေးအတွက် ခက်ခက်ခဲခဲဖြင့် ရက်ပေါင်း ၄၀ ကျော်ကြာ ဆွေးနွေးခဲ့ပြီးနောက် အမေရိကန်သမ္မတ ဘာရက်အိုဘားမား၏ သမိုင်းဝင်ခရီးစဉ်မတိုင်မီ နှစ်ရက်အလို၌ အစိုးရအာဏာကို ရယူခဲ့ခြင်းဖြစ်သည်။

ပါလီမန်မဲမပေးမီ ပါလီမန်အမတ်များကို နေတန်ယာဟုက မိန့်ကြားရာ၌ တတိယအကြိမ်အတွက် ၎င်းအား ဝန်ကြီးချုပ် ရွေးချယ်ခြင်းကြောင့် နိုင်ငံကို ကျေးဇူးတင်ကြောင်း၊ အစ္စရေးပြည်သူများအားလုံးကို ကိုယ်စားပြုရန် ကတိပြုကြောင်းနှင့် အီရန်၏ နျူကလီးယားအစီအစဉ်ကဲ့သို့ ဒေသတွင်း ခြိမ်းခြောက်မှုများမှ ၎င်းတို့အား ကာကွယ်မည်ဖြစ်ကြောင်း ပြောခဲ့သည်။

"အစိုးရရဲ့ ထိပ်တန်းဦးစားပေးကတော့ နိုင်ငံနဲ့ပြည်သူပြည်သားတွေရဲ့ လုံခြုံမှုကို ကာကွယ်ရေးပဲဖြစ်တယ်" ဟု ၎င်းကပြောသည်။ ထို့ပြင် ၎င်းက အစ္စရေးသည် အီရန်နှင့် ဆီးရီးယားနိုင်ငံတို့၏ အကြီးအကျယ် ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်နေရသည်ဟုလည်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ထပ်လောင်းပြောကြားသည်။

(အေအက်ဖ်ပီ)

သန်းလွင် ဘာသာပြန်သည်။ ■

အစိုးရသစ်၏ ပထမဆုံးအစည်းအဝေး၌တွေ့ရသည့် ဝန်ကြီးချုပ်နေတန်ယာဟု။ ဓာတ်ပုံ - အေအက်ဖ်ပီ

ဗြိတိသျှသတင်းစာ ဥပဒေများ အတွက် အရေးပါသည့်ဆန္ဒမဲပေး

လန်ဒန် – ပါတီအချင်းချင်း ဆွေးနွေးမှုများ မအောင်မြင်သော်လည်း သဘောတူညီချက်ရရှိရန် ဆက်လက် ကြိုးပမ်းနိုင်သေးကြောင်း ဗြိတိသျှ အစိုးရအရာရှိကြီးများက အခိုင်အမာ ပြောကြားနေကြသည့်အချိန်တွင် သတင်းစာဆိုင်ရာ နည်းဥပဒေနှင့်ပတ်သက်၍ အရေးကြီးသည့်ဆန္ဒမဲပေးပွဲတစ်ခုကို ဗြိတိသျှ ပါလီမန်အမတ်များက မတ်လ ၁၈ ရက်နေ့တွင် ပြုလုပ်မည်ဖြစ်သည်။

ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်က လစ်ဘရယ်ဒီမိုကရက်ပါတီမှ အငယ်တန်း ညွန့်ပေါင်းအဖွဲ့ဝင်များ၏ ခေါင်းဆောင် ဒုတိယဝန်ကြီးချုပ် နစ်ခ်ကလက်ဂ်နှင့် အတိုက်အခံ လေဘာပါတီခေါင်းဆောင် အက်ဒ်မီလီဘန်းတို့နှင့် ဆွေးနွေးညှိနှိုင်းမှုများကို မတ်လ ၁၄ ရက်နေ့က ရပ်ထားခဲ့သည်။

သတင်းစာ စောင့်ကြည့်လေ့လာရေးအဖွဲ့သစ်တစ်ရပ်အတွက် ၎င်းတင်သွင်းထားသော အဆိုများကို ဥပဒေပြုလွှတ်တော်အမတ်များက မတ်လ ၁၈ ရက်နေ့တွင် မဲပေးဆုံးဖြတ်မည်ဖြစ်ကြောင်း ကွန်ဆာဗေးတစ်ပါတီ၏ခေါင်းဆောင် ကင်မရွန်က ပြောကြားခဲ့သည်။

ယခုအခါ ပိတ်သိမ်းလိုက်ရပြီဖြစ်သော News of the World အရပ်သတင်းစာစောင်အပါအဝင် ရူးပတ်မားဒေါ့ခ်၏ကုမ္ပဏီက ဖုန်းပြောဆိုမှုများကို ကြားဖြတ်နှောင့်ယှက်သည့် မကောင်းသတင်းထွက်ပေါ်ပြီး နောက်ပိုင်း ၂၀၁၁ ခုနှစ်က ကင်မရွန်း ဖွဲ့စည်းပေးခဲ့သော လက်ဗီဆင် စုံစမ်းစစ်ဆေးရေးအဖွဲ့က အကြံပြုထားသကဲ့သို့ ပြဋ္ဌာန်းဥပဒေများကိုသာ လေဘာပါတီနှင့် လစ်ဘရယ်ဒီမိုကရက် ပါတီတို့က လက်ခံကြသည်။

ထိုဥပဒေစနစ်ကို ထောက်ခံနေခြင်းမှာ ဥပဒေပြုရာတွင် သတင်းစာလွတ်လပ်ခွင့်အတွက် အန္တရာယ်တစ်ခုဖြစ်လာလိမ့်မည်ဟု ကင်မရွန်က ယုံကြည်နေပြီး မတ်လ ၁၇ ရက်နေ့တွင် ကလက်ဂ်နှင့် ထပ်မံဆွေးနွေးခဲ့သော်လည်း သဘောတူညီမှုမရရှိခဲ့ပေ။ သို့သော် ယဉ်ကျေးမှုဝန်ကြီး မာရီယာမီလာနှင့် ဘဏ္ဍာရေးဝန်ကြီး ဂျော့ဂျ် အော့စ်ဘွန်းတို့နှစ်ဦးက အောက်လွှတ်တော်က မဲမပေးခင်အချိန်အထိ အချိန်ရှိသေးကြောင်း မတ်လ ၁၇ ရက်နေ့အစောပိုင်းက အခိုင်အမာပြောကြားခဲ့ကြသည်။

"သတင်းစာဆိုင်ရာ နည်းဥပဒေအတွက် အသေးစိတ် စီမံချက်တစ်ခုမဟုတ်တဲ့ လက်ဗီဆင်ရဲ့တင်ပြချက်က တကယ့်လက်တွေ့မှာ အသုံးဝင်မဝင်ကို သေချာစေဖို့ နှစ်ဘက်စလုံးက သဘောတူညီချက်ရအောင် ညှိနှိုင်းမှုတွေလုပ်နေပါတယ်"ဟု မီလာကပြောသည်။

"ပါတီအချင်းချင်း ညှိနှိုင်းအဆင်ပြေသွားပြီးတော့ တကယ် အသုံးကျတဲ့ သတင်းစာဆိုင်ရာ နည်းဥပဒေတစ်ရပ်ကိုရဖို့ အခွင့်အရေးတစ်ခု ရှိနေဆဲဖြစ်ပါတယ်" ဟု အော့စ်ဘွန်းက ယုံကြည်ထားသည်။

"ဒီအချိန်မှာ ပါတီအချင်းချင်း သဘောတူညီမှု တစ်စုံတစ်ရာရမယ်ဆိုရင်တောင် မတ်လ ၁၈ ရက်နေ့ မဲပေးပွဲမှာ တော်တော်လေး အဆင်ပြေမှာဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။

ဘီဘီစီနှင့် အင်္ဂလန်ဘဏ်အပါအဝင် အဖွဲ့အစည်းများ တည်ထောင်ခဲ့ရာ၌ အရေးပါသော တည်ထောင်ခွင့်ပြုသည့် အမိန့်စာမျိုးရရှိရန်အတွက် ၎င်း၏အဆိုပြုချက်များကို မဲပေးကြရန် ဥပဒေပြုလွှတ်တော်အမတ်များကို ကင်မရွန်က မေတ္တာရပ်ခံထားသည်။ **(အေအက်ဖ်ပီ)**

ဝင်းသော်တာ ဘာသာပြန်သည်။ ■

ဆီးရီးယားစစ်ပွဲများ အဆုံးသတ်ရန် အီဂျစ်သမ္မတမော်စီ တိုက်တွန်း

နယူးဒေလီ – နယူးဒေလီတွင် အိန္ဒိယခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ဆီးရီးယားတွင် ဖြစ်ပွားနေသော သွေးချောင်းစီးတိုက်ပွဲများအား အမြန်ဆုံးရပ်တန့်ရန် မတ်လ ၁၉ ရက်နေ့တွင် အီဂျစ်သမ္မတ မိုဟာမက်မော်စီက မေတ္တာရပ်ခံ တောင်းဆိုလိုက်သည်။

နှစ်ရက်ကြာလည်ပတ်မည့် ခရီးစဉ်အတွက် မတ်လ ၁၈ ရက်နေ့ ညနေပိုင်းတွင် အိန္ဒိယသို့ရောက်ရှိခဲ့သော သမ္မတမော်စီက ဆီးရီးယားတွင် ဖြစ်ပွားနေသော တိုက်ပွဲများနိဂုံးချုပ် အဆုံးသတ်ပြီး ငြိမ်းချမ်းရေးရရှိရန် ကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်းများအားလုံး ပူးပေါင်းလုပ်ဆောင်ရမည်ဖြစ်ကြောင်း သတင်းထောက်များကို ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံမှ ဝန်ကြီးချုပ်မန်မိုဟန်ဆင်းနှင့် နယူးဒေလီတွင် တွေ့ဆုံအပြီး၌ အီဂျစ်နိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ဒီမိုကရေစီနည်းလမ်းကျရွေးချယ်ထားသော အီဂျစ်ခေါင်းဆောင်၏ ပြောကြားချက် ထွက်ပေါ်လာခဲ့သည်။

အီဂျစ်နိုင်ငံသည် ဆီးရီးယားနိုင်ငံ၏ အနာဂတ်တွင် သမ္မတ ဘတ်ရှာအယ်လ်အာဆတ်အစိုးရ ဖြုတ်ချရေးအတွက် တော်လှန်ရာတွင် အဓိက ကူညီထောက်ပံ့ပေးနေသည့် နိုင်ငံဖြစ်သည်။

အိန္ဒိယအစိုးရသည်လည်း ဆီးရီးယားသမ္မတအာဆတ် ရာထူးမှနုတ်ထွက်ရန် တိုက်တွန်းထားသော အာရပ်အဖွဲ့ချုပ်၏ အဆိုပြုချက်အပေါ် ပြီးခဲ့သည့်လတွင် ထောက်ခံခဲ့ပြီး ဆီးရီးယားမှ အကြမ်းဖက်တိုက်ခိုက်မှုများကိုလည်း ရှုတ်ချခဲ့သည်။

အိန္ဒိယခရီးစဉ်အတွင်း သမ္မတမော်စီ၏ အဓိကရည်ရွယ်ချက်မှာ ကျဉ်းထဲကျပ်ထဲရောက်နေသော အီဂျစ်နိုင်ငံ၏ စီးပွားရေး၌ရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေးအဆင့်မြှင့်ရန်ဖြစ်သည်။

မကြာသေးမီနှစ်များအတွင်း အိန္ဒိယနှင့် နှစ်နိုင်ငံကုန်သွယ်ရေးလမ်းကြောင်းများပိုမိုပွင့်လန်းလာခဲ့ပြီး ယခုအချိန်တွင် အီဂျစ်နိုင်ငံသည် အိန္ဒိယနိုင်ငံအတွက် ခုနစ်နိုင်ငံမြောက် စီးပွားဖက်နိုင်ငံဖြစ်သည်။ နှစ်နိုင်ငံကုန်သွယ်ရေးလုပ်ငန်းတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံငွေမှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ ဘီလျံရှိနေပြီဖြစ်သည်။ **(အေအက်ဖ်ပီ)**

သဲသဲထွေး ဘာသာပြန်သည်။ ■

အစာငတ်ခံဆန္ဒပြသည့် ပါလက်စတိုင်းအကျဉ်းသားတစ်ဦးဂါဇာကမ်းမြောင်ဒေသသို့ လွှတ်မြောက်

ဂါဇာစီးတီး – ကာလကြာမြင့်စွာပင် အစာငတ်ခံဆန္ဒပြခဲ့သည့် ပါလက်စတိုင်း အကျဉ်းသားတစ်ဦးသည် အစ္စရေးအရာရှိများနှင့် သဘောတူညီမှုရယူခဲ့ပြီးနောက် ဂါဇာဒေသသို့ မတ်လ ၁၇ ရက်နေ့ညနေပိုင်းက ရောက်ရှိခဲ့ပြီဖြစ်ကြောင်း ပါလက်စတိုင်းအရာရှိများက အေအက်ဖ်ပီကိုပြောသည်။

အေမန်ရှာရဝနာသည် ထောင်မှ လွတ်မြောက်ရန် သဘောတူညီမှုတစ်ခုရယူခဲ့သည့်တိုင် အနောက်ဘက်ကမ်းခြေဒေသမှ ဂါဇာကမ်းမြောင်ဒေသသို့ ၁၀ နှစ်တိုင် ပြည်နှင်ဒဏ်ပေးခြင်းခံခဲ့ရသည်။

အစ္စရေးနိုင်ငံမှ အီရက်ဇ်နယ်စပ်ကို ကျော်ဖြတ်လျက်ရှိစဉ် ၎င်းကို ဆေးရုံတင်ကုသပေးမည့် ပါလက်စတိုင်းလူနာတင်ယာဉ်နှင့် တွေ့ခဲ့ခြင်းဖြစ်ကြောင်း နယ်စပ်ဒေသရှိ ပါလက်စတိုင်းအရာရှိများက ပြောသည်။

ရှာရဝနာသည် အစ္စရေး၏ထိန်းသိမ်းခံရခြင်းအပေါ် လများစွာအစာငတ်ခံဆန္ဒပြခဲ့ကြသည့် ပါလက်စတိုင်းအကျဉ်းသားလေးဦးအနက် တစ်ဦးဖြစ်သည်။ ယင်းသို့သော အစာငတ်ခံဆန္ဒပြမှုများကြောင့် ကုလသမဂ္ဂနှင့် ဥရောပသမဂ္ဂတို့က စိုးရိမ်မကင်းဖြစ်ရကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြသည်။

အသက် ၃၆ နှစ်အရွယ် ရှာရဝနာသည် ၂၀၀၂ ခုနှစ်တွင်ဖမ်းဆီးခြင်းခံခဲ့ရ

"အရည်မသောက်တော့သည့် ၎င်း၏ကျန်းမာ ရေးသည် နှလုံးဖောက်ရောဂါခံစားရလျက် ရှိကာ အသက်အန္တရာယ်စိုးရိမ်ရ..."

ကာ ထောင်ဒဏ် ၃၈ နှစ်ပြစ်ဒဏ်ချမှတ်ခံထားရသည့် နှစ်ရှည်အကျဉ်းသားတစ်ဦးဖြစ်ကာ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလတွင် အကျဉ်းသား လဲလှယ်ရေးသဘောတူညီချက်ဖြင့် လွှတ်ပေးခြင်းခံခဲ့ရသည်။ သို့ရာတွင် သုံးလအကြာတွင်မူ လွှတ်ပေးသည့်သဘောတူညီချက်ကို ချိုးဖောက်သည်ဟူသော စွဲချက်ဖြင့် ပြန်လည်ဖမ်းဆီးခြင်းခံခဲ့ရသည်။

အစ္စရေးတို့က မူလပြစ်ဒဏ်အတိုင်း ထောင်ဒဏ်ကျခံစေရမည်ဟူ၍ ခြိမ်းခြောက်ခံသည့်နောက်ပိုင်း ဇူလိုင်လမှစ၍ ရှာရဝနာသည် အစားစားရန်ငြင်းဆိုခဲ့သည်။

ဂျက်ဖာအက်ဇက်ဒင်းနှင့် တရစ်ခ်ကွာဒန်တို့သည် ၎င်းတို့အမှုအားကြားနာစစ်ဆေးရန် ဆိုင်းငံ့ထားသော သုံးလအတွင်း အစာငတ်ခံဆန္ဒပြခဲ့ကြပြီး ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ဆန္ဒပြမှုကို ရပ်တန့်ခဲ့သည်။ ၎င်းတို့နှစ်ဦးသည် တရားရုံးတွင် စစ်ဆေးစီရင်ခြင်းမရှိဘဲ နိုဝင်ဘာလမှစ၍ ဖမ်းဆီးခံခဲ့ရသူများဖြစ်ကြသည်။

စတုတ္ထမြောက် ဆန္ဒပြသူ ဆမ်မာအစ္စဝီသည် ရှစ်လတာမျှ မကြခဏ အစာငတ်ခံဆန္ဒပြပြီးနောက် တဲလ်အဗစ်မြို့အနီးရှိ ကက်ပလန်ဆေးရုံ၌ ထိန်းသိမ်းခြင်းခံထားရသော အကျဉ်းသားတစ်ဦးဖြစ်သည်။

အစ္စဝီသည်လည်း ရှာရဝနာကဲ့သို့ အလဲအလှယ်ပြုလုပ်မည့် သဘောတူညီချက်ဖြင့် ၂၀၁၁ ခုနှစ်တွင် လွတ်မြောက်ခဲ့သော်လည်း ၎င်းလွတ်မြောက်မှုတွင် ချိုးဖောက်မှုများရှိသည်ဆိုသော စွပ်စွဲချက်ဖြင့် လွှန်ခဲ့သည့်နှစ်တွင် အဖမ်းခံခဲ့ရသည်။

အစာငတ်ခံဆန္ဒပြသည်မှစ၍ အရည်မသောက်တော့သည့် ၎င်း၏ကျန်းမာရေးသည် နှလုံးဖောက်သည့်ရောဂါခံစားရလျက်ရှိကာ အသက်အန္တရာယ် စိုးရိမ်ရကြောင်း အစ္စရေးဆရာဝန်များက ပြောသည်။

(အေအက်ဖ်ပီ)

သဲသဲထွေး ဘာသာပြန်သည်။ ■

ဟစ်တလာကိုလုပ်ကြံခဲ့သည့် နောက်ဆုံးကျန်ရစ်သူကွယ်လွန်

ဘာလင်– ဂျာမန်စစ်အာဏာရှင် အဒေါ့ဖ်ဟစ်တလာကို လုပ်ကြံသည့်အဖွဲ့၌ ပါဝင်ခဲ့သော စစ်ဗိုလ်ဟောင်းတစ်ဦး ဖြစ်သူ အေဗာလ်ဟိန်းနရစ်ချ်ဖွန်ကလိုက်စ်သည် အသက် ၉၀ အရွယ်၌ ကွယ်လွန်သွားခဲ့ပြီဖြစ်ကြောင်း ၎င်း၏ တွဲဖက်တည်ထောင်ထားသည့် အကြံပေးပညာရှင်များအဖွဲ့က မတ်လ ၁၃ ရက်နေ့တွင် ပြောသည်။

၁၉၄၄ ခုနှစ်က ဟစ်တလာအား ဖယ်ရှားသုတ်သင်ရန် ကြိုးစားခဲ့ပြီးနောက် ဖွန်ကလိုက်စ်ကို ဖမ်းဆီးပြီး စစ်အကျဉ်းစခန်းတစ်ခုသို့ ပို့ခဲ့ကြသည်။ ၎င်းသည် ဂျာမနီနိုင်ငံ မြူးနစ်မြို့တွင် မတ်လ ၈ ရက်က ကွယ်လွန်သွားခဲ့ကြောင်း မြူးနစ်လုံခြုံရေးကွန်ဖရင့်မှ ပြောဆိုခွင့်ရှိသူက ပြောသည်။

"ဇူလိုင် ၂၀" ကြံစည်မှု၌ ရက်စ်တင်ဘာ့ဂ်အရပ်၌ ဟစ်တလာအား လုပ်ကြံရန် ဂျာမန်စစ်တပ်အရာရှိများသည် အတိုက်အခံအဖွဲ့ဝင်များ၊ ကုန်သွယ်မှုအဖွဲ့ဝင်များနှင့် ပူးပေါင်းခဲ့ကြသည်။ ထိုအရပ်သည် ယခုအချိန်၌ ပိုလန်နိုင်ငံ၏ တစ်စိတ်တစ်ဒေသဖြစ်သည်။

၎င်းကြံစည်မှု၌ အဓိကကျသူတစ်ဦးဖြစ်သည့် ကလော့စ်ရှန့်ဖွန်စတော့ဖင်ဘာ့ဂ်ကိုယ်တိုင် ဖွန်ကလိုက်စ်အား စည်းရုံးခဲ့သည်။ လုပ်ကြံမှုမအောင်မြင်ခဲ့သည့်အကြောင်းကို ၂၀၀၈ ခုနှစ်က ရိုက်ကူးခဲ့သည့် "Valkyrie" ရုပ်ရှင်ကား၌ ဖော်ပြခဲ့ပြီး ဟောလိဝုဒ်ရုပ်ရှင်သရုပ်ဆောင် တွမ်ခရုဇ်ပါဝင်ခဲ့သည်။

ထိုအချိန်က ဖွန်ကလိုက်စ်မှာ အသက် ၂၂ နှစ်သာရှိသေးပြီး ဟစ်တလာနှင့် တွေ့ဆုံမည့် အစည်းအဝေးတစ်ခုတွင် ဗုံးများဆင်ထားသည့် အသေခံအင်္ကျီကို ဝတ်ရန် ဆန္ဒပြုခဲ့သူဖြစ်သည်။

သို့သော်လည်း လုပ်ကြံမှုအစီအစဉ် မအောင်မြင်ခဲ့ဘဲ ဟစ်တလာသည် ဒဏ်ရာသာရရှိခဲ့ပြီး အသက်ရှင်ခဲ့သည်။

၎င်း လျှို့ဝှက်ပူးပေါင်းကြံစည်မှု၏ ထိပ်တန်းခေါင်းဆောင်များသည် ဗုံးပေါက်ကွဲပြီး မကြာမီအချိန်အတောအတွင်း ဖမ်းဆီးခံရကာ ကွပ်မျက်ခံခဲ့ရသည်။

ဖွန်ကလိုက်စ်ကိုမူ ဘာလင်မြို့ရှိ ဘင်ဒလာဘလော့ခ် အဆောက်အဦးအတွင်း၌ အကျဉ်းချထားခဲ့သည်။ လျှို့ဝှက်ပူးပေါင်းကြံစည်မှုကို ယင်းအဆောက်အအုံအတွင်း၌ပင် စတင်ကြံစည်ခဲ့ကြခြင်းဖြစ်ကာ ယခုအခါ၌မူ ကာကွယ်ရေးဝန်ကြီးဌာနက အသုံးပြုလျက်ရှိသည်။ နောက်ပိုင်းတွင် ဖွန်ကလိုက်စ်ကို ရေဗင်ဘရုခ် စစ်အကျဉ်းစခန်းသို့ ပို့ခဲ့ကြသည်။

ဒုတိယကမ္ဘာစစ် ပြီးဆုံးသွားသည့်အခါတွင် ဖွန်ကလိုက်စ်သည် ဥပဒေနှင့် စီးပွားရေးဆိုင်ရာ ပညာရပ်များကို သင်ကြားခဲ့ပြီး ပုံနှိပ်လုပ်ငန်းထဲ ဝင်ရောက်ခဲ့သည်။

မြူးနစ်မြို့ လုံခြုံရေးကွန်ဖရင့် တွဲဖက်တည်ထောင်သူလည်းဖြစ်ခဲ့သည်။ ၎င်းကွန်ဖရင့်သည် နှစ်စဉ် ကမ္ဘာတစ်ဝန်းကာကွယ်ရေးနှင့် နိုင်ငံခြားရေးဝါဒ အကြီးအကဲများ လာရောက်တိုင်ပင်ဆွေးနွေးကြသည်။

လျှို့ဝှက် ပူးပေါင်းကြံစည်ခြင်း မအောင်မြင်ခဲ့သည့် အထိမ်းအမှတ်ကို ၂၀၁၀ ပြည့်နှစ်၌ ကျင်းပခဲ့ရာ၌၎င်းတို့ စိတ်အားထက်သန်စွာ ပါဝင်ခဲ့ခြင်းမှာ နာဇီအစိုးရ၏ စက်ဆုပ်ဖွယ်ရာ ရာဇဝတ်မှုများကို အဆုံးသတ်ချင်သည့် စိတ်ကြောင့်ဟု ဖွန်ကလိုက်စ်က ပြောခဲ့သည်။ ၎င်းရာဇဝတ်မှုများသည် ဟစ်တလာအား လုပ်ကြံရန်ကြိုးပမ်းခဲ့ပြီးနောက် ၁၀ လနီးပါး ဆက်လက်ကြာရှည်ခဲ့သည်။

(အေအက်ဖ်ပီ)

သောင်းညွန့် ဘာသာပြန်သည်။

အေဗာဟိန်းနရစ်ချ်ဖွန်ကလိုက်စ် (ဝဲမှဒုတိယမြောက်)ကို ဂျာမန်ဝန်ကြီးချုပ် အိန်ဂျလာမာကယ်(ယာ)နှင့်အတူ ၂၀၁၀ ပြည့်နှစ်ကတွေ့ရစဉ်။ ဓာတ်ပုံ-အေအက်ဖ်ပီ

သတင်းတို

ပြင်သစ် ခရီးစာခံကိုကွပ်မျက်ခဲ့ဟု အယ်လ်ကေဒါအဖွဲ့ပြော

ပြင်သစ်နိုင်ငံသား ခရီးစာခံတစ်ဦးကို စပိုင်တစ်ဦးအဖြစ် မာလီနိုင်ငံ၌ ကွပ်မျက်ပြီးဖြစ်သည်ဟူသော အယ်လ်ကေဒါ မြောက်အာဖရိက အဖွဲ့ခွဲ၏ ပြောကြားချက်ကို အတည်ပြုရန်အတွက် ပြင်သစ်အစိုးရသည် မတ်လ ၂၀ ရက်နေ့က အသည်းအသန် ကြိုးပမ်းလျက်ရှိသည်။ မာလီနိုင်ငံမြောက်ပိုင်း၌ ပြင်သစ်တို့၏ ဝင်ရောက်တိုက်ခိုက်မှုကို တုံ့ပြန်သောအားဖြင့် ပြင်သစ်ခရီးစာခံ ဖီးလစ်ဗာဒွန်ကို မတ်လ ၁၀ ရက်နေ့က သုတ်သင်လိုက်ပြီဖြစ်ကြောင်း အစ္စလမ္မစ် မက်ဂရက်ဘ်၏ အယ်လ်ကေဒါအဖွဲ့အတွက် ပြောခွင့်ရပုဂ္ဂိုလ်ဟုဆိုသော လူတစ်ဦးက မတ်လ ၁၉ ရက် နေ့နှောင်းပိုင်းတွင် မော်ရီတန်နီးယား သတင်းအေဂျင်စီကို ပြောကြားသည်။ ''တခြား ပြင်သစ် ခရီးစာခံတွေရဲ့ အသက်ဟာ ပြင်သစ်သမ္မတဖရန်ဆွာ အိုလန်းရဲ့တာဝန်ပဲ'' ဟု အဆိုပါ ပုဂ္ဂိုလ်က ခြိမ်းခြောက်ပြောဆိုခဲ့သည်။ **(အေအက်ဖ်ပီ)**

ဇော်ဝင်း ဘာသာပြန်သည်။

ပုပ်ရဟန်းမင်းကြီးအသစ်အကြောင်း တစ်စေ့တစ်စောင်း

ပုပ်ရဟန်းမင်းကြီးသည် ခရစ်ယာန် ဂိုဏ်းချုပ်များ နေထိုင်ရာ နန်းတော်သို့ ဇိမ်ခံမှန်လုံကားကြီးအားမောင်းပို့ပေးမည်ဆိုသည့် ခံစားခွင့်ကို လက်မခံ

ရောမ – ပုပ်ရဟန်းမင်းကြီး အသစ်အဖြစ် ခရစ်ယာန်ဘုန်းတော်ကြီး ဂျော့ချ်ဘာဂိုဂလီယိုဖြစ်လာသည့်အခါ ဗာတီကန်နန်းတော်မှသည် ဘွေနိုအေရီးစ်အထိ ကမ္ဘာတစ်ဝန်းမှ ကက်သလစ်ဘာသာဝင်များက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုခဲ့ကြသည်။ သူသည် ကက်သလစ်ဘာသာဝင် တစ်ဘီလျံကျော်ကို ဦးဆောင်သွားမည့် ခေတ်သစ်ကြီးထဲမှ ပထမဆုံးသော လက်တင်အမေရိကန်ဒေသမှ ပုပ်ရဟန်းမင်းကြီးဖြစ်သည်။ သို့ရာတွင် သူသည် တစ်နည်းအားဖြင့် သာမန်လူတစ်ဦးသာလျှင်ဖြစ်သည်။ ပုပ်ရဟန်းမင်းကြီး ဖရန့်စစ်အကြောင်းသိရန် အောက်ပါအချက်ငါးချက်ကို လေ့လာနိုင်ပေသည်။

၁။ ယခင့်ယခင် ပုပ်ရဟန်းမင်းကြီးများဖြစ်ကြသော ဒုတိယမြောက် ဂျွန်ပေါလ်၊ ဘင်နီဒစ် - ၁၆ တို့နှင့် မတူညီစွာပင် ယခု ပုပ်ရဟန်းမင်းကြီး ဖရန့်စစ်သည် ဘွဲ့အမည်နောက်တွင် အမှတ်စဉ်တပ်၍ ခေါ်ဝေါ်စရာမရှိပေ။ သူကသာလျှင် ဖရန့်စစ်ဟူ၍ ဘွဲ့နာမည် ပထမဆုံး ယူလိုက်သဖြင့်သာ ဖြစ်သည်။

၂။ ပုပ်ရဟန်းမင်းကြီး ဖရန့်စစ်သည် ဥရောပပြင်ပမှ ပထမဆုံးသော ပုပ်ရဟန်းမင်းကြီးဟူ၍ကား မဟုတ်ချေ။ ရှစ်ရာစုခန့်က ဆီးရီးယားနိုင်ငံသား တတိယမြောက် စိန့်ဂရီဂိုရီသည် အေဒီ ၇၃၁ မှ ၇၄၁ အထိ ခရစ်ယာန်သာသနာကို ဦးစီးခဲ့ဖူးသည်။

ပုပ်ရဟန်းမင်းအများစုသည် အီတလီနိုင်ငံသားများဖြစ်ကြသည်။ ပုပ်ရဟန်းမင်းကြီးဖရန့်စစ်မှအစပြု၍ သာသနာပိုင်ရေစီးကြောင်းသည် ဥရောပပြင်ပသို့ ရောက်ရှိသွားနိုင်ပေသည်။

၃။ “ပုပ်ရဟန်းမင်းအသစ်က ထောင်လွှား မောက်မာမှုမရှိဘူး။ ပြည်သူတွေလိုရာခရီးကို နေ့တိုင်း အရောက်ပို့ပေးမယ့်သူပါ” ဟု အာဂျင်တီးနား ဘုန်းတော်ကြီးတစ်ပါးဖြစ်သည့် အရှင်အက်ဒျူရာဒိုမန်ဂီယာရော့တီက ချီးမွမ်းပြောဆိုခဲ့သည်။

ပုပ်ရဟန်းမင်းကြီးသည် ခရစ်ယာန်ဂိုဏ်းချုပ်များ နေထိုင်ရာ နန်းတော်အရောက် ဇိမ်ခံမှန်လုံကားကြီးအား မောင်းပို့ပေးမည်ဆိုသည့် ခံစားခွင့်ကို လက်မခံဘဲ တိုက်ခန်းကိုသာ ရွေးချယ်ပြီး ကိုယ်တိုင် ချက်စားမည်ဖြစ်သည်ဟု National Catholic Reporter တွင် ဖော်ပြထားသော သတင်းဆောင်းပါးတွင် ဖော်ပြထားသည်။

ပုပ်ရဟန်းမင်းကြီးအဖြစ် ယခင်အစဉ်အလာများကို ပြောင်းလဲကာ ပြည်သူများ ရွေးထွက်ရာတွင် စိန့်ပီတာရင်ပြင်တွင်းမှ လူပေါင်း တစ်သိန်းခွဲခန့်ကိုသူကသာ ပထမဆုံး ကောင်းချီးပေးရမည့်အစား လူထုကသာ သူ့အပေါ် အရင်ဦးဆုံး ဆုတောင်းပေးရန် တောင်းဆိုခဲ့သည်။

ထို့ပြင် ပုပ်ရဟန်းမင်းကြီး ဖရန့်စစ်အဖြစ် တစ်ကမ္ဘာလုံးသို့ မိတ်ဆက်မှုပြုစဉ် ယှဉ်ရပ်နေသည့် ဘုန်းတော်ကြီးများထက် စင်ကိုပိုမြင့်ရမည့်ကိစ္စကို ငြင်းဆိုခဲ့သည်။

“ကျွန်တော် ခပ်နိမ့်နိမ့်ပဲနေမယ်လို့ သူကပြောတယ်။ သူက ကျွန်တော်တို့ ရှိရာနေရာကို တစ်ယောက်ချင်းစီလာတွေ့တယ်” ဟု နယူးယော့ခ်မှ ဂိုဏ်းချုပ်ဘုန်းကြီးဖြစ်ပြီး အမေရိကန်ကက်သလစ်ဘုန်းတော်ကြီးများ ညီလာခံဥက္ကဋ္ဌတင်မိုသီဒိုလန်က ပြောသည်။

၄။ လူမှုရေးကိစ္စရပ်များတွင် ရှေးရိုးဆန်သည့် ကက်သလစ် ဘုရားကျောင်း ခေါင်းဆောင်တစ်ဦးအနေဖြင့် အံ့ဩစရာမရှိသည့်လိင်တူချင်း လက်ထပ်သည့်ကိစ္စများ၊ ကိုယ်ဝန်ဖျက်ချခြင်း ပြဿနာများကို ဖရန့်စစ်က ကန့်ကွက်သည်။

၁၉၇၆ ခုနှစ်တွင် Jesuit ကျောင်းမှ လစ်ဗရယ် တရားဟောဆရာနှစ်ဦး ပြန်ပေးဆွဲခံရသည့် ရှုပ်ထွေးသော ပြဿနာများကြားတွင် စွပ်စွဲခံခဲ့ရပြီး ဖရန့်စစ်က ယင်းစွပ်စွဲမှုကို ငြင်းဆိုခဲ့သည်။

၅။ ဘုရားကျောင်းမှ ရာထူးအဆင့်အလိုက်ပုဂ္ဂိုလ်များကြားတွင် အချင်းချင်းတိုက်ခိုက်နေကြခြင်း၊ လာဘ်စားမှုများရှိခြင်းနှင့် လွန်ခဲ့သောနှစ်များအတွင်းမှ စတင်ပြီး တရားဟောဆရာများကြား လိင်အလွဲသုံးစားမှုများ ဖြစ်ပေါ်ခဲ့သော ဘုရားကျောင်းကို ဖရန့်စစ်က ပြန်လည်ပဲ့ကိုင်ထိန်းသိမ်းမည်ဖြစ်သည်။

ပုပ်ရဟန်းမင်းကြီးသည် အားလျော့ပျက်စီးမှုများရှိနေသော ဘုရားကျောင်းအတွင်း ကက်သလစ် ဘာသာဝင်အသစ်များအား ဆွဲဆောင်ရန် နည်းလမ်းရှာရန်လိုကြောင်း အမ်မိုရီ တက္ကသိုလ်ရှိ အမှုဆောင်ဒါရိုက်တာ ဖီးလစ်အမ်သော်မ်ဆင်ကပြောကြားခဲ့သည်။

ကက်သလစ် ဘာသာဝင်များကြားတွင် သဘောထားအမြင်များကို ပြောင်းလဲပြီး လုပ်ဆောင်ရမည့် နည်းလမ်းများကို ရှာဖွေရလိမ့်မည်ဖြစ်သည်။ ဥပမာဆိုရလျှင် အမေရိကန်ပြည်ထောင်စုတွင် ၉၀ ရာခိုင်နှုန်းသော ကက်သလစ်ဘာသာဝင်များသည် သန္ဓေတားဆေးများကို အသုံးပြုကြပြီး ၈၂ ရာခိုင်နှုန်းသည် ကိုယ်ကျင့်တရားနှင့်ပတ်သက်ပြီး လက်သင့်ခံနိုင်သည်ဟု ယူဆကြသည်။

“လူ့သဘာဝအရ လိင်ဆက်ဆံမှုပြုခြင်း၊ ဇီဝကမ္မဆိုင်ရာ လူ့ကျင့်ဝတ်များ အရပြုမူခြင်းတို့အပေါ် ခရစ်ယာန်ဘုရားကျောင်းတွေက ရှေးရိုးစွဲအမြင်တွေ ရှိပေမယ့် စီးပွားရေး၊ လူဝင်မှုကြီးကြပ်ရေးနဲ့ သေဒဏ်ပေးမှုများဆိုင်ရာ သတ်မှတ်ချက်များကဲ့သို့သော ကိစ္စရပ်တွေမှာ လွတ်လပ်စွာတွေးခေါ်တဲ့ အနေအထားတွေရှိပါတယ်” ဟုသော်မ်ဆင်က ဆိုသည်။ “ကျွန်တော်တို့ရဲ့ နိုင်ငံရေးကိစ္စရပ်နဲ့ ယဉ်ကျေးမှုဆိုင်ရာ အဆောက်အအုံတွေကို ဘုရားကျောင်းအနေနဲ့ ခွဲဝေပိုင်းခြားပြီး ပြန်လည်ပြုပြင်တည်ဆောက်နိုင်မယ့်ပုံမပေါ်ပါ” ဟုလည်း ပြောကြားခဲ့သည်။ **(စီအင်န်အင်န်)**

သဲသဲထွေး ဘာသာပြန်သည်။ ■

အသွင်မတူတဲ့ ပုပ်ရဟန်းမင်းကြီးနှစ်ပါး

ဖရန့်စစ်သည် ဘွေနိုအေးရီးစ်တွင် ၎င်းဝတ်ဆင်ခဲ့သည့်ဝတ်ရုံကိုသာ အသုံးပြုသွားမည်



LOGIMEDIA

LOGISTICS MEDIA SERVICES CO.,LTD.
No.2, Room (9 / D-E), Zagawar Condominium, Moe Kaung Rd, Yankin Township, Yangon.
HR / Admin Department (09-49316702 / 554776)

1.Head of Designer (M -1)
- Page Marker, Adobe Photoshop, Adobe Illustrator, In Design များကို ကျွမ်းကျင်သူ။
- လုပ်ငန်းအတွေ့အကြုံ (၃) နှစ် အထက်ရှိသူ။
- ပုံနှိပ် နှင့် ထုတ်ဝေရေး လုပ်ငန်းတွင် အတွေ့အကြုံရှိ သူကို ဦးစားပေးမည်။

2.Senior Graphic Designer (M -1)
- Page Marker, Adobe Photoshop, Adobe Illustrator, In Design များကို ကျွမ်းကျင်သူ။
- လုပ်ငန်းအတွေ့အကြုံ (၁) နှစ် အထက်ရှိသူ။
- ပုံနှိပ် နှင့် ထုတ်ဝေရေး လုပ်ငန်းတွင် အတွေ့အကြုံရှိ သူကို ဦးစားပေးမည်။

3. DTP Assistant (M-2)
- မြန်မာ၊ အင်္ဂလိပ်စာစီစာရိုက် နှင့် InDesign, Page Marker, Photoshop, Microsoft Word, Excel များကို ကျွမ်းကျင်သူ။

4.Office Staff (F-1)
- အသက် (၂၀) မှ (၂၅) နှစ်အတွင်း။ မြန်မာ၊ အင်္ဂလိပ် စာစီစာရိုက် နှင့် Microsoft Word, Excel and Internet, Email ကောင်းစွာအသုံးပြုတတ်သူ၊ တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရရှိထားသူ (သို့) စီမံခန့်ခွဲမှုနှင့်ပတ်သက်သော Certificate ရရှိထားသူကို ဦးစားပေးမည်။ (နယ်ခရီး သွားနိုင်ရမည်။)

5.Marketing Assistant (F-20)
- ရုပ်ရည် အသင့်အတင့်ရှိ၍ စကားပြော ပြေပြစ်သူ၊ တက္ကသိုလ် ဝင်တန်းအောင်မြင်ပြီးသူ၊ လမ်းညွှန်စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင်အတွေ့ အကြုံရှိသူ (သို့) ကြော်ငြာရောင်းအတွေ့အကြုံ ရှိသူ ဦးစားပေးမည်။ (နယ်ခရီး သွားနိုင်ရမည်။)

5.Data Collector (M-10)
- အသက် (၂၀) မှ (၂၅) နှစ်အတွင်း ၊ တက္ကသိုလ် ဝင်တန်းအောင်မြင်ပြီးသူ ၊ စကားပြောပြေပြစ်သူ ၊ ရန်ကုန်မြို့တွင်းရှိ နယ်မြေများနှင့် နယ်ခရီးသွားနိုင်သူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် CV Form နှင့်အတူ (ဓါတ်ပုံ နှစ်ပုံ)၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ မှတ်ပုံတင်မိတ္တူ ၊ ပညာအရည်အချင်းဆိုင်ရာ မိတ္တူ များနှင့် တကွ (၃၀-၄-၂၀၁၃) နောက်ဆုံးထား လာရောက် လျှောက်ထားနိုင်ပါသည်။

နိုက်ဂျီးရီးယား ဘတ်စ်ကားဂိတ် တစ်ခု၌ ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား

ကာနို – နိုက်ဂျီးရီးယားနိုင်ငံ မြောက်ပိုင်းရှိ ဘတ်စ်ကားဂိတ်တစ်ခု၌ ဇိမ်ခံဘတ်စ်ကားတစ်စီးကို အသေခံဗုံးခွဲသူနှစ်ဦးက ကားဖြင့်ဝင်တိုက်ရာ လူ ၂၂ ဦးထက်မနည်းသေဆုံးပြီး လူဒါဇင်ပေါင်းများစွာ ဒဏ်ရာရရှိသွားကြောင်း နိုက်ဂျီးရီးယား ရဲတပ်ဖွဲ့က မတ်လ ၁၉ ရက်နေ့တွင် ပြောကြားသည်။

မွတ်စလင်အများစုနေထိုင်ရာ နိုက်ဂျီးရီးယားနိုင်ငံမြောက်ပိုင်းရှိ အကြီးဆုံးမြို့ဖြစ်သော ကာနိုမြို့တွင် မတ်လ ၁၈ ရက်နေ့ကဖြစ်ပွားခဲ့သော ထိုတိုက်ခိုက်မှုကြောင့် ပေါက်ကွဲမှုကြီးတစ်ခု ဖြစ်ပေါ်ခဲ့ပြီး ဘတ်စ်ကားငါးစီး မီးလောင်ပျက်စီးခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူ ရဲအရာရှိတစ်ဦးဖြစ်သည့် မာဂါဂျီ မာဂျီယာက အေအက်ဖ်ပီကို ပြောကြားခဲ့သည်။

ကျယ်လောင်သည့် ပေါက်ကွဲသံများဆက်တိုက်ကြားလိုက်ရပြီး အခင်းဖြစ်ပွားသည့်နေရာမှ သွေးရူးသွေးတန်းဖြင့် ထွက်ပြေးလာသော ထိခိုက်ဒဏ်ရာရသူများကိုတွေ့ရှိရကြောင်း မျက်မြင်သက်သေများက ပြောကြားခဲ့သည်။

ယင်းတိုက်ခိုက်မှုကို နိုက်ဂျီးရီးယားသမ္မတ ဂွတ်လာ့ခ်ဂျိုနာသန်က ပြစ်တင်ရှုတ်ချခဲ့ပြီး ၎င်း၏အစိုးရအနေဖြင့် အကြမ်းဖက်သမားများအား ချေမှုန်းသုတ်သင်တိုက်ခိုက်မှုများကို ဆက်လက်ပြုလုပ်သွားမည်ဟု ပြောသည်။

သို့သော်လည်း အစ္စလမ္မစ် စစ်သွေးကြွအုပ်စု ဘိုကိုဟာရမ်နှင့် ဆက်နွှယ်သည့် အကြမ်းဖက်မှုများကို ရပ်တန့်ရန်အတွက် နိုက်ဂျီးရီးယားအစိုးရက ယခုအချိန်အထိ ထိထိရောက်ရောက် ဆောင်ရွက်ခြင်းကို မတွေ့ရသေးပေ။

“တောင်ပိုင်းကို ထွက်ခွာတော့မယ့် ခရီးသည် အပြည့်တင်ထားတဲ့ ဇိမ်ခံဘတ်စ်ကားတစ်စီးကို အသေခံဗုံးခွဲသူနှစ်ယောက်က ဖောက်စ်ဝက်ဂွန်ဂေါ့ဖ်ကားနဲ့ ဝင်တိုက်ခဲ့တာဖြစ်ပါတယ်။ အတိုက်ခံရတဲ့ ဘတ်စ်ကားက မီးလောင်ပေါက်ကွဲပြီးတော့ ခရီးသည်စောင့်နေတဲ့ တခြားဘတ်စ်ကားလေးစီးပါ မီးထဲပါသွားတာဖြစ်ပါတယ်” ဟု မာဂျီယာက အေအက်ဖ်ပီကို ပြောသည်။

တိုက်ခိုက်ခံရသည့် ဘတ်စ်ကားဂိတ်မှာ ခရစ်ယာန်အများစုနေထိုင်ရာ နိုက်ဂျီးရီးယားမြောက်ပိုင်းသို့ သွားမည့် ခရီးသည်များကို အဓိကအားဖြင့် ဝန်ဆောင်မှုပေးနေသည့် နေရာဖြစ်သည်။ **(အေအက်ဖ်ပီ)**

ဝင်းသော်တာ ဘာသာပြန်သည်။ ■

သတင်းတို

အဓမ္မပြုကျင့်ခံရမည်စိုး၍ ဗြိတိန်အမျိုးသမီး ထွက်ပြေး

အဓမ္မပြုကျင့်ခံရမည်စိုးသဖြင့် ဟိုတယ်လသာဆောင်မှ ခုန်ချထွက်ပြေးခဲ့သည့် ဗြိတိန်လူမျိုး ကမ္ဘာလှည့်ခရီးသည် အမျိုးသမီးတစ်ဦးသည် နေရပ်သို့ ပြန်တော့မည်ဖြစ်ကြောင်း အိန္ဒိယရဲအရာရှိက မတ်လ ၂၀ ရက်နေ့တွင်ပြောသည်။ ညအချိန်မတော်၌ လူနှစ်ဦးက အခန်းအတွင်းသို့ အတင်းဝင်ရောက်ရန် ကြိုးပမ်းခဲ့သည်ဟုဆိုသော အမျိုးသမီးသည် တပ်ချ်မဟာအဆောက်အအုံတည်ရှိရာ အိန္ဒိယနိုင်ငံမြောက်ပိုင်း အဂ္ဂရာမြို့ရှိ တည်းခိုရာဟိုတယ်မှထွက်ပြေးစဉ် ခြေထောက်၌ဒဏ်ရာ အနည်းငယ်ရရှိခဲ့သဖြင့် မတ်လ ၁၉ ရက်နေ့က ဆေးရုံတက်ခဲ့ရသည်။ ဟိုတယ်မန်နေဂျာနှင့် အခြားဝန်ထမ်းတစ်ဦးတို့ကို အနှောင့်အယှက်ပေးမှုဖြင့် ဖမ်းဆီးထားပြီးဖြစ်ကာ မတ်လ ၂၀ ရက်နေ့၌ တရားရုံးသို့ လာရောက်ရမည်ဟု အဂ္ဂရာမြို့ရဲမှူးကြီးကပြောသည်။ ဟိုတယ်မန်နေဂျာသည် မက်ဆေ့ခ်ျတစ်ခုဖြင့်နှောင့်ယှက်ခဲ့ပြီးနောက် မတ်လ ၁၉ ရက်နေ့ နံနက် ၄ နာရီတွင် အခန်းတွင်းသို့ အတင်းဝင် ရောက်ရန်ကြိုးပမ်းခဲ့သည်ဟု အသက် ၃၀ ကျော်အရွယ် အဆိုပါ အမျိုးသမီးကပြောသည်။ လွန်ခဲ့သည့်ရက်ပိုင်းအတွင်းကလည်း ဆွစ် အမျိုးသမီးတစ်ဦးကိုအုပ်စုလိုက် အဓမ္မပြုကျင့်ခြင်းခံရသည်။ **(အေအက်ဖ်ပီ)**

ဇော်ဝင်း ဘာသာပြန်သည်။

SONY
make.believe

Sony Xperia™ Z LAUNCH & LAUNCH PARTY

Kandawgyi Palace Hotel (Member Club) | 16 March 2013

THE MYANMAR TIMES
သင်ယနေ့ဖတ်ရမည့် အနာဂတ်သတင်းစာစောင် www.mmtimes.com အတွဲ ၃၁၊ အမှတ် ၆၁၃ (၂၂ - ၂၈၊ ၃၊ ၂၀၁၃)

သမ္မတအိုဘားမား အစ္စရေးသို့ သုံးရက်ကြာခရီးအဖြစ်ရောက်ရှိ

တဲလ်အဗစ် – အမေရိကန်သမ္မတ ဘာရက်အိုဘားမားသည် နှစ်နိုင်ငံကြား တင်းမာမှုများ ပြေလျော့စေရေးအတွက် ၎င်း၏သမ္မတတစ်ဦးအနေဖြင့် ပထမဆုံးသော ခရီးစဉ်အဖြစ် အစ္စရေးမြေပေါ်သို့ မတ်လ ၂၀ ရက်နေ့က ရောက်ရှိခဲ့ပြီဖြစ်သည်။

ဒုတိယမြောက် အဗ္ဗဒူလာဘုရင်နှင့် တွေ့ဆုံရန် ဂျော်ဒန်နိုင်ငံသို့ခရီးမဆက်မီ အနောက်ဘက်ကမ်းခြေဒေသသို့ ခေတ္တမျှ သွားရောက်မည်ဖြစ်သလိုပင် အစ္စရေးခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးမည့် သုံးရက်ကြာခရီးစဉ်၏ ကနဦးခြေလှမ်းအဖြစ် သမ္မတ၏ လေယာဉ်သည် တဲလ်အဗစ်မြို့အနီးရှိ ဘင်ဂူရီယွန်လေဆိပ်သို့ ဆိုက်ရောက်လာခဲ့ပြီဖြစ်သည်။

အစ္စရေးခေါင်းဆောင်များနှင့်အတူတွေ့ရသော သမ္မတအိုဘားမား။ အေအက်ဖ်ပီ

သမ္မတကြီးတို့ရဲ့ခင်မင်ရင်းနှီးမှုသာ မရှိခဲ့ရင် အစ္စရေးဟာအန္တရာယ်တွေကို ဖိတ်ခေါ်မိနေမှာပါ ... ”

အစ္စရေးသမ္မတ ရှီမွန်ပီးရက်စ်က သမ္မတအိုဘားမားကို ၎င်း၏ခိုင်မာသော ထောက်ပံ့ကူညီမှုများအတွက် ကျေးဇူးတင်စကားဆိုသည်။

“သမ္မတကြီးတို့ရဲ့ ခင်မင်ရင်းနှီးမှုသာမရှိခဲ့ရင် အစ္စရေးရဲ့ကမ္ဘာကြီးဟာ အန္တရာယ်တွေကို ဖိတ်ခေါ်မိနေမှာပါ။ ငြိမ်းချမ်းရေးအတွက်ပဲဖြစ်ဖြစ်၊ စစ်မက်ရေးရာအတွက်ပဲဖြစ်ဖြစ် လူကြီးမင်းတို့ရဲ့ အစ္စရေးအပေါ်ထောက်ပံ့ကူညီမှုဟာ ဘယ်တော့မှယိုင်နဲ့သွားခြင်းမရှိပါဘူး” ဟု ၎င်းကဆိုသည်။

သမ္မတ ဘာရက်အိုဘားမားကလည်း အစ္စရေးနိုင်ငံကို အမေရိကန်ပြည်ထောင်စု၏ အခိုင်မာဆုံးမဟာမိတ်တစ်ဦးအဖြစ်နှင့် အကြီးမားဆုံးမိတ်ဆွေတစ်ဦးအဖြစ် ရပ်တည်ရခြင်းကို ဂုဏ်ယူမိပါကြောင်း ပြောဆိုခဲ့သည်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက အစ္စရေးနိုင်ငံတည်ရှိရေးကို ကာကွယ်ရန် အစ္စရေးတို့၏ အခွင့်အရေးအတွက် ရပ်တည်ပေးခဲ့မှုကြောင့် အိုဘားမားကို ကျေးဇူးတင်ရှိကြောင်း ဆိုသည်။ သမ္မတအိုဘားမားက မြင့်မြတ်သည့် ခရစ်တော်၏ မွေးရပ်မြေ၌ ငြိမ်းချမ်းရေး ရရမည်ဖြစ်ကြောင်း ပြောကြားသည်။

“ဒါဟာ မြင့်မြတ်တဲ့မြေပါ။ အစ္စရေးဟာ သူ့ရဲ့ အိမ်နီးချင်းနိုင်ငံတွေနဲ့ ငြိမ်းချမ်းရေးရဖို့အရေးဟာ ကျွန်တော်တို့အတွက် လုံးဝ မျက်ခြည်မပြတ်သင့်တဲ့အရာပါ။ ကျွန်တော်တို့ရဲ့ ပူးပေါင်းမှုဟာ အဆုံး မရှိပါဘူး။ မဟာမိတ်ဖြစ်မှုဟာ ထာဝရပါ” ဟု အိုဘားမားက ဆိုသည်။ **(အေအက်ဖ်ပီ)**

ဇော်ဝင်း ဘာသာပြန်သည်။ ■

အီရန်နျူကလီးယားအစီအစဉ်ကိုစွ...

အီရန်နျူကလီးယားကိစ္စအဖြေထုတ်ရေး အိုဘားမားတိုက်တွန်း

ဝါရှင်တန်– အီရန်နိုင်ငံသည် ယင်း၏ အငြင်းပွားဖွယ် နျူကလီးယားအစီအစဉ်နှင့် စပ်လျဉ်း၍ ရေရှည်ခိုင်မာသည့် သဘောတူညီမှုတစ်ခု ရရှိရေးအတွက် လျင်မြန်၍ အဓိပ္ပာယ်ရှိသောလုပ်ငန်းစဉ်အဆင့်ဆင့်ကို ချမှတ်ဆောင်ရွက်သွားသင့်ကြောင်း အမေရိကန်သမ္မတ ဘာရက်အိုဘားမားက မတ်လ ၁၈ ရက်နေ့တွင် တိုက်တွန်းလိုက်သည်။

အီရန်နိုင်ငံသားတို့၏ နှောင်းရပ်ဖ်နှစ်သစ်ကူး အားလပ်ရက်အထိမ်းအမှတ်အဖြစ် ဗီဒီယိုမှတစ်ဆင့် ဂုဏ်ပြုပြောကြားရာတွင် အိုဘားမားက အီရန်အစိုးရသည် ယင်းသို့သာ ပီပြင်စွာဆောင်ရွက်ခဲ့ပါက အီရန်နိုင်ငံသားများလည်း အမေရိကန်ပြည်ထောင်စုအပါအဝင် အခြားကမ္ဘာ့နိုင်ငံများနှင့် ပိုမိုကျယ်ပြန့်သော ကုန်သွယ်ရေးနှင့်ဆက်ဆံရေးအကျိုးအမြတ်များ စတင်ရရှိခံစားလာကြရမည်ဟု ပြောကြားခဲ့သည်။

အီရန်အစိုးရသည် ယင်း၏ နျူကလီးယားအစီအစဉ်ကြောင့် ကမ္ဘာ့နိုင်ငံများက အီရန်နိုင်ငံအပေါ်ပိတ်ဆို့ထားမှုကို အစဉ်တစ်စိုက် ကန့်ကွက်လာခဲ့ရာတွင် နျူကလီးယားထုတ်လုပ်ရေး အစီအစဉ်မှာ ငြိမ်းချမ်းရေးအတွက်သာရည်ရွယ်ကြောင်း အကြောင်းပြပြောကြားခဲ့သည်။ အမေရိကန်နှင့် အခြား အနောက်နိုင်ငံများကမူ အီရန်က အဏုမြူဗုံးထုတ်လုပ်ရန် ရည်ရွယ်နေကြောင်း စွပ်စွဲထားကြသည်။

နျူကလီးယားလက်နက် မထုတ်လုပ်ရန် အီရန်ကို ဟန့်တားရာတွင် အမေရိကန်နှင့် အစ္စရေးတို့က စစ်ရေးကို အသုံးမပြုရန် သဘောတူထားကြသည်။ ယင်းပြဿနာမှာ ယခုသီတင်းပတ်တွင် အစ္စရေးသို့ အိုဘားမား၏ သမ္မတအဖြစ် ပထမဆုံးအကြိမ် အလည်အပတ်ရောက်ရှိချိန် ဦးစားပေးဆွေးနွေးမည့် အစီအစဉ်တွင် ထိပ်ဆုံး၌ရှိနိုင်သည်။

အီရန်သည် တစ်နှစ်ကျော်အတွင်း နျူကလီးယားဗုံး ထုတ်လုပ်နိုင်တော့မည်ဖြစ်ကြောင်း ယခင်သီတင်းပတ်တွင် အိုဘားမားက ထုတ်ဖော်ပြောကြားခဲ့သေးသည်။

အီရန်ခေါင်းဆောင်များက နျူကလီးယားအစီအစဉ်ကို အပြေအလည်မဆောင်ရွက်ကြ၍ အီရန်ပြည်သူများမှာ မလိုလားအပ်သော ကြီးမားသည့် ဆိုးကျိုးများ ရရှိခံစားနေကြရကြောင်း၊ မိမိအနေဖြင့် ယင်းကိစ္စကို နိုင်ငံရေးအရ အေးချမ်းစွာ အဖြေထုတ်လိုသည့်အချက်ကို အစဉ်တစိုက် ပြောဆိုကမ်းလှမ်းခဲ့ကြောင်း၊ နျူကလီးယား အစီအစဉ်သည် နျူကလီးယားကို ငြိမ်းချမ်းစွာ အသုံးချရန်အတွက်သာ ဖြစ်သည်ဟု ဆိုပါလျှင် လက်ငင်းအဖြေထုတ်ရမည့် အခြေခံနည်းလမ်း တစ်ရပ်လည်း ရှိနေကြောင်းစသည်ဖြင့် အိုဘားမားက ၎င်း၏ ပါရှား နှစ်သစ်ကူး နှုတ်ခွန်းဆက်စကားတွင် ထည့်သွင်းပြောကြားသွားသည်။

အိုဘားမားသည် ၂၀၀၉ ခုနှစ် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုပြီး မကြာမီမှာပင် ၎င်း၏ ပထမဆုံးအကြိမ် နှောင်းရပ်ဖ် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားတွင်လည်း အီရန်ခေါင်းဆောင်များနှင့် နျူကလီးယားအစီအစဉ် အဖြေရှာရေးကိစ္စ ထည့်သွင်းပြောခဲ့သည်။

သို့သော် ရွေးကောက်ပွဲတစ်ခုတွင် ဆန္ဒကျင်သူများအား အီရန်အစိုးရက ပြင်းထန်စွာ အရေးယူနှိမ်နင်းခဲ့သောကြောင့် ထိုနှစ်ကုန်ပိုင်းမှစ၍ အီရန်အပေါ် နိုင်ငံတကာ အရေးယူပိတ်ဆို့မှုများ ပိုမိုချမှတ်ခဲ့ရာမှ အီရန်မှာ အနောက်ဘက်နိုင်ငံများနှင့် ပိုမိုကင်းကွာလာခဲ့သည်။

အမေရိကန်နှင့် အီရန်သည် အမေရိကန်၏ မဟာမိတ်ဖြစ်ခဲ့သည့် ရှားဘုရင်နန်းကျခဲ့ရသော ၁၉၇၉ ခုနှစ် အီရန်တော်လှန်ရေးနှင့် ဓားစာခံပြဿနာတို့ကြောင့် ယင်းနှစ်မှစ၍ ဆက်ဆံရေးတင်းမာခဲ့သည်။ အီရန်တော်လှန်ရေးကာလက အမေရိကန်လူမျိုး ၅၀ ကျော်ကို ၄၄၄ ရက်ကြာထိ တော်လှန်ရေးကျောင်းသားများက ဖမ်းဆီးချုပ်နှောင်ထားခဲ့ကြသည်။ **(အေအက်ဖ်ပီ)**

အောင်သာလင်း ဘာသာပြန်သည်။ ■

အနုပညာရှင်များပူးပေါင်းကာ 'သယံဇာတကျိန်စာ'ပြပွဲကျင်းပ

ဖြိုးဝေကျော်နှင့် သန်းနိုင်စိုး

ဓာတ်ပုံ၊ ကာတွန်းနှင့် ဒီဇိုင်းပညာရှင်များ ပူးပေါင်းကာ 'သယံဇာတကျိန်စာ' အနုပညာလက်ရာပြပွဲကို ယခုလ ၁၃ ရက်နှင့် ၁၄ ရက်နေ့များ၌ မန္တလေးမြို့ ၂၆ လမ်းရှိ ပဒုမ္မာခန်းမတွင်ကျင်းပခဲ့ရာ ပြပွဲလာသူများ နှစ်သက်စွာအားပေးခဲ့ကြကြောင်း သိရသည်။

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်စပ်လျဉ်းသည့် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာကို လူထုထံ တရားဝင်ထုတ်ပြန်အပြီး နောက်တစ်ရက်၌ ကျင်းပခဲ့သော အဆိုပါပြပွဲတွင် ကာတွန်းလက်ရာ ၂၀၊ ဓာတ်ပုံ၇၀ ပုံနှင့် ဒီဇိုင်းပိုစတာ ခြောက်ချပ် ပါဝင်ပြသကာ အဆိုပါလက်ရာများမှာ ကြည့်ရှုသူများအား စိတ်ကျေနပ်မှု ပေးနိုင်ခဲ့သည်။

"ပြပွဲကို စီမံကိန်းကြောင့် သဘာဝပတ်ဝန်းကျင်နဲ့ လူမှုဘဝဘယ်လောက် ထိခိုက်ပျက်စီးသလဲဆိုတဲ့အချက်တွေကို အခြေခံပြီးပြပါတယ်။ ကျွန်တော်တို့ဆီမှာ ပြဿနာရှိတာက စီမံကိန်းတွေ လုပ်တိုင်း သဘာဝပတ်ဝန်းကျင်နဲ့ လူမှုဘဝကို ထည့်စဉ်းစားလေ့မရှိကြပါဘူး။ ဒါကို နိုင်ငံတကာမှာ သဘာဝကျိန်စာလို့ တင်စားကြပါတယ်။ ဒီမိုကရေစီမရှိတဲ့ အာဏာရှင်နိုင်ငံတွေမှာ ဖြစ်တတ်ပါတယ်" ဟု ပါဝင်ပြသသော ဓာတ်ပုံပညာရှင်ဦးစိုးဝင်းငြိမ်းက ပြပွဲ၌ ပြောသည်။

ကာတွန်းကျော်သူရိန်၏ လက်ရာတစ်ခုကို ပြပွဲလာသူတစ်ဦး ကြည့်ရှုနေစဉ်။ ဓာတ်ပုံ - ဖြိုးဝေကျော်

ပြပွဲတွင် ဓာတ်ပုံပညာရှင်များအဖြစ် စိုးဝင်းငြိမ်း၊ ဇင်မောင်၊ ကိုသက် (မုံရွာ)၊ ကာတွန်းပညာရှင်များအဖြစ် အော်ပီကျယ်၊ မောင်မောင်အောင်၊ စောမင်းဝေ၊ အောင်မော်၊ ကျော်သူရိန်နှင့် လိုင်လိုင်၊ ဒီဇိုင်းပညာရှင်များအဖြစ် ဇော်မောင်နှင့် ထွန်းဝင်းငြိမ်းတို့ ပါဝင်ခဲ့ကြသည်။

ပြသထားသောလက်ရာများတွင် မီးခိုးများလှိုင်နေသောစက်ရုံနှင့် ပပ်ကြားအက်မြေပြင်နောက်ခံ၌ လယ်သမားက စာခြောက်ရုပ်ကို နှာခေါင်းစည်းတပ်ပေးနေပုံ၊ နိုင်ငံ၌ သစ်တော၊ တွင်းထွက်သယံဇာတများကုန်တော့မည်ဟု အဘိုးအိုတစ်ယောက်က ပြောနေသည်ကို ကျောင်းသားတစ်ယောက်က ပထဝီသင်ရတာ စာနည်းသွားတာပေါ့အဘ ရယ်ဟုပြောပုံ စသဖြင့်ရေးဆွဲပြထားသော ကာတွန်းလက်ရာများကို ပရိသတ်များ အထူးနှစ်သက်ခဲ့ကြသည်။

'သယံဇာတကျိန်စာ' ပြပွဲကို ပြီးခဲ့သော ဖေဖော်ဝါရီလ ၂၂ ရက်မှ ၂၄ ရက်အထိ ရန်ကုန်မြို့ တော်ဝင်နှင်းဆီခန်းမတွင်လည်း ကျင်းပခဲ့သည်။ ■

၂၀၁၁-၁၂ ဘဏ္ဍာနှစ်က တိုင်းဒေသကြီးအစိုးရဌာနများ၌ ကျပ်သန်းနှစ်ရာကျော် ငွေကြေးကွာဟမှုများ တွေ့ရှိထား

စည်သူလွင်

မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်သည် တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတို့၏ လုပ်ငန်း အကောင်အထည်ဖော်မှုများကို စစ်ဆေးရေးစီမံချက် အစီအစဉ်များ ရေးဆွဲဆောင်ရွက်ခဲ့ရာ ငွေကြေးကွာဟမှု ကျပ်သန်းနှစ်ရာကျော် စစ်ဆေးတွေ့ရှိခဲ့သည်။

"ထူးခြားတဲ့ စစ်ဆေးတွေ့ရှိချက်တွေကတော့ အများကြီးပါပဲ။ အားလုံးကို အရေးယူဆောင်ရွက်နိုင်ဖို့အတွက် ဝန်ကြီးချုပ်နဲ့ ဝန်ကြီးတွေဆီကို တင်ပြထားပါတယ်"ဟု ပထမအကြိမ်မန္တလေးတိုင်းဒေသကြီး ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် တိုင်းဒေသကြီး စာရင်းစစ်ချုပ် ဦးကျော်ဝင်းက လွှတ်တော်တွင် တင်ပြပြောဆိုခဲ့သည်။

တိုင်းဒေသကြီးအတွင်း ထူးခြားသော ငွေကြေးအလွဲသုံးစားပြုလုပ်ခဲ့သော ဌာနများမှာ ကျန်းမာရေးဝန်ကြီးဌာန၊ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ မန္တလေးမြို့တွင် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ဆေးရုံ သုံးထပ်ဆောင်ဆောက်လုပ်ခြင်းမှ ဌာနဆိုင်ရာနစ်နာငွေကျပ်၈ဒသမ၇၂၈သန်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေးစခန်း (စာတိုက်နှင့်ကြေးနန်း) အမရပူရမြို့နယ် (မြစ်ငယ်)ကို အမရပူရမြို့နယ် စာရင်းစစ်ရုံးက စစ်ဆေးခဲ့ရာ ၂၀၀၂ မှ ၂၀၁၁ ခုနှစ် ထိ တာဝန်ထမ်းဆောင်ခဲ့သော စာတိုက်မှူး ဝန်ထမ်းက တယ်လီဖုန်းကြေး ကြိုတင်ပေးသွင်းငွေ ကျပ် ၁ ဒသမ ၀၁၁ သန်း ကိုအလွဲသုံးစားပြုလုပ်ခဲ့ပြီး ငွေကျပ်၃ဒသမ၀၂၆သန်းကိုလည်း အလွဲသုံးစားပြုလုပ်ခဲ့ဖွယ်ရှိကြောင်း တွေ့ရှိခဲ့ရသည်ဟု ၎င်းက ပြောသည်။

ပြည်ထဲရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတွင် ရုံးချုပ် နေပြည်တော်မှ တွဲဖက်တာဝန်ထမ်းဆောင်သည့် စာရင်းကိုင်(၂)ဝန်ထမ်းက ဌာနဆိုင်ရာငွေ ကျပ် ငါးသန်း၊ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း၊ ယမကာလုပ်ငန်း ဌာန၊ ကျောက်ဆည်မြို့နယ် လုပ်ငန်းခွဲရုံးကို ကျောက်ဆည်မြို့နယ် စာရင်းစစ်ရုံးက စစ်ဆေးခဲ့ရာ အရက် ရောင်းရငွေ ကျပ် ၃ ဒသမ ၅၆၂ သန်း ကိုဘဏ်သို့မအပ်ဘဲ အလွဲသုံးစားပြုလုပ်ခြင်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ၊ အခွန်ဌာန၏ အခွန်ဌာန ယာဉ်ရပ်နားစခန်းနှင့် ယာဉ်ရောင်းဝယ်ရေးစခန်းတို့၏ နေ့စဉ်ဝင်ငွေရရှိမှုကို တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးက ကွင်းဆင်းစစ်ဆေးခဲ့ရာ နေ့စဉ်ဝင်ငွေများအရ ပျမ်းမျှဝင်ငွေထက် တစ်ရက်လျှင် ကျပ် သုညဒသမ ၄၄၆ သန်း၊ တစ်လလျှင် ကျပ် ၁၃ ဒသမ ၃၈ သန်း လျော့နည်း ယိုဖိတ်မှုဖြစ်ပေါ်နိုင်ကြောင်း တွေ့ရှိခဲ့ ရကြောင်း အစီရင် ခံစာအရ တိုင်းဒေသကြီး စာရင်းစစ်ချုပ် ဦးကျော်ဝင်းက ဖတ်ကြားသည်။

ဆက်လက်ပြီး ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၊ ဝါနှင့်အခြားလျှော်မျှင်ထွက်သီးနှံ အထူးပြု ကျောင်းခွဲ၊ လွန်ကျော်၊ ကျောက်ဆည်မြို့နယ်၏ ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ဆောင်ရွက်သော ပြင်ပလျှပ်စစ်ဓာတ်အားရရှိရေး လုပ်ငန်းမှ ပိုထုတ်ငွေ ကျပ် ၂ ဒသမ ၃၆၅ သန်း၊ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန၊ ဒြပ်ပစ္စည်းသိပ္ပံနှင့် ဒြပ်ပစ္စည်း အင်ဂျင်နီယာ သုတေသနဦးစီးဌာန၊ ကျောက်ဆည်မြို့၏ ဖြည့်စွက်လုပ်ငန်း၊ အဆောက်အအုံ သုတေသနဆောင်လေးလုံးနှင့် လူနေဆောင်နှစ်လုံး ဆောက်လုပ်ခြင်းတွင် ဌာနဆိုင်ရာ နစ်နာငွေ ကျပ် ၁၆ ဒသမ ၂၇၀ သန်း၊ ရတနာပုံမြို့သစ်တည်ဆောက်ရေးစီမံကိန်းကို ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ တာဝန်ပေးချက်အရ စစ်ဆေးခဲ့ရာ အပိုင်းလိုက်တာဝန်ယူတည်ဆောက်ကြသည့်အေဝမ်း ဆောက်လုပ်ရေးကုမ္ပဏီက ကျပ် ၆၈ ဒသမ ၉၈၆ သန်း၊ သော်တာဝင်း ဆောက်လုပ်ရေးကုမ္ပဏီက ကျပ် ၃၉ ဒသမ ၃၇၅ သန်း၊ အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနက ကျပ် ၄၉ ဒသမ ၇၃၅ သန်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ကျပ် ၁ ဒသမ ၉၃၅ သန်း၊ ဆည်မြောင်း ဝန်ကြီးဌာနက ကျပ် သုည ဒသမ ၆၃၈ သန်းနှင့် စည်ပင်သာယာက ကျပ် သုည ဒသမ ၁၉၅ သန်း စုစုပေါင်း နိုင်ငံတော်နစ်နာငွေ ကျပ် ၁၆၀ ဒသမ ၈၆၄ သန်းထိစစ်ဆေးတွေ့ရှိခဲ့ကြောင်း ဆက်လက် ဖတ်ကြားသည်။

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန၊ မြန်မာ့မီးရထား၊ တိုင်းအမှတ် (၁၁) မြို့ပြအင်ဂျင်နီယာဌာန၊ ပုဂံ၏သာမန်ပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် ငွေလုံးငွေရင်းအသုံးစရိတ်မှ ပိုထုတ်ငွေ စုစုပေါင်းကျပ်၃ဒသမ၉၆၉သန်း တို့ဖြစ်ကာ ဌာနအသီးသီးကအလွဲသုံးစား ပြုထားကြောင်းဆက်လက်တင်ပြသည်။

တိုင်းဒေသကြီး စာရင်းစစ်ရုံးချုပ်သည် ပြည်ထောင်စု စာရင်းစစ်ချုပ် ဥပဒေပုဒ်မ- ၂၆ အရ သက်ဆိုင်ရာ တိုင်းဒေသကြီးအတွင်းရှိ အစိုးရဌာနများ၊ အစိုးရအဖွဲ့ အစည်းများ၏ ငွေစာရင်းနှင့် ပစ္စည်းစာရင်းများ စစ်ဆေးခြင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးအတွင်းရှိ စာရင်းစစ်ရုံး အဆင့်ဆင့်၏ လုပ်ငန်းဆောင်ရွက်ချက်များကို လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် အခါအားလျော်စွာ စစ်ဆေးခြင်း များပြုလုပ်နိုင်ကြောင်းသိရသည်။

တိုင်းဒေသကြီးအတွင်း၌ စာရင်းစစ်ရုံးအသီးသီးက ၂၀၁၂ မတ်လအထိ စစ်ဆေးခဲ့သည့် တိုင်းဒေသကြီးအဆင့် စစ်ဆေးခံ အဖွဲ့အစည်း ၂၃၀၊ ခရိုင်အဆင့် ၂၉၂ ခု၊ မြို့နယ်အဆင့် ၁,၁၀၄ ခု စုစုပေါင်း စစ်ဆေးခံ အဖွဲ့အစည်း ၁,၆၂၆ ခုရှိကြောင်းသိရသည်။ ■

သောက်သုံးရေခက်ခဲသည့် နေရာများ၌ ဂရိတ်ဝေါကုမ္ပဏီက ရေအလှူဒါန ပြုမည်

စည်သူလွင်

၂၀၁၃–၁၄ ဘဏ္ဍာနှစ်မှစတင်ပြီး မြန်မာနိုင်ငံအထက်ပိုင်း အညာဒေသရှိ သောက်သုံးရေ အခက်အခဲဖြစ်သော နေရာများတွင် ဂရိတ်ဝေါကုမ္ပဏီက ရေအလှူဒါန ပြုသွားမည်ဖြစ်သည်ဟု သိရသည်။

ရေအလှူဒါန ပြုနိုင်ရေးအတွက် ၂၀၁၁ ခုနှစ်တွင် အကောင်အထည်ဖော်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ယခုနှစ်မှ စတင်နိုင်မည်ဖြစ်သည်ဟု ဂရိတ်ဝေါကုမ္ပဏီ အုပ်ချုပ်မှု ဒါရိုက်တာ ဦးတင်မောင်က ပြောသည်။

"အညာဒေသက နွေရာသီဆိုရင် ရေအခက်အခဲ အများဆုံးဖြစ်တဲ့ဒေသပါ။ ဦးစားပေးအနေနဲ့ အထက်မြန်မာပြည်က မန္တလေး၊ မကွေး၊ စစ်ကိုင်းနဲ့ ရှမ်းပြည်နယ်ဘက်မှာ ဒီနှစ်ကစပြီး ရေတွင်းတွေ၊ ရေကန်တွေ၊ ချောင်းတွေ၊ မြောင်းတွေ အားလုံးအတွက် ဆောင်ရွက်ပေးသွားမှာပါ။ နောင်နှစ်တွေအတွက်ကိုလည်း အခုနှစ်ထက်တိုးပြီး လှူဒါန်းသွားမှာပါ" ဟု ဦးတင်မောင်က ပြောသည်။

ရေလှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ ယခုလ ၇ ရက်နေ့တွင် အဖွဲ့ဝင် ၁၁ ဦး ပါဝင်သော ကော်မတီဖွဲ့စည်းခဲ့ပြီး၊ အမှန်တကယ် ရေအခက်အခဲဖြစ်သော နေရာများတွင် ရေလှူဒါန်းနိုင်ရန် ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်သည်ဟုသိရသည်။

"ဦးစားပေးကတော့ မန္တလေးတိုင်း၊ ပြီးရင် မကွေး၊ စစ်ကိုင်း။ ပြီးမှ ရှမ်းပြည်နယ်ဘက်ကို တစ်ပြိုင်တည်း အချိုးကျ လှူဒါန်းသွားဖို့ရှိပါတယ်။ ရေတွင်းတွေကိုလှူဒါန်းပြီးရင် အမြဲတမ်းအသုံးပြုနိုင်ဖို့ အတွက်ကိုပါ စဉ်းစားပြီးဆောင်ရွက်သွားမယ်။ လုပ်ငန်းဆောင်ရွက်တဲ့အခါ အဆင်ပြေအောင်လို့ ကွင်းဆင်းလေ့လာမယ်။ အချက်အလက်တွေကို စုဆောင်းမယ်"ဟု ရေလှူဒါန်းရေးကော်မတီမှ အဖွဲ့ဝင် ဗိုလ်မှူးကြီးတင်မောင်ဦး (ငြိမ်း) က ပြောသည်။

" အမှန်တကယ်ရှားပါတဲ့ အညာဒေသကို အရင်လှူတာပါ။ နောက်ပိုင်းမှာ တစ်ပြည်လုံး လိုအပ်နေတဲ့နေရာတွေကိုလည်း လှူဒါန်းသွားဖို့အတွက် ဆောင်ရွက်သွားမှာပါ"ဟု ဦးတင်မောင်က ပြောသည်။ ■

Warso Jewellery Catalogue အတွက်
ကျောက်မျက်ဓါတ်ပုံများအား အခမဲ့ဓါတ်ပုံရိုက်ကူးထည့်သွင်းဖော်ပြပေးလိုပါသဖြင့် စိန်၊ရွှေ၊ကျောက်မျက်ရတနာဆိုင်များမှ ဓါတ်ပုံရိုက်ကူးခွင့်ပေးရန်အတွက်ဖိတ်ခေါ်ပါသည်။
Phone -09-43012797
Warso
Jewellery Catalogue
PHONE - 09 - 43012797
Advertising
50% Discount
For 1st Issue(April)

မဟာမုနိရုပ်ရှင်တော်မြတ်တွင် ရွှေမိုက်ထုတ်

လှိုင်ကျော်စိုး

မဟာမုနိဘုရားကြီးတွင် ရွှေမိုက်ထုတ်ခြင်းကို မတ်လ ၁၃ ရက်နေ့စတင်၍ ရက်ပေါင်း ၃၅ ရက်ကြာ ဆောင်ရွက်သွားမည်ဖြစ်သည်ဟု မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့ဝင် ဦးစိုးစိုးက ပြောသည်။

ရွှေမိုက်ထုတ်ခြင်းသည် အဆင့်အားဖြင့် ငါးဆင့်ရှိပြီး၊ ပထမဆင့်အဖြစ်သည့် ရွှေလှော်စက္ကူများမီးရှို့ခြင်းကို စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း ၎င်းက ပြောသည်။

"ရွှေလှော်စက္ကူတွေကို မီးရှို့တဲ့ပထမအဆင့်တော့စလုပ်နေပါပြီ။ ပြာတွေတော့ထွက်လာပြီ။ အဲဒါတွေကို နောက်ထပ်လုပ်ဖို့အဆင့်တွေ ကျန်သေးတယ်။ ရွှေဘယ်လောက်ထွက်မယ်ဆိုတာ မှန်းဖို့တော့ ခက်နေသေးတယ်။ ရွှေမိုက်ထုတ်ကျွမ်းကျင်တဲ့ပညာရှင်တွေနဲ့ ဂေါပကအဖွဲ့ဝင်တွေ လုပ်ငန်းကိုပေါင်းစည်းပြီး ကြီးကြပ်ဆောင်ရွက်နေပါတယ်"ဟု ဦးစိုးစိုးက ပြောသည်။

ရွှေမိုက်ထုတ်ခြင်းမှာ ရွှေသက်န်းကပ်ရာတွင် ဘုရားဆီသို့ အကုန်မရောက်ပဲ လေလွင့်ကျန်ရှိခဲ့သော ရွှေမှုန့်များနှင့် စက္ကူများတွင်ကပ်၍ကျန်ခဲ့သောစက္ကူများ၊ ဘုရား၏ဂန္ဓကဋီတိုက်အတွင်းမှ ထွက်ရှိသောပစ္စည်းများတွင် ရွှေမှုန့်များကပ်နေသောပစ္စည်းများကိုသိမ်းထားခြင်းမှ ရွှေပြန်၍ထုတ်လုပ်ခြင်းဖြစ်သည်ဟု ဦးစိုးစိုးက ပြောသည်။

"ရွှေမိုက်ရဲ့ကုန်ကြမ်းတွေက ရွှေမှုန်တွေ၊ မြေမှုန်တွေ၊ သစေးလုံးတွေ၊ လက်သုတ်ပဝါတွေ၊ ရွှေလှော်စက္ကူတွေ၊ ဖိဂွမ်းတွေပါတယ်။ အဲဒါတွေကို နေ့စဉ်၊ လစဉ်စုဆောင်းပြီး တစ်နှစ်တစ်ခါ ထုတ်လုပ်ခြင်းပါ"ဟု ၎င်းက ပြောသည်။

မဟာမုနိဘုရားကြီး၏ ရွှေမိုက်ထုတ်လုပ်ခြင်းသည် ယခင်နှစ်ကရွှေမိုက်ကုန်ကြမ်းအလေးအချိန် ၁,၂၀၀ ကျော်ရရှိကာ ရွှေချိန် ငါးပိဿာကျော် ရရှိခဲ့သည်။ ယခုနှစ်တွင် ရွှေမိုက်ကုန်ကြမ်းအလေးချိန်၉၈၈ပိဿာရရှိပြီး၊ရွှေပိဿာချိန်ကိုမူ ခန့်မှန်း၍မရသေးကြောင်း သိရသည်။

"ပြီးခဲ့တဲ့နှစ်က စုဆောင်းချိန်ပိုပြီးရတယ်။ ဒီနှစ်ကျတော့စုဆောင်းချိန် နည်းသွားတယ်။ ပြီးခဲ့တဲ့နှစ်ကစုဆောင်းချိန် ၁၅ လလောက်ကြာတယ်။ ဒီနှစ်ကျတော့ စုဆောင်းချိန်က ၁၁ လ ကျော်ပဲရှိတယ်။ ပိဿာချိန်ကွာဟမှုတော့ ရှိမှာပေ့ါ။ နောက်ထပ်ရက် ၂၀ လောက်ကျရင် ရွှေပိဿာချိန် ခန့်မှန်းလို့တော့ရပါပြီ'ဟု ဦးစိုးစိုးက ပြောသည်။

"ပြီးခဲ့တဲ့နှစ်ကတော့ ရွှေပိဿာချိန်ငါးပိဿာကျော်ထွက်တယ်။ ဒီနှစ်တော့ ဘယ်လောက်ထွက်မယ်ဆိုတာပြောလို့မရသေးဘူး။ အခုမှစတော့ မှန်းရမှာခက်နေတယ်။ အလေအလွင့်နည်းအောင်၊ အကောင်းဆုံးဖြစ်အောင်တော့ လုပ်ဆောင်ပေးမယ်။ ဘုရားအတွင်းတော်က ထွက်တဲ့ပစ္စည်းတွေကို ဂေါပကအဖွဲ့က တစ်နှစ်တစ်ခါထိန်းသိမ်းတာကနေ ရွှေမိုက်ထုတ်တဲ့ဆီကိုပြန်အပ်ပြီး ရွှေမိုက်ထုတ်တာပါ။ အခုအကြိမ်နဲ့ဆိုရင် နှစ်ကြိမ်ရှိပြီ။ လုပ်သားအနေနဲ့ ၁၅ ဦးရှိတယ်" ဟု ရွှေမိုက်သူကြီးဖြစ်သူ ဦးသန်းလင်းက ပြောသည်။

ရွှေမိုက်ထုတ်လုပ်ခြင်းသည် ယခုအကြိမ်အပါအဝင် ၆၃ ကြိမ်မြောက်ဖြစ်သည်ဟု သိရသည်။ ■

ပြီးခဲ့သည့် မတ်လ ၁၇ ရက်နေ့က ဒိုင်း မွန်းပလာဇာမြေညီထပ်တွင် ကျင်းပပြုလုပ်ခဲ့သော "အစားပြိုင်ပွဲ"၌ ဝင်ရောက် ယှဉ်ပြိုင်နေသော ကလေးငယ်များကို တွေ့ရစဉ်။ အဆိုပါအစားပြိုင်ပွဲကို Champs ကလေးအားဆေးက ကြီးမှူးကျင်းပခြင်းဖြစ်ကာ အသက် ၄ နှစ်မှ ၁၀ နှစ်အတွင်း ကလေးများသာ ဝင်ရောက်ယှဉ်ပြိုင်ရန် ကန့်သတ်ထားသည့် ပြိုင်ပွဲဖြစ်သည်။ ယှဉ်ပြိုင်ရသောပြိုင်ပွဲ အမျိုးအစားများမှာ ကြေးအိုးစားပြိုင်ပွဲ၊ ဒိုးနတ်မုန့်စားပြိုင်ပွဲနှင့် ဘာဂါစမ်းပြိုင်ပွဲများဖြစ်ပြီး ဝင်ရောက်ယှဉ်ပြိုင်သူကလေးအရေအတွက် ၁၀၀ ကျော် ရှိကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ - ကြေးမုံဝင်း

သောက်သုံးရေအခက်အခဲကိစ္စ ပြည်ထောင်စုအစိုးရထံ တင်ပြရန် အရေးကြီးအဆို ဝန်ကြီးချုပ်လက်ခံဆွေးနွေး

စည်သူလွင်

မန္တလေးတိုင်းဒေသကြီးအတွင်း ပြည်သူများအတွက် သောက်သုံးရေအခက်အခဲဖြစ်နေမှုများအတွက် အချိန်မီစီစဉ်ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ပေးနိုင်ရေး တိုင်းဒေသကြီးအစိုးရအဖွဲ့သို့တိုက်တွန်းကြောင်း အဆိုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က လက်ခံဆွေးနွေးခဲ့သည်။

ရေရှားပါးမှုကိစ္စ ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြရန်အဆိုနှင့် စပ်လျဉ်း၍ "၂၀၁၃ ခုနှစ်၊မတ်လ ၁၂ ရက်နေ့ နေပြည်တော်မှာ ပြုလုပ်ကျင်းပတဲ့ ဘဏ္ဍာရေးကော်မရှင် အစည်းအဝေးမှာ တိုင်းဒေသကြီးအတွင်း ကျေးရွာများ သောက်သုံးရေလုံလောက်စွာရနိုင်ဖို့အတွက် ဆောင်ရွက်ထားရှိမှုအခြေအနေနဲ့ ဆက်လက်ဆောင်ရွက်ရန် လိုအပ်ချက်တွေကို သမ္မတကြီးကို ကိုယ်တိုင်တင်ပြခဲ့တယ်။ သမ္မတကြီးက သောက်သုံးရေ လုံလုံလောက်လောက် ရနိုင်ရေးအတွက် လိုအပ်ချက်တွေကို ဆောင်ရွက်ပေးမယ့်ကိစ္စကို လမ်းညွှန်မှာကြားခဲ့တယ်"ဟု ဝန်ကြီးချုပ် ဦးရဲမြင့်က ပြောသည်။

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီး ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် နွားထိုးကြီးမြို့နယ် မဲဆန္ဒနယ် အမှတ် ၁ မှ လွှတ်တော်ကိုယ်စားလှယ် ဦးကြည်ဖေ တင်သွင်းခဲ့သည်ကို ကိုယ်စားလှယ်တစ်ဦးက ကနဦးကန့်ကွက်ခဲ့ပြီး ဝန်ကြီးချုပ်လက်ခံဆွေးနွေးပြီးချိန်တွင် ထောက်ခံခဲ့သည်ကိုလည်းတွေ့ရသည်။

"မန္တလေးတိုင်းအတွင်းမှာ ပြီးခဲ့တဲ့နှစ်မိုးလေဝသအခြေအနေအရ မိုးရွာခဲ့တာတွေကို စိစစ်သုံးသပ်မယ်ဆိုရင် တစ်နှစ်လုံးမိုးရွာသွန်းမှုမှာ မြင်းခြံခရိုင်အတွင်း မိုးရေချိန် ၂၀ ဒသမ ၁၁ လက္မ၊ မိတ္ထီလာခရိုင်အတွင်းမှာ ၂၂ ဒသမ ၆၀ လက္မနဲ့ ရမည်းသင်းခရိုင်အတွင်းမှာ မိုးရေချိန် ၂၂ဒသမ၈၁လက္မပဲရှိတယ်။ တခြားခရိုင်တွေမှာလည်း မိုးရေချိန်မပြည့်ခဲ့ဘူး။

"၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလကနေပြီး အခုမတ်လထိလည်း မိုးမရွာသေးဘူး။ မိုးခေါင်တဲ့အတွက် တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ဆည်တွေ၊ ကန်တွေမှာ ရေဝင်ရောက်တာမပြည့်ဘဲ ရေသိုလှောင်ထားနိုင်တာနည်းလာတဲ့အတွက် ကျေးလက်ဒေသမှာရှိတဲ့ဆည်တွေ၊ ကန်တွေရဲ့ ၉၉ ရာခိုင်နှုန်း ရေခန်းခြောက်ကုန်တယ်။ မကြာခင်အချိန်မှာ ရာနှုန်းပြည့် ခန်းခြောက်တော့မယ်။

"သောက်ဖို့ သုံးဖို့အတွက် လူတွေတင်မကဘူး။ တိရစ္ဆာန်တွေအတွက်လည်း သောက်သုံးရေ အခက်အခဲဖြစ်ကုန်တော့မယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့က လိုအပ်တာတွေကို ကူညီတဲ့အတွက် သက်သာရာရပေမယ့် တွင်းနက်တူးစက်တွေလိုအပ်နေတဲ့အတွက် ခရီးမတွင်ဘဲဖြစ်နေတယ်။ အခုလိုဖြစ်နေတဲ့အတွက် သဘာဝပတ်ဝန်းကျင်နဲ့ သစ်တောတွေကို ထိန်းသိမ်းဖို့အတွက် လိုအပ်နေတာကိုလည်းတွေ့ရတယ်။

"အခုလိုဖြစ်နေတာတွေကို ပြည်ထောင်စုအစိုးရအဖွဲ့က ကူညီဆောင်ရွက်ပေးဖို့ တင်သွင်းရခြင်းဖြစ်ပါတယ်" ဟု ဦးကြည်ဖေက တင်ပြခဲ့သည်။

၎င်းအဆိုကို ကန့်ကွက်ခဲ့သော မိတ္ထီလာမြို့နယ် မဲဆန္ဒနယ်အမှတ် ၂ မှ ဦးကျော်အေးက "ဖြစ်နိုင်ရင်တော့ ကိုယ့်တိုင်းဒေသကြီးအတွင်းမှာ ကိုယ်တိုင်ပဲ တတ်နိုင်သလောက် လုပ်စေချင်လို့ပါ။ တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုလည်း သိက္ခာမကျစေချင်ဘူး။ ကျွန်တော့်နယ်ဘက်မှာတော့ တော်တော်များများ အဆင်ပြေနေတယ်။ ပြည်သူတွေအနေနဲ့ကတော့ ရသလောက်တော့တောင်းဆိုကြမှာပါ။ ဝန်ကြီးချုပ်က ရှင်းလင်းပြလိုက်တဲ့အတွက် ကန့်ကွက်တဲ့ အစားထောက်ခံပါတယ်"ဟု လွှတ်တော်တွင် ပြန်လည်ပြောဆိုခဲ့သည်။

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီး ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့တွင် ညောင်ဦးမြို့နယ်၊ မဲဆန္ဒနယ် အမှတ် ၂ မှ လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဌေးက ညောင်ဦးမြို့နယ်အတွင်း သောက်သုံးရေ အခက်အခဲဖြစ်နေသည့်အတွက် ၁၉၆၄ ခုနှစ်က ဧရာဝတီမြစ်ကမ်းပါးမှ ငါးမိုင်ခန့်ကွာဝေးသော နဘူးတောရေလှောင်ကန်သို့ ရေတင်ပို့ခဲ့ပြီး ၎င်းမှတစ်ဆင့် ကျေးရွာများရေရရှိရေး ဖြန့်ဝေပုံစနစ်ဟောင်းကို ပြန်လည်အသုံးပြုရေး အစီအစဉ်ရှိမရှိမေးမြန်းရာ မန္တလေး စည်ပင်သာယာရေးဝန်ကြီးက အဆိုပါအစီအစဉ်ကို ပြန်လည်အကောင်အထည်ဖော်မည်ဆိုပါက ကုန်ကျစရိတ်များစွာ သုံးစွဲရမည်ဖြစ် သည့်အတွက် မဆောင်ရွက်တော့ဘဲ ရေတွင်း၊ ရေကန်များ တူးဖော်ပေးသွားမည်ဖြစ်ကြောင်း ဦးအောင်မောင်းက ပြန်လည်ဖြေကြားခဲ့သည်။ ■

၂၀၁၃ စမ်းသပ် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းအတွက် သင်တန်းဖွင့်ပွဲကျင်းပစဉ်။ ဓာတ်ပုံ - ခင်ဆုဝေ

၂၀၁၃ စမ်းသပ်သန်းခေါင်စာရင်း သင်တန်းဖွင့်

၂၀၁၃ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းအတွက် အထက်မြန်မာပြည် စာရင်းကောက်သင်တန်းကို မတ်လ ၁၈ ရက်မှ ၂၂ ရက်ထိ မန္တလေးတက္ကသိုလ်ဝင်းအတွင်းရှိ လေးထပ်ဆောင်တွင် ပြုလုပ်ခဲ့သည်။

အဆိုပါသင်တန်းသည် ၂၀၁၃ ခုနှစ် စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူနိုင်ရန် မြို့နယ် ၂၀ အတွက် ပြုလုပ်ခြင်းဖြစ်ပြီး ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် တစ်ပြိုင်တည်းဖွင့်လှစ်ခြင်းဖြစ်သည်။

"စာရင်းကောက်သင်တန်း တက်လာတဲ့ ဆရာဆရာမများအတွက် စမ်းသပ်သန်းခေါင်စာရင်း ဖြည့်ဆည်းပုံ၊ စမ်းသပ်စာရင်းကောက်တာမှာ တွေ့ကြုံရမယ့်အခက်အခဲတွေ၊ ဒီအခက်အခဲတွေ ဘယ်လိုရှင်းပြရမလဲဆိုတဲ့ နည်းလမ်း ကောင်းတွေ၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာ လုပ်ငန်း ချောချောမွေ့မွေ့ ဆောင်ရွက်နိုင်ဖို့အတွက် ဒီသင်တန်းကို ဖွင့်လှစ်ရခြင်းပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ၁၉၇၃ မှာ တစ်ကြိမ်၊ ၁၉၈၃ မှာ တစ်ကြိမ် ပြည်လုံးကျွတ်အဆင့်သန်းခေါင်စာရင်းကောက်နိုင်ခဲ့ပါတယ်။

"၁၉၈၃ နောက်ပိုင်း မကောက်ယူနိုင်ခဲ့ပါဘူး။ သန်းခေါင်စာရင်းဆိုတာ လူဦးရေနဲ့ လူဦးရေဆိုင်ရာ စာရင်းအင်းတွေ၊ စီးပွားရေး၊ လူမှုရေးအကြောင်းအရာတွေကို တစ်နိုင်ငံလုံး သို့မဟုတ် သတ်မှတ်ထားတဲ့ နယ်မြေဒေသတစ်ခုမှာ လူတိုင်းကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကောက်ယူထားတဲ့စာရင်းပဲ ဖြစ်ပါတယ်"ဟု လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ကြိုင်က ဆိုသည်။

နိုင်ငံတစ်နိုင်ငံ၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံကိန်းချမှတ် ဆောင်ရွက်ရာတွင် တိကျမှန်ကန်သည့် လူဦးရေစာရင်းဇယားရရှိရန် အလွန်ပင်အရေးကြီးရာ ကမ္ဘာ့နိုင်ငံအသီးသီး၌ လူဦးရေသန်းခေါင်စာရင်းကို ပုံမှန် ကောက်ယူခဲ့ကြသည်။ သို့ရာတွင် အဆိုပါလုပ်ငန်းပမာဏမှာ အလွန်ကြီးမားပြီး ငွေကြေးအထူးပင်ကုန်ကျသည့်အတွက် ဖွံ့ဖြိုးပြီးနိုင်ငံများမှာပင် ၁၀ နှစ်တွင် တစ်ကြိမ်

မန္တလေးစာမျက်နှာ ၃ သို့

၂၀၁၅ ရွေးကောက်ပွဲမတိုင်မီ အင်န်အယ်လ်ဒီ ပါတီ ညီလာခံ ထပ်မံကျင်းပသင့်ဟု ပါတီဝင်တချို့က သုံးသပ်

ဖြိုးဝေကျော်

အင်န်အယ်လ်ဒီ ပါတီ၏ နိုင်ငံလုံးဆိုင်ရာ ညီလာခံကို ကျင်းပပြီးစီးခဲ့သော်လည်း အောက်ခြေညီလာခံအဆင့်ဆင့်ကိုဖြတ်သန်းပြီး နိုင်ငံလုံးဆိုင်ရာညီလာခံသို့ တက်ရောက်နိုင်ခဲ့သော ကိုယ်စားလှယ်များထဲတွင် မှန်ကန်သောနည်းလမ်းဖြင့် အောင်နိုင်ခဲ့သူများချည်း မဟုတ်သဖြင့် ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲ မတိုင်မီ ညီလာခံကို ထပ်မံကျင်းပသင့်သေးသည်ဟု မန္တလေးမြို့မှ ပါတီဝင်တချို့က သုံးသပ်ပြောပြသည်။

ပါတီ၏ နိုင်ငံလုံးဆိုင်ရာညီလာခံကို ယခုလဒုတိယပတ်တွင် ရန်ကုန်မြို့၌ ကျင်းပခဲ့ရာ နိုင်ငံအနှံ့ ရပ်ကွက်၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ညီလာခံအဆင့်ဆင့်မှ ရွေးချယ်ခံရသူများ တက်ရောက်ခဲ့ကြသည်။ ထိုသို့ ညီလာခံအဆင့်ဆင့် ကျင်းပခဲ့ရာတွင် တချို့မြို့နယ်များ၌ ဒီမိုကရေစီနည်းလမ်းကျခြင်းမရှိဟူသောအသံများ ထွက်ပေါ်ခဲ့သည့်အပြင် ပါတီဝင်များအတွင်း ပဋိပက္ခဖြစ်ပွားခြင်းနှင့် ဗဟိုမှ ပါတီဝင်အဖြစ်မှ ရပ်ဆိုင်းခံရသူများလည်း ရှိခဲ့သည်။

"အခု ကျင်းပလိုက်တဲ့ နိုင်ငံလုံးဆိုင်ရာ ညီလာခံကြီးဟာ အမေစုအတွက်တော့ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်မှာ နိုင်ငံရေးပါတီတွေအကြား ပါတီဝင်တွေကို ဒီမိုကရေစီနည်းလမ်းတကျ ရွေးချယ်တဲ့ သူတစ်ယောက်အဖြစ် ပုံစံဝင် သွားပါပြီ။ သို့သော် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အဆင့်ဆင့်ကနေ တက်လာတဲ့သူတွေထဲမှာ အားလုံးဟာ မှန်မှန်ကန်ကန် မဟုတ်သေးပါဘူး၊ အားလုံးခြုံကြည့်မယ်ဆိုရင် မသန့်ရှင်းသေးပါဘူး။

"ပါတီ နိုင်ငံလုံးဆိုင်ရာ ညီလာခံကို ၂၀၁၅ ခုနှစ် မတိုင်မီ အနည်းဆုံး နှစ်ကြိမ်လောက်တော့ ထပ်လုပ်သင့်ပါသေးတယ်။ ဒါမှ ၂၀၁၅ ရွေးကောက်ပွဲမှာ သင့်တော်တဲ့၊ နိုင်ငံအတွက် အကျိုးပြုမယ့်သူတချို့ ပေါ်ထွက်လာနိုင်ပါတယ်"ဟု ပြည်ကြီးတံခွန်မြို့နယ်မှ အင်န်အယ်လ်ဒီပါတီဝင် ဦးကိုကိုအောင်က ယခုလ ၁၆ ရက်နေ့တွင် သုံးသပ်ပြောပြသည်။

ယခု နိုင်ငံလုံးဆိုင်ရာညီလာခံသို့ သွားရာ လမ်းတစ်လျှောက်တွင် ဖြစ်ပျက်ခဲ့သော ပဋိပက္ခများကို မှန်ကန်မှုရှိမရှိ ပြန်လည်စစ်ဆေးသင့်ကြောင်း၊ နှစ်ဖက်မစုံစမ်းမစစ်ဆေးဘဲ ဗဟိုညီလာခံကျင်းပရေးကော်မရှင်က တစ်ဖက်သတ်ဆုံးဖြတ်ခဲ့သောကိစ္စရပ်များ၌ နစ်နာခဲ့ရသူများ၏ ဂုဏ်သိက္ခာအတွက် ပါတီတာဝန်ရှိသူများက မည်သို့တာဝန်ယူကုစားပေးမည်နည်းဟု မေးလိုကြောင်းလည်း ၎င်းက ပြောသည်။

"အခုကျင်းပပြီးခဲ့တဲ့ ပါတီညီလာခံဟာ ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲနဲ့ ဘယ်လိုပဲ မသက်ဆိုင်ပါဘူးဆိုဆို အောက်ခြေကနေ မတရားတက်လာတဲ့သူတွေ အနေနဲ့ အခုညီလာခံမှာ နေရာရသွားသလို မှာ အမှန်တကယ်ဖြစ်ပျက်နေတဲ့ အကြောင်းအရာတွေဖြစ်တယ် ဆိုတဲ့ အကြောင်း သက်သေတွေနဲ့ပြောတော့ ဦးအုန်းကြိုင်က ပြန်ဖြေခြင်းမရှိဘဲ တယ်လီဖုန်းချသွားတယ်"ဟု ဦးဝင်းလှိုင်က ဆက်လက်ပြောသည်။

ဦးအုန်းကြိုင်မှာ ယခုအခါ ပါတီစီအီးစီ အဖွဲ့ဝင်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီး ကိုယ်စားတက်သွားသော ကိုယ်စားလှယ်ဟုလည်း သိရကြောင်း၊ မန္တလေးတိုင်းဒေသကြီးမှ မည်သည့် ရပ်/ကျေး၊ မြို့နယ်၊ ခရိုင်မှ ရွေးချယ်ခံပြီး တက်သွားကြောင်းကို ပါတီဝင်များကို ချပြစေချင်ကြောင်း ၎င်းတို့က ပြောသည်။

> **ပါတီနိုင်ငံလုံးဆိုင်ရာ ညီလာခံကို ၂၀၁၅ ခုနှစ်မတိုင်မီ အနည်းဆုံး နှစ်ကြိမ်လောက်တော့ ထပ်လုပ်သင့်ပါသေးတယ်။ ဒါမှ ၂၀၁၅ ရွေးကောက်ပွဲမှာ**

၂၀၁၅ ရွေးကောက်ပွဲမှာလည်း ပါတီမှာ ပါဝင်စွက်ဖက်ကြဦးမှာပါပဲ။ ညီလာခံကျင်းပရေးကော်မရှင် အဆင့်ဆင့်မှာတောင် ဒီလောက်ထဲထဲဝင်ဝင် မတရားမှုတွေကို လုပ်ခဲ့ကြသေးတာပဲ၊ ဒီလိုလူတွေက ၂၀၁၅ မှာလည်း နည်းမျိုးစုံနဲ့ ပါဝင်ပတ်သက်ဦးမှာပါ"ဟု တခြားပါတီဝင်တစ်ဦးဖြစ်သူ ဦးဝင်းလှိုင်က ဖြည့်စွက်ပြောသည်။

"ပါတီမှာ စီအီးစီဖြစ်တဲ့ဦးအုန်းကြိုင်က နိုင်ငံခြားအသံလွှင့်ဌာနတွေကို ပြောတဲ့စကားတွေနဲ့ ပတ်သက်ပြီး ပါတီဝင်တွေကြား တကယ်ဖြစ်ပျက်နေတာနဲ့ တော်တော် လွဲချော်နေတဲ့အတွက် ရင်ထဲမှာ မခံမရပ်နိုင်တာနဲ့ သူ့ဆီကို တယ်လီဖုန်း ဆက်မေးကြည့်ပါတယ်။ မေးကြည့်တော့ ဦးအုန်းကြိုင်က အုပ်စုဖွဲ့ပြီး တိုက်ခိုက်ကြတယ်ဆိုပြောတယ်၊ အုပ်စုဖွဲ့တိုက်ခိုက်တာဟာ ညီလာခံ ကျင်းပရေးကော်မရှင် အဖွဲ့အဆင့်ဆင့်တွေက အုပ်စုဖွဲ့ပြီး တိုက်ခိုက်တာပဲဖြစ်တယ်။ ကျန်တဲ့အဖွဲ့ဝင်တွေကတော့ အနှိပ်ကွပ်ခံရတယ်။ အဲဒါဟာ ပါတီဝင်တွေကြားထဲ

"ကျွန်တော်တို့ ပါတီညီလာခံကျင်းပနိုင်တာ ၂၅ နှစ်အတွင်း ပထမဆုံးပါပဲ။ အကောင်းဆုံးဖြစ်အောင် လုပ်ပေမယ့် စရွေးမကိုက်တာတွေလည်း ရှိပါတယ်။ တဖြည်းဖြည်း ပြုပြင်ရမှာပါ။ အခု အလုပ်အမှုဆောင်ဆိုတာလည်းရှိပြီ၊ တဖြည်းဖြည်း ရင့်ကျက်လာအောင်၊ တိုးတက်လာအောင် လုပ်ရမှာပါ။

"မန္တလေးပြည်ကြီးတံခွန်မြို့နယ်က ညီလာခံကိုယ်စားလှယ်အဖြစ် အရွေးခံရသူတွေ အငြင်းပွားမှုတွေကြောင့် ပါတီဝင်အဖြစ် ရပ်ဆိုင်းခံခဲ့ရတာကို ကျွန်တော်မသိပါဘူး။ လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ ညီလာခံကော်မရှင်အဖွဲ့မှာလည်း ပါခွင့်မရှိဘူး။ ဒီကိစ္စကို ကျွန်တော်မေးပါဦးမယ်၊ ကျွန်တော်ဖြေရှင်းနိုင်မယ့် ကိစ္စဆိုရင် ဖြေရှင်းပေးမှာပါ"ဟု ဦးအုန်းကြိုင်က ယခုလ ၁၉ ရက်တွင် ပြောသည်။

ဦးကိုကိုအောင်ကမူ ဦးအုန်းကြိုင်ကဲ့သို့ စီအီးစီအဖွဲ့ဝင်တစ်ယောက်က ပါတီဝင်အများစုသိရှိသောကိစ္စကို မသိရှိသည်မှာ တာဝန်မကျေရာရောက်ကြောင်း၊ ပါတီအရေးကိစ္စကို စိတ်မဝင်စား၍ဖြစ်နိုင်ပြီး ထိုသို့ဆိုပါက နှုတ်ထွက်ရန် အကြံပြုလိုကြောင်း ပြောသည်။

"ညီလာခံကိုယ်စားလှယ်အဖြစ် အရွေးခံရသူတချို့ကို မစစ်ဆေးမမေးမြန်းဘဲ ဘာကြောင့် အဖွဲ့ဝင်အဖြစ်ရပ်ဆိုင်းတာလဲ၊ ပယ်ဖျက်တာလဲဆိုတာ ပါတီက တာဝန်ရှိသူတွေကို မေးချင်ပါတယ်။ ပါတီအတွက်တကယ်အလုပ်လုပ်လာပြီးမှ ပယ်ဖျက်တယ်ဆိုတော့ ပါတီဝင်တွေကြားထဲ စိတ်ဓာတ်ပျက်ပြားပါတယ်"ဟု ပြည်ကြီးတံခွန်မြို့နယ် '၉' ရပ်ကွက်မှ ပါတီဝင် ဒေါ်နွယ်နွယ်ဝေက ဖြည့်စွက်ပြောသည်။

"ညီလာခံ ကိုယ်စားလှယ်အဖြစ် အရွေးခံရသူတချို့ကို မစစ်ဆေး မမေးမြန်းဘဲ ဘာကြောင့် အဖွဲ့ဝင်အဖြစ်ရပ်ဆိုင်းတာလဲ၊ ပယ်ဖျက်တာလဲဆိုတာ ပါတီက တာဝန်ရှိသူတွေကို မေးချင်ပါတယ်။

"ပါတီအတွက် တကယ်အလုပ်လုပ်လာပြီးမှ ပယ်ဖျက်တယ်ဆိုတော့ ပါတီဝင် တွေကြားထဲ စိတ်ဓာတ်ပျက်ပြားပါတယ်"ဟု ပြည်ကြီးတံခွန်မြို့နယ် '၉' ရပ်ကွက်မှ ပါတီဝင် ဒေါ်နွယ်နွယ်ဝေက ဖြည့်စွက်ပြောသည်။ ■

ကျေးရွာချင်းဆက်လမ်း ဥပဒေတစ်ရပ် ပြဋ္ဌာန်းရေး အဆို အနိုင်ရရှိ

စည်သူလွင်

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် ပျော်ဘွယ်မြို့နယ် မဲဆန္ဒနယ်အမှတ် ၂ မှ လွှတ်တော်ကိုယ်စားလှယ်ဦးတင်ဦးက 'ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ နောက်ဆက်တွဲ ဇယား ၂ တိုင်းဒေသကြီးဥပဒေပြုစာရင်း၊ အပိုဒ် ၆ (ခ) ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးကဏ္ဍတွင်ပါဝင်သောတိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ကစီမံခန့်ခွဲခွင့်ရှိသည့် လမ်း / တံတားများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးအတွင်း ကျေးရွာချင်းဆက်လမ်း ဥပဒေတစ်ရပ် ရေးဆွဲပြဋ္ဌာန်းရေးကိစ္စ' အဆိုကို လွှတ်တော်သို့တင်သွင်း၍ မဲခွဲဆုံးဖြတ်ပြီး သဘောထားရယူရာတွင် တိုင်းဒေသကြီး အစိုးရဝန်ကြီးများက ကန့်ကွက်မှုရှိခဲ့လည်း အနိုင်ရခဲ့သည်။

တိုင်းဒေသကြီးအတွင်း ကျေးရွာချင်းဆက်လမ်း ဥပဒေတစ်ရပ် ရေးဆွဲပြဋ္ဌာန်းရေးအဆိုကို မဲခွဲဆုံးဖြတ်ရာတွင် ထောက်ခံမဲ ၅၁ မဲ၊ကန့်ကွက်မဲ ၁၇ မဲဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

"တိုင်းဒေသကြီးအတွင်း မြို့နယ်တွေမှာ ကျေးရွာချင်းဆက်လမ်းဆိုတာ အရင်ကတည်းက သွားလာခဲ့ကြတာပါ။ အခု အချိန် တစ်လှည်းနဲ့တစ်လှည်း ရှောင်မရ၊ လမ်းဆိုတာက နွေရာသီမှာ သွားလာရုံသာဖြစ်ပြီး မိုးတွင်းမှာဆို သွားလာရေးခက်ခဲပြီး ခရီးမတွင်၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးပြဿနာတွေကိုပင်ပန်းကြီးစွာနဲ့ရင်ဆိုင်နေကြရတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ရည်မှန်းချက်အောင်မြင်ဖို့ဆိုရင် ကျေးလက်နေပြည်သူတွေ သွားလာရေးလွယ်ကူဖို့အတွက် ကျေးရွာချင်းဆက်လမ်းဖောက်လုပ်ဖို့ စီမံချက်ရေးဆွဲဖို့လိုအပ်ပါတယ်"ဟု ဦးတင်ဦးက ပြောသည်။

ဦးတင်ဦးတင်သွင်းသော အဆိုကို ရမည်းသင်းမြို့နယ် မဲဆန္ဒနယ်အမှတ် ၂ မှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ကထောက်ခံပြီး လွှတ်တော်တွင် လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ သဘောထားရယူကာ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဦးအောင်မောင်းက ပြန်လည်ဆွေးနွေးရာတွင် "စည်ပင်သာယာရေးအဖွဲ့တွေ ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ(ထ)မှာ လမ်း၊ တံတားများတည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊ လုပ်ငန်းတာဝန်များကို တည်ဆဲဥပဒေနဲ့အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ကြီးကြပ်

မန္တလေးစာမျက်နှာ ၅ သို့

၂၀၁၃ စမ်းသပ်သန်းခေါင်စာရင်း . . .

မန္တလေးစာမျက်နှာ ၂ မှ

သာ ဆောင်ရွက်နိုင်ကြသည်။

ယခုကဲ့သို့ကောက်ယူဖြစ်ခဲ့ခြင်းသည် ၂၀၁၁ မတ်လ၊ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမနေ့အစည်းအဝေး၌ မိုင်းပန်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့်ဦးက မြန်မာနိုင်ငံတွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် အဆိုတင်သွင်းခဲ့ရာမှ စတင်ခဲ့ခြင်းဖြစ်သည်။

"ပြည်သူ့အသံဟာ လွှတ်တော်အသံပဲဖြစ်တယ်လို့ ခံယူထားတာကြောင့် တစ်ကြောင်း၊ နိုင်ငံတော်အတွက် အမှန်တကယ် လိုအပ်ချက်ဖြစ်တာကြောင့် တစ်ကြောင်း၊ ၂၀၁၄ ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူဖို့ အစိုးရသစ်လက်ထက်မှာ ဆောင်ရွက်နိုင်ခဲ့တာဖြစ်ပါတယ်"ဟု ၎င်းက ဆိုသည်။

ထိုသို့ သန်းခေါင်စာရင်းကောက်ယူရာတွင် ကြိုတင်ပြင်ဆင်ခြင်းအဆင့်၊ စာရင်းကောက်ယူခြင်းအဆင့်၊ စာရင်းပြုစုခြင်းအဆင့်၊ ဆန်းစစ်ခြင်းနှင့် အစီရင်ခံစာ ပြုစုထုတ်ဝေခြင်းအဆင့်ဟူ၍ အဆင့်လေးဆင့် ခွဲခြားဆောင်ရွက်သွားမည်ဖြစ်သည်။ စီမံကိန်း အဆင့်မှာ လေးနှစ်ကြာမြင့်မည်ဖြစ်ပြီး ယခုသင်တန်းသည် ကြိုတင်ပြင်ဆင်ခြင်း အဆင့်တွင် ပြုလုပ်ခြင်းဖြစ်သည်။

"မတ်လ ၃၀ ရက်နေ့ကနေ ဧပြီလ ၁၀ ရက်နေ့မှာ စမ်းသပ်သန်းခေါင်စာရင်း ကောက်ပါတယ်။ မြန်မာတစ်နိုင်ငံလုံးမှာ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူဖို့ မြို့နယ် ၂၀ သတ်မှတ်တာမှာ မန္တလေးက မြို့နယ်နှစ်မြို့နယ်ပါဝင်ပါတယ်။ မိုးကုတ်နဲ့ ချမ်းအေးသာစံမြို့နယ်တွေပါ။ စာရင်းကောက် ၅၀၊ စာရင်းစစ် ၁၀ ယောက် နဲ့ ဆောင်ရွက်သွားမှာပါ"ဟု မန္တလေးတိုင်းဒေသကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာနမှ ဦးစီးမှူး ဦးသောင်းဇော်က ဆိုသည်။

စမ်းသပ်သန်းခေါင်စာရင်းကို ပင်မသန်းခေါင်စာရင်း မကောက်ယူမီအချိန်အတွင်း တစ်နှစ်အလို၌ ကောက်ယူခြင်းဖြစ်သည်။ ယခုသင်တန်းတွင် အသုံးပြုမည့်မေးခွန်းပုံစံ၊ စမ်းသပ်သန်းခေါင်စာရင်းကောက်ရမည့် အနေအထား၊ တွေ့ကြုံနိုင်သည့် အခက်အခဲများ၊ လုပ်ငန်းအဆင့်တိုင်း တင်ပြရမည့်အနေအထားများကို ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။ ■

ကားခုနစ်စီး မှန်များခွဲခံရ

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် အတွင်း ယခုလ ၁၈ ရက်နေ့ တစ်ည အတွင်း ကားခုနစ်စီး၏ မှန်များ ရိုက်ခွဲခံခဲ့ရကြောင်း သက်ဆိုင်ရာမြို့နယ် ရဲစခန်းထံမှ သိရသည်။

ယခုလ ၁၈ ရက်နေ့ ညဦးပိုင်းမှစ၍ ညဥ့်နက်သန်းခေါင်အထိ နံပါတ်မပါသည့် ဂျစ်ကား (လိမ္မော်ရောင်) ပေါ်ပါလာသော အကျီချွတ် တက်တူးထိုးထားသည့် လူငယ်လေးဦးက ယင်းဂျစ်ကားဖြင့်လှည့်လည်ကာ ကားမှန်များ ရိုက်ခွဲခဲ့ကြခြင်းဖြစ်ကြောင်းသိရသည်။

ရိုက်ခွဲခံခဲ့သော ကားအမျိုးအစားများမှာ ပရိုဘောက်၊ ဆန်နီ၊ တောင်းအေ့စ် (ခဲရောင်)၊ Vitz အမျိုးအစားကား၊ မတ်တူး (အဖြူရောင်)၊ဖင်မလီယာကားနှင့် Accord (အနက်ရောင်) ကားတို့ဖြစ်ကြပြီး မဟာအောင်မြေမြို့နယ် အတွင်း နေရာအသီးသီး၌ ကားများ၏ ရှေ့မှန်၊ နောက်မှန် နှင့် နောက်ကြည့်မှန်များကို ရိုက်ခွဲခဲ့ကြခြင်းဖြစ်သည်။

"အခုလိုဖြစ်စဉ်မျိုးကတော့ မရှိခဲ့ဖူးပါဘူး။ လုပ်သွားတဲ့လူငယ်တွေက ဘာရန်ငြိုးမှမရှိဘဲနဲ့ လုပ်သွားတာဆိုတော့ အသိစိတ် ကင်းလွတ်နေပုံရပါတယ်။ ကားပိုင်ရှင်တွေကလည်း စခန်းမှာ အမှုလာဖွင့်ထားကြပါတယ်"ဟု မဟာအောင်မြေမြို့နယ်အတွင်းရှိ အမှတ်(၉)စခန်းမှူး ရဲအုပ် စိုးမိုးနိုင်က ပြောသည်။

ကားမှန်များရိုက်ခွဲသူ ဂျစ်ကား (လိမ္မော်ရောင်) ကားပေါ်ပါ လူငယ်လေးဦးအား အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေးအတွက် မြို့ပေါ်ရဲစခန်းအသီးသီးနှင့် ယာဥ်ထိန်းရဲတပ်ဖွဲ့တို့ ပူးပေါင်း စုံစမ်းကာ ရှာဖွေဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **စည်သူလွင်** ■

မြေကွက်များကို ခြံဝင်းခတ်ရာ၌ တားဆီး၊ အန္တရာယ်ပြုမှု ကြုံရပါက ထိပ်တိုက်ရင်ဆိုင်ခြင်းမပြုရန် နှိုးဆော်ထား

ဖြိုးဝေကျော်နှင့် သန်းနိုင်စိုး

မန္တလေးမြို့တွင်း၌ မြေရာပိုင်ဆိုင်မှု အငြင်းပွားခြင်းများ ဖြစ်ပွားနေသောနေရာများတွင် ပိုင်ဆိုင်သူများက သွားရောက်ခြံဝင်းခတ်ရာ၌ တားဆီးခြင်း၊ အန္တရာယ်ပြုခြင်းများ ကြုံတွေ့ရပါက ထိပ်တိုက်ရင်ဆိုင်ခြင်းမပြုဘဲ အသင်းသို့ တင်ပြသွားရန် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း၊ မန္တလေးတိုင်းဒေသကြီးရုံးခွဲမှ အသင်းဝင်များကို အသိပေးနှိုးဆော်ထားသည်။

မြို့တွင်း၌ မြို့ကွက်သစ်ဖော်ထုတ်ရေးအဖွဲ့က နေရာချထားသောမြေကွက်လွတ်များတွင် ခြံစည်းရိုးခတ်ပြီး အဆောက်အအုံဆောက်လုပ်ကြရန် စည်ပင်သာယာက ယခုနှစ်ဇန်နဝါရီလအတွင်းက ကြေညာချက်ထုတ်ခဲ့ပြီး ခြံစည်းရိုးခတ်ခြင်းကို ယခုနှစ်မတ်လကုန်၊ အဆောက်အအုံဆောက်လုပ်ခြင်းကို ယခုနှစ်ကုန်အတွင်း အပြီးသတ်လုပ်ဆောင်ကြရန် ကြေညာခဲ့သည်။

သို့ရာတွင် အချို့မြေကွက်ပိုင်ရှင်များက ခြံစည်းရိုးသွားရောက်ခတ်ရာ၌မှု အဆိုပါနေရာမှာ ၎င်းတို့ပိုင်ဆိုင်ခြင်းမဟုတ်ဟု တားဆီးကန့်ကွက်သူများ ပေါ်ပေါက်လာကာ ခတ်ပြီးသောခြံဝင်းများကို ဖျက်ဆီးခံရခြင်းများရှိကြောင်း အိမ်မြေအကျိုးဆောင်တချို့၏ပြောကြားချက်အရ သိရသည်။

ယခုလ ၇ ရက်နေ့၌ စည်ပင်သာယာ၊ အိမ်ခြံမြေဝန်ဆောင်မှုအသင်း ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊ တိုင်းဒေသကြီးအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် တွေ့ဆုံချက်အရ အိမ်မြေပိုင်ဆိုင်သူများက ခြံခတ်ရန်ကိစ္စကို စည်ပင်သာယာသို့တင်ပြရန်၊ ခြံဝင်းခတ်ချိန်တွင် တားဆီးမှုများ၊ အန္တရာယ်ပြုမှုများကို ထိပ်တိုက်ရင်ဆိုင်ခြင်းမပြုဘဲ အသင်းသို့ တင်ပြရန်၊ ခတ်ပြီးသောခြံဝင်းများကို ကွင်းအမှတ်နှင့် ဦးပိုင်အမှတ်တပ်ဆင်၍ ဓာတ်ပုံရိုက်ယူထားရန်နှင့် ခတ်ပြီးသောခြံဝင်းများ ဖျက်ဆီးခြင်းခံရပါက ဖျက်ဆီးခံရကြောင်း သက်သေအထောက်အထားများဖြင့် အသင်းသို့ တင်ပြရန် ယခုလ ၁၁ ရက်နေ့ရက်စွဲဖြင့် အသိပေးခဲ့ခြင်းဖြစ်သည်။

"ဒီပိုင်ဆိုင်မှုအငြင်းပွားတဲ့ ကိစ္စတွေမှာ တကယ်တမ်းဝယ်ယူပိုင်ဆိုင်ထားသူတွေ၊ အဆင့်ဆင့်ဝယ်ယူထားပြီး နောက်ဆုံးလက်ဝယ်ပိုင်ဆိုင်ထားသူတွေအနေနဲ့နစ်နာသလို တကယ် လျော်ကြေးမရတဲ့ လယ်ပိုင်ရှင်တွေလည်း နစ်နာပါတယ်။

"ဖြစ်သင့်တာက လယ်သိမ်းတဲ့ အာဏာပိုင်တွေအနေနဲ့ လယ်သိမ်းခံရတဲ့ လယ်သမားတွေနဲ့ ထိပ်တိုက်တွေ့ဆုံဖြေရှင်းပြီး ပြေလည်အောင် လုပ်ဆောင်ပေးရမယ့်ကိစ္စပါ"ဟု မန္တလေးမြို့မှ ဝါရင့်အိမ်မြေအကျိုး ဆောင်တစ်ဦးက သုံးသပ်ပြောပြသည်။

စည်ပင်သာယာကမှ ခြံစည်းရိုးမခတ်၊ အဆောက်အအုံ မဆောက်ခြင်းကြောင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေပြီး အများအမြင် တင့်တယ်မှုမရှိခြင်း၊ ကျူးကျော်နေထိုင်သူများ ဝင်ရောက်နေထိုင်မှုကြောင့် အုပ်ချုပ်မှုဆိုင်ရာပြဿနာများဖြစ်ပေါ်လျက်ရှိခြင်းတို့ကြောင့် ကြေညာခြင်းဖြစ်ကြောင်း ဆိုသည်။ ■

ကျူးဟုသတ်မှတ်ခံရသော နေရာတစ်ခုကို စည်ပင်သာယာက မရှင်းလင်းမီ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လက တွေ့ရစဉ်။ ဓာတ်ပုံ - ဖြိုးဝေကျော်

မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ကို ပုဂ္ဂလိကနှင့် ပူးပေါင်းလုပ်ဆောင်သွားမည်

ကြေးမုံဝင်း

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်ရှိ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ကို လာမည့်ဇူလိုင်လနောက်ပိုင်းမှစ၍ ပုဂ္ဂလိကနှင့်ပူးတွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေဆိပ်တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီနှစ်ထဲမှာ မန္တလေးလေဆိပ်ရဲ့ လုပ်ငန်းတွေကို ပုဂ္ဂလိက ကုမ္ပဏီတစ်ခုနဲ့ ပူးတွဲပြီး ဆောင်ရွက်သွားဖို့ရှိပါတယ်။ အခု တင်ဒါခေါ်နေပါပြီ။ လောလောဆယ်မှာ သတ်မှတ်တဲ့အရည်အချင်းနဲ့ ပြည့်မီတဲ့ ကုမ္ပဏီခုနစ်ခု ရှိပါတယ်။ ခုနစ်ခုစလုံးက နိုင်ငံခြားနဲ့မြန်မာ ပူးပေါင်းထားတဲ့ကုမ္ပဏီတွေ ဖြစ်ပါတယ်။ ဇူလိုင်လနောက်ပိုင်းမှာ စပြီးပူးပေါင်းလုပ်နိုင်မယ်လို့ ခန့်မှန်းထားပါတယ်။ ပုဂ္ဂလိကနဲ့တွဲလုပ်ပြီး နောက်ပိုင်းမှာ Equipment တွေဖြည့်တာ၊ အဆောက်အအုံပြင်ဆင်တာနဲ့ ဝန်ထမ်းတွေကို Training ပေးတာစတဲ့အပိုင်းတွေမှာ အဓိကပူးပေါင်းလုပ်ဆောင်သွားမှာပါ"ဟု မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၏ အထွေထွေမန်နေဂျာ ဦးစိုးလွင်က ဆိုသည်။

မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်ကို ပြည်တွင်းလေကြောင်းလိုင်းများကသာ အများဆုံးအသုံးပြုပြီး ပြည်ပခရီးအဖြစ် မန္တလေး-ကူမင်း၊ မန္တလေး-ဗုဒ္ဓဂယာနှင့် မန္တလေး-ဘန်ကောက် ပြေးဆွဲသည့် လေကြောင်းလိုင်းအချို့သာရှိခဲ့သည်။ ပွင့်လင်းလာသည့်ခရီးသွားလုပ်ငန်းနှင့်အတူ မန္တလေးနှင့် တိုက်ရိုက်ချိတ်ဆက်ပြေးဆွဲမည့် လေကြောင်းလိုင်းများလည်း ပိုမိုများပြားလာမည်ဖြစ်သည့်အတွက် ယခုကဲ့သို့ ပုဂ္ဂလိကနှင့် ပူးတွဲလုပ်ဆောင်ခြင်းသည် ပြည်တွင်းပြည်ပခရီးသည်များအတွက် ပိုမိုအဆင်ပြေလာနိုင်ကြောင်း ဒေသခံများကလည်း သုံးသပ်ကြသည်။

"ပုဂ္ဂလိကနဲ့ ပူးပေါင်းလုပ်တဲ့အခါကျရင်တော့ အခုလောလောဆယ်မှာ အဆင်မပြေဖြစ်နေတဲ့ အထွေထွေဝန်ဆောင်မှုလုပ်ငန်းတွေ၊ သန့်ရှင်းရေးလုပ်ငန်းတွေ အရင်ကထက် ပိုအဆင်ပြေလာမယ်လို့ထင်ပါတယ်။ တခြားနိုင်ငံတွေမှာလို လေယာဉ်တွေ စနစ်တကျရပ်နားနိုင်ဖို့၊ ခရီးသည်တွေအလွယ်တကူ ဝင်ထွက်သွားလာနိုင်ဖို့တွေအပြင် လေဆိပ်အတွင်းက Air-con စနစ်တွေ၊ Luggage ထုတ်ယူတဲ့ကိစ္စတွေမှာပါ ပိုမိုမြန်ဆန် ကောင်းမွန်လာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ အခုလောလောဆယ်မှာ Facility အနေနဲ့ Smoking Room တွေထားပေးဖို့လိုနေတယ်။ နောက်ပြီး ပြည်တွင်းဝင်ပေါက်နဲ့ ပြည်ပဝင်ပေါက်က တစ်ပေါက်တည်းဖြစ်နေတယ်။ အဲဒါက လေကြောင်းလိုင်းတွေ ပြေးဆွဲတာများလာရင် အခက်အခဲဖြစ်လာနိုင်တာကြောင့် ပြင်ဆင်သင့်တယ်လို့ မြင်ပါတယ်"ဟု မန္တလေးဒေသခံလုပ်ငန်းရှင်တစ်ဦးက ၎င်းအမြင်ကို ပြောသည်။

မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်သည် မြန်မာနိုင်ငံတွင် အကြီးဆုံးလေဆိပ်တစ်ခုဖြစ်ပြီး ၂၀၀၀ ပြည့်နှစ်တွင် စတင်အသုံးပြုခဲ့ခြင်းဖြစ်သည်။ အဆိုပါလေဆိပ်၌ လေယာဉ်များ ချိတ်ဆက်ရပ်နားနိုင်သည့် အလုံပိတ်တံတားငယ် (Air Bridges) ခြောက်ခုပါဝင်ပြီး လေယာဉ်ဆယ်စီး ရပ်နားထားနိုင်သည့် နေရာအကျယ်အဝန်းရှိသည်။ ယင်း၏ လေယာဉ်ပြေးလမ်းအရှည်မှာ ပေ ၁၄,၀၀၀ ကျော် ရှည်သည့်အတွက် အရှေ့တောင်အာရှတွင် အရှည်ဆုံးပြေးလမ်းကို ပိုင်ဆိုင်ထားသည့် လေဆိပ်ဖြစ်ပြီး တစ်နှစ်လျှင် ခရီးသည်ပေါင်း သုံးသန်းခန့် ဝင်ထွက်သွားလာနိုင်သည့် ခေတ်မီလေဆိပ်တစ်ခုဖြစ်သည်။ ■

ရှမ်းနီ တိုင်းရင်းသား များ၏ အမျိုးသား ဝတ်စုံသတ်မှတ်ရေး အစည်းအဝေးပြုလုပ်

ရှမ်းနီ တိုင်းရင်းသားများ၏ အမျိုးသား ဝတ်စုံသတ်မှတ်ရေးကို ကချင်ပြည်နယ်ရှိ ရှမ်းတိုင်းရင်းသားများကို ကိုယ်စားပြုသည့် နိုင်ငံရေးပါတီတစ်ခုဖြစ်သော တိုင်းလိုင် (ရှမ်းနီအမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ)က ပြုလုပ်ခဲ့သည်။

မတ်လ ၁၇ ရက်နေ့တွင် ပြုလုပ်ခဲ့သော အဆိုပါ ရှမ်းနီတိုင်းရင်းသားများ၏ အမျိုးသား ဝတ်စုံသတ်မှတ်ရေးတွင် စစ်ကိုင်းတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး၊ ကချင်ပြည်နယ် ရှမ်းတိုင်းရင်းသားရေးရာ ဝန်ကြီးတို့ တက်ရောက်ခဲ့ကြသည်။

“ရှမ်းနီပါတီက ဦးစီးပြီးလုပ်ပေးတာပေါ့။ ဒီရက်မတိုင်ခင်လောက်ကတော့ ကိုယ့်ဒေသမှာကိုယ် ဆွေးနွေးကြသေးတယ်။ ရှမ်းနီတွေက နေရာအနှံ့ဖြစ်နေတော့ ဝတ်စုံတွေက ကွဲနေတယ်။ တစ်သတ်မတ်တည်းဖြစ်ဖို့ အခုဆောင်ရွက်တာပေါ့။ နောက်ထပ် ထပ်တွေ့ဖို့ ရှိတယ်။ အခုထိ ဆုံးဖြတ်တာ မပြတ်သေးဘူး။ ကျွန်တော်တို့ရှမ်းနီက ပုဆိုးဝတ်တယ်။ ဟုမ္မလင်းဘက်က ဘောင်းဘီဝတ်ကြတယ်”ဟု ကချင်ပြည်နယ်ရှိ ရှမ်းနီလူမျိုး ဦးစန်းဝေက ဆိုသည်။

ယခုအစည်းအဝေးတွင် ဗန်းမော်၊ ဝိုင်းမော်၊ မြစ်ကြီးနား၊ ပူတာအို၊ မိုးညှင်း စသည့်မြို့များမှ ရှမ်းနီလူမျိုးများ တက်ရောက်ခဲ့ကြသည်။ **ခင်ဆုဝေ** ■

အမှုအခင်းများအနက် မှုခင်းလေးခုကို ထူးခြားမှုခင်းများ အဖြစ်သတ်မှတ်ခဲ့

စည်သူလွင်

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်၊ မတ်လအထိ သုံးနှစ်တာကာလအတွင်းဖြစ်ပွားခဲ့သော အမှုအခင်းများအနက် အမှုလေးမှုအား ထူးခြားသောမှုခင်းအဖြစ် သတ်မှတ်ထားသည်ဟု ပထမအကြိမ်တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ တင်ပြသည့်အစီရင်ခံစာတွင် ဖော်ပြထားသည်။

ထူးခြားမှုခင်းအဖြစ် သတ်မှတ်ထားသည့် အဆိုပါအမှုများအနက် ပထမဆုံးအမှုမှာ စဉ့်ကူးမြို့နယ်၊ ကျည်တောက်ပေါက်ကျေးရွာနေ ဒေါ်ဝင်းသိန်းအား ကျဉ်တောက်ပေါက်ရွာ သုဝဏ္ဏမေဒနီကျောင်းတိုက်နေ ဦးနန္ဒမာလာ (ခ) ဦးတင်ရီက ကာမလိမ်လည်ရယူပြီး လူထွက်ပေါင်းသင်းလက်ထပ်မည်ဟု ပြောဆိုကာ အကြိမ်ကြိမ်ကာမစပ်ယှက်မှုပြုခဲ့ပြီး ဒေါ်ဝင်းသိန်းအား လက်ထပ်ရန်ငြင်းဆိုခဲ့သဖြင့် ဦးနန္ဒမာလာအား အရေးယူပေးရန် ဦးတိုက်လျှောက်ထားတရားစွဲဆိုမှုဖြစ်သည်။

ဒုတိယတစ်မှုမှာ မန္တလေးခရိုင်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၁၁၄/၂၀၁၁၊ တရားလို ဒုရဲအုပ်မောင်မင်းထွဋ်နှင့် တရားခံသန်းစိုးပါ (၅)၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ အရ စွဲဆိုမှုဖြစ်ပြီး တရားခံသန်းစိုးမှာ မူးယစ် (အထူး)မှ ရဲအုပ်ဖြစ်ကာ ၎င်း၏ မယားငယ်ကို လူငှားပြီးသတ်ခိုင်းသောအမှုဖြစ်သည်။

တရားခံများဖြစ်သော သန်းစိုး၊ ဆယ်သိန်းနှင့်လှသင်း၊ မောင်မျိုး (ခ) မျိုးဝင်းထွန်း၊ ကုလား (ခ) ရဲနိုင်ထွန်းတို့အား သက်ဆိုင်ရာပြစ်မှုပုဒ်မများဖြင့် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် သက်ဆိုင်ရာတရားရုံး၌ သေဒဏ်အမိန့် ချမှတ်ပြီးဖြစ်သည်ဟု သိရသည်။

ဆက်လက်၍ မန္တလေးခရိုင်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၁၀/၂၀၁၁ တရားလို ရဲအုပ်အောင်ဆန်းဝင်းနှင့် တရားခံ ကိုကိုကြီး (ခ) ဦးမျိုးပါ သုံးဦးအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၂/၃၀၇/၃၆၅/၁၇၀/၄၆၈ တို့အရ စွဲဆိုစစ်ဆေးခဲ့ပြီး ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ခြောက်ရက်နေ့တွင် ခရိုင်တရားရုံးက တရားခံများအပေါ် ပြစ်မှု ဆိုင်ရာဥပဒေပုဒ်မ ၃၉၂ အရ အလုပ်နှင့် ထောင်ဒဏ် ငါးနှစ်စီ၊ ပုဒ်မ ၁၇၀ အရ အလုပ်နှင့်ထောင်ဒဏ် ခြောက်လစီနှင့် ပုဒ်မ ၄၆၈ အရ အလုပ်နှင့်ထောင်ဒဏ် နှစ်နှစ်စီနှင့် ပြစ်ဒဏ်များကို တစ်ပေါင်းတစ်စည်းတည်းကျခံစေရန် အမိန့်ချမှတ်လိုက်သော တတိယမြောက်အမှုဖြစ်သည်။ တရားခံများမှာ ကားလုယက်မှုနှင့် တရားမဝင်လက်နက်ခဲယမ်းများ သိမ်းဆည်းထားမှုတို့ဖြင့် အရေးယူခံခဲ့ရခြင်းဖြစ်သည်။

စတုတ္ထအမှုမှာ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့ မွန်းလွဲ ၂ နာရီအချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၊ နှစ်ကျပ်ခွဲကျေးရွာ ထီးတော်လှူပ်ဘုရားကျောင်းထိုင်ဘုန်းကြီးကျောင်းမှ ဆရာတော် ဦးကောသလ္လနှင့်အဖွဲ့သည် လျှပ်စစ်သွယ်တန်းနေသော မန္တလေးတိုင်းဒေသကြီး၊ တိုင်းလျှပ်စစ်ဌာနမှူး၊ ခရိုင်ဌာနမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်လျှပ်စစ်မှူးတို့အား လျှပ်စစ်ဓာတ်တိုင်များ စိုက်ထူရာတွင် ဟန့်တားခဲ့မှုဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဒေါ်အေးအေးမင်းအား ဦးကောသလ္လက လည်ပင်းညှစ်မှုကြောင့် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှုဖွင့်ရန် ညွှန်ကြားသဖြင့် ဦးကောသလ္လအား (ပ) ၂၆/၂၀၁၃၊ ပြစ်မှုဆိုင်ရာပုဒ်မ ၃၅၂/၃၅၃ တို့အရ ကျောက်ပန်းတောင်းရဲစခန်းတွင် အမှုဖွင့်အရေးယူထားခြင်းဖြစ်သည်။

အစီရင်ခံသည့်ကာလ၌ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်ဥပဒေရုံးများက လိုက်ပါဆောင်ရွက်ခဲ့သော ပြစ်မှုဆိုင်ရာ အမှုပေါင်း ၃၁,၉၄၅ မှုရှိရာ ခရိုင်ဥပဒေရုံးများမှ ခြောက်မှု၊ မြို့နယ်ဥပဒေရုံးများမှ ၁,၆၀၆ မှုကို ပြည်ထောင်စုရှေ့နေချုပ်နည်းဥပဒေများနှင့်အညီ ရုပ်သိမ်းခဲ့ပြီး ရုပ်သိမ်းခွင့်ပြုသည့် အမှုပေါင်း ၁,၆၁၂ မှုရှိ၍ ရုပ်သိမ်းခွင့်ပြုခဲ့သည့်ရာခိုင်နှုန်းမှာ ၅ ဒသမ ဝ၄ ရာခိုင်နှုန်းဖြစ်ကြောင်း ဥပဒေချုပ်က ဆိုသည်။

တိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ လိုက်ပါဆောင်ရွက်ခဲ့သော ကလေးသူငယ်မှုခင်းပြစ်မှုဆိုင်ရာ မူလမှုလက်ကျန် ၁၅ မှု၊ အသစ်လက်ခံရရှိမှု ၁၂၆ မှု၊ ပြီးပြတ်မှု ၁၃၈ မှုဖြစ်ပြီး၊ လက်ကျန် သုံးမှု၊ ပြီးပြတ်ရာခိုင်နှုန်း ၉၇ ဒသမ ၈၇ ရာခိုင်နှုန်းဖြစ်ကြောင်းသိရှိရသည်။

ခရိုင်ဥပဒေရုံး ရှစ်ရုံးမှ ပြစ်မှုဆိုင်ရာ မူလမှုလက်ကျန် ၂၀၇ မှု၊ အသစ် လက်ခံရရှိမှု ၅၁၈ မှု၊ ပြီးပြတ်မှု ၄၉၅ မှု၊ လက်ကျန်အမှု ၂၃၀၊ ပြီးပြတ်ရာခိုင်နှုန်း ၆၈ ဒသမ ၂၇ ရာခိုင်နှုန်းရှိကြောင်း၊ မြို့နယ်ဥပဒေရုံး ၃၂ ရုံးမှ ပြစ်မှုဆိုင်ရာ မူလမှု ယခင်လက်ကျန် ၂,၁၇၃ မှု၊ အသစ်ရရှိမှု ၂၈,၉၀၆ မှု၊ ပြီးပြတ်မှု ၂၈,၅၀၈ မှု၊ လက်ကျန် ၂,၅၇၁ မှု၊ ပြီးပြတ်ရာခိုင်နှုန်း ၉၁ ဒသမ ၇၂ ရာခိုင်နှုန်းဖြစ်ကြောင်း အစီရင်ခံစာအရသိရသည်။ ■

မန်းသင်္ကြန်၌ ရေကစားမဏ္ဍပ် များ တိုးမည်

မကြာမီ ကျရောက်တော့မည့် သင်္ကြန်ကာလတွင် မန္တလေးမြို့တွင်း၌ ရေကစားမဏ္ဍပ်များမှာ ယခင်နှစ်သင်္ကြန်ကာလထက် ပိုမိုများပြားမည်ဖြစ်သည်။

အထူးသဖြင့် ယမန်နှစ်က မဏ္ဍပ်အနည်းငယ်သာရှိခဲ့သော မန္တလေး ကန်တော်ကြီးပတ်လမ်းတွင် ယခုနှစ်၌ ရေရရှိရေးအတွက် လုပ်ဆောင်ပေးနိုင်သောကြောင့် ယခုလ ၁၉ ရက်နေ့အထိ ရေကစားမဏ္ဍပ် ၁၀ ခု ခွင့်ပြုထားပြီး ဖြစ်ကြောင်းနှင့် မြို့တွင်းကျုံးပတ်လည် တွင် အလှပြနှင့် ရေကစားမဏ္ဍပ် ၃၅ ခု ခန့် ခွင့်ပြုပေးထားကြောင်း မြို့တော်စည်ပင်သာယာထံမှ စုံစမ်းသိရသည်။

ကျုံးပတ်လည်တွင် မဏ္ဍပ်များကို နှစ်စဉ်စည်ကားမြဲဖြစ်သော ကျုံးတောင်ဘက် ၂၆ လမ်း ပေါ်၌ ၁၆ ခု၊ ကျုံးအရှေ့ဘက်၆၆လမ်းပေါ်၌၁၅ခု၊ကျုံးအနောက်ဘက်လမ်း၈၀ပေါ်၌လေးခုနေရာချထားကြောင်း သိရသည်။

ယခုကိစ္စတွင် ကျုံးမြောက်ဘက် ၁၂ လမ်းပေါ်၌ ယခင်နှစ်များကဲ့သို့ပင် မဏ္ဍပ် လာရောက်လျှောက်ထားသူ မရှိသဖြင့် နေရာချထားပေးခြင်း မရှိသေးဘဲ ထုံးစံအတိုင်းပင် တစ်ပိုင်တစ်နိုင်ရေစုပ်စက်များသုံးကာ ရေပက်သူများဖြင့် စည်ကားရဖွယ် ရှိသည်။

စည်ပင်သာယာက ယခုနှစ်တွင် ကျုံးပတ်လည်သင်္ကြန်မဏ္ဍပ်ဆောက်လုပ်သူများကို အာမခံကြေး ကျပ် ၅၀၀,၀၀၀ ပေးသွင်းစေသော်လည်း မြို့တွင်းတခြားနေရာများတွင် ဆောက်လုပ်လိုပါက အခမဲ့ခွင့်ပြုပြီး ရေရရှိရေးအတွက် ကူညီလုပ်ဆောင်ပေးသွားမည်ဟု ကြေညာထားသည်။ ယခုလ ၁၉ ရက်နေ့အထိ မြို့တွင်း၌ဆောက် လုပ်ရန် မဏ္ဍပ်တစ်ခုသာ လျှောက်ထားကြောင်းသိရသည်။

ရေကစားမဏ္ဍပ်များကို ယခုနှစ်တွင်လည်း စည်ပင်သာယာက ကြော်ငြာအခွန်အခ ကင်းလွတ်ခွင့်ပြုထားကာ လုံခြုံရေးကင်မရာများတပ်ဆင်ရန် ညွှန်ကြားသွားမည်ဖြစ်သည်။ **ဖြိုးဝေကျော်** ■

နိုင်ငံတော်သမ္မတ၏ စွမ်းဆောင်ရည်ဆုအတွက် စစ်ကိုင်း တိုင်းဒေသကြီးမှ စက်ရုံများအား ကွင်းဆင်းစစ်ဆေး

စည်သူလွင်

နိုင်ငံတော်သမ္မတ၏ စွမ်းဆောင်ရည်ဆု ချီးမြှင့်နိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အကြီးစားစက်ရုံတစ်ရုံ၊ အလတ်စားအလုပ်ရုံနှင့် အသေးစားလက်မှုလုပ်ငန်း တစ်ခုစီတို့ကို ဟိုတယ်နှင့် ခရီးသွားလာရေး ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဇော်ဝင်းနှင့် အဖွဲ့က ယခုလ ဒုတိယပတ်တွင် လာရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လာရောက်စစ်ဆေးခဲ့သော စက်ရုံ အလုပ်ရုံများမှာ စစ်ကိုင်းမြို့မှ ‘ဟွန်ဒါမြန်မာ’အထပ်သားစက်ရုံ ၊မုံရွာမြို့မှ ‘စိုးဖြိုး’ စက်မှုလက်မှု နှင့် ရွှေဘိုမြို့မှ ‘ဦးတင့်စဥ့်’ လုပ်ငန်းတို့ဖြစ်ပြီး ယင်းလုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို လာရောက်စစ်ဆေးခဲ့ကြပြီး လိုအပ်သည်များကို မေးမြန်းခဲ့ကြသည်။

“အခုလို လာရောက်စစ်ဆေးတယ်ဆိုတာ တိုင်းဒေသကြီးအစိုးရအဖွဲ့က တင်ပြလာတဲ့ စက်ရုံ အလုပ်ရုံတွေကို လာပြီး စစ်ဆေးဆောင်ရွက်ရတာပါ။ ပြည်နယ်၊ သို့မဟုတ် တိုင်းတစ်ခုအတွက် အကြီးစား၊အလတ်စားနဲ့ အသေးစား စက်ရုံတွေကို စစ်ဆေးရတာပါ။ ဆုတွေကို ဧပြီလဆန်းပိုင်းလောက်မှာ သမ္မတကြီးက ချီးမြှင့်ပေးမှာပါ”ဟု ဟိုတယ်နှင့် ခရီးသွားလာရေး ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဇော်ဝင်းက ပြောသည်။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူတို့၏ လူမှုစီးပွားရေးဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာ၌ စွမ်းဆောင်ရည်ရှိသော အဖွဲ့အစည်း နှင့် လူ့စွမ်းအား အရင်းအမြစ်များ တိုးတက်ပေါ်ထွန်းရေးနှင့် ချီးမြှင့်ထိုက်သော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအား ရွေးချယ်၍ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်နိုင်ရေးအတွက် ‘နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ရေး စိစစ်ရွေးချယ်ရေးကော်မတီ’ ကို သမ္မတရုံးဝန်ကြီးဌာန (၅)၊ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ်ခေါင်းဆောင်ကာ အဖွဲ့ဝင်များအဖြစ် ဒုတိယဝန်ကြီး (၁၄) ဦး၊ တိုင်းဒေသကြီး / ပြည်နယ် အစိုးရအဖွဲ့ ကိုယ်စားလှယ်၊ စီးပွားရေး နှင့် လူမှုရေး အကြံပေးကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ တို့ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

ပြည်နယ်နှင့်တိုင်း ၁၄ ခုတွင် နိုင်ငံတော်သမ္မတက ချီးမြှင့်မည့် တန်ဖိုးမြင့်ထုတ်ကုန်အများဆုံး ထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဆု ချီးမြှင့်နိုင်ရန် စက်ရုံ ၁၄ ရုံ၊ ထုတ်လုပ်ရောင်းချမှုအကောင်းဆုံး အသေးစား စီးပွားရေးလုပ်ငန်းရှင်ဆု ချီးမြှင့်နိုင်ရန် စက်ရုံ ၁၅ ရုံနှင့် ထုတ်လုပ်ရောင်းချမှုအကောင်းဆုံး အလတ်စားစီးပွားရေး လုပ်ငန်းရှင်ဆု ချီးမြှင့်နိုင်ရန် စက်ရုံ၁၅ ရုံ တို့ကို သက်ဆိုင်ရာအဖွဲ့ တာဝန်ခံများက သွားရောက်စစ်ဆေးကြရာ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မည်သည့်စက်ရုံ အလုပ်ရုံမှ ပါဝင်ခြင်း မရှိကြောင်း သိရသည်။

“အခုလိုနိုင်ငံတော်သမ္မတက ပေးမယ်ဆိုတော့ လိုချင်ပါတယ်။ ဆုရတာမရတာထက် ကျွန်တော်က အကြီးမြန်ယူကလစ်ပင်တွေကို ကိုယ်တိုင်စိုက်ပျိုးပြီး လူ့အသုံးအဆောင်ပစ္စည်းတွေ ထုတ်လုပ်တာ ပြည်သူတွေကို အဓိကအကျိုးပြုချင်တာပါပဲ”ဟု စစ်ကိုင်းမြို့ ‘ဟွန်ဒါမြန်မာ’ ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာက ပြောသည်။

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုများကို ၂၀၁၃ ခုနှစ်၊ ဧပြီလဆန်းပိုင်းတွင် ချီးမြှင့်ရန်လျာထားပြီး စိုက်ပျိုးမွေးမြူရေးဆိုင်ရာဆု လေးဆု၊ လူမှုရေးဆိုင်ရာစွမ်းဆောင်ရည်ဆု နှစ်ဆု၊ စီးပွားရေးဆိုင်ရာ စွမ်းဆောင်ရည်ဆု ငါးဆု၊ စုစုပေါင်း ၁၁ ဆုပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ ■

စစ်ကိုင်းမြို့မှ ဟွန်ဒါမြန်မာ အထပ်သားစက်ရုံကို နိုင်ငံ့စွမ်းဆောင်ရည်ဆုအတွက် တာဝန်ရှိသူများလာရောက် စစ်ဆေးနေသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ - စည်သူလွင်

ကျေးရွာချင်း . . .

မန္တလေးစာမျက်နှာ ၃ မှ

ကွပ်ကဲရမည်ဆိုပြီး ပြဌာန်းထားတယ်။ စည်ပင်သာယာရေးဦးစီးဌာန မဖျက်သိမ်းခင်က ထုတ်ဝေခဲ့တဲ့ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်း (Rural Development Works) လမ်းညွှန်စာအုပ်မှာ ကျေးလက်လမ်းများ ပေ ၂၀ အကျယ်၊ မြေသားဖောက်လုပ်ခြင်းနဲ့ ကျေးရွာချင်းဆက်လမ်းတွေကို အကျယ်ပေ ၃၀၊ လမ်းဘေးတစ်ဖက်တစ်ချက်မှာ အရိပ်ရပင်၊ ရေမြောင်းနဲ့လှည်းလမ်းအတွက် အကျယ် ၁၂ ပေစီ ဖောက်လုပ်ရန်ပါရှိတယ်”ဟု လွှတ်တော်တွင်တင်ပြဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် စည်ပင်သာယာရေးအဖွဲ့များ ဥပဒေကြမ်းအဆိုတင်ထားခဲ့ပြီး၊ အတည်ပြုပြဌာန်းပြီးပါက ကျေးရွာချင်းဆက်လမ်းများနှင့် ပတ်သက်သည့်နည်းဥပဒေများ ထုတ်ပြန်သွားမည်ဖြစ်ကြောင်း မြို့တော်ဝန်က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။ ■

သင့် စီးပွားရေးလုပ်ငန်းများ အောင်မြင်စေရန်
မန္တလေးအချပ်ပိုစာမျက်နှာတွင် ကြော်ငြာပါ။

ဤကော်လံတွင်ကြော်ငြာလိုပါက
ဆက်သွယ်ရန်
၀၂-၆၅၃၉၁-၂၊ ၀၂-၂၄၄၅၁

နိုတိုဂျင်ဆင်း
LUOTAI Soft Capsule
Noto ginseng
Panaxnotoginseng Saponin
KPC
Myan Reg:1703AA3937
40+
အသက် (၄၀)ကျော် သူတိုင်း သောက်သုံးသင့်သည့် နိုတိုဂျင်ဆင်း
Panaxnotoginseng Saponin
(Blood Clots)
(Fat)
(Risk of Stroke re-attack)
(Bad Cholesterol)
လေဖြတ်ရောဂါကင်းစင်ဖို့ နိုတိုဂျင်ဆင်း သောက်ကြစို့...
Stop STROKE
KPC KUNMING PHARMACEUTICAL CORP.
PG Polygold Co.,Ltd. Ph: 01-225276, 02-32857
Natural Healthcare Remedy

Vertex
2 ACTIONS in 1
ORIGINAL
STRONG
SUPER TOILET CLEANER
ဗားတက်စ်
အကောင်းစား
ကြွေပြားချေးချွတ်ဆေး
Distributed by , OLIVE MARKETING GROUP Ph : 02-36795, 02-62138, 01-720464, 01-553409
E-mail ; oliveco@mandalay.net.mm

SUPER MOBILE
MOBILE PHONE RETAIL & WHOLE SALE CENTER
Branded
Huawei Handset
5000
Ph: 02-68405 , 68406 , 24809
Ph: 02-66884 , 72081

GOLD FURNITURE
GOLD Home Family Co.,Ltd
goldhome.family@gmail.com
Show Room(1)
No.64, ThitSar Street, (9) Quater , South OakeKaLarPa Township
Yangon. Ph: +95-95231434, +95-9 73149547, +95-9 2009734
Show Room(2)
Mingalar Furniture Center, Corner of (73x30) Rd,
First Floor, Mingalar Mardet , Mandalay.
Ph: +95-2 61626(Ext:5050), +95-9 6500883,+95-9 5233452.
Show Room(3)
No.(C-2/21), Corner of 62 St.,& Daliyar Street, ChanMyaTharSi Township,
Mandalay.Ph:+95-6500883, +95-9 5233452, +95-9 1001386.
Show Room(4)
Gold Furniture, Hua Feng Super Market, F-15-8, ShweLi , China.
Ph:+86-692 8899174, +86- 692 8898514,
+95-9 5233291,+95-9 47318345, +95-9 47318868.

GI Group
EXPRESS
ရန်ကုန် ↔ မန္တလေး ↔ မူဆယ်
27
14000 Ks
(Man,Neoplan,Mercedes)
Yangon : Hot Line : 09-73787777, 09-421012000
Mandalay : Hot Line : 09-73221800, 09-43337788

မိတ်ဆွေအပေါင်းအသင်းများနဲ့ပါ အနားယူနိုင်မယ့် ပြင်ဦးလွင်က တိုက်အိမ်လေး

အောင်ရဲသွင်
အိမ်ခြံမြေသတင်းထောက်

ဒီတစ်ပတ်တော့ ခြံကျယ်ကျယ် တိုက်ကျယ်ကျယ်နဲ့ မိမိရဲ့မိသားစု နေထိုင်ရုံသာမက မိတ်ဆွေအပေါင်းအသင်းတွေကိုပါခေါ်ပြီး အနားယူအပန်းဖြေနိုင်မယ့် ပြင်ဦးလွင်က တိုက်အိမ်လေးနဲ့ မိတ်ဆက်ပေးချင်ပါတယ်။

ပထမဆုံး ဒီတိုက်အိမ်လေးရဲ့ထူးခြားချက်ကတော့ တစ်ခြံတည်းမှာတင် ပင်မတိုက်အိမ်အပြင် နောက်ထပ်အပိုအိမ်နှစ်အိမ်ပါဝင်ခြင်းပဲဖြစ်ပါတယ်။

ပြင်ဦးလွင်မြို့ရဲ့ အထင်ကရနေရာတစ်ခုဖြစ်တဲ့ရပ်ကွက်ကြီး ၇ (ကက-၆) မြို့ပတ်လမ်းနဲ့အမျိုးသားကန်တော်ကြီး ဥယျာဉ်ကိုသွားတဲ့လမ်းပေါ်မှာ တည်ရှိတဲ့အတွက် သန့်ရှင်းတဲ့လေကောင်းလေသန့်ကို ရရှိနိုင်မှာဖြစ်ပြီးတော့ ပြင်ဦးလွင်မြို့ရဲ့အလှအပကိုလည်း ခံစားနိုင်မှာဖြစ်ပါတယ်။

ခြံအကျယ်အဝန်းအနေနဲ့ကတော့ ပေ ၆၅ × ၁၉၅ စတုရန်းပေ ၁၂,၆၇၅ ရှိပြီးတော့ တိုက်အိမ်လေးအကျယ်အဝန်းက စတုရန်းပေ ၂,၀၀၀ ရှိပါတယ်။

အိမ်ထဲကိုစဝင်လိုက်ရင်ပဲ ကျယ်ဝန်းခမ်းနားလှတဲ့ဧည့်ခန်းကို စတင်တွေ့မြင်ရမှာဖြစ်ပြီးတော့ အိပ်ခန်းအနေနဲ့လည်း ပေ ၁၅ × ၂၀ ရှိပြီး ရေချိုးခန်းနဲ့အိမ်သာပါဝင်တဲ့အိပ်ခန်းတစ်ခန်း၊ ပေ ၂၀ × ၁၅ အကျယ်ရှိတဲ့အပြင် ရေချိုးကန်နဲ့ ဗိုလ်ထိုင်ပါဝင်တဲ့အိပ်ခန်းတစ်ခန်း၊ ၁၅ ပေပတ်လည်ရှိတဲ့ အိပ်ခန်းနဲ့ ပေ ၂၀ ပတ်လည်ရှိတဲ့အိပ်ခန်းဆိုပြီး ဒီတိုက်အိမ်လေးထဲမှာလေးခန်း ဖွဲ့စည်းထားပါတယ်။

အိမ်ထဲကိုဆက်ဝင်သွားလိုက်ရင်ပဲ နိုင်ငံခြားစတိုင် ပြင်ဆင်ဖွဲ့စည်းထားတဲ့ ပေ ၃၀ ပတ်လည်ရှိတဲ့ ထမင်းစားခန်းကို တွေ့ရမှာဖြစ်ပါတယ်။

ဒီပင်မတိုက်အိမ်လေးရဲ့အနောက်ဘက်မှာ နှစ်ထပ်တိုက်အိမ်လေးနဲ့ ဘန်ဂလိုပုံစံ တည်ဆောက်ထားတဲ့တိုက်အိမ်လေး ရှိနေပြန်ပါသေးတယ်။

နှစ်ထပ်ဆောက်လုပ်ထားတဲ့တိုက်အိမ်လေးကတော့ အောက်ထပ်မှာ ကားသုံးစီးထားလို့ရတဲ့ ကားဂိုထောင်ပြုလုပ်ထားတာကြောင့် ကားရှိတဲ့ မိသားစုတွေအတွက် အဆင်သင့်ပါပဲ။ အပေါ်ထပ်မှာလည်း အသင့်နေထိုင်လို့ရအောင် ဖွဲ့စည်းတည်ဆောက်ထားပါသေးတယ်။

ပေ ၂၀ ပတ်လည်ရှိတဲ့ ဘန်ဂလိုပုံစံတိုက်အိမ်လေးကတော့ မိသားစုတွေ အပန်းဖြေနိုင်ဖို့ ကာရာအိုကေခန်းပဲလုပ်မလား၊ စာကြည့်ခန်းလေးပဲ လုပ်မလား အဆင်ပြေနိုင်စေမှာသေချာပါတယ်။

ဒီတိုက်အိမ်ရဲ့ ခြံအကျယ်အဝန်းက ကျယ်ဝန်းလှတာကြောင့် မိသားစု လွတ်လပ်စွာအနားယူနိုင်မှာဖြစ်ပြီးတော့ ကလေးတွေအတွက်လည်း ကျယ်ကျယ်ဝန်းဝန်း ဆော့ကစားနိုင်မှာဖြစ်ပါတယ်။ ခြံထဲမှာပဲကိုယ့်စိတ်ကြိုက် အပင်စိုက်လို့ရအောင် ဘောင်လေးတွေနဲ့အပင်စိုက်ဖို့ သပ်သပ်ပြုလုပ်ပေးထားတာကြောင့် စိုက်ပျိုးရေးဝါသနာပါသူတွေအတွက်ကတော့ စိတ်ကြိုက်ဖြစ်သွားတာပေါ့။



အိမ်ရဲ့လုံခြုံရေးအတွက်လည်း ခိုင်ခန့်တဲ့သံဆူးကြိုးတွေ၊ မြင့်မားတဲ့ အုတ်တံတိုင်းတွေနဲ့ ကာရန်ထားတာကြောင့် စိတ်ချလက်ချနေထိုင်လို့ရပါတယ်။

ရေအတွက် အခက်အခဲမဖြစ်ရအောင် ရေစင်သပ်သပ်ထားပေးထားပြီးတော့၊ အဝီစိတွင်းလည်းပါဝင်တဲ့ ဒီတိုက်လေးလေးကို စိတ်ဝင်စားတယ်ဆိုရင်တော့ အောက်ပါလိပ်စာအတိုင်း စုံစမ်းနိုင်ပါတယ်။ ■

ဈေးကွက်အေးပေမယ့် အာရုံများစရာမလိုတဲ့ လူနေခွင်အိမ်ခြံမြေ

ဖြိုးဝေကျော်

မန္တလေးမြို့ရဲ့ အိမ်ခြံမြေဈေးကွက်ဟာ လက်ရှိအနေအထားမှာ အေးစက်ငြိမ်သက်မြဲဖြစ်ပေမယ့် လူနေခွင်ဖြစ်တဲ့ အိမ်မြေအကွက်အကွင်းတွေမှာ နေထိုင်ပိုင်ဆိုင်သူတွေအနေနဲ့တော့ အာရုံများစရာမလိုဘဲ အိမ်ချေရရနေနိုင်ကြောင်း အိမ်ခြံမြေအကျိုးဆောင်တွေက သုံးသပ်ပြောပါတယ်။

လက်ရှိမှာ မန္တလေးမြို့ အိမ်ခြံမြေဈေးကွက်မှာ မြေလွတ်မြေရိုင်းအများဆုံးရှိတဲ့အကွက်အကွင်းတွေဟာ အရောင်းအဝယ်ပါးပြီး ဘယ်အချိန်ကျမှ ဈေးကွက်ပြန်လှုပ်ခတ်မလဲဆိုတာ အတော်မှန်းဆရခက်ခဲနေတဲ့ အခြေအနေပဲဖြစ်ပါတယ်။

ဒီလိုအနေအထားမှာ တချို့မြေကွက်ပိုင်ရှင်တွေအနေနဲ့ ပြီးခဲ့တဲ့တစ်နှစ်ကျော်အချိန်လောက်က ဈေးကွက်လှုပ်ခတ်ခဲ့တဲ့အချိန်မှာ ခေါ်ခဲ့ကြတဲ့ဈေးနှုန်းတွေရဲ့ အောက်ကို လက်ရှိမှာ ပြန်ချပြီးရောင်းဖို့ ဈေးခေါ်နေကြတာမျိုးရှိပါတယ်။ ဒါဟာ လူနေကျဲပါးပြီး အကွက်အကွင်း သိပ်မလှသေးတဲ့အပိုင်းတွေဖြစ်ပြီး လူနေအထိုင်ကျပြီးဖြစ်တဲ့ အိမ်ခြံမြေအကွက်အကွင်းတွေမှာတော့ ဝယ်ချင်သူရော၊ ရောင်းချင်သူအတွက်ပါ စိတ်အေးလက်အေး အလုပ်လုပ်နိုင်ကြတဲ့အနေအထားဖြစ်ကြောင်း အိမ်မြေအကျိုးဆောင်တွေက ဆိုပါတယ်။

"အိမ်ခြံမြေဈေးကွက်က အေးနေ တယ်ဆိုပေမယ့် ဖွံ့ဖြိုးပြီးဖြစ်တဲ့ မြို့သစ်ရပ်ကွက်ကြီးတွေလို၊ မြို့တွင်းပိုင်းလို နေရာတွေမှာက ပိုင်ရှင်တွေက လက်ရှိပေါက်ဈေးကနေ လျှော့ပေါ့ရောင်းဖို့ စိတ်ကူးမရှိကြတာများသလို ဝယ်မယ့်သူတွေကိုကြည့်ရင်လည်း ပြန်ရောင်းဖို့ထက် နေဖို့ထိုင်ဖို့စိတ်ကူးနဲ့ ဝယ်ကြတာများပါတယ်။

"ဒါကြောင့် လူနေကျဲပါးသေးတဲ့ အကွက်အကွင်းတွေက မြေကွက်တွေလို အရင်ပေါက်ဈေးကနေ သိသာတဲ့ဈေးဟ ရောင်းချတာမျိုး နည်းပါးပါတယ်။ ပြီးတော့ အလုပ်မဖြစ်သလောက် ဈေးကွက်တန့်သွားတာမျိုးမဖြစ်ပါဘူး"လို့ မြို့သစ်က အိမ်မြေအကျိုးဆောင်တွေက ပြောပါတယ်။

တစ်စထက်တစ်စ လူဦးရေတိုးပွားနေခြင်းကလည်း လူနေခွင်အိမ်ခြံမြေ ဈေးကွက်အတွက် အားသာချက်ဖြစ်နေပြီး လူနေနည်းသေးတဲ့ မြေလွတ်မြေရိုင်းအကွက်အကွင်းတွေရဲ့ ဈေးကွက်အတွက်လည်း တဖြည်းဖြည်း အကျိုးသက်ရောက်စေမှာဖြစ်ပါတယ်။

လူဦးရေသိပ်သည်းလာခြင်းဟာ အရောင်းအဝယ် အေးစက်နေတဲ့ အိမ်မြေအကွက်အကွင်းအတွက်လည်း တစ်ချိန်ချိန်မှာ ဈေးကွက်ပြန်လှုပ်ခတ်နိုင်စေမယ့် အခြေခံအကျဆုံးသော အကြောင်းရင်းတစ်ခုလည်း ဖြစ်ပါတယ်။

"လူနေခွင်တွေမှာ ဈေးနှုန်းက လက်ရှိပေါက်ဈေးနဲ့ မကွာဟတဲ့နှုန်းနဲ့ခေါ်ရင် တကယ်နေထိုင်ဖို့လိုအပ်လို့ ရှာတဲ့သူနဲ့ တွေ့တဲ့အခါ အလုပ်ဖြစ်ဖို့ မခဲယဉ်းပါဘူး" လို့ အိမ်မြေအကျိုးဆောင်တွေက သုံးသပ်ပြပါတယ်။

ဆူလွယ်နပ်လွယ် အကျိုးအမြတ်အတွက် အများဆုံးရောင်းကြဝယ်ကြတဲ့ မြို့ကွက်သစ် မြေလွတ်မြေရိုင်းအကွက်အကွင်းတွေမှာ အရောင်းအဝယ်ဖြစ်တာ အတော်ရှားပါးပြီး၊ လူနေအခြေကျပြီးဖြစ်တဲ့ မြို့တွင်းရော မြို့ကွက်သစ်အပိုင်းမှာပါ ဈေးကွက်အထိုက်အလျောက် အေးတယ်ဆိုပေမယ့် အခြေကျပြီးဖြစ်တဲ့ အပိုင်းဟာ အငှားဈေးကွက်အတွက်တော့ အေးအေးဆေးဆေး အလုပ်ဖြစ်နေကြပါသေးတယ်။

လူနေကျဲပါးတဲ့ မြေလွတ်အကွက်အကွင်းတွေအနေနဲ့ အခုနောက်ပိုင်းမှာ ဈေးကွက်ပျက်သလိုဖြစ်ပြီး အထိနာနေရတဲ့အကြောင်းရင်းတွေထဲမှာ ပိုင်ဆိုင်မှုအငြင်းပွားကြရတဲ့ အရှုပ်အရှင်းတွေကြောင့်လည်း ပါဝင်ကြောင်း အကျိုးဆောင်တွေက သုံးသပ်ပါတယ်။

ဒီပြဿနာတွေကို ထိထိရောက်ရောက်ဖြေရှင်းနိုင်တဲ့အခြေအနေတစ်ခုကို ရောက်ခဲ့ရင်တော့ ဈေးကွက်ငြိမ်သက်မှုကို အထိုက်အလျောက် ကုစားပေးနိုင်လိမ့်မယ်လို့လည်း မျှော်လင့်နေကြပါတယ်။

လက်ရှိမှာတော့ ပိုင်ဆိုင်မှုအထောက်အထားခိုင်မာတဲ့ လူနေအိမ်ခြံမြေအကွက်အကွင်းတွေ ဘက်မှာသာ တကယ်နေထိုင်ဖို့ လိုအပ်သူတွေနဲ့ ဈေးကွက်ဟာ လှုပ်ရှားနေရဦးမှာဖြစ်ပြီး ငွေပူမလိုတဲ့ ပိုင်ရှင်တွေအနေနဲ့လည်း ဈေးမာနိုင်တဲ့ အနေအထားဖြစ်ကြောင်း အိမ်ခြံမြေ အကျိုးဆောင်တွေက ဆိုပါတယ်။ ■

ဈေးနှုန်းမြင့်နေသော ဖွံ့ဖြိုးပြီး ဖြစ်သည့် ၆၂ လမ်းပေါ်၊ မြို့သစ်မှ အိမ်မြေအကွက်အကွင်းကို တွေ့ရစဉ်။ ဓာတ်ပုံ – ဖြိုးဝေကျော်

ကြေးမုံဝင်း စီစဉ်သည်

နွေရဲ့သင်္ကေတ အပူဒဏ်ကိုခံနေရလို့ စိတ်ညစ်ရပေမယ့် မကြာတော့တဲ့အချိန်မှာ သင်္ကြန်ရောက်တော့မယ်ဆိုတဲ့ အတွေးကတော့ မေလေးကို ပျော်ရွှင်စေပါတယ်။ မေလေးရဲ့ ဒီတစ်ပတ်ဆိုရှယ်ကဏ္ဍကတော့ အရင်လိုပဲ အရင်အတိုင်းပဲ အကြောင်းအရာမျိုးစုံနဲ့ဝေဆာနေဆဲပါပဲ။ ပထမဆုံးသွားခဲ့ရတဲ့ပွဲလေးက ဓာတ်ပုံဆရာ စိုးဝင်းငြိမ်းရဲ့ အလင်းဖျော့ဖျော့ဈေးခင်း ဓာတ်ပုံပြပွဲလေးပါပဲ။ မတ်လ ၁၂ ရက်နေ့က သိရိပန်းချီအနုပညာ ပြခန်းမှာ ကျင်းပခဲ့တာပါ။ မတ်လ ၁၂ ရက်နေ့ နေ့လယ်ပိုင်းမှာတော့ General လေအေးပေးစက်ရဲ့ မြန်မာနှစ်ကူး အထူး ဈေးရောင်းပွဲနဲ့ပတ်သက်လို့ စာနယ်ဇင်း ရှင်းလင်းပွဲလေးကိုလည်း တက်ရောက်ဖြစ်ခဲ့ပါတယ်။ AQUOS Hair Care Series Products ရဲ့ ဂုဏ်ပြုညစာစားပွဲကတော့ မတ်လ ၁၂ ရက်နေ့ရဲ့ ညပိုင်းမှာ ကျင်းပခဲ့တာပါ။ သယံဇာတကျိန်စာ အမည်နဲ့ အနုပညာပြပွဲ တစ်ခုကိုတော့ မတ်လ ၁၃ ရက်နေ့နဲ့ ၁၄ ရက်နေ့ နှစ်ရက်တာ ၂၆ လမ်းပေါ်က ပဒုမ္မာခန်းမမှာ ပြုလုပ်ခဲ့ပါတယ်။ မတ်လ ၁၅ ရက်နေ့က ဟိုတယ်မန္တလေးမှာ ပြုလုပ်ခဲ့တဲ့ Eushido ရဲ့ The Colourful Hair Show ကိုလည်း မေလေး မပျက်မကွက် တက်ရောက်ခဲ့ပါတယ်။ Premier မိုခါး ကော်ဖီရဲ့ ပျော်ပွဲရွှင်ပွဲအခမ်းအနားနဲ့ ဒိုင်းမွန်း ပလာဇာရဲ့ ပရိမိုးရှင်းဧရိယာမှာ ကျင်းပခဲ့ကြတာပါ။

သယံဇာတကျိန်စာပြပွဲ

ဦးချစ်ခင်

မောင်တင်သစ်

ကိုအောင်မှိုင်းဆန်း

ဆရာအုံ့မောင်

Photo Exhbition ပွဲ

ကိုမောင်လှ

ကိုသူရိန်

ကိုပုညဆွေ

ဦးစိုးဝင်းငြိမ်း

General ပွဲ

MS. Kisako

Mr. Morishita

ဦးစိုးဝင်း

ကိုလှုကပ်စ်

Mocha ပွဲ

မိုးပုလဲဝင်း

လွှမ်းပိုင်

ဒီမိုးသစ်

သူဇာငွေ

ရဲဝင့်

Aquos ပွဲ

ရွှေသွေး

မရွှေစင်မြတ်

မစုစုနှင့်မနန်းရွှေမုံ

မော်ဒယ်

မြတ်သီတာခိုင်၊ အေးစန္ဒာအောင်နှင့်နွယ်မူဖြိုး

ခိုင်ဇာဝင်းနှင့်နွဲ့နွဲ့အေး

Eushido ပွဲ

ဦးရိုရှင်း
Mr.Hanazawa Kazutaka
ဦးသိန်းငွေး
ဦးသန်းလွင်

Blue Berry

ချမ်းချမ်း

မခိုင်သဇင်ယုဝါ

ဖြိုး

ဥက္ကာလင်းအောင်
ဂျက်ဆန်းထွန်း

ရှိုင်းသူ့သူမောင်

မီရှဲလ်နှင့်မသင်းသင်းစိုး

ကိုမျိုး (IC)

၂၀၁၂ နောက်ပိုင်း ချည်ထည်ဆိုင်များ ပိုမိုဖွင့်လှစ်လာ

ရွှေဝါလွင်

၂၀၁၂ ခုနှစ် နောက်ပိုင်းတွင် ရိုးရာချည်ထည်ရောင်းအားမှာ ပိုမိုကောင်းမွန်လာကာ ချည်ထည် အရောင်းဆိုင်များလည်းပိုမို ဖွင့်လှစ်လာကြကြောင်း အမရပူရမြို့နယ် ဦးပိန်တံတားမှ ချည်ထည်အရောင်းဆိုင်များက ပြောသည်။

"အရင်တုန်းက ဦးပိန်တံတားမှာ ချည်ထည်အရောင်းဆိုင်က နှစ်ဆိုင်လောက်ပဲရှိတာ။ အခုဆိုရင် နိုင်ငံခြားခရီးသွားတွေကလည်း များလာတော့ ရောင်းအားကလည်း ကောင်းလာတယ်။ ၂၀၁၂ ခုနှစ်လောက်ကနေစပြီးတော့ ချည်ထည်အရောင်းဆိုင်တွေ တော်တော်များများဖွင့်လာကြတယ်။ ခုဆိုရင် ချည်ထည်အရောင်းဆိုင် ၁၀ ဆိုင် လောက်ရှိနေပြီ"ဟု သဇင်နွယ်ချည်ထည်အရောင်းဆိုင်မှ မဖူးဖူးက ပြောသည်။

နိုင်ငံခြားသား ဝင်ရောက်မှုပိုမိုများပြားလာခြင်းနှင့်အတူ ချည်ထည်အရောင်းဆိုင်များ များပြားလာခြင်းကြောင့် ဈေးလျှော့ရောင်းချမှုများလည်း ပြုလုပ်လာရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"ဦးပိန်တံတားကို ရောက်ရင်တော့ ချည်ထည်ကို နိုင်ငံခြားသား အများစုဝယ်ကြတယ် ဒါပေမဲ့ဆိုင်တွေက များလာပြီး အပြိုင်သဘောဖြစ်လာတော့ အတတ်နိုင်ဆုံး ဈေးလျှော့ပေးလာရတာတွေရှိလာတယ်။ အမြတ်နည်းသွားတာပေါ့။ ခုနောက်ပိုင်းမှာ ချည်ပိတ်အုပ်ဈေးကလည်း နည်းနည်းတက်လာတာလည်း ပါတယ်"ဟု မိုးသောက်ကြယ် ချည်ထည်အရောင်းဆိုင်မှ ဒေါ်နုနုဝင်းက ပြောသည်။

ချည်ပိတ်အုပ်ဈေးမှာတစ်ကိုက်လျှင် ယခင်ကကျပ် ၂,၂၀၀ မှယခုကျပ် ၂,၄၀၀ ထိတက်လာပြီး ချည်ထည်ပေါ်ပန်းချီဒီဇိုင်းဖော်သော လက်ခမှာလည်း လက်ရာပေါ်တွင်မူတည်၍ ဈေးနှုန်းမြင့်တက်လာကြောင်းသိရသည်။

"ချည်ထည်ပေါ်မှာ ဖောင်းကြွရေးတာရှိတယ်။ လက်ရေးပန်းချီ၊ ကပ်ရိုက်တာလည်းရှိတယ်။ ဒီဇိုင်းထွင်တဲ့အပေါ်မှာမူတည်ပြီး လက်ခပေးရတယ်။ ဒီဇိုင်းဆန်းရင်ဆန်းသလိုပေါ့။

"ခုနောက်ပိုင်းမှာကျတော့ ကွန်ပျူတာပန်းထိုးလည်း ခေတ်စားလာတယ်။ ကြိုက်လည်းကြိုက်ကြတယ်"ဟု သဇင်နွယ်ချည်ထည်အရောင်းဆိုင်မှ မရတနာက ဆက်လက်ပြောသည်။

ချည်ထည်ဈေးနှုန်းများမှာ လက်ရာပေါ်တွင်မူတည်၍ ကျပ် ၃,၅၀၀ မှ ကျပ် ၁၀,၀၀၀ ကျော်အထိရှိပြီး၊ ပိုးချိတ်များမှာ ကျပ် ၂၀,၀၀၀ ကျော်မှ ကျပ်ငါးသိန်းကျော်အထိအစားစားရှိကာ ချည်ထည်ပုဆိုးမှာကျပ်၃,၀၀၀မှကျပ်၆,၀၀၀အထိရှိကြောင်းပြောသည်။

"နိုင်ငံခြား ဧည့်သည်တွေကတော့ ချည်ထည်တွေကြိုက်ကြတယ်။ ချည်သားအင်္ကျီနဲ့ ပုဆိုးတွေဝယ်ကြတယ်။ ထိုင်းနဲ့ ကမ္ဘောဒီယားကလာတဲ့အမျိုးသမီးတွေကတော့ ကျပ် ၇၀,၀၀၀ ဝန်းကျင်ဈေးရှိ ပိုးချိတ်ဆင်နဲ့ပိုးချည်ထည်တွေ ဝယ်တာများတယ်။ ဟန်းမိတ်ပုံစံ အကြိုက်များကြတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

ပြည်တွင်း ဝယ်လိုအားမှာလည်း သီတင်းကျွတ်၊ နွေရာသီကျောင်းပိတ်ရက်၊ တောင်ပြိုးပွဲတော်၊ ရတနာ့ဂူပွဲများအတွင်း ရောင်းအားတက်လာကြောင်း ဆိုသည်။

"ပြည်တွင်း ရောင်းအားကတော့ ပွဲတော်ရှိတဲ့အချိန်နဲ့ နွေကျောင်းပိတ်ရက်တွေမှာရောင်းအားကောင်းတယ်။ သင်္ကြန် ရောက်ခါနီးနေပြီဆိုတော့ လက်ဆောင်ပေးဖို့လည်း ဝယ်ကြတယ်။ နောက်ပိုင်းမှာ ကျောင်းသူလေးတွေကလည်း ချည်ထည် ဝမ်းဆက်လေးတွေ ဝတ်လာကြတယ်ဆိုတော့ ပြည်တွင်းရောင်းအားလည်း တက်လာတယ်"ဟု ဒေါ်နုနုဝင်းက ပြောသည်။

ချည်ထည်ပေါ်တွင် စိန်ကပ်သော ဒီဇိုင်းကိုလည်း လူငယ်များ အကြိုက်များလာကာ၊ နောက်ပိုင်းတွင် ကလေးမြို့မှ လာသော ချင်းရိုးရာအထည်များမှာလည်း ဈေးကွက်ဝင်လာကြောင်းပြောသည်။

"လူငယ် အမျိုးသမီးလေးတွေက ချည်သားဆေးရေးပေါ်မှာ စိန်ကပ်တဲ့ ဒီဇိုင်းလေးတွေကြိုက်ကြတယ်။ အကယ်ဒမီဆုပေးပွဲတွေမှာ ရိုးရာဆင်လေးတွေဝတ်လာကတည်းက ချင်း၊ ကချင်ရိုးရာဆင်လေးတွေရောင်းကောင်းလာတယ်"ဟု မဖူးဖူးက ဆိုသည်။

ဦးပိန်တံတားတွင် ရိုးရာချည်ထည်အရောင်းဆိုင်ပေါင်း ၁၀ ဆိုင်ခန့်ရှိပြီး နိုဝင်ဘာ၊ ဒီဇင်ဘာနှင့် ဇန်နဝါရီလများတွင် နိုင်ငံခြားသားဧည့်သည်ဝင်ရောက်မှု အများဆုံးဖြစ်ကာ ရောင်းအားလည်း အထူးတလည် ကောင်းလာတတ်ကြောင်း ၎င်းက ပြောသည်။ ■

ချည်ထည်အရောင်းဆိုင်၌ ချည်ထည်များစိတ်ကြိုက်ရွေးချယ်ဝယ်ယူနေသူတစ်ဦးကို တွေ့ရစဉ်။ ဓာတ်ပုံ - ရွှေဝါလွင်

တိုင်းဒေသကြီး ကိုယ်စားပြု ကာယဗလ မောင်/မယ်များအား ထပ်ဆင့်ဂုဏ်ပြု ဆုချီးမြှင့်ပွဲ ကျင်းပ

အောင်ရဲသွင်

ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုဖလား ကာယဗလမောင်/အမျိုးသမီး ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွက် ကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်ခဲ့ပြီး အောင်မြင်မှုများရရှိခဲ့သည့် အားကစားမောင်မယ်မျ ၁းအားမန္တလေးတိုင်းဒေသကြီးကာယဗလ/ကာယကြံ့ခိုင်မှုဆပ်ကော်မတီမှ ထပ်ဆင့်ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကိုမတ်လ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ၈၀ ကီလိုတန်း ယှဉ်ပြိုင်မှုတွင် ပထမရရှိခဲ့သည့် အောင်အောင်အား ဂုဏ်ပြုချီးမြှင့်ငွေ သုံးသိန်း၊ ၉၀ ကီလိုတန်းတွင် ဒုတိယရရှိခဲ့သည့် ဦးသင်းဝင်းအား ငွေကျပ်နှစ်သိန်းနှင့် အရပ် ၅ပေ ၃ လက်မ အထက် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သည့် မခိုင်ဝေလွင်အား ချီးမြှင့်ငွေကျပ်နှစ်သိန်းကျပ် အသီးသီးဖြင့် တိုင်းဒေသကြီး၊ ဗထူးကာယဗလ/ကာယကြံ့ခိုင်မှုဆပ်ကော်မတီဥက္ကဋ္ဌ ဦးဟန်မြိုင်မှ ချီးမြှင့်ပေးအပ်ခဲ့သည်။

အဆိုပါပြိုင်ပွဲအား ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ခန်းမတွင် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင်ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ ■

တစ်ပတ်အတွင်း သတင်းတိုထွာ

တရားမဝင်ရောင်းချနေသော စက်သုံးဆီဆိုင်ကို ကွင်းဆင်းမစစ်ဆေးဘဲ ကန့်ကွက်တိုင်ကြားသူများကို မြို့နယ်ရုံးသို့ ခေါ်ယူစစ်ဆေး

မန္တလေးအောင်မြေသာစံမြို့နယ် သီရိမာလာအရှေ့ရပ်ကွက် ၂၅ လမ်း၊ ၈၆ လမ်းနှင့် ၈၇ လမ်း အတွင်း တရားမဝင်စက်သုံးဆီဆိုင် ဖွင့်လှစ်ရောင်းချနေမှုကို အကွက် ၁၈၀ နှင့် ၁၈၁ နေ ရပ်ကွက်ပြည်သူများက စုပေါင်းလက်မှတ်ရေးထိုး၍သော်လည်းကောင်း၊ ဗီနိုင်းထောင်၍သော်လည်းကောင်း စုပေါင်းကန့်ကွက်ခဲ့ရာ ကန့်ကွက်ဆန္ဒဖော်ထုတ်ခဲ့သော ရပ်ကွက်သူ၊ ရပ်ကွက်သားများကို အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ ခေါ်ယူစစ်ဆေးခဲ့ကြောင်း မတ်လ ၁၁ ရက်နေ့ထုတ် ရွှေမန္တလေး သတင်းဂျာနယ်မှာ ဖော်ပြထားပါတယ်။

ဆန္ဒပြဖို့ ခွင့်ပြုမိန့် ရဲတပ်ဖွဲ့ထံ တောင်းရတာကို လွှတ်တော်မှာ ပြင်မယ်

ဆန္ဒပြဖို့အတွက် ရဲတပ်ဖွဲ့ကို ခွင့်ပြုမိန့်တောင်းခံရတာဟာ လုပ်ထုံးလုပ်နည်းနဲ့ မညီတာကြောင့် လွှတ်တော်မှာ ပြင်မယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ကံကုန်းကျေးရွာလူထုတွေ့ဆုံပွဲမှာ ပြောကြားသွားကြောင်း မတ်လ ၂၀ ရက်နေ့ထုတ် မြန်နန္ဒာသတင်းဂျာနယ်မှာ ဖော်ပြထားပါတယ်။

မန္တလေး စဉ့်ကူးရဲစခန်းက စခန်းမှူး ကြိုးဆွဲချသေဆုံး

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်၊ စဉ့်ကူးရဲစခန်းမှာ တာဝန်ထမ်းဆောင်နေတဲ့ စခန်းမှူးဟာ ဒီလ ၁၂ ရက် နံနက် ၁၀ နာရီ ၁၀ မိနစ်အချိန်က နေအိမ်မီးဖိုဆောင်မှာ ကြိုးဆွဲချသေဆုံးခဲ့တယ်လို့ သိရကြောင်း မတ်လ ၂၀ ရက်နေ့ထုတ် မြန်နန္ဒာသတင်းဂျာနယ်မှာ ဖော်ပြထားပါတယ်။ ■

ပထမဆုံးအကြိမ် ယဉ်ကျေးလိမ္မာ ကလေးအထူး တရားစခန်းပွဲ ကျင်းပ

ရွှေဝါလွင်

မန္တလေးတိုင်းဒေသကြီး ပညာရေးဝန်ကြီးဌာနနှင့် United Pacific Co.Ltd. တို့ပူးပေါင်း၍ ယဉ်ကျေးလိမ္မာ ကလေးအထူးတရာစခန်းပွဲကို မန္တလေးမြို့၊ မြို့တော်ခန်းမ (၁) တွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါတရားစခန်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောင်းသား၊ ကျောင်းသူများအား ဘာသာတရားကိုင်းရှိုင်းပြီး အသိပညာ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ယဉ်ကျေးလိမ္မာ လူငယ်၊ လူရွယ်ကလေးများဖြစ်စေလာရန် ရည်ရွယ်ကြောင်း ကိုးဘွဲ့ရဆရာတော် ရှင်အာစာရာလင်္ကာရက မိန့်ကြားသည်။

"ဘုရားရှစ်ခိုးနည်းနဲ့ မင်္ဂလာတရား၊ ယဉ်ကျေးလိမ္မာတရား၊ ဗုဒ္ဓဝင်သင်တန်းနဲ့ တရားရှုမှတ်နည်း၊ ဓမ္မဂီတသင်တန်းစတာတွေကို ဒီသင်တန်းမှာသင်ကြားပေးမှာပါ"ဟု ဆရာတော်က ဆက်လက်မိန့်သည်။

ယဉ်ကျေးလိမ္မာ ကလေးအထူးတရားစခန်းပွဲသို့ တက်ရောက်လာသော ကလေးသူငယ်များမှာ သင်တန်းသုံးရက်လုံး၀ မပျက်မကွက်တက်ရောက်ရန်၊ စာရင်းပေးသွင်းသည့်နေ့တွင် အသင်းဝင်ကြေးငွေကျပ် ၃,၀၀၀ ပေးသွင်းရန်၊ သင်တန်းသို့ မိမိတို့အစီအစဉ်ဖြင့် လာရောက်ရန်၊ ကျောင်းဝတ်စုံကို သပ်ရပ်စွာဝတ်ဆင်လာရန် စသည့် စည်းကမ်းချက်များကို လိုက်နာရမည်ဖြစ်ကြောင်းသိရသည်။

"ဒီသင်တန်းကို တက်ရောက်တဲ့ကလေးတွေကို နေ့လယ်စာစီစဉ်ပေးထားပါတယ်။

"နောက်ပြီးသင်တန်းမှာ သင်ရမယ့် သင်တန်းစာအုပ်တစ်အုပ်၊

မန္တလေးအထူးကဏ္ဍ ခ သို့

စာပေဈေးကွက်ကဏ္ဍ

စာဝိုင်း ပေဝိုင်း စကားဝိုင်း

ဖြိုးဝေကျော်

လွတ်လပ်တဲ့အာရှအသံ Radio Free Asia မှာ အသံလွှင့်ခဲ့တဲ့ စာဝိုင်းပေဝိုင်း စကားဝိုင်းတွေထဲက အကြောင်းအရာတွေကို ပြန်လည်ကောက်နှုတ်ဖော်ပြထားတဲ့ မေစာရဲ့စာအုပ်ဖြစ်ပါတယ်။

စာအုပ်စာပေမှာ နှစ်သက်မွေ့လျော်တဲ့သူတွေအတွက် ဒီစာအုပ်ထဲက အကြောင်းအရာတွေဟာ စိတ်ကျေနပ်မှုပေးနိုင်မှာဖြစ်သလို မှတ်ဖွယ်မှတ်ရာအချက်အလက်တွေကိုလည်း တော်တော်များများ တွေ့ကြရမှာပါ။

“ဒီစကားဝိုင်းမှာတင်ဆက်ဖို့ စိတ်ကူးထားတာလေးတွေက ဒီလိုပါ။ တစ်ခါတလေတော့ မေစာဖတ်မိမှတ်မိတဲ့ ပြည်တွင်းပြည်ပ စာအုပ်တစ်အုပ် အကြောင်း၊ စာပေသဘောတရားအကြောင်း၊ စာပေအနုပညာရှင်တွေအကြောင်း၊ တစ်ခါတလေတော့ မြန်မာနဲ့ ကမ္ဘာ့စာပေရှုခင်း၊ စာပေပြဿနာတွေ အကြောင်း ဆွေးနွေးသွားပါ့မယ်။ ဘယ်အချိန်မှာ ဘာရယ်လို့ သတ်မှတ်မထားဘဲ သောတရှင်တွေ စိတ်ဝင်စားမယ်လို့ယူဆရတဲ့ အကြောင်းအရာတွေကို အခြေအနေအချိန်အခါအလိုက် ပြောဆိုသွားပါ့မယ်”လို့ အသံလွှင့်ခဲ့တဲ့ စာဝိုင်းပေဝိုင်း စကားဝိုင်း အဖွင့်မှာ ပြောထားတဲ့အတိုင်း ထုတ်နှုတ်ထားတဲ့အကြောင်းအရာတွေကတော့ အတော်စုံလင်ပါတယ်။

စာအုပ်မှာ ခွဲခြားဖော်ပြထားတဲ့ ခေါင်းစဉ်ကြီးတွေကိုပြောရရင် ‘ဘာသာစကား’၊ ‘တိုင်းရင်းသားဘာသာစကားနဲ့စာပေ’၊ ‘စာပေဆုအမျိုးမျိုး’၊ ‘စာပေဟောပြောပွဲနဲ့ဆွေးနွေးပွဲ’၊ ‘စာပေပညာရှင်အမှတ်တရ’၊ ‘စာအုပ်စာပေရှုခင်း’၊ ‘ကဗျာ’၊ ‘ပြဇာတ်’တို့ပါဝင်ထားပါတယ်။

နောက်ထပ် ‘ဝတ္ထုတို/ရှည်’၊ ‘သတင်းစာ/မဂ္ဂဇင်းစာစောင်’၊ ‘တွေ့ဆုံမေးမြန်းခန်း’၊ ‘စာပေယဉ်ကျေးမှုအနုပညာ’ ကဏ္ဍတွေကိုလည်း တွေ့ရမှာပါ။

အထက်က ခေါင်းစဉ်ကဏ္ဍတွေအောက်မှာ ခေါင်းစဉ်ခွဲတွေများစွာနဲ့ ဆက်လက်ဖော်ပြထားတာကြောင့် စာဖတ်သူတွေအနေနဲ့ စိတ်ဝင်စားစရာအကြောင်းအရာတွေကို တစ်ဝကြီးဖတ်ရှုခွင့်ရမှာမလွဲပါဘူး။

စာဝိုင်းပေဝိုင်း စကားဝိုင်းဖွဲ့ထားတဲ့သူအစထုတ် ဆွေးနွေးပေးထားတဲ့အကြောင်းအရာတွေကို ဖတ်ရှုရတဲ့နောက်မှာ စာဖတ်သူကိုယ်တိုင် အဲဒီအကြောင်းအရာကို ဆက်လက်ရှာဖွေ လေ့လာချင်စိတ် ပေါ်ပေါက်လာမှာဖြစ်သလို ဖတ်သင့်တဲ့စာအုပ်တွေကိုလည်း တွေ့မြင်မိလိမ့်မယ်လို့ ဆိုပါရစေ။

ဒီစာအုပ်ကို စတင်ဖတ်ရှုတဲ့အခါ အစဦးဆုံးအခန်းရဲ့ ခေါင်းစဉ်ခွဲတွေပါ အကြောင်းအရာတွေကစပြီး စိတ်ဝင်စားစရာဖြစ်နေတာကို တွေ့ကြရပါလိမ့်မယ်။ ‘ဘာသာစကား’ ခေါင်းစဉ်အောက်မှာ ‘ကာတွန်းဘာသာစကား’ နဲ့ ‘လူ့ရှင်တော်တွေရဲ့ အာဝဇ္ဇန်း’လို သွက်လက်တဲ့ စိတ်ဝင်စားစရာတွေနဲ့အတူ ဖတ်မှတ်ပြီးဆက်တွေးမိမယ့် အကြောင်းအရာတွေကလည်း အများသားပါပဲ။

စာဖတ်သူတွေအနေနဲ့ ‘စာပေဆုအမျိုးမျိုး’ ခေါင်းစဉ်အောက်မှာပါဝင်တဲ့ ခေါင်းစဉ်ခွဲအမျိုးမျိုးကိုလည်း နှစ်သက်နိုင်ကြမှာဖြစ်ပြီး ‘ကဗျာ’၊ ‘စာအုပ်စာပေရှုခင်း’ တို့ကိုလည်း အလွတ်ပေးမိကြမှာ



မဟုတ်ပါဘူး။ အထူးသဖြင့် ‘ဝတ္ထုတို/ရှည်’ကဏ္ဍကို နှစ်ခြိုက်နိုင်ပြီး ‘စာနဲ့ပြဿနာ’၊ ‘ပြဿနာကို တူးဆွပြထားတဲ့ဝတ္ထုတိုတချို့’၊ ‘ခေတ်စီးပွားရေးသရုပ်ပြဝတ္ထုတိုစု’ စတဲ့ခေါင်းစဉ်ခွဲတွေနဲ့အတူ လက်မလွှတ်ချင်တဲ့ ခေါင်းစဉ်ခွဲတွေကို တွေ့ရပါမယ်။

ပြီးတော့ ‘စာပေဆွေးနွေးခန်း’မှာ တစ်ဦးချင်းစီတွေ့ရမယ့် စာရေးဆရာ၊ ဆရာမတွေအဖြစ် မောင်သာနိုး၊ အောင်သင်း၊ ညီပုလေး၊ ဒဂုန်တာရာ၊ နေဝင်းမြင့်နဲ့မသီတာ(စမ်းချောင်း)တို့ပါဝင်ထားပါတယ်။ ဒါတွေကလည်း မလွတ်တမ်းဖတ်ရမယ့်အရာတွေပါပဲ။

လွတ်လပ်တဲ့အာရှအသံ Radio Free Asia မှာ ၂၀၀၇ ခုနှစ်၊ မတ်လက စပြီး စာဝိုင်းပေဝိုင်း စကားဝိုင်းဖွဲ့ခဲ့တဲ့ထဲက ‘အနှစ်’တွေကို အမှတ် ၁ အဖြစ် စုပေးလိုက်တဲ့ဒီစာအုပ်ကို စိတ်ကူးချိုချိုအနုပညာစာပေကနေ မေတ္တာလက်ဆောင် အသံစီဒီခွေနဲ့ တွဲဖက်ထည့်ပေးထားပြီး ၂၀၁၃၊ ဖေဖော်ဝါရီမှာ ပထမအကြိမ် အုပ်ရေ ၅၀၀ ထုတ်ဝေထားပါတယ်။ တန်ဖိုးကျပ် ၃,၇၀၀ ဖြစ်ပါတယ်။ ■

ပထမဆုံးအကြိမ် ယဉ်ကျေးလိမ္မာကလေးအထူး . . .

မန္တလေးအထူးကဏ္ဍ က မှ

ဗလာစာအုပ်တစ်အုပ်၊ ဘောပင်တစ်ချောင်းနဲ့ ယောဂီတဘက်တစ်ထည်စီကို ထုတ်ပေးထားပါတယ်။ ဒီသင်တန်းကို မြို့နယ်အသီးသီးမှာရှိတဲ့ ကျောင်းတွေက စတုတ္ထတန်းကနေ နဝမတန်းထိ တက်ရောက်နေတဲ့ ကျောင်းသား၊ ကျောင်းသူပေါင်း ၁,၅၀၀ လောက် လာတက်ပါတယ်”ဟု သင်တန်းမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

၎င်းတရားစခန်းပွဲကို နံနက် ၈ နာရီမှ ညနေ ၅ နာရီထိ၊ မတ်လ ၁၇ ရက်နေ့မှ ၁၉ ရက်ထိ သုံးရက်ကျင်းပပြုလုပ်ခဲ့ပြီး မန္တလေးမြို့တော်ဝန် ဦးအောင်မောင်း၊ သစ်တော၊ သတ္တုနှင့် သာသနာရေးဝန်ကြီးဦးစိုးမြင့်၊ လူမှုရေးဝန်ကြီးဒေါက်တာဝင်းလှိုင်တို့မှ ကိုးဘွဲ့ရ ယဉ်ကျေးလိမ္မာ ကလေးအထူးတရားစခန်းပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ ■

ပစ္စည်းသစ်အဖြာဖြာ ဖတ်စရာ

ကြေးမုံဝင်း

ဒီတစ်ပတ်မှာတော့ ဆန်းသစ်လှပပြီး စာဖတ်သူတွေ စိတ်ဝင်စား အံ့သြသွားစေမယ့် ပစ္စည်းအသစ်လေးတွေနဲ့ပဲ မိတ်ဆက်ပေးသွားမှာပါ။

abmvfyift oHrpuf

ရုတ်တရက်ကြည့်ရင် သာမန် ဘောလ်ပင်တစ်ချောင်းပဲဖြစ်ပေမယ့် တကယ်တမ်းမှာတော့ အသံဖမ်းစက်အဖြစ်ပါ အသုံးပြုနိုင်မယ့် ဆန်းသစ်တဲ့ ပစ္စည်းငယ်ပါ။ Built-in မှတ်ဉာဏ် 4 GB ပါတဲ့အပြင် တခြားအမ်ပီသရီး စက်တွေလို သီချင်းလည်း နားထောင်လို့ရပါသေးတယ်။ သွင်းထားတဲ့ အသံဖိုင်တွေကို ကွန်ပျူတာနဲ့ချိတ်ဆက်ပြီး နားထောင်နိုင်သလို ဘောလ်ပင်မှာပဲ နားကြပ်နဲ့တပ်ပြီး ချက်ချင်းပြန်နားထောင်နိုင်ပါတယ်တဲ့။ ဘောလ်ပင်မှင် ကုန်သွားရင်လည်း အသစ်လဲလှယ် အသုံးပြုနိုင်ဖို့ မှင်ချောင်းအပိုပါတယ်။ ဈေးနှုန်းကတော့ ကျပ် ၇၀,၀၀၀ ဝန်းကျင်ပါ။ အား သွင်းပြီး အသုံးပြုရမှာ ဖြစ်ပါတယ်။

abmvfyifuif&m

သူကတော့ အသံဖမ်းဖို့၊ သီချင်းနားထောင်ဖို့အပြင် ဓာတ်ပုံရိုက်ဖို့နဲ့ ဗီဒီယိုရိုက်ဖို့အတွက် ကင်မရာငယ်တစ်ခုပါပါဝင်ပါတယ်။ သူ့ရဲ့ထူးခြားချက်က ကင်မရာကို ကိုယ်အသုံးမပြုတဲ့အချိန်မှာ ဖွက်ထားလို့ရနိုင်တာပါပဲ။ ကင်မရာငယ်က ရိုက်ကူးတဲ့ ဗီဒီယိုဖိုင်တွေက HD ကွာလတီ ရရှိနိုင်တယ်လို့ ဆိုပါတယ်။ ကွန်ပျူတာနဲ့ပဲဖြစ်ဖြစ် လျှပ်စစ်မီးနဲ့ပဲဖြစ်ဖြစ် အားသွင်းနိုင်ပြီး မှတ်ဉာဏ်က 4 GB ပါ။ Micro SD ကတ် ထပ်ထည့်နိုင်ပြီး 16 GB အထိ support လုပ်ပေးနိုင်ပါတယ်။ ဒီဇိုင်းက လူငယ်တွေအကြိုက် LV (Louis Vuitton) ဒီဇိုင်းဖြစ်ပါတယ်။ ဈေးနှုန်းကတော့ ကျပ် တစ်သိန်းဝန်းကျင် ဖြစ်ပါတယ်။

tdboku;ok&caowai ,f

မိမိရဲ့ အိပ်ခန်းထဲမှာ ဒါမှမဟုတ် မိမိခရီးသွားတဲ့အချိန်မှာ သယ်ဆောင်သွားနိုင်တဲ့ သေတ္တာငယ်ပါ။ ခဲခန်းမပါတာကြောင့် ရေခဲ မခဲနိုင်ပေမယ့် ရေနဲ့အအေးဘူးတွေကိုတော့ ကောင်းကောင်း အအေးဓာတ်ပေးနိုင်ပါတယ်။ ထမင်းဟင်းတွေကို အပူပေးချင်တယ်ဆိုရင်လည်းအပူပေးတဲ့စနစ် ပါဝင်ပါတယ်။ ဗို့အား ၁၂ ဗို့ အသုံးပြုပြီး Fan Type ဖြစ်တာကြောင့် ရိုးရိုးရေခဲ သေတ္တာတွေလို ဂက်စ်ဖြည့်ဖို့မလိုပါဘူး။ ခရီးဆောင်အဖြစ်အသုံးပြုမယ် ဆိုရင်တော့ စီးကရက်မီးညှိလို့ရတဲ့ ကွိုင်ပေါက်နဲ့ ချိတ်ဆက်အသုံးပြုရမှာပါ။ အနီနဲ့အဖြူ အရောင်နှစ်မျိုးရှိပြီး ဈေးနှုန်းက ကျပ်တစ်သိန်းကျော်ပါ။

xrif;bl;yxrif;t d ,f

မီးပလပ်ပေါက်နဲ့ ချိတ်ဆက်ပြီး အသုံးပြုမယ်ဆိုရင် ဆန်နှစ်ဘူးချက် လျှပ်စစ်ထမင်းပေါင်းအိုးအဖြစ် အသုံးပြုနိုင်သလို ချက်ထားတဲ့ထမင်းနဲ့အတူ ဟင်းပါ ရောထည့်ပြီး ထမင်းဘူးအဖြစ်လည်း သုံးလို့ရပါသေးတယ်။ အဖြူနဲ့ အနက်၊ အဖြူနဲ့ပန်းရောင်စတဲ့ အရောင် ကွဲတွေ ရရှိနိုင်သလို ဒီဇိုင်းမတူတဲ့ အသီးပုံစံ လျှပ်စစ်ထမင်းပေါင်းအိုးငယ် မန္တလေးအထူးကဏ္ဍ ဂ သို့

Smart Skin Center မှ ဒေါ်စိန်စိန်မြင့်နှင့် တွေ့ဆုံမေးမြန်းခြင်း

ရွှေဝါလွင်

မြန်မာနိုင်ငံ၏ ပထမဆုံး E-Lightrays အသုံးပြုပြီး ရှိရင်းစွဲအသက်ထက် ၁၀ နှစ်စာ ပြန်လည်နုပျိုလှပစေအောင် ပြုလုပ်ပေးနိုင်စွမ်းရှိတဲ့ Smart Skin Center က ဒေါ်စိန်စိန်မြင့်နဲ့ တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

ဒေါ်စိန်စိန်မြင့်

*** Smart Skin Center ကို ဘယ်အချိန်ကစပြီး ဖွင့်ဖြစ်တာလဲ။**

Smart Hair, Beauty, Nail Academy ဖွင့်တာကတော့ ၁၀ နှစ်လောက်ရှိနေပါပြီ။ ဒါပေမဲ့ ဒီ Smart Skin Center ဆိုင်လေးကတော့ ဖွင့်တာ သိပ်မကြာသေးပါဘူး။

*** E-Lightrays ဆိုတာ ဘာကိုခေါ်ပါသလဲ။**

E-Lightrays က အဓိက Treatment လုပ်ပေးတာပေါ့။ ဥပမာ အသားအရေပါးတဲ့ အမျိုးသမီးတွေရဲ့ မျက်နှာမှာ ဖြစ်တတ်တဲ့အမည်းစက်တွေ၊ တင်းတိတ်တွေ နောက်ပြန် ထွက်မလာအောင် Treatment လုပ်ပေးတာမျိုးပေါ့။

*** ဒီဆိုင်လေးဖွင့်ဖြစ်ခဲ့ပုံကို သိချင်ပါတယ်။**

အဓိကကတော့ အမျိုးသမီးတွေအတွက် ရည်ရွယ်တာပါ။ အလှအပ အရမ်းကြိုက်တဲ့အမျိုးသမီးတွေက နိုင်ငံခြားထိသွားပြီးတော့ကို လမ်းစရိတ်တွေ အကုန်ခံပြီးသွားကုကြတယ်။ အဲဒီကြတော့ ကုန်ကျစရိတ်တွေလည်း အရမ်းများတယ်။ ဆေးကုသစရိတ်လည်း ဈေးကြီးတယ်ဆိုတော့ မြန်မာပြည်မှာ ရှိတဲ့လှပချင်သူတွေအတွက် အချိန်ကုန်၊ ငွေကုန်သက်သက်သာသာနဲ့ လှပစေနိုင်ဖို့နဲ့ မြန်မာနိုင်ငံက Beauty Saloon တွေကို အဆင့်အတန်းမြင့်မားလာနိုင်စေဖို့ ရည်ရွယ်ပါတယ်။

*** ဒီဆိုင်မှာရနိုင်တဲ့ စက်ပစ္စည်းအမျိုးအစား ဘယ်နှစ်မျိုးလောက်ရှိပါသလဲ။**

စက်အမျိုးအစားတွေကတော့ AE-Light Derm Life Machine, Clinical Application Of Low Frequency Ultrasound, Magical Scanner, RF (Radio Frequency) စတဲ့စက်တွေကို မြန်မာပြည်မှာ ဖြန့်ချိပေးမှာပါ။

*** စက်ရဲ့ဈေးနှုန်းတွေကရော ဘယ်လောက်ထိရှိလဲ။**

စက်ဈေးနှုန်းတွေကတော့ အမေရိကန်ဒေါ်လာ ၈,၀၀၀ ကနေ ၄၀,၀၀၀ အထိရှိတယ်။ စက်တွေအားလုံးက အင်္ဂလန်ကလာတဲ့ပစ္စည်းတွေပါ။

*** ဒီစက်တွေကိုဝယ်တဲ့သူတွေကိုရော အစ်မအနေနဲ့ အသုံးပြုနည်းကို ပြန်ပြီးသင်ပြပေးမှာပါလား။**

ပြန်ပြီးသင်ပြပေးဖို့လည်း အစီအစဉ်ရှိပါတယ်။ ကျွမ်းကျင်တဲ့အထိဆိုရင် အနည်းဆုံးခြောက်လလောက်တော့ သင်ရပါမယ်။

*** ဒီစက်တွေကနေပြီးတော့ ဘယ်လိုပြုပြင်မှုမျိုးတွေလုပ်နိုင်လဲ။**

စက်က အသားအရေမွဲခြောက်နေသူတွေ၊ လေဆာနဲ့ပြုပြင်ထားပေမယ့် စိတ်တိုင်းမကျသူတွေအတွက် အသားအရေပြန်လည်တင်းရင်းအောင် ပြုလုပ်ပေးတယ်။ မလိုတဲ့အမွေးအမှင်တွေကိုလည်း နောက်တစ်သက်ပြန်ပေါက်မလာအောင် ဖယ်ရှားပေးတယ်။ နေလောင်ကွက်၊ ဝက်ခြံ၊ တင်းတိတ်တွေကိုလည်း ပျောက်အောင်ကုပေးတယ်။ ဗိုက်ခေါက်ထူပြီး ခါးတုတ်နေသူတွေအတွက်လည်း ခါးလိုင်းပေါ်ပြီး အဆီကျဗိုက်ချပ်လှပစေနိုင်ဖို့နဲ့ ကလေးမွေးထားတဲ့မိခင်တွေ ဗိုက်ကြောပြတ်တာတွေ၊ လည်ပင်းတစ်ဝိုက်မှာ အရေးအကြောင်းနဲ့ အဆီရစ်များနေတာတွေကိုလည်း ပြန်လည်ပြုပြင်ပေးပါတယ်။

*** အစ်မအနေနဲ့ ဒီလိုပညာတွေကို ဘယ်နိုင်ငံကနေ သင်ယူလာပါသလဲ။**

အင်္ဂလန်ကနေ သင်ယူခဲ့တာပါ။

*** လက်ရှိအစ်မဆီမှာ E-Light Rays နဲ့ကုသနေတဲ့သူ ဘယ်နှစ်ယောက်များရှိပါသလဲ။**

လက်ရှိမှာတော့ ခြောက်ယောက်လောက်ရှိပါတယ်။ ဒီ E-Light Rays က ခုမှအသစ်ဆိုတော့ သိတဲ့သူလည်း သိပ်ပြီးမရှိသေးပါဘူး။

*** ဆိုင်ခွဲတွေထပ်ဖွင့်ဖို့ရော အစီအစဉ်ရှိပါသလား၊**

ရှိပါတယ်။ ပထမဦးဆုံး မန္တလေးမှာ ဖွင့်ဖြစ်တာပေါ့။ နောက်ပိုင်းမှာ ရန်ကုန်တို့၊ တောင်ကြီးတို့မှာလည်း ဖွင့်ပေးဖို့ အစီစဉ်တွေရှိပါတယ်။

*** အသားအရေနဲ့ပတ်သက်ပြီး အကြံပေးချင်တာက ဘာများဖြစ်မလဲ။**

အဓိကတော့ ဝက်ခြံပေါက်တဲ့သူတွေပဲ။ သူတို့ကမျက်နှာကို ဓားနဲ့အများစုခွဲကြတာတွေ့ရတယ်။ အဲလိုမလုပ်ကြဖို့ ပြောချင်ပါတယ်။ ဓားနဲ့ခွဲထားတဲ့သူတွေက ကုရင်အရင်မျက်နှာကိုပြန်ရဖို့ အချိန်တော်တော်ယူရပါတယ်။ နောက်ပြီး မြန်မာနိုင်ငံကလူတွေကို ရေများများသောက်ပေးဖို့လည်း ပြောချင်ပါတယ်။

*** ဝက်ခြံပေါက်တဲ့သူတွေက လာပြီးကုရင် ကုန်ကျစရိတ်က ဘယ်လောက် ရှိနိုင်လဲ။**

ဒါကတော့ သူ့ရဲ့မျက်နှာမှာရှိတဲ့ ဝက်ခြံအနည်းအများပေါ်မှာ မူတည်ပြီးတော့ ကုန်ကျမှာပေါ့နော်။ နောက်ပြီး အစ်မတို့ဆေးကုနေတဲ့ အချိန်အတွင်းမှာ ဆေးကုသမှုခံယူတဲ့သူက အစ်မတို့ရဲ့ လိုက်နာစေလိုတဲ့အချက် လေးတွေကိုလည်း လိုက်နာပေးဖို့လို အပ်ပါတယ်။

*** ဆိုင်လိပ်စာလေးပြောပေးပါဦး။**

Smart Hair, Beauty, Nail Academy B3 (F4), 78 လမ်း ရွှေဖြူပလာဇာ၊ မန္တလေး၊ 09-40253 4888 ပါ။ Smart Skin Center, S3 Trading Co.Ltd, B2.No.1,32street. Btw 77 & 78 Sts. Ph:09-201 2889, 09-444028577 ပါ။ ■

ပစ္စည်းသစ်အဖြာဖြာ ဖတ်စရာ . . .

မန္တလေးအထူးကဏ္ဍ ခ မှ

တွေလည်းရှိပါသေးတယ်။ တရုတ်နိုင်ငံလုပ်ဖြစ်ပြီး ဈေးနှုန်းက ကျပ် ၂၀,၀၀၀ ဖြစ်ပါတယ်။

a&S [mif;zkef;yHkpHDpf

ဧည့်ခန်းမှာ အလှထားဖို့အတွက် အသုံးပြုနိုင်တဲ့ မီးခြစ်ငယ်ပါ။ ကြေးနဲ့ ပြုလုပ်ထားပြီး ဒီဇိုင်းက ရှေးဟောင်း တယ်လီဖုန်းပုံစံငယ်ဖြစ်ပါတယ်။ ရိုးရိုး မီးခြစ်တွေလိုပဲ ဂက်စ်ဖြည့်အသုံးပြုရ မှာဖြစ်ပါတယ်။ တခြားလေယာဉ်ပုံ၊ ဆိုင်ကယ်ပုံ ဒီဇိုင်းတွေလည်းရှိပါသေးတယ်။ ဈေးနှုန်းက ကျပ် တစ်သောင်း ကျော်ပါ။

'Dsifqefpy*D*mi , f*sm;

ငါးသုံးလုံး စီးကရက်ဘူးဒီဇိုင်း၊ Android ဒီဇိုင်းနဲ့ စပီကာလေးတွေက မြင်ဖူးလေ့မရှိတဲ့ ဒီဇိုင်းအသစ်အဆန်းလေးတွေ ဖြစ်တာကြောင့် အသစ်အဆန်းမှ ကြိုက်တတ်တဲ့ သူတွေအတွက် အထူးသင့်တော်မှာပါ။ စီးကရက်ဘူးပုံက USB Stick, Card Slot, Earphone စတာတွေနဲ့ချိတ်ဆက်အသုံးပြုနိုင်ပါတယ်။ Android ဒီဇိုင်းကတော့ Card Slot ပါဝင်ပြီး FM ရေဒီယိုလည်း နားထောင်နိုင်ပါတယ်။ ဈေးနှုန်းတွေကတော့ ကျပ် ၇,၀၀၀ ဝန်းကျင် တွေ ဖြစ် ပါတယ်။

အခုပြောပြသွားတဲ့ ပစ္စည်းတွေကို စိတ်ဝင်စားလို့ ဝယ်ယူချင်တယ်ဆိုရင် တော့ မန္တလေးမြို့၊ သိပ္ပံလမ်း၊ ၆၆ လမ်းနဲ့ ၆၇ လမ်းကြားမှာရှိတဲ့ စပ ဖုန်းနဲ့ ဖန်စီပစ္စည်းအရောင်းဆိုင်မှာ ဝယ်ယူ ရရှိနိုင်တဲ့အကြောင်း မိတ်ဆက် ဖော်ပြ လိုက်ပါတယ်နော်. . .။ ■

ကုန်ပစ္စည်းကဏ္ဍ

မန္တလေးလုပ်ငန်းရှင်များအတွက်
အထူးအခွင့်အရေး
ဈေးနှုန်းသက်သာစွာဖြင့် ကြော်ငြာချင်သလား?
မန္တလေးအထူးစာမျက်နှာတွင်
ကြော်ငြာပါ !

Mandalay Classfied Rate

5cm	x	1col	=	K - 10,000
5cm	x	2col	=	K - 20,000
5cm	x	3col	=	K - 30,000
7cm	x	3col	=	K - 40,000

Hot Line
02-24450,65391,65392

KHAING HTUN TRADING CO.,LTD.
ခိုင်ထွန်း
စတီးပိုက်၊ စတီးပြားနှင့်
စတီးအလှဆင်ပစ္စည်းအမျိုးမျိုး
ဖြန့်ချိရေး
ရန်ကုန်(ဆိုင်) - အကွက်(၁)ပြည်တော်စုလမ်း နှင့် ချင်းတွင်းလမ်းထောင့်၊ တောင်ဒဂုံစက်မှုဇုန်(၂)ဆိုင်းဘုတ် နှင့်ကပ်လျက်၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ရန်ကုန်မြို့။ ✆ 01-591243, 590579, 595466, 8100422, 8100423, 09-5126299, 09-2002255
တာမွေဆိုင်ခွဲ - အမှတ်(၄၄၃)၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ✆ 01-400788 , 09-73078066
သင်္ဃန်းကျွန်းဆိုင်ခွဲ - အမှတ်(C-3)၊ ရွှေကိန္နရီ Shop House၊ လေးထောင့်ကန်လမ်းမကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ✆ 01-8550929, 09-73127594 , 09-73127595
မန္တလေး(ဆိုင်) - အမှတ်(၂၂၅)၊ ၃၆ လမ်း၊ ၈၃×၈၄ လမ်းကြား၊ မန္တလေးမြို့။ ✆ 02-68560, 72627, 34927, 63799, 09 - 2011317, 9102106I

မန်းရှင်
အောက်စီဂျင် စက်ရုံ
ဂက်(စ်) အမျိုးမျိုးရရှိနိုင်ပါသည်
မန္တလေးအောက်စီဂျင်စက်ရုံ နှင့် တောင်ကြီးစက်မှုဇုံတွင် မှန်ကန်သောဈေးနှုန်းဖြင့်လက်လီလက်ကားရရှိနိုင်ပါသည်။
မန္တလေးအောက်ဆီဂျင်စက်ရုံ အရောင်းဆိုင် - အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ဘက်စုံ ၆၊ ရန်ကုန်-မန္တလေးလမ်းမကြီးအရှေ့ဘက်၊ စက်မှုဇုန်၊ မန္တလေးမြို့။ ဖုန်း-၀၂-၅၁၅၄၄၀၀၊ ၀၉-၉၁၀၃၅၇၇၉၊ ၀၉-၂၀၀၀၂၉၀
တောင်ကြီးအောက်ဆီဂျင်စက်ရုံ အရောင်းဆိုင် - ဦးပိုင်အမှတ် (၇၉၊ ၄၇၉-၄၀၀-၅၀၁-၅၀၂)၊ ဗိုလ်ချုပ်လမ်း၊ စက်မှုဇုန်၃/တိုးချဲ့၊ အေးသာယာစက်မှုဇုန်၊ တောင်ကြီးမြို့နယ်။ ဖုန်း ၀၉-၉၁၀၃၅၇၇၈၊ ၀၉-၂၀၀၀၂၉၀

ပလိပ်အင်းမှ ရေငှက်များပြပွဲနှင့်ဟောပြောပွဲကျင်းပမည်

စိန်မျိုးမြင့်

ပလိပ်အင်းမှရေငှက်များ ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲကို ပူးတွဲကျင်းပသွားမည်ဖြစ်သည်။

ပလိပ်မြို့သည် မန္တလေးမြို့၏ အနောက်တောင်ဘက် ၁၀ မိုင်ခန့်အကွာတွင် တည်ရှိ၏။ ထိုပလိပ်မြို့အနီး၌ ပလိပ်အင်းကို တွေ့ရ၏။ အလျား ၂ ဒသမ ၃ ကီလိုမီတာ၊ အနံ ၂ ဒသမ ၁ ကီလိုမီတာခန့် ကျယ်ဝန်း၍ အင်းရေပြင်သည် မိုးရာသီ၌ ၃၂၇ ဒသမ ၇၆ ဟက်တာ၊ နွေရာသီတွင် ၄၀ ဒသမ ၄၇ ဟက်တာ ကျယ်ဝန်းသည်။

ထိုအင်း၌ ဒေသရင်း အမြဲနေ ငှက်မျိုးပေါင်း ၂၀ နှင့် နိုင်ငံရပ်ခြားမှ ဆောင်းခိုညှော်ငှက် ၁၀ မျိုး နေထိုင်ကျက်စားကြသည်။ အားလုံးမှာ ရေပျော်ငှက်များဖြစ်ကြသည်။ ထိုရေငှက်များ၌ ကမ္ဘာပေါ်တွင် မျိုးတုံး အန္တရာယ်နှင့် ရင်ဆိုင်လုမျိုးစိတ် (Nearly Threatened Species) များဖြစ်သည့် Ferruginous၊ Pochard၊ Oriental Darter၊ Black-headed Lbis နှင့် ဘဲအ (Eurasian Wigeon)၊ ဂါဂနီဘဲ (Garganey) မျိုးစိတ်များ ပါဝင်သည်။

အင်း၏အခြေအနေမှာ ယခင်နှစ်များစွာက အခြေအနေနှင့် နှိုင်းဆပါက ကောလာသည်ကို တွေ့နေရ၏။ သဘာဝဂေဟစနစ် မပျက်ယွင်းဘဲ ရေငှက်များ ကျက်စားနိုင်ရန်အတွက် အင်းအခြေအနေကို ထိန်းသိမ်းရန်လိုနေပြီဖြစ်၏။ အင်းကောလာခြင်းမှာ ဒေသခံများက စိုက်ပျိုးမြေများအဖြစ် ချဲ့ထွင်ပြုပြင်လာခြင်း၊ ပတ်ဝန်းကျင်၌ စက်ရုံ အလုပ်ရုံ၊ လုပ်ငန်းအဆောက်အအုံများ တိုးချဲ့လာ ခြင်း၊ ယခင်က မြစ်ငယ်မြစ်မှ ဝင်ရောက်သော ရေဝေရေလဲစနစ် အားနည်းလာခြင်းတို့ကြောင့်ဖြစ်သည်။

ထိုပလိပ်အင်းအတွင်းမှ ငှက်များကို ငှက်ဝါသနာရှင်များနှင့် ဓာတ်ပုံဝါသနာရှင်များက အချိန်ယူ သွားရောက်၍ မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးထားကြရာ မကြာမီ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၆၊ ၂၇ ရက်တို့တွင် ပလိပ်မြို့ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ဓာတ်ပုံပြပွဲတစ်ရပ်ကို ခင်းကျင်းပြသသွားရန် စီစဉ်လျက်ရှိသည်။ ဓာတ်ပုံပေါင်းများစွာကို ခင်းကျင်းပြသမည့်အပြင် ပလိပ်အင်းမှ ရေငှက်များအကြောင်းနှင့်ပတ်သက်၍ ဟောပြောပွဲပါ ကျင်းပမည်ဖြစ်သည်။ ထိုပြပွဲနှင့် ဟောပြောပွဲဖြစ်မြောက်ရေးအတွက် River Bank Art Centre နှင့် ရွှေဖိုးခေါင်ဂျာနယ်တို့က မတည်ပေးခဲ့သည်။ ဓာတ်ပုံပညာရှင် ကျော်မျိုးနိုင်၊ စိန်မျိုးမြင့်တို့နှင့် ငှက်ကျွမ်းကျင်သူ ပညာရှင် ဒေါက်တာသိန်းအောင်၊ ဦးဇေမောင်သိန်းတို့က ဟောပြောကြမည်ဖြစ်ကြောင်းသိရသည်။ ■

ရှမ်းစာပေ အခမဲ့သင်တန်းဖွင့်

မန္တလေးမြို့ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့က နွေရာသီ ရှမ်းစာပေ အခမဲ့သင်တန်းကို မတ်လ ၁၁ ရက်နေ့မှ စတင်၍ တစ်လခွဲ ခန့်သင်ကြားမည်ဖြစ်ပြီး နှစ်စဉ်သင်ကြားခဲ့ခြင်းဖြစ်ကာ ၂၀၀၄ ခုနှစ်က စတင်ခဲ့ခြင်းဖြစ်သည်။

"အခြေခံ ရှမ်းစာပေနဲ့စကားပြော သင်ပါတယ်။ ရှမ်းလူမျိုးမဟုတ်ပေမယ့်လည်း တခြားလူမျိုးတွေကလည်း ဗဟုသုတ အနေနဲ့ လာရောက်သင်ကြပါတယ်။ ဆရာဝန်တို့ ရှေ့နေတို့စသဖြင့်ပေါ့လေ။ နှစ်စဉ်သင်တန်းသား ၆၀-၇၀ လောက် ရှိပေမယ့် ဒီနှစ်တော့ ၃၀-၄၀ လောက်ပဲ ရှိပါတယ်။ အဓိကကတော့ နေရာပေါ့။ မြို့တွင်းပိုင်းမဟုတ်ဘူး" သင်ကြားရေး ဆရာလည်းဖြစ်၊ အဆိုပါအဖွဲ့၏ ဒုဥက္ကဋ္ဌ ဖြစ်သူ ဦးစိုင်းအောင်မိန်းက ဆိုသည်။

ရှမ်းစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအားဖြင့် သင်တန်းနေရာ၊ ဆရာဆရာမအင်အား၊ နွေရာသီတွင်သာမက နှစ်ပတ်လည် သင်ကြားနိုင်မှုအနေအထား၊ သင်ကြားမှုနည်းစနစ်များ လိုအပ်နေသေးကြောင်း ၎င်းက ဆိုသည်။ မန္တလေးမြို့တွင် ရှမ်းတိုင်းရင်းသား ၂၀,၀၀၀ ခန့်နေထိုင်သည်ဟု သိရှိရသည်။ **ခင်ဆုဝေ** ■

စမိုင်းလ်စ်ဖောင်ဒေးရှင်း ဟောပြော

မန္တလေးမြို့တွင် အမျိုးသမီးအသက်မွေးမှုပညာရပ်များ သင်ကြားပေးနေသော အဖွဲ့အစည်းတစ်ခုဖြစ်သည့် စမိုင်းလ်စ်ဖောင်ဒေးရှင်းက ပညာရေးဆိုင်ရာဟောပြောပွဲတစ်ခုကို မတ်လ ၁၅ ရက်နေ့က ဖောင်ဒေးရှင်းတည်ရှိရာ ခန်းမ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲ၌ နိုင်ငံရပ်ခြားတွင် ပညာသင်ချင်သူများ၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ GCE A Level တက်ရောက်နေသူများနှင့် TOEFL အမှတ်၄၅၀ အထက်ရရှိသူများအတွက် အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ်ရှိ Butte Community College, Chicago တွင် သင့်တင့်သောနှုန်းထားဖြင့် တက်ရောက်နိုင်မည့် အခွင့်အရေးများအကြောင်း စမိုင်းလ်စ်ဖောင်ဒေးရှင်းဒါရိုက်တာ ဒေါ်မေပုလဲသွယ်က ပြောကြားသည်။ **လှိုင်ကျော်စိုး** ■

MANDALAY QuickGuide

Advertising Hotline:
02 65391 | 02 24450
www.mmtimes.com

GEMS & JEWELLERY

တော်ဝင် စိန်တိုက်

အောင်သမာဓိ
စိန်ရွှေရတနာဆိုင်
(1): 89th st, Bet 21st & 22nd st, MDY Ph: 02-39730, 02-71744
(2): No.115, 84th st, Bet: 29th & 30th st, MDY. Ph: 02-66786
(3): No.55, 29th st (Lower block), YGN. Ph: 01-389922, 01-374488
(4): 14th St, Bet 87th & 88th St, MDY. Ph: 02-73108

ဝိန္ဒိစိန် စိန်ရတနာရွှေဆိုင်

ဦးရဲထွန်း+ဒေါ်ခင်စိုးဝင်း
နဝရတ်
ရွှေဆိုင်

စိန်စမွယ်ဖူး
စိန်တိုက်
Email: diamondsebai@myanmar.com.mm
www.seinsabaiphoo.com

Color Stones Mandalay
Gem Classes for Ruby, Sapphire, Diamond & Jade.
26th B Road, Bet;88th&89th, Mandalay.
09-5010165,402647267

ဟောင်ကောင်
စိန်တိုက်

SILK

ယဉ်သူထိုက် ပိုးထည်

ရွှေသုန္ဒရီ
အထည်ဆိုင်

သဇင်နွယ်
မြန်မာ့ရိုးရာ ယက္ကန်းပိုးထည်နှင့် ချည်ထည်အမျိုးမျိုး

ရွှေဝတ်လွှာ
ပိုးထည်၊ချည်ထည်

ရတီမင်း
နိုင်ငံခြားဖြစ်ပိုးထည်အမျိုးမျိုး

Fashion

Diva fashion
Room(95), Level(2), Diamond Plaza, Mandalay.
Ph: 09-5168061, 09-73237629

Ditto fashion
FUJI Classical fashion & Textiles Station
09-6814168, 09-91042166

Sanstar
Handbag& Fashion
Ph; 02-78946, 09 2003436, 09-2031029, 09-6816952

Star Flower
Fashion

amara
fashion
32nd Street; Bet; 77th&78th St: MDY.
Tel:09-2022336

Beauty Salon

Diamond
Beauty Spa
78th & 77th Street, Bet 33rd & 34th Street, Diamond Plaza, 4th Floor, Mandalay, Myanmar.
Tel: 095-9-47606698,2000260

LECEA
Mido Cosmetic
Customer Service 09-5137016

Beauty Mandalay
အလှပြုပြင်ရေး
09-5191469,47003373,402596333

Best Care
Beauty Center
Tel:95-9-2017308,91001084

Long Style
Beauty Saloon
76St, Bet: 32x33 St,
Ph;09-2053849, MDY.

Pink Lady
Beauty Salon
28th St, Bet:76thx77thSt,
Ph:09-43128086

Beauty Salon

Angle
Beauty Salon

မိုးမြင့်သူ
အလှပြုပြင်ရေး

Hotel

Hotel Mandalay
No. (652), 78th, Bet:37thX38th St, Maharaungmyay, Township, Mandalay, Myanmar
Tel: 02- 71582, 71583, 71584, 71585,(95-2) 72630, 72631, 72632

HOTEL SHWE PYI THAR
MANDALAY MYANMAR
b-8, PyinOoLwin Road,
Bet:31x32St:Mandalay
02-74402, Fax: 02-74408

Hotel Queen
Mandalay

Mount Pleasant
Hotel
For more information, Please contact to
Tel; 067-431155 (16 lines)
067-431133
H.P: 09-8586902,8586903
Fax: 067-431133,431144

Education

KMC
ကိုယ်ပိုင်အထက်တန်းကျောင်း
မန္တလေး

NEC
Naypyidaw Engineering Centre

PEC
PROFESSIONALS' EDUCARE CENTRE (PEC)
09-5127007, 09-91003859

ချင်းတွင်းကောလိပ်

Arirang
Korean Language Center
No.48, 40th St,
Bet; 72nd & 73rd St,
BJ Complex,
First Floor, Mandalay.
09-2023200

Joy House
Food Center
09-43146445

Travel agencey

Seven Diamond
Express Travels

GI Group Express

Computer

CMSystemz
Communication & Management Systems
Cisco, Microsoft & Wireless Solutions Provider
No. B-25G
32nd St, Bet 77th & 78th Sts
Mandalay, Myanmar
Tel: +95 9 2060779
Tel: +95 9 444008188
info@cmsystemz.com
www.cmsystemz.com

Furniture

ROYAL ROOFING
ရောင်စုံအမိုးပြား၊သွပ်ပြား နှင့် ဆက်စပ်ပစ္စည်းရောင်းဝယ်ရေး

Sea Bird
Foam Store

Service

Super Mobile
Phone Sale & Service
Ph: 02-68405,68406,24809

မြန်မာတိုင်း(မ်)

Advertising here with
ONLY 5000 KYATS
Hotline : 02 65391, 02 24450